မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းနှင့်
ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
(ဘုရင့်နောင်ကုန်စည်ဒိုင်) တို့မှ ကြီးမှူးကျင်းပသည့်

# မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ မှတ်တမ်း



၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက် (စနေနေ့)
UMFCCI Tower, ပထမထပ်၊ မင်္ဂလာခန်းမ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာ့ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ အစီအစဉ် | ၃ မှ ၇ |
| ၂။ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့်မိန့်ခွန်း | ၉ မှ ၁၅ |
| ၃။ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြောကြားသည့် အမှာစကား | ၁၇ မှ ၂၁ |
| ၄။ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပြောကြားသည့် အမှာစကား | ၂၃ မှ ၂၈ |
| ၅။ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ပြောကြားသည့် အမှာစကား | ၂၉ မှ ၃၂ |
| ၆။ | မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား | ၃၃ မှ ၃၉ |
| ၇။ | စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးမှ ပြောကြားသည့် အမှာစကား | ၄၁ မှ ၅၆ |
| ၈။ | ဆွေးနွေးပွဲ အစီအစဉ် (၁) (ဒုတိယပိုင်းအစီအစဉ်) | ၅၇ |
| ၉။ | ရောဂတီတိုင်းဒေသကြီး မတ်ပဲစိုက်တောင်သူများကိုယ်စား ဦးမြင့်သိန်းဦးမှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ | ၅၉ မှ ၆၇ |
| ၁၀။ | နတ်တလင်းမြို့နယ်၊ မတ်ပဲစိုက်တောင်သူများကိုယ်စား ဦးအေးလွင်မှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ | ၆၈ မှ ၇၀ |
| ၁၁။ | မုံရွာမြို့၊ ပဲစဉ်းငုံစိုက် တောင်သူများကိုယ်စား ဦးကျောက်ခဲမှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ | ၇၁ မှ ၇၆ |
| ၁၂။ | နတ်မောက်မြို့၊ ပဲစဉ်းငုံစိုက်တောင်သူများကိုယ်စား ဦးဖြိုးဝေမှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ | ၇၇ မှ ၇၉ |
| ၁၃။ | ရေစကြိုမြို့၊ ပဲစဉ်းငုံစိုက်တောင်သူများကိုယ်စား ဦးသိန်းထွန်းမှအခြေအနေ ဆွေးနွေးတင်ပြခြင်း။ | ၈၀ မှ ၈၅ |
| ၁၄။ | မတ်ပဲ၊ ပဲစဉ်းငုံ ဈေးကွက်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်မှ ဆွေးနွေးခြင်း။ | ၈၇ မှ၁၁၂ |
| ၁၅။ | ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာရဲတင့်ထွန်းမှ ဆွေးနွေးခြင်း။ | ၁၁၃ မှ ၁၂၆ |
| ၁၆။ | ဆွေးနွေးပွဲ အစီအစဉ် (၂) (တတိယပိုင်းအစီအစဉ်) | ၁၂၇ |
| ၁၇။ | အစုအဖွဲ့အလိုက် ဆွေးနွေးဖော်ထုတ်ရမည့် အချက်များနှင့်ပတ်သက်၍ စီးပွားရေး သုတေသီ ဒေါက်တာဇော်ဦးမှ ရှင်းလင်းတင်ပြခြင်းဇယား။ | |
| ၁၈။ | ဖော်ထုတ်ရမည့် ခေါင်းစဉ်နှင့်ဖော်ထုတ်ချက်များ | |

| | | |
|---|---|---|
| ၁၉။ | အစုအဖွဲ့အလိုက် ဆွေးနွေးဖော်ထုတ်သည့် ဓါတ်ပုံမှတ်တမ်းများ | ၁၃၁ မှ ၁၃၆ |
| ၂၀။ | ဆွေးနွေးပွဲ အစီအစဉ် (၃) ၊ (စတုတ္ထပိုင်း အစီအစဉ်) | ၁၃၇ |
| ၂၁။ | မတ်ပဲအစုအဖွဲ့ (ဧရာဝတီတိုင်း) စားပွဲဝိုင်း(၁) မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း။ | ၁၃၉ မှ ၁၄၄ |
| ၂၂။ | မတ်ပဲအစုအဖွဲ့ (ပဲခူးတိုင်းအရှေ့) စားပွဲဝိုင်း (၂) မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း။ | ၁၄၇ မှ ၁၅၃ |
| ၂၃။ | မတ်ပဲအစုအဖွဲ့ (ပဲခူးတိုင်းအနောက်) စားပွဲဝိုင်း (၃) မှဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း။ | ၁၅၅ မှ ၁၅၉ |
| ၂၄။ | မတ်ပဲအစုအဖွဲ့ (နေပြည်တော်) စားပွဲဝိုင်း (၄) မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၁၆၁ မှ ၁၆၆ |
| ၂၅။ | ပဲစဉ်းငုံ အစုအဖွဲ့စားပွဲဝိုင်း (၅) မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၁၆၉ မှ ၁၇၆ |
| ၂၆။ | အစေ့ထုတ်ပြောင်း အစုအဖွဲ့စားပွဲဝိုင်း(၁၁) မှဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း။ | ၁၇၉ မှ၁၈၂ |
| ၂၇။ | ပဲတီစိမ်းအစုအဖွဲ့စားပွဲဝိုင်း (၆) မှဆွေးနွေးထုတ်ဖော်ချက်များအားကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၁၈၅ မှ ၁၉၀ |
| ၂၈။ | ပဲလွန်းဖြူအစုအဖွဲ့စားပွဲဝိုင်း (၇) မှဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၁၉၃ မှ ၁၉၅ |
| ၂၉။ | ပဲပုပ်အစုအဖွဲ့စားပွဲဝိုင်း (၈)မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၁၉၇ မှ ၂၀၂ |
| ၃၀။ | ကုလားပဲအစုအဖွဲ့စားပွဲဝိုင်း (၉)မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၂၀၅ မှ ၂၀၆ |
| ၃၁။ | မြေပဲနှင့်နှမ်းအစုအဖွဲ့စားပွဲဝိုင်း (၁၀) မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၂၀၉ မှ ၂၁၀ |
| ၃၂။ | ကုန်သည်ပွဲစား၊ ပို့ကုန်လုပ်ငန်းရှင်များအစုအဖွဲ့ စားပွဲဝိုင်း(၁၂) မှ ဆွေးနွေးဖော်ထုတ်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း။ | ၂၁၃ မှ ၂၂၁ |
| ၃၃။ | ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) ဥက္ကဋ္ဌဦးခင်ဟန် ပြောကြားသည့်နိဂုံးချုပ်အမှာစကား။ | ၂၂၇ မှ ၂၃၀ |
| ၃၄။ | မှတ်တမ်းဓါတ်ပုံများ | ၂၃၁ မှ ၂၄၂ |
| ၃၅။ | မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ၏ အနှစ်ချုပ်ရလဒ်များနှင့် အကြံပြုချက်များ | ၂၄၅ မှ ၂၄၈ |
| ၃၆။ | အစည်းအဝေးတက်ရောက်သူများ အမည်စာရင်း | နောက်ဆက်တွဲ |

# မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ အစီအစဉ်

## ရည်ရွယ်ချက်

၁။ မြန်မာနိုင်ငံ ပဲမျိုးစုံ (အထူးသဖြင့် မတ်ပဲ၊ ပဲစဉ်းငုံ) ဈေးကွက်၏ လက်ရှိအနေအထားကို ပဲစိုက်ပျိုးတောင်သူများ၊ ကုန်သည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှသိရှိသုံးသပ်ပြီး အနာဂတ် ပဲစိုက်ပျိုးထုတ်လုပ်မှုအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်။

၂။ မတ်ပဲ၊ ပဲစဉ်းငုံအစား အနာဂတ်တွင်တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစားထိုးသီးနှံ ပြောင်းလဲစိုက်ပျိုးရေး ဆွေးနွေးဖော်ထုတ်ရန်။

---

- ကျင်းပမည့်နေရာ - UMFCI ၊ မင်္ဂလာခန်းမ
- ကျင်းပမည့်နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်၊ (စနေနေ့)
- ကျင်းပမည့် အချိန် - နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ

  *မှတ်ပုံတင်ခြင်း (နံနက် ၀၈:၃၀ - ၉း၀၀)*

---

## ဖွင့်ပွဲအစီအစဉ် (ပထမပိုင်း အစီအစဉ်)

| | | |
|---|---|---|
| ၁။ | ၀၉း၀၀ မှ ၀၉း၀၅ | - အခမ်းအနားအစီအစဉ် ဖတ်ကြားတင်ပြခြင်း။ |
| ၂။ | ၀၉ : ၀၅ | - ဆွေးနွေးပွဲ အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာ ခြင်း။ |
| ၃။ | ၀၉ : ၀၅ မှ ၀၉ : ၃၀ | - ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ သြဝါဒစကား မြွက်ကြားခြင်း။ |
| ၄။ | ၀၉ : ၃၀ မှ ၀၉ : ၄၅ | - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်မှ အမှာစကား ပြောကြားခြင်း။ |
| ၅။ | ၀၉ : ၄၅ မှ ၁၀ : ၀၀ | - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူမှ အမှာစကား ပြောကြားခြင်း။ |

| | | | |
|---|---|---|---|
| ၆။ | ၁၀ : ၀၀ မှ ၁၀ : ၁၀ | - | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းမှ အမှာစကား ပြောကြားခြင်း။ |
| ၇။ | ၁၀ : ၁၀ မှ ၁၀ : ၂၀ | - | မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်မှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ |
| ၈။ | ၁၀ : ၂၀ မှ ၁၀ : ၃၀ | - | စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးမှ အမှာစကား ပြောကြားခြင်း။ |
| ၉။ | ၁၀ : ၃၀ မှ ၁၀ : ၃၅ | - | စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခြင်း။ |
| ၁၀။ | ၁၀ : ၃၅ | - | ပထမပိုင်းအစီအစဉ်ပြီးဆုံးကြောင်း ကြေညာ၍ အခမ်းအနား ခေတ္တရပ်နားခြင်း။ |
| ၁၁။ | ၁၀ : ၃၅ မှ ၁၁ : ၀၅ | - | ကော်ဖီ၊ လက်ဘက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံခြင်း။ |

## ဆွေးနွေးပွဲ အစီအစဉ် (၁) (ဒုတိယပိုင်းအစီအစဉ်)

| | | | |
|---|---|---|---|
| ၁။ | ၁၁ : ၀၅ မှ ၁၁ : ၁၀ | - | ဒုတိယပိုင်းဆွေးနွေးပွဲအစီအစဉ် ဖတ်ကြားခြင်း။ |
| ၂။ | ၁၁ : ၁၀ မှ ၁၁ : ၂၅ | - | မတ်ပဲစိုက်တောင်သူများ (ဧရာဝတီတိုင်းဒေသကြီး) မှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ |
| ၃။ | ၁၁ း ၂၅ မှ ၁၁ း ၄၀ | - | မတ်ပဲစိုက်တောင်သူများ (ပဲခူးတိုင်းဒေသကြီး) မှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ |
| ၄။ | ၁၁ း ၄၀ မှ ၁၁ း ၅၅ | - | ပဲစဉ်းငုံစိုက်တောင်သူများ (စစ်ကိုင်းတိုင်းဒေသကြီး) မှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ |
| ၅။ | ၁၁ း ၅၅ မှ ၁၂ း ၁၀ | - | ပဲစဉ်းငုံစိုက် တောင်သူများ (မကွေးတိုင်းဒေသကြီး) မှ အခြေအနေဆွေးနွေး တင်ပြခြင်း။ |
| ၆။ | ၁၂ း ၁၀ မှ ၁၂ း ၂၅ | - | ပဲစဉ်းငုံစိုက် တောင်သူများ (မကွေးတိုင်းဒေသကြီး) မှ အခြေအနေဆွေးနွေး တင်ပြခြင်း။ |

| | | | |
|---|---|---|---|
| ၇။ | ၁၂ း ၂၅ မှ ၁၂ း ၄၀ | - | မတ်ပဲ၊ ပဲစဉ်းငုံ ဈေးကွက်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်မှ ဆွေးနွေးခြင်း။ |
| ၈။ | ၁၂ း ၄၀ မှ ၁၂ း ၅၅ | - | ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဆွေးနွေးခြင်း။ |
| ၉။ | ၁၂ း ၅၅ မှ ၁၃ း ၀၅ | - | မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း |
| ၁၀။ | ၁၃ း ၀၅ | - | အခမ်းအနား ခေတ္တရပ်နားခြင်း |
| ၁၁။ | ၁၃ း ၀၅ မှ ၁၃ း ၄၅ | - | နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခြင်း။ |

**ဆွေးနွေးပွဲ အစီအစဉ် (၂) (ဒုတိယပိုင်း အစီအစဉ်)**

| | | | |
|---|---|---|---|
| ၁။ | ၁၃ : ၄၅ | - | ဒုတိယပိုင်း ဆွေးနွေးပွဲအစီအစဉ် ဖတ်ကြားခြင်း။ |
| ၂။ | ၁၃ : ၄၅ မှ ၁၄ : ၀၀ | - | အစုအဖွဲ့လိုက် ဆွေးနွေးဖော်ထုတ်ရမည့် အချက်များနှင့်ပတ်သက်၍ စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးမှ ရှင်းလင်းတင်ပြခြင်း။ |
| ၃။ | ၁၄ း ၀၀ မှ ၁၅ း ၀၀ | - | ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း အစုအဖွဲ့တစ်ခုချင်းအလိုက် တစ်ပြိုင်နက်တည်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု အခြေအနေများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သည်အသင်းအဖွဲ့များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဒေသအလိုက် ပဲစိုက်ပျိုးသူ တောင်သူများ စုပေါင်း၍ ဆွေးနွေးညှိနှိုင်းခြင်း။ |
| ၄။ | ၁၅ း ၀၀ မှ ၁၅ း ၃၀ | - | ကော်ဖီ၊ လက်ဘက်ရည်၊ မုန့်ဖြင့် တည်ခင်းဧည့်ခံခြင်း။ |

**ဆွေးနွေးပွဲ အစီအစဉ် (၃) (တတိယပိုင်း အစီအစဉ်)**

| | | | |
|---|---|---|---|
| ၁။ | ၁၅ း ၃၀ မှ ၁၇ း ၃၀ | - | အစုအဖွဲ့အလိုက် ဆွေးနွေးထားသည့် ဆွေးနွေးချက်များအပေါ် အစုအဖွဲ့အလိုက် ကိုယ်စားလှယ်တစ်ဦးစီမှ ဆွေးနွေးတင်ပြခြင်း |

| | | | |
|---|---|---|---|
| | | | နှင့် အစုအဖွဲ့အလိုက် တွဲဖက်ထားသည့် စိုက်ပျိုးရေးပညာရှင် တစ်ဦးစီမှ သုံးသပ်ဆွေးနွေးခြင်း။ |
| ၂။ | ၁၇ း ၃၀ မှ ၁၇ း ၄၅ | - | အစုအဖွဲ့များ၏ ဆွေးနွေးချက်များအား အနှစ်ချုပ်၍ ဖော်ထုတ်ရရှိချက်အား ကြေညာခြင်း |
| ၃။ | ၁၇ း ၄၅ မှ ၁၇ း ၅၅ | - | ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) ဥက္ကဋ္ဌမှ နိဂုံးချုပ် အမှာစကားပြောကြားခြင်း။ |
| ၄။ | ၁၇ : ၅၅ မှ ၁၈ : ၀၀ | - | ဆွေးနွေးပွဲ အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခြင်း။ |
| ၅။ | ၁၈ : ၀၀ မှ ၂၁ : ၀၀ | - | ညစာဖြင့် တည်ခင်းဧည့်ခံခြင်း။ |

# ဖွင့်ပွဲအစီအစဉ် (ပထမပိုင်း အစီအစဉ်)

| | | | |
|---|---|---|---|
| ၁။ | ၀၉း၀၀ မှ ၀၉း၁၅ | - | အခမ်းအနားအစီအစဉ် ဖတ်ကြားတင်ပြခြင်း။ |
| ၂။ | ၀၉ : ၁၅ | - | ဆွေးနွေးပွဲ အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာ ခြင်း။ |
| ၃။ | ၀၉ : ၁၅ မှ ၀၉ : ၃၀ | - | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ သြဝါဒစကား မြွက်ကြားခြင်း။ |
| ၄။ | ၀၉ : ၃၀ မှ ၀၉ : ၄၅ | - | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်မှ အမှာစကား ပြောကြားခြင်း။ |
| ၅။ | ၀၉ : ၄၅ မှ ၁၀ : ၀၀ | - | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူမှ အမှာစကား ပြောကြားခြင်း။ |
| ၆။ | ၁၀ : ၀၀ မှ ၁၀ : ၁၀ | - | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းမှ အမှာစကား ပြောကြားခြင်း။ |
| ၇။ | ၁၀ : ၁၀ မှ ၁၀ : ၂၀ | - | မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်မှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ |
| ၈။ | ၁၀ : ၂၀ မှ ၁၀ : ၃၀ | - | စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးမှ အမှာစကား ပြောကြား ခြင်း။ |
| ၉။ | ၁၀ : ၃၀ မှ ၁၀ : ၃၅ | - | စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခြင်း။ |
| ၁၀။ | ၁၀ : ၃၅ | - | ပထမပိုင်းအစီအစဉ်ပြီးဆုံးကြောင်း ကြေညာ၍ အခမ်းအနား ခေတ္တရပ်နားခြင်း။ |
| ၁၁။ | ၁၀ : ၃၅ မှ ၁၁ : ၀၅ | - | ကော်ဖီ၊ လက်ဘက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံခြင်း။ |




မြန်မာပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFCCI Office Tower

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် မိန့်ခွန်း

**အားလုံးပဲ မင်္ဂလာပါ ခင်ဗျာ...**

၁။ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက်ရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင် နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂။ ဒီကနေ့အခမ်းအနားကတော့ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ပဲမျိုးစုံ (အထူးသဖြင့် မတ်ပဲ၊ ပဲစဉ်းငုံ) တို့၏ လက်ရှိအနေအထားကို ပဲစိုက်ပျိုးတောင်သူများ၊ ကုန်သည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ သိရှိသုံးသပ်ပြီး အနာဂတ်ပဲစိုက်ပျိုးထုတ်လုပ်မှုအတွက် ကြိုတင်ပြင်ဆင်နိုင်ဖို့ မတ်ပဲ၊ ပဲစဉ်းငုံအစား အနာဂတ်တွင် တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစားထိုးသီးနှံပြောင်းလဲစိုက်ပျိုးရေး ဆွေးနွေးဖော်ထုတ်ဖို့ ရည်ရွယ်ကျင်းပတဲ့ အခမ်းအနားဖြစ်လို့ နိုင်ငံတော်အတွက် အကျိုးရှိတဲ့ အခမ်းအနားတစ်ခုဖြစ်ပါကြောင်း ပဏာမအနေနဲ့ ပြောကြားလိုပါတယ်။

**ညွှန့်သည်တော်ကြီးများခင်ဗျား...**

၃။ အားလုံးသိကြတဲ့အတိုင်း မြန်မာနိုင်ငံဟာ လယ်ယာကဏ္ဍကို အခြေခံတဲ့ စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေရဲ့ (၇၀) ရာခိုင်နှုန်းဟာ လယ်ယာကဏ္ဍနှင့်သက်ဆိုင်တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နေကြပါတယ်။ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များအနက် ဆန်စပါးနဲ့ ပဲမျိုးစုံဟာ အဓိက

စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများဖြစ်ပါတယ်။ ဆန်စပါးဟာ ပြည်တွင်းမှာ အဓိက အရေးကြီးဆုံး စားနပ်ရိက္ခာ (Stable Food) ဖြစ်တဲ့အတွက် ပြည်တွင်းဖူလုံရေးကို အဓိကထားပြီး ပိုလျှံမှုကို ပြည်ပတင်ပို့ရပါတယ်။ ပဲမျိုးစုံကတော့ ပြည်တွင်းမှာ ပဲအမျိုးအစား အချို့ကိုသာ စားသုံးပြီး ကျန်ပဲများအားလုံးကို ပြည်ပဈေးကွက်ရှိသလောက် တင်ပို့နိုင်တာဖြစ်တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ လယ်ယာထွက်ကုန်ကဏ္ဍမှာ နိုင်ငံခြားငွေ အများဆုံးရရှိတဲ့ သီးနှံဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ အများဆုံးတင်ပို့နိုင်တဲ့ မတ်ပဲ၊ ပဲစဉ်းငုံဈေးတွေ အလွန်အမင်းကျဆင်းသွားလို့ ဒုတိယအများဆုံးတင်ပို့တဲ့ သီးနှံအဖြစ် ရှိနေပါတယ်။

၄။ ပဲမျိုးစုံသီးနှံများသည် လူသားတို့အတွက် လိုအပ်သော အသားဓာတ် (ပရိုတိန်း) ကို အဓိကထောက်ပံ့ပေးနိုင်သည့်အပြင် အမျှင်ဓာတ်ပါဝင်မှုနှုန်းမြင့်မားပြီး ဗီတာမင်နှင့် သတ္တုဓာတ်များကိုလည်း ပေးစွမ်းနိုင်ရုံသာမက သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် မြေဆီလွှာတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်သော သီးနှံများဖြစ်ပြီး ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း (၁၇၁)နိုင်ငံ၌ ပဲမျိုးစုံသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ပါတယ်။

၅။ မြန်မာနိုင်ငံတွင် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်း၊ စက်မှုသီးနှံနှင့် စားဖိုဆောင်သီးနှံ အပါအဝင် သီးနှံအမယ်စုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပဲမျိုးစုံသီးနှံမှာ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဖြစ်ထွန်းပြီး စုစုပေါင်းသီးနှံစိုက်ဧရိယာ၏ (၂၀) ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း တွေ့ရပါတယ်။

၆။ ပဲမျိုးစုံကဏ္ဍဟာ မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့ ကာလအတွင်းမှာ တိုးတက်ဖွံ့ဖြိုးမှု အမြန်ဆုံးဖြစ်တယ်လို့ ပြောနိုင်သလို မြန်မာနိုင်ငံဟာ အာရှမှာ ပဲအများဆုံးတင်ပို့သူဖြစ်ခဲ့ပြီး ကမ္ဘာပေါ်မှာလည်း ကနေဒါပြီးရင် အများဆုံးပဲတင်ပို့သူ နိုင်ငံဖြစ်လာပါတယ်။ ဒီလို ပဲမျိုးစုံလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရခြင်းကတော့ နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆည်မြောင်းတာတမံတွေ တည်ဆောက်ပြီး စိုက်ပျိုးမြေများ တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေး နည်းပညာနဲ့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းစတာတွေ ဆောင်ရွက်ပေးသလို တစ်ဖက်ကလည်း ကုန်သွယ်ရောင်းဝယ်မှုကဏ္ဍမှာ နိုင်ငံသားများရဲ့ အတွေ့အကြုံနှင့် စွမ်းရည်များ တိုးတက်လာအောင် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ရောင်းချနိုင်အောင် နည်းမျိုးစုံနှင့် အားပေးပံ့ပိုးပေးခြင်းကြောင့်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

၇။ ပထဝီအနေအထားအရ မြန်မာနိုင်ငံဟာ ကမ္ဘာ့ပဲအများဆုံး စိုက်ပျိုးထုတ်လုပ်သူ၊ စားသုံးသူ၊ တင်သွင်းသူဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ နယ်နိမိတ်ချင်း နီးစပ်တဲ့နိုင်ငံဖြစ်နေခြင်း၊ အိန္ဒိယနိုင်ငံက အများဆုံးစားသုံးတဲ့ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းစတာတွေ စိုက်ပျိုးဖြစ်ထွန်းတဲ့နိုင်ငံဖြစ်နေခြင်း၊ အိန္ဒိယနိုင်ငံက စားသုံးတဲ့ ပဲများဟာ မြန်မာတောင်သူအများစုနဲ့ အကျွမ်းတဝင်ဖြစ်နေခြင်းတို့ဟာ မြန်မာနိုင်ငံရဲ့ ပဲမျိုးစုံကဏ္ဍမှာ အားသာချက်တစ်ခုဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

၈။ ပဲမျိုးစုံကဏ္ဍယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းမှန်လမ်းမှန်ဖြင့် ရောင်းဝယ်ကြရန် လိုအပ်ကြောင်းနဲ့ ပဲဈေးကွက်တည်ငြိမ်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ မိမိတို့ရဲ့ ပဲလောက ဖွံ့ဖြိုးတိုးတက်ရန် အရောင်းအဝယ်အပြန်အလှန်ပြုလုပ်သူများက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းလိုက်နာဆောင်ရွက်ရမှာဖြစ်သလို ကုန်စည်ဒိုင်၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းဝယ်သွားကြဖို့လိုကြောင်း ပြောကြားလိုပါတယ်။

**ဧည့်သည်တော်ကြီးများခင်ဗျား...**

၉။ "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ" ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၂/၂၀၁၃) ဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ (၂) အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော အဖွဲ့ဝင်ဦးရေ (၃၈) ဦးဖြင့် **တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့** ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) ဖြင့် ၂၀၁၆ ခုနှစ်၊ ဖွန်လ ၁၆ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

၁၀။ နိုင်ငံတော်အနေနဲ့ ပြည်သူများရဲ့ အကျိုးစီးပွားဖော်ဆောင်နိုင်ဖို့ အထူးကြိုးစားဆောင်ရွက်နေတယ်ဆိုတာ လုပ်ငန်းရှင်များအားလုံး သတိပြုမိကြမှာဖြစ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်များ ဆောင်ရွက်နေတဲ့ ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသလို အခြေခံလူတန်းစားအများစုဖြစ်တဲ့ တောင်သူလယ်သမားအတွက်ပါ အထူးဦးစားပေးဆောင်ရွက်နေပြီဖြစ်ပါတယ်။

၁၁။ ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ သီးနှံအစားထိုးပြောင်းလဲစိုက်ပျိုးရန် ကိစ္စများအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။ ပြည်ပနိုင်ငံများရဲ့ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေများ၊ ပြည်ပတင်ပို့မှု အခြေအနေများ၊ တောင်သူများသိရှိနိုင်ရန် ကုန်စည်ဒိုင်အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ သတင်းအချက်အလက် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

၁၂။ အိန္ဒိယနိုင်ငံရဲ့ပဲ Quota သတ်မှတ်တဲ့ မူဝါဒပြောင်းလဲမှုသည် တောင်သူလယ်သမားများ အပါအဝင် လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်နေသူများ ထိခိုက်မှုရှိခြင်းကြောင့် သီးနှံပြောင်းလဲစိုက်ပျိုးရန် တောင်သူများသို့ အသိပညာပေးဆောင်ရွက်မှုများကြောင့် ယခုနှစ် မိုးပဲမျိုးစုံစိုက်ပျိုးရာသီတွင် ပဲစဉ်းငုံ သီးနှံ

စိုက်ဧက (၅)သိန်းကျော် လျော့နည်းခဲ့ပြီး အစေ့ထုတ်ပြောင်း၊ ချက်ကြဲနှင့် ချည်မျှင်ရှည်ဂွါ စိုက်ဧကများ ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြောင်း တွေ့ရပါတယ်။ မိုးစပါး လယ်သီးထပ်အနေဖြင့် မတ်ပဲရာသီတွင် မတ်ပဲအစား ဒေသနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်မယ့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးကိုလည်း ယခုညီလာခံက ဖော်ထုတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

၁၃။ အိန္ဒိယနိုင်ငံရဲ့ ပဲမူဝါဒပြောင်းလဲမှုအား မြန်မာနိုင်ငံတစ်ခုတည်းကိုသာ ထိခိုက်စေတာမဟုတ်ဘဲ ကမ္ဘာမှာ ပဲအများဆုံး တင်ပို့တဲ့နိုင်ငံတွေ ဖြစ်တဲ့ ကနေဒါ၊ ဩစတြေးလျနိုင်ငံအပါအဝင် ပဲတင်ပို့တဲ့ နိုင်ငံအများစုတို့ကိုလည်း ထိခိုက်စေခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ပဲဈေးကွက်မှာ နှစ်စဉ်တန်ချိန် (၁၀)သန်းခန့် ရောင်းဝယ်မှုရှိပြီး အဓိကဈေးကွက်ကြီးအဖြစ် အိန္ဒိယနိုင်ငံကို အများဆုံးတင်ပို့ကြရတာကြောင့် ကမ္ဘာ့ပဲဈေးကွက်ကို ထိခိုက်တယ်လို့လည်း ဆိုနိုင်ပါတယ်။ အိန္ဒိယနိုင်ငံမှ ဒီနှစ် Quota ကိုလည်း ဩဂုတ်လအထိသာ ဝယ်ယူမယ်လို့ သတ်မှတ်တဲ့အတွက် မိမိပဲမရောင်းလိုက်ရမှာစိုးရိမ်၍ အလုအယက်ရောင်းချခြင်းမျိုးဖြစ်လာကာ ပြည်တွင်းဈေးနှုန်းတွေ ထပ်မံကျဆင်းနေတာကြောင့် ဒီလိုအခြေအနေကို ကျော်လွှားနိုင်အောင် ဘယ်လိုနည်းလမ်းတွေ ရှာဖွေထိန်းကျောင်းသင့်သည် ဆိုတာကို ပိုင်းဝန်းညှိနှိုင်းဆွေးနွေးအဖြေရှာသင့်ကြောင်း ပြောကြားလိုပါတယ်။

၁၄။ အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတဲ့ မတ်ပဲနဲ့ ပဲစဉ်းငုံတွေ လက်ရှိဈေးကွက် အခြေအနေ၊ ရှေ့ဖြစ်ပေါ်လာနိုင်မယ့် အခြေအနေတွေကို ပဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူများကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့လိုအပ်ပါတယ်။ ဒါမှလည်း တောင်သူများအနေနဲ့ ဈေးကွက်ရှိပြီး အကျိုးအမြတ်ရရှိနိုင်မယ့် သီးနှံတွေကို ပြောင်းလဲစိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ပဲစိုက်ပျိုးသူ တောင်သူများဘက်ကလည်း သီးနှံပြောင်းလဲ စိုက်ပျိုးရာမှာ တွေ့ကြုံနိုင်တဲ့ အခက်အခဲများကို ဖော်ထုတ်ပြီး ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းနိုင်မလဲ၊ သက်ဆိုင်ရာဝန်ကြီးဌာနများက တောင်သူများက တင်ပြတဲ့ အခက်အခဲတွေကို ဘယ်လိုဖြည့်ဆည်းနိုင်မလဲဆိုတာတွေကို ဖော်ထုတ်ဆွေးနွေး အဖြေရှာဖို့ လိုအပ်ပါတယ်။

၁၅။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဦးဆောင်အဖွဲ့သည် ဒေသနှင့် ကိုက်ညီသော သီးနှံပုံစံ မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည့်အတွက် လက်ရှိဈေးကွက်အခြေအနေအရ မတ်ပဲ၊ ပဲစဉ်းငုံအစား အခြားသီးနှံပြောင်းစိုက်ပျိုးရေးကိစ္စကို ယခုညီလာခံမှ ဖော်ထုတ်အသိပညာပေးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

၁၆။ ယနေ့အချိန်အခါ၌ ပဲစိုက်တောင်သူများနှင့် နိုင်ငံအဝန်းဆက်စပ်ပြည်သူများ အခက်အခဲဖြစ်နေချိန်မို့ မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်များ ပြောင်းလဲထုတ်လုပ်ရေး၊ ပိုမိုထုတ်လုပ်ရေး ရည်မှန်းချက်များကို ကာလတို (Short Term) ၊ ကာလလတ် (Medium

Term)၊ ကာလရှည် (Long Term) စီမံဆောင်ရွက်စေလိုကြောင်း၊ ကာလတို (Short Term) အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော ပိုလျှံလက်ကျန်ပဲများ ရောင်းချရေးကိစ္စများ၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် တောင်သူများအား အသိပေးခြင်း ကိစ္စများကို လျင်လျင်မြန်မြန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း၊ ကာလလတ် (Medium Term) အနေဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်သော သီးနှံများအား တောင်သူများကို မျိုးစေ့နှင့် စိုက်ပျိုးရေး နည်းပညာ ရိတ်သိမ်းချိန်လွန် ပညာများ ကူညီထောက်ပံ့ခြင်း၊ ဈေးကွက် ရရှိနိုင်ရန် စီမံဆောင်ရွက်ခြင်း၊ တောင်သူများ သီးနှံပေါ်ချိန် နိုင်ငံခြားငွေကြေးဈေး တည်ငြိမ်ရန် စီမံဆောင်ရွက်ခြင်း၊ ကာလရှည် (Long Term) အနေဖြင့် တောင်သူလယ်သမား အများပြည်သူများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍ (National Agriculture Master Plan) တစ်ခု တည်ဆောက်စေလိုကြောင်း၊ ယနေ့ညီလာခံကြီးမှ ညှိနှိုင်းရရှိလာသော ရလာဒ်များသည် တောင်သူလယ်သမားများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

၁၇။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဘုရင့်နောင်ကုန်စည်ဒိုင် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသင်းများအနေနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များကို မှန်ကန်ထိရောက်တဲ့ ဦးဆောင်မှုမဲ့ ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးပါဝင်စေပြီး နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့ လုပ်ငန်းရှင်များအနေနဲ့လည်း တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ပြီးတော့ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုရတဲ့ လုပ်ငန်းရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါလို့ တိုက်တွန်းမှာကြားလိုပြီး တောင်သူများကိုလည်း ဒေသနဲ့ကိုက်ညီ၍ ဈေးကွက်ဝင်အကျိုးအမြတ် ဖြစ်ထွန်းစေမည့် သီးနှံစိုက်ပျိုးရေးကိစ္စများအား ယခုဆွေးနွေးပွဲမှ ဖော်ထုတ်အသိပညာပေးဆောင်ရွက်ပေးကြဖို့ ပြောကြားရင် နိဂုံးချုပ်အပ်ပါတယ်။

❑ ❑ ❑




မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFCCI Office Tower

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြောကြားသည့် အမှာစကား

**အားလုံးပဲမင်္ဂလာပါခင်ဗျာ -**

၁။ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များကဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ တက်ရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂။ မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော ပဲမျိုးစုံအနက် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစဉ်းငုံတို့သည် နှစ်စဉ် တန်ချိန် (၁) သန်းမှ (၁.၂) သန်းအထိ ပြည်ပတင်ပို့လျက် ရှိပါတယ်၊ ပဲ (၃) မျိုးနှစ်စဉ်ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁) ဘီလီယံကျော်ခန့်အထိ ဝင်ငွေရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံကို အဓိကထား တင်ပို့နေတဲ့မတ်ပဲ၊ ပဲစဉ်းငုံတို့ အခက်အခဲဖြစ်ပေါ်ခဲ့ရပါတယ်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှာ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစဉ်းငုံ တန်ချိန်(၁) သန်းကျော် တင်ပို့ခဲ့သော်လည်း ဈေးနှုန်းများကျဆင်းမှုကြောင့် ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၇၁၃) သန်းသာ ဝင်ငွေရရှိခဲ့ပါတယ်။

၃။ အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲမှုကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ လုပ်ငန်းရှင်များ၊ ထိခိုက်မှုနည်းပါးစေရေးအတွက် အိန္ဒိနိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သလို တစ်ဖက်မှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနနှင့် ပူးပေါင်း၍ ပဲစိုက်တောင်သူများ အချိန်မီသီးနှံပြောင်းလဲ စိုက်ပျိုးရေး ကိစ္စများကို အသိပေးချပြ ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

၄။ တောင်သူများ စိုက်ပျိုးထုတ်လုပ်တဲ့ပဲများ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အောက်နိမ့်ကျလျှင် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက် ထားရှိခဲ့ပါတယ်။ ပဲမျိုးစုံသည် လူသားတို့အတွက်လိုအပ်သော အသားဓာတ်(ပရိုတိန်း) ထောက်ပံ့ပေးနိုင်တဲ့အပြင် ဗီတာမင်နှင့် သတ္တုဓာတ်များကိုလည်း ပေးစွမ်းနိုင်တဲ့အတွက် ပြည်တွင်းမှာ ပဲစားသုံးမှုတိုးတက်စေရန် ပဲစားပွဲတော်များကိုလည်း ပြည်နယ်/ တိုင်းဒေသကြီးမြို့ကြီးအချို့မှာ ဆောင်ရွက် ပေးခဲ့ပါတယ်။

၅။ အိန္ဒိယနိုင်ငံရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပဲတင်သွင်းမှု မူဝါဒအသစ်ကို ၂၀၁၈ ခုနှစ်၊ မေလတွင်ထပ်မံ ကြေညာခဲ့ရာ ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်နိုင်မယ်လို့ ခန့်မှန်းခဲ့သော်လည်း မြန်မာ နိုင်ငံရဲ့ အဓိကတင်ပို့နေတဲ့ ပဲများအနက် မတ်ပဲနှင့်ပဲစဉ်းငုံဈေးနှုန်းများဟာ ပြည်တွင်းရော ပြည်ပမှာပါ ဆက်တိုက်ကျဆင်းခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက ၂၀၁၈ ခုနှစ်အတွက် ၎င်းတို့တောင်သူထံမှ ဝယ်ယူမည့် အနိမ့်ဆုံးပဲဈေးနှုန်း (Minimum Support Price MSP) မြှင့်လိုက်တဲ့အတွက် ပဲဈေးတွေတက်လာမယ် ထင်ပေမယ့် တကယ်မှာတော့ အိန္ဒိယနိုင်ငံရဲ့ ပြည်တွင်းပဲဈေးနှုန်းဟာ ၎င်းတို့ရဲ့အနိမ့်ဆုံးဝယ်ယူမယ့် ပဲဈေးနှုန်းထက် နိမ့်ကျနေတဲ့အပြင် မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့်ပဲ FOB ဈေးနှုန်းမှာလည်း အိန္ဒိယနိုင်ငံ ပြည်တွင်းပေါက်ဈေးထက် များစွာနိမ့်ကျနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ပြည်တွင်း ပဲဈေးနှုန်းများကလည်း တင်ပို့ခွင့်ရရှိပြီးကာလ နောက်ပိုင်းမှာ တဖြည်းဖြည်းလျော့ကျလာတာကို တွေ့ရပါ တယ်။

၆။ ဒီအတွက်ကြောင့် မတ်ပဲ၊ ပဲစဉ်းငုံနှင့်ပတ်သက်ပြီး နည်းဗျူဟာ ပြောင်းလဲဆောင်ရွက်ဖို့ လိုပါတယ်။ မတ်ပဲ၊ ပဲစဉ်းငုံအစား ပြည်ပတွင်ဈေးကွက် ဝယ်လိုအားရှိပြီး တောင်သူတွေအကျိုးအမြတ်ဖြစ်ထွန်းစေမယ့် အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုန်သည်အသင်းအဖွဲ့များ ပူးပေါင်း၍ တောင်သူတွေကို အသိပညာပေး ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ကလည်း

ကမ္ဘာ့ရာသီဥတုပြောင်းလဲနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရာသီဥတုပြောင်းလဲမှုများမှာ ယခုအခါ ပုံမှန်ရာသီဥတုကဲ့သို့ ဖြစ်နေသည့်အတွက် ပြောင်းလဲလာသည့် ရာသီဥတုကိုလေ့လာပြီး ရာသီဥတုနဲ့လိုက်လျောညီထွေဖြစ်စေမယ့် သီးနှံပြောင်းလဲဖို့ လိုအပ်ပါတယ်။

၇။ ဒါ့ကြောင့် တောင်သူတွေအကျိုးဖြစ်ထွန်းမယ့် သီးနှံတွေကို ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များ ညှိနှိုင်းဆွေးနွေးပြီး အလားအလာကောင်းတဲ့ သီးနှံတွေ ရွေးချယ်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ သီးနှံပြောင်းလဲစိုက်ပျိုးရာမှာ တောင်သူများရဲ့ အခက် အခဲတွေကို ဘယ်လိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို ဖော်ထုတ်ဆွေးနွေး အဖြေရှာဖို့တင်ပြ လိုပါတယ်။

၈။ ပို့ကုန်ဈေးကွက်တွင် မိမိကုန်ပစ္စည်းများရဲ့ ဈေးနှုန်းသက်သာမှုအရ ယှဉ်ပြိုင်နိုင်စွမ်း၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးအရ ယှဉ်ပြိုင်နိုင်စွမ်း၊ လိုအပ်သလိုတင်ပို့နိုင်သည့် အချိန်အတိုင်းအတာအရ ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ ဤကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်းရှိမှသာလျှင် ကျယ်ပြန့်သော ပို့ကုန်ဈေးကွက်နှင့် ခိုင်မာသော ပို့ကုန်ဈေးကွက်များ တိုးတက်ရရှိမှာ ဖြစ်ပါတယ်။

၉။ ကုန်သွယ်မှုပိုမိုတိုးတက်ရေးအတွက် ပို့ကုန်တိုင်းမှာ အရေအတွက်အပြင် အရည်အသွေးအရပါ တိုးချဲ့တင်ပို့ရမှာဖြစ်သလို သွင်းကုန်ပိုင်းမှာလည်း ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုမယ့် ရင်းနှီးကုန်စည်များကို ပိုမိုတင်သွင်းရမှာ ဖြစ်ပါတယ်။ ပို့ကုန်ပိုင်းမှာ ပို့ကုန်အမယ်သစ်များ ဖော်ထုတ်ဖို့ လိုအပ်သလို Value Added တန်ဖိုးမြင့်ပို့ကုန်များ ပိုမိုတင်ပို့နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ရှိပြီးသားဈေးကွက်များ ထိန်းသိမ်းဖို့လိုအပ်သလို ဈေးကွက်သစ်များ ရှာဖွေထိုးဖောက်ဖို့ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၁၀။ နိဂုံးချုပ်အနေဖြင့် ယခုအခါမှာ နိုင်ငံရဲ့စီးပွားရေးဟာ အထိုက်အလျောက်တည်ငြိမ်နေပြီဖြစ်တဲ့ အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေး အရှိန်အဟုန်နဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် အကျိုးအမြတ်ရရှိစေပြီး ပြည်ပဈေးကွက်ဝင် သီးနှံများ ပြောင်းလဲ စိုက်ပျိုးနိုင်ရေးကိစ္စကို ဒီဆွေးနွေးပွဲက ဆွေးနွေးဖော်ထုတ်အဖြေရှာ ပေးကြပါလို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

❑ ❑ ❑


ချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပြောကြားသည့် အမှာစကား

၁။ မြန်မာနိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်မှုသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၏ ဦးဆောင်နိုင်ငံဖြစ်သည်နှင့်အညီ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မိုးရာသီတွင် စိုက်ဧက (၃.၈၉) သန်းနှင့် ဆောင်းရာသီတွင် (၇.၀၇) ဧကသန်း၊ စုစုပေါင်း ပဲမျိုးစုံစိုက်ဧရိယာ ဧကသန်းပေါင်း (၁၀.၉၆) သန်း စိုက်ပျိုးနိုင်ခဲ့ပြီး အထွက် (၁၇၇) တင်း သန်းခန့်ထွက်ရှိခဲ့ပါသည်။ မိုး၊ ဆောင်းသီးနှံ စုစုပေါင်း စိုက်ဧရိယာ၏ (၂၁%) ခန့်ဟာ ပဲမျိုးစုံစိုက်ဧရိယာ ဖြစ်ခဲ့ပါတယ်။ ယခုအနေဖြင့် မိုးကြိုနှင့် မိုးပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်နိုင်မှုအနေဖြင့် စိုက်ဧက (၂.၀၉) သန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။

၂။ ပဲမျိုးစုံသီးနှံဟာ မြန်မာ့တောင်သူများအတွက် အရေးကြီးတဲ့ သီးနှံတစ်ခုဖြစ်တာနဲ့အညီ နိုင်ငံ၏ နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိတဲ့ သီးနှံဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ လယ်ယာသီးနှံများ၏ နိုင်ငံခြားဝင်ငွေ စုစုပေါင်း ဒေါ်လာသန်းပေါင်း (၂,၄၆၆) အနက် ပဲမျိုးစုံမှ (၈၈၄) ဒေါ်လာသန်းကျော်ဝင်ငွေ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် စုစုပေါင်း လယ်ယာကဏ္ဍ ဝင်ငွေရဲ့ (၃၅.၈%) ကို ပဲမျိုးစုံမှ ရရှိခဲ့ပါတယ်။

၃။ မြန်မာနိုင်ငံသည် ပဲမျိုးစုံသီးနှံများကို အဓိကအားဖြင့် အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့် ပါကစ္စတန်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး မတ်ပဲနှင့် ပဲစဉ်းငုံတို့အတွက် အဓိက ရောင်းချရသော ဈေးကွက်မှာ အိန္ဒိယနိုင်ငံဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ် ဩဂုတ်လဆန်း

ပိုင်းမှာ အိန္ဒိယအစိုးရအနေဖြင့် ပဲစဉ်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများအတွက် တင်သွင်းခွင့်ပြုမည့် အရေအတွက် ကန့်သတ်ထားသော သွင်းကုန်မူဝါဒ ပြောင်းလဲထုတ်ပြန်ခဲ့သည့်အတွက် တောင်သူလယ်သမားများ အပါအဝင် လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ၂၀၁၈ ခုနှစ်၊ မေလတွင် ထပ်မံထုတ်ပြန်ချက်အရ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ပဲစဉ်းငုံတန်ချိန် (၂) သိန်းနှင့် မတ်ပဲ တန်ချိန် (၁.၅) သိန်းနှင့် ပဲတီစိမ်း တန်ချိန် (၁.၅) သိန်း ပြည်လည်တင်ပို့ခွင့် ရရှိခဲ့ကြောင်း သိရှိရပါတယ်။

၄။ မြန်မာနိုင်ငံမှ အဓိကနိုင်ငံခြားတင်ပို့လျက်ရှိတဲ့ ပဲမျိုးများကတော့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံနှင့် ကုလားပဲတို့ဖြစ်ပြီး နိုင်ငံခြားတင်ပို့မှု အလားအလာရှိတဲ့ ပဲမျိုးများကတော့ ပဲပုပ်၊ ပဲလွန်း၊ ထောပတ်ပဲနဲ့ မြေထောက်ပဲတို့ဖြစ်ပါတယ်။ ဒီလို နိုင်ငံခြား တင်ပို့တဲ့အခါ သတ်မှတ်အရည်အသွေးပြည့်မီအောင် အထူးဆောင်ရွက်ဖို့ ပြောကြားလိုပါတယ်။ အရည်အသွေးကောင်းဖို့ မျိုးကောင်း/မျိုးသန့်များသုံးစွဲဖို့၊ သွင်းအားစုများ အချိုးကိုက်၊ အချိန်မှန်သုံးစွဲဖို့၊ မရိတ်သိမ်းခင်နဲ့ ရိတ်သိမ်းပြီးမှာ ဆောင်ရွက်ရမယ့်အချက်များ တိကျစွာလိုက်နာဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်အခြေအနေအရ မြန်မာ့ပဲကို ယခင်ရောင်းနေကျ ဈေးကွက်များအပြင် ဥရောပ၊ ဂျပန်စတဲ့ နိုင်ငံများက လာရောက်ဝယ်ယူလျက်ရှိတာမို့ အရည်အသွေးပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။

၅။ ဒါကြောင့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့မှစ၍ အခုပဲမျိုးစုံ၊ နှမ်း၊ အစေ့ထုတ်ပြောင်း အပါအဝင် သီးနှံ (၁၅) မျိုးကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ မြန်မာဂျီအေပီ (Myanmar GAP) Guideline ထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပဲမျိုးစုံစိုက်ပျိုးသော တောင်သူများအနေဖြင့် မြန်မာဂျီအေပီ Guideline နှင့်အညီ လိုက်နာစိုက်ပျိုးကြဖို့ အထူးတိုက်တွန်းလိုပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ဆောင်းရာသီတွင် ပဲတီစိမ်းသီးနှံကို ရန်ကုန်တိုင်းဒေသကြီး ခရမ်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်းမြို့နယ်များ ပဲခူးတိုင်းဒေသကြီး ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များနှင့် မတ်ပဲသီးနှံကို တိုက်ကြီး၊ လှည်းကူးနှင့် ထန်းတပင်မြို့နယ်များတွင် GAP စံပြကွက်များ ထူထောင်စိုက်ပျိုးဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူ နှမ်းသီးနှံကိုလည်း မကွေးတိုင်းဒေသကြီးတွင် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မိုးကြိုရာသီတွင် ပဲတီစိမ်းသီးနှံကို စစ်ကိုင်း၊ မန္တလေး၊ ပြည်ထောင်စုနယ်မြေတို့နှင့် နှမ်းသီးနှံကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ပြည်ထောင်စုနယ်မြေတို့တွင်လည်း တစ်ကွင်းတစ်ဆက်တည်း GAP စံပြကွက်များ ထူထောင်၍ ပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

၆။ မြန်မာနိုင်ငံတွင် ပဲစဉ်းငုံသီးနှံကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဖြစ်တဲ့ စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယခုနှစ်တွင် ပဲစဉ်းငုံစိုက်ဧက ယခုလက်ရှိအချိန်အထိ (၁)သန်းကျော် စိုက်ပျိုးထားရှိပြီးယခင်နှစ်ထက် စိုက်ဧက (၅) သိန်းခန့် လျော့နည်းစိုက်ပျိုးလာကြောင်း တွေ့ရပါတယ်။ အပူပိုင်းအညာဒေသမှာရှိသော တောင်သူများအနေဖြင့် ပဲစဉ်းငုံစိုက်ပျိုးမှုကို လက်မလွှတ်နိုင်သေးတာကိုလည်း တွေ့ရှိရပါတယ်။ ပဲစဉ်းငုံစိုက်ပျိုးခြင်းအားဖြင့် ပဲစဉ်းငုံအရိုးများကို ထင်းအဖြစ် အသုံးပြုနိုင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းအတွက် အသုံးပြုခြင်း၊ ပဲစဉ်းငုံပင်မှ ကြွေကျသော အရွက်များဟာ မြေဆီသြဇာ ထက်သန်စေခြင်း စသည် အကျိုးကျေးဇူးများကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပဲစဉ်းငုံအရိုးများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း သိရှိရပါတယ်။ နည်းပညာဆိုင်ရာ လုပ်ငန်းများအနေဖြင့် ပဲစဉ်းငုံ စိုက်ပျိုးရန် ဆန္ဒမရှိသော တောင်သူများအနေဖြင့် အခြားဝင်ငွေရသီးနှံများဖြစ်သည့် နံစားပြောင်းသီးနှံဖြင့် အစားထိုးစိုက်ပျိုးခြင်း၊ ဂါသီးနှံကို သီးညှပ်အဖြစ် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကုန်သည်များအနေဖြင့်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းလမ်းများနှင့်ပတ်သက်၍ ဌာန၊ တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ပဲမျိုးစုံသီးနှံများ တင်ပို့ရောင်းချရာတွင်လည်း ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုအားထားနေရသည့် အနေအထားမျိုး မဖြစ်စေရန် တခြားသော ဈေးကွက်အသစ်များကိုလည်း ရှာဖွေသွားရန် လိုအပ်ပါတယ်။

၇။ စပါးအပြီး လယ်သီးထပ်အဖြစ် မတ်ပဲစိုက်ပျိုးသော တောင်သူလယ်သမားများအနေဖြင့် မတ်ပဲတစ်ခုတည်းသာမက အခြားသီးနှံများကိုလည်း အမယ်စုံ တွဲဖက်စိုက်ပျိုးသင့်ကြောင်း အကြံပြုလိုပါတယ်။ ထိုကဲ့သို့ သီးနှံအမယ်စုံ စိုက်ပျိုးခြင်းအားဖြင့် ယခုလို မတ်ပဲသီးနှံဈေးကွက်ပျက်၍ ဈေးနှုန်းဆင်းလို့ ဝင်ငွေလျော့နည်းမှုကို အခြားဝင်ငွေရ သီးနှံများက ခုခံကုစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မတ်ပဲသီးနှံအစား ဒေသရေမြေနှင့် ကိုက်ညီဖြစ်ထွန်းနိုင်သည့် ပဲတီစိမ်း၊ ပဲပုပ်၊ အစေ့ထွက်ပြောင်း၊ နေကြာ၊ မြေပဲ၊ ဟင်းသီးဟင်းရွက်စသည်ဖြင့် အမယ်စုံသီးနှံများကို စိုက်ပျိုးကြဖို့ တောင်သူဦးကြီးများအား အကြံပြုအပ်ပါတယ်။ ထို့အပြင် ရိတ်သိမ်းချိန်လွန်နောက်ပုိင်း ရောင်းဝယ်သိုလှောင်၍ နိုင်ငံခြားတင်ပို့နေကြသော ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ Exporter များအနေဖြင့် သိုလှောင်စဉ် သုံးစွဲသော အဆိပ်ငွေ့မှိုင်းတိုက်ခြင်း (Fumigation) လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သော ပညာရှင်များ အကူအညီကို ရယူ၍ ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် Value Chain တစ်လျှောက် ပါဝင်ပတ်သက်သော Stake Holder များအားလုံးအနေတဖြင့် မိမိတို့နိုင်ငံမှ စိုက်ပျိုးထုတ်လုပ်

သည့် ပဲမျိုးစုံသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင် (Pesticide Residue Limit) သည် နိုင်ငံတကာအဆင့် သို့မဟုတ် ဝယ်ယူသော နိုင်ငံက လိုလားသတ်မှတ်သည့် MRL (Maximum Residue Limit) ထက် မကျော်လွန်စေရေး၊ မပါဝင်စေရေး အလေးထား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းစားသုံးမှုသာမက နိုင်ငံခြားတင်ပို့ ရောင်းချရာတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် Sanitary & Phytosanitary, SPS Measure များကိုလည်း သက်ဆိုင်သူများအား နည်းပညာဖြန့်ဝေခြင်း၊ သတင်းအချက်လက်များ မျှဝေခြင်း၊ ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း ပညာပေးဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

၈။ နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော Stakeholder များအားလုံးသည် အချင်းချင်း ပိုမိုရင်းနှီးပူးပေါင်းကာ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တွေ့ကြုံနေရသော အခက်အခဲပြဿနာများအပေါ် ဝိုင်းဝန်းပူးပေါင်း ကူညီဖြေရှင်းကြခြင်းဖြင့် အခြေအနေကောင်းတစ်ရပ် ဖန်တီးရရှိခံစားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင် နိဂုံးချုပ်အပ်ပါတယ် ခင်ဗျာ။

❑ ❑ ❑


တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
# ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ပြောကြားသည့်
# အမှာစကား

ယနေ့အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော...

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ
- ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများ
- ဌာနဆိုင်ရာများမှ ဌာနအကြီးအကဲများ
- စီးပွားရေးသုတေသီများ
- UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ
- မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တာဝန်ရှိသူများ
- ဖိတ်ကြားထားတဲ့ ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်း ၍ နှုတ်ဆက်အပ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ကျွန်တော်တို့ အသင်းချုပ်မှာ ယခုလိုလာရောက် ကျင်းပပြုလုပ်တာကို အသင်းချုပ်အနေဖြင့် လှိုက်လှဲစွာ ကြိုဆိုပါတယ်။ ဆွေးနွေးပွဲမှာ ယခုလို အမှာစကား ပြောခွင့်ရတဲ့အတွက်လည်း အလွန်ပင် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံမှာ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း တို့ဟာ ဒုတိယအများဆုံး စိုက်ပျိုးတဲ့ သီးနှံများ ဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ စပါးစိုက်သိမ်းပြီးနောက် ပဲမျိုးစုံကို စိုက်ပျိုးကြတဲ့အတွက် ဝင်ငွေရရှိရေးမှာ အားထားရတဲ့ သီးနှံဖြစ်ပါတယ်။ ပဲမျိုးစုံကို ပြည်ပသို့ တင်ပို့ရောင်းချမှုကို ၁၉၂၁ - ၁၉၂၂ ခုနှစ်ခန့်မှ စတင်ခဲ့ကြောင်း

လေ့လာသိရှိရပါတယ်။ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်း ကုန်သည်များအား ပြည်ပပို့ကုန်လိုင်စင် ထုတ်ပေးပြီး ဆောင်ရွက်စေခဲ့ပါတယ်။ ၁၉၆၂ နောက်ပိုင်းမှာတော့ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ SAMB မှ ရောင်းဝယ်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့ကို ၁၉၆၂ - ၁၉၆၃ နောက်ပိုင်း ပြည်ပနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ စင်္ကာပူ၊ ဟောင်ကောင် စတဲ့ နိုင်ငံတွေက ဝယ်ယူခဲ့ကြပါတယ်။ ၁၉၆၄ - ၁၉၆၅ ကာလများအတွင်း ဂျပန်နိုင်ငံသို့ မတ်ပဲ၊ ထောပတ် ပဲ၊ ဘိုကိတ်ပဲ၊ ပဲယင်း၊ စွန်တာနီ၊ စွန်တာပြာ စတဲ့ ပဲမျိုးစုံ တစ်သိန်းကျော် တင်ပို့ခဲ့ပါတယ်။ နောက်ပိုင်း ပဲများကို အများဆုံး ဝယ်ယူခဲ့တဲ့ နိုင်ငံကတော့ အားလုံးသိရှိတဲ့အတိုင်း အိန္ဒိယနိုင်ငံ ဖြစ်ပါတယ်။ အိန္ဒိယဈေးကွက်ကလည်း နှစ်စဉ်လိုလို ပြောင်းလဲ သတ်မှတ်မှုတွေ ရှိလာတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ဈေးကွက်အပေါ် အခြေတည်ပြီး မြန်မာနိုင်ငံရဲ့ ပဲမျိုးစုံ စိုက်ပျိုး ရေးကို လုပ်ကိုင်နေရတဲ့ အခြေ အနေရှိနေပါတယ်။

ဒီအခြေအနေကို အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ ဒီအခြေအနေကို ယနေ့ဆွေးနွေးပွဲမှာ အဖြေရှာနိုင်လိမ့် မယ်လို့ ယုံကြည်ပါတယ်။ ဒီကိစ္စဟာ ပဲနှမ်းကုန်သည်များသာမက စိုက်ပျိုး ထုတ်လုပ်သူများနှင့် နိုင်ငံတော် စီးပွားရေးတိုးတက်မှုအထိ အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။

ယနေ့ဆွေးနွေးပွဲမှာ ပဲမျိုးစုံ၊ နှမ်း စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုများနှင့် စပ်လျဉ်းပြီး လက်တွေ့ဆောင်ရွက် နေတဲ့ တောင်သူများ၊ အစိုးရဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေး သုတေသီများက ဆွေးနွေးတင်ပြကြမှာဖြစ်ပါ တယ်။ အစုအဖွဲ့လိုက် ဆွေးနွေးမှုများလည်း ပြုလုပ်ကြမှာဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှ ရရှိလာတဲ့ အနှစ်ချုပ် ဆုံးဖြတ်မှုများကို အကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါတယ်။ သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အားလုံးက ထိထိရောက်ရောက် အကောင်အထည် ဖော် ဆောင်ရွက်နိုင်မှသာ အောင်မြင်မှု ရရှိနိုင်မှာ ဖြစ်ပါတယ်။

လက်ရှိပဲမျိုးစုံစိုက်ပျိုးနေခဲ့ရာက အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးဘို့ဆိုရာမှာ စိုက်ပျိုးမြေ၊ ရာသီဥတု၊ မျိုး စသည်တို့ပေါ် မူတည်နေတဲ့အတွက် ရုတ်ချည်းပြောင်းလဲ စိုက်ပျိုးဘို့ရာ လွယ်ကူ မည်မဟုတ်ပါ။ သို့သော်လည်း သုတေသနပြုမှုပေါ် မူတည်ပြီး အခြားဈေးကွက်ဝင် သီးနှံစိုက်ပျိုး ထုတ်လုပ်မယ်ဆိုပါက ဖြစ်နိုင်ချေရှိမည်ထင်ပါ တယ်။ အိန္ဒိယဈေးကွက်ကို အားကိုးနေမှုမပြုဘဲ အခြားဈေးကွက်သစ်များကို ရှာဖွေခြင်းတို့ကိုလည်း ဆောင်ရွက် သင့်ပါတယ်။

ယနေ့ဆွေးနွေးပွဲမှ ထွက်ပေါ်လာမယ့် အနှစ်ချုပ် ရလာဒ်ကောင်းများဟာ အနာဂါတ် ပဲမျိုး စုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလိမ့်မယ်ဟု ယုံကြည်ပါ ကြောင်း ပြောကြားရန် နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

❑ ❑ ❑


းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFC


မြန်မာပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFCCI Office Tower
၁၀.၈.၂၀၁၈ (စနေနေ့)

# မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင် ပြောကြားသည့် ကြိုဆို နှုတ်ခွန်းဆက်စကား

ကြွရောက်ချီးမြှင့်ကြပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးအဖွဲ့၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်း အဖွဲ့အဖွဲ့ဝင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ကုန်သည်/စက်မှု အသင်းချုပ် စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ကုန်စည်ဒိုင်များ၊ ပဲ/နှမ်းအသင်းများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်များမှ အလုပ်အမှုဆောင်များ၊ အသင်းသားများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် အခြား ဖိတ်ကြားထားသူများ၊ ဧည့်သည်တော်များ ခင်ဗျား -

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဆွေးနွေးပွဲသို့ စိတ်ဝင်တစားအချိန်ပေး ကြွရောက်ချီးမြှင့်တဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ အခုလို နိုင်ငံတော်ရဲ့ ပြည်ပဝင်ငွေ အဓိကရှာဖွေပေးရာ၊ တောင်သူလယ်သမား အများစုကြီးရဲ့ မှီခိုအားထား စိုက်ပျိုးထုတ်လုပ်ပေးရာ ကဏ္ဍကြီးဖြစ်တဲ့ ပဲမျိုးစုံ၊ နှမ်းနဲ့ အစေ့ထုတ်ပြောင်း သီးနှံများရဲ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှတဲ့ ဆွေးနွေးပွဲမှာ အမှာစကားပြော ကြားခွင့်ရတဲ့ အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း တင်ပြလိုပါတယ်။ ဦးစွာကျွန်တော်တို့ ဒီပွဲကြီးလုပ်ရတဲ့ ရည်ရွယ်ချက်အား ရှင်းပြလိုပါတယ် ၎င်းအချက်တွေကတော့-

၁။ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊

၂။ တောင်သူလယ်သမားများအခက်အခဲရှိနေသောသီးနှံများအားလျော့စိုက်ခြင်း ထိုသီးနှံများအစား အခြားဈေးကွက်ဝင်သီးနှံများ ရာသီအချိန်မီ ပြောင်းလဲစိုက်ပျိုးခြင်းများ ပြုလုပ်နိုင်ရန်အတွက် သတင်းအချက်အလက် အကူအညီများပေးရန်၊

၃။ တောင်သူများ၏ အခက်အခဲ၊ ကုန်သည်လုပ်ငန်းရှင်များ၏ အခက်အခဲများကို နိုင်ငံတော်မှ ပိုမို နားလည်ပြီးကူညီဖြေရှင်းပေးရန်တို့ကို ရည်ရွယ်ပါတယ်။

အခက်အခဲများနှင့်ဆက်စပ်၍ တောင်သူများ၊ နိုင်ငံတော်နှင့် အများပြည်သူများအတွက် များစွာ နစ်နာ နေမှုအကြောင်းတွေကို အနည်းငယ်ရှင်းပြခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ နိုင်ငံမှ နှစ်စဉ်ပဲမျိုးစုံပျမ်းမျှ တန်ချိန် တစ်သန်းမှ တစ်သန်းခွဲအကြား တင်ပို့ ထုတ်လုပ်ပါတယ်။ ပြီးခဲ့တဲ့သုံးနှစ်တာကာလ၌ ၂၀၁၅ -၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁. ၂၄ သန်း တင်ပို့နိုင်ခဲ့ပြီး နိုင်ငံတော်အတွက်နိုင်ငံခြားငွေ ၁,၂၁၄. ၂၉ သန်း ရရှိခဲ့ပါတယ်

၂၀၁၆ - ၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁. ၄၂ သန်းတင်ပို့နိုင်ခဲ့ပြီး နိုင်ငံတော်အတွက်နိုင်ငံခြားငွေ ၁,၄၀၅. ၂၇ သန်းရရှိခဲ့ပါတယ်

၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁. ၃၁ သန်းတင်ပို့နိုင်ခဲ့ပြီး နိုင်ငံတော်အတွက်နိုင်ငံခြားငွေ ၈၈၃. ၇၅၃ သန်း ရရှိခဲ့ပါတယ်။

ပို့ကုန်ပမာဏတွေကို ကြည့်ချင်းအားဖြင့် နိုင်ငံတော် ထွက်ကုန် သဘာဝဓါတ်ငွေ့မှရတဲ့ ဝင်ငွေ ပြီးလျှင် ပဲမျိုးစုံမှ အများဆုံးရရှိခဲ့တဲ့အတွက် ပဲမျိုးစုံ ပြည်ပတင်ပို့မှုသည် နိုင်ငံတော်၏ နိုင်ငံခြားငွေများ စွာ ရှာပေးနိုင်သော Export ထွက်ကုန်အဖြစ် သတိပြုမိနိုင်ပါတယ်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်ရဲ့ ဩဂုတ်လအတွင်းမှာ ကျွန်တော်တို့၏ပဲမျိုးစုံ အဓိကဝယ်ယူသည့် အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲဒီစိမ်း ပဲသုံးမျိုးကို ကန့်သတ်ကုန်ကြေညာခြင်းများ ပြုလုပ်လိုက်ပါ တယ်။ တိုက်ဆိုင်စွာပဲ ဒီပဲသုံးမျိုးဟာ မြန်မာနိုင်ငံမှာ အထွက်ဆုံးနှင့် နိုင်ငံခြားဝင်ငွေ အများဆုံးရှာဖွေ နိုင်သော ပဲများဖြစ်ပါတယ်၊ ဒီ ရိုက်ခတ်မှုကြောင့် ပို့ကုန့်ပမာဏရော ဈေးနှုန်းရရှိမှုပါ များစွာကျဆင်းခဲ့ ပါတယ်၊ ပဲမျိုးစုံတင်ပို့မှု ပမာဏ အားလုံးထဲတွင် မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းပဲသုံးမျိုးသည် ၈၀% ဝန်းကျင် ရှိပါတယ်။ ပဲတီစိမ်းသည် တရုတ်နိုင်ငံဈေးကွက်၊ အရှေ့တောင်အာရှ ဈေးကွက်၊ ဥရောပ ဈေးကွက်တို့ရဲ့ ဝယ်လိုအား ရှိနေပြီး ဈေးကွက်ဈေးနှုန်းကောင်းမွန်ပါတယ်။ ကျန်မတ်ပဲနှင့် ပဲစဉ်းငုံ နှစ်မျိုးကို အိန္ဒိယတစ်နိုင်ငံထဲကိုသာ ပိုမိုမှီတင်းရတဲ့သဘောရှိပြီး နှစ်ခုပေါင်း ထွက်ရှိမှုမှာ တင်ပို့မှု အားလုံးရဲ့ ၆၀% ဝန်းကျင်ရှိပါတယ်။ အိန္ဒိယ နိုင်ငံ၏ ကန့်သတ်ပိတ်ပင်မှုကြောင့် ပုံမှန်မတ်ပဲ FAQ တစ်တန်လျှင် USD ၈၀၀ ဝန်းကျင် တန်သည့်ပဲမှာ ယနေ့ဈေးကွက်အရ တစ်တန်လျှင် USD ၂၈၀ ဝန်းကျင်သာ ရရှိပါတယ်။ ဈေးနှုန်းကျဆင်းမှုကြောင့် ဆုံးရှုံးမှု မှာ တစ်တန်လျှင် USD ၅၀၀ ဝန်းကျင် ရှိပြီး တစ်နှစ် တစ်ရာသီစာထွက်ရှိမှု တန်ချိန် (၈)သိန်းဝန်းကျင် အတွက် တွက်ချက်မှုပြုလျှင် အမေရိကန်ဒေါ်လာသန်း (၄၀၀) ဝန်းကျင်မျှ နစ်နာသွားကြောင်း တွေ့ရပါ တယ်။ ဒီပမာဏဟာ နိုင်ငံတော်နှင့် ပြည်သူပြည်သားများရဲ့နစ်နာမှုဖြစ်ပါတယ်။ ဒီအချက်ကိုကြည့်ခြင်း အားဖြင့် ပြည်တွင်း ပြည်ပလိုအပ်ချက်ရှိတဲ့ တန်ဖိုးမြင့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ညွှန်ပြနေပါတယ်။ ကျွန်တော်တို့တစ်တန်လျှင် ဒေါ်လာ (၅၀၀) မျှပိုရသော သီးနှံများပြောင်းလဲ ထုတ်လုပ် နိုင်လာပါက ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ ရင်ဆိုင်နေရသော Export လိုငွေပြမှုကို တစ်တပ်တစ်အား ဖြည့်တင်းနိုင်ပြီး ငွေကြေးဖောင်းပွမှုလျှော့ချရန်အတွက် တစ်ထောင့်တစ်နေရာမှ အကူအညီပေးနိုင်မှာ ဖြစ်ပါတယ်။

မိမိတို့ ပဲ/နှမ်းအသင်းနှင့် ရန်ကုန်တိုင်းကုန်စည်ဒိုင်တို့အနေနဲ့ ဈေးကွက်ထိခိုက်မှုများ လျော့နည်း သက်သာစေဖို့ နည်းလမ်းများ ရှာဖွေခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးပညာရှင်များတို့နှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး အရေးယူတုံ့ပြန်မှုများ ပြုလုပ်ခဲ့ပါတယ်။ ဥပမာအားဖြင့် -

- အထူးရန်ပုံငွေ ကျပ်(၅၀)ဘီလီယံထူထောင်ပြီးပဲစဉ်းငုံ၊ မတ်ပဲများဝယ်ယူခြင်း
- ဈေးနှုန်းများမှာစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အောက် ရောက်ရှိပြီး ဈေးကွက်ပျက်ပြား နေသဖြင့် တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်သည့်အနေဖြင့် အစိုးရက ဝယ်ယူ မှုများ ဆောင်ရွက်ပေးရန် တင်ပြခြင်း

- ပြည်တွင်းပဲစားသုံးမှု မြှင့်တင်ရေးအတွက် အားပေးဆောင်ရွက်ခြင်း
- တောင်သူလယ်သမားများသို့ တိုက်တွန်းနှိုးဆော် အကြံပြုချက်များထုတ်ပြန်ခြင်း
- ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း
- ဈေးကွက်သစ်များရှာဖွေခြင်း

စတာတွေပဲ ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ဒီပွဲကြီးမှနိုင်ငံတော်အကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ အားလုံးက အကောင်းဆုံး အဖြေတစ်ခုကို ဝိုင်းဝန်းအဖြေ ထုတ်ကြပါ၊ ကူညီကြပါလို့ တိုက်တွန်းလိုပါတယ်။ အားလုံးကြိုးစားမှုရဲ့ ဖော်ထုတ်ချက် ရလာဒ်များ အား ရရှိလာခဲ့ပါက ၎င်းဖော်ထုတ်ချက်များအတိုင်း ပြောင်းလဲထုတ်လုပ်ကြပါဟုလည်း မေတ္တာရပ်ခံ ချင်ပါတယ်။ လုပ်ဆောင်ရမည့်အပိုင်း အလွန်ကြီးမား ကျယ်ပြန့်မယ်လို့ ယူဆမိပါတယ်။ နိုင်ငံတော် အဆင့်မှလည်း ထိထိရောက်ရောက်ပံ့ပိုး ကူညီမှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြောင်းလဲထုတ်လုပ်စိုက်ပျိုးပါဟု လွယ်လွယ်မှတ်ချက်ပြုသော်လည်း တောင်သူလယ်သမားများ တကယ်တန်းအပြောင်းလဲလုပ်ရသည့်အခါ အခက်အခဲများစွာ ရှိနိုင်ပါတယ်။ ဒီအတွက် မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာ၊ ရိတ်သိမ်းလွန်ပညာများကို သက်ဆိုင်ရာစိုက်ပျိုးရေး ဝန်ကြီးဌာနမှ လုပ်ဆောင်ပေးစေလိုပါတယ်။ ကျွန်တော်အနေဖြင့် ယခုဆွေးနွေးပွဲကြီးတွင် တက်ရောက်ဆွေးနွေး အဖြေရှာသူအားလုံးအား ဈေးကွက်ရှုထောင့်အရ ဈေးကွက်ဝင် တန်ဖိုးမြင့်သီးနှံများ ကို စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ အောက်ပါအတိုင်း တိုက်တွန်းလိုပါ တယ်။

- ကျွန်တော်တို့နိုင်ငံ ရာသီရေမြေနှင့် စိုက်ပျိုးထုတ်လုပ်၍ရနိုင်ပြီး တောင်သူများဘဝ ဖွံ့ဖြိုးတိုးတက်နိုင်သော သီးနှံများ
- ပထဝီအနေအထားအရ လူဦးရေသန်း (၁,၂၀၀)ကျော်ရှိပြီး စားသုံးမှုအားကောင်းသည့် အိမ်နီးနားချင်း တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံ လိုအပ်ချက်ရှိသောသီးနှံများ၊
- လက်ရှိဖြစ်ပေါ်နေသည့် ကုန်သွယ်ရေး စစ်ပွဲအရ အလားအလာရှိသည့် သီးနှံများ၊
- ပြည်တွင်းစားသုံးမှုနှင့် ဆက်စပ်သော ပဲအမျိုးအစားများ၊

- ဆီထွက်သီးနှံများ၊
- ပြည်တွင်း အစာစပ်လုပ်ငန်းများအတွက် နိုင်ငံခြားမှ တင်တင်သွင်းနေရသော သီးနှံများ

စတဲ့အချက်များအား ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း စဉ်းစားပေးပါလို့ တိုက်တွန်းလိုပါတယ်။

အနှစ်ချုပ်အနေဖြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရောင်းချသော Supply chain တစ်ခုလုံးတွင် အဓိက ကျသော စိုက်ပျိုးထုတ်လုပ်သော တောင်သူများ၏အခက်အခဲများကို ဖော်ထုတ်ခြင်း၊ ကုန် သွယ်မှုပြုသော နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများ၊ ပြည်ပတင်ပို့သော exporter အခက်အခဲများကို အခုတွေ့ဆုံချိန်မှာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာ ဝိုင်းဝန်းဖြေရှင်းကာ ပြောင်းလဲလာသော ကမ္ဘာ့ ဈေးကွက်နှင့်အညီ မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို ရည်မှန်းချက်ချမှတ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားလုံး ညီညီညွတ်ညွတ်နဲ့ ဖော်ဆောင်နိုင်ကြပါစေလို့ ထပ်မံတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား ။

❑ ❑ ❑



MPBSA
မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFCCI Office




# စီးပွားရေးသုတေသီ
# ဒေါက်တာဇော်ဦးမှ ပြောကြားသည့်
# အမှာစကား

မင်္ဂလာပါခင်ဗျာ၊ ယနေ့ကျင်းပပြုလုပ်တဲ့ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်မှုအလုပ်ရုံဆွေးနွေးပွဲမှာ ယခုလိုတကူးတကကြွရောက်ချီးမြှင့်ပေးပါတဲ့ နိုင်ငံတော် ဒုတိယသမ္မတကြီးနှင့်တကွ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တကွပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်မှ ကိုယ်စားလှယ်များ၊ ကျွန်တော်တို့ဌာနဆိုင်ရာမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကျွန်တော်တို့ ကုန်သည်စက်မှုအသင်းချုပ်၊ ပဲနှမ်းအသင်းချုပ်မှ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိတဲ့သူတွေ၊ ကျွန်တော်တို့အနယ်နယ်အရပ်ရပ် ကနေပြီးတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာလာရောက်ပြီးတော့ တက်ရောက်ဆွေးနွေးပေးတဲ့ပဲတောင်သူတွေ၊ ကုန်စည်ဒိုင်က ကုန်သည်တွေနဲ့ အခြားတက်ရောက်လာတဲ့ စီးပွားရေးသုတေသီတွေ၊ ပညာရှင်တွေအားလုံးကို ကျွန်တော်က ယခုလိုစင်မြင့်ပေါ်ကနေ ပထမဦးစွာဂါရဝပြုလိုပါတယ်၊ ကျွန်တော့အနေနဲ့ ဒီကနေ့ဆွေးနွေးပွဲမှာ နိုင်ငံတော်အစိုးရမှ တာဝန်ရှိတဲ့သူတွေကော၊ ကျွန်တော်တို့ ပဲနှမ်းအသင်းအပါအဝင်စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှလုပ်ငန်းရှင်တွေကော ကျွန်တော်တို့တောင်သူတွေပါအားလုံး စဉ်းစားနိုင်အောင် ကျွန်တော်တို့ရဲ့ ဒီကျွန်တော်နှင့်တကွပေါ့နော်၊ သုတေသန လုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ မြန်မာစီးပွား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကနေပြီးတော့ ကွင်းဆင်းလေ့လာထားတဲ့ သုတေသနတွေ့ရှိချက်တစ်ချို့ကိုလည်းတင်ပြခွင့်ပြုပါလို့ မေတ္တာရပ်ခံလိုပါတယ်၊ ကျွန်တော် Power point နဲ့တင်ပြခွင့်ပြုပါခင်ဗျာ။

အခုကျွန်တော်တင်ပြထားတဲ့ပုံလေးကတော့ ကျွန်တော်ကိုယ်တိုင်စစ်ကိုင်းတိုင်းမှာ ကွင်းဆင်းလေ့လာခဲ့တဲ့ အခါမှာ ပဲစဉ်းငုံစိုက်ပျိုးတဲ့ ကျေးလက်မှာရှိတဲ့ မိခင်အိုတစ်ဦးကနေပြီးတော့ ပဲစဉ်းငုံဆွတ်ခူးပြီးတဲ့ အခါမှာ ဆောင်ရွက်နေတာပါ။ ခုနကလည်းပြည်ထောင်စုဝန်ကြီး အမှာစကားပြောသွားသလိုပဲ ပဲစဉ်းငုံဟာ အင်မတန်မှ ကျွန်တော်တို့ အင်မတန်ခက်ခဲကြမ်းတမ်းတဲ့ ရာသီဥတုမှာ ဒါကျေးလက်နေ အင်မတန်မှ ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေအတွက် စိုက်ပျိုးရေးထွက်ကုန်တစ်ခု ဖြစ်ပါတယ်။ ဆိုလိုတာကစိုက်ပျိုးရေးမှာ မှီခိုနေရတဲ့တောင်သူတွေရဲ့ဘဝဟာ အင်မတန်မှ ခက်ခဲကြမ်းတမ်းပါတယ်၊ အခုလိုပဲမျိုးစုံဟာဒါ သူတို့ရဲ့ ဝင်ငွေအတွက်ကို အင်မတန်မှကောင်းမွန်ခဲ့တဲ့ သီးနှံတစ်ခု ဖြစ်ခဲ့သလို ကျွန်တော်တို့နိုင်ငံအတွက်လဲ အင်မတန်မှအားထားရတဲ့ နိုင်ငံခြားဝင်ငွေကိုရှာဖွေပေးခဲ့တဲ့ ကဏ္ဍဖြစ်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ သူ့ရဲ့ ကုန်သွယ်မှု အလားအလာတွေကို ကျွန်တော်တို့သုံးသပ်တဲ့အခါမှာ ရေတိုကော၊ ရေရှည်ကော သုံးသပ်ဖို့ဆိုတဲ့ကိစ္စ ကျွန်တော်တင်ပြလိုပါတယ်၊ ပြီးရင်ကနေ့ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ကိစ္စဟာ ဒါကမ္ဘာ့ ကုန်သွယ်ရေးကော၊ နယ်စပ်ကုန်သွယ်ရေးကော၊ ကျွန်တော်တို့အခုလက်ရှိ ကနေ့မှာပဲရှိနေတဲ့အခြေအနေတွေ နဲ့လည်းကုန်သွယ်ရေး အခြေအနေတွေက ဆက်စပ်နေတဲ့အတွက်ကြောင့် ဒါကိုလည်းဆက်စပ် စဉ်းစားနိုင်အောင် တင်ပြခွင့်ပြုပါလို့ပြောကြားလိုပါတယ်။

ပြီးရင်တော့ဒီကိစ္စကို ရေတိုစဉ်းစားတဲ့အခါမှာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး၊ တောင်သူ လယ်သမားအခွင့်အရေးကို မြှင့်တင်ရေးဆိုတဲ့နေရာမှာ တန်ဖိုးမြှင့်ကွင်းဆက်ကြောင်းတစ်ခုလုံး တောင်သူတင်သာ မကဘဲနဲ့ ကုန်သည်တွေကော၊ လုပ်ငန်းရှင်တွေကောတစ်ခုလုံး ကျွန်တော်တို့ရဲ့ Value Chain တစ်ခုလုံးတက်လာမှပဲ ဒါကျွန်တော်တို့ရဲ့ ဒီအနေအထားတွေကို ပြုပြင်ပြောင်းလဲပြီးတော့ အားလုံးအတွက်အကျိုးရှိအောင် ဆောင်ရွက်နိုင်မယ်၊ ဒါကြောင့်မို့လို့လဲ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရေးကလည်း အင်မတန်အရေးကြီးတယ် ဆိုတဲ့ကိစ္စကို တင်ပြလိုပါတယ်၊ နောက်ဆုံးအနေနဲ့က ကျွန်တော်တို့ဒီနေ့ကြုံတွေ့နေရတဲ့ အခက်အခဲဟာ အင်မတန်မှ ကြီးမားတဲ့ အကျပ်အတည်းဖြစ်ပါတယ်၊ သို့သော် Crisis တိုင်းဟာ Opportunity ကိုသယ်ဆောင်လာတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အကျပ်အတည်းကြားကလဲ အခွင့်အလမ်းတွေကို ဘယ်လိုဖော်ထုတ်မလဲဆိုတဲ့ကိစ္စကို ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲကဏ္ဍနဲ့ကုန်သွယ်ရေးမျှခြေ ရှေ့အလားအလာဆိုတဲ့ကိစ္စမှာ ပြီးခဲ့တဲ့စီးပွားကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီးကလည်း ပြောကြားသွားတာရှိပါတယ်၊ မြန်မာနိုင်ငံကနေပြီးတော့ အိန္ဒိယကိုတင်ပို့နေတဲ့ မတ်ပဲနဲ့ ပဲစဉ်းငုံပို့ကုန်ဟာ ဒါကျွန်တော်တို့ အဲဒီပဲတွေဟာ ပြည်ပပို့ကုန်အားလုံးရဲ့ အိန္ဒိယဟာအင်မတန်မှအရေးကြီးတဲ့ တစ်ခုတည်းသော ဝယ်လက်လို့လည်းပြောလို့ရပါတယ်။ အဲဒီတော့ အခြားနိုင်ငံတွေကို

တင်ပို့နိုင်ဖို့ဆိုရင်တော့ ကျွန်တော်တို့ဟာ အရေအတွက်ထက်စာရင် အရည်အသွေးမြှင့်တင်ရေးဟာ ပိုပြီး တော့အရေးပါတဲ့ကိစ္စ ဖြစ်မှာဖြစ်တဲ့ အတွက်ကြောင့် နိုင်ငံတော်အစိုးရဘက်က ကျွန်တော်တို့ကို ပဲ တောင်သူတွေကိုပံ့ပိုးပေးတဲ့အခါမှာ အရည်အသွေးမြှင့်တင်ရေး ရှုထောင့်ကနေပြီးတော့ ပံ့ပိုးမှုတွေစဉ်းစားဖို့ လိုပါလိမ့်မယ်။ ပြီးရင်လည်း အိန္ဒိယနိုင်ငံက ကျွန်တော်တို့ဆီက ပဲတွေဝယ်တဲ့အခါမှာ အထူးသဖြင့်မတ်ပဲ နဲ့ပဲစဉ်းငုံဟာ အများဆုံးဝယ်ယူတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ မတ်ပဲဆိုရင်ဒါ ကျွန်တော်တို့နိုင်ငံက အများဆုံး ဝယ်ယူတယ်၊ ပဲစဉ်းငုံဆိုရင်တော့ ကျွန်တော်တို့နိုင်ငံကတင် မလောက်တဲ့အတွက်ကြောင့်မို့လို့ အာဖရိကမှာ သွားစိုက်တဲ့အနေအထားတွေလည်း ရှိပါတယ်။ သို့သော်လည်းပဲ အိန္ဒိယအစိုးရက အိန္ဒိယနိုင်ငံကလည်း ဒီပဲနှစ်မျိုးစလုံးကို စိုက်နေတဲ့နိုင်ငံဖြစ်ပြီးတော့ သူတို့ဆီမှာမိုးမကောင်းတဲ့အချိန် တစ်ခုခုနဲ့ဖြစ်တဲ့ အချိန်မှာ ကျွန်တော်တို့ဆီက အရေးပေါ်အမြန်ဆွဲလို့ရတဲ့ နိုင်ငံတစ်ခုအနေနဲ့ ကျွန်တော်တို့နဲ့ကုန်သွယ်ရေး ဆောင် ရွက်တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း ဒီကိစ္စမှာသူတို့ကလည်း အစိုးရအချင်းချင်း ကုန်သွယ်ရေး သဘောတူညီချက်စာချုပ်လိုမျိုး ချုပ်ဆိုပြီးတော့ ဆောင်ရွက်ချင်တယ်ဆိုတဲ့ ဆန္ဒလည်းရှိပါတယ်။ ဆိုလို တာကဒီလို အရေးပေါ် အခြေအနေတွေမှာ လုပ်ရတာဖြစ်တဲ့အတွက်ကြောင့် အစိုးရတွေရဲ့အခန်းကဏ္ဍ ကလည်း အရေးကြီးတယ် ဆိုတဲ့ဟာကို သူတို့ဘက်က တင်ပြတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒီနေရာမှာ အခုလက်ရှိဖြစ်နေတဲ့ဈေး အခြေအနေလေးတွေကို တင်ပြခွင့်ပြုပါ။

ကျွန်တော်တို့ဒါကတော့ ပဲစဉ်းငုံမှာကျွန်တော်တို့နယ်မှာရှိတဲ့ အထူးသဖြင့် ပဲစဉ်းငုံစိုက်တဲ့ ကျွန်တော်တို့ရဲ့ ဒီအပူပိုင်းအလယ်ပိုင်းဇုန်မှာရှိတဲ့ ဥပမာ- ပြည်ဒိုင်မှာ ပေါက်နေတဲ့ဈေးနဲ့ အိန္ဒိယရဲ့ နယူး ဒေလီမှာပေါက်နေတဲ့ဈေး ဒီနှစ်ခုရဲ့ ကွာခြားမှုတွေကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့ ၂၀၁၂ လောက်ကတည်းက ဒါတစ်စုံတစ်ခုသောအတိုင်းအတာအားဖြင့် ကုန်သွယ်ရေးအရ ဈေးတွေကဖြစ်လာလေ့ ရှိပါတယ်။ ဆိုလို တာကဒီဈေးဟာ တစ်စုံတစ်ခုသော အတိုင်းအတာအားဖြင့် အိန္ဒိယဘက်ကဈေးတက်ရင် ကျွန်တော်တို့ ဘက်ကလည်း တက်တဲ့ဈေးအတိုင်း ရောင်းခွင့်ရပါတယ်၊ တစ်ချိန်မှာတော့အိန္ဒိယဟာ အင်မတန်မှ ရာသီဥတုဒဏ်ခံလိုက်ရတဲ့ ၂၀၁၄ လောက်မှာတော့ ကျွန်တော်တို့ရဲ့ ပဲဈေးဟာအင်မတန်မှ တက်သွားတဲ့ အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တောင်သူတွေကော၊ ကုန်သည်တွေကော လုပ်ငန်းရှင်တွေပါ အင်မတန်မှ ဈေးကောင်းရခဲ့တဲ့ကာလ ဖြစ်ပါတယ်၊ ဒါပေမဲ့လည်း ပြီးခဲ့တဲ့ (၂) နှစ်က စပြီးတော့ အိန္ဒိယ နိုင်ငံမှာ အင်မတန်မှမိုးကောင်းတဲ့အတွက်ကြောင့် သူတို့ရဲ့ ဘန်ပါ Crop လို့ခေါ်တဲ့ အင်မတန်မှ တမူ ထူးကဲပြီးတော့ထွက်လာတဲ့ ဒီထုတ်လုပ်မှုဟာထူးကဲလွန်းတဲ့ အတွက်ကြောင့် သူတို့အစိုးရကိုယ်တိုင်က ကျွန်တော်တို့ဆီကမဝယ်အောင်ဆိုပြီးတော့ ၂၀၁၇-ခုနှစ်၊ ဩဂုတ်လမှာ ကုန်သွယ်မှုကို Quota နဲ့

ကန့်သတ်တဲ့ စနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်၊ အဲဒီကန့်သတ်လိုက်တဲ့ အချိန်ကစပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ပေါက်နေတဲ့ဈေးနဲ့ အိန္ဒိယကဂယ်တဲ့ဈေး ခရမ်းရောင်ပြတဲ့ဈေးက တော်တော်လေးကို တက်လာပြီးတော့ ကျွန်တော်တို့ အနီရောင် ပြထားတဲ့ဈေးကတော့ ကျသွားတာတွေ့ရပါတယ်၊ အဲဒီတော့ ဒီဈေးနှစ်ခုကွာဟသွားတဲ့အနေအထားမှာ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ကုန်သည်တွေကော တောင်သူတွေကော ဈေးကစားမှုဒဏ်ကို အလူးအလဲ ခံနေရတဲ့ ကာလလည်းဖြစ်ပါတယ်၊ ဆိုလိုတာက အိန္ဒိယက Quota စနစ်တွင်မကဘဲနဲ့ သွင်းကုန်လိုင်စင်ကိုပါ ထပ်ပြီးတော့ သတ်မှတ်လိုက်တဲ့ အခါမှကျွန်တော်တို့အတွက် ပိုပြီးတော့ အကျပ်အတည်းတွေဖြစ်ပြီးတော့ ဒီသွင်းကုန်လိုင်စင်ကော Quota ကောရှိနေစဉ်ကာလ အတွင်းမှာပဲ အမြန်ရောင်းရမယ်ဆိုပြီး ရောင်းလိုက်တဲ့အခါမှာ ဈေးတွေက သူ့ထက်ငါ ကျဆင်းပြီးတော့ ကျွန်တော်တို့အားလုံး ဒုက္ခရောက်နေရတဲ့ အနေအထားဖြစ်ပါတယ်၊ ဒီကိစ္စကလည်း ခုနက ပြည်ထောင်စုဝန်ကြီးတင်ပြသွားသလိုပဲ ကျွန်တော်တို့ရဲ့ ဒီအိန္ဒိယနိုင်ငံရဲ့ ဆောင်ရွက်ချက်ဟာ ကျွန်တော်တို့နိုင်ငံ တစ်ခုတည်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ ပဲတင်ပို့နေတဲ့ နိုင်ငံတော်တော်များများကို ထိခိုက်တာဖြစ်တဲ့အတွက်ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ချုပ်မှာလည်း ဒါဟာကန့်ကွက်မှုတွေနဲ့အဆိုတင်သွင်းမှုတွေ ဖြစ်ခဲ့တာရှိပါတယ်၊ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံအတွက်က အိန္ဒိယဟာ အင်မတန်မှကြီးမားတဲ့ အရေးကြီးတဲ့ အိမ်နီးချင်းနိုင်ငံတစ်ခု ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဟာ ကုန်သွယ်ရေးပဋိပက္ခ ဖြစ်တာထက်စာရင် ကုန်သွယ်ရေးအရ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ကိစ္စ ကနေ့ခေတ်မှာလည်း ကုန်သွယ်ရေးစစ်ပွဲတွေဖြစ်လာတဲ့အတွက် ကြောင့်မို့လို့ ကုန်သွယ်ရေးပိုင်းမှာလည်းအစိုးရက ပိုမိုပါဝင်ပြီးတော့ဆောင်ရွက်ပေးရမယ်ဆိုတဲ့ အပိုင်းကလည်း နိုင်ငံတိုင်းမှာ အစိုးရတော်တော်များများ ကုန်သွယ်ရေးကိုအစိုးရက ပိုမိုပါဝင်ဆောင်ရွက်လာတာကို တွေ့ရှိနိုင်ပါတယ် အခု ကျွန်တော်တို့ အိန္ဒိယနိုင်ငံနဲ့ကုန်သွယ်ရေး၊ နယ်စပ်ကနေပို့နေတဲ့ နယ်စပ်ကုန်သွယ်ရေး၊ အခုကျွန်တော်တို့ အိန္ဒိယ နိုင်ငံကရတဲ့ကိစ္စကတော့ ဒေါ်လာတွေတရားဝင်ငွေရရှိပါတယ်။ တရုတ်နိုင်ငံနယ်စပ်နဲ့ ပို့ရင်တော့ တစ်ခါတစ်လေတော့လည်း ကျွန်တော်တို့ ဒေါ်လာပြန်ရတာရှိတယ်၊ တစ်ခါတစ်လေလည်း ယွမ်နဲ့ပဲတစ်ချို့ မူဆယ်နဲ့ တစ်ခြား တရုတ်နိုင်ငံ နယ်စပ်ဘက်မှာဘဏ်အကောင့်တွေဖွင့်ပြီးတော့ သိမ်းထားတယ်ဆိုတဲ့ကိစ္စလေးတွေ ရှိပါတယ်၊ ကနေ့ ကျွန်တော်တို့ကြုံနေရတဲ့ နိုင်ငံခြားငွေလဲနှုန်းအခက်အခဲတွေနဲ့ ကြည့်မယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံနဲ့ ကုန်သွယ်တဲ့ ပုံမှန်ကုန်သွယ်ရေးဟာ ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးတဲ့ကုန်သွယ်ရေးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကုန်သွယ်ရေးကို ကုန်သွယ်ရေးသက်သက် မစဉ်းစားဘဲနဲ့ နိုင်ငံခြားငွေလဲနှုန်းတွေ တည်ငြိမ်နိုင်ရေးပြီးရင်တော့ ပုံမှန်ကုန်သွယ်ရေးဟာ ရေရှည်အနာဂတ်မှာ ဆောင်ရွက်သင့်ပြီးတော့ ပိုမိုကောင်းမွန်အောင်

တိုးချဲ့ပြီးတော့ ဆောင်ရွက်သင့်တဲ့ စနစ်လည်းဖြစ်တဲ့ အတွက်ကြောင့်ဒီဟာကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရဘက်ကလည်း တတ်နိုင်တဲ့ဘက်က ကျားကန်ပေးဖို့ဆိုတာကိုလည်း ကျွန်တော်တို့အကြံပြုလိုပါတယ်၊ အိန္ဒိယနိုင်ငံရဲ့ကုန်သွယ်ရေး ကန့်သတ်တွေဟာ ရေတိုဖြစ်နိုင်တယ်လို့လည်း အိန္ဒိယအစိုးရက မကြာခဏပြောပါတယ်၊ သို့သော်လည်းပဲ ဈေးကွက်ရဲ့အလားအလာတွေ ခန့်မှန်းဖို့ကတော့ အင်မတန်မှခဲယဉ်းနေပါသေးတယ်၊ သို့သော် ကျွန်တော်တို့နိုင်ငံရဲ့ အိန္ဒိယနိုင်ငံကို ပြန်ပြီးတော့ ပဲမျိုးစုံတင်ပို့နိုင်ဖို့ဆိုတဲ့ ကိစ္စကအိန္ဒိယ နိုင်ငံမှာအခုရာသီဥတု ဘယ်လိုဖြစ်မလဲ၊ ဒီနှစ်မှာတော့ မိုးသိပ်ပြီး တော့ မကောင်းဘူးရေကြီးနေတယ်ဆိုတဲ့ကိစ္စတွေလည်းကြားတယ်၊ သို့သော် ဒါတွေက တိတိကျကျတွက်ချက်ဖို့ ခဲယဉ်းပါတယ်၊ ပြီးရင်လည်း အိန္ဒိယနိုင်ငံရဲ့မူဂါဒ အပြောင်းအလဲတွေလည်း တော်တော်ရှိပါတယ်၊ အခု Quota စနစ်ကိုလုပ်လိုက်ပြီးတော့ ကုန်သွယ်မှုလိုင်စင်ပေးတဲ့ အတွက်ကြောင့်မို့လို့ သူ့ရဲ့ကုန်သည်တွေ ကတော့ အကျိုးရှိသွား ပေမယ့်လို့ အိန္ဒိယတောင်သူတွေကတော့ အခက်အခဲဖြစ်နေတယ်ဆိုတာ တွေ့ရတဲ့အခါ အိန္ဒိယအစိုးရက Quota စနစ်အစားတောင်သူကိုတိုက်ရိုက် ဈေးငွေထုတ်ပေးတဲ့စနစ်နဲ့ ကျင့်သုံးမယ်ဆိုပြီးတော့လဲ စဉ်းစားနေတာရှိတယ်ခင်ဗျ၊ ပညာရှင်အချင်းချင်းလည်း တိုက်တွန်းနေတာရှိပါတယ်၊ ဒီလိုသာစဉ်းစားခဲ့ရင် ကျွန်တော်တို့အတွက် ကုန်သွယ်ရေး အခွင့်အလမ်းတွေဟာ ပြန်ပြီးတော့ ပွင့်လင်းလာတာဖြစ်နိုင်ပါတယ်၊ သို့သော်လည်းဒီကိစ္စ ဟာအိန္ဒိယနိုင်ငံဟာလည်း ရွေးကောက်ပွဲကာလ နီးလာပြီဆိုတဲ့အတွက်ကြောင့် ဒါတွေဖြစ်မလား မဖြစ်ဘူးလား ဆိုတာကျွန်တော်တို့အတွက် အင်မတန်ခန့်မှန်းရ ခက်နေပါတယ်၊ သို့သော်လည်းပဲ ရေရှည်မှာအိန္ဒိရဲ့ ဝယ်ယူသုံးစွဲမှု အတွက်အိန္ဒိယနိုင်ငံမှာ ပဲမျိုးစုံ ထုတ်လုပ်မှုကတော့ တန့်နေတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အတွက်က ရေရှည်မှာပဲကဏ္ဍဟာ အလားအလာရှိတဲ့ အခွင့်အလမ်းကောင်းတစ်ခုဆိုတဲ့ ဖြစ်နိုင်ချေကတော့ များနေပါသေးတယ်၊ အဲဒီတော့အစားထိုး သီးနှံဒီနေ့ စိုက်ပျိုးထုတ်လုပ်ကြမယ် ဆိုတဲ့ကိစ္စဟာလည်း စိုက်ပျိုးရန်လွယ်ကူပေမယ့်လည်း ဈေးကွက်တွေရရှိရန်ဆိုတဲ့ကိစ္စတွေ အခြားစဉ်းစားရမယ့်ကိစ္စတွေ ရှိတဲ့အတွက်ကြောင့် ဒါဟာလည်း ကျွန်တော်တို့အစိုးရက လမ်းညွှန်တာထက် ခုလိုတောင်သူအချင်းချင်း၊ ကုန်သည်အချင်းချင်း ဝိုင်းဖွဲ့ပြီးစဉ်စားပြီးတော့ အချင်းချင်းကြားမှာ အဖြေရှာတဲ့နည်းသာလျှင် ကျွန်တော်တို့ ကနေ့ပြဿနာအတွက် ပိုပြီးတော့သင့်တော်မယ့်အဖြေကောင်းတွေရနိုင်မယ်လို့ ကျွန်တော်အကြံပြုလိုပါတယ်၊ ဒါကြောင့် ကျွန်တော်တို့တောင်သူများအတွက်ကုန်သွယ်ရေး ပံ့ပိုးမှုဆိုင်ရာ စဉ်းစားချက်တွေကိုတော့ ရေတိုစီမံချက်အနေနဲ့ အစိုးရဘက်ကစဉ်းစားပေးနိုင်အောင် ကျွန်တော့အနေနဲ့ ထပ်မံတင်ပြလိုပါတယ်၊ အဓိကအနေနဲ့ လက်ရှိဖြစ်နေတဲ့ကိစ္စကတော့ဒါ ခုနကပဲ ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ဆည်မြောင်းဝန်ကြီးက ပြောသွားတဲ့

တန်ဖိုးကွင်းဆက်ကြောင်းတွေရဲ့ ကြံ့ခိုင်ရေးရှိမှုဟာ ကနေ့အချိန်မှာ အင်မတန်မှအရေးကြီးလာပြီလို့ တင်ပြလိုပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ အခုအရေးကြီးတဲ့ အမျိုးသားပုဂ္ဂိုလ် မဟာဗျူဟာမှာပါနေတဲ့ အရေးအကြီးဆုံး Value Chain သုံးခုလောက်ကိုပြောမယ်ဆိုရင်တော့ ဒါ ပဲရယ်၊ ဆန်ရယ်၊ ငါးရယ်ဆိုပြီးတော့ ကျွန်တော်ရွေးထုတ်ပြီးတော့ တင်ပြလိုပါတယ်။ အဲဒီတော့ဒီ Value Chain တိုင်းမှာ တောင်သူတွေပါမယ်၊ ကုန်သည်တွေပါမယ်၊ ပြီးရင် ကုန်စည်ဒိုင်တွေနဲ့ လုပ်ငန်းရှင်တွေပါမယ်၊ ပြီးရင်တော့ တင်ပို့ရောင်းချတဲ့သူတွေပါမယ်၊ ပဲမှာဆိုရင်တော့ အတော် လေးကို Value Chain တစ်ခုလုံးမှာပါနေတဲ့ သက်ဆိုင်သူတွေ အားလုံးအတွက် အင်မတန်အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်၊ တောင်သူတွေဟာ ဈေးပျက်တယ်၊ ကုန်စည်ဒိုင်တွေဟာဆိုရင် ကုန်စည်လှောင်မရတော့ဘူး၊ ပိုလျှံနေတဲ့ အနေအထားတွေဖြစ်လာတယ်၊ လုပ်ငန်းရှင်တွေကလည်း စက်တွေရပ်ပြီးတော့ တင်ပို့သူတွေမလည်တဲ့ ပြဿနာတွေမျိုးစုံ ကြုံတွေ့နေရပါတယ်၊ ဆန်မှာကတော့ အလားအလာကောင်း တွေရှိပြီးတော့ ဂင်ငွေတွေရနေ ပေမယ့် လည်း နယ်စပ်ကုန်သွယ်ရေးဖြစ်တဲ့အတွက်ကြောင့် ဒါအတွက်ကိုလည်း စိုးရိမ်စိတ်နဲ့ဆောင်ရွက်နေရတဲ့ အနေ အထားလေးတွေ ရှိနေသေးပါတယ်၊ ငါးကိစ္စကတော့ ငါးစာအင်မတန်ဈေးကြီးတဲ့ အတွက် ကြောင့်မို့လို့ ကနေ့မှာ ပြည်တွင်းစားသုံးမှုလောက် အတွက်ကိုပဲ ထုတ်နိုင်ပြီးတော့ ကျွန်တော်တို့ အဓိက တင်ပို့နေတဲ့ ဆော်ဒီအာရေးဗီးယားနဲ့လည်း ပြဿနာအခက်အခဲတွေ ရှိနေတဲ့အတွက်ကြောင့်မို့လို့ ငါးပြည်ပ တင်ပို့ရောင်းချနိုင်မှုကလည်း အကန့်အသတ်တွေနဲ့ ဖြစ်လာတာကို တွေ့ရပါတယ်၊ သို့သော်လည်းပဲ ကျွန်တော်တို့ ကနေ့ဖြစ်ရှိနေတဲ့ Value Chain သုံးခု ကြားမှာ အချင်းချင်းအပြန်အလှန် အကျိုးပြုနိုင်မယ့် နည်းလမ်းတွေရှာဖို့ဆိုတဲ့ ကိစ္စကလည်း အင်မတန်အရေးကြီးတာ ဆိုလိုတာကကျွန်တော်တို့ပြည်ပ ကုန်သွယ်ရေးအကန့်အသတ်တွေရှိနေရင် ပြည်တွင်းမှာကော သုံးစွဲမှုတွေ တက်လာအောင် ပြည်တွင်းမှာ စားသုံးမှုတွေ တက်လာအောင် ပြည်တွင်းမှာကိုယ့် Value Chain တစ်ခုနဲ့တစ်ခုကြားမှာ အချင်းချင်း ဆက်စပ်ပြီးတော့ ဆောင်ရွက်နိုင်တဲ့ကိစ္စတွေကလည်း အရေးပါလာမယ်လို့ ကျွန်တော့အနေနဲ့တင်ပြ လိုပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကနေ့တောင်သူတွေအများဆုံး ပါဂင်ဆွေးနွေးကြမယ့်ပွဲမှာလည်း တောင်သူတွေဟာ အရေအတွက်ထက်စာရင် အရည်အသွေးကို ဦးစားပေးစဉ်းစားလာတဲ့အခါမှာ နိုင်ငံတော်အစိုးရကလည်း အရည်အသွေးမြှင့်တင်ရေးအတွက်ကို ဘယ်လိုပံ့ပိုးပေးမလဲ ဈေးကျရင်ဈေးကို ကျားကန်ပေးတာထက် နောင်တစ်ချိန် မှာဖြစ်မယ့် ဈေးကွက်ကိုပိုမိုဆောင်ရွက်နိုင်အောင် အားပေးတဲ့ပုံစံမျိုး ပြီးရင်တော့ ကုန်သည်နဲ့ တောင်သူတွေအခုလို အခန်းထဲမှာစုံစုံညီညီနဲ့ အရေးကြီးရင်သွေးနီးကြတယ်ဆိုတဲ့ အတိုင်းပဲပိုင်းဂန်း ဆောင်ရွက်တဲ့အချိန်မှာလည်း ကျွန်တော်တို့လက်ရှိ အခုအချိန်အထိပေါ့နော်၊


အောင်အောင်မြင်မြင် အဆောင်ရွက်နိုင်သေးတဲ့အကျိုးတူ လယ်ယာတွေဖော်ထုတ်ဖို့ ကျွန်တော်တို့ထဲမှာလည်း လုပ်ငန်းရှင်တစ်ချို့က စွန့်ဦးတီထွင် ဆောင်ရွက်ဖို့လည်းရှိတယ်၊ တောင်သူတွေအနေနဲ့လည်း အခုအချိန်ဟာ လုပ်ငန်းရှင်တွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့က အင်မတန်မှ အခွင့်သာတဲ့အနေအထားမျိုး ဖြစ်နေတယ် ဒါအတွက်ကိုလည်း နိုင်ငံတော်အစိုးရက ပိုမိုအားပေး ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေလည်း ရှိလာပြီလို့ကျွန်တော်တို့ သိရှိရပါတယ်၊ နောက်တစ်ခုကတော့ ကျွန်တော်တို့ စီးပွားကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက အမြဲတမ်းအစဉ်တစိုက် ကြိုးစားပေးမယ့်လည်း အခုထက်ထိအခက်အခဲဖြစ်နေသေးတဲ့ ကိစ္စက Trade Financing ပေါ့နော်၊ ကုန်သွယ်မှုအတွက်မတည်ငွေ ဘယ်လိုထူထောင်မလဲဆိုတဲ့ ကိစ္စကလည်း ကျွန်တော်တို့နိုင်ငံလို နိုင်ငံကသေးပြီးတော့ ကုန်ပစ္စည်းကိုများများထုတ်နိုင်ပြီးတော့ ဈေးကွက်ကြီးတွေနဲ့ ခြံရံထားတဲ့ နိုင်ငံတစ်ခုအတွက်က ကုန်သွယ်မှုအတွက်ရင်းနှီး မြှုပ်နှံမှု မတည်ငွေထူထောင်နိုင်ရေး Trade Financing အတွက်ကို ဦးစားပေးဆောင်ရွက်နိုင်ရေးဟာ အင်မတန်အရေးကြီးနေတဲ့ ကာလလည်းဖြစ်ပါတယ်၊ ဒါအတွက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက စီစဉ်ဆောင်ရွက်နေတဲ့အခါမှာ ကုန်သည်တွေနဲ့ တင်ပို့ရောင်းချသူတွေက လိုအပ်နေတဲ့အခက် အခဲတွေကိုလည်း တင်ပြနိုင်မယ်ဆိုရင်တော့ ကနေ့အမျိုးသားပို့ကုန်မဟာဗျူဟာ ချမှတ်ထားတဲ့လမ်းကြောင်းတွေကို ပြန်ပြီးတော့ တည့်မတ်ဆောင်ရွက်နိုင်မယ် အခုလောလောဆယ် ကြုံတွေ့နေရတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားငွေ လဲနှုန်းမတည်ငြိမ်မှုကိစ္စမှာ အရေးပါတဲ့ ဝင်ငွေရရှိရေးမှာလည်း ဒီမဟာဗျူဟာမှတစ်ဆင့် ဆောင်ရွက်သွားနိုင်ဖို့ဖြစ်ပါတယ်၊ သို့သော်လည်းပဲ ကျွန်တော်တို့ နိုင်ငံမှာလတ်တလောမှာကတော့ တစ်ခြားမူဝါဒတွေလည်းရှိနေပါသေးတယ်၊ ဥပမာအားဖြင့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်နေတဲ့ ကျွန်တော်တို့ကိုမှာကြားထားတဲ့ အဟာရ ဖြည့်တင်းရေးဆိုင်ရာကိစ္စတွေ ခုနကပြည်ထောင်စုဝန်ကြီးပြောသွားသလိုပဲ Value Chain တွေဟာပြည်ပကိုထွက်မရ ဘူးဆိုရင် ပြည်တွင်းမှာအဟာရ ဖြည့်တင်းရေး အစီအစဉ်တွေမှာ ဘယ်လိုစနစ်တကျ အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်မလဲဆိုတဲ့ ကိစ္စတွေပြီးရင် SME လိုဟာမျိုးတွေ အားပေးမယ်၊ SME ဆိုတာကတော့ တစ်ဦးတစ်ယောက်ကောင်း စွန့်ဦးတီထွင်လုပ်တဲ့သူတွေကို အားပေးရတဲ့ကဏ္ဍ သို့သော်လည်းပဲ အခုလို Value Chain တစ်ခုလုံးရင်ဆိုင်နေရတဲ့ အခက်အခဲတွေမှာဆိုရင်တော့ SME တစ်ခုချင်းစီထက်စာရင် Value Chain တစ်ခုလုံးကို ဘယ်လိုပံ့ပိုးမလဲဆိုတဲ့ကိစ္စတွေ ဒီလိုမူဝါဒကြားမှာလဲ ပေါင်းစပ်ညှိနှိုင်းရေးဟာ ပိုမိုပြီးတော့ အရေးပါလာမယ့် အနေအထားရှိနိုင်တယ်ဆိုတဲ့ဟာကို ကျွန်တော့အနေနဲ့ တင်ပြလိုပါတယ်၊ အဲဒီတော့ကျွန်တော် ရေတိုကိစ္စတွေ ပြီးရင်တော့ အခက်အခဲကြားက အကျပ်အတည်းကြားကနေပြီးတော့ ရေရှည်အခွင့်အလမ်းတွေကို ဘယ်လို ဆောင်ရွက်မလဲဆိုတဲ့ ကိစ္စဟာ

ကျွန်တော့အနေနဲ့ဒါ သုတေသနတွေရှိချက်တွေကို အကြံပြုတင်ပြလိုပါတယ်၊ အဓိက ကတော့ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ထုတ်လုပ်တဲ့နိုင်ငံ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခုလိုနိုင်ငံတကာက ကုန်သွယ်ရေးတွေခဏတန့်သွားတဲ့အချိန် ဈေးကွက်တွေမှာခဏ ရပ်နေတဲ့အချိန်မှာ ကိုယ့်ရှိတဲ့ ကုန်ပစ္စည်းကို စနစ်တကျနဲ့ ခေတ်မီစွာသိုလှောင်နိုင်ဖို့ ဒီသိုလှောင်ရေးဟာလည်း ဈေးကစားနိုင်တဲ့ သိုလှောင်ရေးမဟုတ်ဘဲနဲ့ တကယ့်တောင်သူကိုကော ကုန်သည်ကိုကောအကျိုးပြုနိုင်တဲ့ သိုလှောင်ရုံစနစ်ဖြစ်ဖို့ ဒါကိုလည်းအာမခံစနစ်နဲ့ ကောင်းကောင်းဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ကိစ္စဟာ နိုင်ငံတကာစိုက်ပျိုးရေး ခေတ်မီစိုက်ပျိုးရေးနိုင်ငံများမှာ Warehouse recive ဆိုတဲ့ကိစ္စဟာရှိလာပြီ သို့သော်ကျွန်တော်တို့နိုင်ငံမှာ ကနေ့အထိမဆောင်ရွက်နိုင်သေးတဲ့ အနေအထားမှာ ကျွန်တော့အနေနဲ့ဒီဟာကို သုတေသနတွေ့ရှိချက်အရ ကျွန်တော်ကနေ့လို အနေအထားမျိုးဟာ ဒီကိစ္စကိုစတင် အစပျိုးဆောင်ရွက်ဖို့ အင်မတန်မှကောင်းမွန်နေတဲ့ အခွင့်အလမ်းရှိနေတယ် တောင်သူကော ကုန်သည်ကော နှစ်ဦးနှစ်ဖက်အာမခံချက်ရှိမယ့် ရေရှည်စီမံခန့်ခွဲမှုလည်းဖြစ်နိုင်မယ် ပြီးရင်ကျွန်တော်တို့ အခုဈေးကွက်ထဲမှာ ငွေကြေးမလည်ပတ်နိုင်တဲ့ကိစ္စတွေဟာလည်း ကျွန်တော်တို့ အရင်းအနှီးလည်ပတ်နိုင်စေမယ့် ကိစ္စတွေဖြစ်လာသလို ဒီ System တစ်ခုကနေ ကျွန်တော်တို့စီးပွားရေး ပညာရှင်တွေအရဆိုရင်တော့ စီးပွားရေး Tool တွေပေါ့နော် စီးပွားရေး မူဝါဒတွေကို ကိုင်တွယ်ဆောင်ရွက်နိုင်မယ့် ကိရိယာကောင်းတွေကို ဒီကနေဖော်ထုတ်နိုင်မယ်ဆိုရင် ခုလတ်တလော ဖြေရှင်းနေရတဲ့ ပြဿနာတော်တော်များများကိုလည်း အောင်မြင်စွာကျော်လွှားနိုင်မယ့် အနေအထားရှိပါတယ်၊ ဒါဟာအစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးအတွက် အင်မတန်မှအရေးကြီးတဲ့ အစီအစဉ်ဖြစ်တဲ့အတွက်ကြောင့် ဒါကိုရေရှည်အတွက်စဉ်းစားနိုင်အောင် ကျွန်တော်တင်ပြလိုပါတယ်၊ ဒုတိယကျွန်တော်တင်ပြချင်တဲ့ကိစ္စကတော့ ကျွန်တော်တို့လက်ရှိအခက်အခဲကလည်း ငွေရေးကြေးရေးအခက်အခဲလည်းဆိုင်ပါတယ်၊ ခုကျွန်တော်တို့ ကုန်သည်တွေ ကုန်ပစ္စည်းတွေကို ရောင်းချတယ်ဆိုတဲ့ ကိစ္စကလည်း နောင်ရာသီမှာ တောင်သူတွေလာပြီးတော့ ရောင်းကြတော့မယ်ဆိုရင် သူ့ကိုငွေလှည့်ပေးနိုင်ဖို့ဆိုတဲ့ ကိစ္စကလည်း ကုန်သည်တွေအတွက် အင်မတန်ခေါင်းကိုက်နေရတဲ့ အခက်အခဲဖြစ်တယ်၊ ဒီအတွက်ကိုတော့ ကျွန်တော်တို့ဟာ တန်ဖိုးကွင်းဆက်ကြောင်းတစ်လျှောက်လုံးမှာ တောင်သူကော၊ လုပ်ငန်းရှင်ကော ပိုင်းကြီးချုပ်စနစ်နဲ့ အာမခံကြေးပေးတဲ့ကိစ္စပေါ့ ဆိုလိုတာက Value Chain Financing လို့ခေါ်ပါတယ်၊ ဒီကိစ္စဟာ ကျွန်တော်တို့နိုင်ငံမှာ ဂျပန်နိုင်ငံတို့လို တစ်ခြားချေးငွေအစီအစဉ်တွေဟာ ယခင်တုန်းကဆိုရင်တော့ စီမံကိန်းတစ်ခုချင်းစီအလိုက် ချေးပေးတဲ့ အနေအထားတွေဟာ စီမံကိန်းအလိုက် အန္တရာယ်ရှိမှုတွေ အများကြီးရှိပါတယ်၊ အန္တရာယ်ရှိမှုတွေကို စီမံခန့်ခွဲတဲ့အနေနဲ့ ပိုင်းကြီးချုပ်အနေနဲ့ အသေးစား ငွေစုငွေချေး

လုပ်ငန်းတွေမှာ ဆောင်ရွက်တဲ့နည်းစနစ်ကို အကြီးစားပေါ့ ကျွန်တော်တို့စဉ်းစားနိုင်အောင် အခု နိုင်ငံတကာအဖွဲ့အစည်း တော်တော်များများကလည်း ဒီကိစ္စကို ဆောင်ရွက်လာတာ ရှိပါတယ်၊ ဒါဟာ Value Chain တစ်ခုလုံးမှာ တောင်သူကိုလည်း စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမယ် ကုန်သည်ကိုလည်း ကုန်ပစ္စည်းလည်ပတ် နိုင်အောင် ကျွန်တော်တို့ Trade Financing လိုလုပ်မယ်၊ ပြီးရင်ကျွန်တော်တို့ Processes တွေ ဒါကိုထုတ်လုပ်တဲ့ သူတွေကိုလည်း အဆင့်မြင့်အရည်အသွေးမြင့်မှီတဲ့ ကုန်ပစ္စည်းကို ထုတ်လုပ်နိုင်အောင် SME တွေချေးမယ် ဒါပေမဲ့ ဒီချေးငွေတွေအားလုံးကို ဝိုင်းကြီးချုပ်စနစ်နဲ့ Value Chain တစ်ခုလုံးမှာ ကျွန်တော်တို့ ပဲနှမ်းအသင်းလို အသင်းချုပ်တွေလည်း ရှိလာပြီဆိုတဲ့အခါမှာ ဒီအသင်းချုပ်တွေရဲ့ ဦးဆောင်မှုနဲ့ ဖော်ထုတ်နိုင်မယ်ဆိုရင် ဒီအစီအစဉ်မျိုးဟာလည်း အခုလိုငွေချေးရမလား ဘယ်လိုအာမခံချက်ရှိတဲ့ ကောင်းမွန်တဲ့ငွေချေးတဲ့စနစ်ကို ဖော်ထုတ်မလဲဆိုတာမျိုးတွေဟာ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက် တကယ်ကို အင်မတန်မှ သင့်တော်နိုင်မယ့် စနစ်မျိုးဖြစ်ပါတယ်၊ ဒါကိုလည်း သက်ဆိုင်ရာ အထူးသဖြင့် စီမံကိန်းဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ရှိသူများကိုလည်း ဆက်လက် တင်ပြသွားဖို့ ကျွန်တော်တို့စီစဉ်ရေးဆွဲသွားဖို့ စီစဉ်ထားပါတယ်ခင်ဗျ၊ နောက်ဆုံးကျွန်တော်တင်ပြလိုတဲ့ ကိစ္စကတော့ ကျွန်တော်တို့အခုလောလောဆယ် သတင်းအချက်အလက်တွေနဲ့ နည်းပညာကိုဘယ်လို ဖြန့်ဖြူးဆောင်ရွက်မလဲ ဆိုတဲ့ကိစ္စ ဒါကိုလည်း ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့အင်မတန်မှ နေရာအနှံ့မှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ စိုက်ပျိုးရေး ပြဿနာတွေ အရေးပေါ်ကြုံတွေ့နေရတဲ့ အခြေအနေကို ဘယ်လိုကာကွယ် မလဲဆိုတဲ့ကိစ္စကို တကယ့်ရှိတဲ့ဝန်ထမ်းနဲ့ အားကြိုးမာန်တက်ဆောင်ရွက်နေတာတွေရှိတယ်၊ ကျွန်တော်တို့ စီးပွားကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ဈေးတွေနဲ့ပတ်သက်ပြီးတော့ သတင်းအချက်အလက်တွေကို ထုတ်ပြန် နေတာရှိတယ်၊ သို့သော်လည်းပဲ ကနေ့ခေတ်က တောင်သူတွေကိုယ်တိုင် အကုန်လုံးစမတ်ဖုန်းတွေ သုံးပြီးတော့ Fackbook တောင် တွင်တွင်ကျယ်ကျယ်သုံးလာတဲ့ခေတ်မှာ ကျွန်တော်တို့ရဲ့စိုက်ပျိုးရေးဟာလည်း Digital Agriculture တစ်ခုအဆင့်ကို ရောက်အောင်ဖန်တီးဖို့က အင်မတန်မှအရေးကြီးလာပြီလို့ထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ အခုလိုမျိုးအရေးပေါ် ဖြစ်ကြပြီဟေ့ဆိုရင် ဖြစ်ပေါ်ပြောင်းလဲမှုတွေက အင်မတန်လျင်မြန်တဲ့အခါမှာ ဒီဟာကို အမီလိုက်နိုင်တဲ့ကိစ္စကတော့ လူနဲ့လိုက်နိုင်ဖို့ မလွယ်ပါဘူး၊ ဝန်ထမ်းတွေနဲ့ နေရာအနှံ့သွားဖို့ဆိုတာ မလွယ်ပါဘူး၊ ဒီနေရာမှာတော့ ကျွန်တော်တို့ဟာ နည်းပညာကို ခုန်ပျံကျော်လွှားပြီးတော့ ကောင်းမွန်တဲ့သတင်းအချက်အလက် ပညာပေးတဲ့စနစ် ဝန်ဆောင်မှုကို မိုဘိုင်းဖုန်းတွေနဲ့ ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ဒါဟာအင်မတန်မှ ကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ရပ် ဖြစ်လာပါမယ် ဒါကိုလည်းစိုက်ပျိုးရေး ဦးစီး

ဌာနက ကျွန်တော်တို့နဲ့အတူ သုတေသနပူးပေါင်း ဆောင်ရွက်ပြီးတော့ မကြာခင်တင်ပြ နိုင်မယ်ဆိုတဲ့ ကိစ္စကိုလည်း နောက်ဆုံးတင်ပြလိုပါတယ်၊ ကျွန်တော့အနေနဲ့ အခုလိုသုတေသနတွေ့ရှိချက်များကို တင်ပြခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အခုကျွန်တော်တို့ရဲ့ နိုင်ငံတော်ဒုတိယသမ္မတကြီး နောက်ဆုံးမှာကြားသွားတဲ့ ပဲမျိုးစုံ Master Plan တစ်ခုဖြစ်လာရေး ကိစ္စတစ်ခုအတွက်ကိုလည်း ကျွန်တော်တို့ သုတေသီတွေအနေနဲ့ အခုရှိနေတဲ့ တောင်သူတွေကော ကုန်သည် တွေကောဆီပါ တိုက်ရိုက်ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းပြီးတော့ ဂန်ကြီးဌာနတွေကိုလည်း အကြံပြုတင်ပြသွားဖို့ စီစဉ်ဆောင်ရွက်သွားမယ် ဆိုတဲ့အကြောင်းပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်၊ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျ။

❑ ❑ ❑



# အနစ်ချုပ်

- မြန်မာ့ ပဲကဏ္ဍ - ကုန်သွယ်မှု အလားအလာ
- ကမ္ဘာ့ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေး နှင့် ယနေ့စီးပွားရေး
- တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် တန်ဖိုးမြှင့် ကွင်းဆက်ကြောင်း တိုးတက်ရေး
- ယနေ့စိန်ခေါ်မှုများအတွက် အဖြေရှာခြင်း နှင့် အကြပ်အတည်းကြားမှ အခွင့်အလမ်းများ





၁၈-၈-၁၈ ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန်

# ပဲကဏ္ဍ၊ ကုန်သွယ်ရေးမျှခြေ နှင့် ရှေ့အလားအလာ

- မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် မတ်ပဲ နှင့် ပဲစင်းငုံ ပို့ကုန်သည် ယင်းပဲများ ပြည်ပသို့ စုစုပေါင်း ပို့ကုန်၏ အများစုဖြစ် - တဦးတည်း ဝယ်လက် - အခြားနိုင်ငံများသို့ တင်ပို့ရန် အရေးအတွက်ထက် အရည်အသွေးမြှင့်ရန်လို
- အိန္ဒိယကလည်း ယင်းပဲနှစ်မျိုးကို မြန်မာနိုင်ငံမှသာ အများဆုံးဝယ်ယူ (မတ်ပဲ - ၇၀%) အာဖရိကတွင် ပဲစင်းငုံစိုက်
- သို့ရာတွင် အိန္ဒိယသည်လည်း ယင်းပဲနှစ်မျိုးစလုံးကို ထုတ်လုပ်ပြီး လိုသည့်အချိန်တွင် အရေးပေါ်ဝယ်လို (G2G)

**စိုက်ပျိုးသည့် ဧရိယာ (၂၀၁၅) စိုက်ပျိုးရေးပို့ကုန် တန်ဖိုး**




**မြန်မာမှ အိန္ဒိယသို့ ပို့ကုန်**

| ပဲစင်းငုံ | မတ်ပဲ |
|---|---|
| ၉၂% | ၈၀% |

**အိန္ဒိယ၏ မြန်မာမှ သွင်းကုန်**

| ပဲစင်းငုံ | မတ်ပဲ |
|---|---|
| ၄၉% | ၇၀% |

၁၈-၈-၁၈ ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန် ၃

## ကုန်သွယ်ရေး ချုပ်ကိုင်မှုများ နှင့် ဈေးကစားမှုဂယက်




၁၈-၈-၁၈ ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန် ၄


## အိန္ဒိယကုန်သွယ်ရေး - နယ်စပ်ကုန်သွယ်ရေး - $ vs ¥





**အိန္ဒိယနှင့် ပုံမှန်ကုန်သွယ်ရေး မှ ဝင်ငွေ သည် တရားဝင် နိုင်ငံခြားအရံငွေ ရရှိရေး အတွက် အရေးပါ - သို့ဖြစ်၍ ပဲမျိုးစုံ ကုန်သွယ်မှု အား အစိုးရမှ ကြားကန်ပေးသင့်**

- ✓ အိန္ဒိယ ၏ ကုန်သွယ်ရေးကန့်သတ်မှုများသည် ရေတိုသာဖြစ်နိုင်သော်ငြား ဈေးကွက်ခန့်မှန်းရန် ခက်ခဲ (ရာသီဥတု၊ မူဝါဒ၊ နိုင်ငံတကာကုန်သွယ်မှု ပဋိပက္ခ၊ ဈေးနှုန်း၊ ရွေးကောက်ပွဲ)
- ✓ ရေရှည် အိန္ဒိယ ပဲစားသုံးမှု အတွက် ဝယ်လိုအား ဆက်လက်မြင့်နေ၊ ထုတ်လုပ်အား တန့်နေ - မြန်မာနိုင်ငံအတွက် ရေရှည် အခွင့်အလမ်းကောင်းတခု ဖြစ်နိုင်ချေများ
- ✓ အစားထိုးသီးနှံ ရွေးချယ် စိုက်ပျိုးရန် လွယ်ကူနိုင်သော်လည်း ဈေးကွက်အသစ် ရရှိရေး မလွယ်ကူသကဲ့သို့ ရှိပြီးသား ဈေးကွက်များရရှိပြီးသူ ဆက်စပ်သူများနှင့် ချိန်ညှိရန်လို - တောင်သူအချင်းချင်း ဆွေးနွေးမှုများမှ အဖြေရှာရန်
- ✓ မြန်မာ့ တောင်သူများအတွက် ကုန်သွယ်ရေးပံ့ပိုးမှုဆိုင်ရာ အရေးပေါ် အစီအစဉ်များ စဉ်းစားသင့်

၁၈-၈-၁၈ ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန် ၅


အဖြေ - တန်ဖိုးကွင်းဆက်မြှင့်တင်ရေး နှင့် ကြုံခံရည်ရှိမှု
အရည်အသွေးမြှင့်တင်ရေး စံမီရေး ဝယ်ယူအားပေးရန်
တရုတ်ဈေးကွက်
ဈေးကွက်သစ်များ ရှာဖွေရန်
ဆန်
• တောင်သူဈေးပျက်
• ကုန်စည်ဒိုင်များ လျှံကျ
• လုပ်ငန်းရှင် စက်ရပ်
• တင်ပို့သူ ငွေမလည်
• တောင်သူဈေးကောင်း
• ကုန်သည် အမြတ်များ
• ဆန်စက်များ ?
• နယ်စပ်ပိတ်နိုင်ခြေ ?
• ငါးစာဈေးကြီး
• တောင်သူ ဈေးမရ
• ကုန်စည် ပြည်တွင်းသုံး
• ပြည်ပဈေးကွက် လွတ်
ပဲမျိုးစုံ
ငါး
ပေါင်းစပ်ညှိနှိုင်းရေး
အမျိုးသားပို့ကုန် မဟာဗျူဟာ
$
အာဟာရ မူဝါဒ
ဈေးငွေ မူဝါဒ
SME မူဝါဒ
ငြိမ်းချမ်းရေး မူဝါဒ
မြေအသုံးချမှု မူဝါဒ
အိန္ဒိယ ဈေးကွက်
အကျိုးတူ လယ်ယာ ညှိနှိုင်းရန်
ကုန်သွယ်မှု အရင်းအနှီး မတည်ပေးရန်
ဈေးနှုန်းချိုသာ ပြည်တွင်းထုတ် ငါးစာ ထုမရန်
ဈေးကွက်အရွေ့
ကုန်သွယ်ရေးစစ်ပွဲ
၁၈-၈-၁၈
ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန်
၆


အကြပ်အတည်းများကြားမှ ရေရှည် အခွင့်အလမ်း - ၁
၁ - ခေတ်မှီ သိုလှောင်ရုံ အာမခံ နှင့် ကုန်စည်ဒိုင် စနစ် ထူထောင်ရန်
Insurance
Bond
Inspection
Indemnity Fund
Warehouse
Warehouse Receipt
Produce
± Credit
Farmers
➢ စိုက်ပျိုးမွေးမြူရေး နိုင်ငံအတွက် ခေတ်မှီ စံမှီ သိုလှောင်ရုံ
➢ တောင်သူ-ကုန်သည် နှစ်ဦးနှစ်ဖက် အာမခံ ရှိသော ရေရှည် စီမံခန့်ခွဲမှု
➢ အရင်းအနှီး ငွေကြေး လည်ပတ်မှု
➢ ဈေးကွက်ကိရိယာ စုံလင်မှု
➢ အစိုးရ-ပုဂ္ဂလိက / အစိုးရ-အစိုးရ ပူးပေါင်း ဆောင်ရွက်မှုများ
၁၈-၈-၁၈
ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန်
၇


အကြပ်အတည်းများကြားမှ ရေရှည် အခွင့်အလမ်း - ၂
၂ - တန်ဖိုးကွင်းဆက်ကြောင်းတလျှောက် တောင်သူမှ လုပ်ငန်းရှင် အထိ ပိုင်းကြီးချုပ်စနစ်ဖြင့် ရံပုံငွေ ချေးငွေ မတည်ရန်
ဈေးကွက် အဆင့်မီ ထုတ်လုပ်မှု
ဥတုပိုးမွှား စံနှင်ရည် မီ သိုလှောင်ရုံ စနစ်
မြန်ကောင်း သက်သာ စံချိန်မီ ကုန်စီးဆင်းမှု
အဆင့်မြင့် ဈေးကွက်များ ထိုးဖောက်နိုင်မှု
သုတေသန နှင့် သတင်း အချက် အလက်
ဝယ်သူ စိတ်ကြိုက် ဒီဇိုင်းဆင်မှု
➢ တောင်သူများ၊ ကုန်သည်များ နှင့် လုပ်ငန်းရှင်များ ကို အစုလိုက် အချိုးကျ ခွဲဝေကာ တန်ဖိုးကွင်းဆက် မြင့်လာရေး ပူးပေါင်းဆောင်ရွက်ရန် မက်လုံးပေး ချေးငွေစနစ်
၁၈-၈-၁၈
ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန်
၈


အကြပ်အတည်းများကြားမှ ရေရှည် အခွင့်အလမ်း - ၃
၃ - စွန့်ဦးတီထွင် စွမ်းအားရှင် တောင်သူများ ပေါ်ထွန်းရေးအတွက် မိဘိုင်းဝန်ဆောင်မှု ပံ့ပိုးရန်
PAST
PRESENT
FUTURE
Confused Farmer (Overwhelmed by data)
~2008
Machinery & GPS Tracking
1980s
GMO
19 TH CENTURY
The Plough
DATA INSIGHT
Connected Ag Weather Stations
Doppler Weather Forecast
Plant Sensors (e.g. sap flow)
UAV with Sensor Payload
INCREMENTAL BENEFIT OVER PREVIOUS GENERATION
NEW GROWTH POTENTIAL FOR FARMERS
➢ ဈေးကွက် လိုက်မီရေးအတွက် နည်းပညာ ခုန်ပျံကျော်လွှား အသုံးပြု နိုင်ရန် အလို့ငှာ မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများ မြေတောင်မြှောက်ပေးရန် တောင်သူကွန်ယက် တည်ဆောက်ရန်
၁၈-၈-၁၈
ပဲနှမ်း အလုပ်ရုံဆွေးနွေးပွဲ - ရန်ကုန်
၉


မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ


မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ

## ဆွေးနွေးပွဲ အစီအစဉ် (၁) (ဒုတိယပိုင်း အစီအစဉ်)

| | | | |
|---|---|---|---|
| ၁။ | ၁၁ : ၀၅ မှ ၁၁ : ၁၀ | - | ဒုတိယပိုင်းဆွေးနွေးပွဲအစီအစဉ် ဖတ်ကြားခြင်း။ |
| ၂။ | ၁၁ : ၁၀ မှ ၁၁ : ၂၅ | - | မတ်ပဲစိုက်တောင်သူများ (ဧရာဝတီတိုင်းဒေသကြီး) မှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ |
| ၃။ | ၁၁ း ၂၅ မှ ၁၁ း ၄၀ | - | မတ်ပဲစိုက်တောင်သူများ (ပဲခူးတိုင်းဒေသကြီး) မှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ |
| ၄။ | ၁၁ း ၄၀ မှ ၁၁ း ၅၅ | - | ပဲစဉ်းငုံစိုက်တောင်သူများ (စစ်ကိုင်းတိုင်းဒေသကြီး) မှ အခြေအနေ ဆွေးနွေးတင်ပြခြင်း။ |
| ၅။ | ၁၁ း ၅၅ မှ ၁၂ း ၁၀ | - | ပဲစဉ်းငုံစိုက် တောင်သူများ (မကွေးတိုင်းဒေသကြီး) မှ အခြေအနေဆွေးနွေး တင်ပြခြင်း။ |
| ၆။ | ၁၂ း ၁၀ မှ ၁၂ း ၂၅ | - | ပဲစဉ်းငုံစိုက် တောင်သူများ (မကွေးတိုင်းဒေသကြီး) မှ အခြေအနေဆွေးနွေး တင်ပြခြင်း။ |
| ၇။ | ၁၂ း ၂၅ မှ ၁၂ း ၄၀ | - | မတ်ပဲ၊ ပဲစဉ်းငုံ ဈေးကွက်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်မှ ဆွေးနွေးခြင်း။ |
| ၈။ | ၁၂ း ၄၀ မှ ၁၂ း ၅၅ | - | ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဆွေးနွေးခြင်း။ |
| ၉။ | ၁၂ း ၅၅ မှ ၁၃ း ၀၅ | - | မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း |
| ၁၀။ | ၁၃ း ၀၅ | - | အခမ်းအနား ခေတ္တရပ်နားခြင်း |
| ၁၁။ | ၁၃ း ၀၅ မှ ၁၃ း ၄၅ | - | နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခြင်း။ |




## ဧရာဝတီတိုင်းဒေသကြီးမတ်ပဲစိုက်တောင်သူများကိုယ်စားဦးမြင့်သိန်းဦးမှ အခြေအနေဆွေးနွေးတင်ပြခြင်း

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတကြီးနှင့်တကွ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ညီနောင်အသင်းများမှ ညီအကိုတော်များ၊ တိုင်းနှင့် ပြည်နယ်အသီးသီးမှ ယခုပွဲသို့တက်ရောက်လာကြသော ကုန်သည်များနှင့်တောင်သူဦးကြီးများအားလုံးကို "မင်္ဂလာပါ"ဟုဂါရဝတရားရှေ့ထားပြီးတော့ နှုတ်ခွန်းဆက် သအပ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင်နေထိုင်သော ဟင်္သာတကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့်ဧရာဝတီတိုင်းဒေသကြီး ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌဖြစ်ပါတယ်၊ တောင်သူတစ်ဦးလည်း ဖြစ်ပါ တယ်၊ ဦးမြင့်သိန်းဦး ဖြစ်ပါတယ်ခင်ဗျ၊ ဧရာဝတီတိုင်းဒေသကြီးဟာ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် (၁၃၅၂၆) ကျယ်ဝန်း ပြီးတော့ ကျွန်တော်တို့ဧရာဝတီတိုင်းဒေသကြီးမှာ လယ်မြေဧက (၃၇) သိန်း၊ ယာမြေဧက (၆) သောင်း၊ ကိုင်း ကျွန်းဧက (၂.၅) သိန်းနဲ့ ဥယျာဉ်ခြံဧက (၄) သိန်းရှိပါတယ်၊ မြေပိုင်ဆိုင်မှုရဲ့ (၅၀%) ကျော်ဟာစိုက်ပျိုးရေးမြေများ ဖြစ်ပါတယ်၊ လူဦးရေအနေနဲ့ကျွန်တော်တို့ ဧရာဝတီတိုင်းမှာ (၆၂) သိန်းကျော်ရှိပြီး စိုက်ပျိုးရေးနှင့်ရေ လုပ်ငန်းကို အဓိကထား၍ တောင်သူလယ်သမားဦးရေ (၅) သိန်းကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်၊ တိုင်းဒေသကြီး အနေနဲ့ ဆန်စပါးကို အဓိက စိုက်ပျိုးပြီးတော့ ဒုတိယစိုက်ပျိုးထုတ်လုပ်မှုအများ ဆုံးကတော့ ပဲမျိုးစုံ၊ ပြောင်းနဲ့အခြားသီးနှံ ဖြစ်ပါ

တယ်ခင်ဗျာ၊ ကျွန်တော်တို့ဧရာဝတီတိုင်းမှာဆိုရင် မိုးစပါးနဲ့ ဆောင်းရာသီရောက်တဲ့အခါ ဆောင်းသီးနှံအဖြစ်ပဲမျိုးစုံ ကိုစိုက်ပျိုးလေ့ရှိပါတယ်၊ ဧရာဝတီတိုင်းမှာရှိတဲ့ တိုင်းမြို့တော်ပုသိမ်ဟာ တိုင်းမြို့တော်ဖြစ်သော်လည်း ပုသိမ်မြို့မှာ ဆန်စပါးနဲ့ရေထွက်ပစ္စည်းများသာ အဓိက ထင်ပေါ်ကျော်ကြားပြီးတော့ ကျွန်တော်တို့ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နဲ့ ကျွန်တော်တို့အောက်ဒေသတွေမှာ ဆိုရင် ပဲမျိုးစုံနဲ့ပတ်သက်ပြီး ဘုရင့်နောင်ကုန်စည်ဒိုင်နဲ့တင်ပို့ရောင်းချမှု ထုတ်လုပ်မှုမှာ ကျွန်တော်တို့ တစ်ဇကေ အထင်ရှားဆုံးသော ဒေသတစ်ခုဖြစ်ပါတယ်၊ တိုင်းဒေသကြီးမှာ နှစ်စဉ်ပဲမျိုးစုံဇကေ (၁၆)သိန်း ကျော်စိုက်ပျိုးပြီး မတ်ပဲကိုအဓိက စိုက်ပျိုးကြ၍ ပဲမျိုးစုံစိုက်ဇကေရဲ့ (၆၀) ရာခိုင်နှုန်းကျော်ရှိပါတယ်ခင်ဗျ၊ မတ်ပဲ ရဲ့တစ်ဇကေ အထွက်နှုန်းက ယခင်နှစ်တွေက အထွက်နှုန်း Average (၁၅) တင်းလောက်ထွက်ပြီးတော့ ဒီနှစ်မှာ(၁၂) တင်းလောက်ပဲရှိပါတယ်၊ ယခင်နှစ်တွေတုန်းက သီးနှံကောင်းတဲ့အတွက် ဈေးနှုန်းကောင်းပြီးတော့ သွင်းအားစု ဂရုစိုက်တယ်၊ အားဆေး၊ ပိုးသတ်ဆေးစသည် သုံးပြီးတော့အထွက်နှုန်းကို အလေးထားဆောင်ရွက်တဲ့ အတွက် တစ်ဇကေပျမ်းမျှ (၁၅) တင်းထွက်ပြီးတော့ ပြီးခဲ့တဲ့နှစ်ကတော့ မတ်ပဲရဲ့ဈေးကကျဆင်းလာပြီးတော့ တောင်သူ တွေတစ်ဦးချင်းက မိမိစိုက်ပျိုးတဲ့ မြေပေါ်မှာဂရုစိုက်မှုနည်းပြီးတော့ သွင်းအားစုကိုလျှော့ချလိုက်တာဖြစ်ပါတယ်၊ အဲဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ဇကေအထွက်နှုန်းလည်းကျဆင်းသွားရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ဧရာဝတီတိုင်းမှာဆိုရင် မတ်ပဲအများဆုံး စိုက်တဲ့ခရိုင်ကတော့ ဟင်္သာတခရိုင်နဲ့ မအူပင်ခရိုင် ဖြစ်ပါတယ်၊ ဟင်္သာတခရိုင်ကတော့ အရေအတွက်အားဖြင့် အများဆုံး ထွက်ရှိပြီးတော့ ဘုရင့်နောင် ကုန်စည်ဒိုင်နဲ့ကုမ္ပဏီကြီးများကို တင်ပို့ရောင်းချတဲ့အခါမှာလည်း ဟင်္သာတမတ်ပဲဟာ ဈေးကွက်တစ်ခုကို ဘုရင့်နောင် ကုန်စည်ဒိုင်နဲ့ကုမ္ပဏီများမှာ နေရာယူပြီးဖြစ်ပါတယ်၊ အရေအတွက်အားဖြင့်ဝယ်လိုပါက ဟင်္သာတကိုအဓိက ထားဝယ်ယူပြီးတော့ အရေအသွေးအားဖြင့်ဝယ်ယူရင်တော့ ကျွန်တော်တို့မအူပင်ခရိုင်မှာရှိတဲ့ ဓနုဖြူ ကိုအဓိကထား ဝယ်ယူကြပါတယ်၊ ဓနုဖြူကထွက်တဲ့ပဲဟာ အလုံးကြီး Percentage ကောင်းတယ် ပဲသန့်တယ်ဆိုပြီး ဒါနာမည်တစ်ခုနဲ့ဒါကျွန်တော်တို့ ဧရာဝတီတိုင်းမှာ ထင်ရှားမှုတွေရှိခဲ့ပါတယ်၊ ကျွန်တော်တို့ဧရာဝတီတိုင်းမှာ ဆိုရင် မတ်ပဲ ပြီးရင်အစေ့ထုတ်ပြောင်း စိုက်ပါတယ်၊ အခြားသီးနှံများကတော့အများစုကို စိုက်ပျိုးလေ့ရှိပါတယ်၊ ဆီထွက်သီးနှံများ ကိုလည်းစိုက်ပျိုးခဲ့ပါတယ်။

ယခင်ယခင်တုန်းက ဧရာဝတီတိုင်းမှာ (၂၀၁၀) လောက်အထိတော့ မိုးစပါးပြီးရင်ဆောင်းရာသီမှာ စိုက်တဲ့ ဆောင်းသီးနှံကတော့ မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ ပဲပုတ် စသည်ဖြင့်ပဲမျိုးစုံကို အမျိုး(၂၀) လောက်ကို ကျယ်ကျယ် ပြန့်ပြန့်နဲ့ ပဲမျိုးစုံနှစ်တိုင်းစိုက်ပျိုးခဲ့ပါတယ်၊ သို့သော် (၂၀၁၂/၂၀၁၃) လောက်က

စပြီးတော့ မတ်ပဲဈေးကွက်မြင့်တက်လာမှု၊ မတ်ပဲလောကရဲ့အောင်မြင်မှုကြောင့် ဆောင်းသီးနှံစိုက်ပျိုးမြေများအားလုံးမှာ အခြားအခြားသော သီးနှံများအစား မတ်ပဲကိုပဲ အဓိကထားစိုက်ပျိုးလာတဲ့အတွက် မတ်ပဲသီးနှံဟာစိုက်ပျိုးမြေ အများဆုံးနဲ့ ထုတ်လုပ်မှုအများဆုံးမြင့်တက်လာခဲ့ပါတယ်၊ အထူးသဖြင့်ပြောရရင်တော့ကျွန်တော်တို့ (၂၀၁၄/၁၅) မှာဖြစ်ပေါ်လာတဲ့ မတ်ပဲဈေးကွက်ကြောင့် စိုက်ပျိုးသီးနှံ အများစုရဲ့ ရာခိုင်နှုန်းတော်တော်များများကို မတ်ပဲကနေရာယူသွားခြင်းဖြစ်ပါတယ်၊ ကျွန်တော်တောက ခလေ့နဲ့ပြောရရင် ကျွန်တော်တို့နိုင်ငံဟာဆိုရင် အဓိကဆန်၊ စပါးကို စားသုံးပြီးတော့ပဲမျိုးစုံထဲမှာဆိုရင် ကျွန်တော်တို့ တောင်သူတွေ၊ နယ်သူ နယ်သား၊ မြို့သူမြို့သားအပါအဝင် ပဲကိုစားတယ်။

စားတဲ့ပဲထဲမှာဆိုရင် စားတော်ပဲပေါ့၊ ဥပမာ ကျွန်တော်တို့တောမှာဆိုရင် Breakfast စားမယ်ဆိုရင် ပဲပြုတ်လို့ အော်လိုက်တာနဲ့ ဝယ်စားတဲ့ပဲသည်စားတော်ပဲဖြစ်ပါတယ်၊ အဲဒီတော့ ပဲမျိုးစုံထဲမှာ အခြားသော ပဲများထက်ဈေးအကြီး ဆုံးပဲမှာ (၂၀၁၅) မှာတစ်ကယ်တမ်း ဈေးအကြီးဆုံးထိပ်ဆုံးမှာနေရာယူခဲ့တဲ့ စားတော်ပဲ တစ်တင်းဈေးနှုန်းဟာ (၄၅,၀၀၀) နှုန်းဖြစ်ပြီးတော့ မတ်ပဲတစ်တင်းဈေးနှုန်းက (၇၅,၀၀၀) /(၈၀,၀၀၀) အထိဖြစ်သွား ပါတယ်၊ အဲဒီလိုဖြစ်သွားတဲ့အခါမှာ အမြင့်ဆုံးစံချိန်ကို မြင့်သွားတဲ့အတွက် စိုက်ဧကမှာဆိုရင်လည်း မတ်ပဲစိုက်ဧကဟာ အမြင့်ဆုံးတစ်ခုကို နေရာယူသွားပါတယ်၊ နောက်ဆုံး တောင်သူတွေဟာ တောင်သူရဲ့သဘာဝက တောနေလူတန်းစားလည်း ဖြစ်တယ်၊ အတွေ့အကြုံအရလည်း သူတို့ဟာ ဈေးကောင်းတာကိုပဲလိုက်စိုက်တယ်၊ သီးနှံတစ်ခုကိုသူတို့ တွက်ချေ ကိုက်မယ်၊ သူတို့ ဝင်ငွေ ကောင်းမယ်ဆိုတဲ့သီးနှံကိုပဲ အဓိကထားစိုက်တယ်၊ (၂၀၁၅) ပြီးလို့ (၂၀၁၆ )မှာဆိုလို့ရှိရင်လည်း ဘာပဲကိုတောင်သူတွေက ကျွန်တော်တို့လယ်မှာလယ်ကန်သင်းလို့ခေါ်မှာပေါ့၊ လယ်ကန်သင်းမှာ ပေါက်တဲ့ မြက်က ယခင်ကန္တားစာအဖြစ် အသုံးပြုပြီးတော့ ပြီးသွားတဲ့အခါမှာကန်သင်းကိုချန်ပြီးတော့ လယ်မြေမှာ ထွန်ယက်စိုက်ပျိုးပါတယ်။

(၂၀၁၆) ခုနှစ်ကစပြီးတော့ လယ်ကန်သင်းတွေကို စပါးမရိတ်သိမ်းမီတစ်လလောက်အလိုမှာ ကျွန်တော်တို့ အစိုဓာတ် မပျောက်ခင်ပေါင်းသတ်ဆေးဖျန်းလိုက်ပါတယ်၊ ပေါင်းသတ်ဆေးဖျန်းပြီး တစ်ပတ်လောက်မှာအဲဒီမြက်ပင်က သေသွားပါတယ်။ သေသွားတဲ့အပေါ်မှာ မတ်ပဲစေ့တွေကိုလိုက်ကြဲပါတယ်၊ သူကထွန်ယက်စရာမလိုပါဘူး၊ အဲလိုကြဲပြီး တော့တောင် မတ်ပဲကိုစိုက်ပျိုးခဲ့ပါတယ်၊ လယ်(၁၀) ဧကမှာ (၁) ဧကလောက် မတ်ပဲစိုက်ပျိုးမှုကတိုးတက်ခဲ့တာ သွားတွေ့ပါတယ်၊ အဲဒီလောက်အထိမတ်ပဲကို အလေးထားစိုက်ပါတယ်၊ ကျွန်တော်တို့ရွာဝတီတိုင်းမှာဆိုရင် ဟသ်ာတခရိုင်မှာ မီးရထား လမ်းဘေးဝဲယာ တစ်လျှောက် မီးရထားလမ်းကိုတောင် ဘေးကနေပေါင်းသတ်ဆေးဖျန်းပြီးလိုက်စိုက်တဲ့အထိ မတ်ပဲကို

ကြိုးစားပြီးစိုက်ပျိုးခဲ့ပါတယ်၊ အဲဒီလိုစိုက်ပျိုးထုတ်လုပ်တဲ့အချိန်မှာ မတ်ပဲဈေးနှုန်းကလည်း ပထမနှစ်က (၄၀,၀၀၀) ကနေ(၈၀,၀၀၀) လောက်ဖြစ်ပြီးတော့ နောက်နှစ်မှာ (၅၀,၀၀၀) တစ်ပတ်လည် ငါးသောင်းခွဲလောက်အထိ ရောင်းရပါသေးတယ် အဲဒီနှစ်မှာပဲမတ်ပဲဈေးက နည်းနည်းနည်းနည်းကျလာပြီးတော့ နောက်တစ်နှစ်မှာတော့ မတ်ပဲရဲ့ အခြေခံ ဈေးနှုန်းက (၃၀,၀၀၀) လောက်ကနေ (၃၅,၀၀၀) လောက်အထိ ဖြစ်လာတာပေါ့နော်။

အဲဒီလိုအချိန်မျိုးမှာပဲ ၂၀၁၇-ခုနှစ် ဩဂုတ်လလောက်မှာ အန္ဒိယအစိုးရကနေပြီးတော့ မတ်ပဲတင်သွင်းမှုကို ကန့်သတ်ချက်တစ်ခုလုပ်လိုက်တဲ့အခါမှာ မတ်ပဲ ဈေးဟာ (၁၅,၀၀၀) လောက်အထိ နောက်ဆုံး (၁၂,၀၀၀) လောက်အထိ ကျသွားပါတယ်၊ မကျခင်မှာကျွန်တော်တို့ ပြီးခဲ့တဲ့ အသစ်မစိုက်ခင်မှာ နေပြည်တော်မှာကျွန်တော်တို့ အန္ဒိယအစိုးရ ပိတ်လိုက်တဲ့အတွက် ပဲစဉ်းငုံနဲ့မတ်ပဲအစားထိုးသီးနှံကို အခြားအခြားသောအစားထိုးသီးနှံဆိုပြီး ကျွန်တော်တို့တက်ရောက်ခွင့်ရခဲ့ပါတယ်၊ တက်ရောက်တဲ့အခါကျတော့ ကျွန်တော်တို့ကဒေသမှာပြန်ပြီးတော့ တက်ရောက်ခွင့်ရတဲ့အပေါ် မူတည်ပြီးတော့ တောင်သူတစ်ဦးချင်း ရှင်းပြပါတယ်၊ ပဲစဉ်းငုံကတော့ စိုက်ပျိုးပြီးကာလဖြစ်တဲ့အတွက် ခုနက ဦးထွန်းလွင် ပြောသွားသလို ပဲစဉ်းငုံကို ကျွန်တော်တို့ ဒီပဲနှမ်း အသင်းနဲ့အဖွဲ့အစည်းကနေပြီးတော့ အနိမ့်ဆုံးဈေးတစ်တန် သတ်မှတ်ချက် (၄၀၀,၀၀၀)၊ မတ်ပဲ (၅၀၀,၀၀၀) ဆိုပြီးဝယ်ယူခဲ့ ပါတယ်၊ သို့သော်မတ်ပဲသည် စိုက်ပျိုးရာသီချိန်မရောက်သေးဘူး မစိုက်ပျိုးရသေးတဲ့အတွက် တောင်သူတွေကိုမတ်ပဲ လျော့စိုက်ဖို့ ဖြစ်နိုင်ရင်မစိုက်ဖို့ မှာကြားခဲ့ပါတယ်၊ အဲဒီလိုပဲ မှာကြားလိုက်တဲ့အတွက် ကျွန်တော်တို့ဟာမိမိဒေသကို ပြန်လည်ရောက်ရှိလာတဲ့အခါ တောင်သူတွေနဲ့တွေ့ဆုံပြီးတော့ ဒီမတ်ပဲကိုမစိုက်ဖို့၊ လျော့စိုက်ဖို့ မဖြစ်မနေစိုက်မယ်ဆိုရင်လည်း လျော့စိုက်ဖို့ ပြောပါတယ်၊ အဲဒီအခါမှာ တောင်သူတွေကလည်း တစ်ခုကနေတစ်ခုကို ပြောင်းလဲဖို့သိပ်မလုပ်ချင်ကြဘူး၊ မတ်ပဲရဲ့သဘာဝကလည်း အစေ့ကျရင် အပင်ပေါက်တယ်၊ အပင်ပေါက်ရင်အသီးသီးတယ်၊ အဲဒီလောက်အထိ လွယ်တာပေါ့နော်၊ စပါးပြီးရင် ဒီလယ်ယာမြေမှာ စိုက်ပျိုးလို့ အလွယ်ဆုံးနဲ့ အထွက်ဆုံးဖြစ်နေပါတယ်၊ အခြားအခြားသော သီးနှံများဆိုရင် ပဲတီစိမ်းအစားထိုးလို့ရပါတယ်၊ နွေစပါး စိုက်ပျိုးလို့ရပါတယ်၊ အဲလိုပြောသော်လည်းပဲ အနည်းငယ်သာလျှင် နွေစပါးနဲ့ပဲတီစိမ်းကို အစားထိုးပြီးတော့ အများစုကတော့ တောင်သူကတော့ ပြီးစလွယ်မတ်ပဲကိုပဲဆက်စိုက်တယ်၊ အဲလိုဆက်စိုက်ခဲ့တဲ့အတွက် အခုလိုတစ်ကယ်တမ်း ဈေးနှုန်းကျဆင်းခဲ့တဲ့အခါ ကျွန်တော်တို့နယ်မှာဆို အတွေ့အကြုံအရ ပြောရရင် ပြီးခဲ့တဲ့နွေမှာ မတ်ပဲက (၁၂၀၀၀) လောက်ရောက်သွားတော့တောင်သူတွေဟာ ထွန်ယက်စရိတ်၊ မျိုးစရိတ်၊ သွင်းအားစုအားလုံးဖယ်ပြီးတော့ ထွက်ရှိလာတဲ့ရိတ်သိမ်းချိန်မှာ ရိတ်သိမ်းစရိတ်နဲ့ ခြွေလှေ့

စရိတ်တောင်မကိုက်တဲ့အတွက် အချို့အချို့သောတောင်သူများဟာဆိုရင် စိုက်ပျိုးထားတဲ့မတ်ပဲတွေကို မသိမ်းဘဲနဲ့ဒီအတိုင်းပဲလွှတ်ထားလိုက်တဲ့ အဆင့်တွေရှိပါတယ်၊ ဒါကျွန်တော်တို့ ဟင်္သာတ ခရိုင်အတွင်းမှာ လက်တွေ့အဖြစ်အပျက်ပါ။

ကျွန်တော်တို့ဒီလိုပွဲမျိုးမှာ ယခုလိုဧရာဝတီတိုင်းကိုယ်စား ပြောကြားရတဲ့အတွက် ကျွန်တော် အရမ်းလဲကျေးဇူးတင်ပါတယ်၊ နောက်ကျွန်တော်က ဖြစ်စေချင်တာလေးတောင်သူတွေကို ပြောပြတဲ့အခါ ကျွန်တော်တို့လယ်ယာမှာ အစားထိုး သီးနှံ(၂) မျိုးစိုက်လို့ရပါတယ်၊ လယ်ထဲမှာ ကျွန်တော်တို့ဧရာဝတီရဲ့ သဘာဝက ရေကာတာရှိတဲ့အတွက် ရေလွှမ်းဇရိယာရယ်၊ ရေလွှမ်းဇရိယာအတွင်းက လယ်မြေရယ်(၂)မျိုး ရှိပါတယ်၊ ရေလွှမ်းဇရိယာဆိုတာ မြစ်ဝကျွန်းပေါ် ကိုင်းပေါ့၊ အဲတာကျတော့ သီးနှံမျိုးစုံတော်တော်များ များစိုက်လို့ရပါတယ်၊ ရေလွှမ်းဇရိယာအတွင်းကလယ်ကျတော့ မိုးရာသီမှာမိုး စပါးစိုက်ပြီးတော့ ဆောင်း ရာသီမှာကျတော့ ပဲမျိုးစုံထဲမှာ မတ်ပဲကိုအဓိကထားစိုက်တယ်၊ နွေစပါးကိုစိုက်လို့ရပါတယ်၊ အဲဒီအခါမျိုးမှာ တောင်သူတွေနဲ့အဓိက ဆင်းတွေ့တဲ့အခါကျသူတို့ရဲ့အဓိကလိုအပ်ချက်က ရေနဲ့မြေဆီဖြစ်နေပါတယ်၊ စိုက်ပျိုးရေးနဲ့စိုက်ပျိုးရေးနည်းစနစ်ကို တောင်သူတွေက ကျွမ်းကျင်တယ်၊ လုပ်တတ်တယ်၊ သို့သော်လည်း တောင်သူတွေ ကျွန်တော်ဒီနေရာကနေ အမှန်အတိုင်းပြောရရင်တော့ စီးပွားရေးတအားကျသွားပြီ၊ ကျသွား တော့ကျွန်တော်တို့က ဆင်းပြီးတော့လာမယ့်ရာသီမှာ မတ်ပဲမစိုက်ဖို့ အခြားအစားထိုးသီးနှံစိုက်ဖို့ ပြောပြတဲ့ အခါကျတော့ သူတို့က ကျွန်တော်တို့ကို တောင်းဆိုတယ်၊ ဘာလုပ်ပေးမှာလဲ၊ ဘာပေးမှာလဲ အဲဒါလေး တွေပါ အားလုံးလည်းအကြီးအကဲများရှေ့မှာ ကျွန်တော်ပွင့်ပွင့်လင်းလင်း ပြောပြတဲ့အချက်ပါ၊ အဲတော့ ကျွန်တော်ကအဲဒီလိုပြောပြတယ်၊ နိုင်ငံတော်ကနေပြီးတော့ လိုအပ်တဲ့ ရေနဲ့မြေဆီ မြေသြဇာပေါ့ ပံ့ပိုးဖို့ကို အလျဉ်းသင့်သလို ကြုံကြိုက်သလိုပြောပြပါမယ်ဆိုပြီးတော့ အခုလိုကြုံ ကြိုက်တဲ့အချိန်မှာလည်း ပြောပြခွင့် ရတာ အရမ်းလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ဒေသမှာဆိုရင် ဆည်ရေ သောက်ဇရိယာရှိတယ်၊ မြစ်ရေတင်စီမံကိန်းရှိတယ်၊ နောက် အင်းရေတင်စီမံကိန်းတွေရှိပါတယ်၊ အဲဒါတွေကပြီးခဲ့တဲ့ နှစ်မှာစိုက်ခဲ့တဲ့ အခါ အချို့အချို့သောတောင်သူ (၇၀) ကနေ (၈၀) အထိထွက်ပြီးတော့ နွေစပါးက တစ်ဧကကို တင်း (၁၂၀) ကနေတင်း (၁၅၀) အထိထွက်ပါတယ်၊ နေရောင်ခြည် အပြည့်အဝရတဲ့အတွက် အဖျဉ်းလည်းနည်း တယ် အထွက်နှုန်းလည်းကောင်းတယ်၊ ပြီးခဲ့တဲ့နှစ်မှာဆိုရင် မတ်ပဲစိုက်တဲ့တောင်သူဟာ အမြတ်အသာ ထား အရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်၊ အရင်းတောင်မရပါဘူး၊ အဲဒီမှာနွေစပါးစိုက်တဲ့ တောင်သူကတော့ နွေစပါး ပေါ်လာတဲ့အချိန်မှာ (၆) သိန်းဝန်းကျင် ရောင်းရတယ်၊ တစ်ဧကကို (၁၂) ထွက်တဲ့အတွက် လုံးဝအကျိုး အမြတ်ရရှိတယ်၊ နောင်ရေလွှမ်းဇရိယာအပြင်မှာဆိုရင် အစေ့ထုတ်ပြောင်းပေါ့ အစေ့ထုတ်ပြောင်းစိုက်ခဲ့တဲ့

တောင်သူဆိုရင်ပြီးခဲ့တဲ့နှစ်မှာ အကျိုးအမြတ်ရရှိခဲ့တယ်၊ အစေ့ထုတ် ပြောင်းရဲ့တစ်ဖေကသွင်းအားစုကတော့ သုံးသိန်းခွဲ ကနေလေးသိန်းအထိရှိပါတယ်၊ အနိမ့်ဆုံး (၇၀/၈၀) ကနေ (၁၂၀) အထိထွက်ခဲ့ပါတယ်၊ ပြီးခဲ့တဲ့ရာသီမှာ အစေ့ထုတ်ပြောင်းရဲ့တစ်တင်းတန်ဖိုးဟာ (၁၀,၅၀၀) အနိမ့်ဆုံးဖြစ်ပြီးတော့ လက်ရှိပေါက်ဈေးကတော့ (၁၂,၅၀၀) ဖြစ်ပါတယ်၊ အဲဒါ ဟသ်ာတဈေးပါ၊ ကျွန်တော်တို့နိုင်ငံမှာ အရင်တုန်းက ပြောင်းစိုက် တောင်သူတွေဟာ Export ကိုမျှော်ရတယ်၊ Export ဖြစ်မှ မဖြစ်လို့ရှိရင်ပြည်တွင်း အစာစပ်စက်ရုံက (၂) ရုံလောက်ပဲရှိ တယ်၊ အဲဒီတော့ အဲဒီအစာစပ်စက်ရုံ (၂) ရုံရဲ့ဝယ်လို အားကိုကြည့်ပြီးတော့သူတို့နည်းတယ်ဆိုရင် ပြောင်းဈေးကသိသိ သာသာကျပါတယ်၊ အခုကအစာစပ်စက်ရုံတွေက အများကြီးပေါ်ထွက်လာပါပြီ၊ ခုနောက်ပိုင်းဆိုပဲခူးမှာလည်း အများကြီး ပေါ်လာတော့ ဒီနှစ်မှာဆိုတောင်သူတွေရဲ့ ထွက်ရှိတဲ့ပြောင်းပမာဏကို အစာစပ်စက်ရုံတွေကနိုင်နိုင်နင်းနင်းဝယ်သွားတဲ့ အတွက်ဝယ်လိုအားနဲ့ရောင်းလိုအားမှာ ဝယ်လိုအားက အနိုင်ရသွားတဲ့အတွက် ပြောင်းစိုက်တောင်သူတွေဟာ သိသိ သာသာအကျိုးအမြတ်ရသွားပါတယ်၊ မတ်ပဲစိုက်လို့ ရှုံးခဲ့တဲ့တောင်သူတွေဟာ ပြောင်းစိုက်လိုက်တဲ့အခါမှာ တစ်ဖေကကို ပုံမှန် တစ်သိန်းခွဲနှစ်သိန်းအမြတ်ကနေ ဒီနှစ်မှာတော့ ထူးထူးခြားခြား (၇၀၀၀၀၀) လောက်မြတ်သွားပါတယ်၊ ဒါထူးထူးခြားခြားပါ၊ ကျွန်တော်တို့ကတောင်သူတွေကို ဆင်းပြီးတော့ တစ်ဦးချင်းကိုတွေ့ဆုံပြောကြားတဲ့အခါမှာ အစားထိုးသီးနှံစိုက်ပါ၊ ဒီလိုမျိုးသွင်းအားစုနဲ့လုပ်ပါပြောတဲ့အခါကျတော့ တစ်ကယ်စိုက်တဲ့တောင်သူရှိသလို တစ်ကယ်မစိုက်တဲ့တောင်သူလည်းရှိပါတယ်၊ ကျွန်တော်အခုလိုပွဲလေးမှာ ပြောရတဲ့အတွက်တစ်ကယ်တန်းတော့ ဒီပွဲပြီးသွားတဲ့အခါမှာလည်း တောင်သူတွေ ကိုအခုလိုပြုပြင်ပြောင်းလဲဖြစ်အောင် ကျွန်တော့အနေနဲ့ပေ့ါ တောသားတစ်ယောက်အနေနဲ့ သတင်းစာထဲကသော်လည်းကောင်း၊ Media တွေနဲ့ Fackbook တွေကသော်လည်းကောင်း နှိုးဆော်ပေး၊ တိုက်တွန်းပေး၊ ပြောကြားပေးရင်ပိုကောင်းမယ်လို့ ယူဆပါတယ်၊ အတင်းအကျပ်ကြီးတော့ မင်းတို့မတ်ပဲလုံးဝမစိုက်ရဘူး၊ ဘာစိုက်လို့ပြောလို့ရတဲ့ခေတ်တော့ မဟုတ်ပါဘူး၊ သို့သော်ဒီလိုပေးလိုက် ရင်တော့ အဆင်ပြေမယ်လို့ယူဆပါတယ်၊ လယ်သမားအတွေ့အကြုံအရလည်း တောင်သူတွေကအစ ဒီ Fackbook ကို ကျယ်ကျယ်ပြန့်ပြန့်သုံးတဲ့အတွက် တစ်ခါတစ်လေကျွန်တော်တို့ကမသိသေးဘူး ဘုရင့်နောင်ဈေးကဘယ်လောက်၊ မင်းတို့ ဈေးကနည်းနေတယ်၊ အခုဆိုရယ်စရာ မတ်ပဲလျှော့စိုက်ဖို့ပြီးခဲ့တဲ့အပတ်က ဇရောဂတီတိုင်းက စီးပွား/ကူးသန်းတိုင်း/ဂျာကြီးရယ်၊ စိုက်ပျိုးရေး တိုင်း/ဂျာကြီးရယ်၊ ကျွန်တော်ကလည်း ပဲနှမ်းအသင်း တိုင်းဥက္ကဋ္ဌဆိုတော့ တောင်သူတွေကို ဆင်းပြောပါတယ် ဆင်းပြောတော့အဲဒီလိုပဲ နွေစပါးနဲ့ပဲတီစိမ်းကိုလယ်ထဲမှာစိုက်ဖို့ အပြင်မှာအစေ့ထုတ်ပြောင်းကိုစိုက်ဖို့ ပဲပုတ်စိုက်ဖို့ မတ်ပဲကိုဖြစ်နိုင်ရင် လုံးဝမစိုက်ဖို့ပြောရင် ခင်ဗျားတို့

တစ်မျိုးဖြစ်မှာစိုးလို့ နည်းနည်းလေးပဲစိုက်ဖို့ မယုံဘူးဆိုရင် တစ်ဂက်လောက်အောက်ကိုပဲစိုက်ဖို့ (၂၅%) ပဲစိုက်ဖို့ပြောတယ်၊ ပြန်ထွက်လာတော့ တစ်ဦးချင်းမေးကြည့်လိုက်တဲ့အခါကျတော့ ဘာပြန်ပြောသလဲ ဆိုတော့ အိန္ဒိယမှာရေတွေအရမ်းကြီးနေတယ်တဲ့ လာမယ့်နှစ်မှာမတ်ပဲဈေးက ပြန်ကောင်း မယ်လို့မှန်း တယ်တဲ့ အဲဒီလိုပြန်ပြောတယ်၊ အဲလိုမျိုးပေ့ါ fackbook, wechat မှာလည်းသူငယ်ချင်းတွေရှိတယ် အုပ်စုတွေပေ့ါ ပြောတဲ့အခါလေးမှာလည်းတောင်သူတွေလည်းလက်ခံနိုင်အောင် ကိုယ့် အချင်းချင်းလည်း ဖြစ်အောင်လည်း ပြောပေး ကြပါ၊ တစ်ချို့ကမတ်ပဲဈေးက ဥပမာ (၄၀၀၀၀) ဖြစ်တယ်၊ (၇၅၀၀၀) ဖြစ်မှ (၈၀၀၀၀) ဖြစ်မှရောင်းမယ်ဆိုတာသွားတွေ့ရတယ်၊ ဒါကတော့ လှောင်ထားတဲ့သူကတက်စေချင်တယ်၊ ရောင်းထားတဲ့ သူက ကျစေချင်တယ်၊ ကျွန်တော်တို့ အရောင်းအဂယ်လောကဆိုတာ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကလေးဘဂလိုပါပဲ၊ စိန်ပြေးတမ်းဆော့သလိုပေ့ါ၊ ပြေးရင်လိုက်မယ် လိုက်ရင်ပြေး မယ်ဒါပါပဲ၊ အဲဒီတော့ သို့သော်ကိုယ့်ရဲ့ဆုံးဖြတ်ချက်နဲ့ကိုယ် တွေရဲ့ပြောကြားချက်က ကိုယ်တွေကအမြင့်က နေရတော့ အနိမ့်ကတောင်သူအကြားအမြင်မှားပြီးတော့ ဆုံးဖြတ်ချက်တွေမှားမှာကိုလည်း ကျွန်တော် စိုးရိမ်ပါတယ် ဒါကြောင့်ကျွန်တော်တို့လာမယ့်ရာသီမှာတော့ မတ်ပဲကိုလုံးဂလျော့စိုက်ဖို့နဲ့ အခြားအစားထိုး သီးနှံဖြစ်တဲ့ စပါးနဲ့ပဲတီစိမ်း စိုက်ဖို့ကိုတော့ သေချာတိုက်တွန်းထားပါတယ် အစေ့ထုတ်ပြောင်းနဲ့ ပတ်သက် လို့ ကျွန်တော်တို့မျိုးလွယ်မျိုး လိုအပ်တဲ့ ဓာတ်မြေသြဇာကိုလည်း ပံ့ပိုးပေးမယ်လို့ ဟင်္သာတခရိုင်၊ ဇရာဂတီ တိုင်းအတွင်းမှာလည်း လိုက်လံအခုအချိန်မှာ ဆွေးနွေးနေပါတယ်၊ ဒီပွဲပြီးရင်လည်း တိုင်း/ဂျာတို့ စိုက်ပျိုးရေးဂျာကြီးတို့နဲ့ ပေါင်းပြီးတော့ ဆက်လက်ပြီးတော့အရှိန်အဟုတ်လေးနဲ့ လုပ်သွားမယ်လို့ဆုံးဖြတ် ထားပါတယ်၊ စဉ်လည်းစဉ်းစားထားပါတယ်၊ ကျွန်တော်တို့ ဒုသမ္မတကြီးနဲ့နိုင်ငံတော်အကြီးအကဲ များရှိတုန်း ကျွန်တော်တို့ဟင်္သာတခရိုင်ရဲ့ လိုအပ်ချက်လေး ကိုလည်း အခြေအနေလေးတစ်ခု တင်ပြပါရစေ။

ဟင်္သာတခရိုင် မှာဆည်တွေရှိပါတယ်၊ ဆည်ရေသောက်ဧကရှိတယ်၊ မြစ်ရေတင်စီမံကိန်းရှိပါ တယ်၊ အဲဒီဆည် ရေသောက်ဧရိယာတွေမှာ တစ်ကယ်တမ်းနွေစပါးစိုက်တဲ့အခါ ရေလိုပြီဆိုရင်အဲဒီဆည် တွေဟာ လိုသလောက်လွှတ်မပေးဘူး၊ တောင်သူတွေက တက်ပြောလိုက်လို့ရှိရင် အထက်ကိုတင်ပြရအုန်း မယ်ဆိုတာရှိသလို အခြေအနေနဲ့အချိန်အခါဆိုတာ အကြောင်းကြောင်းလေးတွေရှိပါတယ်၊ ဒါကိုတော့ ကျွန်တော် ဟိုဟာပေ့ါကျွန်တော့ပြောစကားကပုတ်ခတ်မှုလည်း မဟုတ်ပါဘူး၊ တစ်ဖက်ကို ထိခိုက်စေလို တာလည်းမဟုတ်ပါဘူး၊ တောင်သူရဲ့အခက်အခဲကို တင်ပြတာပါ၊ ကျွန်တော်တို့ ဟင်္သာတမှာဆိုရင် မြို့ကွင်း မြစ်ရေတင်စီမံကိန်းရှိတယ်၊ အဲဒီစီမံကိန်းကစိုက်ပျိုးလို့ရတဲ့လယ်မြေဧက သုံးသောင်းခွဲ လောက်ရှိ

ပါတယ်၊ အဲဒီမြစ်ရေတင် စီမံကိန်းကပြီးခဲ့တဲ့နှစ်မှာတောင်သူတွေက စပါးစိုက်မယ်၊ ဒီမြစ်ရေတင်စီမံကိန်းကြီးက ရေသာပေးဆိုတော့ ရေမပေးနိုင်ခဲ့ပါဘူး၊ ကျွန်တော်ပြောတာ အခုလိုဆိုရင်ကျွန်တော်တို့က ရာသီမရောက်သေးမီမှာဒီမြစ် ရေတင်စီမံကိန်းကလည်း မြောင်းတွေ ရေပိုလွှဲတွေကလည်း လယ်သမားတွေကိုအားလုံးလျော်ကြေးပေးပြီးသား ဖြစ်ပါတယ်၊ အဲဒီတော့ ရာသီချိန်မကျခင်ကတည်းက ဒီမြောင်းတွေကိုစစ်ဆေးရမယ်၊ မြစ်ရေတင်စီမံကိန်းရဲ့ စက်ပိုင်းဆိုင်ရာ အထွေထွေကို အခုကတည်းကကြိုတင်ပြီးတော့အဆင်သင့်လုပ်ထားမယ်ဆိုရင်တောင်သူက စိုက်ပျိုးမှာပါ ဒီစပါးကို သူတို့လက်တွေ့ သူတို့ရှေ့မှာလည်းတစ်ဧကအထွက်နှုန်းကောင်းတဲ့စပါးက အကျိုးအမြတ်ရတယ်ဆိုတာလည်းသိတယ်၊ စပါးအတွက်လိုတဲ့ရေကိုအဓိကလိုနေပါတယ်၊ အဲဒီမြစ်ရေတင်စီမံကိန်းနဲ့ဆည်တွေကသာ ရေအလုံအလောက်လွှတ်ပေးမယ်ဆိုရင် အဲဒီဆည်ရေသောက်နဲ့ မြစ်ရေတင်စီမံကိန်းမှာရှိတဲ့ကေအားလုံးဟာ မတ်ပဲမစိုက်ဘဲနွေစပါးကိုပြောင်းစိုက်မှာ သေချာပါတယ်၊ ကျွန်တော့အတွေ့အကြုံလေးပြောပြတာပါ၊ လူကြီးမင်းတို့ရှိတုန်းလည်းကျွန်တော်ရိုးသားပွင့်လင်းစွာဖြင့် အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်၊ ဒေသကိုယ်စားပေါ့နော်၊ တစ်ခါတစ်ရံမျိုးကျတော့ လွယ်တာလေးတွေက ခက်နေတာမျိုး သွားတွေ့ရပါတယ်၊ လွယ်လွယ်နဲ့ပြီးပေမယ့် ခက်နေတဲ့အခါကျတော့ တောင်သူကရေမလုံလောက်တော့ အထွက်နှုန်း မကောင်းဘူး၊ အဲဒီတော့မစိုက်ပျိုးချင်တာလေးသွားတွေ့ရပါတယ်၊ ဒါကျွန်တော် ဇရောဂတီတိုင်းကိုယ်စား၊ တောင်သူကိုယ် စား၊ ကုန်စည်ဒိုင်ကိုယ်စားပြောကြားခြင်းဖြစ်ပါတယ်၊ အတွေ့အကြုံလေးတွေပေါ့နော်၊ ကျွန်တော်တို့ဧရာဝတီတိုင်း အတွင်းမှာဆိုကျွန်တော်တို့ရဲ့ နယ်တွေကိုဆင်းပြီးတော့ တွေ့ဆုံပြီးတောင်သူတွေကို မတ်ပဲအစားအခြားအစားထိုးသီးနှံတွေစိုက်ပျိုးဖို့ပြောတဲ့အခါ ခုနကပြောပြီးသားပဲ သူတို့အဓိကတော့ သူတို့ကိုနိုင်ငံတော်ကပံ့ပိုးတဲ့သွင်းအားစုလေးကို တော်တော်မျှော်လင့်နေပါတယ်၊ အဲဒါကတော့ တောင်သူတွေမှာအခြေအနေတစ်ခုအရအရင်တုန်းကတောင်သူတွေဟာ ဆန်စပါးကို ဂမ်းစာနဲ့မိမိသားစုဖူလုံရေးစိုက်ပျိုးပြီးတော့ ပဲကိုအပိုဝင်ငွေအဖြစ်နဲ့စိုက်ပျိုးခဲ့တာပါ၊ မတ်ပဲစိုက်ခဲ့လို့လည်း တောင်သူတွေရဲ့ဘဝကအများကြီး ပြောင်းလဲခဲ့ပါတယ်၊ သီးနှံဈေးနှုန်းကောင်းတယ် အထွက်နှုန်းကောင်းခဲ့တဲ့အတွက် တအားပြောင်းပြီးတော့ ဆန်စပါးကိုပုံမှန်လောက်ပဲစိုက်ပြီးတော့ မတ်ပဲချိန်ရောက်ရင်မတ်ပဲကိုတအားဂရုစိုက်ပြီးတော့ တစ်ချို့ဆို မတ်ပဲတစ်ဧကကိုသွင်းအားစု တစ်သိန်းကျော်အထိ သွင်းတဲ့သူတွေရှိပါတယ်၊ မတ်ပဲတစ်ဧကကို Average (၁၀) တင်း (၁၅) တင်းထွက်တယ်ပြောသော်လည်း ကျွန်တော်တို့ဧရာဝတီတိုင်းမှာ မတ်ပဲတစ်ဧကကို တင်း(၃၀) ကျော်ထွက်ခဲ့တဲ့သာဓကတွေရှိပါတယ်၊ အဲဒါတစ်ကယ့်အဖြစ်အပျက်ပါ၊ တစ်ကယ်လည်းထွက်ခဲ့ပါတယ် တကယ့်သွင်းအား စုတွေနဲ့ပေါ့နော်၊ ဈေးကောင်းတော့တောင်သူက တကယ်သွင်းအားစုတွေသုံးတယ်၊ ပိုးသတ်

ဆေးသုံးတယ်၊ မတ်ပဲကိုပဲ အရိပ်တကြည့်ကြည့် ကြည့်ပြီးတော့တိုးတက်ရေးအတွက်လုပ်ခဲ့ပါတယ်၊ သို့သော်ဒီအချိန်အခါမှာတော့ မတ်ပဲဈေး မကောင်းတဲ့အတွက် သွင်းအားစုလည်းလျော့တယ်၊ ဂရုစိုက်မှု လည်းနည်းတဲ့အခါကျတော့ နှစ်ဖက်နှစ်နာတာပေါ့ တောင်သူတွေအနေနဲ့ကလည်း ဂရုမစိုက်တဲ့အတွက် အထွက်နှုန်းလျော့တယ်၊ အကျိုးအမြတ်လျော့တယ်၊ ထိုနည်းတူစွာ တိုင်းပြည်အနေနဲ့ကလည်း ကျွန်တော် တို့နိုင်ငံခြားတင်ပို့မှုကလည်းလျော့တဲ့အတွက် နိုင်ငံခြားဝင်ငွေတစ်အားနည်းသွားပါ တယ်၊ နိဂုံးချုပ်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီးဟာ စိုက်ပျိုးရေးကို အခြေခံသောတိုင်းဒေသကြီးဖြစ်သဖြင့် စိုက်ပျိုးရေးကို အခြေခံသော တိုးတက်ရေးအတွက်နိုင်ငံတော်မှ အရှိန်အဟုန်ဖြင့်ဆောင်ရွက်သည့်နည်းတူ စိုက်ပျိုးထုတ် လုပ်တဲ့တောင် သူအနေနဲ့ကလည်း ဈေးကွက်အတွင်းပြည်ပမှဂယ်လက်အကြိုက်ဆုံးဖြစ်တဲ့ သတ်မှတ်တဲ့ ပြည်ပကဈေးနှုန်းအကြိုက် ဖြစ်နေပြီးတော့ မတ်ပဲကိုသတ်မှတ်တဲ့ Quota နဲ့ပေါ့ အခုဆိုမတ်ပဲကို တန်တစ်သိန်းခွဲဂယ်မယ်ဆိုရင် တစ်သိန်းခွဲဂယ် ကျန်တာကိုမဂယ်ဘဲနဲ့ ခံနေရမယ့်အစား အခြားအစားထိုး သီးနှံများကို တောင်သူများစိုက်ပျိုးတဲ့အဆင့်ရောက်အောင် ကျွန်တော်တို့နဲ့တကွ နိုင်ငံတော်အဆင့်အကြီး အကဲကြီးများ၊ ဒေသမှာရှိတဲ့ပြည်သူများ တောင်သူများကို လက်တွေ့ဘဝ ပြုပြင်ပြောင်းလဲဖို့အတွက် ကွင်းဆင်းပြီးတော့အတတ်နိုင်ဆုံးကူညီပေးပါလို့ ပြောကြားရင်းနဲ့နိဂုံးချုပ်ပါတယ်၊ အားလုံးကို ကျေးဇူးတင် ပါတယ်။

❑ ❑ ❑




## နတ်တလင်းမြို့နယ်၊ မတ်ပဲစိုက်တောင်သူများကိုယ်စား ဦးအေးလွင်မှ အခြေအနေဆွေးနွေးတင်ပြခြင်း

အားလုံးပဲမင်္ဂလာပါ၊ ဒီနေ့ကျင်းပတဲ့ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဆွေးနွေးပွဲ အခမ်းအနားကိုကြွရောက်လာတဲ့ နိုင်ငံတော်ဒုတိယသမ္မတကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ စက်မှုလက်မှု ကုန်သည်များအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ စိုက်ပျိုးရေးပညာရှင်များ၊ ဒေသအသီးသီးမှ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးသူ တောင်သူများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်၊ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်မှ မတ်ပဲ စိုက်တောင်သူ ဦးအေးလွင်ဖြစ်ပါတယ်၊ ဒီနေ့အခမ်းအနားမှာ ယခုလိုတင်ပြခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်၊ မတ်ပဲစိုက်ပျိုးရေးနဲ့ပတ်သက်လို့ ကျွန်တော်အရင်ရှေ့က ဧရာဝတီတိုင်းက ကိုယ်စားလှယ်က ပြည့်ပြည့်စုံစုံဆွေးနွေးသွားခဲ့တဲ့အတွက် ကျွန်တော့အနေနဲ့ အနည်းအကျဉ်းပဲ ဆွေးနွေးလိုပါတယ်၊ ကျွန်တော့အနေနဲ့ မတ်ပဲကိုလွန်ခဲ့တဲ့အနှစ် (၂၈) ကစပြီး စိုက်ပျိုးခဲ့ပါတယ်၊ ကျွန်တော်(၂၅) ဧကရှိတဲ့ ဧကအားလုံးကိုမတ်ပဲစိုက်ပါတယ်။

အဲဒီအချိန်တုန်းကမတ်ပဲဈေးကောင်းခဲ့တဲ့အတွက် ကျွန်တော်တို့လယ်သမားတွေလည်း အခြေအနေကောင်းခဲ့ပါတယ်၊ ၂၀၁၇-ခုနှစ်၊ ဩဂုတ်လကနေစပြီးတော့ အိန္ဒိယနိုင်ငံကပဲဝယ်ယူမှုကို ကန့်လိုက်တဲ့

အတွက် အဲဒီအချိန်ကစပြီးတော့ ပဲဈေးကွက်မှာအခက်အခဲနဲ့ကြုံတွေ့ခဲ့ရပါတယ်၊ ၂၀၁၇/၁၈ ပဲစိုက်ရာသီ မှာတော့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကနေပြီးတော့ ကျွန်တော်တို့တောင်သူတွေကို မတ်ပဲစိုက်ဧကကို တစ်ဝက်လျော့စိုက်ဖို့ပညာပေး လမ်းညွှန်ခဲ့ပေမယ့်လို့ ကျွန်တော်တို့တောင်သူများအနေနဲ့ မျိုးအခက်အခဲ ကတစ်ကြောင်း၊ နောက်တစ်ခါ ပြောင်းလဲစိုက်ပျိုး တဲ့သီးနှံရဲ့ဈေးကွက်ရဲ့အခြေအနေကို မယုံတာက တစ်ကြောင်း စိုက်တဲ့သီးနှံကဈေးကောင်းရပါ့မလား ဝယ်မယ့်သူရှိပါ့ မလားဆိုတဲ့အတွေးတွေကြောင့် မတ်ပဲကိုပဲကျွန်တော်တို့ ဆက်ပြီးတော့စိုက်ခဲ့ပါတယ်၊ စိုက်တဲ့အခါမှာ မတ်ပဲ ဈေးမကောင်းတဲ့အတွက် ကျွန်တော်တို့တောင်သူတွေဟာ သွင်းအားစုတွေကိုလျော့ပြီး သွင်းလိုက်တဲ့အတွက် ယခင်က တင်း (၂၀/၂၅) တင်းထွက်တဲ့နေရာက (၁၈) တင်းသာထွက်ရှိပါတော့တယ်၊ အဲဒီထွက်ရှိတဲ့နေရာမှာလည်း ကုန်ကျ စရိတ်ကတစ်ဧကကို တစ်သိန်းခုနစ်သောင်းလောက်ကုန်ပါတယ်၊ ရောင်းရတော့အခု (၁၃၀၀၀) ဈေးနဲ့ရောင်းရတဲ့အခါကျတော့ စိုက်ပျိုးစရိတ်နဲ့ရတဲ့ငွေက Level လောက်ဖြစ်နေတဲ့အခါကျတော့ ကျွန်တော် တို့တောင်သူများအတွက် မတ်ပဲဟာတွက်ခြေမကိုက်တဲ့ သီးနှံဖြစ်နေပါတယ်၊ ဒါကိုသိရှိတဲ့အတွက် ကျွန်တော်တို့ ၂၀၁၉-ခုနှစ် မတ်ပဲစိုက်ရာသီမှာတော့ ကျွန်တော်တို့တောင်သူအများစုဟာ မတ်ပဲကို စဉ်းစား လာကြပါတယ်၊ အဲဒီလိုစဉ်းစားလာတဲ့အခါမှာ ၂၀၁၇-၁၈ မတ်ပဲစိုက်ရာသီမှာ (၅၀)ရာခိုင်နှုန်း လျော့စိုက်ဖို့ ပြောခဲ့ပေမယ့် ကျွန်တော်တို့ကအစမ်းစိုက်တဲ့အနေနဲ့ ဧကအနည်းငယ်ကို စိုက်ခဲ့ပါတယ်၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲပုတ်၊ နှမ်းစပါးဆိုပြီးစမ်းသပ်စိုက်ခဲ့ပါတယ်၊ ဧကအနည်းငယ်စိုက်ခဲ့ပါတယ်၊ ပဲခူးတိုင်း (အနောက် ပိုင်း) မှာတော့ ၂၀၁၆/၁၇ မတ်ပဲစိုက်ဧက (၇၃,၀၀၀)ကျော်ရှိခဲ့ပေမယ့်လို့ ၂၀၁၇/၁၈ မှာ (၆၇,၉၀၀) ဧကသာ စိုက်ခဲ့တဲ့အတွက် မတ်ပဲဧကဟာ (၅၁,၀၀၀) ဧကပဲ လျော့ပြီးစိုက်ခဲ့ပါတယ်၊ ဒီလိုစိုက်ခဲ့တဲ့ အတွေ့အကြုံအရ လာမယ့်နှစ် ကျလို့ရှိရင်ကျွန်တော်တို့လယ်သမားတွေဟာ ကုလားပဲ၊ ပဲပုတ်နဲ့ ပဲတီစိမ်း ကိုပဲ စိုက်ဖို့ရည်ရွယ်ထားပါတယ်၊ တကယ်စိုက် လာတဲ့အခါ ပြောင်းစိုက်လာတဲ့အခါကျတော့ ကျွန်တော်တို့ စိုက်တဲ့သီးနှံက ဈေးကွက်ရပါ့မလား ဈေးကွက်အနေအထား ရှိပါ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေရှိပါတယ်၊ ကျွန်တော်တို့က ပြောင်းပြီးစိုက်တော့မယ့်သီးနှံတွေကို ဖြစ်စေချင်တာက တင်ပို့ရောင်းချမယ့် ပြောင်းစိုက် မယ့် သီးနှံတွေကိုတင်ပို့ရောင်းချမယ့်ပမာဏကို ကျွန်တော်တို့လယ်သမားတွေ သိရှိပြီးတော့ စိုက်ပျိုးထုတ် လုပ်တဲ့ဧရိယာလည်း မှန်းပြီးတော့ဒေသအလိုက် စီမံကွပ်ကဲပေးစေလိုပါတယ်၊ ဆိုလိုတာက ဝယ်လိုအားနဲ့ ရောင်းလိုအားကိုညှိပြီး စိုက်ပျိုးတဲ့စနစ်ကိုသွားစေလိုပါတယ်၊ ဒါမှသာကျွန်တော်တို့က ပြည်တွင်းမှာဝယ်လို အားထက် ရောင်းလိုအားများနေတဲ့ သီးနှံတွေဖြစ်ပေါ်လာမှာကို စိုးရိမ်တဲ့အတွက် ဒီလိုစနစ်မျိုးတွေ ပြောင်းလဲပေးစေလိုပါတယ်၊ ပြောင်းလဲပေးဖို့လည်းတိုက်တွန်းအပ်ပါတယ်၊ ကျွန်တော်တို့နေရာက ဆည်ရေ

သောက်ဇရိယာဖြစ်တဲ့အတွက် နှမ်းစပါးကို လည်းပြောင်းလဲစိုက်ပျိုးလို့ရပါတယ်၊ လယ်သမားအများစုကလည်း ဒီနှမ်းစပါးကိုပဲပြောင်းလဲစိုက်ပျိုးဖို့ အားသန်နေပါတယ်၊ ဒီနေရာမှာနှမ်းစပါးစိုက်ပျိုးတဲ့နေရာမှာ အခက်အခဲလေးတစ်ခုရှိပါတယ်၊ ကျွန်တော်တို့ကနှမ်းစပါးစိုက်ပျိုးတဲ့အခါမှာ ဆည်ရေကို အဓိကအားထားပြီး စိုက်ရတဲ့အတွက် ဆည်ရေကစိုက်တဲ့အချိန်မှာ ရေရပေမယ့်လို့ အောင်ရေမှာတစ်ခါ တစ်လေ မရပါဘူး၊ အဲဒီတော့ကျွန်တော်တို့ လယ်သမားတွေဟာကြီးမားစွာ ဆုံးရှုံးမှုနဲ့ တွေ့ကြုံရပါတယ်၊ ဆည်ရေပေးတဲ့နေရာမှာလည်း ဆည်ထဲမှာရေရှိပေမယ့်လို့ မြောင်းလက်တံတွေကောင်းပေမယ့်လို့ ဆည်ရေပေးတဲ့ဂန်ထမ်းရဲ့မသာမာမှု တွေကလည်းရှိနေတဲ့အတွက် အဲဒီဂန်ထမ်းတွေကိုလည်း သက်ဆိုင်ရာကနေပြီးတော့ ကြီးကြပ်ကြပ်မတ်ပေးစေလိုပါတယ်။

ကျွန်တော့အနေနဲ့နောက်ဆုံးတင်ပြလိုတာက လယ်သမားအများစုဟာ အခုဆောင်းသီးနှံ မတ်ပဲ ဈေးကျဆင်းသွားတဲ့အတွက် စီးပွားရေးက အားလုံးနိမ့်ကျနေကြရပါပြီ၊ ကြွေးပခုံးပြောင်းနေရတဲ့ဘဝကို ရောက်နေပါတယ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကချေးတဲ့ ချေးငွေဆိုတာကလည်း ချေးကနီးမှတခြား လုပ်ငန်းရှင်ဆီကငွေချေး ချေးပြီးတော့ခဏဆပ်ဆပ်ပြီးတော့မှပြန်ပြီးတော့ အဲဒီလုပ်ငန်းရှင်ကိုပြန်ဆပ်ရတဲ့ အခြေအနေဖြစ်နေပါပြီ၊ ဒီချေးငွေဆိုတာကလည်း လယ်သမားကနာမည်သာရှိပြီး သုံးရတဲ့အခြေအနေ မရှိပါဘူး၊ ပြီးတော့ကြွေးတွေနဲ့နပမ်းလုံးနေရတဲ့ ကျွန်တော်တို့လယ် သမားတွေရဲ့ ဘဝကိုအားလုံး တာဂန်ရှိသူအားလုံး ဝိုင်းဂန်းလုပ်ဆောင်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

❑ ❑ ❑




## မုံရွာမြို့ပဲစဉ်းငုံစိုက်တောင်သူများကိုယ်စားဦးကျောက်ခဲမှ အခြေအနေဆွေးနွေးတင်ပြခြင်း

အားလုံးကြွရောက်လာတဲ့ပုဂ္ဂိုလ်များ မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်၊ ကနေ့ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲမှာ ဒုတိယသမ္မတကြီးနှင့် တကွ ကုန်သွယ်ရေးဝန်ကြီး ဒေါက်တာသန်းမြင့်၊  စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ချုပ်နဲ့ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ချုပ်များ၊ တက်ရောက်လာကြတဲ့ကုန်သည်များ၊ ဖိတ်ကြားထားသောတောင်သူများအားလုံး စိတ်၏ ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော်ဆုတောင်းမေတ္တာပို့သအပ်ပါတယ်၊ ကျွန်တော်တို့ဒီလိုပြောရခြင်းဟာ မြတ်စွာဘုရားက ပုထုဇနော်ဥမ္မာ့တကော ပြောထားတဲ့အတွက်ပြောထား တဲ့အတွက် စိတ်ဟာပိုအရေးကြီးတဲ့အတွက် ဒီလိုပြောရခြင်းဖြစ်ပါတယ်၊ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့နယ်၊ လယ်သင်ကျေးရွာက တောင်သူ၊ အကျိုးဆောင် တောင်သူ ကျောက်ခဲဖြစ်ပါ တယ်၊ ဒီလိုပွဲမှာစစ်ကိုင်းတိုင်းကိုယ်စားပြုတင်ပြရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်၊ ကျွန်တော့အနေနဲ့က တော့ဒီစစ်ကိုင်းတိုင်းဒေသကြီးရဲ့ ပဲစဉ်းငုံစိုက်ပျိုးထုတ်လုပ်မှုတွေကို ကျွန်တော်ဒါအနည်းငယ် တင်ပြ လိုပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာအသားတင် စိုက်ပျိုးမြေ (၄၆) သိန်းဧကရှိရာ ၂၀၁၇/၁၈ စိုက်ပျိုး ရာသီမှာ မိုးကြို၊ မိုးနဲ့ဆောင်းရာသီမှာ စိုက်ပျိုးသောသီးနှံစုစုပေါင်းဧရိယာ (၉၃.၈၄) သိန်းရှိသည့်အတွက် သီးနှံရဲ့စိုက်စွမ်းအားဟာ (၂၀၅) ရာခိုင်နှုန်းရှိပါတယ်၊ သီးနှံစုစုပေါင်းစိုက်ဧရိယာ (၉၃.၈၄) သိန်းအနက် ပဲမျိုးစုံသီးနှံစိုက်ဧရိယာ (၂၆.၃၉) သိန်းရှိပြီး (၂၇) ရာခိုင်နှုန်းစိုက်ပျိုးသည့်အတွက် ပမာဏအများဆုံးစိုက်ပျိုး

တဲ့သီးနှံဖြစ်ပါတယ်၊ ဒုတိယအများဆုံးစိုက်ပျိုးတဲ့ သီးနှံများ ကတော့ ဆီထွက်သီးနှံဖြစ်ပါတယ်၊ ဧရိယာဧက (၂၃.၄၄) သိန်းစိုက်ပျိုးပါတယ်၊ တတိယအနေနဲ့ကတော့ စပါးသီးနှံ စိုက်ပျိုးပြီးစိုက်ဧက (၂၂)သိန်းဖြစ်ပါတယ်၊ ကျန်သီးနှံကလည်းတစ်နိုင်ငံလုံးမှာအများဆုံးစိုက်ပျိုးပြီး တစ်သိန်းခြောက်သောင်းကျော် စိုက်ပျိုးပါတယ်၊ ပဲမျိုးစုံသီးနှံဟာဆိုရင် ကျွန်တော်တို့တစ်နိုင်ငံလုံး ပြည်ထောင်စုစိုက်ဧက (၁၁၅) သိန်းရှိတဲ့အနက်က စစ်ကိုင်းတိုင်းဒေသကြီးဟာ (၂၆) သိန်းပါဝင်တာကြောင့် တစ်နိုင်ငံလုံးရဲ့စိုက်ဧရိယာ (၂၂) ရာခိုင်နှုန်းကျော်ရှိပြီး ပဲမျိုးစုံအများဆုံးစိုက်ပျိုးတဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်ပါတယ်၊ နောက်ပဲစဉ်းငုံသီးနှံဟာ ပြည်ထောင်စုချုပ် စိုက်ဧရိယာရဲ့ (၁၆) သိန်းအနက် စစ်ကိုင်းတိုင်းဒေသကြီးမှာ (၄.၅)သိန်းစိုက်ပျိုးသည်ဖြစ်ရာ တစ်နိုင်ငံလုံးရဲ့(၂၈) ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိပါတယ်၊ ထို့အတူ ကုလားပဲသီးနှံကလည်း ကျွန်တော်တို့တစ်နိုင်ငံလုံးစိုက်ဧရိယာ (၉)သိန်းရှိတဲ့ အနက် ကျွန်တော်တို့စိုက်ဧကက (၄)သိန်းကျော်ရှိတဲ့အတွက် ကျွန်တော်တို့စစ်ကိုင်းတိုင်းဒေသကြီးဟာ စိုက်ပျိုးတဲ့ဧရိယာ (၅၁) ရာခိုင်နှုန်းအများဆုံးစိုက်ပျိုးတဲ့ တိုင်းဒေသတစ်ခုဖြစ်ပါတယ်၊ ကျွန်တော်တို့အခုကျွန်တော့အနေနဲ့ ပဲစဉ်းငုံဈေးကွက် ပျက်နေတဲ့အပေါ်မှာ အစားထိုးပြောင်းလဲစိုက်ပျိုးရမယ့် အခြေအနေကိုကျွန်တော်တင်ပြပါ့မယ်၊ ပဲစဉ်းငုံဟာ ပြည်တွင်း စားသုံးမှုအနည်းငယ်ရှိတာကြောင့် အနည်းငယ်စိုက်ပျိုးသင့်ပါတယ်၊ လက်ရှိတစ်ဧကရဲ့ထုတ်လုပ်မှုကုန်ကျစရိတ်ဟာဆိုလို့ရှိရင်ကျွန်တော်တို့ဒါ စစ်ကိုင်းတိုင်းကတောင်သူတွေအစုအဖွဲ့နဲ့ ကျွန်တော်တို့ညှိတဲ့အခါကျလို့ရှိရင် ကျွန်တော်တို့ ကုန်ကစရိတ်က (၂၈,၅၀၀) ကုန်ကျပါတယ်၊ ပျမ်းမျှအထွက်နှုန်းဟာဆိုလို့ရှိရင် (၁၅) တင်းထွက်ရှိပါတယ်၊ လက်ရှိ ပေါက်ဈေးက (၁၃,၀၀၀) ဈေးဖြစ်တဲ့အတွက်ကြောင့် (၁၉၅,၀၀၀) ရရှိမှာ ဖြစ်ပါတယ်၊ တစ်ဧကမှာ (၉၀,၀၀၀) လောက် ပဲစဉ်းငုံစိုက်ရင် အရှုံးပေါ်နေတာဖြစ်ပါတယ်၊ ပဲစဉ်းငုံတစ်ဧကလျှင် အခြေခံဈေးက (၃၀,၀၀၀) လောက်ဖြစ်မှသာလျှင် တောင်သူများရဲ့အကျိုးဟာ အနည်းငယ်ရရှိလာမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ပဲစဉ်းငုံဟာ ဆိုလို့ရှိရင်သီးညှပ်လည်း စိုက်ပါတယ်၊ မြေပဲနဲ့စိုက်ပါတယ် ကျွန်တော်တို့မိုးဦးမှာ နောက်ကျွန်တော်တို့ ဂါအကြီးနဲ့စိုက်ပါတယ်၊ နောက်ပဲစဉ်းငုံနဲ့နှမ်း၊ အခုမတ်ပဲဟာဆိုလို့ရှိရင် အရင်ကဆောင်းသီးနှံအဖြစ်သာစိုက်ခဲ့ပါတယ်၊ အခုစိုက်ပျိုးရေးဌာနကနေပြီးတော့ မျိုးစေ့တွေရာသီမရွေးစိုက်နိုင်တဲ့မတ်ပဲတွေ ဒီထွက်တဲ့အတွက် ပဲစဉ်းငုံနဲ့မတ်ပဲနဲ့လည်းသီးညှပ်အနေနဲ့ ကျွန်တော်တို့အခုဒါ စိုက်နေပါတယ်၊ ကျွန်တော်တို့သီးညှပ်စိုက်တဲ့ကုန်ကျစရိ Y-3 နဲ့ Y-4 ဆိုတဲ့မြေတွေမှာပဲအဲဒီမှာမြေပဲအစားထိုး စိုက်လို့ရပါ့မယ်၊ နောက်ကျွန်တော်တို့နှမ်းစိုက်လို့ရပါမယ်၊ နောက်နေကြာစိုက်လို့ရပါမယ်၊ ဈေးကောင်းနေတဲ့ထောပတ်တို့၊ အခုဈေးကောင်း နေတဲ့ပဲပုတ်တို့စိုက်လို့ရပါတယ်၊ နောက်ကျွန်တော်တို့ Y-4 ဆိုတဲ့မြေကတော့ကျွန်တော်တို့ဒေသတွေမှာ ဂါအကြီးနဲ့ပဲစဉ်းငုံ စိုက်လေ့ရှိပါတယ်၊

အဲဒီစိုက်စရိတ်ကတော့သိပ်လည်းမကုန်ပါဘူး၊ အထွက်နှုန်းလည်းမကောင်းပါဘူး၊ Y-4 ဖြစ်တဲ့အတွက် အဲဒါတွေဟာအကျိုးဖြစ်ထွန်းမှုနည်းပါတယ်၊ အဲဒီအတွက်ကျွန်တော်တို့ခေတ်နဲ့အညီ နှစ်ရှည်သီးနှံ တွေ ကျွန်တော်တို့အခု လျှော်ဖြူတွေ၊ သရက်တွေကို အခုအစားထိုးစိုက်ပျိုးလျက်ရှိပါတယ်၊ နောက်ကျွန်တော် တို့ စွန်တာ၊ စွန်တာနီ၊ ပဲနီ၊ ကသစ် တို့ အဲဒီဟာတွေလည်း ပဲစဉ်းငုံအစား အစားထိုးလို့စိုက်လို့ရပါတယ်၊ ပြောင်းလဲစိုက်ပျိုးလို့ ရတဲ့အခြေအနေဟာ ဆိုလို့ရှိရင်လည်း ထူးခြားပြီးတော့ အခက်အခဲမရှိပါဘူး၊ ပြီးတော့ စိုက်ပျိုးနေတဲ့ဟာတွေကလည်း နိုင်ငံခြားဈေးကွက် လောလောဆယ်ရရှိနေတဲ့အတွက် အကျိုးအမြတ်က လည်း ပိုမိုရရှိလာနိုင်ပါတယ်၊ ကျွန်တော်တို့ဒီ သီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာဆိုလို့ရှိရင် အခက်အခဲတွေက သွင်းအားစုတွေက ဒီမြေဆီတွေ၊ ပိုးသတ်ဆေးတွေဟာဈေး အဆမတန်များနေပါတယ်၊ များလည်းများပါ တယ်၊ အရည်အသွေးမမှီတာတွေလည်းရှိပါတယ်၊ အရည်အသွေးမမှီတာ တွေအပြင် အတုအပတွေလည်း ရောင်းချနေတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်၊ သိုလှောင်တဲ့နေရာမှာလည်း ဓာတ်ကြွင်း၊ ဓာတ်ကျန်များ တဲ့အတွက်ကြောင့်မို့လို့ ဒီသီးနှံဈေးကွက်တွေပျက်ရတာလည်းပါပါတယ်၊ ဂယ်ယူတဲ့နေရာမှာလည်း အများ ကဖြစ်နေတာက အတန်းအစားမခွဲခြားဘူး၊ ဒိုင်တွေမှာသွားကြည့်လိုက်တယ် ဒီအတိုင်းဂယ်လိုက်တာပဲ၊ ဂယ်လိုက်တော့ကျွန်တော်တို့ကျ တော့ဈေးကွက်ကအပြည့်မရဘူး၊ ကောင်းတာလုပ်လည်း အပြည့်မရဘူး၊ မကောင်းတာ သိပ်ပြီးညံ့တာလုပ်လည်း ဒီဈေးပဲ ဆိုတော့တောင်သူတွေကကျတော့ မထူးပါဘူးကွာဆိုပြီး အဲဒီလိုလုပ်တဲ့အတွက် ကိုယ်ပဲနာပါတယ်။

အဲဒီတော့ ကျွန်တော်တို့ကုန်သည်ကြီးများအနေနဲ့လည်း ကျွန်တော်တို့အရည်အသွေး အဆင့်အ တန်းအလိုက် ခွဲခြားပြီးတော့ ဂယ်သင့်ပါတယ်၊ ကျွန်တော်တို့တစ်ချို့ဒေသတွေမှာဆိုလို့ရှိရင် အလေးချိန် တင်းတောင်းမမှန်မကန်နဲ့ ဂယ်တာတွေလည်းရှိပါတယ်၊ တစ်ချို့ဒေသတွေမှာဆိုရင်လည်း စံချိန်စံညွှန်းနဲ့ သတ်မှတ်ထားတဲ့အလေးချိန်ရှိပါလျက်နဲ့ အလေးချိန် တင်းတောင်းတွေဂယ်ယူတဲ့အလေ့တွေလည်း တစ်ချို့ မြို့နယ်တွေမှာ ရောင်းချတာ ကျွန်တော်တို့တွေ့ရပါတယ်၊ ကျွန်တော်နည်းနည်းဖြည့်စွက်ပြောရင် ကျွန်တော်တို့ ကိန်းဂဏန်းတွေပြောသွားပါတယ်၊ ဘယ်လောက်စိုက်ပါတယ်၊ ဘယ်လောက်ထွက်ပါတယ် ဆိုတာ၊ တစ်ကယ်တမ်းတော့ကျွန်တော့အမြင်ပါ အကြံပြုတာပါ၊ ယေဘုယျဖြစ်နေတယ်လို့ ကျွန်တော်ထင် ပါတယ်၊ ဘာဖြစ်လို့တုန်းဆိုရင်ကျွန်တော်တို့ နှစ်ပေါင်းများပါပြီ ကွင်းဆင်းပြီးတော့တိတိကျကျ ဘယ် မြို့နယ်ကဘယ်သူတွေ ဘာစိုက်တယ်ဆိုတာ ကွင်းဆင်းလေ့လာမှုဟာ စစ်အစိုးရကတည်းကဒီဘက် ခုအ ချိန်အထိ ကွင်းဆင်းပြီးတော့လေ့လာတာမရှိပါဘူး၊ ပြီးခဲ့တဲ့စိုက်ခဲ့တဲ့ဧကတွေကို အခြေခံပြီးတော့ဆိုတာ ပါနဲ့ပဲလုပ်နေလို့ အတိအကျမရပါဘူး၊ ဒီနိုင်ငံရဲ့စီမံခန့်ခွဲမှုကလည်း ကိန်းဂဏန်းတွေလွဲနေရင် အကုန်လုံးလွဲ

မှာပါပဲ၊ အဲဒီတော့တစ်ကယ်တမ်း တိတိကျကျစာရင်းတွေကို စိုက်ပျိုးတာတွေကို တိတိကျကျဟိုဟာဖြစ်ဖို့ လိုပါတယ်၊ နောက်ကျွန်တော်တို့ တောင်သူတွေကို ဈေးငွေနဲ့ပတ်သက်လို့ အကန့်အသတ်တွေအများကြီး ရှိတယ်၊ ကျွန်တော်တို့ကထွန်စက်ဂယ်တယ်၊ ထွန်စက်ဂယ်ပြန်တော့လည်း ထွန်စက်ပေါ်ကအာမခံစနစ်တွေ၊ နောက်တစ်ခါဘဏ်မှာလုပ်ရတယ် ဘဏ်အကျိုးဆောင်ခတွေပါတယ်၊ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က စက်မှုလယ်ယာပစ္စည်းတွေကလည်း ဈေးတွေတက်နေပါတယ်၊ ကျွန်တော်တို့တောင်သူတွေနဲ့ညှိလိုက်တဲ့အခါကျတော့ ပုံစံ(၇)ကိုအာမခံထားရှိပြီးတော့ သူ့တောင်သူရဲ့အင်အားနဲ့ကိုက်ညီတဲ့ငွေကြေးပမာဏကို အလွယ်တကူ ဟိုဟာဖြစ်အောင်ချေးပေးဖို့လိုပါတယ်၊ ကျွန်တော်တို့ပြီးတော့ပြောသွားပါတယ်အခု အထွက်ကောင်းဖို့ရယ်၊ ဈေးကောင်းဖို့ရယ် ဒါပေမဲ့အကျိုးအမြတ်ကျတော့ ဒီနှစ်ခုနဲ့မပြည့်စုံပါဘူး၊ ကုန်ကျစရိတ်လျှော့ချနိုင်တဲ့ နည်းလမ်းတွေကို ကျွန်တော်တို့ရှာရပါ့မယ်၊ ကျွန်တော်တို့တောင်သူတွေကဒါတွေကို မစွမ်းဆောင်နိုင်ပါဘူး၊ ဒါတွေကို ကျွန်တော်တို့ ဒီပညာရှင်များနဲ့နိုင်ငံတော်အပိုင်းက ကူညီရမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ထွန်စက်တွေ ရိတ်သိမ်း ခြွေလှေ့စက်တွေ စနစ်တွေနဲ့လုပ်လို့ရှိရင် ကုန်ကျစရိတ်တွေလျှော့ချနိုင်ပါတယ်၊ နောက်ကျွန်တော်တို့စောစောက ပြောသွားတာရှိပါတယ် ဆည်မြောင်းတာတမံနဲ့ပတ်သက်လို့၊ စိုက်ပျိုးရေးနိုင်ငံတွေဟာ ဒါကျွန်တော်ဆောင်းပါးလေး တစ်ခုတည်းကဖတ်ဖူးတာပါ၊ စိုက်ပျိုးမြေရဲ့ (၇၀) ရာခိုင်နှုန်းဟာရေသွင်းဧရိယာဖြစ်ရပါမယ်တဲ့ နောက်စုပေါင်းတဲ့အားနဲ့ လုပ်ရပါ့မယ်တဲ့ ဒါတွေမှသာလျှင် ခုနကပြောတဲ့ ကမ္ဘာနဲ့ယှဉ်ပြီးစိုက်ပျိုးထုတ်လုပ်နိုင်မယ်ဆိုပြီး ဆောင်းပါးတစ်ခုက ရေးထားပါတယ်၊ နောက် ၁၉၈၁-ခုနှစ်က ဒေါက်တာချစ်ခရီးသွားဆောင်းပါးလေးတစ်ခုကို ဖတ်ဖူးပါတယ်၊ အမေရိကန်ကို သွားတော့ အဲဒီမှာမေးကြည့်တယ် ခင်ဗျားတို့ဧကဘယ်လောက်ရှိတုန်း၊ (၇၀)ရှိပါတယ်၊ အဲဒီတော့ခင်ဗျားတို့လုပ်အားက ဘယ်လိုလုပ်တာလဲဆိုတော့ လင်မယားနှစ်ယောက်တည်းနဲ့ ဧက(၇၀) လုပ်ပါတယ်၊ ကျွန်တော်တို့ဆီမှာ လင်မယားနှစ်ယောက်တည်းနဲ့ တစ်ဧကတောင်မပြီးပါဘူး၊ အဲဒီတော့ ကျွန်တော်တို့ကဈေးကွက်တွေဘယ်လိုကောင်းကောင်း၊ အထွက်တွေဘယ်လိုကောင်းကောင်း၊ ကုန်ကျစရိတ်တွေလျှော့ချမရဘူးဆိုရင် အကျိုးအမြတ်တွေ ပေါ်မလာပါဘူး၊ အဲဒီတော့ ကျွန်တော်တို့ဒီကုန်ကျစရိတ်တွေ လျှော့ချနိုင်တဲ့နည်းလမ်းတွေရှာရပါ့မယ်။

အခုဥရောပနိုင်ငံတွေက စားတော်တွေသွင်းတယ်၊ ဟိုးအဝေးကြီးကလာရတယ်၊ လာရပြီးတော့ ကျွန်တော်တို့ မြန်မာပြည်မှာမြန်မာကပေါ်တဲ့ဈေးနဲ့ သုံးပုံတစ်ပုံလောက် လျှော့ချရောင်းနိုင်တယ်၊ ဒါဘာဖြစ်လို့လည်း၊ အထွက်လည်းကောင်းလို့၊ အထွက်လည်းကောင်းသလို ကုန်ကျစရိတ်ကိုလည်းလျှော့ချနိုင်တဲ့ နည်းလမ်းတွေ သူတို့မှာရှိပါတယ်၊ ဒါကြောင့်မို့လို့ အဲဒီလိုနည်းလမ်းတွေကျွန်တော်တို့ ရှာရမယ်လို့

ကျွန်တော့အနေနဲ့ခံယူပါတယ်၊ ကျွန်တော်တို့အခု ကျွန်တော်တို့ဒေသမှာပေ့ါ ကျွန်တော်လည်းအမြဲတမ်း လူကြီးတွေနဲ့ ပြောဖြစ်ပါတယ်၊ မုံရွာ၊ ဘုတလင်၊ ချောင်ဦးဟာ ကျွန်တော်တို့မြေအောက်ရေစီမံကိန်းတွေနဲ့ ဟိုးဘက်ခေတ်ကတည်းက အခက်အခဲဖြစ်ရင်တောင်သူတွေသုံးစွဲဖို့ဆိုပြီး တော့ ကျွန်တော်တို့ဒါ ဒီ(၃) မြို့နယ်မှာအစမ်းလုပ်ခဲ့ပါတယ်၊ အစမ်းလုပ်ခဲ့တော့ ဘာတွေ့ရသလဲဆိုရင်မြေအောက်ရေ တွေဟာ (၉၀) ရာခိုင်နှုန်းလောက်ရှိမယ်ထင်ပါတယ်၊ ရေတွေကအင်္ဂ ဓာတ်တွေမြင့်မားနေတော့ အစကတော့ရေရှိရင် စိုက်ပျိုးလို့ရမယ်ဆိုပြီးလုပ်လိုက်ကြတော့ နောက်ပိုင်း(၃)နှစ်(၄) နှစ်လဲနေ ရောအဲဒီမြေတွေဟာ ပျက်စီးနေပါရော၊ ဆားတွေပေါက်ပြီး အဲဒီအပေါ်မှာကျဲလိုက်တယ်၊ မိုးလေးမိပြီး လုံးဝမပေါက်တော့ ဘူး၊ အခုအချိန်အထိ အဲဒီမြေတွေဟာ လုံးဝစိုက်လို့မရတော့ဘူး၊ အဲဒီနေရာတွေမှာလျှပ်စစ်သွယ်တန်းထား ပြီးသား ရှိပါတယ်၊ အဲဒီဟာတွေကို ဒါကျွန်တော်တို့ ဇလုပ်ခြံတုန်းက ဝန်ကြီးချုပ်ရယ်၊ စိုက်ပျိုးရေးဝန်ကြီး ဒေါက်တာဦးအောင်သူ ရယ်ပါပါတယ်၊ ကျွန်တော်အဲဒီတုန်းကလည်း တင်ပြပါတယ်၊ လျှပ်စစ်နဲ့အသုံးပြုနေ တဲ့မြေအောက်ရေက ဒီလျှပ်တွေကို တောင်သူတွေကိုသုံးစွဲခွင့်ပြုလိုက်မယ်ဆိုရင် ကျွန်တော်တို့ရေတင်မယ်၊ ကိုယ်ပိုင်ရေတွင်းလေးနဲ့ဆို ကျွန်တော်တို့ မြေအောက်ရေက ပေ(၂၀၀/၃၀၀) တူးတဲ့တွင်းလောက် ဒါမငံပါ ဘူး၊ ကိုယ်ပိုင်တွင်းလေးနဲ့တူးလိုက်မယ်ဆိုရင် အချိန်ရာသီ မရွေးလည်း ရပါတယ်၊ ကုန်ကျစရိတ်လည်း လျှော့ချနိုင်ပါတယ်။ အခင်းထဲမှာလည်း တလင်းပျောက်စနစ်နဲ့ ဒီကပလပ် ပေါက်လေးတွေ ယူသွားလိုက်ရုံ နဲ့ တလင်းပျောက်စနစ်နဲ့လည်းလုပ်လို့ရပါတယ်၊ ဒါပေမဲ့ တစ်ခါတစ်လေကျတော့လည်း ကျွန်တော်တို့ လူကြီးတွေဆင်းတဲ့ အခါ မှတ်တော့မှတ်ပါတယ်၊ မှတ်တဲ့နောက်မှာ အကောင်အထည်ဖော်ဖို့ကပါမလာဘူး၊ ကျွန်တော်မေးကြည့်တယ်၊ ခင်ဗျားတို့ဗျာ အဲဒီအစီအစဉ်တွေဘယ်လိုတုန်းဆိုရင် ကျွန်တော်တို့ကိုဘာမှ မညွှန်ကြားဘူးဗျတဲ့၊ ကျွန်တော်ဆည်မြောင်းသွားမေးတယ် တစ်ခါတစ်လေမှာအဲလိုပေ့ါဗျာ၊ မှတ်တော့မှတ် သွားတယ် လူကြီးခရီးစဉ်မှာ ဖြစ်လာလား ဖြစ်မလာဘူးလားဆိုတာ ဒါတွေကိုလည်းပြန်လည် စိစစ်သင့် ပါတယ်၊ စိုက်ပျိုးရေးအောင်မြင်ဖို့က မြစ်ရေတင်နဲ့ အခြားလုပ်ငန်းတွေက ကုန်ကျစရိတ်လျှော့ချနိုင်တဲ့ ရေနဲ့လျှပ်စစ်တွေသုံးစွဲဖို့ ရအောင်လည်းကျွန်တော်တို့ ကူညီနိုင်ဖို့လိုပါတယ်လို့ ကျွန်တော်တို့ဒါတင်ပြလိုပါ တယ်၊ နောက်ကျွန်တော်တို့ တောင်သူတွေရဲ့အဓိကလိုတာကတော့ သတင်းအချက်အလက်တွေပေ့ါဗျာ မတ်ပဲဈေးကောင်းတယ်၊ ပဲစဉ်းငုံဈေးကောင်းတယ်ဆိုပြီးတော့ ငါးသောင်းဖြစ်တယ်၊ ခြောက်သောင်းဖြစ် တယ် ဆိုပြီး ကျွန်တော်တို့စိုက်လိုက်ကြတယ်၊ စိုက်လိုက်ကြတော့ များလာတဲ့အခါရယ်၊ ဟိုတစ်ဖက်က ကုန်သွယ်ရေးမူဝါဒတွေ ပြောင်းလဲလိုက်တာရယ်ဆိုတော့ စုပုံလာတဲ့ပဲတွေကဈေးကွက်မရှိဘူး၊ သူတို့ကျ တော့ သူတို့နိုင်ငံကျတော့ သူတို့နိုင်ငံရဲ့ အကျိုးစီးပွား ကာကွယ်တဲ့ဥပဒေတွေနဲ့လုပ်တယ်၊ ကျွန်တော်တို့

နိုင်ငံကျတော့ အဲဒီလိုမလုပ်နိုင်ဘူးလား၊ ကျွန်တော်တို့ အနေနဲ့ဆိုရင် စားအုံးဆီတွေတင်သွင်းမယ်၊ ကျွန်တော်တို့ဒီ ဂျုံတွေတင်သွင်းမယ်၊ စားတော်တွေတင်သွင်းမယ်၊ ဒါတွေကို ပိတ်လိုက်လို့ရှိရင် ပြည်တွင်းမှာလည်း အစားထိုးရမယ်၊ ကုန်သွယ်ရေးလိုငွေလည်းအထိုက် အလျောက်ဒါတွေကိုပြည်တွင်းမှာ စိုက်လိုက်လို့ရှိရင် လျော့ကျသွားမယ်လို့ကျွန်တော့အနေနဲ့ မြင်ပါတယ်၊ ကျွန်တော်တို့ တောင်သူများကို ကုန်သည်ကြီးများနဲ့နိုင်ငံတော်ကနေပြီးတော့ ကုန်သွယ်ဘက်နိုင်ငံများရဲ့ဈေးကွက်လိုအပ်ချက်ကို တောင်သူများသိရှိနိုင်ရန် သတင်းအချက်အလက်တွေ နောက်ရာသီဥတုနဲ့ဆိုင်တဲ့ အချက်အလက်တွေကိုလည်း တောင်သူတွေသိထားဖို့လိုပါတယ်၊ အဲဒီအချက်အလက်တွေကိုလည်း အမြဲတမ်းကျွန်တော်တို့ဆီ ရောက်မယ့်နည်းလမ်းနဲ့ ပို့သင့်ပါတယ်၊ ကျွန်တော်တို့ကမ္ဘာ့ဈေးကွက်ရရှိနိုင်မယ့်သီးနှံတွေကို ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များကို ကုန်သည်နဲ့ တောင်သူကြီးများထံသို့ နိုင်ငံတော်မှဖြန့်ဝေပေးခြင်းအားဖြင့် ထွက်လာမယ့်သီးနှံကလည်း အရည်အသွေးကောင်းမယ်၊ ကမ္ဘာ့ရဲ့ လိုအပ်ချက်နဲ့လည်းကိုက်ညီတဲ့သီးနှံဖြစ်မယ် အဲဒါကိုထုတ်ပေးပြီးတော့ ကုန်သည်ကြီးများနဲ့တောင် သူနဲ့ပူးပေါင်းပြီး အကျိုးတူလုပ်လိုတဲ့ဆန္ဒတောင် သူတွေမှာများများရှိပါတယ်၊ ကျွန်တော်တို့အထိုက်အလျောက် ကုန်ကျမှု နည်းသွားပါမယ်၊ အဲဒီတော့ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်အကျိုးရှိမှာဖြစ်ပါတယ်၊ အဲဒီလိုလုပ်ခြင်းအားဖြင့်ကျွန်တော်တို့ နိုင်ငံမှာနေတဲ့ တောင်သူလယ်သမားတွေရဲ့ (၇၀) ရာခိုင်နှုန်းဖွံ့ဖြိုးတိုးတက်လာလို့ရှိရင် နိုင်ငံတော်ကတစ်ဦးတစ်ယောက် ခရိုနီတစ်စု ချမ်းသာရုံနဲ့ နိုင်ငံမချမ်းသာနိုင်ပါဘူး၊ တောနေလူတန်းစားအများ(၇၀) ရာခိုင်နှုန်းသော လူနေမှုဘဝမြင့်မားလာမှ သာနိုင်ငံတိုးတက်တယ်လို့ ခေါ်ဆိုရမှာဖြစ်ပါတယ်၊ ကျွန်တော့အနေနဲ့ဒီလောက်ပဲ အားလုံးပဲမင်္ဂလာပါ။

❑ ❑ ❑




## နတ်မောက်မြို့ပဲစဉ်းငုံစိုက်တောင်သူများကိုယ်စား ဦးဖြိုးဝေမှ အခြေအနေဆွေးနွေးတင်ပြခြင်း

ကျွန်တော်ကတော့မကွေးတိုင်းဒေသကြီးကိုယ်စား ပဲစဉ်းငုံစိုက်တောင်သူကိစ္စကိုဆွေးနွေးဖို့ ဒီနေရာ ဒီဌာနကို ရောက်လာတာပါ၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ နကျားဒူးကျေးရွာက ကျွန်တော် ဦးဖြိုးဝေ ဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တောင်သူလည်း ယာမြေကိုစိုက်ပါတယ်၊ လက်ရှိလည်းအုပ်ချုပ်ရေး မှူးတာဝန်ယူထားပါတယ်၊ ဒီလိုပွဲမျိုးမှာ တက်ရောက်ခွင့် ရရှိတဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဒုတိယသမ္မတကြီးနဲ့တကွ ရန်ကုန် တိုင်းဝန်ကြီးချုပ် အပါအဝင် လွှတ်တော်အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးဌာနမှတာဝန်ရှိ ကျွန်တော့ဆရာသမားများ၊ ကုန်စည်ဒိုင်အသင်းမှ တာဝန်ရှိလူကြီးမင်းများ၊ ဖိတ်ကြားထားသောကြွရောက်လာကြတဲ့ ဂုဏ်သရေရှိမင်းပရိတ်သတ်အပေါင်းနဲ့ ကျွန်တော်တို့ အနယ်နယ် အရပ်ရပ်မှ တောင်သူလယ်သမားရှေ့သီအစ်ကိုများအားလုံးဟာ "မင်္ဂလာပါ" လို့ဦးစွာ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်၊ ကျွန်တော်တို့ဒီလိုပွဲမျိုးကိုတက်ရောက်ခွင့်ရရှိတဲ့အတွက် မြန်မာနိုင်ငံတော်ဒုတိယ သမ္မတကြီးနှင့်တကွ နိုင်ငံ့ခေါင်းဆောင်အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်၊ ပဲစဉ်းငုံစိုက်ပျိုးတဲ့နေရာမှာ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့်ကတည်းက ကျွန်တော်(၁၅) နှစ်သားကတည်းကစိုက်ခဲ့ဖူးပါတယ်၊ ကျေးရွာ တောင်သူလယ်သမားဘဝကတည်းက အဲဒီအချိန်တုန်းက ကျွန်တော်တို့ကလမ်းစဉ်လူငယ်မှာ တာဝန်ယူခဲ့ရ ပါတယ်၊ လမ်းစဉ်လူငယ်မှာတာဝန်ယူခဲ့ရတော့ ကျွန်တော်တို့က စိုက်ပျိုးရေး၊ အဲဒီတုန်းကလယ်စိုက်ရှင်း၊ မြေစိုက်ရှင်းလို့ ခေါ်ကြပါတယ်၊ လယ်စိုက်ရှင်းမှာ ကျွန်တော်တို့ ကကျေးရွာမှာ အကျိုးဆောင်တောင်သူ အဖြစ် တာဝန်ယူခဲ့ရပါတယ်၊ အဲဒီအချိန်ကတည်းက စိုက်ပျိုးရေး ဌာန ဒုမန်နေဂျာ ကနေ ပဲစဉ်းငုံစံပြကွက်

စိုက်ပျိုးခိုင်းလို့ ကျွန်တော်ကိုယ်တိုင်စိုက်ပျိုးခဲ့ရပါတယ်၊ အဲဒီအချိန်တုန်းက ပဲစဉ်းငုံမစိုက်ကြသေးဘူး၊ မပျိုးကြသေးဘူး၊ စီမံချက်တွေလည်း မဖော်ဆောင်နိုင်သေးပါဘူး၊ သို့သော်ဒီဘက်ကာလတွေမှာ ပဲစဉ်းငုံက ဈေးကွက်ဝင်ပြီး ဖော်ဆောင်လာတဲ့အချိန် တောင်သူလယ်သမားအများစုကပဲစဉ်းငုံ အင်မတန်အကျိုးရှိတဲ့ သီးနှံဖြစ်တယ်၊ ဘာကြောင့်တုန်းဆိုတော့ စိုက်စရိတ်၊ ရိတ်သိမ်းစရိတ်၊ မြေဩဇာ၊ မြေဆီ အထူးပံ့ပိုးစရာ မလိုဘူး၊ ကျွန်တော်တို့ မြေပဲ၊ နှမ်း ထဲမှာသီးညှပ်စိုက်ကြတယ်၊ သီးညှပ်စိုက်ခြင်းအားဖြင့် အထူးမြေဆီသူ့ အတွက်မဖို့ရဘူး၊ အထူးပေါင်းမြက်သုတ်သင်ဖို့ သူ့အတွက်မကုန်ဘူး၊ ရိတ်သိမ်းချိန်ကျလည်းလွယ်တယ်ဗျာ ကျွန်တော်တို့နောက်ပိုင်းကာလမှာ တစ်မနက်ခုတ်ညနေရိုက် ညငွေဖြူတဲ့ပဲစဉ်းငုံ (၂၀၁၅/၁၆) အထိ လေးသောင်းခွဲ၊ ငါးသောင်းခွဲရောင်းခဲ့ရလို့ တောင်သူ တွေရွှေဖြစ်ခဲ့ရတဲ့အခါပါဗျာ၊ တောင်သူတွေရွှေဖြစ်ပြီး ဒီဘက်ကာလမှာ ပြီးခဲ့တဲ့နှစ်ကစပြီး (၁၃,၀၀၀)ဆိုတော့ တောင်သူ တွေမှာတကယ် ဒုက္ခရောက်ခဲ့ရပါတယ်၊ ဒုက္ခရောက်ခဲ့လို့ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးကိုယ်တိုင် မနှစ်ကမိုးရာသီမှာ ကျွန်တော်တို့နတ်မောက်မြို့နယ်ကိုဝန်ကြီးကိုယ်တိုင် ကွင်းဆင်းပြီးစိုက်ပျိုးရေးဟောပြောပွဲတွေ ကျင်းပခဲ့ပါ တယ်၊ အဲဒီစိုက်ပျိုးရေးဟောပြောပွဲကျင်းပတာကလည်း နတ်မောက်မြို့ပေါ်မှာမကျင်းပဘူး၊ နတ်မောက်မြို့ နယ်၊ အုပ်စု (၈၀) ကိုယ်စား တောင်သူတွေကိုဖိတ်ခေါ်ပြီး နကျားဒူးကျေးရွာ တောင်သူလယ်သမားတွေရှေ့ မှာ စိုက်ပျိုးရေး ဟောပြောပွဲ ပြုလုပ်သွားတာဖြစ်ပါတယ်၊ ဆိုလိုရင်းကဒီနေ့ပေါင်းစပ်ညှိနှိုင်းပြီး အခုလို အစည်းအဝေးခေါ်တဲ့နေရာမှာ ပဲစဉ်းငုံနဲ့ပတ်သက် ပြီးအကျိုးရှိတာလေးကိုတင်ပြလိုပါတယ်၊ တောင်သူတွေ စွဲနေတုန်းပဲ ပဲစဉ်းငုံကိုစိုက်တုန်းပါ၊ ဘာကြောင့်လဲ၊ ပဲစဉ်းငုံသည် ကျွန်တော်ခုနက တင်ပြခဲ့သလို ဝန် ဆောင်စရိတ်နည်းတယ်၊ ထွက်ရှိမှုများတယ်၊ ပြီးတော့ ပဲစဉ်းငုံက ကျလာတဲ့အရွက် ကျွန်တော်တို့မြေဩဇာ အဖြစ် ပြန်လည်မြေဆီတက်ပါတယ်၊ နောက်ပြီးတော့ပဲစဉ်းငုံအရိုး ခုနကကျွန်တော့ဆရာကြီးတွေလည်း ပြောသွားပါပြီ ထင်းအဖြစ်အသုံးပြုရတယ်၊ ဝန်းထရံအဖြစ်ကာရံရတယ်၊ ပဲစဉ်းငုံ အသီးကထွက်လာတဲ့ အမှော်နွားစာ ကျွေးစာအဖြစ်ပြန်လည်အသုံးပြုရပါတယ်၊ ဒါကြောင့်ပဲစဉ်းငုံကို ကျွန်တော်တို့ တောင်သူတွေ လက်မလွှတ်နိုင်သေးဘူး၊ လက်မလွှတ်နိုင်ငြားသော်လည်းပဲ ဒီကနေ့နတ်မောက်မြို့နယ်မှာ ပဲစဉ်းငုံ အစားထိုးသီးနှံအဖြစ် ဂါ၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးနေပါပြီ၊ အစေ့ထုတ်ပြောင်းကို ကျွန်တော်တို့စာချုပ် ထားတာ ကျွန်တော်တို့တောင်ကြီးကကုမ္ပဏီနဲ့စာချုပ်ပြီး စိုက်ပါတယ်၊ နတ်မောက်မြို့မှာတော့ အစေ့ ထုတ်ပြောင်း ကုန်စည်ဒိုင်ဂယ် လက်မရှိပါဘူး၊ သို့သော်မကွေးတိုင်းက တောင်တွင်းကြီးမြို့နယ်မှာ ကုန်စည် ဒိုင်ရှိပါတယ်၊ ဒီအစေ့ထုတ်ပြောင်းကို ဘာလို့ပြောင်းစိုက်ထိုက်သလဲဆိုရင် တစ်ဧက ကိုအစေ့ထုတ်ပြောင်း ကတင်း (၈၀) ကနေ (၉၀) အထိထွက်ပါတယ်၊ အစေ့ထုတ်ပြောင်းတစ်ပိသာကို ကျွန်တော်တို့ ပြန်လည်

ရောင်းချတဲ့နေရာမှာ တစ်ပိသာကို (၆၀၀) ကျပ်၊ တစ်တင်းဆိုရင် ကျွန်တော်တို့ (၉၀၀၀) ကျပ်ရပါတယ်၊ အဲဒီအစေ့ထုတ်ပြောင်းတစ်ဧကကုန်ကျစရိတ်ဟာ (၃)သိန်း ဝန်းကျင်လွန်ရော (၄)သိန်းပဲကုန်ကျပါတယ်၊ ကျွန်တော်တို့ အစေ့ထုတ်ပြောင်းတစ်ဧကမယ် တင်း(၉၀)ကနေတင်း (၁၀၀)အထိထွက်ပါ တယ်၊ အနည်းဆုံးကျွန်တော်တို့ ကတင်း(၉၀) ဆိုရင် (၈)သိန်းဖိုး၊ (၈) သိန်းမထွက်ပါနဲ့အုံး တင်း(၆၀) ထွက်အုံး ငါးသိန်း ကျော်ရမယ်၊ ကျွန်တော်တို့ ကုန်ကျစရိတ်က (၃) သိန်းကုန်ကျမယ် တကယ်အကျိုးဖြစ်ထွန်းတဲ့ အစေ့ထုတ်ပြောင်းကို သီးနှံပြောင်းလဲစိုက်ပျိုးဖို့တကယ်လိုအပ်ပါတယ်၊ ထိုနည်းတူစွာ မကွေးတိုင်းဒေသ ကြီးဆိုတာ မိုးခေါင်ရေရှားဒေသထဲမှာ အပါအဝင်ဖြစ်ပါတယ်၊ ဂါသီးနှံကိုလည်း အစားထိုး ပြောင်းလဲစိုက်ကြ ပါတယ်၊ ဂါသီးနှံကလည်း မနှစ်ကဂါ တစ်ပိသာကို (၁၂၀၀) ကျပ်၊ ဂါတစ်ပိသာကို တစ်ထောင်အောက် သာမကျရင် ကျွန်တော်တို့တောင်သူလယ်သမားတွေဟာ ဘယ်လိုပဲ ဖြစ်ဖြစ် စိုက်ရေးပျိုးရေးမှာ အရင်းမရှုံး ပါဘူး၊ အမြတ်ထွက်ပါတယ်၊ ဒါကြောင့်ဂါသီးနှံအစားထိုးသီးနှံအဖြစ် နောက်ကျွန်တော်တို့အစေ့ ထုတ်ပြောင်း ဒါတွေကိုစိုက်ပျိုး သင့်တယ်လို့ အကြံပြုလိုပါတယ်၊ ကျွန်တော်တို့ မကွေးတိုင်းမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ JV စိုက်စနစ်နဲ့ ပဲတီစိမ်းဆိုလို့ရှိ ရင်ဧက (၇၀၀) စိုက်ပျိုးပြီးအောင်မြင်နေပါပြီ၊ နှမ်းဧကဆိုရင် နှမ်းဧက (၁၅၀၀) လောက်နှမ်းနက်စိုက်ပျိုးနေပါပြီ၊ မြေပဲဆိုလို့ရှိရင် ကျွန်တော်တို့ဧက(၅၀၀) မကွေးတိုင်း ဒေသကြီး အနေနဲ့ စိုက်ပျိုးပြီးအောင်မြင်ဖြစ်ထွန်းနေပါပြီ၊ ဒါကြောင့် အချုပ်ကိုပြောရမယ်ဆိုရင် ကျွန်တော် တို့ဒီကနေ့ပြုလုပ်ကျင်းပတဲ့ပွဲဟာဆိုရင် နိုင်ငံတော်အကြီးအကဲများနဲ့ အတတ်ပညာရှင်များ၊ အသိပညာရှင် များ ကျွန်တော်တို့တကယ့်ကို စိုက်ရေး ပျိုးရေးမှာလုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများ ထိပ်တိုက်တွေ့ ဆုံညှိနှိုင်းပြီး တိုင်းပြည်အတွက် အခွန်ငွေတိုးအောင်၊ တောင်သူလယ်သမားတွေအတွက် ဝင်ငွေတိုးအောင်၊ ဆောင်ရွက်တဲ့ပွဲဖြစ်ပါသောကြောင့် များစွာဝမ်းမြောက် ဂုဏ်ယူကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါ တယ်ခင်ဗျာ။

❑ ❑ ❑



ယနေ့မြန်မာ့ပဲမျိုးစုံထုတ်လုပ် တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲမှာတာဝန်ရှိလို့ တာဝန် သိလို့ ဒီအစည်းအဝေးမှာကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးကို အချိန်ကန့်သတ်ပြီး ချုံ့ပြီးတော့မှ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သပါတယ်ခင်ဗျာ၊ ကျွန်တော်ကတော့ ရေစကြိုမြို့နယ်၊ ငွေးကုန်ကျေးရွာက တောင်သူကိုသိန်းထွန်းဖြစ်ပါတယ်၊ ကျွန်တော့အရည်အချင်းကတော့ ကျွန်တော်(၇)တန်းအောင်ပြီးတော့ (၈)တန်းကာလမှာအကြောင်းအမျိုးမျိုးကြောင့် (၁၅)နှစ်သားမှာ ကျောင်းမလိုက်နိုင်ပဲနဲ့ ယခုအချိန် အထိ တောင်သူလုပ်သားအဖြစ်နဲ့ (၄၈) နှစ်ရှိခဲ့ပြီပေါ့ခင်ဗျာ၊ အဲဒီတော့ ကျွန်တော်စောစောက ဆရာ့ဆရာများ တင်ပြတဲ့အထဲမှာ ကနေ့ပဲစဉ်းငုံအစား မတ်ပဲအစား ဘာတွေစိုက်ကြမလဲလို့ ဒီအဖြေတွေနဲ့ဆက်လက်ပြီး တော့ ပြောကြားလိုပါတယ်၊ ရေစကြိုမြို့နယ်ဆိုတာကတော့ မိုးခေါင်ရေရှားဒေသဖြစ်တဲ့ အတွက်ပဲစဉ်းငုံ ကိုပဲ အဓိကထားပြီးတော့မှ စိုက်ပျိုးပါတယ်ခင်ဗျ၊ နဂိုတုန်းကတော့ လေးသောင်းကျော်ငါးသောင်းဖြစ်တုန်း ကတော့ တောင်သူတွေပါးစပ်ကတော့ ကျောက်နီ၊ ကျောက်နီနဲ့ အခု(၁၃,၀၀၀) ကျတော့ ပဲစိတ်ကုန်ဖြစ် သွားပြီပေါ့ဗျာ၊ ပဲစိတ်ကုန်ဖြစ်သွားကြတဲ့အခါကျတော့ ဘာတွေအစားထိုးလိုက်သလဲဆိုတော့ ကျွန်တော်တို့ မနှစ်ကတုန်းကတော့အဆင် ပြေတယ်ခင်ဗျ၊ မိုးဦးက ဧပြီလဆန်းမှာကျတဲ့အခါကျတော့ ဩဂုတ်လမှာ နှုတ်လိုက်တယ်၊ နှုတ်လိုက်တဲ့အခါကျတော့ ဒီဘက်မှာစက်တင်ဘာ (၃) ရက်ဆိုတာတောင်သူကတော့ ကျီထည့်ခေါ်တာပေါ့ဗျာ ဒီနမ်းဆိုတာကလည်း တော်တော်ခက်တယ်ဗျ၊ စက်တင်ဘာ(၃) ရက်ကျီထည့် တယ်၊ လွန်စိုက်လို့လည်းမရဘူး၊ လွဲ(၇)ရက်၊ တည့်(၇) ရက်ဒီလိုရှိတယ်ဗျာ၊ အဲဒီတော့ကျွန်တော်တို့

မတည့်ခင်စိုက်ပြန်တော့လည်း အဖိုတွေများတယ်၊ အဲတာဆေးရောင်းတဲ့ပုဂ္ဂိုလ်တွေ၊ စိုက်ပျိုးရေး သမားတွေကျတော့လည်း အဲဒါဆေးမပက်လို့ပါဗျာ၊ ဒါကလည်း တောင်သူနဲ့စိုက်ပျိုးရေးသမားနဲ့ ဆေးသမားတွေကလည်း စိန်ခေါ်မှုတစ်ရပ်ပါပဲ၊ ကျွန်တော်တို့ကရအောင်ပက်ပြန်တော့လည်း အကျိုးထူးချင်မှထူးတာ အဲဒီအရင်းအနှီးကုန်ကျ ငွေတွေ ကျွန်တော်တို့မှာများလာတာမို့ ကျွန်တော်တို့ရဲ့နှမ်းစိုက်ပျိုးတာ ဘာလဲဆိုတော့ စက်တင်ဘာ(၉) ရက် (၁၀) ရက်ကို အကောင်းဆုံးထားပြီးတော့စိုက်တယ်၊ နောက်ကျလို့ရှိရင် သိပ်ပြီးအပင်မဖြစ်ထွန်းလို့ စောပြန်တော့လည်း အဖိုတွေ များတာမို့ အဲဒီနှမ်းစိုက်ရက်ဟာ ကန့်သတ်တာမို့ ဒီနှစ်မေလကုန်မှာမိုးဦးကျတယ်၊ ခုသုံးလပဲတွေစိုက်တယ်၊ ပဲစိတ်ကုန်တဲ့အတွက် ကျွန်တော်တို့ပဲစဉ်းငုံ မစိုက်လိုက်ရဘူး၊ ဘာလုပ်မလဲလို့ ကျွန်တော်တို့ဦးနှောက်ခြောက်နေတယ်၊ ကျွန်တော်တို့ တောင်သူတွေမှာ ဒါစိုက်မှဒါရမှစားရတာမို့ ကျွန်တော်တို့ရင်ထဲမှာ တော်တော်ကိုပူလောင်နေတာ အဲဒီအဖြေ ကြီးကို ပဲစဉ်းငုံလည်းမစိုက်ချင်ဘူး၊ အခုမေလကုန်မှမိုးကျတာ အခုအချိန်အထိ မေလကုန်ဆိုတော့ ဇွန်လမှာ တစ်လလုံး ရွာလိုက်တော့ ပေါင်းတွေကသီး၊ လုပ်အားတွေကဆုံးရှုံး၊ ပေါင်းနှုတ်ချိန်မှာ လုပ်သားခေါ်လို့မရ၊ တောင်သူမလုပ်တဲ့ သူတွေကတစ်နှစ်ပြန်လာလို့ရှိရင် သိန်းအစိတ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်ပါလာကြတယ်၊ ကျွန်တော်တို့တောင်သူ ဖက်တွယ်ထားတဲ့သူတွေကတော့ အခက်အခဲမျိုးစုံကိုရင်ဆိုင်နေရတယ်၊ ဒီကြားထဲမှာပဲစိတ်ကုန်ဖြစ်သွားတဲ့အခါကျတော့ အခုကျွန်တော်တို့ စက်တင်ဘာမှာပဲမနှုတ်ရတော့ဘူး၊ နှမ်းမမှီတော့ဘူး၊ အဲဒီတော့ကျွန်တော်တို့ ဆောင်းပဲစိုက်၊ ဆောင်းပဲစိုက်မယ်ဆိုရင်လည်း အခုရာသီဥတုကလည်း ခင်ဗျားတို့သိတဲ့အတိုင်းပဲ၊ သီတင်းကျွတ်မိုးကျွတ်တာဆိုတော့ ဆောင်းပဲလည်းမစွဲဘူး၊ ဘာလုပ်ကြမတုန်း ကျွန်တော်တို့တတ်နိုင်သလောက်တော့ လယ်ကျင်းတွေမှာဆိုလို့ရှိရင် လယ်ပြီးလို့ရှိရင် အတင်းအဓမ္မ နွားတွေကိုရိုက်မောင်းပြီးတော့မှ ထွန်စက်ကျတော့လည်းအခြေအနေမပေးဘူး၊ ထွန်စက်တိုင်းလည်းကောင်းသေးတာမဟုတ်ဘူး၊ ကုလားပဲကိုလိုက်စိုက်တယ်၊ ပက်ကြားကွဲတယ်၊ ပက်ကြားကွဲတဲ့အထဲမှာ ကျွန်တော်တို့ ပိုလ်ဖိနပ်တွေစီးပြီးတော့မှ ပက်ကြားကွဲတွေထဲကို ရေထည့်တာ ရေထည့်မှ ဒီကုလားပဲကရသွားတာ အဲဒီတော့ဆိုလိုချင်တဲ့သဘောက ဆောင်းပဲစိုက်လို့မရဘူး၊ ကုလားပဲကလည်းရေပေးမှရနေတယ်၊ သီတင်းကျွတ်မိုးကျွတ်တာမို့ အဲဒီတော့တောင်သူတွေကဘာလိုသလဲ ငွေမလိုပါဘူး၊ ရေလိုပါတယ်ခင်ဗျာ ကျွန်တော်တို့ဘာကြောင့်ရေလိုသလဲ ဆိုတော့ဒေသဖူလုံရေးဆိုပြီးတော့ ပြီးခဲ့တဲ့အစိုးရလက်ထက်က လုပ်ကြတယ်၊ အောင်မြင်ပါတယ်၊ ရေပေးနိုင်တာကိုးဗျ၊ ကျွန်တော်တို့ဥပမာပြောကြမယ်ဆိုရင် ဆင်ဖြူရှင်တံတားဖွင့်ပွဲမှာ နိုင်ငံတော်အကြီးအကဲတစ်ယောက်ရောက်လာတဲ့အခါ ကျတော့ ဟာဒီနေရာခြောက်ခမ်းလှချည်လားတဲ့ ခြောက်ခမ်းတာမမြင်ချင်ဘူးဆိုတော့ မင်းရွာမြစ်ရေတင်စီမံကိန်း

ဆိုပြီးတော့ မြစ်ရေတင်စီမံကိန်းလုပ်တယ် လုပ်တဲ့အခါကျတော့နဂိုက အဲဒီရွာတွေကကန်ရေသောက်၊ မြက်ခြောက်စား ဘဝကနေပြီးတော့ အခုဖေြဖုလဆိုရင်လည်းနှမ်းကဲ့လို့ရတယ် ဒီရေကိုတင်ပြီးတော့ လယ်စိုက်လို့လည်းပဲဆူဖြိုးနေပြီ၊ အဲဒီတော့ကာ ကျွန်တော်တင်ပြချင်တာက အစားထိုးသီးနှံစိုက်ဖို့က ဥတုရာသီနဲ့မှီလို့မရတော့ပါဘူး၊ ရေကိုသာလျှင် ကျွန်တော်တို့အဓိက ထားရမှာဖြစ်ပါတယ်၊ အဲဒီတော့ကာ မြစ်ရေတင်တစ်လျှောက်မှာဆိုရင် ဆိုကြပါစို့ကျွန်တော့အနေနဲ့ ပြောမယ်ဆိုရင် ကိုယ်ရေးကိုယ်တာပြော တယ်လို့တော့မထင်ပါနဲ့ မြစ်ရေတင်စီမံကိန်းကျွန်တော်တို့ဆီမှာဆိုရင် မင်းရွာကနေရေကြီးတောရောက်ပြီ ကျွန်တော်တို့ကွင်းနံပါတ်(၅)တို့(၈)တို့ဆိုရင် ပဲစိုက်လို့လည်းရတယ်၊ ကုလားပဲစိုက်လို့ လည်းရတယ်၊ ဒလိုနေရာမျိုးတွေမှာ ရေပေးမယ်ဆိုလို့ရှိရင်အစားထိုးသီးနှံတွေစိုက်လို့ရတာပေါ့၊ နို့မို့ဆိုရင် ဘယ်လိုနည်းနဲ့ မှမအောင်မြင်နိုင်ဘူးဗျာ၊ တောင်သူဆိုတာ(၃)မျိုးရှိပါတယ်ဗျ၊ ရေတင်တောင်သူ၊ ရေဂင်တောင်သူ၊ သဘာဂကိုမှီခိုစား သောက်တဲ့တောင်သူဆိုပြီးတော့မှ (၃) မျိုးရှိပါတယ်၊ (၇၅) ရာခိုင်နှုန်းမှာ သဘာဂကို မှီခိုစားသောက်တဲ့တောင်သူက သုံးချိုးနှစ်ချိုးလောက် ကျွန်တော်ကတော့ဂန်ထမ်းမဟုတ်တဲ့အတွက် ဦးရေ ကတော့မပြနိုင်ပါဘူးခင်ဗျာ ဒါပေမဲ့ကြည့်လိုက်ပါ တော်တော်များများဟာ သဘာဂကိုမှီခိုစားသောက်တဲ့ တောင်သူတွေဖြစ်နေတဲ့အတွက် အခုလိုလက်လှမ်းမှီမြစ်ရေတင် စီမံကိန်းလေးတွေ လုပ်ပေးမယ်၊ အဲဒီလိုရေဖန်တီးပေးမယ်ဆိုရင် ရေဂင်တောင်သူ၊ ရေတင်တောင်သူ ဖြစ်နိုင်ပါတယ်၊ ဒါလေးတွေကိုလည်း နိုင်ငံတော်အကြီးအကဲများကဦးနှောက်စားပြီးတော့မှ ကနေ့စောစောကပြောသလိုပေါ့ မြစ်ရေတင် စီမံကိန်းကနေပြီးတော့မှ ကျွန်တော်တို့ကွင်းဆိုလို့ရှိရင် တစ်မိုင်တောင်မရှိတော့ဘူး၊ ဒါတွေကိုဆက်ပေး လိုက်မယ်ဆိုရင် အစားထိုးသီးနှံတွေလုပ်လို့ရပြီ တောင်သူတွေဆူဖြိုးလာပြီ၊ ကနေ့လျှပ်စစ်တွေ ကျွန်တော် တို့ရွာမှာသိန်းပေါင်း (၂၅၀၀) အကုန်ခံပြီးတော့ လျှပ်စစ်သုံးတယ်၊ ကျွန်တော်အားမကျဘူး၊ အားအားရှိ ဗီဒီယိုကြည့်နေတာ ဒီလိုနေရာမျိုးတွေဆိုလို့ရှိရင် ဗီဒီယိုကြည့်နေမယ့်လျှပ်စစ်တွေအစား စိုက်ပျိုးရေးကို ရေတင်နိုင်တဲ့လျှပ်စစ်မျိုးတွေ ဖန်တီးပေးရင်မကောင်းကြပေဘူးလား၊ မြစ်ရေတင်စီမံကိန်းကလည်း ထာဂစဉ်စပါးလိုရေတောင်းနေတာမဟုတ်ပါဘူး၊ ကျွန်တော်တို့လိုချင်တဲ့တစ်ရေကဘာလဲ ကျွန်တော် တို့မိုးဦးနှမ်းစိုက်လို့လဲရတယ်၊ ပဲတီစိမ်းလည်းစိုက်လို့ရတဲ့ မတ်လတတိယပတ်နဲ့ ဧပြီလအချိန် ကျွန်တော်တို့ လိုချင်ပါတယ်၊ အဲဒါကရေရရှိဖို့အတွက် ရေရနိုင်တဲ့နေရာတွေပေါ့ဗျာ ရေမရနိုင်တဲ့ကွင်းခေါင်ခေါင်ကြီးကို ရေတောင်းတာ မဟုတ်ပါဘူး၊ မြစ်ရေတင်စီမံကိန်းနဲ့ရေရနိုင်တဲ့နေရာမျိုးတွေကို ဒါလေးတွေဦးနှောက်စား ပေးကြပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါကမြစ်ရေကိုရတဲ့အခါကျတော့ စောစောကပြောတဲ့စက်တင်ဘာလည်း နောက်တစ်သီးမှီလို့ရတယ်၊ အခုအဲဒီအချိန်ရမယ်၊ ဂါဆိုဂါခေါင်ရေဖောင်ဖောင်ဆိုပေမယ့်လို့ ကျွန်တော်

တို့ဆီကလေတပောပောနဲ့ မိုးခေါင်နေတာ အခုဆိုရင်ကျွန်တော်တို့ ဖွယ်ချပြီးတော့ အောင်ကာနီးတွေကော ဖွယ်ချတွေကော မှိုင်နေကြပြီမိုးမရှိတော့ဘူး၊ မြစ်ရေတင်လေးနဲ့အစားထိုး ပေးလိုက်မယ်ဆိုရင်ရတယ်၊ တောင်သူတွေကလည်း ဒါရမှဒါစားရမှာဆိုတော့မလုပ်ချင်ဘဲ ရှိမလားဗျာ အရှုံးအမြတ်ထည့်တွက်ရတာပေါ့၊ စိုက်ပျိုးရေးဌာနတွေကလည်း မြေသြဇာတွေကောင်းကြောင်း၊ ဆေးတွေ ကောင်းကြောင်းလာပြောတာ ပောတာပေါ့၊ ဒါပေမဲ့ကျွန်တော်တို့က မသေချာတဲ့ဘဂ မရေရာတဲ့ဘဂဒါတွေရင်းနှီးလို့မရဘူး၊ ကြိတ်ပြီးတော့ ဟုတ်မှဟုတ်ပါ့မလားဆိုတဲ့ပုံစံမျိုးပေါ့ဗျာ၊ ဆိုလိုတာကကျွန်တော်တို့ပြီးခဲ့တဲ့တစ်နှစ်တုန်းက ဆိုလို့ရှိရင် ဟာမြေသြဇာ ကောင်းတယ်လုပ်လိုက်တယ်၊ ဟာစက်တင်ဘာလစရှာလိုက်တာနှမ်းတွေကလုံးဂပဲ စောစောက ပြောသလိုကြီးလေပျက်လေဖြစ်တော့ ရက်ကလွန်သွားတော့လုပ်လို့မရတော့ဘူး၊ အဲဒီလိုဆိုတော့ ကျွန်တော်တို့ကဒါလုပ် မှဒါစားရတာဆိုတော့ သိတယ်မြေသြဇာကောင်းတွေလေးငါးသောင်းတွေထည့်ရင်ကောင်းမှန်းသိတယ်၊ မထည့်နိုင်ခဲ့ဘူး၊ စီးပွားရေးအရမထည့်နိုင်ခဲ့ဘူး၊ အဲဒီလိုထည့်နိုင်အောင် တောင်သူတွေရဲ့ဘဂ ဘေးအန္တရာယ်ဖြစ်လို့ရှိရင် ကူညီကြသလိုပေါ့ဗျာ တစ်ကယ်လည်းပဲတောင်သူတွေကဘာလိုသတုန်းဆိုတော့ ကနေ့စိုက်ပါဆိုရင် ဟုတ်မှဟုတ်ပါ့မလားပေါ့နည်းနည်း စောင့်ကြည့်ကြသေးတာပေါ့၊ အဲဒီလိုနေရာမျိုးတွေမှာ အကြီးအကဲများကစမ်းသပ်စိုက်ပျိုးကွက်အနေနဲ့ တောင်သူနဲ့ပေါင်းပြီးတော့မှ စမ်းသပ်စိုက်ပျိုးကွက်ထွန်ပေးပါ၊ အဲဒီပုဂ္ဂိုလ်ရှုံးရင်လည်း နိုင်ငံတော်အစိုးရက ထောက်ပေးပါ၊ နိုင်လို့ကတော့ဒီ လူထွက်သွားပြီဆိုရင် လုပ်မှာမပူနဲ့ တောင်သူတွေကဒါရမှဒါစားရတာမို့ လက်ဦးဆုံးကျတော့ဟုတ်မှဟုတ်ပါ့မလား ငါ့ဒါရမှဒါစားရမှာ ကျွန်တော်တို့တောင်သူတွေမှာ အဲဒီအခက်အခဲရှိပါတယ်၊ အဲဒါမျိုးကြောင့် တောင်သူတွေစမ်းသပ် စိုက်ပျိုးတဲ့ဟာမျိုးမှာ စိုက်ပျိုးရေးဌာနကပုဂ္ဂိုလ်များက စိုက်ပျိုးရေးဌာနတွင်ပဲမနေပါနဲ့ စိုက်ပျိုးရေးဌာနကလည်း ကျွန်တော်တို့သူတို့ကြားရင်လည်း ခံချင်မှခံနိုင်မှာနော်သူတို့ကွင်းဆင်းလေ့လာမှုကနည်းတယ်နော်၊ နည်းတယ်၊ အားကြိုးမာန်တက် စိုက်ကြပျိုးကြလုပ်၊ ရှုံးရင်နိုင်ငံတော်ကစိုက်၊ အောင်မြင်သွားမယ်ဆိုရင် ခင်ဗျားတို့ဘာမှစည်းရုံးစရာမလိုဘူး၊ နောက်က လိုက်လာမှာဒါရမှဒါစားရမယ့် ဘဂမို့ပါ၊ အဲဒါကြောင့်မို့လို့ ရေလိုပါတယ်၊ ရေလိုပါတယ်ဆိုတာမဖြစ်နိုင်တဲ့နေရာကိုမတောင်းပါဘူး၊ ရေအောက်ရရှိတဲ့နေရာမျိုး၊ ကျွန်တော်တို့ကျေးရွာဆိုရင် သဘောတရားပတ်ပတ်လည်ရေတွင်းတွေရှိတယ်၊ ဆီတစ်ဂါလံသုံးထောင် ကျော်ပေးမောင်းနေမယ့်အစား ခလုပ်လေးနှိပ်လိုက်ပြီးမော်တာလေးဆင်လိုက်လို့ရှိရင် ဘယ်လောက်အဆင်ပြေလိုက်မလဲ ဒါကြောင့်ကျွန်တော်ကျေးရွာ မီးရတာဂမ်းမသာပါဘူးလို့ပြောတာ ရွာကတော့ကျေနပ်ချင်မှကျေနပ်မှာပေါ့ဗျာ အဲဒီလိုစိုက် ပျိုးရေးနေရာတွေမှာလိုအပ်တဲ့လျှပ်စစ်သုံးနိုင်မယ်ဆိုရင် ခလုပ်လေးနှိပ်တာနဲ့ဂန်ဆောင်မှုတွေ ဘယ်လောက်သက်သာ

သွားသလဲ၊ အခုတော့တစ်ဂါလံ သုံးထောင်ကျော်မောင်းပေးပေမယ့် အဲဒါမကိုက် တော့ဒီရေရှိပေမယ့်လည်း မတင်ရဲဘူး၊ အဲလိုဖြစ်နေတာ အဲဒီတော့မြစ်ရေတင်စီမံကိန်းတွေလုပ်ပေးပါ ရေရအောင်လုပ် ပေးပါ ရရှိတဲ့နေရာမျိုးတွေကိုလေ၊ အဲဒါမျိုး လုပ်ပေးပါ ဒါလေးကိုလည်း ကျွန်တော်တင်ပြချင်ပါတယ်၊ ဒါမှသာလျှင် အစားထိုးသီးနှံတွေ ရပါတယ်။ တောင်သူတွေ စကားရှိပါတယ်ဗျ၊ ငွေမလိုဘူး ရေလိုပါတယ် ရေသာရှိရင် တော့ဖြင့် တောင်သူတွေလုပ်ပါတယ်၊ တောင်သူတွေက တီကောင်မျိုးလိုပါပဲဗျာ ရှုံးမှန်းသိပေမယ့်လို့ မြေလေးစိုလာရင်တီကောင်လို ဆွချင်၊ ယက်ချင်၊ စိုက်ချင်နေကြတာပါဗျ၊ အားပေးဖို့ပဲလိုပါတယ်၊ မြေ ဩဇာကောင်းတွေ တကယ့်ကို မြေဩဇာကောင်း ဆိုတဲ့နေရာမှာလည်း လိုတယ်ဗျ၊ စောစောတုန်းက ကြားလိုက်ပါသေးတယ်၊ ဗမာလိုပြန်မှ ထုတ်ခွင့်ပေးမယ်တို့ဘာတို့ ပေါ့ဗျာ သဘောတရားက မြေဩဇာတွေ ဘာတွေ ကြားလိုက်ပါသေးတယ်၊ ကျွန်တော်တို့အင်္ဂလိပ်စာလည်းမတတ်ဘူး၊ သူတို့ကောင်းရင်ကောင်း တယ်ပေါ့၊ စားကြည့်တော့လည်းပဲ နည်းနည်းငံတော့ငံသကွ ဒီလိုလေးပဲလုပ်နေရတဲ့အနေ အထားမှာရှိ တယ်ပေါ့ဗျာ၊ အဲဒီတော့ မြေဩဇာများကိုလည်းပဲ အာမခံချက်ရှိတဲ့မြေဩဇာမျိုးဖြစ်အောင် ဆန်းစစ်ပေးဖို့ လိုပါတယ်။ အကြီးအကဲများက တစ်ကယ်ကိုအဖိုးရှိ အဖိုးတန်အမျိုးမှန်တဲ့မြေဩဇာမျိုးဖြစ်အောင်လို့ မြေဩဇာကောင်းများကိုလည်း ရရှိအောင်ဖန်တီးပေးပါ၊ ထပ်ဆင့်ပြောရအုံးမယ် ငွေမလိုပါဘူးရေရရှိအောင် လည်းပဲ ပြုလုပ်ပေးပါလို့ အတိုချုပ် အနေနဲ့ဒီလောက်ပဲ ခုနကစောစောက ဆရာ့ဆရာသမားတွေကလည်း တင်ပြတာမို့ပေါ့ဗျာ၊ ခေါင်းစဉ်အောက်တော့ တူချင်မှတူမှာဗျ ဒါပေမဲ့တစ်ခုပြောချင်တာကတော့ ကျွန်တော်ရှိ သေးတယ်ဗျ၊ အခုစိုက်ပျိုးရေးဝန်ကြီးဌာနကလည်း ပြောတယ်၊ စက်တွေ ဘယ်နှစ်စီးရောက်သွားတာမို့ နွားတွေမလိုတဲ့အတွက် ကျွန်တော်တို့ဈေးကွက်ထဲကို ရောင်းရပါတယ်ဆိုတာ ကျွန်တော့ အနေနဲ့ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ရင်လေးပါတယ်နော် “ကတင်ညုတ၊ ကတဂတီ” မသိတတ်သူ ထိုသတ္တဝါ၊ လူများစွာတို့ ပေါ့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူးတဲ့၊ ဓမ္မခန္တာစစ်ရေ ကျဖျားရေသို့ ကျက်သရေမတိုး၊ ဘုန်းရောင်ညှိုးတယ်တဲ့ ကျွန်တော် (၁၅) နှစ် ကျွန်တော့ဘိုးဘွားတွေလက်ထက် နွားတွေနဲ့လုပ်လာတာပဲ၊ အခုနွားတွေ ထွန်စက်ဆိုတဲ့အတွက် မလိုလည်းဘဲ နေရာတိုင်းထွန်စက်လုပ်လို့ မရပါဘူး၊ ကျွန်တော်တို့အပူပိုင်းဒေသတွေမှာ ရလာတဲ့အစိုဓာတ်လေး မပျောက်ပျက်အောင် ထပ်သဖူးလေးမူတ်လိုက် သံပူးလေးလိုက်လိုက်နဲ့ စက်နဲ့လုပ်လို့မရဘူး၊ အဲဒီတော့နွားတွေကို ကာပြန်လို့မရသေးဘူး၊ ကျေးဖူးရှင်တွေ ကျေးစွပ်လို့မရသေးပါဘူး၊ အဲဒီတော့က ကျွန်တော်ကနွားတွေအတွက်လည်း ဘာနဲ့နှိုင်းရမလဲဆိုတော့ ကျွန်တော့မိန်းမသေသွားတယ်၊ ကျွန်တော်ဘယ်သားသမီးနဲ့နေမလဲ၊ သေတော့မသေသေးဘူး၊ မသေခင် ကကျွန်တော်စဉ်းစားကြည့်လိုက်တယ်၊ ကျွန်တော်ရင်ထဲမှာနင့်သလိုခံစားရသလို ငါ့နွားတစ်ကောင်သေ

လို့ရှိရင် ဒီလောက်အဖိုးကြီး ငါဂယ်နိုင်ပွဲမလား ဒါကိုကျွန်တော့ရင်ထဲမှာနင့်နေအောင်ခံစားရပါတယ်၊ မြေပူလက်နာဖြစ်တယ် နွားတစ်ကောင်သေသွားရင် ဒီအခုနိုင်ငံခြားပို့နေတဲ့ဈေးတွေနဲ့ ငါတို့ဂယ်နိုင်ပွဲမလား ခုနကပြောတဲ့ ဒီဗုဒ္ဓရဲ့တရား အစဉ်လိုက်အတိုင်းပဲ စောစောကပြောတဲ့လင်္ကာကို မန်လည်ဆရာတော်ဘုရားကြီးက မာဃဒေဂမှာစပ်ပါတယ်နော်၊ ကတင်ညုတ ကတဂတီ ကျေးဇူးသိတဲ့သူနော် ကျေးဇူးမသိဘဲနဲ့ ကျေးဇူးကန်းတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ် လောက်ပဲလုပ်လုပ် စီးပွားရေးရာ မြဲမခိုင်ဘူးလို့ဆိုထားတဲ့အတွက် ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ဟိုဟာပြုပါတယ်၊ ပြီးတော့ လယ်တီဆရာ တော်ဘုရားကြီးရဲ့ ကျွဲ၊ နွား မေတ္တာစာတွေဖတ်ကြည့်ကြစမ်းပါအုံး၊ ဘယ်လောက်ကျွဲ၊ နွားတွေက တန်ဖိုးကြီးမားသလဲ၊ ကနေ့ခိုင်းလို့ အားရမှ သားသတ်ကုန်းကိုပို့တဲ့ လူယုတ်မာဘဂမျိုး ကျွန်တော်တို့တောင်သူတွေ မဖြစ်ချင်ပါဘူး၊ အဲတာနဲ့ပတ်သက်ပြီးတော့လည်းပဲ နွားများကိုပြည်ပကိုတင်ပို့ရောင်းချမှုနဲ့ပတ်သက်ပြီးတော့ စဉ်းစား ပေးစေချင်ပါတယ်၊ နွားစပယ်ရှယ်ခိုင်းလို့ရအောင်၊ နွားတစ်ကောင်သေရင်တစ်ကောင်ခိုင်းလို့ရအောင် ဒါလေးတွေကိုလည်းပဲ လူကြီးမင်းများက ပြန်လည်သုံးသပ်ပေးပါလို့ ပြောကြားရင်းဖြင့် တောင်သူများရဲ့ ကိုယ်စား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

❑ ❑ ❑


တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေး
၈-၂၀၁၈ (စနေနေ့)


မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
CCI Office Tower

# မတ်ပဲ၊ ပဲစဉ်းငုံ ဈေးကွက်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်မှ ဆွေးနွေးခြင်း

ကျွန်တော် ဒီနေ့ကျင်းပပြုလုပ်တဲ့မြန်မာ့ပဲမျိုးစုံ ပြောင်းနှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆွေးနွေးပွဲကို တက်ရောက်ချီးမြှင့်ပေးပါသော ဝန်ကြီးဌာန နိုင်ငံတော် ဒုတိယသမ္မတကြီးနှင့် တကွ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးများ ဒုတိယ ဝန်ကြီးများ လွှတ်တော်ကော်မတီ အသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ UMFCCI ဥက္ကဌကြီးနှင့်တကွ ညီနောင်အသင်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူဦးကြီးများ၊ပညာရှင်ကြီးများ နှင့် မီဒီယာများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ကျွန်တော်အနေနှင့် ဂါဝရပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ထမ်းဆောင်တဲ့ ဦးတိုးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော်အနေနှင့် ကျွန်တော့် တင်ပြချက်ကို သုံးပိုင်းပိုင်းပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ ပထမပိုင်းအနေနှင့် ကျွန်တော်တို့ ပဲမျိုးစုံ ပြည်ပတင်ပို့မှု အခြေအနေဖြစ်ပါတယ်။ ဒုတိယအပိုင်းအနေနှင့် ပဲမျိုးစုံ ပြည်တွင်းဈေးနှုန်းတွေပြောင်းလဲမှု အခြေအနေဖြစ်ပြီးတော့ တတိယပိုင်းကတော့ ကျွန်တော်တို့လက်ရှိဖြစ်ပေါ်နေတဲ့ အိန္ဒိယနိုင်ငံ ဈေးကွက်အခြေအနေနှင့် ကျွန်တော်တို့ မြန်မာနိုင်ငံက ရောင်းချတဲ့အခြေအနေ ပေါ်မှာ ကျွန်တော်ရဲ့ လေ့လာတွေ့ရှိချက်လေး ကို အကျဉ်းချုပ်တင်ပြသွားမှာဖြစ်ပါတယ်။

ပထမဆုံးအနေနှင့် ကျွန်တော် ပဲအမျိုးမျိုးရဲ့ပြည်ပတင်ပို့မှုအခြေအနေလေးကို အကျဉ်းချုံ့တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အချိန်ကို ငဲ့ညှာသောအားဖြင့် အကြမ်းဖျဉ်း ၂၀၁၃-၁၄ ဘဏ္ဍာနှစ်ကနေပြီးတော့ အခု ဒီ ၂၀၁၈ ဩဂုတ်လအထိ အခြေအနေတွေကို ကျွန်တော် slide နှစ်ခုနှင့် ခွဲပြီးတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်တော်တို့ ၂၀၁၃-၁၄ ပဲတင်ပို့မှုဟာ ပဲတန်ချိန်အနေနှင့်ဆိုရင် ၁.၃၆၉ သန်းလောက်ရှိပါတယ်။ တန်ဖိုးအနေနှင့်ဆိုရင် ၉၄၉ သန်းရှိပါတယ်။ ဒါကြောင့် ပဲတစ်တန်ရဲ့ အဲဒီကာလက ပျမ်းမျှနိုင်ငံခြားတင်ပို့တဲ့ ဈေးနှုန်းဟာ ၆၉၃ ဒေါ်လာလောက် တစ်တန်ပေါ်မှာ ပဲမျိုးစုံကရပါတယ်။ ဒီနှစ်မှာတော့ ထူးခြားချက်အနေနှင့်ဆိုရင် မတ်ပဲတင်ပို့မှုဟာ ဒီကာလတစ်လျှောက်မှာအများဆုံး တင်ပို့တဲ့နှစ်ဖြစ်ပါတယ်။ တန်ချိန်အားဖြင့် ခြောက်သိန်းလေးသောင်းကျော် တင်ပို့ပါတယ်။ နောက်ကျွန်တော်တို့ ပဲတီစိမ်းတင်ပို့မှုမှာလည်း ဒီနှစ်ဟာ ကျွန်တော်တို့များပါတယ်။ ဒါပေမဲ့ အများဆုံးတော့ မဟုတ်ပါဘူး သူ့နောက်မှာလည်းရှိပါတယ်။ နောက် ကျွန်တော်တို့ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်ကို တင်ပြရမည်ဆိုရင် ၂၀၁၄-၁၅ ဘဏ္ဍာ

နှစ်မှာ ဒီဘက်ကာလမှာတော့ ပဲအများဆုံးတင်ပို့တဲ့နှစ်ဖြစ်ပါတယ်။ ၁.၅သန်းနီးပါးပေါ့ ၁.၄၉၇ ဆိုတဲ့အတွက် ၁.၅ သန်းနီးပါးပဲအများဆုံး တင်ပို့နိုင်ပါတယ်။ ဒီနှစ်မှာရတဲ့ငွေဟာ ၁.၂ဘီလီယမ်ဒေါ်လာရှိတဲ့အတွက် ပဲတစ်တန်ပေါ်မှာ ရတဲ့ငွေအနေနှင့် ပြန်တွက်ကြည့်မယ်ဆိုရင် ၈၀၁ ဒေါ်လာလောက်ရှိပါ တယ်။ အဲဒီနှစ်မှာ ပဲတီစိမ်းရဲ့ ဈေးနှုန်းဟာ တစ်တန်ကို တစ်ထောင် ဒေါ်လာတစ်ထောင်ကျော်လောက်ရရှိပြီးတော့ အဲဒီနှစ်မှာ ပဲစင်းငုံအနေနှင့်ထူးခြားတာကတော့ တန်ချိန် သုံးသိန်းကျော် ဒီကာလတစ်လျှောက်မှာ ဒီနှစ်ဟာ ကျွန်တော်တို့ ၁၄-၁၅မှာ တစ်ဖက်က အထွက်လည်းကောင်းလာတယ်။နောက်သူ့ ရှေ့တစ်နှစ်မှာ တန်ချိန် တစ်သိန်းရှစ်သောင်းလောက်ပဲပို့ ပြီးတော့ နှစ်သိန်းတောင်မပြည့်တဲ့အတွက် ပဲလက်ကျန်လည်းရှိတဲ့အတွက် ဒီ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာတော့ ထူးခြားချက်အနေနှင့် ပဲအများဆုံးတင်ပို့တဲ့နှစ်ဖြစ်သလို ပဲစင်းငုံကလည်း အဲဒီနှစ်မှာအများဆုံး တင်ပို့ခဲ့ပါတယ်။ နောက် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်ကတော့ ကျွန်တော်တို့ တင်ပို့တဲ့တန်ချိန်ဟာ လျော့သွားပါတယ်။ ၁.၂၄ သန်းရှိပါတယ် ကျွန်တော်တို့ ဒီတန်ချိန်ပေါ်မှာ ဈေးနှုန်းအရ ရရှိမှုအနေနှင့်ကြည့်မည်ဆိုရင် ဂင်ငွေဟာ ၁.၂ ဘီလီယမ်ရှိတဲ့အတွက် အကြမ်းဖျဉ်း ပဲတစ်တန်ကို ၉၇၇ ဒေါ်လာရပါတယ်။ ပဲရွှေခေတ်လို့လည်း ပြောနိုင်ပါတယ်။ ဒီကာလဟာ ကျွန်တော်တို့ ပဲတွေ ဈေးအကောင်းဆုံးဖြစ်ခဲ့ပြီးတော့ ထူးထူးခြားခြား အဲနှစ်မှာ ပဲစင်းငုံရဲ့ ဈေးဟာ ပဲစင်းငုံ တန်ချိန် နှစ်သောင်းနှစ်ထောင်နှင့် နှစ်သိန်းနှစ်သောင်းပို့တာကို ဒေါ်လာ ၂၂၉ သန်းရတဲ့အတွက် ပဲစင်းငုံဟာတစ်တန်ကို တစ်ထောင်ကျော် ပျမ်းမျှရတဲ့နှစ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ဟာပဲတွေရဲ့ ရွှေခေတ် ပဲစင်းငုံရဲ့ ရွှေခေတ်လို့လည်း တင်ပြအပ်ပါတယ်။ နောက် ကျွန်တော်တို့ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ဒီနှစ်မှာလည်း ပြီးခဲ့တဲ့နှစ် အရှိန်အရ ကျွန်တော်တို့ရဲ့ လူကြီးများ ဆရာဒေါက်တာဇော်ဦးရဲ့ တင်ပြချက်မှာပါပါတယ်။ အိန္ဒိယရဲ့ အနေအထားရ ကျွန်တော်တို့ တင်ပို့တဲ့ပဲ ခုန တစ်သန်းခွဲအထိပေါ့နော် ပို့ခဲ့တဲ့အထဲမှာ ၁.၂သန်းလောက် အထိက အိန္ဒိယကို ပဲပို့ရပါတယ်။ အဓိကကတော့ မတ်ပဲနှင့် ပဲစင်းငုံဖြစ်ပါတယ်။ ပဲတီစိမ်းကတော့ နည်းနည်းပဲပို့ပါတယ်။အဲဒီတော့ အိန္ဒိယနိုင်ငံဟာ ဆရာခုနတင်ပြတဲ့အထဲမှာ ပါသလိုပဲ ၂၀၁၄ လောက်မှာ ရာသီဥတုတွေ တော်တော်အခြေအနေဆိုးပြီးတော့ ကျွန်တော်နောက်ပိုင်းမှာ ပဲဈေးနှုန်းတစ်ခုခြင်းပြောတဲ့အခါမှာလည်း ပါလာပါမယ် ဈေးတွေအရမ်းတတ်လာတဲ့အခါမှာ ကျွန်တော်တို့ဘက်က ထုတ်လုပ်မှုတွေလည်းတိုးတတ်လာတယ်။စိုက်ပျိုးမှုတွေ ဈေးနှုန်းအရလည်း အများကြီးကောင်းခဲ့တဲ့အတွက် ဂင်ငွေတွေအများကြီးရခဲ့ပါတယ်။ အဲတော့ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ တင်ပို့တဲ့တန်ချိန်က ၁.၄၂ သန်းဖြစ်ပါတယ်။ ရတဲ့ဂင်ငွေက ၁.၃၉၈ ဘီလီယံဖြစ်တဲ့အတွက် ပဲတစ်တန်ပေါ်မှာ ပျမ်းမျှအားဖြင့် ၉၈၁ ဒေါ်လာရတယ်လို့ တွက်ချက်လို့ရပါတယ်။ ဒါက ကျွန်တော်တို့ ဒီတစ်လျှောက်မှာ အမြင့်ဆုံး သူ့ရှေ့ကနှစ်ကဆိုရင် ၉၇၇ပဲရှိတဲ့အတွက် အမြင့်ဆုံးလို့လည်းပြောလို့ရပါတယ်။ အဲထဲမှာ မတ်ပဲရဲ့ဈေးနှုန်းက မတ်ပဲတန်ချိန် ငါးသိန်းခြောက်သောင်းကျော်ပို့တာမှာ ဂင်ငွေအားဖြင့် ဒေါ်လာ ၆၇၂ သန်းရတဲ့အတွက် မတ်ပဲတစ်တန်ဟာ ၁၁၉၀ - ၁၂၀၀ နီးပါးလောက် ရတဲ့အတွက်သူ့ရဲ့ ရှေ့ နှစ်တုန်းကတော့ ပဲစင်းငုံက ရွှေခေတ်ဖြစ်သလို ဒီနှစ်မှာလည်း မတ်ပဲရွှေခေတ်ဖြစ်ပါ တယ်။ ဒါပေမည့် ၂၀၁၇ မတ်လနောက်ပိုင်းပေါ့နော် ဒီဘက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ၂၀၁၆ နှစ်လည်လောက်တည်းက G to G ချုပ်ဖို့ဆိုပြီးတော့ ကမ်းလှမ်းလာတည်းက အိန္ဒိယမှာတော့ တစ်ခုခုအခြေအနေတွေပြောင်းလည်းတယ်ဆိုပြီးတော့ ကျွန်တော်တို့သုံးသပ်လို့ ရပါတယ်။ဒါပေမည့်လည်း

ကျွန်တော်တို့က မပြင်ဆင်နိုင်ခဲ့ပါဘူး။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်ကတော့ ပဲလောကကို မုန်တိုင်းစဝင်တဲ့နှစ်လို့ ပြောလို့ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ၂၀၁၇ ဩဂုတ်လမှာ ပထမ ပဲစင်းငုံကြေငြာတယ်၊ နောက်ပြီး တော့တစ်ခါ မတ်ပဲနှင့် ပဲတီစိမ်းတို့ ကြေငြာပါတယ်။ ဒါကတော့ HS code တူလို့ မတ်ပဲ ပဲတီစိမ်းကို တွဲကြေငြာပေမယ့် ပဲတီစိမ်းကတော့ အိန္ဒိယကို အများကြီးမရောင်းပါဘူး။ အဲဒီအနေအထားအရ ပြောမည် ဆိုရင် ၂၀၁၇ ကနေပြီးတော့ ဈေးတွေ ပြန်အိဆင်းလာတဲ့အခါမှာ ကျွန်တော်တို့ တင်ပိုတဲ့တန်ချိန်အရ ၁.၃သန်းကျော် မနှစ်က ဘဏ္ဍာနှစ်မှာ တင်နိုင်ခဲ့ပါတယ်။အဲဒီမှာ ရတဲ့ဒေါ်လာက ၈၈၆ သန်းဖြစ်တဲ့အတွက် ပဲတစ်တန်ရဲ့ဈေးနှုန်းဟာ ၆၇၂ ဒေါ်လာ ပျမ်းမျှဖြစ်ပါတယ်။ အဲဒီဖြစ်တဲ့အပေါ်မှာ ပြန်ကြည့်တဲ့အခါမှာ ပဲတီစိမ်းရဲ့ဈေးကတော့ သိပ်အများကြီးမကျပါဘူး။ အများဆုံးကျသွားတာက ပဲစင်းငုံမှာကျသွားပါတယ်။ အဲဒီအခြေအနေအရ ပြီးခဲ့တဲ့ ဩဂုတ်လကနေပြီးတော့ မတ်လအတွင်းမှာ တင်ပို့မှုတွေ ဒါဈေးတွေလည်း တဖြည်းဖြည်းနိမ့်ဆင်းလာပေမယ့်လည်း ရှိပြီးသားလက်ကျန်တွေ တင်ပို့တဲ့နေရာမှာ ကျွန်တော်တို့ ပဲစင်းငုံကတော့ အဲနှစ်ကမမီလိုက်ပါဘူး။ ဒါပေမဲ့လည်း တောင်သူတွေက ခုနက အသိကို သိလာတဲ့အ တွက် ပဲစင်းငုံနှင့်ပက်သက်လို့ကတော့ ကျွန်တော်နောက်ဆုံးတင်ပြတဲ့အထဲမှာလည်း ပါပါတယ်။ ပဲစင်းငုံက တော့ ကျွန်တော်တို့စီးပွားရေး အလို့ငှာတစ်ခုတည်းစိုက်တာမဟုတ်ဘဲနှင့် တခြားအသုံးအနေနှင့်ပါ စိုက်တာ ဖြစ်တဲ့အတွက် ပဲစင်းငုံနေရာမှာတော တစ်ချို့ဟာလေးတွေက ငွေကြေးအရ အများကြီးမဝင်ပေမယ့်လည်း တစ်ခြားအသုံးတွေ ဥပမာအားဖြင့် အရိပ်ရအပင် တခြားနှမ်းတို့မိုးနှမ်းတို့အပေါ်တို့မှာ ဒါနေကာပင်တွေသုံး ချင်တာဖြစ်တဲ့အတွက် ပဲစင်းငုံကတော့ ဈေးကျပေမယ့်လည်း သိပ်အများကြီး အကုန်လုံးဖြတ်လို့မရပါဘူး။ ဒါပေမည့်လည်းအဲနှစ်မှာ ပဲစင်းငုံတော်တော်များများ ရာသီဥတုကလည်း အပွင့်ပွင့်တဲ့အချိန်ကော အသီးသီး တဲ့အချိန်ကော မိုးရွာလိုက်တာတွေရှိတဲ့အတွက် ပဲစင်းငုံအထွက်ကျသွားတဲ့အတွက် လက်ရှိလည်း ပဲစင်းငုံ လက်ကျန်က သိပ်မများတော့ပါဘူး။ အဲတော့ ခု ၂၀၁၈ ဩဂုတ်လအတွင်းမှာ ပြန်ကြည့်မည်ဆိုရင် ကျွန်တော်တို့ တင်ပို့ပြီးတန်ချိန်က ဩဂုတ်လ ၁၀ရက်နေ့အထိမှာ တန်ချိန်ပေါင်း ခြောက်သိန်းကျော်တင်ပို့ ပြီးဖြစ်ပါတယ် ။ ဒီတန်ချိန်နှင့်တွက်မည်ဆိုရင် ဒီဘဏ္ဍာနှစ်မှာ တန်ချိန်က တကယ်တမ်းတော့ မနည်းပါဘူး။ ကျွန်တော်တို့ တွက်ကြည့်မည်ဆို လေးလကျော် ငါးလလောက်ပဲရှိပါတယ် ခြောက်လတောင်မပြည့် သေးဘူး။ ဒါကိုတွက်ကြည့်မည်ဆိုရင် တန်ချိန်တစ်သန်းကျော်တော့ တင်နေဦးမည်လို့ မှန်းလို့ရပါတယ်။ ဒါပေမည့် ဈေးနှုန်းတွေက အရမ်းထိခိုက်သွားတဲ့အတွက် ဒီပေါ်မှာတော့ ကျွန်တော်တို့ နယ်အသီးသီးက ကုန်စည်ဒိုင်တွေလည်းပါပါတယ်။ ကျွန်တော်တို့ပြောရောင်းတာ မဖြစ်အောင်ဘယ်လိုလုပ်မည်လည်း ဆိုတာ တွေလည်း ဒီဆွေးနွေးပွဲမှာဖော်ထုတ်စေချင်ပါတယ်။ ဒီနှစ်ရဲ့ပဲတင်ပို့မှုအရ ၁၁၆ သန်းပဲရတဲ့အတွက် ခြောက်သိန်းမှာ ၁၁၆ သန်းဖြစ်တဲ့အတွက် တစ်တန်ကို ဒေါ်လာ ၅၀၀ ပတ်ဝန်းကျင်ပဲရှိပါတယ်။ အဲဒီမှာ တော့ ပဲတီစိမ်းကတော့ ပန်းပန်နေဆဲပါ။ ပဲတီစိမ်းက ညံ့တဲ့ပဲကတော့ ဈေးနိမ့်ပေမည့် မြင့်တဲ့ပဲက ကျွန်တော်တို့ရွှေဝါတို့ဘာတို့က ဈေးကောင်းတဲ့အတွက် သူ့ရဲ့ဈေးနှုန်းက ၇၀၀ကျော် average တွက်လို့ရ ပါတယ်။ မတ်ပဲကတော့ ၄၀၀ လောက်ရှိတယ် ၄၀၀ လောက်ဆိုတာ SQ ရော FAQ ရော နှစ်ခု ပေါင်း တဲ့ အတွက် average ဖြစ်သွားတာပါ။ ကျွန်တော်ရှေ့ဆက်တင်ပြမှာလည်း ပါပါတယ်။ FAQ ပဲဆိုရင်တော့ တော်တော်လေးကို နည်းနေပါတယ်။ ပဲစင်းငုံကတော့ ၃၄၀ လောက် ကျွန်တော်တို့ ဈေးမှာပေါက်နေ

တယ်လို့တွေ့ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဈေးကွက်အခြေအနေ ဖြစ်ပေါ်နေတဲ့ နှစ်အလိုက်တင်ပို့မှု အပေါ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားငွေရရှိမှုနဲ့ ဈေးနှုန်း အခြေအနေလေးကို တင်ပြခြင်းဖြစ်ပါတယ်။ အဲတော့ ပြည်ပတင်ပို့မှုကို ကျွန်တော်တို့ တင်ပြရမည်ဆိုလျှင် ပဲတင်ပို့မှုမှာ ပြီးခဲ့တဲ့ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်နှင့် ကျွန်တော်တင်ပြထားခြင်းဖြစ်ပါတယ်။ အိန္ဒိယဟာ အများဆုံးဖြစ်ပါတယ်။ အဲဒီမှာပြန်ကြည့်မည်ဆိုလျှင် ကျွန်တော်တို့ တင်ပို့တဲ့ပဲရဲ့ဟိုးအရင်တုန်းကတော့ ကျွန်တော်တို့က ၅၀ကျော်လောက်တင်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ အိန္ဒိယဈေးကွက် ခုနပြောင်းလဲမှုကြောင့် ၄၅%လောက်က အိန္ဒိယနိုင်ငံကို ပဲတန်ချိန် တစ်သန်းကျော် မှာ ၅သိန်းကျော်အိန္ဒိယကို သွားပါတယ်။ ဒါပေမဲ့လည်း တစ်ချို့ပဲတွေဟာ ဒီမှာ အိန္ဒိယလို့မပြထားပေမယ့် စင်္ကာပူတို့ မလေးရှားတို့ကိုသွားတဲ့ တစ်ချို့ပဲတွေဟာ အိန္ဒိယကိုပြန်ပြီးတော့ တစ်ဆင့်ခံ ရောက်သွားတာ တာဖြစ်ပါတယ်။ destination အနေနှင့် ချမည့် ဝယ်မည့်နိုင်ငံဟာ စင်္ကာပူ မလေးရှားကို ပြပေမည့်လည်း ဒီပဲအချို့ဟာ အိန္ဒိယကိုရောက်သွားတာဖြစ်တဲ့အတွက် တကယ်ပို့တဲ့ ရာခိုင်နှုန်းဟာ ဒီထက်မက ပိုနိုင်တယ်လို့ တွေ့ရပါတယ်။ ဆရာဒေါက်တာဇော်ဦးရဲ့ slide မှာလည်း သူတို့ရဲ့သွင်းကုန် ကျွန်တော်တို့ရဲ့ ပို့ကုန် ပြထားတာတွေရှိပါတယ်။ နောက်ကျွန်တော်တို့ မတ်ပဲကိုပြောမည်ဆိုရင် မတ်ပဲဟာ ကျွန်တော်တို့ အများဆုံးတင်တဲ့ သီးနှံဖြစ်ပါတယ်။ အများဆုံးတင်တဲ့သီးနှံဖြစ်သလို အိန္ဒိယကိုလည်း ပို့တဲ့ အခါမှာ တန်ချိန်အားဖြင့်အများဆုံးဖြစ်ပါတယ် ကျွန်တော်တို့ပို့တဲ့ ရာခိုင်နှုန်းနှင့် ပြန်ကြည့်မည်ဆိုလျှင်တော့ တန်ချိန် ငါးသိန်းကျော်မှာ ကျွန်တော်တို့ သုံးသိန်းနီးပါးပို့တာဖြစ်တဲ့အတွက် ၆၀- ၅၆% ဆိုပေမည့် တကယ်တမ်း ဆရာဒေါက်တာဇော်ဦးပြတဲ့ ဂဏန်းအရဆိုလျှင် ကျွန်တော်တို့ ရှိတဲ့ပဲရဲ့ ၈၀% ဟာအိန္ဒိယကို သွားပါတယ်။ အိန္ဒိယကလည်း သူ့နိုင်ငံမှာသွင်းနေတဲ့နိုင်ငံခြားက မတ်ပဲတင်သွင်းမှုအားလုံးရဲ့ ၇၀% ဖြစ်တဲ့အတွက် တစ်ချို့ကတော့ပြောကြတယ် မတ်ပဲက တို့နိုင်ငံကိုပဲမှီခိုနေရတာ တို့နိုင်ငံကမစိုက်ရင် သူတို့ ဝယ်စားလို့မရဘူး။ ဒါပေမဲ့ အခုသိနေတာကတော့ အာဖရိကတို့ တစ်ခြားနိုင်ငံတွေမှာလည်း သူကမတ်ပဲကို contract farming နှင့်စိုက်နေတာဖြစ်တဲ့အတွက် ဒါလည်းကျွန်တော်တို့က သိပ်ယုံကြည်လို့ မရသေးပါဘူး။ သူတို့ဘက်က အရင်တုန်းကတော့ ကျွန်တော်တို့ကမပေးရင် ဘယ်သူမှမရှိပေမဲ့ အခုကတစ်ခြားဈေးကွက်တွေပါ ဖြန့်ကြက်ထားတဲ့အတွက် ဒါလေးလည်းထည့်သွင်းစဉ်းစားသင့်ပါတယ်။ နောက်တစ်ခုကတော့ ပဲတီစိမ်းဖြစ်ပါတယ် ပဲတီစိမ်းအနေနှင့်ကတော့ အားလုံးသိပြီးတဲ့အတိုင်းပဲ ကျွန်တော်တို့ ပဲတီစိမ်းတင်ပို့မှုဟာ တရုတ်နိုင်ငံဟာ အများဆုံးဖြစ်ပါတယ်။ Border နှင့်သွားတယ် oversea နှင့်လည်းသွားပါတယ်။ ဒါပေမည့်လည်း ဒီပဲတီစိမ်းက တစ်ခြားနိုင်ငံတွေ ဖြန့်ကြက်မှုကလည်း တော်တော်များများရှိတဲ့အတွက် နောက် ကျွန်တော်တို့ ခရမ်းရွှေဂါတို့ ဆိုလိုရှိလျှင် EU market အထိပေါ့နော် bean sprout ပဲပင်ပေါက် ဖောက်ဖို့တင်ပို့တာဖြစ်တဲ့အတွက် ပဲတီစိမ်းရဲ့ အနေအထားအရ ဈေးကွက်ကပြန့် နေတယ်လို့လည်း ပြောနိုင်ပါတယ်။ ဒါကြောင့် ပဲတီစိမ်းကတော့ ကျွန်တော်ဈေးနှုံးတွေ တင်ပြတဲ့အထဲမှာလည်းမှာဖြစ်ပါတယ်။ ဈေးနှုန်းအပြောင်းအလဲအရမ်းကြီးမများတဲ့ သီးနှံတစ်ခုဖြစ်တဲ့အတွက် ဒီသီးနှံကတော့ ဘယ်ပေါ်မူတည်ဆိုတော့ supply နှင့် demand ပေါ့နော် သူ့ရှိနေတဲ့ demand ပေါ်မှာ သိပ်မကွာခြားပဲနှင့် ထုတ်မယ်ဆိုလျှင်တော့ ဒီပဲတီစိမ်းဈေးနှုန်းက အများကြီးမပြောင်းလဲနိုင်ပါဘူး။ နောက်တစ်ခုက ပဲစင်းငုံဖြစ်ပါတယ်။ ပဲစင်းငုံကတော့ ကျွန်တော်တို့ ကိန်းဂဏန်းအရကိုက အိန္ဒိယနိုင်ငံကို ၉၀%သွားပါတယ်။ အိန္ဒိယနိုင်ငံရဲ့အသွင်း

စာရင်းမှာတော့ ဆရာစုနတင်ပြတဲ့စာရင်းမှာ ၉၂ ကျွန်တော်တို့ပို့တယ်ဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ တစ်ခြားတစ်ဆင့်သွားတာတွေလည်း ရှိနိုင်တယ် အဲတော့ သူတို့နိုင်ငံရဲ့ တင်သွင်းတဲ့အထဲမှာကြည့်မည်ဆိုလျှင် အိန္ဒိယနိုင်ငံရဲ့ ပဲစင်းငုံတင်သွင်းမှုမှာ ကျွန်တော်တို့က ၄၉% ပေါ့ တစ်ဝက်နည်းပါးလောက်ရှိတယ်။ ကျန်တဲ့တစ်ဝက်က တစ်ခြားနေရာကနေ ရနိုင်ပါတယ်။ အထူးသဖြင့်တော့ ဒီပဲစင်းငုံက အာဖရိကတိုက်ကလည်း ကျွန်တော်တို့ ဟိုပဲစင်းငုံရဲ့ သဘောကတော့ အိန္ဒိယမှာလည်းများသောအားဖြင့် မိုးဦးသီးနှံပေါ့နော် မိုးခေါင်နေတဲ့ နေရာတွေမှာ မိုးကာလတွေမှာ စိုက်တဲ့သီးနှံဖြစ်တဲ့အတွက် အာဖရိကတိုက်မှာ စိုက်ဖို့ တော်တော်လေး ခြေချထားတယ်လို့သိရပါတယ်။ ပဲစင်းငုံကတော့ ကျွန်တော်တို့အနေနှင့် အဓိက export ပို့ ဖို့မဟုတ်ဘူးဆိုရင်တော့ ပြဿနာမရှိပေမည့် export အတွက်ဆိုလျှင်တော့ တစ်ခြား ကျွန်တော်တို့နှင့်ယှဉ်ပြိုင်မည့် ဈေးကွက်တွေပါရှိလာနိုင်တယ် ဆိုတာလည်း ထည့်စဉ်းစားဖို့လိုပါတယ်။ အခုလက်ရှိကတော့ ကျွန်တော်တို့ ပဲစင်းငုံအပိုင်းကို တင်ပြမယ်ဆိုရင်တော့ လျှော့တော့ စိုက်ကိုစိုက်ရပါမည်။ ဒါပေမဲ့ တစ်ခြားသီးနှံအသုံးအနေနှင့်ကတော့ ကျွန်တော်တို့ရှိနေဦးမှာဖြစ်ပါတယ်။ နောက်ကုလားပဲဖြစ်ပါတယ်ခင်ဗျ။ ကုလားပဲကတော့ ကျွန်တော်တို့ ဒီကုလားပဲလည်း အိန္ဒိယနိုင်ငံကို အသွားများပါတယ်။ ဒါပေမဲ့ ကုလားပဲရဲ့ ကျန်တဲ့သူနှင့် မတိမ်းမယိမ်းဈေးကွက်တွေက ပါကစ္စတန်တို့ ဘာတို့ လည်းရှိတယ်၊ နောက်တစ်ခုကလည်း ကျွန်တော်တို့ ပြည်တွင်းအသုံးတွေလည်းရှိတဲ့အတွက် ကုလားပဲစိုက်ပျိုးခြင်းကတော့ ပဲတီစိမ်းဈေးလောက်တော့ မသေချာဘူး။ ကုလားပဲလည်း ပြည်ပပို့ တဲ့အထဲမှာ ထိုက်သင့်တဲ့တန်ချိန်တော့ရှိပါတယ် ဒါပေမည့် တန်ချိန် လေးသောင်းလောက်ပဲရှိတဲ့ အခါကျတော့ မတ်ပဲရဲ့ ၁၀ ပုံ ၁ ပုံတောင်မရှိပါဘူး။ အဲတော့ ပထမပိုင်း တင်ပို့မှုတွေ ပြောပြီးရင် ဈေးနှုန်းပိုင်းလေး ကျွန်တော်ဆက်ပြီးတော့တင်ပြပါမယ်။ ဈေးနှုန်းအနေနှင့် ဒီ slide မှာတော့ ကျွန်တော်တို့တင်ပြထားတာကတော့ ပြည်တွင်းဖြစ်ခဲ့တဲ့ ပျမ်းမျှဈေးနှုန်းတွေကို တင်ပြခြင်းဖြစ်ပါတယ်။ အဲတော့ ပြည်တွင်းဖြစ်ခဲ့တဲ့ ပျမ်းမျှဈေးနှုန်းဟာ ၂၀၁၃-၁၄ လောက်ကစပြီးတော့ မတ်ပဲက ၅ သိန်းကျော်ကနေရှိနေတာကနေပြီးတော့ ၂၀၁၅-၁၆ မှာ ပျမ်းမျှမှာ ၁၅ သိန်းလောက်ဖြစ်လာပါတယ်။ ၁၆-၁၇ မှာ ၁၃ သိန်းလောက်ဖြစ်ပြီးတော့ အခုနောက်ဆုံးအခြေအနေမှာ ၄ သိန်းပတ်ဝန်းကျင်ပဲရှိတဲ့အနေအထား ဖြစ်ပါတယ်။ ပဲတီစိမ်းကိုပြန်ကြည့်မည်ဆိုရင် ကျွန်တော်တို့ အောက် slide ကို ကြည့်မည်ဆိုရင် ဒီမှာဆိုရင် နီညိုရောင်လိုအရောင်လေးရှိပါတယ်။ ပဲတီစိမ်းက အတက်အဆင်းသိပ်မများပါဘူး။ သူက stable ဖြစ်ဖြစ်ပဲသွားနေတဲ့အတွက် ၂၀၁၃-၁၄ လောက်တုန်းက သူ့အနိမ့်ဆုံး ၉ သိန်း ၆ သောင်း လောက်ဖြစ်ပြီးတော့ အမြင့်ဆုံးကတော့ ၁၃ သိန်းလောက်ပဲဖြစ်တဲ့အတွက် ဒါလေးလည်း ပျမ်းမျှဈေးမှာတော့ ရနိုင်တဲ့အတွက် ပဲတီစိမ်းကတော့ဈေးကွက်မှာလတ်တလောပေ့ါနော် အာမခံနိုင်တဲ့အနေအထားရှိတဲ့လို့ ကျွန်တော်အနေနှင့်ပြောလိုပါတယ်။ ပဲစင်းငုံကလည်း ခုနက မတ်ပဲလိုပါပဲ အနိမ့်ဆုံး ၄ သိန်းကျော်လောက်ဖြစ်ပြီးတော့နော် ဒါ ၂၀၁၇-၁၈ လေးသိန်းခွဲအရင်တုန်းက ၁၃ သိန်းကျော်လောက်ဖြစ်ခဲ့ပါတယ်။ ကုလားပဲကလည်း သိပ်စိတ်ချရတယ်လို့ မပြောလိုပါဘူး အရင်တုန်းက ၄ သိန်းလောက်အထိ ကျခဲ့ပြီးတော့ ၁၆-၁၇ မှာ ၁၄ သိန်းလောက်ဖြစ်တယ် ဈေးကွက်အနေအထားအရ အခု ၇ သိန်းလောက်ဖြစ်တယ်ဆိုတဲ့ အနေအထားလေးရှိပါတယ်။ အဲတော့ ပြည်တွင်းဈေးနှုန်းတွေအပေါ်မှာ ပဲအမျိုးအစားတစ်ခုခြင်းစီရဲ့ နှစ်အလိုက်ပေ့ါလေ အကြမ်းဖျဉ်းလွှန်ခဲ့တဲ့ ၅

နှစ်နှင့် နှိုင်းယှဉ်တင်ပြရမည်ဆိုလျှင် ကျွန်တော်တို့အမြင့်ဆုံးဖြစ်ခဲ့တဲ့ ကာလက ၂၀၁၅-၂၀၁၆ ဒီဇင်ဘာလဖြစ်ပါတယ်။ ၂၀၁၅-၁၆ ဒီဇင်ဘာမှာ မတ်ပဲတစ်တန်မှာ ၂၃ သိန်းအထိ ကျွန်တော်တို့တစ်ခါမှ မကြားဖူးတဲ့ဈေးမျိုးတွေအထိရခဲ့ပါတယ်။ ပြည်ပတင်ပို့တာတော့ ဒီလောက်ကြီးမရပေမယ့် ပြည်တွင်းမှာ တစ်ချို့အရောင်းအဝယ်လုပ်တဲ့နေရာမှာ ပိုပြီးတော့ပေးလိုက်တဲ့အတွက် ၂၃ သိန်းအထိဖြစ်ခဲ့ပါတယ်။ အနိမ့်ဆုံးကတော့ ပြီးခဲ့တဲ့ မေလပါ။ မေလမှာ ကျွန်တော်တို့ အိန္ဒိယက နောက်ထပ် သူတို့နိုင်ငံရဲ့ ၁၈-၁၉ crop အတွက်ကို tender မဖွင့်တဲ့အခါမှာ ကျွန်တော်တို့ဆီမှာ ဈေးတွေကျသွားတဲ့အတွက် ၃ သိန်း ၈ သောင်းလောက်ပဲရှိပါတယ်။ အဲတော့ ဈေးအနိမ်ဆုံးနှင့်အမြင့်ဆုံးကို ပြန်ကြည့်မည်ဆိုရင် ၆ ဆလောက်ကွာတာတွေ့ရပါတယ်။ ၆ ဆလောက်က ၃ နှစ် လောက်အတွင်းမှာ ၆ ဆလောက်ကွာတယ်ဆိုတဲ့ သဘာဝဟာဈေးနှုန်းအရပြောမည်ဆိုရင် အင်မတန်မှ ကြောက်ဖို့ကောင်းတဲ့ သီးနှံဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က တတ်ရင်လည်းဘယ်လောက်အထိတတ်နိုင်တယ် ကျရင်လည်းဘယ်လောက်အထိကျနိုင်တယ်ဆိုတာကျွန်တော်တို့ကသိအောင် ကောက်နှုတ်ပြီးတင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပဲတီစိမ်းဖြစ်ပါတယ်။ ပဲတီစိမ်းက အနိမ့်ဆုံး အမြင့်ဆုံးနှင့်တင်ပြရမည်ဆိုရင် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်ပေါ့ ပြောမည်ဆိုရင် ၂၀၁၃ မေလမှာ ၇ သိန်းခွဲဖြစ်ပါတယ်။ အမြင့်ဆုံးဖြစ်ခဲ့တာက ၂၀၁၅-၁၆ ဒီ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ၁၅ သိန်း ၈ သောင်းဖြစ်တဲ့အတွက် သူကနှစ်ဆလောက်ပဲ အနိမ့်ဆုံးအမြင့်ဆုံးက ဒီ ၅ နှစ်ကျော်အတွင်းမှာ ကွာခြားတဲ့အတွက် သူ့ရဲ့ဈေးနှုန်းတွေက တော်တော်လေးတည်ငြိမ်တယ်လို့ ပြောတဲ့အတွက် ဒီလိုပဲမျိုးရဲ့ဈေးကွက်က အများကြီးပြုတ်ကျမသွားနိုင်တဲ့အနေအထားရှိသလို အရမ်းကြီးလည်း မြင့်တတ်မလာပါဘူး။ တစ်နှစ်လောက်က တစ်ချို့မေးကြပါတယ် မတ်ပဲရယ် ပဲတီစိမ်းရယ် ဘာစိုက်သင့်လည်းဆိုတော့ stable ဖြစ်တဲ့ သီးနှံကို စိုက်သင့်ပါတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီအချိန်မှာ ဈေးကွက်ရဲ့ဆွဲဆောင်မှုအရ မတ်ပဲက အရမ်းမြင့်တဲ့အတွက် မတ်ပဲနှင့် ပဲတီစိမ်းယှဉ်စိုက်ရင်တော့ လတ်တလော မြတ်မဲ့ မတ်ပဲ စိုက်ကြတဲ့အတွက် ကျွန်တော်တို့ ဈေးကွက်ထဲမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့အနေအထားထက်ပိုသွားတဲ့ အနေအထားဖြစ်ပါတယ် ၁၅-၁၆ မှာ။ နောက် ပဲစင်းငုံရဲ့ဈေးနှုန်းကို တင်ပြမယ်ဆိုရင် ပဲစင်းငုံက ကျွန်တော်ခုနတင်ပြတဲ့ အိန္ဒိယနိုင်ငံရဲ့ ၂၀၁၈-၁၉ စိုက်ပျိုးရာသီအတွက် ပြန်ဖွင့်တဲ့ quota မထွက်ခင် အချိန်ကစပြီး နိမ့်သွားတဲ့အတွက် ၃ သိန်း ၄ သောင်းပဲရှိပါတယ်။ သူ့ရဲ့အမြင့်ဆုံးက ၂၀၁၅ ခုနှစ် ဒီဇင်ဘာဖြစ်တဲ့အတွက် ၁၆ သိန်းလောက်ရှိတဲ့အတွက် ၅ ဆ လောက်ကွာပါတယ်။ ဒီ ၅ ဆ ဆိုတာကလည်း ဒီသီးနှံက အင်မတန်မှ risk ယူရတဲ့ သီးနှံတစ်ခုအနေနှင့် ကျွန်တော်တို့ပြောလို့ရပါတယ်။ အဲဒီတော့ ဒီဈေးနှုန်းတွေပေါ်မှာ ကုလားပဲ ကျွန်တော်ဆက်ပြီးတင်ပြပါမယ်။ ကုလားပဲကတော့ အနိမ့်ဆုံးက ၂၀၁၄ ဒီဇင်ဘာမှာ ၄ သိန်းလောက်အထိဖြစ်ခဲ့ပြီးတော့ ၂၀၁၆ ဒီဇင်ဘာမှာတော့ ၁၅ သိန်းလောက်အထိ ဖြစ်ခဲ့ဘူးတာ ဖြစ်တဲ့အတွက် ၃ ဆခွဲ ၄ ဆနီးပါးလောက်တော့ အပြောင်းအလဲရှိပါတယ်။ ကုလားပဲဟာလည်း ဈေးဘယ်လောက်တည်ငြိမ်လည်း ဆိုတော့ပဲတီစိမ်းလောက်တည်ငြိမ်တဲ့အထဲမှာ မပါပါဘူး။ ဒါပေမဲ့လည်း ကုလားပဲသည် ပြည်တွင်းစားသုံးမှု အခြေအနေလေးတွေရှိတဲ့အတွက် တစ်ချို့ ပြည်ပမပို့နိုင်ပေမယ့်လည်း ပြည်တွင်းစားသုံးမှုနှင့် ထိန်းနိုင်တဲ့အနေအထားရှိပါတယ်လို့ကောက်နှုတ်တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ FOB ဈေးနှုန်းတွေဖြစ်ပါတယ်။ FOB ဈေးနှုန်းကတော့ ကျွန်တော်တို့ အကြမ်းဖျဉ်းတော့ အသင်းနှင့်လိုင်စင်နှင့်ပေါ်မှာမူတည်ပြီး

ယူထားတာဖြစ်တဲ့အတွက် FOB ဈေးနှုန်းအမြင့်ဆုံးဖြစ်ခဲ့တဲ့အပေါ်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ တစ်တန်ကို ၁၈၃၀ ကျွန်တော်တို့ ဒီဆန် basmati လိုမျိုးအကောင်းစားဆန်တောင်မှ အဲဒီလောက်ဈေးမကြီးပါဘူး။ ဒီအချိန်မှာမတ်ပဲရဲ့ ဈေးနှုန်းက ၁၈၃၀ အထိ အမြင့်ဆုံးတတ်ခဲ့ပါတယ်။ အဲတော့ ဘယ်လောက်ထိကျသွားလဲ ဆိုတော့ ဩဂုတ်လမှာ ၃၀၀ အခုလက်ရှိ current မှာ ၂၈၅ - ၂၉၀ လောက်ပဲရှိပါတယ်။ အဲဒီတော့ မတ်ပဲရဲ့ အခြေအနေက တော်တော်လေးကို ဈေးကွက်မှာဆိုးနေတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ပဲတီစိမ်းအနေနှင့်ပြောမည်ဆိုရင်ပဲတီစိမ်းအမြင့်ဆုံး ဖြစ်ခဲ့တာတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ၁၂၉၆ လောက်ဖြစ်ပါတယ်။ အခုအနိမ့်ဆုံးကတော့ ပြီးခဲ့တဲ့ ဧပြီမှာ ၈၃၀ ပေါ့နော်။ မတ်- ဧပြီမှာ ၈၃၀ လောက် ဒီနှစ်မှာဖြစ်ခဲ့တဲ့အတွက် သူကတော့အများကြီး ကွာခြားချက်တော့မရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ စိုက်ပျိုးတဲ့ အခြေအနေပြန်ကြည့်မည်ဆိုရင် ကျွန်တော်တို့ ၂၀၁၆ ခုနှစ် မေလဖြစ်ပါတယ် အဲဒီအချိန်မှာပဲစင်းငုံ တစ်တန်ဟာ ၁၃၄၄ ဒေါ်လာရှိပါတယ်။ အနိမ့်ဆုံးဖြစ်သွားတာတော့ ၂၀၁၈ ပြီးခဲ့တဲ့ ဒီမေလမှာ ၂၇၀ ခုနကျွန်တော်ပြောတဲ့ quota ပြန်မဖွင့်ခင်အထိ အချိန်လေးမှာ တော်တော်လေးနိမ့်ဆင်းသွားပါတယ်။ ခုတော့ ၃၅၀ လောက်ရှိပါတယ်။ ကျွန်တော် တစ်ခုချင်းကိုလည်း ပြီးရင်ဆက်တင်ပြပါမယ်။ ကုလားပဲဟာ လည်း ၁၆-၁၇ ခုနှစ် ဇန်နဝါရီမှာ ၁၈၀၀ ကျော်အထိ မြင့်တတ်တယ်လို့သိရပါတယ်။ အခု ပြီးခဲ့တဲ့ ဇူလိုင်မှာ ၅၀၀ ပတ်ဝန်းကျင်လောက် ဖြစ်တဲ့အတွက် သူလည်း ပြည်ပဈေးမှာတော့ အတက်အကျ ၃ ဆလောက် အထိရှိတဲ့ အနေအထားလေးတင်ပြလိုပါတယ်။ အဲတော့ ကျွန်တော် နောက်ဆုံးပိုင်းအနေနှင့် ဒီအပိုင်းလေး ကိုတင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်တို့ ၂၀၁၈ ခုနှစ် ဒီ မေလ ၄ ရက်နေ့မှာ မနက်ပိုင်းမှာ သံအမတ်ကြီး ဦးဆောင်ပြီး ကျွန်တော်တို့ Ministry of Commerce, India မှာသွားပြီး ဆွေးနွေးပါတယ်။သူ့ရဲ့ secretary နှင့် သွားပြီးဆွေးနွေးပါတယ်။ အဲတုန်းကတော့ သူကချက်ချင်းတော့ မထုတ်ပြန်သေးဘူး လို့ပြောတယ်။ ညနေလည်းကြရော သူတို့ကချက်ခြင်းကြေငြာပေးပါတယ်။ ပဲစင်းငုံကို ၃ သိန်း မတ်ပဲ ၁ သိန်းခွဲ ၊ ပဲတီစိမ်း ၁ သိန်းခွဲဆိုပြီးတော့ သူတို့က quota ပြန်သတ်မှတ်ပေးပါတယ်။ အဲလိုသတ်မှတ်ပေးလိုက်တဲ့အတွက်ကျွန်တော်တို့မျှော်မှန်းတာပေါ့နော်။ခုနကျွန်တော့်ရှေ့ကပြည်ထောင်စု ဝန်ကြီး တို့ ဆရာသမားတွေလည်းပြောသွားတာရှိပါတယ်။ ကျွန်တော်တို့က quota ဖွင့်ရင်တော့ ဈေးတွေ ပြန်တတ်လာမည် မေလမှာ အဲလိုထင်ပါတယ်။ အဲတော့ အိန္ဒိယရဲ့ သဘောအရ ဒါကျွန်တော်ရဲ့ စာအုပ်ထဲ မှာလည်း ရေးထားပါတယ်။ အင်မတန်မှ သူက ပိရိယယ်ကြွယ်ပါတယ်၊ သူတို့မေမှာ ကြေငြာတယ် ချက်ချင်း လိုင်စင်ထုတ်မပေးဘူး ၊သူကအသာလေးမျှောပြီးတော့ ကျွန်တော်တို့ဘက်က ဘာတွေဖြစ်မ လည်းဆိုတာ အသံနားထောင်တယ်၊ ဒုတိယပိုင်းက သူကဘာလုပ်လည်းဆိုတော့ သူ့ဆီမှာလည်းဘယ်သူ တွေ ပေးသွင်းမလည်းဆိုတဲ့ policy တစ်ခုချလိုက်တဲ့အခါမှာ သူ့ဆီမှာ အဓိက ပဲခွဲစက်လုပ်ငန်းရှင်တွေကို ပေးမယ် import လုပ်မယ် သူ့နိုင်ငံမှာလည်း အများကြီးသူ့မှာ အခက်အခဲရှိပါတယ်။ ကျွန်တော်တို့ဒါ သတင်းစာထဲမှာ ရေးတဲ့ဟာတွေက ပြောတာဆိုရင် ပြီးခဲ့တဲ့နှစ်မှာ ပဲဈေးတွေ ကျွန်တော်တို့ဆီမှာတင် ကျတာမဟုတ်ဘူး၊ သူ့ဆီမှာပါကျတဲ့အတွက် သူ့ရဲ့ပေးတဲ့ Minimum Support Price အောက် အများကြီး ကျတဲ့အတွက် တောင်သူ ၆၀၀ကျော်လောက်အထိ သူ့ဆီမှာ suicide လုပ်တယ်ဆိုတဲ့ သတင်းမျိုးထိရှိ ပါတယ်။ အဲတော့ သူ့နိုင်ငံမှာလည်းဒီဟာလုပ်တာကတော့ တမင်သက်သက်ကျွန်တော်တို့ကို လုပ်ချင်လို့

တော့မဟုတ်ဘူး ဈေးကွက်သဘောအရ supply နှင့် demand မှာ သူ့ရဲ့ဈေးကွက်မှာ လိုအပ်ချက်ထက်ပိုပြီးတော့ supply တွေများသွားတဲ့အတွက် သူ့နိုင်ငံမှာဖြစ်နေတဲ့အနေအထားလေးပါ။ အဲတော့ ကျွန်တော်တို့အိန္ဒိယက လိုင်စင်စထုတ်ပေးတာ ဖွန်လ ၁ ရက်နေ့မှာ စထုတ်ပေးပါတယ်။ အဲဒီ ဖွန်လ ၁ရက်နေ့လိုင်စင်စထုတ်တဲ့အချိန်မှာ သူ့နိုင်ငံက ဖွန်လမတိုင်ခင်လေးမှာ Minimum Support Price ကြေငြာပါတယ်။ ကြေငြာလိုက်တဲ့အခါမှာ မတ်ပဲကတော့ အဲတုန်းကပေါက်တဲ Rupee ဈေးနှင့်တွက်မယ်ဆိုရင် တစ်တန်ကို ၈၃၁ တောင်သူတွေကိုသူက အာမခံထားတာ ၈၃၁၊ စိုက်တာကို ဒါနှင့်ပေးမည်လို့အာမခံထားပါတယ်။ ပဲစင်းငုံကို ၈၃၈ ၊ ပဲတီစိမ်းကိုတော့ ဒီထက်ပိုပေးပါတယ်၊ ကျွန်တော် ဒီထဲမှာ မထည့်ထားပါဘူး။ အဲဒီလိုပေးနေပေမည့် သူ့နိုင်ငံထဲမှာပေါက်နေတဲ့ဈေး ဒီဈေးကတော့ အိန္ဒိယဈေးကွက်လို့ ပဲနမ်းအသင်းက ကျွန်တော့်ကိုပေးတဲ့ ဂဏန်းဖြစ်ပါတယ်။ သူတို့ရဲ့ အဓိကဈေးကွက်ကြီး က မွန်ဘိုင်း နှင့် ချန်နိုင်းနှစ်ခုရှိတယ်။ အဲနှစ်ခုရဲ့ average ကိုမျှလိုက်တဲ့အခါမှာ ၅၁၇ ရှိတယ်။ အဲတော့ ကျွန်တော်တို့မြန်မာနိုင်ငံကနေ သူ FOB ဂယ်နေတာက ဒီဇယားမှာလည်းမြင်ရပါတယ်ခင်ဗျာ။ ၄၀၅ နှင့် အဲပတ်ဂန်းကျင်မှာပေးလာတယ် အဲအချိန်မှာ ကျွန်တော်တို့ပြောမည်ဆိုရင် သူ့ရဲ့ Minimum Support Price ထက် ဒေါ်လာ ၄၀၀ နိမ့်ဂယ်တယ်။ ဒါတော့ ပြဿနာမရှိဘူး သူကိုယ်တိုင်က သူ့လယ်သမားကို မပေးနိုင်ဘူး။ ဒါပေမဲ့ သူ့ဆီမှာပေါက်တဲ့ ပေါက်ဈေးနှင့်ကြည့်ရင် ၁၁၂ ကွာတယ်။ အိန္ဒိယနှင့် ကျွန်တော်တို့နှင့် သွားကြည့်မည်ဆိုရင် သယ်ယူပို့ဆောင်စရိတ်တို့ ဒါလုပ်ငန်းရှင်ကြီးတို့က ပိုသိမှာပါ။ ကျွန်တော်တို့ကြားဖူးတာတော့ သယ်ယူပို့ဆောင်စရိတ်နှင့် overhead budget တွေတွက်လိုက်ရင်တော့ ဒေါ်လာ ၃၀ထက်မပိုပါဘူး။ အဲတော့ ဂယ်တဲ့သူကတော့ ဒေါ်လာ ၇၀လောက်ကတော့ အနည်းဆုံးစားတော့ ဒါတော့သူတို့လည်း လုပ်ပါစေဆိုတဲ့သဘောမျိုးရှိပါတယ်။ ဒါပေမဲ့ ဘာကိုကျွန်တော်တို့နောက်မှဆက်တင်ပြ မလည်းဆိုရင် ကျွန်တော်တို့ ဒီကတင်ပို့နိုင်တဲ့အခြေအနေနှင့် ကျွန်တော် တို့ရဲ့ ဈေးကွက်လက်ကျန်ပေ့ါ ကျွန်တော်တို့ဆီက ပစ္စည်းလက်ကျန်အခြေအနေကြည့်ပြီးတော့ သူကဈေးကစားလာတယ်။ ပြောရင် ကျွန်တော်တို့က သူ့သတင်းဘာမှမရဘူး သူတို့က ကျွန်တော်တို့ သတင်းတွေအကုန်လုံးရတဲ့အတွက် ဒီမှာ တင်ပြချင်တာကတော့ အဲလိုကျွန်တော်တို့သည် ၁ရက် ၆လ ကနေဖြစ်နေတဲ့ ဈေးကနေပြီးတော့ တဖြည်းဖြည်း FOB price ကိုသူက ချိုးချိုး ချိုးချိုးပြီးတော့ ချလိုက်ပါတယ်။ ချိုးချလိုက်တဲ့အခါမှာ အကြမ်းဖျဉ်းဒီ ၇ လပိုင်းစတဲ့အခါမှာဘယ်လောက်ဖြစ်သွားလည်းဆိုတော့ သူ့ဆီမှာလည်းဈေးတော့ နည်းနည်း ကျတယ်။ ဒီ ၂.၇.၂၀၁၈ ကြားလေးထဲမှာ ဘယ်လောက်ဖြစ်သွားလည်းဆိုတော့ ၄၉၇ ဒေါ်လာ India market ပေါက်ဈေးရှိတယ်။ ကျွန်တော်တို့ဆီက ဂယ်တဲ့အခါမှာ ၃၀၀ ပဲပေးတော့တယ်။ စဖွင့်တုန်းက ပြီးခဲ့တဲ့ ဖွန် ၁ ရက်နေ့တုန်းက ၄၀၀ကျော်ပေးတာကနေပြီးတော့ ၃၀၀ ပဲပေးတယ်။ အဲဒီအချိန်မှာ ဂယ်ခွင့်ရတဲ့ ဂယ်သွားတဲ့ကုန်သည်က ၁၉၇ ဒေါ်လာကျန်တယ်။အဲတော့ ခုနက စရိတ်တွေ နှုတ်ရင်တောင် ၁၆၀လောက်သူက ကျန်လာတယ်။ ဒီဟာတွေရပ်သွားလားဆိုတော့လည်းမရပ်ပါဘူး။ ဆက်စပ်ပြီးတော့ ပဲစင်းငုံမှာလည်း ထိုနည်းလည်းကောင်း ပဲ သူတို့ ၁၄၀ကျော်အမြတ်ရတယ်။ ပထမ ၄၀၀ကျော်ပေးတယ်။ ၅၀ လောက်သူကဈေးကိုချလိုက်တယ်။ ပိုချတာ မတ်ပဲကို ပိုချတယ်။ အဲတော့ ခုဒီ ၈ လပိုင်း ၁ ရက်နေ့လောက်ဖြစ်လာတဲ့အခါမှာသူတို့နိုင်ငံမှာ ပြန်ပြီးတော့ ပဲဈေးတတ်ပါတယ်။၁ ရက် ၈ လ

ဈေးအရပြောမယ်ဆိုရင် အိန္ဒိယနိုင်ငံမှာ ၅၆၂ ဒေါ်လာပေါက်ပါတယ်။ ကျွန်တော်တို့ကိုပေးတဲ့ FOB ဈေးက ၂၈၅ ဒေါ်လာပဲပေးပါတယ်။ အဲတော့ ခေါက်ချိုးလောက် ကျွန်တော်တို့ဘယ်လောက်အမြတ်ကျန်မ လဲဆိုတော့ ၂၇၇ ၊ ခေါက်ချိုးလောက် အဲဒီ ဝယ်ခွင့်ရသွားတဲ့ importer က သူတို့မှာ အကျိုးအမြတ်တွေ ရသွားပါတယ်။ ပဲစင်းငုံနှင့်ပြောမည်ဆိုရင်လည်း ပဲစင်းငုံကတော့ ကျွန်တော်တို့ ခုနပစ္စည်းလက်ကျန်လည်း အများကြီးမရှိဘူးဆိုတော့ သူတို့က နိမ်သလောက်တော့နိမ်တယ် ဒါပေမည့် အများကြီးနိမ်လို့မရတဲ့အတွက် ၃၅၅ လောက်နှင့်ကျန်ပြီးတော့ ၁၈၀လောက်သူတို့ရတယ်။ အခုနောက်ဆုံး ၁၄ ရက်ဈေးပေါ့နော် ကျွန်တော်တို့ရထားတဲ့ကိန်းဂဏန်း ဒါလည်းပဲနှမ်းကုန်သည်အသင်းက ကျွန်တော်ကိုပံ့ပိုးပါတယ်။ အဲမှာ ကျွန်တော်တို့ဆီမှာ ပေးတဲ့ဈေးက ၂၉၀ အိန္ဒိယဈေးက ၂၇၁ ၊ ဈေးကတောက်လျှောက်သူက ဒီဘက်မှာ တတ်လာပါတယ်။ တတ်လာတဲ့အတွက် သူက ၂၈၀ကျော် ၊ ကျွန်တော်တို့ရတဲ့ဈေးခေါက်ချိုး နောက်တစ်ပြန် သူက အကျိုးအမြတ်ရှိတဲ့သဘောရှိတယ်။ အဲတော့ ဒါလေးတွေကို ဘာပြန်တွေ့ရလည်းဆိုတော့ ခုနလူကြီးတွေပြောတဲ့ အထဲမှာလည်း ခုန ပြည်ထောင်စုဝန်ကြီးလည်း ပြောသွားပါတယ်။ ကျွန်တော်တို့က သြဂုတ်လကုန်ပိတ်တော့မည်ဆိုပြီးတော့ ဒီဟာတွေကို လုရောင်းတဲ့အခါမှာ ကျွန်တော်တို့ဈေးကွက်က တန်ချိန် ၃ သိန်းကျန်တယ် ၄ သိန်းကျန်တယ်ပြောတယယ် ဟိုက ၁ သိန်းခွဲပဲပေးတယ်။ တကယ်တမ်းပို့ခဲ့တာတော့ ၁ သိန်းခွဲတော့ မကပါဘူး ဒါပေမဲ့ quota စပေးတဲ့နေရာကတွက်မယ်ဆိုရင် ၁ သိန်းခွဲပဲကျန်တယ်ဆိုတဲ့ တစ်ဖက်က စိုးရိမ်စိတ်တွေများပြီးတော့ ဈေးကွက်ထဲကို ပြိုချတဲ့အတွက် ဈေးကျတယ်လို့ သုံးသပ်လို့ရပါတယ်။ နောက် slide ဒီဟာမှာတော့ ကျွန်တော်ဘာတင်ပြချင်လည်းဆိုတော့ အပါတ်စဉ်ပဲတင်ပို့မှုကိန်းဂဏန်းတွေ၊ ဒီကိန်းဂဏန်းနှင့် ခုန ဈေးနှုန်းပြောင်းလဲမှုနဲ့ ဆက်စပ်တာလေးကို တင်ပြချင်ပါတယ်။ ဒီကိန်းဂဏန်းကို ကြည့်မည်ဆိုရင် ကျွန်တော်တို့ quota မပေးမီတုန်းက တင်နေတဲ့တန်ချိန်က တစ်ပါတ်ကိုတန်ချိန် ၆၀၀၀၊ ၇၀၀၀ ၊ ၅၀၀၀ အဲလောက်ပဲရှိတယ်။ အဲဒီအချိန်မှာ သူတို့က ၄၀၅ ဒေါ်လာဈေးပေးတယ်။ အဲတော့ ခြားနားချက်က ၁၁၂ ပဲရှိတယ်။ ကျွန်တော်တို့ ၁ ရက်နေ့ကစပြီးတော့ လိုင်စင်ချလိုက်ပြီ တင်လို့ရပြီဆိုတဲ့အခြေအနေမှာ တင်ပို့မှုတွေက တတ်လာတယ်။ ဒါကလည်း သဘာဝပါပဲ။ သူတို့လိုင်စင်ရှိတဲ့အတွက် ပိုပြီးဝယ်တယ်။ အရင်တုန်းကတော့ သူတို့လည်း အိန္ဒိယကို re-export သွားတာတို့ ဘာတို့နှင့် နီပေါကိုသွားတဲ့ပုံစံမျိုးတွေ နှင့် သွင်းတာတွေရှိတယ်။ အဲတော့ ၁ ရက် ၆ လနောက်ပိုင်းမှာတော့ ကြည့်လိုက်တဲ့အခါမှာ မျှော်လင့်တာကတော့ဖွင့်လိုက်ရင်တတ်မယ်ထင်တယ်။ ဒါပေမဲ့ သူတို့ ကပြောင်းပြန်၊ ကျွန်တော်တို့ဘက်က ဝိုင်းပြိုရောင်းမယ်ဆိုတာကိုသိထားတော့ ကျွန်တော်တို့ဘက်က ကုန်သည်ကြီးတွေ ဘယ်သူ့လက်ထဲမှာ ဘယ်လောက်ရှိတယ်ဆိုတာ အိန္ဒိယက စာရင်းကောက်ပြီးသားဖြစ်နိုင်ပါတယ်။ အဲမှာလည်း တစ်ချို့ မထိန်းနိုင်လို့ ရောင်းတဲ့သူတွေကများလာတဲ့အခါ ၃၈၀ ကိုချလိုက်ပါတယ်။ နောက်အလယ်ပေါ့နော် ၁၆.၆.၂၀၁၈ မှာ ၁၂၀၀၀လောက် ရောင်းတဲ့အခါမှာ ၃၃၃ အထိ ထပ်ချပါတယ်။ နောက် ၇ လပိုင်းအစ ဖြစ်လာတဲ့အခါ တန်ချိန် ၂၄၀၀၀ လောက်တင်တဲ့အခါမှာတော့ ၃၁၇ ဒေါ်လာပဲပေးတော့တယ်။ ဒါ ကျွန်တော်တို့ မတ်ပဲမှာပါ။ နောက် ၈ လပိုင်း အစလဲရောက်ကော ကျွန်တော်တို့ ၃.၈.၂၀၁၈ အထိ ကျွန်တော်တို့ တင်ပို့တဲ့တန်ချိန်က ၂ သောင်းတွေ ၁ သောင်းတွေ တင်လာတော့ သူက ဒီပေါ်မှာတော့ ထပ်ချိုးလို့ ရတယ်ဆိုတဲ့ဟာမျိုးဖြစ်လာပြီးတော့ ၂၈၅ ပဲပေးပြီးတော့ သူတို့က ဒါတစ်ပါတ်စာကို average

ယူလိုက်တာပါ။ အမြတ်ယူတဲ့သဘောဖြစ်တော့ ကျွန်တော်တို့စိုက်ပျိုးထုတ်လုပ်ပြီးတော့ တောင်သူတွေ အပင်ပန်းခံပြီး စိုက်ပျိုးထုတ်လုပ်တယ်။ ကျွန်တော်တို့ရဲ့ ကုန်သည်ကလည်း အရင်းတွေစိုက် ဂိုဒေါင်တွေ စိုက်ပြီး ဂယ်လှောင်ထားတယ် ဘယ်လောက်ရင်းနှီးရ ရင်းနှီးရ ဂယ်သွားတဲ့သူရဲ့ အမြတ်ကို ကျွန်တော်တို့က မမီတဲ့အဆင့်တောင်ဖြစ်သွားပါတယ်။ ကျွန်တော်ပြောတဲ့သဘောကတော့ ကျွန်တော်တို့ နာတတ်ရင်တော့ တော်တော်နာဖို့ကောင်းပါတယ်။ ကျွန်တော်တို့က အပင်ပန်းခံတယ် ထုတ်လုပ်တယ် အရင်းအနှီးတွေစိုက် တယ်။ ခေါင်းတွေစားတယ် ခုနဆရာကြီးပြောသလို ဦးနှောက်တွေစားပြီးလုပ်ကြတယ်။ ဒါပေမဲ့ တစ်ချက် ထဲနှင့် ကျွန်တော်တို့ရမည့် တန်ဖိုးအတိုင်းရသွားတဲ့ အနေအထားရှိပါတယ်။ ဒါဟာ ကျွန်တော် တို့တစ်ခုခုတော့ ဝိုင်းစဉ်းစားပြီးတော့ နည်းလမ်းတွေရှာရမယ်။ ဒီ ဈေးကွက်ကြီးတွေလည်း လွှင့်ပစ်ဖို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ တစ်ချိန်ချိန်မှာ ready မဖြစ်ရင် ခုလည်း ၂၀၁၆ ထဲက  G to G ချုပ်ဖို့ ဒါပေမည့် အဲအချိန်မှာ ဈေးက ၁၀၀၀ ကျော်နေတယ် သူက ၇၀၀ လောက်နှင့်ချုပ်ဖို့ ဘယ်လိုမှလက်ခံနိုင်ဘူးနော်။ ဒါနှင့်ပက်သက်လို့ အရင်အတွေ့ အကြုံတွေလည်းရှိခဲ့ပါတယ်။ ဆရာဦးထွန်းလွင်တို့ ပဲလုပ်ငန်းရှင်ကြီး တွေ သိမှာပါ။ ၂၀၀၈-၉ လောက်ကထင်တယ် အိန္ဒိယမှာ အဲလိုပဲ ခရီးစဉ်တစ်ခုသွားတယ် G to G ချုပ်ခဲ့တယ်။ ကိုယ့်လက်ထဲမှာ ဘာပစ္စည်းမှ မရှိတဲ့အခါကျ အိန္ဒိယယလွှတ်မဲ့အချိန်ကျတော့ ဈေးတွေမြှောက်လိုက်တဲ့ အချိန်ကျတော့ မတင်နိုင်တော့ဘူး။ နောက်ဆုံး သဘော်နောက်ကျတယ်ဆိုတဲ့ စွဲချက်နှင့် နှစ်နိုင်ငံချစ်ကြည် ရေးတော့ ထိခိုက်တာပေ့ါနော် ဖျက်လိုက်ရတယ်။ အဲတော့ အခုကျွန်တော် တင်ပြချင်တာ အခုသွား မယ်ဆိုရင် ဒီတိုင်းလုပ်လို့မရတော့ဘူး ဘယ်လို mechanism နှင့်လုပ်ကြမလည်းဆိုတာ ခုနဒေါက်တာ ဇော်ဦးပြောတာရှိပါတယ်။ အိန္ဒိယဘက်ကအင်မတန်မှ စနစ်ကျတယ် ဥပဒေတွေလည်း အရမ်းကျွမ်းကျင် တယ်။ သူတို့ဘက်မှာလည်း government က အကုန်လုံး Intervention လုပ်ထားတယ်။ ဂယ်တဲ့နေရာမှာ လည်း အစိုးရလုပ်ထားတဲ့ company ကြီးတွေ အဖွဲ့အစည်းတွေက ဂယ်တာဖြစ်တဲ့အတွက် အဲလိုမျိုးနှင့် ယှဉ်ဖို့ဆိုရင်ကျွန်တော်တို့ကလည်း ပြင်ဆင်ဖို့ လိုပါတယ်။ ပဲစင်းငုံကိုတော့  ဒီမှာလည်းဖော်ပြထားတဲ့အ တွက် ကျွန်တော်အများကြီးမတင်ပြတော့ပါဘူး။  ဒါကတော့ လက်ရှိအခြေအနေနှင့်လည်း နည်းနည်း ကွာဟချင် ကွာဟနိုင်ပါတယ်။ ကျွန်တော်ဆိုလိုချင်တဲ့သဘောကတော့ မတ်ပဲက အရင်းရတယ်ဆိုပေမယ် တကယ်တမ်း အခုဖြစ်နေတဲ့ဈေးနှင့်ဆိုရင် တောင်သူထုတ်နေတဲ့ဈေးတောင် နယ်ဒိုင်တွေမှာ ဂယ်တဲ့ဈေးနှင့် ဆိုရင် အရှုံးတောင်ပေါ်နေတဲ့ အနေအထားပါ။ အဲဒါကြောင့်ထိုင်နေတာ အကောင်းသား ထသွားမှ အကျိုးမှန်းသိတယ်ဆိုသလိုပဲ ဒီ လက်ရှိ current ပေ့ါနော် ဒါပေမဲ့ တစ်ချိန်ချိန်မှာဘာတွေ ပြောင်းလဲလာ မည်ဆိုတာကျွန်တော်တို့မပြောနိုင်ပါဘူး။ အဲတော့ကျန်တဲ့ပြောင်းစိုက်သင့်တဲ့ ပဲတွေပေါ်မှာ ကျွန်တော်တွက ချက်မှုက အတိအကျမှန်တယ်လို့ မပြောလိုပါဘူး ကျွန်တော်တို့ ဂန်ထမ်းတွေဘက်က အမြင်နဲ့တွက်ထား တာဖြစ်တဲ့ အတွက် ပဲတီစိမ်းတစ် ဧက စိုက်မယ်ဆိုရင် ၃ သိန်းလောက်မြတ်သေးတယ်။ ကုလားပဲဆို ၂ သိန်းလောက်မြတ်တယ်။ ပဲပုတ်ဆို ၂ သိန်းကျော်မြတ်တယ်။ အစေ့ထုတ်ပြောင်းဆိုရင် ၂ သိန်းကျော် ဒါနဲ့ ခုနတောင်သူကြီးတင်ပြသွားတာဆိုရင် ၅ သိန်း ၆ သိန်းလောက်တောင်မြတ်တယ်လို့ သိရပါတယ်။ နှမ်း စိုက်တာလည်း ၂ သိန်းကျော်မြတ်မယ်။ မြေပဲလဲ ၁ သိန်းနီးပါးမြတ်မယ်ဆိုတဲ့အတွက် အမြတ်ရမယ့် သီးနှံကိုတော့ အမြဲတမ်းလည်းဒီဘက်က ဈေးနှုန်းတွေလည်းထုတ်ပြန်နေတာရှိပါတယ်။ ကိုယ့်ဒေသနှင့်

ကိုယ်ပြန်တွက်ချက်ပြီးတော့စိုက်ပျိုးနိုင်အောင် အကျဉ်းချုပ်တင်ပြခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေး DG တို့ဘက်ကလည်း တွက်ပြထားတာတွေရှိပါတယ်။

Market တွေဘယ်လောက်ရှိလဲ ကျွန်တော်တို့ အကျဉ်းချုပ်လေးပဲ ထုတ်ထားတာပါ။ ဒီမနက်မှ ကျွန်တော်လည်း အရေးပေါ်ကောက်လုပ်လိုက်ရတာပါ။ ဘယ်လောက်ရှိနေလည်းဆိုရင် ကျွန်တော်တို့ ဆန်ဈေးကွက်ဟာ worldwide ဈေးကွက်ကိုတင်ပြရမယ်ဆိုရင် ဆန်က ၄၆ သန်းရှိပါတယ်။ အဲဒီ ၄၆ သန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကပြီးခဲ့တဲ့နှစ်က ၃.၅ သန်းကျော်တင်သွားတဲ့အတွက် ကျွန်တော်တို့က 1 to 5 ထဲမှာရောက်နေပြီ။ ဒီနှစ်ကတော့ နည်းနည်းလျော့သွားနိုင်ပါတယ် လျော့တာလည်း အခြေအနေ အကြောင်းကြောင်းကြောင့်ဖြစ်ပါတယ် မထွက်လို့မဟုတ်ပါဘူး။ အစေ့ထုတ်ပြောင်းဆိုရင် တန်ချိန် ၅၃ သန်းအရောင်းအဝယ်ရှိပါတယ်။ အစေ့ထုတ်ပြောင်းကို တွက်ချေလည်းကိုက်မယ် ဘယ်နေရာတွေမှာ စိုက်လို့သင့်မယ်ဆိုတာကို ကျွန်တော်တို့ကတွက်ချေလဲကိုက်မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်က သူက အသားတော်တော်စားနိုင်ပါတယ် သူ့ရဲ့ လူတစ်ယောက်ချင်းဝင်ငွေ တွေလည်းတိုးလာတယ် ဒါကြောင့် စားသောက်မှု ပုံစံတွေလည်း မြင့်လာတဲ့အခါကျတော့ တိရိစ္ဆာန်မွေးမြူရေးအရမ်းလုပ်တဲ့အတွက် ပြောင်းကိုတစ်ဖက်က ဆီထုတ်ကရှိတယ် တစ်ဖက်က တိရိစ္ဆာန်အစာတွေ အခြားအစားအစာတွေသုံးတယ် တိရိစ္ဆာန်အစာမှာ အများဆုံးသုံးတဲ့အတွက် ဒီပြောင်းကကလည်း ၅၃ သန်းဆိုတဲ့ ဈေးကွက်ကြီးက အကြီးကြီးဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်စဉ်တင်ပို့နိုင်တာကတော့ ၁.၈သန်းလောက် အထိတင်ပို့ဖူးပါတယ်။ အများဆုံးကတော့ နယ်စပ်ကနေသွားတာရှိပါတယ်။ ဒီဟာလည်း လက်ရှိအနေအထားပြောမယ်ဆို ခုနတင်ပြတဲ့အထဲမှာပါပါတယ်။ ခုနပြည်တွင်းမှာ ပြောင်းဈေးတွေ အရမ်းမြင့်ပြီး ပြတ်သလောက် ဖြစ်နေတဲ့ အတွက် ပြောင်းစိုက်သမားတွေ အော်လာတဲ့အနေ အထားရှိပါတယ်။ ပြောင်းက တစ်ဖက်ကနိုင်ငံခြားကို ပို့တာဖြစ်လို့ တစ်ဖက်ကလည်း မွေးမြူရေးတွေ တိုးလာပါတယ်။ မွေးမြူရေးတွေ တိုးလာတယ်ဆိုတာ ပြည်တွင်းမှာမွေးမြူရေးတွေထုတ်လုပ်ဖို့ နိုင်ငံတကာ ရင်းနှီးမြုပ်နှံမှုတွေအများကြီးဝင်လာတဲ့အတွက် ပြောင်းက ပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်ကော ခိုင်မာနိုင်တယ်လို့ပြောလို့ရပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက ဈေးဆိုတဲ့နေရာမှာ ကျွန်တော်နောက်ဆုံး တင်ပြပါမယ်။ နိုင်ငံတကာပေါက်နေတဲ့ ဈေးပတ်ဝန်းကျင်နှင့်တော့ ကျွန်တော်တို့ထုတ်လုပ်ဖို့လိုပါတယ်။ တရုတ်နယ်စပ်နှင့် ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင် တရုတ်နိုင်ငံမှာ ခုန အိန္ဒိယလိုပဲ Minimum Support Price ပေါ့နော် သူတို့အခေါ်အဝေါ်ကိုတော့ ကျွန်တော်သေချာမသိပါဘူး။ ဒါပေမဲ့ တောင်သူတွေ မစိုက်စိုက်အောင် သူက incentive ပေးပြီးတော့ ဈေးတွေပေးထားတာရှိပါတယ်။ အဲဈေးတွေဟာ ကျွန်တော်တို့ နှင့်သက်ဆိုင်တဲ့ အမယ်တွေအရပြောမယ်ဆိုရင် ဆန်ရယ် ကြံရယ် ပြောင်းရယ် အဲသုံးမျိုးပေးထားပါတယ်။ တဖြည်းဖြည်းသူကလည်း market economy သွားမှာဖြစ်တဲ့အတွက် သူ့ရဲ့အဲစနစ်က WTO ရဲ့စနစ်နှင့် မကိုက်တဲ့အတွက် သူက တဖြည်းဖြည်း လျော့တော့မှာ။လျော့တဲ့အတွက် အပြင်က ၃၀၀ နှင့် ဝယ်သွင်းလို့ရရင် သူကတောင်သူကို ၃၅၀ တွေ ၄၀၀ တွေ မပေးတော့ဘူး ၃၀၀ နှင့်ပဲတဖြည်းဖြည်း ဝယ်သွင်းမှာ ဖြစ်တဲ့အတွက် ရေရှည်မှန်းရင်တော့ သူ့နိုင်ငံမှာ နိုင်ငံတကာက ဝယ်သွင်းနိုင်တဲ့ဈေးထက် ကျွန်တော်တို့က အများကြီးမှန်းလို့မရတော့ပါဘူး။ ဒါကြောင့် ပြည်တွင်းမှာဖြစ်နေတဲ့ ဈေးမြင့်တာသည် သူ့တောင်သူကို ဈေးအမြင့်ပေးထားလို့ ဈေးမြင့်တာဖြစ်တယ်

ဆိုတာ သတိပြုဖို့လိုပါတယ်။ ကျွန်တော်တို့ဘက်က ဘာအားသာချက်တစ်ခုရှိလည်းဆိုတော့ border က သွားလို့ရှိရင် ချက်ချင်းပို့နိုင်တယ်။ နီးစပ်နေတယ် တကယ်လိုအပ်တဲ့မွေးမြူရေးလုပ်မယ့် လုပ်ငန်းရှင်တွေက လည်းအဲဘက်ကနေအများကြီး ဝယ်တာဖြစ်တဲ့အတွက် ဒါလေးတစ်ခုကတော့ အားသာချက်ရှိပါတယ်။ ဈေးကိုတော့ ရေရှည်ပြောလို့ မရပါဘူး။ နောက်တစ်ခုက ပဲပုပ်ဖြစ်ပါတယ်။ အများကြီးစိတ်ဝင်စား နေကြပါ တယ်။ ပဲပုပ်ကပြောမယ်ဆိုရင် volume အရ ၁၅၁ သန်းလောက် trade volume ရှိပါတယ်။ အဲဒီအပေါ်မှာ အများဆုံးက America က ထုတ်လုပ်တယ်။ တရုတ်ကို ပို့တယ် တရုတ်ကလည်း အများဆုံး တင်သွင်းတာ ပဲပုပ် တင်သွင်းပါတယ်။ ဒါပေမဲ့လည်း သူတို့ကြိုက်တဲ့ ပဲပုပ်မျိုး ကျွန်တော်တို့ စိုက်တဲ့ပဲပုပ်မျိုး နှင့်တူဖို့ ဆိုတာရယ် နောက်တစ်ခုက ရေမြေတောတောင်သဘာဝအရ ကိုက်မကိုက်ပေါ့နော် ဒါလေးတွေက အင်မတန်သတိထားကြည့်ဖို့ လိုပါတယ်။ ပဲပုပ် ပဲပုပ်ဆိုပြီးတော့ ပဲပုပ်တွေစိုက်ပြီး ကျွန်တော်တို့ စိုက်တဲ့ ပဲပုပ်က တစ်ဖက်ကစားတဲ့ ပဲမျိုးမဟုတ်ရင်လည်း နည်းနည်းအခက်အခဲရှိနိုင်ပါတယ်။ နောက်တစ်ချက်က တော့ ဒီမှာလည်း အများကြီး ပြထားတာ ရှိပါတယ်။ ကျန်တဲ့ နှံစားပြောင်းတို့စိုက်လို့ ရပါတယ်။နောက် ကြံ ကြံကလည်း ကျွန်တော်တို့ trade volume က သကြားမှာ ၆၃ သန်းလောက်ရှိပါတယ်။၆၃ သန်းဆိုတော့ ဒီ ၁၈% လောက်ထွက်ရင်တောင်မှ သန်း ၆၃၀လောက် ကြံထုတ်လုပ်တာနှင့်တွက်လို့ရပါတယ်။အဲတော့ နောက်ဆုံးအနေနှင့် ကျွန်တော်တင်ပြချင်တာကတော့ အခုဆွေးနွေးပွဲလေးမှာ အားလုံးဝိုင်းပြီး ဆွေးနွေးကြ တဲ့အခါမှာ တွက်ချေကိုက်မယ့်သီးနှံနှင့် အခြေခံကျတဲ့အချက်တွေကို ကျွန်တော်တို့ဘက်ကယူဆချက် ဖြစ်ပါတယ်။ နံပါတ် (၁) ကတော့ တောင်သူတွက်ချေကိုက်တဲ့ သီးနှံဖြစ်ဖို့လိုပါမယ်။ တောင်သူ တွက်ချေ မကိုက်ရင်တော့ ဘာမှ ကျွန်တော်တို့က ဆက်ပြီးတော့လုပ်လို့မရပါဘူး။ နံပါတ် (၂) ကတော့ စိုက်ပျိုးတဲ့ ဒေသရဲ့ရာသီဥတု ရေမြေသဘာဝနှင့် ကိုက်ညီဖို့ဆိုတာဒါလည်းအရေးကြီးပါတယ်။ ကျွန်တော်တို့က တခြားနေရာမှာဖြစ်ပေမယ့် ကိုယ့်နေရာမှာဖြစ်ရဲ့လား ကိုယ့်မြေနှင့်ကိုက်ရဲ့လား ကိုယ့်ရာသီဥတုနှင့် ကိုက် ရဲ့လားဒါလေးစဉ်းစားဖို့လိုပါတယ်။ နံပါတ် (၃) အချက်ကတော့ ခုန ကမ္ဘာ့ဈေးကွက်က သီးနှံတွေကို တင်ပြ သွားတာရှိပါတယ်၊ အရောင်းအဝယ်ဖြစ်နေတဲ့ လယ်ယာထွက်ကုန်တွေ တင်ပြသွားတယ်။ အဲမှာအရည် အသွေးအရဈေးနှုန်းအရ နံပါတ်(၁)ယှဉ်ရပါတယ်။ ဈေးနှုန်းဆိုတာ ခုတောင်သူကြီးတွေ တင်ပြသွားတဲ့ အထဲမှာပါပါတယ်။ cost of production တွေကျအောင်လုပ်ပြီးတော့ ဈေးနှုန်းကို ကျွန်တော်တို့ယှဉ်ပြိုင်ပြီး ရောင်းချရပါမယ်။ ဈေးကို သီးသန့်ကျွန်တော်တို့ကရနိုင်တဲ့ အနေအထားမရှိပါဘူး။နောက်တစ်ခုကတော့ အရည်အသွေး ဒါလည်း စိုက်ပျိုးရေး ဦးစီးဌာနကလုပ်နေပါတယ်။ JV စနစ်နှင့်ပေါ့နော် အရည်အသွေး ကောင်းတဲ့သီးနှံတွေထုတ်နိုင်ဖို့လိုပါတယ်။ နောက်ဆုံးတစ်ခုက ကျွန်တော်တို့ကဈေးကွက် လိုအပ်တဲ့ အချိန်မှာပေ့ါနော်ပေးနိုင်ဖို့အတွက် အင်မတန်အရေးကြီးပါတယ်။ ဈေး တွေ ကောင်းနေတယ်ဆိုပေမယ့် ဈေးကောင်းနေတဲ့အချိန်မှာ မပို့နိုင်ရင် ဈေးပြန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော့်တင်ပြချက်ကို နိဂုံး ချုပ်တင်ပြရရင် ကျွန်တော်တို့ဆက်ပြီးတော့ စကားဝိုင်း ဆွေးနွေးပွဲတွေ လုပ်တဲ့အခါမှာ သိသင့်တဲ့ Information လေးတွေမျှဝေချင်တာဖြစ်ပါတယ်။ အားလုံးဆွေးနွေးပြီးတော့ ရရှိတဲ့လုပ်ငန်းစဉ်တွေ ကို တော့ ကျွန်တော်တို့ ဒီအစည်းအဝေးရဲ့ဆုံးဖြတ် ဆောင်ရွက်ချက်များအဖြစ် ဆက်လက်ဆောင်ရွက်သွား ပါမယ်လို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

❑ ❑ ❑





# ပဲမျိုးစုံဈေးကွက် အခြေအနေ လေ့လာတင်ပြခြင်း

ဦးတိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

1

## မာတိကာ


1. ပဲမျိုးစုံပြည်ပတင်ပို့မှု အခြေအနေ
2. ပဲမျိုးစုံပြည်တွင်းဈေးနှုန်း ပြောင်းလဲမှုအခြေအနေ
3. အိန္ဒိယပေါက်ဈေးနှင့် မြန်မာဈေးနှုန်းခြားနားချက်


2

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဲအမျိုးမျိုး ပြည်ပတင်ပို့မှုအခြေအနေ

အမေရိကန်ဒေါ်လာသန်း

အရေအတွက်- ကိန်းပြည့်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၃-၂၀၁၄ | | | ၂၀၁၄-၂၀၁၅ | | | ၂၀၁၅-၂၀၁၆ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း |
| | ပဲအမျိုးမျိုး | US$ | ၇၄၃.၅၂၇ | ၂၀၆.၁၄၆ | ၉၄၉.၆၇၃ | ၉၅၀.၄၉၅ | ၂၄၉.၆၀၁ | ၁၂၀၀.၀၉၆ | ၉၉၀.၄၉၃ | ၂၂၄.၄၉၈ | ၁၂၁၄၉၉၁ |
| | | မတန် | ၁၁၃၃၁၉၂ | ၂၃၆၆၈၉ | ၁၃၆၉၈၈၁ | ၁၂၄၄၂၃၈ | ၂၅၃၇၃၃ | ၁၄၉၇၉၇၀ | ၁၀၂၀၂၆၁ | ၂၂၂၄၂၂ | ၁၂၄၂၆၈၂ |
| ၁ | မတ်ပဲ | US$ | ၃၇၂.၁၂၁ | ၄.၃၉၈ | ၃၇၆.၅၁၉ | ၄၆၈.၃၉၀ | ၁.၁၉၀ | ၄၆၉.၅၈၀ | ၄၉၇.၀၃၃ | ၁.၄၄၁ | ၄၉၈.၄၇၄ |
| | | မတန် | ၆၃၇၃၃၉ | ၈၄၄၄ | ၆၄၅၇၈၃ | ၆၂၄၅၂၃ | ၁၈၆၄ | ၆၂၆၃၈၇ | ၄၈၁၈၀၁ | ၁၄၅၂ | ၄၈၃၂၅၂ |
| ၂ | ပဲတီစိမ်း | US$ | ၂၀၇.၀၀၃ | ၉၉.၉၆၃ | ၃၀၆.၉၆၆ | ၂၀၈.၇၃၀ | ၁၅၀.၈၄၉ | ၃၅၉.၅၇၉ | ၂၀၂.၅၉၆ | ၁၃၀.၁၉၃ | ၃၃၂.၇၈၉ |
| | | မတန် | ၂၃၄၈၅၂ | ၁၂၂၄၅၂ | ၃၅၇၃၀၄ | ၂၀၄၄၄၀ | ၁၅၀၀၉၃ | ၃၅၄၅၃၂ | ၂၀၅၀၃၂ | ၁၂၅၈၀၆ | ၃၃၀၈၃၈ |
| ၃ | ပဲစဉ်းငုံ | US$ | ၁၁၄.၃၅၇ | ၀.၁၅၇ | ၁၁၄.၅၁၄ | ၂၀၇.၄၀၀ | ၀.၁၄၆ | ၂၀၇.၅၄၆ | ၂၂၉.၇၄၆ | ၀.၀၅၆ | ၂၂၉.၈၀၂ |
| | | မတန် | ၁၈၇၄၉၆ | ၂၈၁ | ၁၈၇၇၇၇ | ၃၀၇၅၈၃ | ၂၂၁ | ၃၀၇၈၀၄ | ၂၂၆၇၀၈ | ၄၃ | ၂၂၆၇၅၁ |
| ၄ | အခြားပဲ | US$ | ၅၀.၀၄၆ | ၁၀၁.၆၂၈ | ၁၅၁.၆၇၄ | ၆၅.၉၇၅ | ၉၇.၄၁၆ | ၁၆၃.၃၉၁ | ၆၁.၁၁၈ | ၉၂.၈၀၈ | ၁၅၃.၉၂၆ |
| | | မတန် | ၇၃၅၀၅ | ၁၀၅၅၁၂ | ၁၇၉၀၁၆ | ၁၀၇၆၉၁ | ၁၀၁၅၅၅ | ၂၀၉၂၄၆ | ၁၀၆၇၂၀ | ၉၅၁၂၂ | ၂၀၁၈၄၂ |

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့အထိ ပဲအမျိုးမျိုး ပြည်ပတင်ပို့မှုအခြေအနေ

အမေရိကန်ဒေါ်လာသန်း

အရေအတွက်- ကိန်းပြည့်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ | | | ၂၀၁၇-၂၀၁၈ | | | ၂၀၁၈ခုနှစ် (ဩဂုတ်လ၁၀ ရက်နေ့ထိ) | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း |
| | ပဲအမျိုးမျိုး | US$ | ၁၀၄၉.၄၂၄ | ၃၄၉.၄၈၁ | ၁၃၉၈.၉၀၅ | ၆၃၅.၁၅၉ | ၂၅၁.၅၅၆ | ၈၈၆.၇၁၅ | ၂၁၄.၁၅၅ | ၁၀၁.၉၄၄ | ၃၁၆.၀၉၉ |
| | | မတန် | ၁၀၄၈၉၁၀ | ၃၇၅၇၂၉ | ၁၄၂၄၆၃၉ | ၁၀၀၈၈၃၉ | ၃၀၉၁၂၈ | ၁၃၁၇၉၆၇ | ၄၆၅၇၁၉ | ၁၃၅၉၄၅ | ၆၀၁၆၆၄ |
| ၁ | မတ်ပဲ | US$ | ၆၆၈.၆၃၉ | ၃.၆၅၀ | ၆၇၂.၂၈၉ | ၃၄၁.၄၁၄ | ၂.၆၂၉ | ၃၄၄.၀၄၃ | ၉၂.၁၇၅ | ၀.၇၀၇ | ၉၂.၈၈၂ |
| | | မတန် | ၅၅၈၇၇၂ | ၂၉၈၄ | ၅၆၁၇၅၆ | ၅၂၅၁၅၀ | ၂၈၁၅ | ၅၂၇၉၆၅ | ၂၂၇၉၃၅ | ၈၇၂ | ၂၂၈၈၀၇ |
| ၂ | ပဲတီစိမ်း | US$ | ၁၄၄.၀၀၂ | ၂၀၅.၈၀၀ | ၃၄၉.၈၀၂ | ၁၁၁.၄၂၈ | ၁၅၉.၁၆၉ | ၂၇၀.၅၉၇ | ၄၀.၀၄၀ | ၇၄.၂၁၉ | ၁၁၄.၂၅၉ |
| | | မတန် | ၁၈၃၁၀၈ | ၂၂၄၄၈၇ | ၄၀၇၅၉၅ | ၁၄၆၇၉၈ | ၂၀၃၂၅၆ | ၃၅၀၀၅၇ | ၅၁၄၅၀ | ၉၈၈၂၄ | ၁၅၀၂၇၄ |
| ၃ | ပဲစဉ်းငုံ | US$ | ၁၅၉.၅၆၂ | ၀.၂၂၆ | ၁၅၉.၇၈၈ | ၉၉.၀၃၀ | ၀.၅၁၈ | ၉၉.၅၄၈ | ၃၈.၂၆၃ | ၀.၃၄၅ | ၃၈.၆၀၈ |
| | | မတန် | ၁၈၄၃၉၅ | ၁၇၂ | ၁၈၄၅၆၆ | ၂၂၄၈၉၇ | ၅၉၅ | ၂၂၅၄၉၂ | ၁၁၂၂၄၈ | ၄၄၃ | ၁၁၂၆၉၁ |
| ၄ | အခြားပဲ | US$ | ၇၇.၂၂၁ | ၁၃၉.၈၀၅ | ၂၁၇.၀၂၆ | ၈၃.၂၈၇ | ၈၉.၂၄၀ | ၁၇၂.၅၂၇ | ၄၃.၆၇၇ | ၂၆.၆၇၃ | ၇၀.၃၅၀ |
| | | မတန် | ၁၂၂၆၃၆ | ၁၄၈၀၇၆ | ၂၇၀၇၁၁ | ၁၁၁၉၉၅ | ၁၀၂၄၅၈ | ၂၁၄၄၅၄ | ၇၃၉၈၆ | ၃၅၉၀၆ | ၁၀၉၈၉၂ |

## နိုင်ငံအလိုက်ပဲမျိုးစုံတင်ပို့မှု အခြေအနေ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်)


မက်ထရစ်တန်/ကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|
| 1 | INDIA | ၅၃၈၈၄၃ | ၃၂၉.၁၅၈ |
| 2 | CHINA | ၂၉၁၄၅၀ | ၂၃၁.၄၉၃ |
| 3 | PAKISTAN | ၈၉၂၃၄ | ၅၅.၀၁၀ |
| 4 | THAILAND | ၄၄၁၇၆ | ၃၉.၄၀၂ |
| 5 | INDONESIA | ၄၈၀၈၉ | ၃၆.၂၆၈ |
| 6 | SINGAPORE | ၄၅၇၇၇ | ၃၀.၁၄၇ |
| 7 | VIET NAM | ၂၈၉၃၅ | ၂၂.၃၃၄ |
| 8 | MALAYSIA | ၃၁၄၅၆ | ၂၁.၉၅၃ |
| 9 | BANGLADESH | ၄၄၀၂၆ | ၁၉.၈၅၆ |
| 10 | JAPAN | ၂၂၉၅၁ | ၁၈.၃၆၀ |
| 11 | UNITED ARAB EMIRATES | ၃၂၄၁၅ | ၁၆.၅၈၆ |
| 12 | SRI LANKA | ၁၇၃၁၆ | ၁၂.၇၁၆ |
| 13 | PHILIPPINES | ၁၂၇၁၆ | ၉.၁၅၄ |
| 14 | NEPAL | ၁၈၁၇၄ | ၆.၈၄၂ |
| 15 | UNITED STATES OF AMERICA | ၇၅၁၆ | ၅.၅၉၅ |
| 16 | KOREA, REPUBLIC OF | ၇၁၁၈ | ၅.၃၀၈ |
| 17 | UNITED KINGDOM | ၆၇၀၂ | ၄.၇၁၈ |
| 18 | CANADA | ၅၄၂၇ | ၃.၈၄၆ |
| 19 | VIRGIN ISLANDS, U.S. | ၄၆၉၆ | ၂.၆၂၇ |
| 20 | Other Countries | ၂၀၉၄၉ | ၁၅.၃၄၁ |
| | Total Countries (72) | ၁၃၁၇၉၆၇ | ၈၈၆.၇၁၅ |

5

## နိုင်ငံအလိုက် ပဲမျိုးစုံတင်ပို့မှုအခြေအနေ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်)

မက်တရစ်တန်





6

## နိုင်ငံအလိုက် မတ်ပဲတင်ပို့မှုအခြေအနေ
## (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် )

မက်ထရစ်တန်

| No. | COUNTRY | QTY |
|---|---|---|
| 1 | INDIA | 296255 |
| 2 | PAKISTAN | 76697 |
| 3 | UNITED ARAB EMIRATES | 17558 |
| 4 | Balgladesh | 28359 |
| 5 | THAILAND | 15168 |
| 6 | SINGAPORE | 11730 |
| 7 | VIET NAM | 10196 |
| 8 | Nepal | 11788 |
| 9 | JAPAN | 4963 |
| 10 | UNITED STATES OF AMERICA | 3830 |
| 11 | OTHER CTY | 51421 |
| | Total | 527965 |





7

## နိုင်ငံအလိုက် ပဲတီစိမ်းတင်ပို့မှုအခြေအနေ
## (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် )

မက်ထရစ်တန်

| No. | COUNTRY | QTY |
|---|---|---|
| 1 | CHINA | 211291 |
| 2 | INDONESIA | 33424 |
| 3 | SINGAPORE | 22011 |
| 4 | VIET NAM | 16233 |
| 5 | Balgladesh | 12150 |
| 6 | PHILIPPINES | 11331 |
| 7 | JAPAN | 9566 |
| 8 | MALAYSIA | 7277 |
| 9 | INDIA | 6270 |
| 10 | UNITED ARAB EMIRATES | 2684 |
| 11 | OTHER CTY | 17820 |
| | Total | 350057 |





8

## နိုင်ငံအလိုက် ပဲစဉ်းငုံတင်ပို့မှုအခြေအနေ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်)

မက်ထရစ်တန်

| No. | COUNTRY | QTY |
|---|---|---|
| 1 | INDIA | 202310 |
| 2 | NEPAL | 6147 |
| 3 | SINGAPORE | 3959 |
| 4 | UNITED ARAB EMIRATES | 4134 |
| 5 | CANADA | 1418 |
| 6 | UNITED STATES OF AMERICA | 1616 |
| 7 | MALAYSIA | 1518 |
| 8 | PAKISTAN | 1051 |
| 9 | CHINA | 343 |
| 10 | AUSTRALIA | 588 |
| 11 | OTHER CTY | 2408 |
| | Total | 225492 |





9

## နိုင်ငံအလိုက် ကုလားပဲတင်ပို့မှုအခြေအနေ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်)

မက်ထရစ်တန်

| No. | COUNTRY | QTY |
|---|---|---|
| 1 | INDIA | 22300 |
| 2 | PAKISTAN | 10743 |
| 3 | Balgladesh | 3212 |
| 4 | UNITED ARAB EMIRATES | 1177 |
| 5 | SAILANKA | 1054 |
| 6 | NETHERLANDS | 607 |
| 7 | CHINA | 804 |
| 8 | MALAYSIA | 555 |
| 9 | SINGAPORE | 564 |
| 10 | SAUDI ARABIA | 444 |
| 11 | OTHER CTY | 2291 |
| | Total | 43751 |





10

# ဘဏ္ဍာနှစ်အလိုက် ပြည်တွင်း (ပျမ်းမျှ)ဈေးနှုန်းများ

ကျပ်/တန်

| စဉ် | ဘဏ္ဍာနှစ် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ကုလားပဲ |
|---|---|---|---|---|---|
| ၁ | ၂၀၁၃-၂၀၁၄ | ၅၅၄၉၆၇ | ၉၆၀၁၁၇ | ၅၈၆၃၃၃ | ၅၆၂၈၁၇ |
| ၂ | ၂၀၁၄-၂၀၁၅ | ၈၀၂၈၄၃ | ၁၂၁၂၄၆၅ | ၇၂၄၀၄၂ | ၄၇၇၈၉၆ |
| ၃ | ၂၀၁၅-၂၀၁၆ | ၁၅၆၀၃၃၃ | ၁၃၆၇၃၈၃ | ၁၃၇၄၂၅၀ | ၉၆၄၉၆၇ |
| ၄ | ၂၀၁၆-၂၀၁၇ | ၁၃၉၇၄၁၇ | ၁၁၀၆၃၃၃ | ၁၁၃၄၈၃၃ | ၁၄၁၃၉၇၅ |
| ၅ | ၂၀၁၇-၂၀၁၈ | ၆၈၅၃၃၃ | ၁၂၈၂၄၁၇ | ၄၉၇၇၉၂ | ၁၂၇၀၆၆၇ |
| ၆ | ၂၀၁၈-၂၀၁၉ | ၄၄၇၄၀၀ | ၁၂၆၉၇၂၀ | ၄၄၉၉၀၀ | ၇၂၁၀၂၀ |





11

# ဘဏ္ဍာနှစ်အလိုက် မတ်ပဲ ပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၅၅၈၀၀၀ | ၆၅၉၀၀၀ | ၉၈၀၀၀၀ | ၁၅၅၃၀၀၀ | ၁၀၇၉၀၀၀ | ၄၅၆၀၀၀ |
| ၂ | မေလ | ၅၆၈၅၀၀ | ၇၅၀၀၀၀ | ၁၂၄၈၀၀၀ | ၁၇၀၅၀၀၀ | ၉၄၈၀၀၀ | ၃၈၂၀၀၀ |
| ၃ | ဇွန်လ | ၅၂၅၀၀၀ | ၇၄၉၀၀၀ | ၁၃၆၄၀၀၀ | ၁၆၉၇၀၀၀ | ၈၇၇၅၀၀ | ၅၃၃၀၀၀ |
| ၄ | ဇူလိုင်လ | ၄၅၉၂၀၀ | ၈၀၆၅၁၈ | ၁၂၇၆၀၀၀ | ၁၈၀၀၀၀၀ | ၈၄၈၀၀၀ | ၄၅၁၀၀၀ |
| ၅ | သြဂုတ်လ | ၅၀၆၀၀၀ | ၈၅၂၀၀၀ | ၁၂၉၁၀၀၀ | ၁၆၈၂၀၀၀ | ၇၅၀၀၀၀ | ၄၁၅၀၀၀ |
| ၆ | စက်တင်ဘာလ | ၅၂၆၆၀၀ | ၈၁၈၀၀၀ | ၁၄၅၇၀၀၀ | ၁၃၆၀၀၀၀ | ၅၉၆၀၀၀ | |
| ၇ | အောက်တိုဘာလ | ၅၇၂၅၀၀ | ၇၅၂၆၀၀ | ၂၁၂၅၀၀၀ | ၁၄၄၀၀၀၀ | ၅၂၅၀၀၀ | |
| ၈ | နိုဝင်ဘာလ | ၅၈၇၈၀၀ | ၈၆၁၀၀၀ | ၂၁၈၅၀၀၀ | ၁၃၃၆၀၀၀ | ၄၈၅၀၀၀ | |
| ၉ | ဒီဇင်ဘာလ | ၅၆၉၅၀၀ | ၈၁၉၀၀၀ | ၂၃၀၀၀၀၀ | ၁၁၃၃၀၀၀ | ၄၇၆၀၀၀ | |
| ၁၀ | ဇန်နဝါရီလ | ၆၀၀၅၀၀ | ၈၈၇၀၀၀ | ၁၈၅၀၀၀၀ | ၁၁၁၁၀၀၀ | ၅၈၃၀၀၀ | |
| ၁၁ | ဖေဖော်ဝါရီလ | ၅၈၃၀၀၀ | ၈၁၅၀၀၀ | ၁၄၀၀၀၀၀ | ၉၅၈၀၀၀ | ၅၅၇၅၀၀ | |
| ၁၂ | မတ် | ၆၀၃၀၀၀ | ၈၉၅၀၀၀ | ၁၂၄၈၀၀၀ | ၉၉၄၀၀၀ | ၄၉၉၀၀၀ | |





12

# ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း ပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၇၆၅၄၀၀ | ၁၀၅၆၃၀၀ | ၁၂၆၇၆၀၀ | ၁၀၈၃၉၀၀ | ၁၁၄၂၁၀၀ | ၁၀၉၃၀၀၀ |
| ၂ | မေလ | ၇၅၆၃၀၀ | ၁၂၆၇၆၀၀ | ၁၂၈၆၀၀၀ | ၁၀၄၁၀၀၀ | ၁၁၄၂၁၀၀ | ၁၁၄၂၁၀၀ |
| ၃ | ဇွန်လ | ၈၇၈၇၀၀ | ၁၂၀၆၄၀၀ | ၁၂၈၆၀၀၀ | ၁၀၄၁၀၀၀ | ၁၃၅၆၄၀၀ | ၁၃၇၇၈၀၀ |
| ၄ | ဇူလိုင်လ | ၈၇၈၇၀၀ | ၁၃၁၀၄၈၅ | ၁၃၅၉၅၀၀ | ၁၁၂၃၇၀၀ | ၁၃၂၅၈၀၀ | ၁၃၅၇၈၀၀ |
| ၅ | ဩဂုတ်လ | ၉၃၀၈၀၀ | ၁၃၀၇၄၀၀ | ၁၄၂၆၈၀၀ | ၁၁၂၃၇၀၀ | ၁၃၇၇၈၀၀ | ၁၃၇၇၈၀၀ |
| ၆ | စက်တင်ဘာလ | ၁၀၄၁၀၀၀ | ၁၂၅၅၃၀၀ | ၁၄၄၈၃၀၀ | ၁၀၂၂၆၀၀ | ၁၃၇၇၈၀၀ | |
| ၇ | အောက်တိုဘာလ | ၁၀၂၂၆၀၀ | ၁၀၆၂၄၀၀ | ၁၅၃၀၉၀၀ | ၁၀၄၁၀၀၀ | ၁၄၂၆၈၀၀ | |
| ၈ | နိုဝင်ဘာလ | ၁၀၇၁၆၀၀ | ၁၂၅၅၃၀၀ | ၁၅၈၃၀၀၀ | ၁၁၂၃၇၀၀ | ၁၄၂၉၉၀၀ | |
| ၉ | ဒီဇင်ဘာလ | ၁၀၇၁၆၀၀ | ၁၂၂၄၇၀၀ | ၁၄၈၁၉၀၀ | ၁၁၂၃၇၀၀ | ၁၃၈၉၀၀၀ | |
| ၁၀ | ဇန်နဝါရီလ | ၁၁၀၂၃၀၀ | ၁၂၂၄၇၀၀ | ၁၂၈၆၀၀၀ | ၁၁၂၃၇၀၀ | ၁၂၇၈၀၀၀ | |
| ၁၁ | ဖေဖော်ဝါရီလ | ၁၀၀၁၂၀၀ | ၁၁၆၃၅၀၀ | ၁၂၄၆၂၀၀ | ၁၂၂၄၇၀၀ | ၁၀၁၉၆၀၀ | |
| ၁၂ | မတ် | ၁၀၀၁၂၀၀ | ၁၂၁၅၅၀၀ | ၁၂၀၆၄၀၀ | ၁၂၀၃၃၀၀ | ၁၁၂၃၇၀၀ | |





13

# ဘဏ္ဍာနှစ်အလိုက် ပဲစင်းငုံ ပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၆၆၇၀၀၀ | ၆၃၄၀၀၀ | ၉၈၀၀၀၀ | ၁၄၅၅၀၀၀ | ၇၄၀၀၀၀ | ၄၀၀၀၀၀ |
| ၂ | မေလ | ၆၇၀၀၀၀ | ၆၃၀၀၀၀ | ၁၁၄၀၀၀၀ | ၁၅၃၀၀၀၀ | ၆၅၅၀၀၀ | ၃၄၀၀၀၀ |
| ၃ | ဇွန်လ | ၆၁၄၀၀၀ | ၆၀၈၀၀၀ | ၁၃၀၀၀၀၀ | ၁၄၇၈၀၀၀ | ၆၂၉၀၀၀ | ၅၃၂၀၀၀ |
| ၄ | ဇူလိုင်လ | ၅၅၂၀၀၀ | ၆၂၇၅၀၅ | ၁၂၇၀၀၀၀ | ၁၅၂၃၀၀၀ | ၆၁၉၅၀၀ | ၄၉၁၀၀၀ |
| ၅ | ဩဂုတ်လ | ၅၆၆၀၀၀ | ၇၀၀၀၀၀ | ၁၄၀၀၀၀၀ | ၁၃၁၀၀၀၀ | ၅၉၉၀၀၀ | ၄၈၆၅၀၀ |
| ၆ | စက်တင်ဘာလ | ၅၄၂၀၀၀ | ၇၃၃၀၀၀ | ၁၆၀၀၀၀၀ | ၁၀၈၁၀၀၀ | ၄၆၅၅၀၀ | |
| ၇ | အောက်တိုဘာလ | ၅၉၅၀၀၀ | ၇၁၀၀၀၀ | ၁၆၀၀၀၀၀ | ၁၁၂၄၀၀၀ | ၄၀၂၀၀၀ | |
| ၈ | နိုဝင်ဘာလ | ၅၄၀၀၀၀ | ၈၀၅၀၀၀ | ၁၆၀၀၀၀၀ | ၉၃၀၀၀၀ | ၃၂၈၀၀၀ | |
| ၉ | ဒီဇင်ဘာလ | ၅၂၀၀၀၀ | ၇၁၈၀၀၀ | ၁၆၁၅၀၀၀ | ၈၆၀၀၀၀ | ၃၃၀၅၀၀ | |
| ၁၀ | ဇန်နဝါရီလ | ၅၈၃၀၀၀ | ၇၈၇၀၀၀ | ၁၄၃၅၀၀၀ | ၇၉၈၀၀၀ | ၃၉၀၀၀၀ | |
| ၁၁ | ဖေဖော်ဝါရီလ | ၅၈၄၀၀၀ | ၈၂၂၀၀၀ | ၁၃၃၆၀၀၀ | ၇၇၈၀၀၀ | ၄၃၀၀၀၀ | |
| ၁၂ | မတ် | ၆၀၃၀၀၀ | ၉၁၄၀၀၀ | ၁၂၁၅၀၀၀ | ၇၅၁၀၀၀ | ၃၈၅၀၀၀ | |





14

## ဘဏ္ဍာနှစ်အလိုက် ကုလားပဲ ပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၆၃၆၈၀၀ | ၅၀၈၂၀၀ | ၅၆၉၅၀၀ | ၁၀၇၁၆၀၀ | ၁၄၀၈၄၀၀ | ၇၈၆၉၀၀ |
| ၂ | မေလ | ၆၁၂၃၀၀ | ၅၀၂၁၀၀ | ၇၃၄၈၀၀ | ၁၂၅၅၃၀၀ | ၁၃၆၅၆၀၀ | ၆၅၃၂၀၀ |
| ၃ | ဇွန်လ | ၅၈၁၇၀၀ | ၅၀၈၂၀၀ | ၇၆၅၄၀၀ | ၁၂၈၆၀၀၀ | ၁၃၆၅၆၀၀ | ၇၀၄၂၀၀ |
| ၄ | ဇူလိုင်လ | ၅၇၅၆၀၀ | ၄၅၀၃၅၄ | ၇၂၈၇၀၀ | ၁၂၈၆၀၀၀ | ၁၃၂၈၈၀၀ | ၆၈၅၈၀၀ |
| ၅ | ဩဂုတ်လ | ၆၀၀၁၀၀ | ၄၈၉၉၀၀ | ၉၁၈၅၀၀ | ၁၃၇၇၈၀၀ | ၁၃၆၅၆၀၀ | ၇၇၃၀၀၀ |
| ၆ | စက်တင်ဘာလ | ၅၈၁၇၀၀ | ၄၈၉၉၀၀ | ၉၄၉၂၀၀ | ၁၂၅၅၃၀၀ | ၁၄၁၄၆၀၀ | |
| ၇ | အောက်တိုဘာလ | ၅၈၁၇၀၀ | ၄၁၆၄၀၀ | ၁၀၉၀၀၀၀ | ၁၄၀၈၄၀၀ | ၁၄၄၃၂၀၀ | |
| ၈ | နို□င်ဘာလ | ၅၆၃၃၀၀ | ၄၂၈၆၀၀ | ၁၂၈၆၀၀၀ | ၁၄၈၁၉၀၀ | ၁၄၃၉၁၀၀ | |
| ၉ | ဒီဇင်ဘာလ | ၅၀၈၂၀၀ | ၄၁၀၃၀၀ | ၁၂၀၀၂၀၀ | ၁၅၆၁၅၀၀ | ၁၁၆၃၅၀၀ | |
| ၁၀ | ဇန်န□ါရီလ | ၅၅၁၁၀၀ | ၄၇၁၅၀၀ | ၁၅၁၅၆၀၀ | ၂၄၄၉၅၀၀ | ၁၁၀၂၃၀၀ | |
| ၁၁ | ဖေဖော်□ါရီလ | ၄၇၇၆၀၀ | ၄၉၂၉၀၀ | ၉၃၃၈၀၀ | ၁၃၂၈၀၀၀ | ၁၀၂၂၆၀၀ | |
| ၁၂ | မတ် | ၄၈၃၇၀၀ | ၅၆၆၄၀၀ | ၈၈၇၉၀၀ | ၁၂၀၆၄၀၀ | ၈၂၆၇၀၀ | |





15

## ဘဏ္ဍာနှစ်အလိုက် မတ်ပဲ (FoB) ဈေးနှုန်းများ

ကျပ်/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၆၃၀ | ၇၁၅ | ၉၃၉ | ၁၃၂၈ | ၈၂၁ | ၄၀၀ |
| ၂ | မေလ | ၆၁၅ | ၈၄၀ | ၁၁၅၈ | ၁၄၉၆ | ၇၂၁ | ၃၀၁ |
| ၃ | ဇွန်လ | ၅၅၀ | ၈၃၀ | ၁၂၀၃ | ၁၄၅၅ | ၆၆၈ | ၄၁၂ |
| ၄ | ဇူလိုင်လ | ၄၉၀ | ၈၈၅ | ၁၁၀၅ | ၁၅၇၁ | ၆၄၂ | ၃၃၈ |
| ၅ | ဩဂုတ်လ | ၅၄၀ | ၈၈၅ | ၁၀၇၅ | ၁၄၅၅ | ၅၇၂ | ၃၀၀ |
| ၆ | စက်တင်ဘာလ | ၅၅၀ | ၈၇၃ | ၁၁၇၆ | ၁၁၅၂ | ၄၅၇ | |
| ၇ | အောက်တိုဘာလ | ၆၁၀ | ၇၅၀ | ၁၆၈၈ | ၁၁၆၇ | ၄၀၅ | |
| ၈ | နိုဝင်ဘာလ | ၆၃၅ | ၈၃၅ | ၁၇၄၇ | ၁၀၇၄ | ၃၇၃ | |
| ၉ | ဒီဇင်ဘာလ | ၆၁၀ | ၈၂၀ | ၁၈၃၀ | ၈၆၂ | ၃၆၆ | |
| ၁၀ | ဇန်နဝါရီလ | ၆၆၀ | ၈၈၀ | ၁၄၅၃ | ၈၄၅ | ၄၅၂ | |
| ၁၁ | ဖေဖော်ဝါရီလ | ၆၆၀ | ၈၀၀ | ၁၄၆၀ | ၇၂၇ | ၄၄၀ | |
| ၁၂ | မတ် | ၆၄၅ | ၈၆၀ | ၁၀၈၄ | ၇၅၅ | ၄၀၀ | |





16

## ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း (FOB)ဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၈၆၀ | ၉၈၀ | ၁၂၁၀ | ၉၃၂ | ၈၇၂ | ၈၃၀ |
| ၂ | မေလ | ၈၆၀ | ၉၈၀ | ၁၁၉၄ | ၉၂၀ | ၈၆၈ | ၈၇၉ |
| ၃ | ဇွန်လ | ၈၆၀ | ၉၈၀ | ၁၁၃၇ | ၈၉၉ | ၁၀၂၆ | ၁၀၄၇ |
| ၄ | ဇူလိုင်လ | ၁၀၂၀ | ၉၇၆ | ၁၁၇၈ | ၉၈၆ | ၉၉၈ | ၉၉၆ |
| ၅ | ဩဂုတ်လ | ၈၃၀ | ၉၇၆ | ၁၁၈၇ | ၉၇၇ | ၁၀၄၁ | ၉၇၁ |
| ၆ | စက်တင်ဘာလ | ၈၇၀ | ၁၃၃၂ | ၁၁၇၀ | ၈၇၂ | ၁၀၄၄ | |
| ၇ | အောက်တိုဘာလ | ၈၇၀ | ၁၁၃၀ | ၁၂၂၃ | ၈၄၉ | ၁၀၈၂ | |
| ၈ | နိုဝင်ဘာလ | ၈၇၀ | ၁၁၅၀ | ၁၂၆၉ | ၉၀၆ | ၁၀၇၇ | |
| ၉ | ဒီဇင်ဘာလ | ၉၅၀ | ၁၁၄၀ | ၁၁၈၅ | ၈၅၇ | ၁၀၆၅ | |
| ၁၀ | ဇန်နဝါရီလ | ၉၆၀ | ၁၂၀၉ | ၁၀၁၇ | ၈၅၆ | ၈၅၀ | |
| ၁၁ | ဖေဖော်ဝါရီလ | ၉၉၀ | ၁၀၀၀ | ၁၀၂၂ | ၉၂၇ | ၇၉၆ | |
| ၁၂ | မတ် | ၉၈၀ | ၁၀၀၀ | ၁၀၄၇ | ၉၁၆ | ၈၃၀ | |





17

## ဘဏ္ဍာနှစ်အလိုက် ပဲစင်းငုံ (FOB)ဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၆၃၀ | ၇၁၀ | ၉၃၉ | ၁၂၄၆ | ၅၆၇ | ၃၀၈ |
| ၂ | မေလ | ၇၂၀ | ၇၁၅ | ၁၀၆၀ | ၁၃၄၄ | ၅၀၂ | ၂၇၀ |
| ၃ | ဇွန်လ | ၆၅၀ | ၇၀၅ | ၁၁၄၇ | ၁၂၇၀ | ၄၈၂ | ၄၁၁ |
| ၄ | ဇူလိုင်လ | ၅၈၀ | ၇၀၂ | ၁၀၉၉ | ၁၃၃၁ | ၄၇၂ | ၃၆၇ |
| ၅ | ဩဂုတ်လ | ၆၁၀ | ၇၀၂ | ၁၁၆၃ | ၁၁၃၆ | ၄၅၉ | ၃၅၀ |
| ၆ | စက်တင်ဘာလ | ၅၈၀ | ၇၈၄ | ၁၂၉၂ | ၉၁၈ | ၃၅၉ | |
| ၇ | အောက်တိုဘာလ | ၆၃၀ | ၇၃၀ | ၁၂၈၀ | ၉၁၄ | ၃၁၃ | |
| ၈ | နိုဝင်ဘာလ | ၅၉၅ | ၇၉၀ | ၁၂၉၆ | ၇၅၂ | ၂၅၆ | |
| ၉ | ဒီဇင်ဘာလ | ၅၈၅ | ၇၂၀ | ၁၂၄၅ | ၆၅၇ | ၂၅၈ | |
| ၁၀ | ဇန်နဝါရီလ | ၆၇၀ | ၇၈၃ | ၁၁၃၁ | ၆၁၀ | ၃၀၆ | |
| ၁၁ | ဖေဖော်ဝါရီလ | ၆၅၀ | ၈၂၀ | ၁၀၉၅ | ၅၉၂ | ၃၄၂ | |
| ၁၂ | မတ် | ၆၇၅ | ၈၉၅ | ၁၀၅၅ | ၅၇၄ | ၃၀၈ | |





18

# ဘဏ္ဍာနှစ်အလိုက် ကုလားပဲ (FOB)ဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ |
|---|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၇၂၀ | ၅၈၀ | ၅၅၀ | ၉၁၇ | ၁၀၆၈ | ၆၄၄ |
| ၂ | မေလ | ၇၀၀ | ၅၈၀ | ၆၈၃ | ၁၁၀၀ | ၁၀၃၅ | ၅၁၀ |
| ၃ | ဇွန်လ | ၆၃၀ | ၅၈၀ | ၆၆၀ | ၁၁၀၁ | ၁၀၃၃ | ၅၄၂ |
| ၄ | ဇူလိုင်လ | ၅၈၀ | ၅၇၇ | ၆၃၇ | ၁၁၂၀ | ၁၀၀၀ | ၅၀၉ |
| ၅ | ဩဂုတ်လ | ၆၂၀ | ၅၇၇ | ၇၆၆ | ၁၁၉၅ | ၁၀၃၂ | ၅၄၉ |
| ၆ | စက်တင်ဘာလ | ၆၂၀ | ၅၃၀ | ၇၆၉ | ၁၀၆၄ | ၁၀၇၁ | |
| ၇ | အောက်တိုဘာလ | ၆၂၀ | ၅၅၀ | ၈၇၂ | ၁၁၄၁ | ၁၀၉၆ | |
| ၈ | နိုဝင်ဘာလ | ၆၂၀ | ၅၅၀ | ၁၀၂၇ | ၁၁၈၈ | ၁၀၈၄ | |
| ၉ | ဒီဇင်ဘာလ | ၆၂၀ | ၄၅၀ | ၉၅၇ | ၁၁၈၃ | ၈၇၉ | |
| ၁၀ | ဇန်နဝါရီလ | ၅၈၀ | ၄၇၅ | ၁၁၈၅ | ၁၈၃၄ | ၈၄၄ | |
| ၁၁ | ဖေဖော်ဝါရီလ | ၅၈၀ | ၄၇၀ | ၁၁၇၂ | ၁၀၀၅ | ၇၉၉ | |
| ၁၂ | မတ် | ၅၈၀ | ၄၇၀ | ၇၇၄ | ၉၁၄ | ၆၄၄ | |




19

# အိန္ဒိယဈေးကွက်ပေါက်ဈေးနှင့် မြန်မာဈေးကွက်ပေါက်ဈေး ကွာခြားချက် တွက်ချက်မှု ဇယား

| ရက်စွဲ | ပဲအမျိုးအမည် | အိန္ဒိယ အခြေစိုက် သတ်မှတ်ဈေးနှုန်း (တန်) | | အိန္ဒိယ ဈေးကွက်ပေါက်ဈေးနှုန်း(တန်) | | မြန်မာနိုင်ငံ FOB ဈေးနှုန်း (တန်) | အိန္ဒိယ အခြေစိုက်ဈေးနှင့် မြန်မာဈေးကွက်ပေါက်ဈေး ကွာခြားချက်(တန်) | အိန္ဒိယဈေးကွက်ပေါက်ဈေးနှင့် မြန်မာနိုင်ငံဈေး ကွာခြားချက်(တန်) |
|---|---|---|---|---|---|---|---|---|
| | | ဈေးနှုန်း (ရူပီး) | ဈေးနှုန်း (USD) | ဈေးနှုန်း (ရူပီး) | ဈေးနှုန်း (USD) | ဈေးနှုန်း (USD) | ဈေးနှုန်း (USD) | ဈေးနှုန်း (USD) |
| ၁-၆-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၆၁၂၅ | ၅၁၇ | ၄၀၅ | ၄၂၆ | ၁၁၂ |
| ၁-၆-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၇၆၈၈ | ၅၃၉ | ၄၁၂ | ၄၂၆ | ၁၂၇ |
| ၇-၆-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၅၀၀၀ | ၅၀၁ | ၄၀၀ | ၄၃၁ | ၁၀၁ |
| ၇-၆-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၆၅၀၀ | ၅၂၂ | ၄၀၀ | ၄၃၈ | ၁၂၂ |
| ၁၅-၆-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၁၂၅၀ | ၄၄၇ | ၃၅၅ | ၄၇၆ | ၉၂ |
| ၁၅-၆-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၅၂၅၀ | ၅၀၄ | ၃၇၅ | ၄၆၃ | ၁၂၉ |
| ၂၁-၆-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၂၁၂၅ | ၄၆၀ | ၃၄၀ | ၄၉၁ | ၁၂၀ |
| ၂၁-၆-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၇၂၅၀ | ၅၃၃ | ၃၈၈ | ၄၅၀ | ၁၄၅ |
| ၂-၇-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၄၇၅၀ | ၄၉၇ | ၃၀၀ | ၅၃၁ | ၁၉၇ |
| ၂-၇-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၄၈၇၅ | ၄၉၉ | ၃၅၀ | ၄၈၈ | ၁၄၉ |
| ၇-၇-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၇၇၅၀ | ၅၄၀ | ၃၁၀ | ၅၂၁ | ၂၃၀ |
| ၇-၇-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၇၂၅၅ | ၅၃၃ | ၃၇၀ | ၄၆၈ | ၁၆၃ |
| ၁၆-၇-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၇၂၅၀ | ၅၃၃ | ၂၉၀ | ၅၄၁ | ၂၄၃ |
| ၁၆-၇-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၆၇၅၀ | ၅၂၆ | ၃၄၅ | ၄၉၃ | ၁၈၁ |
| ၂၁-၇-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၆၀၀၀ | ၅၁၅ | ၂၉၅ | ၅၃၆ | ၂၂၀ |
| ၂၁-၇-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၇၀၀၀ | ၅၂၉ | ၃၆၀ | ၄၇၈ | ၁၆၉ |
| ၁-၈-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၉၂၅၀ | ၅၆၂ | ၂၈၅ | ၅၄၆ | ၂၇၇ |
| ၁-၈-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၇၆၂၅ | ၅၃၈ | ၃၅၅ | ၄၈၃ | ၁၈၃ |
| ၇-၈-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၈၄၃၈ | ၅၅၀ | ၂၈၂ | ၅၄၉ | ၂၆၈ |
| ၇-၈-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၆၃၁၃ | ၅၂၀ | ၃၄၀ | ၄၉၈ | ၁၈၀ |
| ၁၄-၈-၁၈ | မတ်ပဲ | ၅၄၀၀၀ | ၈၃၁ | ၃၉၈၇၅ | ၅၇၁ | ၂၉၀ | ၅၄၁ | ၂၈၁ |
| ၁၄-၈-၁၈ | ပဲစင်းငုံ | ၅၄၅၀၀ | ၈၃၈ | ၃၆၇၅၀ | ၅၂၆ | ၃၃၅ | ၅၀၃ | ၁၉၁ |

20

## အိန္ဒိယနိုင်ငံ မတ်ပဲ နှင့် ပဲစဉ်းငုံ တင်သွင်းခွင့်လိုင်စင် စတင်ထုတ်ပေးသည့် ၁-၆- ၂၀၁၈ ရက်နေ့မှစ၍ မြန်မာနိုင်ငံမှ ပဲတင်ပို့သည့် တန်ချိန်၊ ရန်ကုန် FOB ဈေးနှုန်းနှင့် အိန္ဒိယဈေးကွက်ပေါက်ဈေးနှင့်ခြားနားချက် ဖော်ပြသည့်ဇယား

ရေတွက်ပုံ တန်၊ ဒေါ်လာ

| ရက်သတ္တပတ် | မတ်ပဲ | | | ပဲစင်းငုံ | | |
|---|---|---|---|---|---|---|
| | တင်ပို့သည့် ပမာဏ | ရန်ကုန် FOB ဈေးနှုန်း (တန်) | အိန္ဒိယ ပေါက်ဈေး နှင့် ခြားနား ချက် | တင်ပို့သည့် ပမာဏ | ရန်ကုန် FOB ဈေးနှုန်း (တန်) | အိန္ဒိယ ပေါက်ဈေး နှင့် ခြားနား ချက် |
| ၂၆-၅-၂၀၁၈မှ ၁-၆-၂၀၁၈အထိ | ၆၂၂၀ | ၄၀၅ | ၁၁၂ | ၂၂၆၀ | ၄၁၂ | ၁၂၇ |
| ၂-၆-၂၀၁၈မှ ၈-၆-၂၀၁၈အထိ | ၁၁၂၈၉ | ၃၈၀ | ၁၂၁ | ၁၇၃၅ | ၃၈၀ | ၁၃၃ |
| ၉-၆-၂၀၁၈မှ ၁၅-၆-၂၀၁၈အထိ | ၈၁၆၅ | ၃၅၅ | ၉၂ | ၄၉၃၃ | ၃၇၅ | ၁၂၉ |
| ၁၆-၆-၂၀၁၈မှ ၂၂-၆-၂၀၁၈အထိ | ၁၂၉၂၁ | ၃၃၃ | ၁၆၈ | ၈၁၉၁ | ၃၈၅ | ၁၃၉ |
| ၂၃-၆-၂၀၁၈မှ ၂၉-၆-၂၀၁၈အထိ | ၂၂၃၃၃ | ၂၉၈ | ၁၉၆ | ၁၂၃၇၄ | ၃၅၅ | ၁၄၇ |
| ၃၀-၆-၂၀၁၈မှ ၆-၇-၂၀၁၈အထိ | ၂၄၁၆၃ | ၃၁၇ | ၂၁၆ | ၈၄၉၈ | ၃၇၀ | ၁၅၆ |
| ၇-၇-၂၀၁၈မှ ၁၃-၇-၂၀၁၈အထိ | ၂၀၅၉၈ | ၂၉၀ | ၂၃၀ | ၇၈၂၇ | ၃၄၅ | ၁၆၈ |
| ၁၄-၇-၂၀၁၈မှ ၂၀-၇-၂၀၁၈အထိ | ၂၃၄၅၈ | ၂၉၅ | ၂၂၆ | ၁၂၉၉၆ | ၃၆၀ | ၁၇၆ |
| ၂၁-၇-၂၀၁၈မှ ၂၇-၇-၂၀၁၈အထိ | ၂၂၈၈၇ | ၂၇၅ | ၂၃၅ | ၁၂၉၉၃ | ၃၄၀ | ၁၈၄ |
| ၂၈-၇-၂၀၁၈မှ ၃-၈-၂၀၁၈အထိ | ၁၇၁၉၄ | ၂၈၅ | ၂၈၅ | ၁၄၄၈၀ | ၃၅၀ | ၁၈၅ |
| ၄-၈-၂၀၁၈မှ ၁၀-၈-၂၀၁၈အထိ | ၁၄၈၀၂ | ၂၈၅ | ၂၆၂ | ၁၃၅၈၅ | ၃၄၃ | ၁၈၁ |

ရှင်းလင်းချက်။ အိန္ဒိယ အခြေခံ သတ်မှတ်ဈေးနှုန်း (Minimum Support Price - MSP) မှာ မတ်ပဲ တစ်တန် ၈၃၁ ဒေါ်လာနှင့် ပဲစဉ်းငုံ တစ်တန် ၈၃၈ ဒေါ်လာ ဖြစ်ပါသည်။

21

## သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဈေးကွက်ပေါက်ဈေးများ ဖော်ပြသောဇယား

တန်ဖိုး-ကျပ်

| စဉ် | ပဲအမျိုး အစား | တစ်ဧက ထုတ်လုပ်မှု ကုန်ကျ စရိတ် | တစ်တန် ထုတ်လုပ်မှု ကုန်ကျ စရိတ် | နယ်ကုန် စည်ဒိုင် ဈေးနှုန်း (တစ်တန်) | တစ်ဧက အကျိုး အမြတ် |
|---|---|---|---|---|---|
| ၁ | မတ်ပဲ | ၂၃၇၅၅၀ | ၄၁၅၈၇၆ | ၃၉၄၀၀၀ | -၂၇၄၃၄ |
| ၂ | ပဲတီစိမ်း | ၂၄၃၀၀၀ | ၄၁၃၈၂၃ | ၉၆၅၀၀၀ | ၃၀၈၈၁၁ |
| ၃ | ကုလားပဲ | ၂၁၁၅၀၀ | ၃၆၆၈၅၁ | ၇၅၅၀၀၀ | ၂၁၂၈၈၆ |
| ၄ | ပဲပုတ် | ၂၁၁၅၀၀ | ၃၃၇၉၉၇ | ၇၂၄၄၀၀ | ၂၃၀၉၁၄ |
| ၅ | အစေ့ထုတ်ပြောင်း | ၂၅၅၅၀၀ | ၁၈၆၁၄၃ | ၃၆၃၁၀၀ | ၂၀၁၀၀၀ |
| ၆ | နှမ်းနက် | ၂၀၈၇၅၀ | ၈၅၁၉၀၉ | ၁၉၄၅၀၀၀ | ၂၄၆၂၅၀ |
| ၇ | မြေပဲ | ၃၀၇၀၀၀ | ၅၄၁၄၂၅ | ၁၈၃၇၁၀၀ | ၁၉၃၀၀၀ |

မှတ်ချက်။ ၂၀၁၈ခုနှစ် ဩဂုတ်လဆန်း အချက်အလက်များနှင့် ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပါသည်။
အချိန်ကာလအလိုက်ဈေးနှုန်း နှင့် ကုန်ကျစရိတ်အပြောင်းအလဲရှိနိုင်ပါသည်။

22

## ၂၀၁၇ ခုနှစ်၊ သီးနှံများကမ္ဘာ့ဈေးကွက်ရောင်းဝယ်မှု အခြေအနေ

| | တန်ချိန် (သန်း) |
|---|---|
| • ဆန် | ၄၆.၀၀ |
| • အစေ့ထုတ်ပြောင်း | ၅၃.၀၀ |
| • ပဲပုပ် | ၁၅၁.၀၀ |
| • နှမ်း | ၁.၈၀ |
| • မြေပဲ | ၂.၇၀ |
| • ပဲမျိုးစုံ | ၁၀.၀၀ |
| • နံ့စားပြောင်း | ၇.၀၀ |
| • ဝါ | ၁၃.၀၀ |
| • နေကြာ | ၅.၃၀ |
| • ကြံ (သကြား) | ၆၃.၀၀ |

23

## တွက်ခြေကိုက်မည့် သီးနှံ အခြေခံ အချက်များ

- စိုက်ပျိုးသူတောင်သူ တွက်ခြေကိုက်ရမည်။
- စိုက်ပျိုးသည့် ဒေသ၊ ရာသီဥတု၊ ရေမြေသဘာဝနှင့် ကိုက်ညီရမည်။
- ဈေးနှုန်းအရ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရမည်။
- အရည်အသွေးအရ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရမည်။
- ဈေးကွက်လိုအပ်ချိန်တွင် အချိန်မီ တင်ပို့နိုင်ရမည်။

24




မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFCCI Office Tower

# ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းမှ ဆွေးနွေးခြင်း

အားလုံးပဲမင်္ဂလာပါခင်ဗျာ၊ ဆွေးနွေးတာတွေများပြီး ပြောတာတွေများပြီး ဟုန်သွားမှာလည်းစိုးပါတယ်၊ တကယ်ထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တွေက နေ့ခင်းပိုင်းမှာ အကြိတ်အနယ်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တိုတိုတုတ်တုတ်နဲ့ လိုရင်းလေးပဲ ကျွန်တော့အနေနဲ့ တင်ပြခွင့်ပြုဖို့ တောင်းဆိုလိုပါတယ်။ အဓိကကတော့ အခုဖြစ်နေတဲ့ ပြဿနာကဘာလဲဆိုလို့ရှိရင် သီးနှံတွေ ဈေးကွက်မရှိဘူး၊ ဈေးကွက်မရှိတာ ဘာကြောင့်လဲဆိုရင် အရည်အသွေးမမီဘူး၊ အရည်အသွေး မမီတာ ဘာကြောင့်လဲဆိုရင် စိုက်စရိတ်နဲ့သွင်းအားစုတွေ ထိထိရောက်ရောက် သုံးစွဲနိုင်မှုမရှိဘူး အဲဒီဟာက ဘာကြောင့်လဲဆိုရင် ဈေးကောင်းမရတဲ့အတွက် တောင်သူလယ်သမားများအနေနဲ့ သွင်းအားစု ကိုအားထည့်ပြီး ဆောင်ရွက်နိုင်တဲ့ အခြေအနေမရှိဘူးဆိုတဲ့ ဒီသံသရာကြီးလုံးချာလိုက်နေတယ် ဆိုတဲ့အနေအထားမျိုး ရောက်ရှိနေတာ ဖြစ်ပါတယ်။ တကယ့်တောင်သူတွေသည် တကယ်သာဈေးကွက်သာ ခိုင်ခိုင်မာမာ ရပြီး တော့နှစ်စဉ် တည်တံ့တဲ့ပမာဏအတိုင်း အရောင်းအဝယ်ဖြစ်နေနိုင်မယ်ဆိုလို့ရှိရင်တော့ တောင်သူများ အနေနဲ့ နှစ်စဉ်မှာ ဘယ်သီးနှံကို ဘယ်လိုတိုးချဲ့ပြီးတော့ ဘယ်လိုထွက်အောင်လုပ်လိုက်မယ်ဆိုတဲ့ အနေအထားတွေ ရှိပြီးသားလို့ ကျွန်တော့အနေနဲ့ ခံယူထားပြီးသားဖြစ်ပါတယ်။ တောင်သူတွေက ရမယ့်ဝင်ငွေကဘယ်လောက်လဲ အဲဒါဆိုရင်ငါတို့ ဘယ်လောက်သုံးရမလဲဆိုတဲ့ ကြိုတင်စီမံခန့်ခွဲနိုင်မှု အနေအထားတွေ၊

ပေဖန်သုံးသပ်နိုင်မှု အနေအထားတွေ မစိုက်ခင်မှာမရသေးဘူးဆိုတဲ့ အနေအထားမျိုး ကျွန်တော်တွေ့နေရတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တစ်ဖက်ကလည်း ပြန်ကြည့်မယ်ဆိုလို့ရှိရင် တောင်သူလယ်သမားများက ထွက်ရှိလာတဲ့သီးနှံများကို ကုန်သွယ်မှုပြုနေကြတဲ့ အဖွဲ့အစည်းများကလည်း ခင်ဗျားတို့ထုတ်လုပ်ပေးထားတဲ့ သီးနှံများကအရည်အသွေးမှ မမီတာကို၊ ဈေးကွက်မှမမီတာကို၊ ဒါ့ကြောင့် ဈေးကဈေးကောင်းမရဘူးဆိုတဲ့ အနေအထားမျိုး ဒါအချင်းချင်းမှာ ကျွန်တော်တို့မှာ ပြဿနာလေးတွေ ရှိနေပါတယ်။ ဒါကအမှန်အတိုင်းနဲ့ ပွင့်ပွင့်လင်းလင်း သုံးသပ်ကြမယ်ဆိုလို့ရှိရင် ဒါလက်ရှိအခြေအနေထိအောင် ကုန်သည်ပွဲစားများ ဆောင်ရွက်ကြတဲ့ အဖွဲ့အစည်းများသည် ဈေးကွက်အတွင်းမှာ ရောက်ရှိလာတဲ့ သီးနှံများအပေါ်မှာ ဆုံးဖြတ်ပြီးကာမှ ဝယ်မယ်မဝယ်ဘူး၊ ဘယ်ဈေးပေးမယ် မပေးဘူးဆိုတာကို ဆောင်ရွက် နေကြတာဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်မှာ ပြောင်းလဲပြီးဆောင်ရွက်ရမယ့် ပြောင်းလဲပြီးဆောင်ရွက်သင့်တဲ့ လုပ်ငန်းကတော့ အဲဒီကုန်သည်အသိုင်းအဝိုင်းကပါ တောင်သူလယ်သမားများ လိုအပ်ချက်ကဘာလဲ၊ ငါတို့ လိုချင်တဲ့အရည်အသွေးကောင်း သီးနှံတွေထုတ်လုပ်ဖို့အတွက် ဘယ်လိုမျိုးဝင်ရောက်ပြီးတော့ ပံ့ပိုးဆောင်ရွက်မှုပေးမလဲဆိုတဲ့ လုပ်ငန်းစဉ်ကို ပြောင်းလဲစိုက်ပျိုးသွားရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ဆောင်ရွက်ခြင်း သည် Stage မှာလုပ်ဆောင်ရမယ့် အခြေအနေများနဲ့ တကယ့်ကိုစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများနဲ့ တစ်ဦးနဲ့တစ်ဦး လိုအပ်ချက် တစ်ဦးနဲ့တစ်ဦး ပေါင်းစပ်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကို ဒီနေ့ဒီအချိန်မှာ ဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။ ဒါမှသာလျှင် တောင်သူများလိုအပ်တဲ့ ရင်နှီးမြှုပ်နှံမှုကို လုပ်နိုင်တဲ့ပုဂ္ဂိုလ်များကဘယ်လိုပံ့ပိုးကူညီပေးနိုင်မလဲ ဘယ်လိုသီးနှံမျိုးတွေ ဆောင်ရွက်မလဲဆိုတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ဥပမာ အနေနဲ့ပြောရရင် ကျွန်တော်တို့ ဖရဲစိုက်ကြတယ်၊ တရုတ်နိုင်ငံက ဝယ်တယ်၊ ဝယ်တယ်ဆိုပြီးတော့ စိုက်ကြတယ်၊ ဈေးကောင်းတစ်နှစ်ရလိုက်တဲ့ အချိန်မှာ နောက်တစ်နှစ်လည်းကျရောတောင်သူတိုင်းက ဖရဲလိုက်စိုက်ကြတယ်။ ပြီးရင်နယ်စပ်ဂိတ် ရောက်တဲ့အခါကျတော့ တရုတ်ကလည်းသူဝယ်နိုင်တဲ့ပမာဏ အတိုင်းပဲဝယ်တယ်။ မဝယ်နိုင်တဲ့အခါ တစ်ခါတစ်ခါကျတော့ ကျွန်တော်တို့ဆီကပစ္စည်းတွေ မဝယ်ဘူးဆိုရင် ဒီအတိုင်းပဲ ပုံသွန်ခဲ့ရတဲ့ကိစ္စ အများကြီးကြုံခဲ့ရတယ်၊ အလားတူပဲ ကျွန်တော်တို့က ဂျပန်ဈေးကွက်ကို ပဲတီစိမ်းပို့တယ်၊ နှမ်းပို့တယ်၊ အဲဒီပဲတီစိမ်းတွေ နှမ်းတွေမှာ ဓာတ်ကြွင်းအာနိသင်တွေ ပါနေတယ်ဆိုပြီးတော့ Reject ထိပြီးတော့ ဆိပ်ကမ်းကနေပြန်လှည့်ခဲ့ရတဲ့ ကိစ္စမျိုးတွေလည်းကျွန်တော်တို့မှာ ကြုံခဲ့ရတယ်။ ဒီလိုကိစ္စမျိုး ဖြစ်ပြီးတော့ နစ်နာခဲ့ရတယ်ဆိုတဲ့ ကိစ္စမျိုးတွေသည် တောင်သူတွေအတွက်လည်းနစ်နာသလို ကုန်သည်များ အသိုင်းအဝိုင်းများဘက်ကလည်း နစ်နာတယ်၊ ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ အစိုးရဌာနများဖြစ်တဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားကူးသန်းဝန်ကြီးဌာနသည်

ဒီလုပ်ငန်းစဉ်အပေါ်မှာ အဓိကတာဝန်ရှိတဲ့ဌာန (၂) ခုလို့ ကျွန်တော်တို့ဒါ ခံယူထားပါတယ်။ ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့အခု ဒီနေ့လုပ်တဲ့ အစည်းအဝေးမှာ ဒါပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှုဆိုတဲ့ အနေအထားမှာ အဓိကဒီနေ့ ဆွေးနွေးရတာသည် ပဲအတွက်ကို ကျွန်တော်တို့ အဓိကထားဆွေးနွေးနေကြတယ်၊ အစေ့ထုတ်ပြောင်း ကျွန်တော်တို့အခုအချိန်အထိ ဒီနှစ်မှာ ဈေးကွက်ကောင်းတယ်။ ပြီခဲ့တဲ့ ၂၀၁၅/၁၆ ပြောင်းဝယ်မယ့်သူမရှိလို့ ပြောင်းတစ်ပိဿာ (၂၅၀)တောင်ပေးမယ့်သူမရှိလို့ ကျွန်တော်တို့ ကယားဒေသတို့၊ ရှမ်းဒေသတို့ကတောင်သူတွေမှာ အခက်အခဲတွေနဲ့ ကြုံတွေ့ရတယ်ဆိုတာလည်း ကျွန်တော်တို့မေ့ပျောက်လို့မရဘူး၊ အဲဒီအချိန်တုန်းက ကျွန်တော်တို့ဆီမှာ ရှိနေတဲ့ပြောင်းကို မဝယ်ချင်တဲ့ အခါကျတော့ ဘာကိုအကြောင်းပြသလဲဆိုတော့ ပြောင်းမှာ Alpha Tungsten လို့ခေါ်တဲ့ Micro tungsten ပါတယ်၊ အဲဒီအတွက်ကြောင့် အရည်အသွေးမကောင်းလို့ မဝယ်နိုင်ဘူးဆိုပြီးတော့ အကြောင်းပြတယ်။ ဒီနှစ်လိုအနေအထားမျိုးကျတော့ Micro Tungsten အသံလည်းမကြားရဘူး၊ Alpha Tungsten အသံလည်း မကြားရဘူး၊ တစ်စေ့မှလည်းမကျန်ဘူး ကျွန်တော်တို့ဆီကဝယ်တယ်၊ ဒါကဈေးကွက်ကို ထိန်းချုပ်နေရတဲ့ လုပ်ငန်းစဉ်တွေအပေါ်မှာ ကျွန်တော်တို့ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ပြောင်းကိုစိုက်မယ်ဆိုရင်လည်း ကျွန်တော်တို့ရဲ့ ဈေးကွက်က ဘယ်လောက်ပမာဏအထိ ကျွန်တော်တို့ ရနိုင်တယ်ဆိုတဲ့ အတိအကျကြီးတော့ မဟုတ်ပေမယ့် ခန့်မှန်းတဲ့အနေအထားနဲ့စိုက်ရင်တော့ ရှမ်းမှာတော့ ဘယ်လောက် စိုက်ရမယ်၊ ကယားမှာတော့ ဘယ်လောက်စိုက်မယ်၊ ဧရာဝတီမှာတော့ ပြောင်းဘယ်လောက်စိုက်သင့်တယ် ဆိုတဲ့ ခုနကဒုတိယသမ္မတကြီး အဖွင့်မှာအမိန့်ရှိတဲ့ ကျွန်တော်တို့ရဲ့ Agriculture Master Plan ရှိဖို့ တော်တော်လေးကို လိုအပ်နေတဲ့ အခြေအနေဖြစ်ပါတယ်၊ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့ကလည်း ဒေါက်တာဇော်ဦးကိုလည်းပဲ အားကိုးတာက နိုင်ငံတကာပညာရှင် အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပြီးတော့ Agriculture Master Plan ကိုကျွန်တော်တို့ဘယ်လိုဆွဲမလဲ၊ ကျွန်တော်တို့ ပြည်တွင်းအင်အားနဲ့ မလောက်ဘူးဆိုလို့ရှိရင်တော့ ကျွန်တော်တို့လိုအပ်တဲ့အကူအညီကိုလည်းပဲ ဒါထည့်သွင်းပြီးတော့ တောင်းခံသွားမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ လွှတ်တော်ကကျွန်တော်တို့ရဲ့လွှတ်တော်အမတ်များ၊ ကျွန်တော်တို့ရဲ့နယ်တွေမှာ စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံရှိတဲ့သူများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်အဖွဲ့အစည်းများ ပါဝင်တဲ့ အဖွဲ့အစည်းများက ကျွန်တော်တို့ဆုံးဖြတ်ဆောင်ရွက်ပြီးရင် ကျွန်တော်တို့ Agriculture Master Plan တစ်ရပ်ဆွဲဖို့အတွက်ကိုလည်းပဲ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက ဒါထဲထဲဝင်ဝင်နဲ့ ပူးပေါင်းဆောင်ရွက်ပေးသွားမယ် ဆိုတဲ့အကြောင်းကိုလည်းပဲ ကျွန်တော့အနေနဲ့ ဒါလေးလည်း တင်ပြလိုပါတယ်။ အဓိက ခုနကတုန်းက ဈေးနှုန်းသံသရာလည်နေကြတဲ့ ကိစ္စလေးကို ပြန်ကောက်ချင်ပါတယ်၊

စျေးနှုန်းသံသရာလည်တဲ့ အတွက်ကြောင့် ခုနကတောင်သူလယ်သမားများထဲမှာလည်းပဲ ပြောသွားကြတာ ရှိပါတယ်၊ သွင်းအားစုအရည်အသွေးမမှန်ဘူး ခုနကတုန်းကအတုအပတွေ လုပ်နေပါတယ်ဆိုတဲ့ကိစ္စ။ ဒီလို ကိစ္စမျိုးမှာတော့ ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနမှာ တကယ်ကိုတာဝန်ရှိတယ်လို့ ကျွန်တော်ခံယူပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့တင်သွင်းလာတဲ့ပစ္စည်းတွေမှာ စောစောက တောင်သူတစ်ယောက် ပြော သွားပါတယ်။ ဘာမှလည်းမဖတ်တတ်ဘူး၊ အတုလား၊ အစစ်လား ခုနကတုန်းက မသိဘူးဆိုတဲ့ အနေ အထားမျိုးတွေ ရှိပါတယ်။ ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့နယ်တွေမှာလည်း Awareness လို့ခေါ်တဲ့ နားလည်မှုရှိအောင် ဆောင်ရွက်နေတာက မည်သည့်ပိုးသတ်ဆေးကိုမျှ မည်သည့်ဓာတ်မြေသြဇာကိုမှ မြန်မာလိုအညွှန်းမပါရင် ကျွန်တော်တို့က တရားဝင်ခွင့်ပြုမထားပါဘူး၊ အဲဒီအတွက်ကြောင့် တရားဝင်ခွင့်ပြု ထားတဲ့ အပေါ်မှာ ကျွန်တော်တို့သည် အရည်အသွေးကို စစ်ဆေးပြီးသား ဖြစ်တဲ့အတွက်ကြောင့် တောင်သူ များအနေနဲ့ ဒီလိုပစ္စည်းမျိုးကိုပဲ ရွေးချယ်ဝယ်ယူခွင့်ပေးပါ၊ ဝယ်ယူသုံးစွဲပါ ကိုယ့်ပတ်ဝန်းကျင်မှာ အဲဒီလို အညွှန်းမပါပဲနဲ့လာတဲ့ပစ္စည်းများ ရှိရင်လည်း နီးစပ်ရာစိုက်ပျိုးရေး ဦးစီးဌာနကို အကြောင်းကြားပါ၊ ဒါလေး ကိုကျွန်တော် အထူးမှာကြားချင်တာပါ၊ ပူးပေါင်းဆောင်ရွက်မှ ရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပူးပေါင်း ဆောင်ရွက်စေချင်တာပါ၊ ကျွန်တော်တို့ဆီမှာတော့ တရားဝင်မှတ်ပုံတင်ထားတယ်၊ သို့သော် အရည်အသွေးမပြည့်တာတွေကို ဆိုင်တွေမှာ အလှည့်ကျစစ်ဆေးနေပါတယ်။ သုံးလ တစ်ကြိမ်၊ ခြောက်လ တစ်ကြိမ် နယ်တွေမှာ စစ်ဆေးနေပါတယ်။ စစ်ဆေးတဲ့အခါမှာလည်း စစ်ဆေးတဲ့ရက်ကိုကြေညာပြီး သွား တာရှိသလို Surprise ဝင်ပြီးတော့စစ်ဆေးတာလည်း ရှိပါတယ်၊ ကြေညာပြီးသွားရင်တော့ တရားမဝင်တဲ့ ပစ္စည်းများက ဆိုင်ပေါ်ကပျောက်သွားတတ်ပါတယ်၊ ဒီအနေအထားလေးတွေ ရှိတဲ့အတွက်ကြောင့် Surprise ပဲကျွန်တော်တို့သွားပါတယ်၊ ဆိုတဲ့အတွက်ကြောင့် သို့သော်ကျွန်တော်တို့မှာ ဝန်ထမ်းအင်အားနဲ့ စီမံခန့်ခွဲရတဲ့ အနေအထားတွေက အင်မတန်မှကိုပဲ အခက်အခဲတွေ ရှိတဲ့အတွက်ကြောင့် တောင်သူများ အနေနဲ့ ဒီကိစ္စကိုပူးပေါင်းဆောင်ရွက်စေလိုပါတယ်၊ အခုတောင်သူများ ပူးပေါင်းဆောင်ရွက်တဲ့ အတွက် ကြောင့် အရေးယူထားတဲ့ ပြစ်မှုပေါင်း(၁၂) မှုလောက် ကျွန်တော်တို့တွေ့ရ တယ်၊ ဒါဘာပဲပြောပြော ပြီးခဲ့တဲ့ရက်တွေတုန်းက ဒါရန်ကုန်တိုင်းဒေသကြီးလိုဒေသကြီးမှာ ဒါတရားမဝင် ပေါင်းသတ်ဆေးတွေ၊ ပိုးသတ်ဆေးတွေ ရောနှောရောင်းချနေတဲ့ လုပ်ငန်းစဉ်တစ်ခု ကျွန်တော်တို့ မိခဲ့ပါတယ်၊ မိခဲ့တဲ့အတွက် ကြောင့် ကျွန်တော်တို့က တရားစွဲဆိုအရေးယူတဲ့ လုပ်ငန်းကိုကျွန်တော်တို့ ရဲစခန်းမှာ အမှုဖွင့်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ တရားရုံးရဲ့စီမံခန့်ခွဲမှုအရ ဒဏ်ငွေ (၅)သိန်းနဲ့ အရေးယူ အပြစ်ပေးတယ်ဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ သို့သော်ကျွန်တော်တို့ဌာနကတော့ စီမံခန့်ခွဲမှုအရ ပြုပြင်ဆောင်ရွက်သင့်တဲ့

လုပ်ငန်းများကို ကျွန်တော်တို့ကြပ်ကြပ်မတ်မတ် စိစစ်ဆောင်ရွက်ပြီး ကျေနပ်မှ ဒါကိုခွင့်ပြုဖို့ဆိုပြီးတော့ စီမံခန့်ခွဲရေးနည်းလမ်းအရ ကျွန်တော်တို့ထပ်မံပြီးတော့ အရေးယူဆောင်ရွက်ထားတာရှိတယ် ဆိုတာလေးကိုလည်းပဲ တင်ပြလိုပါတယ်။ အလားတူပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့တစ်ပတ်က မရမ်းချောင် စစ်ဆေးရေးဂိတ်မှာ Custom ကနေပြီးတော့ ဓာတ်မြေသြဇာတစ်ခုကို ဖမ်းမိပါတယ်၊ အဲဒီအတွက်ကြောင့် ဒီဟာကို မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိကို ကျွန်တော်တို့စစ်ဆေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ဆီမှာ မှတ်ပုံတင်ထားတဲ့ ပစ္စည်းဖြစ်ပါတယ်။ သို့သော် အထဲထဲမှာပါတဲ့ဟာသည် ကျွန်တော်တို့ ခွင့်ပြုမထားတဲ့ ဓာတ်မြေသြဇာကို တင်သွင်းလာတယ် ဆိုတဲ့အတွက်ကြောင့် ဒါကိုလည်းပဲ ကျွန်တော်တို့က တရားဥပဒေအရ အရေးယူဆောင်ရွက်ဖို့ ဆောင်ရွက်နေတာတွေရှိပါတယ်၊ ဆိုလိုတာက ကျွန်တော်တို့သည် နိုင်ငံတော်အနေနဲ့ တရားမဝင်ပစ္စည်းများတင်သွင်းလာတာကို စစ်ဆေးတဲ့လုပ်ငန်းများ ဆောင်ရွက်နေသလို ဈေးကွက်အတွင်းမှာ ရောက်ရှိနေတဲ့ပစ္စည်းများကို ဒါအရည်အသွေးမှန်ကန်ရေး၊ အတုအပကင်းစင်ရေးကို ဥပဒေအရ ကျွန်တော်တို့ဆောင်ရွက်နေတဲ့နေရာမှာ တောင်သူလယ်သမားများအနေနဲ့ ဒါလေးကိုပူးပေါင်း ကူညီဆောင်ရွက်ပေးဖို့ ကျွန်တော့အနေနဲ့ ဒါလေးလည်း မေတ္တာရပ်ခံလိုပါတယ်၊ နောက်တစ်ခုကတော့ အထွက်နှုန်းတိုးတက်ရေး ခနကတုန်းက တစ်ဧကကုန်ကျစရိတ်လျှော့ချရေးဆိုတဲ့ အပိုင်းလေးဆွေးနွေးချင်ပါတယ်၊ ခနက တစ်ဧကကုန်ကျစရိတ် လျှော့ချရေး ခနကသွင်းအားစုတွေရဲ့ အရည်အသွေးမှန်ကန်ရေးကလည်း အရေးကြီးနေပြန်ပါတယ်၊ ဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အနေ အထားမှာ မည်သည့်သီးနှံပဲစိုက်စိုက် တစ်ဧကမှာသုံးစွဲတဲ့ပမာဏသည် ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံ တွေနဲ့ယှဉ်ရင် အများကြီးနည်းပါတယ်၊ Cost of Production သည် တစ်ဧကမှာသုံးစွဲတဲ့ ပမာဏကျွန်တော် တို့အများကြီးနည်းတယ်၊ ကျွန်တော်တို့ကဘာကို မယှဉ်နိုင်တာလည်းဆိုလို့ရှိရင်တော့ Cost of unit Price မှာတော့မယှဉ်နိုင်ဘူး၊ Cost of unit price ဆိုတာက တစ်တင်းဈေးနှုန်း၊ 1-kg ဈေးနှုန်းမှာ ကျွန်တော်တို့ မယှဉ်နိုင်ဘူး၊ တစ်ဧကစိုက်စရိတ်မှာ ရှိနေတဲ့ကိစ္စတွေမှာ ခနကပိုမိုပြီးတော့ လျှော့ကျနိုင်ဖို့ ကျွန်တော်တို့ စဉ်းစားကြမယ်ဆိုရင် အထွက်နှုန်းကို ထိခိုက်လာနိုင်တယ်ဆိုတဲ့ Condition ကိုလည်းစဉ်းစားရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အခုသုံးစွဲနေတဲ့ သွင်းအားစုအနေအထားတွေ ကျွန်တော်တို့သီးနှံကနေပေးမယ့် အမြင့်မားဆုံးအထွက်နှုန်းကိုရောက်အောင် သုံးစွဲရမယ့်နှုန်းတွေကို မမှီသေးဘူးကျွန်တော်တို့ သို့သော် သုံးစွဲတဲ့နှုန်း မမှီသေးဘူးဆိုတဲ့အနေအထားမှာ သီးနှံကထွက်လာရင်ကော ရောင်းဈေးကဘယ်လောက်လဲ ဆိုတဲ့ ကိစ္စတွေနဲ့ ယှဉ်ထိုးပြီးတော့ စဉ်းစားကြတဲ့အတွက်ကြောင့် ခနကတုန်းကရေဂဝတီတိုင်းက လယ်သမား တစ်ယောက်ပြောသွားတာရှိပါတယ်၊ ပဲစိုက်တယ် သွင်းအားစုကို တစ်သိန်းလောက်သုံးတဲ့အချိန်မှာ မတ်ပဲ တင်း(၂၅/၃၀) လောက်ထွက်တယ်၊

မသုံးစွဲတဲ့အတွက်ကြောင့် ကျွန်တော်တို့ (၁၀) တင်း (၁၂)တင်း လောက်ပဲရတယ်ဆိုတဲ့ ကိစ္စမှာ ကျွန်တော်တို့ သွင်းအားစုမသုံးဘဲနဲ့ (၁၀)တင်း(၁၂) တင်းမှာရတဲ့အကျိုး အမြတ်နဲ့ သွင်းအားစုတစ်သိန်းပိုသုံးပြီးတော့ တင်း(၃၀) ရမယ့်အမြတ်နဲ့ ဘယ်ကောင်ကိုယူကြမလဲဆိုတဲ့ ကိစ္စကိုလည်း ဂေဖန်သုံးသပ်ဖို့ ကျွန်တော်တို့ အလွန်အရေးကြီးပါတယ်၊ စိုက်ပျိုးနည်းပညာတွေမှာ သီးနှံတွေရဲ့ပေးနိုင်တဲ့ အမြင့်ဆုံးအထွက်နှုန်းကို ရောက်အောင် ကျွန်တော်တို့အနေနဲ့ တစ်ဧကကုန်ကျ စရိတ်မှာ တစ်ယူနစ်ကုန်ကျစရိတ်တွေ သက်သာလာအောင် အဓိကဆောင်ရွက်ရန်လိုနေတဲ့ အချက်တွေကတော့ ရိတ်သိမ်းချိန်လွန်ကာလတွေမှာ ဆောင်ရွက်ရမယ့်အချက်တွေ ဖြစ်နေတယ်၊ အဲဒီရိတ်သိမ်းချိန် လွန်ကာလတွေမှာဆောင်ရွက်ရမယ့် အချက်များကိုအခုအချိန်အထိ တောင်သူများကလုပ်နေရတယ်၊ တောင်သူများကလည်း ဈေးစောင့်ရောင်းချင်တဲ့အတွက်ကြောင့် မိမိဘာသာမိမိ ရိတ်သိမ်းတယ်၊ ရိတ်သိမ်းတဲ့အထိ အိုကေကျွန်တော်ပြောတာက ပြီးလို့ရှိရင် အခြောက်ခံတယ်၊ ခုနက သန့်စင်တယ်၊ သိုလှောင်တယ် ဒီမှာကုန်ကျစရိတ်တွေ ရှိနေတယ်ဆိုတာကို တောင်သူများက ထင်ထင်ရှားရှား မမြင်ကြသေးဘူး ဖြစ်နေတယ်၊ ကျွန်တော်တို့ကအပင်ပေါ်ကနေ ခူးလိုက်တာနဲ့ တစ်ခါတည်းဈေးကွက်ကို တန်းရောင်းနိုင်ခဲ့ရင် ကျွန်တော်တို့ပိုပြီးတော့ ရိတ်သိမ်းချိန်လွန်မှာလုပ်မယ့်လုပ်ငန်းစဉ်တွေမှာ တောင်သူလယ်သမားများ အနေနဲ့ တာဝန်ခံစရာ၊ ဆောင်ရွက်စရာ၊ ကြီးကြပ်စရာမလိုတော့ဘူး၊ ဒီကိစ္စကိုသွားချင်တာဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ဒီစနစ်ကိုသွားဖို့အတွက် ဘာဆောင်ရွက်သင့်သလဲဆိုရင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ဦးဆောင်ပြီးတော့ ဆောင်ရွက်ပါ၊ ရိတ်သိမ်းချိန်မတိုင်မီမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကိုတော့ တောင်သူလယ်သမားများက ဆောင်ရွက်ပေးဖို့ လိုအပ်နေတယ်၊ ဒါမှရိတ်သိမ်းချိန်လွန်မှာ ရှိနေတဲ့ ခုနကတုန်းက Quality တွေကောင်းအောင် ထိန်းနိုင်အောင် နည်းပညာတွေလည်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေမှာ ရှိနေမယ်ဆိုခဲ့ရင် ဒီစနစ်ကိုဖော်ဖို့ ကျွန်တော်တို့ နည်းလမ်းတစ်ခုကတော့ Contract Farming လုပ်ဖို့ရှိပါတယ်၊ Contract Farming စနစ်ကိုမသွားမချင်း ဈေးကွက်မသေချာတာတွေ၊ ဈေးကွက်မရေရာတာတွေ ကျွန်တော်တို့ ရှိနေအုံးမှာပဲ တောင်သူတွေက ဈေးကွက်ကိုတိုက်ရိုက် ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးရှိသော်လည်း ကုန်သည်လုပ်ငန်းရှင်များလောက် ဈေးကွက်အကြီးကြီးကို လှမ်းနိုင်ဖို့ခဲယဉ်းနေသေးတယ်၊ အဲဒီအတွက်ကြောင့် ဈေးကွက်ကိုစဉ်းစားတာသည် တောင်သူအလုပ်မဟုတ်ဘဲနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များက ဈေးကွက်ကိုစဉ်းစားတဲ့အလုပ် လုပ်ပြီးတဲ့အခါမှာ တောင်သူလယ်သမားများနဲ့ ကန်ထရိုက်စနစ်ကိုလုပ်ပြီး တောင်သူတွေနဲ့ ဘယ်မျိုးကိုထုတ်မယ်၊ ဘယ်လိုအရည်အသွေးတွေနဲ့ ပြည့်ဝတဲ့ဟာကိုထုတ်မယ်ဆိုတဲ့ စနစ်မျိုးကို ဖော်ဆောင်သွားဖို့ ကောင်းတဲ့အခြေအနေကို ရောက်နေပြီဆိုတာလေးကို ဒါလေးကို

လည်းပဲ တင်ပြလိုပါတယ်၊ အဲဒီတော့ ဒီနေ့ နေ့ခင်းပိုင်းမှာ ဆောင်ရွက်မယ့်အစီအစဉ်တွေမှာ ကန်ထရိုက်စနစ်နဲ့ ခုနကတုန်းက ပဲ၊ ပြောင်း၊ နှမ်းဘယ်လို စိုက်မလဲ ဒါလေးကိုလည်းပဲအားလုံးစဉ်းစားကြဖို့လိုပါတယ်၊ အဲဒီအတွက်ကြောင့် တစ်ချို့သော အသင်း အဖွဲ့များ၊ တစ်ချို့သော ပုဂ္ဂလိကလုပ်ငန်းရှင်များက တောင်းဆိုတာက ကျွန်တော်တို့နိုင်ငံမှာ Contract Farming Law မရှိသေးဘူး၊ Contract Farming Law လေးထွက်ပေါ်အောင်လုပ်ပေးဖို့ ဒါလေးကိုလည်းပဲ တင်ပြတောင်းဆိုထားတာ တွေ့ရပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့တောင်းဆို ဆောင်ရွက်တာတွေသည် ဒီအချိန်မှာလယ်သမားနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေသည် Trust building Program ယုံကြည်မှု တည်ဆောက်တဲ့စနစ်ကို ကျွန်တော်တို့အရင်ဦးဆုံး သွားရမယ်၊ ခုနကတုန်းက Contract Farming Law ထွက်ဖို့ကတော့ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်စတဲ့ ဥပဒေကြမ်းကော်မတီတွေ ပါဝင်တဲ့လွှတ်တော်အသီးသီးကနေပြီးတော့ ဒါလေးကိုဆုံးဖြတ်ဆောင်ရွက်ရမဲ့ကိစ္စဖြစ်တဲ့အတွက် အချိန်တစ်ခုယူရအုံးမယ်၊ ဆိုတဲ့အတွက်ကြောင့်ဒီကြားထဲမှာ ကျွန်တော်တို့လုပ်မဲ့ ကန်ထရိုက်စနစ်တွေသည် Trust building ယုံကြည်မှုကိုအခြေခံတဲ့ ကျွန်တော်တို့လုပ်ငန်းများ ဆောင်ရွက်ဖို့အချိန် ရှိနေပါသေးတယ်၊ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းစဉ်လေးကို ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်တို့ Standard Operating Procedure (SOP) တွေကျွန်တော်တို့ ဘယ်လိုပြုစုကြမလဲ၊ တောင်သူဘက်က ဘာတွေလိုက်နာ ဆောင်ရွက်ပေးရမလဲ၊ ပုဂ္ဂလိကဘက်ကဘာတွေ လိုက်နာဆောင်ရွက် ပေးရမလဲ၊ အစိုးရပိုင်းက ဘာတွေအထောက်အပံ့ ပေးရမလဲဆိုတဲ့ (SOP) တွေဆိုတဲ့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့က ချမှတ်ဆောင်ရွက်သွားဖို့လည်း လိုပါတယ်၊ အဲဒီအတွက်ကြောင့် စိုက်ပျိုးရေးဦးစီးဌာနကတော့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားကူးသန်းဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနဲ့လည်း ဆက်လက်ဆွေးနွေးပြီးတော့ ဒါလေးကိုလည်းပဲ ဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းကိုလည်း ဆောင်ရွက်သွားသင့်ပါတယ်ဆိုတဲ့ အကြောင်းကိုလည်းပဲ ကျွန်တော့အနေနဲ့ တင်ပြလိုပါတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်လိုတဲ့ အချက်တွေကို တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အခုလာမယ့် ပြီးခဲ့တဲ့နှစ်ပေါ့ ကျွန်တော်တို့မတ်ပဲ စိုက်ခဲ့တယ်၊ မစိုက်ပါနဲ့ ပြောခဲ့တာတောင်မှ တောင်သူကစိုက်ခဲ့တယ်ဆိုတဲ့ အနေအထားမျိုး တွေ့ပါတယ်။ ဟိုတစ်နေ့ကလည်း ပဲအသင်းမှာဆွေးနွေးကြတဲ့ပွဲမှာ တောင်သူတစ်ယောက်က ပြောပါတယ်၊ မတ်ပဲအစားထိုး စိုက်မယ်ဆိုရင် မတ်ပဲလောက်လွယ်တဲ့ သီးနှံကို ရှာပေးပါလို့ပြောတယ်၊ ကျွန်တော်ပြောတာက မတ်ပဲလောက်လွယ်တဲ့ သီးနှံရဖို့ကတော့ တော်

တော်တော့ခက်ခဲတယ်၊ တောင်သူလယ်သမားများအနေနဲ့ အားထည့်ပြီးတော့ လုပ်စေချင်တာက ကိုယ်ကို တိုင်လည်း နည်းပညာအရကော၊ ကိုယ်ကိုတိုင်လည်း ကြိုးစားမှ ခုအချိန်ထိလည်း ကျွန်တော်မလုပ် ဘူးလို့ မပြောသေးဘူး၊ ခုနကတုန်းကလည်း တစ်ယောက်ကပြောသွားတယ်၊ မတ်ပဲလိုသီးနှံမျိုးက ဒီအတိုင်းပစ် ထားလိုက်ရင်ပေါက်တယ်၊ ပြီးလို့ရှိရင် သွားရိတ်ယူရုံပဲ ဒီလောက်လွယ်တဲ့ သီးနှံမျိုးကတော့ ကျွန်တော်တို့ မရှိဘူး၊ ကျွန်တော်တို့ပြန်လည်ပြီးတော့ အစားထိုးစိုက်တဲ့ သီးနှံတွေမှာ အခုပဲပုတ် စိုက်သင့်တယ်၊ ခုနက နှမ်းစိုက်သင့်တယ်၊ အစေ့ထုတ်ပြောင်း စိုက်သင့်တယ်၊ မတ်ပဲလောက်တော့ လွယ်တဲ့ သီးနှံတစ်ခုမှ မရှိဘူး၊ ကျွန်တော်တို့ဘက်ကလည်း တောင်သူ့ဘက်ကလည်း ကြိုးစားအားထုတ်မှု ကျွန်တော် တို့ လိုအပ်တယ်၊ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က အခုတင်ပြထားတဲ့ ပဲမျိုးစုံထဲမှာ အစားထိုးပြီးတော့ စိုက်ပျိုးမယ့် သီးနှံတွေ ဘယ်သီးနှံကိုပဲ ပြောင်းစိုက်စိုက် အနည်းဆုံးတစ်ရေကတော့ လိုနေတယ်၊ ပြောင်းစိုက်သည် ဖြစ် စေ၊ ပဲပုတ်စိုက်သည်ဖြစ်စေ၊ နှမ်းစိုက်သည်ဖြစ်စေ စိုက်တဲ့ရာသီတွေမှာတော့ တစ်ရာသီတစ်ကြိမ် ဖူးပွင့်ဖေ တဲ့အချိန်မှာ အစေ့အဆန်တင်တဲ့အတိုင်ခင် အချိန်မှာ သွင်းရေတစ်ရေတော့ လိုတယ်၊ ဒီကိစ္စကို ဘယ်လို ဖန်တီးမလဲ ဒါကတော့ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်လိမ့်မယ် ရေဂဝတီမှာစီမံခန့်ခွဲပုံနဲ့ စစ်ကိုင်းမှာစီမံခန့်ခွဲပုံ တူချင်မှတူပါလိမ့်မယ်၊ အဲဒါကတော့ သက်ဆိုင်ရာဒေသအတွင်းမှာ ရှိနေတဲ့ စစ်ကိုင်း တိုင်းကိုဆိုလို့ရှိရင်ခုနက အင်္ဂီစိတွင်းတူးမယ်လို့ပြောတယ်၊ ရေစကြို ဆိုလို့ရှိရင်လည်း မြစ်ရေတင် ရအောင် ဆောင်ရွက်ပေးပါလို့ ကျွန်တော်တို့ ပြောကြတာရှိတယ်၊ ရေရရှိရေးကိုတော့ အစိုးရပိုင်းက ခုနက ဒုတိယ သမ္မတကြီးကို လိုက်ပို့ရင်းနဲ့ အစိုးရပိုင်းက စဉ်းစားပေးရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီနယ်တွေမှာ ဖြစ်နိုင်ချေ ခုနကတုန်းက မြစ်ရေတင်စီမံကိန်းတစ်ခုလုပ်ပေးမယ်၊ ခုနကရေတွင်းတူးတဲ့လုပ်ငန်းတွေ လုပ်ပေးမယ် ဆိုရင် ဖြစ်မယ့်ကုန်ကျစရိတ်နဲ့ ရရှိလာမယ့်အကျိုးကျေးဇူး ဘယ်လောက်ကာဏရှိမယ် ဆိုတာ Effect တော့ ကျွန်တော်တို့ ရှင်းဖို့လိုမယ်၊ ဒါလေးကိုကျွန်တော်တို့ ဌာနတွေနဲ့ပေါင်းပြီးတော့ ဆောင်ရွက်ပေးပါလို့ ဒါကို လည်း လမ်းညွှန်မှုပြုသွားတာ ရှိပါတယ်၊ ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့အဓိက မိမိတိုင်းဒေသကြီး မိမိစိုက်တဲ့ဒေသမှာ Intragrated Approve လို့ခေါ်တဲ့ အစိုးရဌာနအပိုင်းကော၊ တောင်သူအပိုင်းကော ခုနကကုန်သည်အပိုင်းကော ကျွန်တော်တို့ဝိုင်းပြီးတော့ တညီတညွတ်တည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်မှ ရမှာ အဲဒီအချိန်မှာ ကျွန်တော်တို့ဖြစ်ရမှာက လူမှာကတိ၊ မင်းမှာသစ္စာ တစ်ယောက်နဲ့တစ်ယောက် ကတိ

တည်ဖို့လိုတယ်၊ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိဖို့လိုတယ်၊ တစ်ယောက်နစ်နာရင် ကိုယ်နစ်နာသလိုပဲ ခံစားတတ်တဲ့စိတ်ရှိဖို့ ကျွန်တော်တို့က လိုတယ်၊ အဲဒီအတွက်ကြောင့် အားလုံးဖြစ်ရင် အားလုံးခံ၊ ဟာဒါကတော့ မင်းဖြစ်မင်းခံဆိုတဲ့ကိစ္စမျိုး ကျွန်တော်တို့ လုပ်လို့မရဘူး၊ ဒီခေတ်ဒီအခြေအနေမှာ နောက်တစ်ခုက ဒါအမျိုးသားရေးအမြင်နဲ့ ပြောရမယ် ဆိုရင် အိန္ဒိယကချယ်လှယ်သမျှ၊ တရုတ်ကချယ်လှယ်သမျှ ကျွန်တော်တို့ခံနေကြမလား၊ အဲတာဆိုလို့ ရှိရင်လည်းကျွန်တော်တို့က စီးပွားကူးသန်း ဝန်ကြီးဌာနကိုလည်း အမြဲတမ်း Purpose လုပ်တယ်၊ ကျွန်တော်တို့ သွင်းကုန်အစားထိုးတဲ့ လုပ်ငန်းကိုဆောင်ရွက်ချင်တယ်၊ အဲဒီအတွက်ကြောင့် တစ်ချို့သွင်းကုန်များကို အဲဒီ ရာသီချိန်မှာ ခဏယာယီတင်သွင်းခွင့် ရပ်ဆိုင်းပေးပါ၊ ဥပမာ ကျွန်တော်တို့ စားတော်ပဲ ကျွန်တော်တို့ စိုက်တယ်၊ စားတော်ပဲစိုက်တဲ့ ဧကတွေသည် တဖြည်းဖြည်း၊ တဖြည်းဖြည်း လျော့လာတယ်၊ ဒါတောင်မှ စားတော်ပဲသည် ပုံမှန်ဈေးနှုန်း တည်တည်ငြိမ်ငြိမ်ရတဲ့သီးနှံသို့သော် Yellow Piece ကို ကျွန်တော်တို့က တင်သွင်းခွင့်ပြုတဲ့အတွက်ကြောင့် ဒီထဲမှာစိုက်မယ့်စားတော်ပဲစိုက်မယ့်တောင်သူက အကျိုးအမြတ်နည်းလာပြီ ဒီလိုမျိုးများဆိုလို့ရှိရင် စားတော်ပဲမပေါ်ခင်သို့မဟုတ် စားတော်ပဲပေါ်တဲ့ရာသီ အဲဒီတောင်သူများ အကျိုးအမြတ်ရှိဖို့အတွက် ကျွန်တော်တို့က စားတော်ပဲတင်သွင်းခွင့် ယာယီရပ်ဆိုင်းပေးဖို့လိုတယ်၊ အလားတူပဲ ကျွန်တော်တို့ နှစ်စဉ်နှစ်စဉ် တင်သွင်းနေရတဲ့ စားအုံးဆီ တန်ချိန် (၈)သိန်းလောက် တင်သွင်း နေရတယ်၊ အဲဒီစားအုံးဆီနေရာမှာ စားအုံးဆီတွေက ဈေးချိုလို့သွင်းတယ်၊ ဝယ်မစားနိုင်လို့ ဈေးချိုအောင် ကျွန်တော်တို့သွင်းပေးတယ် ဆိုပေမယ့် ရည်ရွယ်ချက်က ကောင်းတာမှန်သော်လည်း အဲဒီစားအုံးဆီရှိနေတဲ့ အတွက်ကြောင့် ကျွန်တော်တို့ဆီမှာရှိတဲ့ နေကြာစိုက်ချင်တဲ့သူ ကျွန်တော်တို့ဆီမှာရှိတဲ့ ဆီထွက်နှမ်း စိုက်ချင်တဲ့သူ ဒီဟာတွေကတဖြည်းဖြည်း အားနည်းလာတယ်၊ ဆီစက်လုပ်ငန်းရှင် မရှိသလောက်ဖြစ်လာတယ်၊ နှမ်းကိုအစေ့အဆန်လိုက် ပို့တယ်ဆိုတဲ့ကိစ္စတွေရှိတယ်၊ ဒီလိုကိစ္စမျိုးတွေကို ကျွန်တော်တို့က ပြန်ပြီးတော့ သွင်းကုန်မူဝါဒကိုလည်း ပြန်ပြီးတော့ သုံးသပ်သင့်တယ်ဆိုတဲ့ အနေအထားများကိုလည်း တွေ့ရပါတယ်၊ ဘာကြောင့်လဲဆိုရင် ဈေးနှုန်းချိုတာ တစ်ခုတည်းကိုပဲ လတ်တလောကိုမကြည့်ပါနဲ့ ရေရှည်မှာတောင်သူတွေက စိတ်ဝင်စားမှုနည်းသွားရင် ပြန်ပြီးတော့ဆောင်ရွက်ရတာသည် အင်မတန်မှ ခက်တယ်ဆိုတဲ့အနေအထားမျိုး ဖြစ်ပါတယ်၊ ဈေးနှုန်းအသင့်တသင့် ကြီးရင်လည်းကြီးနေပါလိမ့်မယ်၊ သို့သော်ကိုယ့်ဆီမှာသာထုတ်နိုင်မယ်ဆိုရင် အဲဒီဈေးနှုန်း

သည် ကျွန်တော်တို့က ပြန်ပြီတော့ သင့်တော်တဲ့ ဈေးနှုန်းအထိ ပြန်ရောက်လာနိုင်တယ်ဆိုတဲ့ အနေအထား မျိုးတွေရှိရပါတယ်၊ ဒါ့ကြောင့် သွင်းကုန်အစားထိုး စိုက်ပျိုးမယ့် နှမ်း၊ မြေပဲ၊ အဲဒီနေရာမှာအစားထိုးနိုင်ဖို့ ပဲပုတ်၊ ပဲပုတ်ကိုလည်းပဲ ကျွန်တော်တို့ကဆီထွက် ပဲပုတ်ကိုသာ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ပဲပုတ်ကစိုက်မယ့်တောင်သူက မရှိသေးဘူး ပဲပုတ်တောင်သူက မရှိသေးဘူးဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့က မျိုးစေ့ထုတ်လုပ်တဲ့ Program ကို ကျွန်တော်တို့က နစ်စဉ်နှစ်စဉ် အရှိန်နဲ့သွားရမှာဖြစ်တဲ့ အတွက်ကြောင့် ဒီနှစ်ကစကာမှ နောက်သုံးနှစ် လောက်မှသာ ဒီမျိုးစေ့ထုတ်လုပ်တဲ့လုပ်ငန်းက အဆင်ပြေ မယ်၊ နို့မို့ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ မျိုးစေ့ လုံလောက်မှုတွေ၊ မျိုးမလုံလောက်မှုတွေဆိုတဲ့ အနေ အထားမျိုးလည်း ကြုံနေရအုံးမယ် ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ ဖြစ်သင့်တာကတော့ ငါတို့ပဲပုတ် ကိုပြောင်းစိုက်မယ်ဆိုရင် ခုနကဆီထွက်သီးနှံကို တိုးချဲ့စိုက်မယ်၊ မတ်ပဲကိုလျော့ပြီးတော့ ဆီထွက်သီးနှံကို တိုးချဲ့ပြီးစိုက်မယ်၊ အဲဒီနေရာမှာ နေကြာဘယ် လောက်စိုက်မလဲ၊ ခုနကနှမ်းဘယ်လောက်စိုက်မလဲ၊ ပဲပုတ် ဘယ်လောက်စိုက်မလဲ၊ အဲဒီစိုက်တဲ့ဟာတွေ အပေါ်မှာ လိုအပ်နေတဲ့ ဈေးကွက်ကိုတိုးမြှင့်လာဖို့အတွက် ကျွန်တော်တို့ကို သွင်းကုန်အစားထိုးတဲ့လုပ်ငန်းတွေ ဘယ်လိုထိန်းချုပ်ပေးမလဲ ဆိုတာကိုလည်း ကျွန်တော် တို့တွေ အစိုးရပိုင်းကဒါ ပြန်လည်သုံးသပ်သင့်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်၊ အလားတူပဲ ဂျုံ ကျွန်တော်တို့ တင်သွင်းခွင့်တွေပြုထားတယ်၊ လုပ်ရင်းလုပ်ရင်းနဲ့မှ ပြည်ပကသွင်းတဲ့ဟာသည် ဈေးချိုတယ်၊ အရည်အ သွေးက ပြည်တွင်းထက်သာတယ်ဆိုတဲ့ incentive လေးတစ်ခုနစ်ခုလောက်နဲ့ ကျွန်တော်တို့ တင်သွင်း နေကြတယ်၊ လတ်တလော ကျွန်တော်တို့ဖြေရှင်းနေကြတာ ပြည်တွင်းမှရှိတဲ့ဂျုံစိုက်တဲ့သူတွေက အဲဒါကို မယှဉ်နိုင်တဲ့အတွက် ဧရိယာတွေ ကျွန်တော်တို့ လျော့ပါးလာတယ်၊ ဒါကစိုက်ပျိုးတဲ့သူရဲ့ Interest လျော့ လာတာကို တင်ပြခြင်းဖြစ်ပါတယ်၊ အလားတူ တစ်ခြားတစ်ဖက်မှာ ဖြစ်ပေါ်နေတဲ့အရာကဘာလဲဆိုတော့ Climate Change ပဲရာသီဥတုပြောင်းလဲမှုပဲ အခုဂျုံစိုက်တဲ့ ဧရိယာတွေမှာ အပူ ဂျုံသည်အရင်တုန်းက အပူဒဏ် မခံနိုင်သေးဘူး၊ မခံနိုင်သေးတဲ့အတွက်ကြောင့် အအေးဒဏ်ရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးစိုက်တယ်၊ ရှမ်းပြည်နယ်မှာ အများဆုံးစိုက်တယ်၊ အပူချိန်ကတဖြည်းဖြည်း တက်လာတဲ့အ တွက်ကြောင့် စစ်ကိုင်းတိုင်းအထက်ပိုင်းကို ရွှေ့သွားတယ်၊ ဂျုံစိုက်ဧရိယာတွေက ကျုံ့သွားတယ်၊ သုတေ သနလုပ်ငန်းတွေမှာ အပူဒဏ်ခံနိုင်တဲ့ ဂျုံမျိုးတွေဆိုပြီးတော့ ကျွန်တော်တို့က သုတေသနလုပ်တဲ့ လုပ်ငန်း

တွေ ကျွန်တော်တို့က ဆောင်ရွက်တယ်၊ အဲလိုဆောင်ရွက်တဲ့အချိန်မှာ ဒီဂျိုကိုစိုက်ပျိုးလာနိုင်ဖို့အတွက် တောင်သူကရနိုင်ဖို့အတွက် ပြည်ပကသွင်းတဲ့ဟာတွေ ကိုလည်းပဲ အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့က ထိန်းချုပ်ပေးဖို့ လိုအပ်မယ်လို့ဒါလေးကိုလည်းပဲ အားလုံးဝိုင်းဆွေးနွေးတဲ့ အထဲမှာပါစေချင်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက စိုက်ပျိုးရေး ဦးစီးဌာနရဲ့ အဓိကတာဝန်သည် စိုက်ပျိုးနည်းပညာများ ပံ့ပိုးပေးတာနဲ့ ဖြန့်ဖြူးပေးတဲ့လုပ်ငန်းတွေ ကျွန်တော်တို့ဆောင်ရွက်ပါတယ်၊ ခုနကတုန်းက ရေစကြိုက တောင်သူကြီးတစ်ယောက်တင်ပြသွားသလိုပဲ Demostration လို့ခေါ်တဲ့ဒီသီးနှံတွေ အပေါ်မှာ ကျွန်တော်တို့က ဒေသနဲ့ရေမြေနဲ့ကိုက်ညီတယ်ဆိုတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်၊ သို့သော်ကျေးရွာတိုင်း၊ ကျေးရွာတိုင်းမှာတော့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါဘူး၊ ဘာလို့မရှိတာလည်းဆိုရင် ကျွန်တော်တို့ရဲ့ လူအင်အားအနေအထားရယ်၊ ကျွန်တော်တို့ရဲ့ Budget အနေအထားရယ်ကြောင့် ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါဘူး၊ သို့သော် ရေစကြိုလို ပခုက္ကူလို နေရာမျိုးမှာ အင်မတန်ကံကောင်းတာက ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဂျပန်နိုင်ငံကဖွင့်လှစ်ထားတဲ့ Whitesca သင်တန်းကျောင်းရှိတယ်၊ အဲဒီသင်တန်းကျောင်းမှာဆိုရင် စိုက်ပျိုးရေးနည်းစနစ်တွေကိုကောမျိုးတွေကောအားလုံးကို တောင်သူရဲ့သားသမီးတွေကို ခေါ်ပြီးသင်တန်းပေးသလို တောင်သူများကိုလည်းဖိတ်ခေါ်ပြီးတော့ သင်တန်းပေးတာတွေ ရှိပါတယ်။ ခုနကတုန်းကရေစကြိုကတောင်သူကြီး အဲဒီကျောင်းကိုရောက်ဖူးမယ်ဆိုခဲ့ရင် နည်းပညာတွေအများကြီးရလိမ့်မယ်လို့ ဒါလေးကိုလည်းပဲ ကျွန်တော့အနေနဲ့ တင်ပြလိုပါတယ်၊ ကျွန်တော်တို့ဦးစီးဌာနမှာ ရှိနေတဲ့ ဝန်ထမ်းများဆိုရင်လည်း လူတစ်ယောက်တစ်ယောက်ကို ၈၀(၅၀၀) ကနေ (၈,၀၀၀) လောက်အထိကို တစ်ယောက်တစ်ယောက်ကို ကိုင်နေရတာတွေ့ရတယ်၊ တောင်သူဦးရေနဲ့ပြောမယ်ဆိုရင်တော့ ဝန်ထမ်းတစ်ယောက်တစ်ယောက်ဟာ တောင်သူ (၁,၀၀၀) လောက်နဲ့ဆက်ဆံနေရတဲ့ အနေအထားမျိုးတွေ့ရတယ်၊ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ဒေါက်တာဇော်ဦး ပြောသွားသလို ICT Technology နဲ့ဘယ်လိုသွားကြမလဲ၊ ခုနကတုန်းက လျှပ်စစ်မီးမရပါဘူး၊ လျှပ်စစ်မီးရရင် ဗီဒီယိုကြည့်နေပါတယ်ဆိုတဲ့ အနေအထားများကလည်း မှန်သင့်သလောက် မှန်ပါတယ်၊

လျှပ်စစ်မီးရရင် ဗီဒီယိုကြည့်နေမယ့်အစား ပညာပေးဇတ်လမ်းလေးတွေ ကျွန်တော်တို့ Farmer Channel ကပညာပေးဇာတ်လမ်းလေးတွေလည်း ကျွန်တော်တို့ရှိပါတယ်၊ ဒါလေးကိုလည်းပဲ ကြည့်ရှုပြီးတဲ့ အခါမှာ ဆောင်ရွက်ပေးဖို့အတွက်လည်းပဲ တိုက်တွန်းလိုပါတယ်။ နောက်တစ်ခုကတော့ ICT Technology နဲ့လုပ်ဖို့ စိုက်ပျိုးရေးဦးစီးဌာနကော၊ စီးပွားကူးသန်းဌာနကော သက်ဆိုင်ရာလုပ်ငန်းအသင်းအဖွဲ့အသီးသီး မှာလည်း Facebook တွေရှိပါတယ်၊ Social Media မှာလည်း သူတဲ့သက်ဆိုင်တဲ့နည်းပညာများကို ဖြန့်ဝေ ဆောင်ရွက်ပေးလျက် ရှိပါတယ်၊ အဓိကကတော့ နည်းပညာကတော့ ရှိပြီးသားဖြစ်ပါတယ်၊ Awareness ကိုလည်းပြည့်ပြည့်စုံစုံဖြစ်အောင် ဆောင်ရွက်နေသော်လည်းပဲ အခုအချိန်မှာ အကန့်အသတ်တစ်ခု ရှိနေအုံး မှာဖြစ်ပါတယ်၊ သို့သော် ဘယ်သူကနေပြီးတော့ ဘယ်လောက်ပဲဖြန့်ဖြူးဖြန့်ဖြူး တောင်သူများ၊ စိုက်ပျိုး ထုတ်လုပ်သူတွေ အကုန်လုံးက လိုက်ပါဆောင်ရွက်ကြမှ ဒါဟာအဆင်ပြေမယ် အဲလိုမျိုးမှာ လိုက်ပါ ဆောင်ရွက်မှုမရှိဘူးဆိုရင်တော့ ဘယ်လောက်ကြီးဖြန့်ဖြူးနေနေ၊ ဘယ်လောက်ကြီးပြောနေနေ ကျွန်တော် တို့ကဒီဟာသည် အရှိန်အဟုန်တစ်ခုအထိ ရောက်မလာဘူးဆိုတာ ဒါလေးကိုလည်းပဲပြောချင်ပါတယ်။ နိဂုံး ချုပ်အနေနဲ့ကျွန်တော့အနေနဲ့ ပြောချင်တာက အခုစိုက်ပျိုးမယ့် ပြောင်းလဲစိုက်ပျိုးသင့်တဲ့ မတ်ပဲကတော့ မစိုက်သင့်တော့ဘူး မတ်ပဲအစားထိုးစိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေမှာ နည်းပညာရှိရဲ့လား၊ တောင်သူ တွေမှာ မျိုးရှိရဲ့လား၊ တစ်ကယ်လို့တောင်သူတွေက အခုအဖွဲ့နဲ့သာဆောင်ရွက်မယ်ဆိုရင် စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ အဲဒီအစုအဖွဲ့တွေမှာ လာရောက်ပြီးတော့ ကြီးကြပ်ကွပ်ကဲ ပံ့ပိုးပြီးတော့ ပိုင်းဂန်း ဆောင်ရွက်ပေးပါ့မယ်ဆိုတဲ့အကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်၊ ကျေးဇူးအများကြီးတင်ပါတယ်။

❑ ❑ ❑


## ဆွေးနွေးပွဲ အစီအစဉ် (၂) (တတိယပိုင်း အစီအစဉ်)

၁။ ၁၃ : ၄၅ - တတိယပိုင်း ဆွေးနွေးပွဲအစီအစဉ် ဖတ်ကြားခြင်း။

၂။ ၁၃ : ၄၅ မှ ၁၄ : ၀၀ - အစုအဖွဲ့လိုက် ဆွေးနွေးဖော်ထုတ်ရမည့် အချက်များနှင့်ပတ်သက်၍ စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးမှ ရှင်းလင်းတင်ပြခြင်း။

၃။ ၁၄ : ၀၀ မှ ၁၅ : ၀၀ - ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း အစုအဖွဲ့တစ်ခုချင်းအလိုက် တစ်ပြိုင်နက်တည်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု အခြေအနေများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သည်အသင်းအဖွဲ့များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဒေသအလိုက် ပဲစိုက်ပျိုးသူတောင်သူများ စုပေါင်း၍ ဆွေးနွေးညှိနှိုင်းခြင်း။

၄။ ၁၅ : ၀၀ မှ ၁၅ : ၃၀ - ကော်ဖီ၊ လက်ဘက်ရည်၊ မုန့်ဖြင့် တည်ခင်းဧည့်ခံခြင်း။



တောင်သူ ကုန်သည် စကားဝိုင်း
၁၂ ဝိုင်း
မေးခွန်း
၁၊ ကုန်ကျစရိတ်များ နှိုင်းယှဉ်ရန်
၂၊ အစားထိုးသီးနှံ ဖော်ထုတ်ရန်
၃၊ ဈေးကွက် ကွင်းဆက်အကြံပြုချက်
အစားထိုး သီးနှံ
a. စိုက်သင့် မသင့်
b. အစိုးရ ပံ့ပိုးမှု
c. ဈေးကွက်သစ်
ရေတို ဈေးကွက်
a. ဈေးကွက်အလားလာ
b. ထုတ်လုပ်ရောင်းချမှု
c. အခက်အခဲ စိန်ခေါ်မှု
ရေရှည် ကွင်းဆက်
a. ကွင်းဆက်ပြတ်မှု
b. ရေရှည် အစီအစဉ်
c. အခြား အကြံပြုချက်
A ✓✓✓ 3
B ✓✓
C ✓✓✓✓✓✓ 1
D ✓✓
E ✓✓✓✓✓ 2
F ✓
ကိစ္စ ၁
ကိစ္စ ၂
ကိစ္စ ၃
a. ပံ့ပိုးရန် လုပ်ငန်းစဉ်
b. တာဝန်ခံ ဌာန
a. ပံ့ပိုးရန် လုပ်ငန်းစဉ်
b. တာဝန်ခံ ဌာန
a. ပံ့ပိုးရန် လုပ်ငန်းစဉ်
b. တာဝန်ခံ ဌာန
ကျေးရွာပြု၍ မေးခွန်း ၄ခုအတွက် အရေးကြီးဆုံး ကိစ္စ သုံးမျိုးကို တဦးချင်း ဆွေးနွေးအကြံပြုရန်
တဦးချင်းအမြင်များကို အဖွဲ့လိုက် ဆွေးနွေးပြီး အများစုရွေးချယ်ထား သည့် အရေးကြီးဆုံး ကိစ္စ သုံးမျိုးကို ဦးစားပေး ရွေးချယ်ပါ
မိမိ သီးနှံ အုပ်စုအလိုက် ဦးစားပေး ဆောင်ရွက်သင့်သည့် ကိစ္စသုံးရပ်အတွက် အဖွဲ့လိုက် ဆွေးနွေးပေးပါ
၆၊ မူဝါဒအကြံပြုချက်
၅၊ အုပ်စုများအကြား နှိုင်းယှဉ် ဆွေးနွေးရန်
a. b. c.
CESD
၄၊ တင်ပြမည့် ပုဂ္ဂိုလ်ရွေးချယ်ရန်
1 2 3

**မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ဖော်ထုတ်ရမည့် အချက်အလက်များ**

ကျင်းပမည့်  နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက် (စနေနေ့)

ကျင်းပမည့် အချိန်   - နံနက် (၀၉း၀၀) နာရီ

ကျင်းပမည့် နေရာ   - UMFCCI အသင်းချုပ်၊ မင်္ဂလာခန်းမ

- ☐ မတ်ပဲစိုက်တောင်သူများ (ဧရာဝတီတိုင်း)
- ☐ မတ်ပဲစိုက်တောင်သူများ (ပဲခူးတိုင်းဒေသကြီး-အနောက်)
- ☐ ပဲစဉ်းငုံစိုက်တောင်သူများ (ပခုက္ကူ၊ မုံရွာ)
- ☐ ပဲလွန်းဖြူစိုက်တောင်သူများ
- ☐ ကုလားပဲစိုက်တောင်သူများ
- ☐ ပြောင်းစိုက်တောင်သူများ
- ☐ မတ်ပဲစိုက်တောင်သူများ (ပဲခူးတိုင်းဒေသကြီး-အရှေ့)
- ☐ မတ်ပဲစိုက်တောင်သူများ (နေပြည်တော်)
- ☐ ပဲတီစိမ်းစိုက်တောင်သူများ
- ☐ ပဲပုပ်စိုက်တောင်သူများ
- ☐ မြေပဲ၊ နှမ်းစိုက်တောင်သူများ

*** မိမိတို့နှင့်သက်ဆိုင်သည့် အစုအဖွဲ့များရှေ့တွင် အမှန်ခြစ် ( ☑)ပေးပါ။**

**ဆွေးနွေးပွဲတွင် ဖော်ထုတ်ရမည့် ခေါင်းစဉ်များ**

| စဉ် | ဖော်ထုတ်ရမည့် ခေါင်းစဉ်နှင့် ဖော်ထုတ်ချက်များ |
|---|---|
| ၁ | မိမိတို့ဒေသတွင် ၂၀၁၉ Crop အတွက် သက်ဆိုင်သည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း ဆက်လက်စိုက်ပျိုးရန် သင့်/မသင့်။<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------ |
| ၂ | မျိုးပြောင်းလဲစိုက်ပျိုးမည်ဆိုပါက မည်သည့် အစားထိုးသီးနှံ ပြောင်းလဲစိုက်သင့်ကြောင်း ဖော်ပြပေးရန်။<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------ |
| ၃ | ပြောင်းလဲမည့် အစားထိုးသီးနှံအတွက် လက်ရှိအခြေအနေများ၊ အခက်အခဲများနှင့် အလားအလာများကို ဖော်ပြပေးရန်။<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------ |
| ၄ | မိမိအစုအဖွဲ့မှ လက်ရှိစိုက်ပျိုးလျက်ရှိသော သီးနှံ၏ ရောင်းချထုတ်လုပ်မှုနှင့် တန်ဖိုးကွင်းဆက်ကြောင်း (Supply Change) တစ်လျှောက် ပြုပြင်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးရန်။<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------ |

## မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ဖော်ထုတ်ရမည့် အချက်အလက်များ

ကျင်းပမည့် နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက် (စနေနေ့)

ကျင်းပမည့် အချိန် - နံနက် (၀၉း၀၀) နာရီ

ကျင်းပမည့် နေရာ - UMFCCI အသင်းချုပ်၊ မင်္ဂလာခန်းမ

| စဉ် | ဖော်ထုတ်ရမည့် ခေါင်းစဉ်နှင့် ဖော်ထုတ်ချက်များ | |
|---|---|---|
| ၅ | ယခင်စိုက်ပျိုးသည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း တို့၏ တစ်ဧကအတွက် အောက်ပါကုန်ကျစရိတ်ခေါင်းစဉ်များ (မိမိတို့ ဖြည့်စွက်သည့် ပဲမျိုးနှင့် မသက်ဆိုင်သည့် စရိတ်များကို မဖြည့်စွက်ရန်)ကို အနီးစပ်ဆုံး ဖြည့်စွက်ပေးရန်။<br>စိုက်ပျိုးသည့် နည်းစနစ်အရ တစ်ဧက ကုန်ကျစရိတ်များ | |
| | (က) မျိုးကုန်ကျမည့် အရေအတွက် (ပြည်) နှင့် တန်ဖိုး | |
| | (ခ) ထယ်ထိုးခ | |
| | (ဂ) ထွန်ယက်ခ | |
| | (ဃ) ကြောင်းဆွဲခ (၂ထပ်) | |
| | (င) မျိုးချ | |
| | (စ) မြေခံ မြေဩဇာ | |
| | (ဆ) ယူရီးယား | |
| | (ဇ) ကြားပေါင်းလိုက် | |
| | (ဈ) ကြားထွန် ဘောင်တင် | |
| | (ည) ပြောင်းချိုး ပြောင်းခုတ် | |
| | (ဋ) ပြောင်းဖူး လှည်းတိုက် | |
| | (ဌ) ပြောင်းဖက် လှီး | |
| | (ဍ) ပြောင်းဆံ ခွေ | |
| | (ဎ) ပြောင်းနေ လှန်းနှင့် အထွေထွေ အလုပ် သမား စရိတ် | |
| | (ဏ) ထွန်/မွှေခ (နှစ်ကြိမ်) | |
| | (တ) မြောင်းဆွဲခ (နှစ်ကြိမ်)+ ကြားတိုက်ခ (သုံးကြိမ်) | |
| | (ထ) ပေါင်းထိုးခ | |
| | (ဒ) ပိုးသတ်ဆေး | |
| | (ဓ) သဘာဝ နွားချေး | |
| | (န) ကွန်ပေါင်း မြေဩဇာ | |
| | (ပ) ပေါင်းနုတ် စရိတ် + ဘောင်ဖော် စရိတ် | |
| | (ဖ) အလုပ် သမားခ (နှမ်းစိုက်+ ဆေးဖျန်း + နှမ်းမှုန်း) | |
| | (ဗ) ရိတ်သိမ်း စရိတ် (နှမ်း နှုတ်+နှမ်းစီး + နှမ်းခါ+ ညစောင့်) | |
| | (ဘ) အပင်အားတိုးဆေး | |
| | (မ) ပဲခူးသည့် အလုပ်သမားခ | |
| | (ယ) ပဲစက်ခြွေခ | |
| | (ရ) သယ်ယူစရိတ် (စိုက်ခင်းမှ အဂယ်ဒိုင်သို့) | |
| | (လ) တောင်သူ မိသားစု နေထိုင်မှုစရိတ် (တစ်လ ပျမ်းမျှ) | |
| | ၀ တစ်ဧက ပျမ်းမျှ အသားတင် အထွက်နှုန်း အရေအတွက် (တင်း) | |
| | (သ) ကိုယ်ပိုင်ငွေ (သို့) ဘဏ်ချေးငွေ၊ အရပ်ချေး<br>ငွေ ဖြင့် ယူခြင်းအတွက် အတိုးနှုန်းကျသင့်တန်ဖိုး | |

**မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ဖော်ထုတ်ရမည့် အချက်အလက်များ**

ကျင်းပမည့်  နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက် (စနေနေ့)

ကျင်းပမည့် အချိန်   - နံနက် (၀၉း၀၀) နာရီ

ကျင်းပမည့် နေရာ   - UMFCCI အသင်းချုပ်၊ မင်္ဂလာခန်းမ

| စဉ် | ဖော်ထုတ်ရမည့် ခေါင်းစဉ်နှင့် ဖော်ထုတ်ချက်များ |
|---|---|
| ၆ | ဖြည့်စွက်တင်ပြလိုသည့် အချက်များ |










Table (5)








Table (၄)




Table (11)



## ဆွေးနွေးပွဲ အစီအစဉ် (၃) (စတုတ္ထပိုင်း အစီအစဉ်)

| | | | |
|---|---|---|---|
| ၁။ | ၁၅ း ၃၀ မှ ၁၇ း ၃၀ | - | အစုအဖွဲ့အလိုက် ဆွေးနွေးထားသည့် ဆွေးနွေးချက်များအပေါ် အစုအဖွဲ့အလိုက် ကိုယ်စားလှယ်တစ်ဦးစီမှ ဆွေးနွေးတင်ပြခြင်း နှင့် အစုအဖွဲ့အလိုက် တွဲဖက်ထားသည့် စိုက်ပျိုးရေးပညာရှင် တစ်ဦးစီမှ သုံးသပ်ဆွေးနွေးခြင်း။ |
| ၂။ | ၁၇ း ၃၀ မှ ၁၇ း ၄၅ | - | အစုအဖွဲ့များ၏ ဆွေးနွေးချက်များအား အနှစ်ချုပ်၍ ဖော်ထုတ် ရရှိချက်အား ကြေညာခြင်း |
| ၃။ | ၁၇ း ၄၅ မှ ၁၇ း ၅၅ | - | ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) ဥက္ကဋ္ဌမှ နိဂုံးချုပ် အမှာ စကားပြောကြားခြင်း။ |
| ၄။ | ၁၇ : ၅၅ မှ ၁၈ : ၀၀ | - | ဆွေးနွေးပွဲ အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခြင်း။ |
| ၅။ | ၁၈ : ၀၀ မှ ၂၁ : ၀၀ | - | ညစာဖြင့် တည်ခင်းဧည့်ခံခြင်း။ |

# မတ်ပဲ အစုအဖွဲ့(ရောဂတီတိုင်း) ပါဝင်ဆွေးနွေးသူများအမည်စာရင်း

<u>မတ်ပဲ ရောဂတီတိုင်း</u> စားပွဲဝိုင်း (၁)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးအုန်းကျော် | ဟသ်ာတ | ရောဂတီ |
| ၂ | ဦးအောင်မျိုးသန့် | ဟသ်ာတ | ရောဂတီ |
| ၃ | ဦးစန်းလွင် | ဟသ်ာတ | ရောဂတီ |
| ၄ | ဦးမြင့်စိန် | ဟသ်ာတ | ရောဂတီ |
| ၅ | ဦးမြင့်နိုင် | ဟသ်ာတ | ရောဂတီ |
| ၆ | ဦးအောင်ဇော်မြင့် | ရေကြည် | ရောဂတီ |
| ၇ | ဦးယုမောင် | ရေကြည် | ရောဂတီ |
| ၈ | ဦးနေဇော်ထွန်း | ရေကြည် | ရောဂတီ |
| ၉ | ဦးအောင်မင်း | ညောင်တုန်း | ရောဂတီ |
| ၁၀ | ဦးသိန်းအောင် | ခနေမြို့ | ရောဂတီ |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဒေါက်တာမြတ်စိုး | ပြန်ကြားရေး | မြန်မာနိုင်ငံ ပဲ/နှမ်းအသင်း |
| ၂ | ဦးမြင့်သိန်းဦး | ဥက္ကဋ္ဌ | ရောဂတီတိုင်းဒေသကြီး |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဒေါက်တာမျိုးလွင် | ဒုတိယဥက္ကဋ္ဌ (၄) | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးဇော်လင်းဦး | ဥက္ကဋ္ဌ | မအူပင်ကုန်စည်ဒိုင် |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးကျော်ကျော်လွင် | ညွှန်ကြားရေးမှူး၊<br>တိုင်းဒေသကြီးဦးစီးမှူး | ရောဂတီတိုင်းဒေသကြီး |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးမျိုးဇော် | တိုင်းဒေသကြီးဦးစီးမှူး | ရောဂတီတိုင်းဒေသကြီး |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဦးစိုးသူလင်း | Research Assistant | |
| ၂ | Ms.ဟယ်လင် | Research Assistant | |
| | **စုစုပေါင်း** | ၁၈ | ဦး |



## မတ်ပဲအစုအဖွဲ့(ရောဝတီတိုင်း) စားပွဲဝိုင်း (၁) မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

အားလုံးပဲ မင်္ဂလာပါ...ကျွန်တော်တို့ ခုလို အစိုးရဌာနဆိုင်ရာတွေ ကျွန်တော်တို့ လယ်သမားတွေ ဆီကနေပြီးတော့ ထွက်ကုန်တွေကို ဈေးကွက်တစ်ခုရအောင် ဆောင်ရွက်ပေးကြတဲ့ ကုန်သည်အဖွဲ့ အစည်းတွေ အဲတော့ ကျွန်တော်တို့ လယ်သမားတွေ ခုလို စုစုစည်းစည်း နှင့် ကျွန်တော်တို့ ထုတ်လုပ်တဲ့ သီးနှံတစ်ခုရဲ့ ဈေးကွက်အကျပ်အတည်း အခက်အခဲကနေပြီးတော့ စုပေါင်းညီညွတ်တဲ့ အင်အားနဲ့ ဝိုင်းဝန်းအဖြေရှာကြဖို့အတွက် အခုလို စုစည်းနိုင်အောင် စုစည်းဖို့အတွက် ပြုလုပ်ဖန်တီးပေးတဲ့ ဒီ မြန်မာနိုင်ငံ ပဲနှင့် နှမ်းကုန်သည် အသင်းက လူကြီးမင်းများကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီနေ့ဒီအချိန်မှာ ကျွန်တော်တို့ တွေ အားလုံး အတူတကွ လက်တွဲပြီးတော့ မိမိတို့ မှာရှိတဲ့ အခက်အခဲတွေကို ရိုးသားစွာနှင့် ပွင့်လင်းစွာနှင့် မိသားစု စိတ်ဓာတ်ထားပြီးတော့ ဖြေရှင်းကျော်လွှားသွားမယ်ဆိုတဲ့ ကျွန်တော်တို့ လယ်သမား ရဲ့စိတ်ဓာတ်တွေကိုလည်းပဲ ဒါ ဒီနေ့မှာ ဒီခေါင်းစဉ်လေးနှင့် ပတ်သက်ပြီးတော့ ဟို ကျွန်တော်တို့ ရှင်းလင်းပြီး တော့ ကျွန်တော်တို့သဘောထား ကျွန်တော်တို့စေတနာတွေကိုလည်း တင်ပြသွားချင်ပါတယ်။ အဲဒါကတော့ ပထမဦးဆုံး မေးခွန်းဖြစ်တဲ့ မတ်ပဲ စိုက်သင့်သလား ဆိုတဲ့ မေးခွန်းကို ကျွန်တော်တို့ ဒီဧရာဝတီ အစုအဖွဲ့ က အားလုံးက ဆုံးဖြတ်ကျပါတယ်။ မတ်ပဲ မစိုက်သင့်ပါဘူး ဘာလို့ မတ်ပဲ မစိုက်သင့်တာလည်းဆိုရင် နံပါတ် (၁) က ဈေးကွက်အာမခံချက် မရှိဘူး။ နံပါတ် (၂) က ကျွန်တော်တို့ဆီက အခုပဲပဟောင်းတွေ လယ်သမား လက်ထဲမှာ မရှိပေမဲ့ ကျွန်တော်တို့ရဲ့ကုန်သည်တွေ ဆီမှာ ဒီပဲပဟောင်းတွေ ရှိနေတယ်။ အဲဒီပဲပဟောင်း တွေကို ကျွန်တော်တို့ က ပဲသစ်ထပ်စိုက်လိုက်လို့ ပဲသစ်ကလည်းပေါ် ပဲဟောင်းတွေကလည်း လက်ကျန်ရှိ

အဲဒီမှာ ဝယ်လိုတဲ့ demand နှင့် မမျှရင် ဈေးအနိမ့်ခံရဦးမယ်။ လက်ရှိ ပဲဟောင်းတွေက နှစ်ကျော်တွေဖြစ်လို့ ဆိုပြီးတော့ သူတို့ရဲ့ပညာပြတာခံရပြီး ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်ထားတဲ့ ကျွန်တော်တို့တိုင်းပြည်မှာ အရင်းအနှီးနှင့်မြုပ်နှံထားတဲ့ ဒီပဲတွေ အလဟဿ ဖြစ်ပြီးတော့ ဆုံးရှုံးရမယ့်ဘေးကို ကျွန်တော်တို့ လယ်သမားတွေ ဘက်က ပဲရှိနေတဲ့ ကျွန်တော်တို့ ကုန်သည်တွေ ကိုယ်စား ခံစားနားလည်မှုရှိစွာနှင့် လုံးဝ မစိုက်ပါဘူး။ ရှိနေသေးတဲ့ ပဲဟောင်းကိုသာ အကယ်၍ demand ရှိရင် ရောင်းပြီးတော့ ကျွန်တော်တို့ အိန္ဒိယရဲ့ ပညာပြမှုအပေါ်မှာ ပြန်လည်ချေပနိုင်ဖို့ အတွက် လယ်သမားတွေက ကုန်သည်တွေ နှင့် အားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ဒုတိယ မေးခွန်းတစ်ခုက သီးနှံ ဘာသီးနှံပြောင်းလဲ စိုက်ပျိုးမလည်း ဆိုတဲ့ ခေါင်းစဉ် နှင့် ပတ်သက်ပြီး ကျွန်တော်ရှင်းချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လယ်သမားမှာ တစ်နေ့ ကျွမ်းကျင်မှု မရှိသေးလို့ တကယ်တော့ ကျွမ်းကျင်မှုဟာ မိမိစိုက်ပျိုး ထုတ်လုပ်နေတဲ့ လုပ်ငန်းရဲ့ ကျွမ်းကျင်မှု ဟာ တော်တော် အရေးပါပါတယ်။ မိမိ မကျွမ်းကျင်တဲ့ အလုပ် မည်သူမဆို မည်သည့် အလုပ်ကိုမဆို လုပ်တဲ့ အခါမှာ ဆုံးရှုံးမှုတွေ လေလွင့်မှုတွေ မလိုအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ အများကြီး ရင်ဆိုင်ရနိုင်ပါတယ်။ ဒါကြောင့်မို့ လို့ ကျွန်တော်တို့ လယ်သမားတွေ ရင်းနှီးပြီးသားဖြစ်တဲ့ သီးနှံတွေ ဖြစ်တဲ့ မတ်ပဲ နှင့် စရိုက်တူ ရာသီဥတုလည်း အတူ နောက်ပြီး သက်တမ်းလည်းအတူ ကျွန်တော်တို့ တွေလည်း အနည်းနှင့်အများ လုပ်ခဲ့ဖူးတဲ့ ပဲတီစိမ်းကို စိုက်ဖို့ အတွက် အများဆုံးအားဖြင့် ပဲတီစိမ်းကို အများဆုံးအားဖြင့် ပြောင်းလဲမယ်။ သို့သော် ရေရရှိနိုင်တဲ့ နေရာတွေမှာ ကျွန်တော်တို့ ရေအလွယ်တကူရရှိပြီးတော့ အဆင်ပြေ မည့် အနိမ့်ပိုင်း နေရာတွေမှာတော့ ကျွန်တော်တို့ နွေစပါးပြန်လည်စိုက်ပျိုးဖို့အတွက် ဆုံးဖြတ်ပါတယ်။ အဲဒီနောက် ကျွန်တော်တို့ လယ်သမားတွေမှာ တချို့ ရွာစပ်တွေမှာ သစ်သီးဝလံပေါ့ vegetables လို့ ကျွန်တော့် ဒီ အသင်းရုံးဘေးနားမှာ လယ်သမားလေးတစ်ယောက်ရှိပါတယ်။ သူ့မှာ လယ်မများပါဘူး ၃ ဧကပဲရှိပါတယ်။ အဲဒီ ၃ ဧ ဘေးနားမှာ အဲဒီ လယ်လေး ၃ ဧကမှာ သူက အာဆီယံ သပြေလေးကို ဆယ်လံကွက်လေးကွက် လောက်စိုက်တယ်။ နောက်တစ်ခါ ဒီရှောက် အရွက်စားရှောက်လေးက ဆယ်လံကွက် နှစ်ကွက်လောက် စိုက်တယ်၊ နောက်တစ်ခါ ကင်ပွန်းချဉ်လေးက ဆယ်လံကွက် နှစ်ကွက်လောက် စိုက်တယ် ၊ ခွေးတောက် ကလေးက လည်း ဆယ်လံကွက် နှစ်ကွက်လောက် စိုက်တယ်။ တစ်နေ့ကို သူနှစ်သောင်းလောက် နေ့တိုင်း ခြောက်လသား အရွယ်က စပြီးတော့ ဝင်ငွေရပါတယ်။ ဒီတော့ကာ ကျွန်တော်တို့ ဒီကျန်တဲ့ လယ်သမား အသေးလေးတွေ မိမိနှင့် တစ်နိုင်တစ်ပိုင် အမြဲတမ်း တစ်နေ့ကို ကျွန်တော်တို့ လယ်သမား အဖို့ တော နေ လယ်သမားအဖို့ တစ်သောင်းပဲ ဝင်ငွေဝင်ရင် နေ့စဉ်

ဂင်ငွေရှိတဲ့ အလုပ်ကလေးဖြစ်တဲ့အတွက် အခြားသီးနှံ သစ်သီး ဂလံလေးတွေ စိုက်သင့်တဲ့ နေရာမှာ စိုက် ၊ နောက်တစ်ခါ ကျွန်တော်တို့ ပြောင်းစိုက်ဖို့ အတွက် ရာသီမှီတဲ့နေရာတွေမှာ ရေတင်နိုင်တယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဆို ခနဖြူ ၊ ဇလွန် ၊ ဟင်္သာတ အားလုံး ဒီဘက် ညောင်တုန်း ကိုင်းသမားနှင့် ရေသမားဟာ ဒီလယ်သမားဟာ တာတစ်လုံးပဲခြားပါတယ်။ တချို့ရွာတွေဆိုရင် ကိုင်းလည်းတစ်ဖက် လုပ်တယ် လယ်လည်း တစ်ဖက်လုပ်တယ်။ အဲဒီတော့ ပြောင်းစိုက်တဲ့ အတွေ့အကြုံ ကျွန်တော်တို့မှာ အင်မတန်မှ နီးစပ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီ တစ်ချို့နေရာတွေမှာ ပြောင်းကို လယ် စပါးပြီးတဲ့အချိန် ရာသီမှီတဲ့အခါမှာ ပြောင်းကို တစ်ချို့စိုက်ကြမယ်။ မြေနိမ့်တဲ့ နေရာတွေ မှာ၊ ရေတင်လို့လွယ်တဲ့ နေရာတွေမှာ နွေစပါးကို စိုက်ပြီးတော့၊ ရေတင်လို့ ပြောင်းစိုက်လို့ အဆင်မပြေတဲ့ နေရာများမှာ ကျွန်တော်တို့ ပဲတီစိမ်းစိုက်ပြီးတော့ တစ်ချို့လယ်သမား အသေးလေးများကို မိမိဈေးကွက်နှင့် လိုက်လျောညီထွေရှိမည့် အနည်းဆုံး ဒီသစ်သီးဂလံ vegetables လေးတွေကို စိုက်ဖို့ အတွက် ကျွန်တော်တို့ ရည်ရွယ်ဆုံးဖြတ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်ကိုယ်တိုင် ကျွန်တော်က လယ်သမားဘဂ ဖွံ့ဖြိုးရေး အသင်းရဲ့ခေါင်းဆောင်ပါ။ ကျွန်တော့် အသင်းမှာ လယ်သမားပေါင်း ၅ သောင်းကျော်ရှိပါတယ်။ အဲဒီ လယ်သမားတွေကို ကျွန်တော် ဒီ information ကို ကျွန်တော် ပေးပါမှာ။ ဒါကြောင့်မို့လို့ အားလုံးပဲ အခု ဒီကျွန်တော်တို့ ဘယ်သီးနှံပြောင်းစိုက်မလည်းဆိုတဲ့ ခေါင်းစဉ်ပြီးတဲ့ အခါကျတော့ ကျွန်တော်တို့ ဒီသီးနှံ ပြောင်းဖို့အတွက် ရေရှည် ရေတို လက်ရှိ ဒီနေ့ဘယ်လို ရင်ဆိုဖြတ်သန်းကြမလည်း ဆိုတဲ့ ခေါင်းစဉ်နှင့် ပက်သက်ပြီးတော့ ကျွန်တော်တို့ပြောချင်တာတော့ ဒီနေ့အတွက် ကျွန်တော်တို့အတွက် မျိုးကိုလည်းပဲ ဒီဘက်က ခုနတုန်းက ပဲနှင့် နှမ်းကုန်သည်အသင်းကနေပြီးတော့ အထွက်ကောင်းတဲ့မျိုး၊ ဈေးကွက်ကောင်း တဲ့မျိုးကို ရအောင် ဖန်တီးပေးပါမယ်လို့ ခုနတုန်းက ကျွန်တော်တို့ သူ့ဆီက agreement ရပါတယ်။ အဲဒီ တော့က ကျွန်တော်တို့ ဒီနေ့ပူးပေါင်းဆောင်ရွက်ကြမယ် ပူးပေါင်းဆောင်ရွက်ကြတဲ့နေရာမယ် ကျွန်တော် တို့တစ်ခုသတိထားမိတာက ကျွန်တော်တို့ဆန်စပါးအသင်းမှာဆိုရင် ဈေးကွက် ဂယ်လိုတဲ့ demand အဲဒီ information တွေဟာ အမြဲတမ်း ပွင့်လင်းမြင်သာမှု အချိန်နှင့် တပြေးညီရှိပါတယ်။ အဲဒီလိုပဲ ကျွန်တော် တို့ဖြစ်စေချင်တာက ကျွန်တော်တို့ဆီကနေ တစ်ဆင့် စုပြီးတော့ သယ်ပေးတဲ့ ကျွန်တော်တို့တောမြို့က ဒီ ကျွန်တော်တို့ရဲ့ဒီ service ပေါ့ ၊ ကျွန်တော်တို့ရန်ကုန်ကိုလာပြီး ပွဲရုံကြီးတွေကို ကားတစ်စီးစား နှစ်စီးစာ မပြည့်လို့မရောင်းနိုင်တဲ့ အချိန်မှာ ကျွန်တော်တို့ကတောမြို့မှာရှိတဲ့ ဒီပွဲရုံ ကုန်သည်တွေက နေတစ်ဆင့် စုပြီးတော့ ရောင်းပေးရတာဖြစ်တယ်။ အဲဒီတော့ အဲဒီလူတွေရဲ့ information အမြဲတမ်းပဲဈေး အခြေအနေ တွေ ဂယ်လိုအားဘယ်လောက်ရှိလည်း ရောင်းပြီးတာဘယ်လောက်ရှိပြီ။ နောက်တစ်ခါ ကျန်တာ အမှာ demand က ဘယ်လောက်ရှိတယ်ဆိုတဲ့ information ကိုလည်းပဲ ကျွန်တော်တို့ စနစ်တကျလေး ရိုးသား ပွင့်လင်းစွာနှင့် ပေးဖို့အတွက် ဒါကျွန်တော်တို့ မေတ္တာရပ်ခံပါတယ်။ နောက်တစ်ခုပြောချင်တာက ကျွန်တော်

တို့ဒီနှစ်မှာမျိုး တစ်ခါတစ်လေ ကျွန်တော်တို့ တစ်ချို့ တစ်ချို့ လူတိုင်းတော့ မဟုတ်ပါဘူး၊ အနည်းအပါးသော လူတစ်ချို့ရှိပါတယ်၊ စီးပွားရေးအကွက်ကို ချောင်းနေတာရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ ပဲတီစိမ်းပြောင်း စိုက်မယ်ဆိုရင် ဘာလုပ်မလည်းဆိုတော့ ကျွန်တော်တို့ရဲ့ မျိုးလိုအပ်မှုအပေါ်မှာ ဈေးကို အလွန်အမင်း တင်ပြီးတော့ ရောင်းမှာလည်း အင်မတန်စိုးပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့ လယ်သမားတွေကို စည်းရုံး ပြီးတော့ ပဲတီစိမ်းပြောင်းစိုက်မည့် ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကြီး ရည်မှန်းချက်ကြီးတစ်ခုလုံးဟာ ပဲမျိုးဈေးလည်း တတ်တာတစ်ခုတည်းနှင့် ပြိုပြင်သွားရင် မကောင်းပါဘူး။ ဒါကြောင့်မို့လို့ ဒါဟာလည်း ဈေး ကိုလည်းပဲ ထိုက်သင့်တဲ့ အကျိုးအမြတ်တစ်ခုယူပြီးတော့ ဒီကိစ္စလေးကိုမျိုးကို အောင်မြင်စွာ ကျွန်တော်တို့ လယ်သမားတွေ လက်ဂယ် အလွယ်တကူရရှိအောင်၊ အချိန်နှင့် တစ်ပြေးညီ ရရှိအောင် ကူညီပံ့ပိုး ဆောင် ရွက်ပေးကြဖို့လည်း မေတ္တာရပ်ခံပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ရေရှည် ဒီ supply chain တစ်ခုလုံး ဖွံ့ဖြိုးတိုးတတ်သွားဖို့ အတွက်ကတော့ ကျွန်တော်တို့ ဒီသီးနှံစိုက်ပျိုးတဲ့ နေရာတွေမယ် သီးနှံပြောင်းလဲ စိုက်ပျိုးရုံတင် မဟုတ်ဘဲနှင့် ဒုတိယ plan ဒါမှမဟုတ် နှစ်လတ် plan တွေဖြစ်တဲ့ ဉပမာဆိုပါစို့ ကျွန်တော်တို့ ဧရာဝတီ အနိမ့်ပိုင်းလို ဒေသမျိုးတွေ အကွေ့ အလိမ်ပိုင်းတွေမှာ ကန်သင်ရိုး ပတ်မယ်။ ကန်သင်းမြင့်မြင့်ကြီး ပတ်လိုက်တာနှင့် တပြိုက်နက် ကျွန်တော်တို့ ခု ရွှေ့ခရုလို့ ပြောတဲ့ ခရုက ရေအတိုင်းပဲတတ်လို့ ရတယ်။ ကန်သင်းမမြင့်ရင် မမတ်တော့ဘူး ။ အဲဒီဉစ္စာကိုလည်းပဲ ကျွန်တော်တို့က ရေကို ရေ နှင့် တားပြီးတော့ တားဆီးကာကွယ်သောအားဖြင့် ရွှေခရုဘေးကိုလည်း ကာကွယ်နိုင်ပါတယ်။ ကျွန်တော်တို့ခုအချိန်မှာ ရေချို ငါး သယံဇာတ အင်မတန်မှ ရှားပါးနေပါပြီ။ ကျွန်တော်တို့ ရဲ့ ငယ်ငယ်တုန်းက တာကျင်းချိုင့်လေးမှာတောင် ပိုက်စုတ်လေးချပြီးတော့ ဆွဲတင်ရင် ငါးရူ ငါးရံ့တွေ လေးငါးဆယ်သားရတဲ့ အခြေအနေကနေ ဒီနေ့ ချောင်းရိုးထဲမှာတောင် ရှာမရတဲ့ အခြေအနေကို လယ်ကွင်းတွေမှာ ကန်သင်းရိုး ပတ်ပြီးတော့ ကန်သင်းရိုး ရေကြီးရင် မလိုအပ်ရင် ရေကို ပိတ်ပစ်လို့ ရတယ်၊ လိုအပ်ရင် ရေကို ဖွင့်ချလို့ ရတယ်၊ စုတ်ထုတ်လို့ ရမယ် အဲဒီလို အခြေအနေရှိတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လယ်မှာ ကန်သင်းကောင်းကောင်းရှိဖို့ လိုအပ် ပါတယ်။ ဒါနှင့် ပက်သက်ပြီးတော့ အလျဉ်းသင့်လို့ ဒါကျွန်တော်တို့ ဗုဒ္ဓဘာသာလူမျိုးတွေများပါတယ်။ ကျွန်တော်တို့ သက်န်းလှူ တာအကျိုးကြီးတယ် ဒါကို ကျွန်တော်တို့ သိကြပါတယ်။ သို့ သော် ဒီသက်န်းက ဘယ်လိုကြောင့် ဖြစ်လာတယ်ဆိုတာ သိသူက နည်းပါတယ်။ သက်န်းမှာက အနားသတ်က လက်လေးလုံးရှိ ရတယ်။ အလယ်ခေါင်မှာ ပိတ်စကို ဖြတ်ပြီးတော့ ဖြတ်ကြောင်းနှင့် ချုပ်စက်ရှိရတယ်။ ဒါဖြင့်ရင် အဲဒီသက်န်း မှာရှိတဲ့ ဒီအကွက်ကြီးတွေ ဘေးကဘောင်တွေ အလည်က ပြတ်ကြောတွေ ဘာကြောင့် ဖြစ်တာလည်းဆိုရင် ကျွန်တော်တို့ တစ်ခါက ညီတော် အာနန္ဒာက ဘုန်းတော်ကြီးသော မြတ်စွာဘုရားတဲ့ အခု ရဟန်းတွေဟာ ထင်သလို ဝတ်နေတဲ့အတွက် သက်န်းတွေဟာ သပ္ပယ မဖြစ်ပါဘူးတဲ့။ ဒီတော့ သက်န်းဆိုတာ ဘယ်လိုဝတ် ရတာလည်း အဲဒါနှင့် မြတ်စွာဘုရာက အာနန္ဒာကို ခေါ်သွားပြီးတော့ အာနန္ဒာတဲ့ ဟို မာဂဓ တိုင်းက လူတွေ

ကို ကြည့်စမ်း ဟို ဂိဇ္ဇကုဋ္ဌ်တောင် ပေါ်ကနေ ဘယ်လယ်တွေကောင်းလည်းတဲ့ ဆိုတော့ မှန်လှပါဘုရားတဲ့ ကန်သင်းရိုးနှင့် ရေနုတ်မြောင်းနှင့် ရေနုတ်ဘောင်နှင့် ပတ်ကန်သင်းတွေနှင့် ရှိတဲ့ လယ်တွေဟာ မာဂဓတိုင်း မှာ ဒါလယ်ကောင်းတွေပါဘုရားတဲ့။ အဲဒီလိုပဲတဲ့ အဲဒီ လယ်ကောင်းရဲ့ သင်္ကေတကို ယူပြီးတော့ တို့ ဒီရဟန်း တွေအတွက် သင်္ကန်းကို အဲဒီလယ်ကွက်ပုံစံအတိုင်း စနစ်တကျ သီကုံးပြီးတော့ ဂတ်ဆင်ရမည်တဲ့။ ချုပ်ရ မယ်ဆိုပြီးတော့ အဲဒီလို ဒါဖြင့်ရင် ကျွန်တော်တို့ လယ်တွေမှာလည်းပဲ အဲဒီလို ပတ်ကန်သင်းတွေ ရေနုတ် မြောင်းတွေ ဘောင်တွေနှင့် သေချာလုပ်ရင် နံပါတ် (၂) အရ ငါးမွေးလို့ ရတယ်။ သယံဇာတ ငါးတွေလည်း မွေးလို့ရမယ်၊ တစ်ဖက်တစ်လမ်းက ဂင်ငွေရတယ်။ နံပါတ် (၃) က အဲဒီ ကန်သင်းရိုးဘောင်ပေါ်မှာ ကျွန်တော်တို့ ရာသီဥတုပူနွေးပြီးတော့ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဂ သယံဇာတဖြစ်တဲ့ သဘာဂ ပေါက်ပင်ရှားနေတဲ့အချိန်မှာ ကျွန်တော်တို့ သစ်ပင်လယ်ထဲကိုလည်း လောင်းရိပ်မဖြစ်၊ သဘာဂပတ်ဂန်း ကျင် ပူနွေးမှုကိုပါကာကွယ်ပေးတဲ့ ဆယ်ဇေ ကို သစ်ပင် အပင် ၅ဂဂ စိုက်ပြီး ၁ဂ နှစ် ၁၅ နှစ်မှာ တစ်ပင်ကို ၅ သိန်းလောက်တန်တဲ့ သစ်ပင်တွေ အဖြစ်နှင့် ဖော်ထုတ်နိုင်ရင် ကျွန်တော်တို့ ဒေသအတွက်လည်း စိမ်းလန်းစိုပြေမှု သဘာဂပတ်ဂန်းကျင်အတွက်လည်း အေးမြမှု ကမ္ဘာမြေကြီး ကြံ့ခိုင်မှု အတွက်ပါ အားလုံး အကျုအညီရပြီးတော့ သဘာဂကျပြီး အနာဂတ်လှမည့် ဗမာတွေ အဖြစ်နှင့် ရပ်တည်နိုင်အောင် ကိုယ့်ဒေသ ကိုယ့်မှာရှိတဲ့ မြေကိုအသုံးချပြီးတော့ တစ်ခြားတစ်ပါးမှာ အလုပ် သွားလုပ်စရာမလို ကျွန်ခံစရာမလို ပဲနှင့် ကိုယ့်ဘဂကိုယ် ရပ်တည်နိုင်တဲ့ လယ်သမားနိုင်ငံဖြစ်အောင် အားလုံးနှင့်ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက် သွားပါမည်။ လမ်းတွေမကောင်းတာကို ကောင်းအောင်ပြင်ပေး လိုက်မည်ဆိုရင်လည်းပဲ ကျွန်တော် တို့ ခြောက်ဘီးကားသွားလို့ ရတဲ့နေရာမှာ ဥပမာဆိုပါစို့ ကျွန်တော်တို့ ဆယ့်နှစ်ဘီးကားနှင့်သယ်လို့ ရမည်ဆိုရင် ကျွန်တော်တို့ transport charges တွေက နည်းသွားပါလိမ့်မည်။ အဲဒီတော့ အဲဒီအရာတွေကိုလည်း ပြုပြင်ပေးပြီးတော့ ကျွန်တော်တို့ မျိုးရရှိရေး မျိုးဈေးမကြီးရေးကို သက်ဆိုင်ရာ အစိုးရဌာန ဌာနဆိုင်ရာများ ကပါ ဝိုင်းဂန်းကူညီပံ့ပိုးပေးပြီးတော့ ကျွန်တော်တို့ လယ်သမားတွေ ဒီ စိုက်စနစ် တစ်ခု သီးနှံတစ်ခု ဒီသူများ နိုင်ငံက အနှိမ်ခံနေရတဲ့ ဘဂကနေ ဂမ်းမြောက်ဂမ်းသာ ကူးပြောင်းနိုင်ဖို့ အတွက် ဖြစ်နိုင်တဲ့ ထိုက်တန်တဲ့ အရင်းအနှီးတစ်ခု ဈေးငွေလေးတစ်ခုကို မတည်ရင်းနှီးပေးနိုင်အောင်လို့ ပူးပေါင်းဆောင်ရွက်ပေးမည် ကူညီ ပေးမည်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းတဲ့ လူတကာတွေ နှိမ်တဲ့ဈေးကွက် ဒုက္ခကနေပြီးတော့ ကျွန်တော်တို့ ကျော်လွှန် လွှန်မြောက်နိုင်ပါလိမ့်မည်လို့ ပြောကြားရင်းနှင့် နိဂုံးချုပ်ပါတယ်။

**ဒေါက်တာဇော်ဦး**

ကျေးဇူးအများကြီးတင်ပါတယ် ဆရာ။ ဆရာက ကျွန်တော်တို့ကို မတ်ပဲမစိုက်ဖို့ ဆိုပြီးတော့ ပြောပါ တယ်။ အဓိကကတော့ ပဲတီစိမ်းရယ် နှမ်းစပါးရယ် ပြီးတော့ ရေတို ရေရှည် ဒါပေမည့် နောက်ဆုံးကျရင်တော့

အစိုးရကတော့ ချေးငွေလေးတစ်ခုတော့ စီစဉ်ပေးပါဆိုပြီး ဆရာတို့ကိုလည်း မေတ္တာရပ်ခံတာရှိပါတယ်။ အဲဒီတော့ အခု ဒုတိယ စကားဝိုင်းကို ကျွန်တော် ဖိတ်ခေါ်ချင်တာကတော့ ဒီ မတ်ပဲ ကိစ္စပါပဲ။ ပဲခူး အရှေ့ က ဖြစ်ပါတယ်ခင်ဗျာ။ စကားဝိုင်း နံပါတ် (၂) ဆရာ့ရဲ့ ညီလေးနှင့် ဆရာမိတ်ဆက်ပေး ပြီးတော့ ဆရာတို့ ဝိုင်းက ဆွေးနွေးချက်လေးတွေကို တင်ပြပေးပါလားခင်ဗျာ။

❑ ❑ ❑

# မတ်ပဲ အစုအဖွဲ့(ပဲခူးတိုင်း–အရှေ့) ပါဝင်ဆွေးနွေးသူများ အမည်စာရင်း

မတ်ပဲ ပဲခူးတိုင်း (အရှေ့) စားပွဲဝိုင်း (၂)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးညို | တောင်ငူ | ပဲခူး(အရှေ့) |
| ၂ | ဦးဝင်းလှိုင် | ဖြူး | ပဲခူး(အရှေ့) |
| ၃ | ဦးတင်ကိုဝင်း | ဖြူး | ပဲခူး(အရှေ့) |
| ၄ | ဦးခင်မောင်ဆွေ | ဖြူး | ပဲခူး(အရှေ့) |
| ၅ | ဦးကိုကြီး | ဖြူး | ပဲခူး(အရှေ့) |
| ၆ | ဦးအေးနိုင် | ဖြူး | ပဲခူး(အရှေ့) |
| ၇ | ဦးခိုင်စိုးဦး | ဖြူး | ပဲခူး(အရှေ့) |
| ၈ | ဦးမောင်မောင်သီ | ထန်းတပင် | ပဲခူး(အရှေ့) |
| ၉ | ဦးတင်ထိုက်အောင် | ညောင်လေးပင် | ပဲခူး(အရှေ့) |
| ၁၀ | ဦးနိုင်လင်းထက် | ညောင်လေးပင် | ပဲခူး(အရှေ့) |
| ၁၁ | ဦးတိုးဆန်း | ကျောက်တံခါး | ပဲခူး(အရှေ့) |
| ၁၂ | ဦးခင်မောင်ဦး | ကျောက်တံခါး | ပဲခူး(အရှေ့) |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးသိန်းဝင်း | ဘဏ္ဍာရေးမှူး | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | ပဲခူးတိုင်းဒေသကြီး(အရှေ့) |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဦးမြင့်နိုင် | အလုပ်အမှုဆောင် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးမြထွန်း | ဥက္ကဋ္ဌ | ပေါင်းတည်ကုန်စည်ဒိုင် |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးမင်းဆွေ | ဦးစီးမှူး | ပဲခူးတိုင်းဒေသကြီး |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးယဉ်ထွန်း | ဒုတိယတိုင်းဦးစီးမှူး | ပဲခူးတိုင်းဒေသကြီး |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဒေါ်နှင်းအိဝင်း | Research Associate | |
| ၂ | ဒေါ်စုမွန်ထွေး | Admin Assistant | |
| | **စုစုပေါင်း** | ၂၀ | ဦး |



# မတ်ပဲအစုအဖွဲ့(ပဲခူးတိုင်းအရှေ့)စားပွဲဝိုင်း(၂)မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

ကြွရောက်လာကြသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအရှေ့ ပဲနမ်းကုန်သည်အသင်းရဲ ဥက္ကဌ ဦးမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော်အနေနှင့် stone age empire ပဲကုမ္ပဏီ ထူထောင်ပြီးတော့ supply chain တစ်ခုလုံးကို အစအဆုံးလုပ်ငန်းကို လုပ်ပြီးတော့ ပြည်ပကိုလည်းတင်ပို့တဲ့ အဆင့်အထိ ကျွန်တော့် ကုမ္ပဏီက ဆောင်ရွက်ပါတယ်။ လုပ်တဲ့နေရာမှာ supply chain မတ်ပဲရဲ့ သဘာဂကို မပြောခင် supply chain ကို ကျွန်တော်က အလွန်ဂါသနာပါပါတယ်။ ကျွန်တော် ကုန်သွယ်မှာ ဂန်ထမ်းလုပ်ကတည်းက နိုင်ငံခြားတိုင်းပြည်တွေ သွားလို့ရှိရင် သူတို့နိုင်ငံမှာ supply chain ကို အလွန်တိကျသေချာပြီးတော့ တစ်ယောက်နှင့်တစ်ယောက်ယုံယုံကြည်ကြည် သစ္စာရှိရှိ လုပ်တဲ့ အတွက် တောင်သူတွေမှာလည်း အကျိုးရှိတယ်။ ကုန်သည်တွေမှာလည်း အကျိုးရှိတယ်။ ကုမ္ပဏီတွေလည်း အကျိုးရှိတယ်။ အဓိက ကတော့ သစ္စာရှိဖို့ပေါ့ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာ လေ့လာကြည့်တဲ့အခါမှာ စိုက်ပျိုးထုတ်လုပ်မှု အဆင့်ဆင့်ရဲ ့ supply chain တစ်ခုမှာ အနစ်နာဆုံးရှုံးခံရဆုံး သူဟာ တောင်သူပါပဲ။ ခေတ်အဆက်ဆက် ကျွန်တော်တို့ လွတ်လပ်ရေးရပြီးတဲ့အခါ တောင်သူက အောက်ဆုံးကပါပဲ။ အခု အချိန်အထိလည်း အဲလိုဖြစ်တော့ တောင်သူတွေရဲ ့စိတ်ထဲမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်ချင်တဲ့

စိတ်တွေပျောက်ကုန်တဲ့ အဆင့်အထိ ဖြစ်လာပါတယ်။ ဘာကြောင့်လို့လဲဆိုတော့ နိုင်ငံခြား တိုင်းပြည်တွေကို သွားအလုပ်လုပ်ရင် ကျွန်တော်တို့ ဂင်ငွေထက် နှစ်ဆကျော်ရတဲ့ ဂင်ငွေဖြစ်တဲ့အတွက် တော်တော်များများက ပြည်ပကို ထွက်အလုပ်လုပ်ပါတယ်။ လူဆိုတာလည်း ပဋိယျသေန ဂမ်းစာရှာတဲ့ လူသားတွေပါ။ ဒီပေါ်မှာ သံယောဇဉ်ထားတာထက် ဘဂရှင်သန်ဖို့ကို သံယောဇဉ်ထားတာက သဘာဂကျပါတယ်။ အဲတော့ ကျွန်တော့်အနေနှင့် ဆွေးနွေးတင်ပြရင် ကျွန်တော့် စကားပိုင်းရဲ့ ကိုယ်စားဆွေးနွေးတင်ပြတာ ဖြစ်တဲ့အတွက် ကျွန်တော် စကားပိုင်းက တင်ပြဆွေးနွေးချက်တွေ ကို ကျွန်တော် ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ မတ်ပဲကို မစိုက်သင့်ပါဘူး။ ဘာလို့မစိုက်သင့်လဲဆိုတော့ မတ်ပဲစိုက်တာ ရှုံးလို့ပါ။ ဘယ်စီးပွားရေးလုပ်ငန်းဖြစ်ဖြစ်ရှုံးရင် ဆက်မလုပ်သင့်ပါဘူး။ ရပ်ပြီးတော့ ဘာလုပ်သင့်လည်း ဆိုတာကို စဉ်းစားရပါမယ်။ အဲလိုပါပဲ ခေါင်းဆောင်ကောင်းတွေဟာ အကျပ်အတည်း တစ်ခုတွေ့လာရင် ရအောင်ထွက်တတ်ရတယ်။ အဲလိုမှ မထွက်တတ်ရင် အဲဒီအဖွဲ့အစည်း အဲဒီ လူတွေအားလုံး ကျဆုံးခြင်းရဲ့ အောက်မှာ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ အဲတော့ ခေါင်းဆောင်ကောင်းပီပီ ကျွန်တော်တို့ကလည်း ကျွန်တော်က မတ်ပဲကို ၁၉၇၀ လောက်ကတည်းက ကုန်သွယ်ရာမှာတည်းက အတွေ့အကြုံရှိတော့ မတ်ပဲတစ်တင်း ၅၀ ခေတ်လည်းမီပါတယ်။ မတ်ပဲ သေဒဏ်ခေတ်ကိုလည်း မီခဲ့ပါတယ်။ အဲတော့ ကျွန်တော့်အနေနှင့် ဆက်လက်တင်ပြချင်တာကတော့ မတ်ပဲကို မစိုက်သင့်ပါဘူးဆိုတာကို ကျွန်တော် လက်ခံပါတယ်။ ဒါပေမယ့် မတ်ပဲ မစိုက်ပေမည့် လယ်ယာ ဒုတိယသီးနှံဖြစ်တဲ့ မတ်ပဲအစား ဘာသီးနှံတွေ စိုက်မလည်းဆိုတာကိုတော့ ကျွန်တော် ဆက်ပြောပါမယ်။ အဲတော့ မတ်ပဲဈေးနှုန်းကျတယ် မတ်ပဲဈေးနှုန်းကျတယ်ဆိုတာကလည်း ကျွန်တော်တို့ ကဆယ်စုနှစ်တစ်စုလောက် အချိန်ရပါတယ်။ ၂၀၁၀ ကတည်းက ကျွန်တော်တို့ ဈေးရခဲ့တယ်။ ကျွန်တော်တို့က သုတေသန အလုပ်ကို မလုပ်ခဲ့ဘူး။ ဆယ်စုနှစ် တစ်ခုစာလောက် အချိန်ရပါရဲ့ နှင့် ကျွန်တော်တို့ က မကြိုးစားခဲ့ဘူး။ ပုံမှန်စပါးပြီးရင် ကောက်ဆိုင်းကို ပုံ ၊ ပုံပြီးရင် မတ်ပဲစိုက် ထွက်သမျှ ဈေးကောင်းရ အဲဒါနှင့်ပဲ တင်းတိမ်ရောင့်ရဲနေတော့ သုတေသနလုပ်ငန်းလုပ်တဲ့နေရာမှာ အင်မတန် အားနည်းပါတယ်။ နိုင်ငံတကာမှာ သုတေသန လုပ်ရတဲ့ လုပ်ငန်းတွေ အားနည်းတဲ့အတွက် ကျွန်တော်တို့မှာ အားနည်းချက်က နိုင်ငံတကာနှင့်ယှဉ်ရင် ဈေးကွက် အထွက်နှုန်း အရည်အသွေး စံချိန်စံနှုန်းတွေ က ကျပါတယ်။ အထူးသဖြင့် ဓာတု ဓာတ်ကြွင်း ကျန်မှုမကျန်မှုကို ဘယ်လိုစစ်ရမှန်းကို မသိတဲ့ ကျွန်တော်တို့ တောင်သူတွေမှာလည်း ရှိတယ်။ မြေချဉ်ငန်ဓာတ်သူတို့မစစ်တတ်ပါဘူး။ ကျွန်တော်တို့ က လယ်ယာထွက်ကုန်သီးနှံထုတ်လုပ်တယ်ဆိုပေမည့် အခြေခံကျတဲ့ အလုပ်တွေကို တိတိကျကျ ပညာသားပါပါ မလုပ်တတ်တဲ့ အပြင် နည်းပညာမှာလည်း အားနည်း တဲ့ အတွက် ကျွန်တော်တို့ သီးနှံတွေဟာ နိုင်ငံတကာနှင့် ယှဉ်ရင် ဈေးကိုမရပါဘူး။ ဈေးမရတဲ့အတွက် ကျွန်တော်တို့က လုပ်ခကြေးငွေနည်းတယ်၊ လုပ်ခကြေးငွေနည်းတဲ့အတွက် လုပ်သားတွေဟာ လုပ်ခကြေးငွေများတဲ့နိုင်ငံ

တွေကို ထွက်သွားတဲ့အတွက် လယ်ယာလုပ်ငန်းဆုံးရှုံးမှုတွေ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခုအချိန်မှာ ဝိုင်းဝန်းကြိုးစားနေရင် အချိန်မှီပါသေးတယ်။ နောက်ဆုံး အဆင့် calvit ထိုးရတဲ့အဆင့်ပေါ့နော်။ လူနာတစ်ယောက်ကို သေတယ်လို့ သဘောမထားဘဲနှင့် calvit ထိုးရင်ပြန်ရှင်နိုင်ပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနှင့် မတ်ပဲကို ဈေးနှုန်းကျတာကိုလည်း စိတ်မပျက်ပါနှင့် ။ ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော်ကျောက်တံခါးမှာ မတ်ပဲဟာအတွက် ဇေ တစ်သိန်းနှစ်သောင်း စိုက်ပါတယ်။ မြန်မာနိုင်ငံရဲ့ မတ်ပဲအထွက်နှုန်းအကောင်းဆုံးဆုကို ၂၀၀၁-၂၀၀၂၊ ၂၀၀၃ မှာ ကျွန်တော်တို့ ရရှိခဲ့တယ်။ ဘာလို့ရလည်းဆိုတော့ ကျွန်တော်တို့ တစ်မြို့လုံးက မတ်ပဲပဲ စိုက်တယ် ကျန်တဲ့ပဲ မစိုက်ဘူး။ မတ်ပဲက ခုန တစ်ယောက်ပြောသွားသလို လွယ်ကူစွာစိုက်ရတယ်၊ ဆေးဖိုးလည်းသက်သာတယ်။ ပြီးရင် အထွက်နှုန်းကလည်း သင့်တင့်တယ်ဆိုတော့ မတ်ပဲကတော့ တောင်သူကြိုက်ပဲမျိုးဖြစ်တဲ့အတွက် မတ်ပဲကို ဦးစားပေးစိုက်ပါတယ်။ အဲတော့ ဒုတိယအချက်အနေနှင့် မတ်ပဲကို စိုက်လို့ ကျန်တဲ့ပဲတော့ စိုက်လို့ မရဘူးလားဆိုတော့ ဈေးကွက်မရရင်တော့ ကျွန်တော်တို့ မစိုက်တော့ပါဘူး။ အဲတော့ မတ်ပဲအစား ကျွန်တော်တို့ ဘာစိုက်မလည်းဆိုတော့ ပဲ တီစိမ်းစိုက်ပျိုးပါမယ်။ မတ်ပဲနှင့်အတူ ကျွန်တော်တို့ ရေသွင်းလို့ရတဲ့ နေရာပေါ့နော်။ ကျွန်တော်တို့ ပဲခူးအရှေ့မှာဆိုရင် ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်၊ ကျောက်တံခါး၊ ဖြူး ရေသွင်းလို့ရတဲ့နေရာတွေမှာတော့ ကျွန်တော်တို့ စပါးစိုက်ပျိုးပါမယ်။ အဲတော့ သီးနှံစိုက်တယ်ဆိုရင်လည်း ရေမြေသဘာဝနှင့် ကိုက်ညီပြီး မျိုးကောင်းမျိုးသန့် စိုက်မှ အကျိုးဖြစ်ထွန်းမှာပါ။ အစေ့ချရင် အပင်ပေါက်တိုင်းပြည့်ဆိုပြီး ထင်သလို စိုက်လို့ မရပါဘူး။ သေချာစနစ်တကျ ဈေးကွက်ကို စုံစမ်း ပြီးမှ စိုက်ဖို့ သင့်ပါတယ်။

အဲတော့ မြေပဲကိုလည်း ကျွန်တော်တို့က မိသားစု စားလို့ရအောင် သင့်တင့်တဲ့နေရာ အသုံးကျတဲ့နေရာလေးတွေ မြေပဲစိုက်မယ်။ မြေပဲကို ကျွန်တော်တို့ ဆီကြိတ်စားမယ်။ နောက် အစေ့ထုတ်ပြောင်းပေါ့ဒါလည်း ခု ဈေးကွက်ဝင် သီးနှံတစ်ခုဖြစ်တယ် အစေ့ထုတ်ပြောင်းကိုလည်း ဈေးကွက်ဈေးနှုန်းရရှိရင် စိုက်ပျိုးပါမယ်။ အဲလိုမှ အဆင်မပြေရင်ကျွန်တော်တို့ ပဲလွန်းဖြူစိုက်ပျိုးမှာ ဖြစ်ပါတယ်။ နံပါတ် (၃) ပြောင်းလဲသောအစားထိုးသီးနှံများ ..လက်ရှိအခြေအနေက ဒေသနှင့်ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် အမိကကမျိုးပါပဲ ကျွန်တော်တို့ နိုင်ငံမှာ မျိုးထုတ်လုပ်တဲ့ နည်းပညာ အင်မတန်မှ နိမ့်ပါတယ်။ အခြားနိုင်ငံတွေ က မျိုးတစ်ခုကို သုံးနှစ်ထက်ပို မစိုက်ပါဘူး။ ကျွန်တော်တို့က မျိုးတစ်ခုကို သုံးနှစ် လေးနှစ်က တစ်နှစ်ထက်တစ်နှစ် အရည်အသွေးကျလာလည်း နောက်လဲစရာမျိုးကမရှိပါဘူး။ ဒီတောင်သူကို ကောင်းတဲ့မျိုးလည်း ပေးနိုင်တဲ့ အဖွဲ့အစည်းမရှိပါဘူး။ အဲတော့ တောင်သူတွေကလည်း ဘယ်သူအားကိုးရမှန်းမသိ ကျွန်တော်တို့ ကလည်း ရှိတဲ့မျိုးလေးပဲ လှည့်ပေးရတဲ့အတွက် ပဲရဲ့အရည်အသွေးက ကျဆင်းလာခြင်းကြောင့် ဈေးကွက်အရည်

အသေးညှံ့ဖျင်းပြီးတော့ ဈေးနှုန်းကျတာလည်း အဓိကအကြောင်းတစ်ချက် ပါပါတယ်။ နောက် အရည်အသွေး စံချိန်စံညွှန်း မမီတာ အရည်အသွေး စံချိန်စံညွှန်းဆိုတာ ကျွန်တော်တို့ ခုန နိုင်ငံတကာနှင့်ယှဉ်ရင် နိုင်ငံတကာနှင့်ယှဉ်နိုင်တဲ့ အရည်အသွေးရှိတဲ့ ပစ္စည်းထုတ်လုပ်နိုင်မှ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကအရည်အသွေးမမီဘူး ဓာတုဓာတ်ကြွင်းလည်း ဘယ်လောက်ပါမှန်းမသိဘူး အမေရိကားသွားပို့လို့ container ကနေပြန်လွှတ်ရတာ နိုင်ငံခြားတိုင်းပြည် container လွှတ်ရတာလည်း ကျွန်တော်တို့မြန်မာပြည်လို မြစ်ထဲ ချောင်းထဲ သွန်လို့မရပါဘူး အဲဒီမှာ မြုပ်ရတဲ့ စားရိတ် နှင့် သုံးစွဲတဲ့ စားရိတ်နှင့်ဆိုရင် အင်မတန် ဆုံးရှုံးနစ်နာတော့ နိုင်ငံတကာ အဆင့်မမီရင်လည်း မပို့ရဲတဲ့အဆင့်ဖြစ်နေပါပြီ။ တန်ဖိုးနည်း အခြောက်ခံစက် ဒါကတော့ သဘာဝရေမြေသဘာဝ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်က ဧပြီလ ၁၁ ရက် နေ့ကနေ ၁၅ ရက်နေ့မှာ မမျှော်လင့်တဲ့မိုး ၇ ရက်ဆက်တိုက်ရွာပါတယ်။ ရွာတဲ့အတွက် စိုက်ပျိုးပြီး ပဲတွေရဲ့၇၀%ဟာ မိုးမိသွားပါတယ်။ ၃၀% ဟာ လွတ်ပေမည့် အဲဒီ ၇၀%ဟာ အညှောင့်အစိတ် တွေထွက်လာမယ်။ အခွံတွေကျွတ်လာတယ် အရည်အသွေးတွေ ညှံ့ဖျင်းလာတယ်။ အဲဒီအတွက် ကျွန်တော်တို့မှာ ဘာလုပ်ရမှန်းဘာကိုင်ရမှန်း မသိပါဘူး ။ကြိုတင် ပြင်ဆင်မှုဆိုတာလည်း မရှိတဲ့အတွက် ၇၀% ရာနှုန်းပဲတွေကို တောင်သူတွေက ပေးချင်သလောက် ပေးပါဗျာဆိုတဲ့ ဈေးနှင့် ရောင်းရတဲ့ခေတ်မျိုးကိုလည်း ကျွန်တော်တို့ ကြုံတွေ့ခဲ့ရပါတယ်။ အဲတော့ တတိယအနေနှင့် အစားထိုးသီးနှံ စပါးကဲ့သို့ အခြေခံဈေးနှုန်းသတ်မှတ်ပေးရန် ဆိုလိုတာကတော့ လယ်ယာလုပ်သားတွေ ခုန မအူပင်က ဆရာပြောသွားသလို လယ်ယာလုပ်သားတွေက လယ်ယာလုပ်ချင်စိတ်မရှိတော့တဲ့ အကြောင်းအရင်းအဓိကတော့ နစ်စဉ်စိုက်တိုင်းလည်း ရှုံးနေတယ်။ ရှုံးပြီးတော့ အမြတ်မရတဲ့အပြင် သူတို့က အရှုံးပေါ်နေတဲ့အတွက် ဒီလယ်ယာလုပ်ငန်းကြီးကို တဖြေးဖြေးစိတ်ပျက်လာတယ်။ အဲဒါကြောင့် မိသားစု စားဝတ်နေရေးရှိတဲ့အတွက် တစ်ဦးတစ်ယောက်ကောင်း မိသားစုနှင့်အတူ နိုင်ငံခြားကိုထွက်အလုပ်လုပ်ကြတာ ကျွန်တော်တို့တွေ ပိုကိုက်တယ်ဆိုတဲ့အတွက် ကျွန်တော်တို့လယ်ယာလုပ်ငန်းတွေကို စွန့်ပစ်သွားရင် တစ်ချိန်မှာ ကျွန်တော်တို့က လယ်ယာထွက်ကုန်သီးနှံဟာ ကျွန်တော်တို့ နိုင်ငံဟာ အင်မတန် သယံဇာတပေါပြီး ဈေးသက်သာတဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ လယ်ယာထွက်ကုန်သီးနှံတွေကို ကျွန်တော်တို့ဝယ်စားရင် လက်ရှိပြည်သူတွေဟာ သူတို့ရဲ့ ရင်းနှီးမြုပ်နှံမှ ရတဲ့လစာနှင့် လယ်ယာထွက်ကုန်သီးနှံတွေသာ ဝယ်စားရင် ဒီထက်ပိုပြီးတော့ အခက်အခဲတွေ ကြုံတွေ့မယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ အဲဒီတော့ ချေးငွေထုတ်ပေးပါ။ လယ်သမားတွေက အဓိကပြဿနာက ၉၀%က ငွေမရှိပါဘူး။ ငွေမရှိတဲ့အတွက် လယ်ယာမစိုက်ခင် ကတည်းက မျိုးဖိုးလည်းအကြွေးယူရတယ် ၊ စိုက်ပျိုးရေးဆေးတွေလည်း အကြွေးယူရတယ်။ နောက် ကျွန်တော်တို့ ရိတ်သိမ်းချိန် ခြွေလှည့်

စက်တွေ အတွက်လည်း အကြွေးယူရတယ်။ အကြွေးပေါင်း အကြွေးပေါင်းထပ်နေတဲ့ အခါကျတော့ သူတို့ကဆပ်တဲ့ အခါကျရင်လည်း မြို့ပေါ်က အတိုးယူ ပြီးတော့ ပြန်ဆပ်ရတဲ့အတွက် အဲဒီပိုက်ဆံတွေဟာ ကြွေးသံသရာလည်တဲ့အတွက် လယ်စပါးဆိုတဲ့အတိုင်းပဲ လည်နေတာသာဖြစ်ပါတယ်။ အဲတော့ ချေးငွေ လေးတွေကိုလည်း စိုက်ပျိုးချိန်မှာ အနည်းဆုံး တစ်သိန်းခွဲလောက်အထိ ၅ သောင်းကနေ တစ်သိန်းခွဲ လောက်အထိထုတ်ပေးရင် လယ်ယာလုပ်ငန်းတွေ ဟာ ဖွံ့ဖြိုးတိုးတတ်လာမှာဖြစ်ပါတယ်။ အမှတ်စဉ် (၄) ကတော့ contract farming ကျွန်တော်ခုနတင်ပြသလိုပေါ့ အကျိုးအမြတ်မရှိတဲ့လူတွေဟာ ဆုံးရှုံးမှုကို ခံစားရတာပါပဲ။ အဲတော့ ကျွန်တော်တို့ contract farming ဆိုတာသူများနိုင်ငံတွေ မှာ လယ်သမားက ဒီတိုင်းပဲထိုင်နေတာနော် ရိတ်သိမ်းတဲ့ ထွန်တဲ့သူက လာ ထွန်တယ် ၊ ပြီးရင် မျိုးစေ့ချတဲ့သူက လာချတယ်။ အဲဒီ ကုမ္ပဏီတစ်ခုတည်းပေါ့နော် အဲက ရတယ် နောက်ဆုံးပိတ် သီးနှံထွက်သည် အထိ ကုမ္ပဏီက တာဝန် ယူတယ်။ နောက်ဆုံးပိတ် အဲဒီလူကိုတော့ ရောင်းရတယ် ။ အဲဒီကုမ္ပဏီကိုရောင်းပြီးရင် အဲဒီ ကုမ္ပဏီက အကုန်လုံး bill တွေဖြတ်ပြီးတော့မှ သူ့ကို ကျန်တဲ့ ပိုက်ဆံပေးတဲ့အတွက် လယ်သမားကလည်း အဲဒီလုပ်ငန်း အပေါ်မှာ ပျော်ရွှင်တယ် သာယာတယ်၊ စိတ်ချမ်းသာတယ်။ ကျွန်တော်တို့ လယ်သမားတွေဟာ ကြွေး သံသရာလည်တဲ့အတွက် လယ်လုပ်ချင်တဲ့ စိတ်ကို တစ်နေ့တခြား ပပျောက်လာတဲ့အတွက် ကျွန်တော်တို့ အနေနှင့် လယ်ယာလုပ်ငန်းကို ရှင်သန်အောင် ဖွံ့ဖြိုးအောင်လုပ်ပေးဖို့က နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်ပါ တယ်။ အဲဒီတော့ တောင်သူအစုအဖွဲ့နှင့် ဆောင်ရွက်ရန်၊ တောင်သူတွေကလည်း တစ်ဦးကောင်း တစ် ယောက်ကောင်းနှင့်လုပ်လို့မရပါဘူး။ တောင်သူတွေ စုပေါင်းပြီးမှ contract farming ကို စဆောင်ရွက်ဖို့ သင့်ပါတယ်။ တစ်ဦးကောင်း တစ်ယောက်ကောင်းလုပ်လို့ရှိရင် မရဘူးမဟုတ်ဘူး ရပါတယ်။ ဒါပေမဲ့ ပမာဏကြီးကြီးကျတော့ လုပ်လို့မရတာ ဖြစ်ပါတယ်။ ဂယ်လိုအားနှင့် ဈေးနှုန်း တောင်သူများကို အချိန်မီ ပေးပို့၍ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရန်ဆိုတော့ ဈေးကွက် ဂယ်လိုအားဆိုတာ အဲတာတော့ နည်းနည်း ကျယ်ပြန့်သွားပါတယ်။ ဘာလို့လဲဆိုတော့ ဈေးကွက် ဂယ်လိုအားဆိုတာ ကျွန်တော်တို့က လာမည့်နှစ်မှာ ဘာဈေးကွက်ဖြစ်မလည်းဆိုတာ ခန့်မှန်းဖို့က အရမ်းခက်ပါတယ်။ ဘာလို့လဲဆိုတော့ ခုလက်ရှိအခြေအနေ အရ နိုင်ငံကြီးတွေရဲ့ စီးပွားရေး စစ်ပွဲတွေဖြစ်နေတယ်။ ငွေကြေးဖောင်းပွမှုနှုန်းတွေကလည်းများနေတယ်။ မြန်မာတန်ဖိုးငွေကျပ်ကလည်းလွန်စွာ လျော့နည်းနေတယ်။ ပဲဈေးကွက်ကလည်း မရေမရာဖြစ်နေတဲ့အချိန် မှာ ကျွန်တော်တို့ ဘာလုပ်ရမလည်းဆိုတဲ့အဖြေတစ်ခုကို အခုအစည်းအဝေးကနေ ပြန်တာကို လယ်သမား တွေက နေစောင့်နေတယ်။ အဲဒီတော့ သူတို့စောင့်နေတဲ့အဖြေကို ကျွန်တော်တို့ကလည်း အချိန်ကုန် ပြန်ပြီးတော့ အဖြေမပေးနိုင်ရင်တော့ ကျွန်တော်တို့ လာရတဲ့ တစ်နေကုန် အချိန်ဟာ တန်ဖိုးမနည်းပါဘူး။ ကျွန်တော်လိုပဲ ညီနောင်တွေ အကုန်လုံးရဲ့ working hour နဲ့ တွက်လိုက်ရင် တန်ဖိုးအများကြီးကြီးပါတယ်။

ဒီကို တစ်ခေါက်လာတဲ့ စားရိတ်ကလည်း ကုန်ကျစားရိတ်များတဲ့အတွက် ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ အစည်းအဝေးကြီးက ချမှတ်တဲ့ မူဂါဒကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး တာဂန်ယူ တာဂန်ခံမည့် အဖွဲ့အစည်းတစ်ခုက လယ်သမားတွေအပေါ်မှာ တာဂန်ခံမှ ကျွန်တော်တို့ရဲ့ တာဂန်ကျေမှာ ဖြစ်ပါတယ်။ အဖွဲ့အစည်းတွေမှာ တာဂန်ယူ တာဂန်ခံမည့် လူတွေကလည်း တာဂန်ယူ တာဂန်ခံရဲတဲ့ သတ္တိ ရှိဖို့လိုတယ်၊ ဆုံးဖြတ်ချက် ချရဲဖို့လိုတယ်၊ အကြပ်အတည်းအခက်အခဲတွေကိုလည်း ရအောင်ထွက်ရဲတဲ့ သတ္တိ နှင့် စွန့်စားမှုတော့ လိုအပ်မည်လို့တင်ပါတယ်။ ကျေးရွာ ကုန်ထုတ်လုပ်မှု ကောင်းမွန်စေရန် ကုန်သွယ် လမ်းကြောင်း ကျွန်တော်တို့ ကောက်စိုက်သူတွေမှာ ၂၀၁၁ ခုနှစ်က မိုးတွေရွာချလို့ ဒီအတိုင်းပဲ ကြည့်နေရ တာ အုပ်စရာလည်း တာပေါ်လင်မရှိ အဲတော့ အဲဒီပဲတွေကို ထုတ်ဖို့ဆိုတာကလည်း လမ်းကြောင်းက လမ်းကြောင်းတွေကလည်း ပျက်စီးနေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံရဲ့ အဓိက လိုအပ်တဲ့ လယ်ယာ လုပ်ငန်းအတွက် လိုအပ်တဲ့ ကုန်ထုတ်လမ်းကြောင်းတွေကိုလည်း အခြားနိုင်ငံများနည်းတူ လျှပ်စစ်ဓာတ် အားလိုင်း ကုန်ထုတ်လမ်းတွေကို စနစ်တကျဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ သီးနှံအရည်အသွေး ကောင်းမွန်ရန် ဈေးနှုန်းသတ်မှတ်ပေးရန် ဒါကတော့ ကျွန်တော်တို့က ရေမြင့်မှ ကြာတင့်မှာပါ။ သီးနှံအရည် အသွေးကောင်းမှ ဈေးကောင်းရမှာ။ သီးနှံ အရည်အသွေး ညံ့ဖျင်းရင် ညံ့ဖျင်းသလိုပေါ့။ ငသကြွဲဆန်နှင့် ကောက်ကြီးဆန်နှင့် ပေါ်ဆန်းနှင့် ငစိန်ဆန်နှင့် ဈေးမတူသလိုဘဲ။ အရည်အသွေးကောင်းရင် ကောင်းသလို ဈေးရပြီးတော့ ဈေးကွက်ကရှင်သန်မှာဖြစ်ပါတယ်။ အရည်အသွေးညံ့တဲ့ဆန်တွေ အထူးသဖြင့် ကျွန်တော် တို့အတွေ့အကြုံအရ မဆလခေတ်မှာ quantity drive လုပ်လိုက်တာ ကျွန်တော်တို့ ဆန်စပါးဈေးကွက်ကြီး ပျောက်သွားတယ်။ ကျွန်တော် ကုန်သွယ်မှာ ၂၅ နှစ်တာဂန်ထမ်းဆောင်ခဲ့တယ်။ ကျွန်တော်ပြောပါတယ် လူကြီးတွေကို ယိုးဒယားက jasmine ဆန်စိုက်နေပြီ။ ကျွန်တော်တို့ကို ပြောင်းပါဆိုပြီး..အဲဒီအချိန်မှာ ဘာပြဿနာရှိလဲဆိုရင် ကျွန်တော်တို့ တိုင်းပြည်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်နေတော့ quality drive မသုံးဘူးခင်ဗျ။ quantity drive ပဲသုံးတော့ အရည်အသွေးညံ့တဲ့ စပါးတွေ၊ အရည်အသွေး ညံ့တဲ့ စက်တွေနှင့် ယိုးဒယားကို ဘယ်လိုမှ မယှဉ်နိုင်ဘူး ။ အဲဒီထက်ပိုဆိုးတာက မနေ့တစ်နေ့ ကမှ မြေကြွင်းတွေနဲ့လုပ်တဲ့ ဗီယက်နမ်ကတောင် ကျွန်တော်တို့ထက် ဆန်စပါးလောကကို ထိုးဖောက်သွားတဲ့ အတွက် ကျွန်တော်တို့အနေနှင့် ကြိုးစားဆောင်ရွက်ဖို့က တော်တော်လေးလုပ်ဖို့လိုအပ်ပါတယ်။ နောက် နယ်စပ်ကုန်သွယ်ရေး နှင့် ဈေးကွက်တည်ငြိမ်ရေး ...ဒါကလည်း ကျွန်တော်တို့က အများဆုံးက တရုတ်ကို ပို့တဲ့အတွက် နယ်စပ်ကုန်သွယ်ရေးမှာ ယိုးဒယားကို ပို့တဲ့ကုန်သွယ်ရေးမှာ အားနည်းနေတာတွေအများကြီး ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီက ပို့တဲ့ပစ္စည်းကျတော့လျှော့ဈေးပေးဂယ်တယ်။ ကျွန်တော်တို့က

သူတို့ပစ္စည်းကျတော့ ဒေါ်လာဈေးပေးရတယ်။ အဲလိုပေါ့နော် စီးပွားရေး အနိမ့်ခံရတာပေါ့။ ဒါလည်း အင်အားကြီးတဲ့ လူက စီးပွားရေးမှာ သရေပွဲဆိုတာမရှိဘူး။ နိုင်ရင်နိုင်မယ် မနိုင်ရင်ရှုံးမယ်။ အဲဒီ ရှုံးရင်တော့ ကျဆုံးမှာပဲ။ အဲဒီတော့ ကျွန်တော်တို့က မကျဆုံးအောင် နောက်ဆုံးအဆင့်မှာ ဘယ်လိုကာကွယ်မည် လည်း၊ ဘယ်လိုပူးပေါင်းမည်လည်း၊ ဘယ်လို သတ္တိရှိရှိနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံမည်လည်း အနစ်နာခံဖို့ တော့လိုအပ်မည်ထင်ပါတယ်။ ဟာ ငါ့စည်းစိမ်လေး ပြုတ်သွားမှာကြောက်လို့ဆိုတဲ့ စိတ်မျိုးထားလို့ကတော့ နိုင်ငံတကာကို ထိုးဖောက်ဝင်ရောက်ဖို့က အင်မတန် ခက်ခဲမှာဖြစ်ပါတယ်။ အသင်းအဖွဲ့ဈေးငွေများဆိုတော့ လယ်သမားတွေက ကြွေးပတ်လည်ပိုင်းနေတော့ ဒီနေ့ကြွေးကလည်း မကြေ ၊ နောက်နေ့ကြွေးကလည်း မကြေဆိုတော့ နှစ်ရှည်အကြွေးလေးတွေကို ကြေအောင်ဆပ်ပြီးတော့ ဆောင်ရွက်ပေးနိုင်မှသာ လယ်ယာ လုပ်ငန်းတွေ ဖွံ့ဖြိုးမယ် ကျွန်တော်တို့ ပဲနှမ်းပြောင်း လယ်ယာလုပ်ငန်းတွေဟာ တစ်နေ့တခြား တိုးတတ် လာပြီး လယ်သမားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတတ်လာမှာ ဖြစ်ပါကြောင်းတင်ပြရင်နှင့် နိဂုံးချုပ်ပါ တယ်ခင်ဗျာ။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်ဦး**

ကျေးဇူးအများကြီးတင်ပါတယ်ဆရာ။ ဆရာဖြေသွားတဲ့အဖြေကလည်း အုပ်စု (၁)က ပြောသွားတဲ့ အတိုင်းပါပဲ။ မတ်ပဲကို ဆက်မစိုက်သင့်ဘူး။ ရွေးချယ်တာကလည်း ပဲတီစိမ်းနှင့် နှမ်းပါးနှင့် ..ဖြစ်နိုင်ရင်တော့ အစေ့ထုတ်ပြောင်း။ ပြီးရင်လည်း ဆရာက ကျွန်တော်တို့ လက်ရှိ ကြုံတွေ့နေရတဲ့ ရေရှည်သွားမည့် အစီ အစဉ်ကိုရော အကျယ်တဝင့် ဆွေးနွေးပြသွားပါတယ်။ အဲတော့ ကျွန်တော်တို့ နည်းနည်းလေးလည်းအချိန် လင့်တော့ နောက်ဆွေးနွေးမည့်သူတွေကိုလည်း ကျွန်တော်တို့ဖြစ်နိုင်ရင် ၁၀ မိနစ်ပေါ့နော် အချိန်အတွင်းမှာ နည်းနည်းလေး ထိထိရောက်ရောက်လေးဆွေးနွေးပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ အဲတော့ ကျွန်တော်တို့ အခု အုပ်စု (၃) ခင်ဗျ။ အုပ်စု (၃)က မတ်ပဲပါပဲ ပဲခူးအနောက်ဖြစ်ပါတယ် ခင်ဗျ။ ပဲခူးအနောက်က မတ်ပဲပါ။ ဆရာ့ရဲ့အမည်လေးနှင့် ဆရာ့အုပ်စုရဲ့ဆွေးနွေးချက်လေး တင်ပြပေးပါ။

❑ ❑ ❑

# မတ်ပဲ အစုအဖွဲ့ (ပဲခူးတိုင်း–အနောက်) ပါဝင်ဆွေးနွေးသူများအမည်စာရင်း

<u>မတ်ပဲ ပဲခူးတိုင်း (အနောက်)</u> စားပွဲဝိုင်း (၃)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးအောင်နိုင်ဦး | ပြည် | ပဲခူး(အနောက်) |
| ၂ | ဦးကျော်လွင် | ပေါက်ခေါင်း | ပဲခူး(အနောက်) |
| ၃ | ဦးစိုးဟင်း | ပေါင်းတည် | ပဲခူး(အနောက်) |
| ၄ | ဦးအောင်သူဖြိုး | ပေါင်းတည် | ပဲခူး(အနောက်) |
| ၅ | ဦးအေးကြိုင် | သာယာဝတီ | ပဲခူး(အနောက်) |
| ၆ | ဦးသက်လွင် | မင်းလှ | ပဲခူး(အနောက်) |
| ၇ | ဦးဟင်းဘို | အုတ်ဖို | ပဲခူး(အနောက်) |
| ၈ | ဦးအေးလွင် | နတ္တလင်း | ပဲခူး(အနောက်) |
| ၉ | ဦးမျိုးလွင် | ကြို့ပင်ကောက် | ပဲခူး(အနောက်) |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးမင်းကိုဦး | အတွင်းရေးမှူး | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးတင်စိုး | အတွင်းရေးမှူး | ပဲခူးတိုင်းဒေသကြီး(အရှေ့) |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဦးမင်းသန့် | တွဲဖက်ဘဏ္ဍာရေးမှူး | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးခင်မောင်စိုး | ဥက္ကဋ္ဌ | ကြို့ပင်ကောက်ကုန်စည်ဒိုင် |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးငွေအောင် | ဒုတိယညွှန်ကြားရေးမှူး | ပဲခူးတိုင်းဒေသကြီး |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးဇော်လင်း | ဒုတိယတိုင်းဦးစီးမှူး | ရန်ကုန်တိုင်းဒေသကြီး |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဒေါ်နိုင်ဂါစိုး | Research Associate | |
| ၂ | ဒေါ်နိုင်မြတ်သွယ် | Office Assistant | |
| | **စုစုပေါင်း** | ၁၇ | ဦး |



# မတ်ပဲအစုအဖွဲ့(ပဲခူးတိုင်းအနောက်) စားပွဲဝိုင်း (၃) မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

ကြွရောက်လာတဲ့ တာဝန်ရှိ အစိုးရအဖွဲ့ဝင်များနှင့် ကြွရောက်လာတဲ့ လူကြီးမင်းများအားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေလို့ ဦးစွာ ပထမ ဆန္ဒပြုပါတယ်။ ကျွန်တော်က ပဲခူး အနောက်က ပြည်ကနေပြီးတော့ လာရောက် ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရှေ့ကလည်း ပြည့် ပြည့်စုံစုံပြောသွားတဲ့အတွက် ကျွန်တော်တို့ နည်းနည်းပဲဆွေးနွေးပါဖြစ်ပါတယ်။ အဲဒီတော့ အဓိကအ ကြောင်းပဲ ကျွန်တော်တို့ ဆွေးနွေးပါမယ်။ ကျွန်တော်တို့ စိတ်ပျိုးရေးနှင့် ပက်သက်လို့ ဒီလုပ်ငန်းကြီးတစ်ခု လုံး ဖွံ့ ဖြိုးဖို့ အတွက်ကို ကျွန်တော်တို့ ရဲ့ အမြင်လေး ၊ ကျွန်တော်တို့ စကားဝိုင်းရဲ့ အမြင်လေးကိုပဲ တင်ပြမှာ ဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့ က ဒီလုပ်ငန်းတစ်ခုလုံးအောင်မြင်ဖို့ အတွက်ကို စိုက်ပျိုးရေး ဝန်ကြီးဌာန တစ်ခုတည်းနှင့်တော့ အဆင်မပြေနိုင်ပါဘူးလို့ မြင်ပါတယ်။ ဒီ စက်မှုလယ်ယာ နောက်ပြီးတော့ စိုက်ပျိုးရေး ပြီးတော့ ဆည်မြောင်း စိုက်ပျိုးရေးအောက်ပဲဖြစ်ပါတယ်။ အဲဒီဌာန အနည်းဆုံး စီးပွားကူးသန်းနှင့် အဲလိုမျိုး ဌာန လေးခုလောက် ပေါင်းပြီးတော့ ဆောင်ရွက်မှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ တောင်သူတွေမှာ ဒါ ထွန်ယက်စိုက်ပျိုးဖို့ အတွက် စက်ကရိယာကလည်း အင်မတန် ပေါ်များတဲ့ ဒေသ သိပ်မရှိသလောက် ဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့က စက်မှု လယ်ယာကိုပြောင်းမည့် အရှိန်အ

ဟုန်နှင့် ပြောင်းမည့် အချိန်မှာ ကျွန်တော်တို့ စက်မှုလယ်ယာက ကျွန်တော်တို့ နိုင်ငံရဲ့ စက်မှုလယ်ယာက စက်တွေထုတ်ထားတာကတော့ စက်မှုလယ်ယာထဲမှာ မြို့တိုင်းမှာအများကြီးတွေ့ပါတယ်။ ဒါပေမယ့် ဘယ်နေရာမှာသုံးနေသလည်းတော့ ကျွန်တော်တို့ ဒီနေ့အထိ မသိတာ ကျွန်တော်တို့ညံ့နေသလားတော့ မသိပါဘူး။ အဲတော့ စက်မှုလယ်ယာက စက်တွေလည်း ကျွန်တော်တို့ လယ်သမားတွေနှင့် ချိတ်ဆက်ပြီးတော့ သုံးခွင့်ရအောင် အစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များအနေနှင့် ကျွန်တော်တို့ ကို စီစဉ်ဆောင်ရွက်ပေးစေလိုပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ စကားဝိုင်းမှာ မတ်ပဲစိုက်သင့်သလား မစိုက်သင့်ဘူးလား ပြောတဲ့အခါမှာ လေးပုံတစ်ပုံလောက်တော့ စိုက်သင့်တယ်ဆိုတဲ့ ဆွေးနွေးချက်ကို ဝိုင်းပြီးဆွေးနွေးကြပါတယ်။ ဒါပေမယ့် တကယ်တမ်းကတော့ မစိုက်သင့်တော့ပါဘူး။ ဒါပေမယ့် လေးပုံတစ်ပုံစိုက်သင့်တာက မျိုးလက်ကျန်ရှိနေတာရယ်၊ နောက်သီးနှံတစ်ခုကို ပြောင်းလဲစိုက်ပျိုးဖို့ ခက်ခဲနေတာရယ်ကြောင့်၊ လေးပုံတစ်ပုံလောက် စိုက်သင့်တယ်ဆိုတဲ့အဖြေလေးလာပြီးတော့ အရိပ်အရောင်တွေ့ရတယ်။ အဲတော့ ကျွန်တော်တို့က မတ်ပဲမစိုက်သင့်ပါဘူး။ ဒါပေမယ့် ခုနတုန်းက ရှေ့က ကျွန်တော်တို့ရဲ့ အန်ကယ်တွေပြောသွားသလိုပါပဲ။ ကျွန်တော်တို့ ဒီအစည်းအဝေးကနေပြန်သွားရင် ကျွန်တော်တို့ တစ်မြို့နယ်ကို ကျွန်တော်တို့က တစ်ယောက်တတ်လာတယ်။ ကျွန်တော်တို့ တတ်လာပြီးတော့ ပြန်သွားရင် အစည်းအဝေးက ဘာစိုက်သင့်တယ်ပြောသလည်း၊ တို့ဘာစိုက်ရမှာလည်းလို့ ဆင်းမေးမည့် အကြံညဏ်ယူမည့် တောင်သူတွေက စောင့်နေတယ်။ အဲတော့ ကျွန်တော်တို့ တောင်သူတွေက အခုက ဘာစိုက်ရမှန်းကို မသိတော့ဘူး။ သွေးပျက်နေတဲ့ အနေအထားရှိပါတယ်။ ဘာစိုက်စိုက်ရှုံးနေပါတယ်။ ကျွန်တော်တို့ မနှစ်တုန်းက မတ်ပဲ တစ်ဂက်စိုက်ပြီးတော့ တစ်ဂက်ကိုတော့ ကျွန်တော်တို့ ဖရဲနှင့် ဖူးစားပြောင်းစိုက်မည်ဆိုပြီး စိုက်ပါတယ်။ အစားထိုးသီးနှံ ဖရဲ က တရုတ်ကလည်း မဝယ်ဘူး ရှုံးသွားတယ် ကျွန်တော်တို့။ မတ်ပဲရှုံးတာထက် ပြီးခဲ့တဲ့နှစ်က ဖရဲလည်း ရှုံးခဲ့ပါတယ်။ အဲတော့ ကျွန်တော်တို့က ပြောင်းကိုစိုက်တော့လည်း။ ပြောင်းက တစ်ပြိုင်နက်ပေါ်တဲ့အတွက် ဖူးစားပြောင်းက ဈေးနှုန်းကျပြီးတော့ ရှုံးသွားပါတယ်။ အဲတော့ ကျွန်တော်တို့က ဒီကနေပြန်သွားရင် ဘာစိုက်သင့်တယ်ဆိုတာကို ကျွန်တော်တို့ အခြေခံဈေးနှုန်းလေးတစ်ခုပေါ်မှာ မူတည်တာရယ် နောက် ဈေးကွက်တစ်ကယ်ရှိတယ်မရှိဘူးဆိုတာရယ်ကို တိတိကျကျ ဒီကနေ အဖြေပေးလိုက်မှသာလျှင် ကျွန်တော်တို့မှာ ဘာစိုက်သင့်တယ်ဆိုတာကို ဝိုင်းဝန်းဆွေးနွေးပြီးတော့ အဖြေရှာလို့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်မြို့နယ်သည် မြောက်တစ်ကွင်း တောင်တစ်ကွင်း ဆည်ရေသောက် ဧရိယာဖြစ်တဲ့အတွက် မိုးစပေါ်း ဧရိယာ ၇ သောင်းလောက်စိုက်ပါတယ်။ နွေစပါးကတော့ ပြီးခဲ့တဲ့နှစ်က ၁ သောင်းခွဲလောက်ပဲ စိုက်နိုင်ပါတယ်။ ၁ သောင်းခွဲတောင် မပြည့်ဘူးထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြောင်းတွေကို ဆည်မြောင်းက ခု ပြင်နေတဲ့အတွက် ဆည်ရည်ကို ဒီထက် ဆည်မြောင်းဝန်ကြီးဌာနက ပိုပေးနိုင်မည်ဆိုလျှင် ကျွန်တော်တို့ တောင်သူတွေ

၈၀%လောက်သည် နွေစပါးကို ပိုပြီးတော့ အားထားပြီးစိုက်ချင်ပါတယ်။ ဒါဆည်ရေသောက် ဧရိယာ။ အဲတော့ ဆည်ရေသောက်ဧရိယာမဟုတ်တဲ့နေရာတွေမှာတော့ ကျွန်တော်တို့ လာမည့် ၂၀၁၈-၁၉ မှာ ကြံစိုက်ဖို့ ကျွန်တော်တို့ ရည်ရွယ်ချက်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နဂဒေးသကြားစက် ကနေပြီးတော့ ခုနပြောတဲ့ ကြံစိုက်သင့်တဲ့ တစ်ဧကကို ၅ သိန်းခန့် ကြိုတင်ငွေထုတ်ချေးပြီးတော့ တောင်သူနှင့် ပူးပေါင်းဆောင်ရွက်မည်လို့ ပြောလာတဲ့အတွက် ကြံစိုက်ဖို့ ကို ကျွန်တော်တို့ မြို့နယ်အနေနှင့် အားသန်တဲ့အနေအထားမှာရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ဒီ အစိုးရဘက်ကလည်းပဲ ခုန ကျွန်တော်ပြောသလိုပေါ့ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်သလို ကျွန်တော်တို့ တောင်သူဘက်ကလည်း နည်းပညာတွေအများကြီး လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ တောင်သူတွေတော်တော်များများက ကျွန်တော်တို့ ဒီတောင်သူတွေမှာ လုပ်သားရှားပါးမှု ပြဿနာလည်း ဒုတိယပြဿနာဖြစ်ပါတယ်။ ကျွန်တော်တို့ မှာက စက်ယန္တရားတွေကလည်း မရှိတော့ လုပ်သားရှားပါးမှုဟာ ကျွန်တော်တို့ လယ်ယာလုပ်ငန်းအတွက် များစွာ အခက်အခဲရှိပါတယ်။ ကျွန်တော်ဆိုရင် ပြည်မြို့နယ်မှာ မျိုးစပါးထုတ်ပါတယ်။ ကျွန်တော်တို့ မျိုးစပါး ဧက ၃၀ ထုတ်တယ်။ ပြီးတော့ သီးခြားစပါးက ဧက ၇၀ ကျွန်တော်အပေါင်း ဧက ၁၀၀ စိုက်ပါတယ်။ ကြံက ဧက ၅၀ စိုက်ပါတယ်။ အန်ကယ်တို့ ပြောတဲ့ ကျွန်းဆိုရင်လည်း ကျွန်တော်တို့ အပင် ၂ သောင်းလောက် စိုက်ပြီးသားရှိပါတယ်။ နှစ်နှစ်သားလောက်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မှာ ဘာဖြစ်နေလည်းဆိုတော့ အဲဒီ လုပ်သားအဆင်မပြေမှုကြောင့် စိုက်လိုက်တဲ့သီးနှံတိုင်းဟာ မနိုင်မနင်းနှင့် ကြုံတွေ့နေရပါတယ်။ အဲဒီရွာတွေမှာရှိနေတဲ့ လုပ်သားတွေအကုန်လုံးက ထိုင်း နှင့် မလေးမှာ အကုန်လုံးရောက်နေပါတယ်။ ဒီမှာက သုံးစားမရတဲ့ အရက်ကျိုးနေတဲ့လူနှင့် သက်ကြီးရွယ်အိုလောက်ပဲကျန်တော့တဲ့အတွက် အဲဒီဥစ္စာကလည်း ကျွန်တော်တို့ နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးနေတဲ့အပိုင်းကို တွေ့ရပါတယ်။ ဘာကြောင့် ဒီလိုရောက်သွားသလည်း လယ်သမား သားသမီးတွေ လယ်ယာမရှိတော့လို့ ရောက်တာပါ။ ကျွန်တော်တို့က လယ်ယာမရှိတော့လို့ ဆင်းရဲသွားတာပါ။ လုပ်စားစရာ လယ်ကို နည်းလာတာ ၊လယ်လုပ်ချင်စိတ်တွေလည်း ကုန်ခမ်းလာတယ်။ ဘာလုပ်လုပ်ရှုံးနေတဲ့ခေတ်မှာ ဘာလုပ်စားရမှန်းမသိတော့လို့ တိုင်းတပါးကို သွားပြီး ကျွန်ခံနေရတဲ့ အဆင့်ဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့ ဒီသီးနှံတွေကို ကြံစိုက်ပျိုးသလိုမျိုး contract farming လေးနှင့် ကျွန်တော်တို့ တခြားသီးနှံတွေကိုရော နိုင်ငံတော်အစိုးရနှင့် ကုမ္ပဏီကြီးများနှင့် ကုန်သည်ကြီးများအသင်းက ပံ့ပိုးကူညီနိုင်မလား။ ဒါလေးကိုလည်းပဲ စဉ်းစားဆောင်ရွက်ပေးစေလိုပါတယ်။ ခုနနောက်ဆုံးပိတ် အန်ကယ်တို့ ပြောသွားသလို ချေးငွေဆိုတာ တကယ်လိုအပ်ပါတယ်။ ကျွန်တော်တို့က အခု ဘဏ်က ထုတ်ချေးနေတဲ့ စိုက်ပျိုးစားရိတ်ချေးငွေ ၁ သိန်းခွဲ တစ်ကယ်စိုက်ကြည့်တဲ့အခါမှာ မလောက်ပါဘူး။ ဒါပေမဲ့လို့ ဘဏ်ကနေပြီးတော့ ဘတ်ဂျက်နောက်ကျနေခြင်းကြောင့် ဘတ်ဂျက်နောက်ကျနေလို့ဆိုပြီး ဘတ်ဂျက်နောက်ကျခြင်းသည် ကျွန်တော်တို့ တောင်သူတွေအတွက် စိုက်ပျိုးစားရိတ်ချေးငွေနောက်ကျနေခြင်းသည် အတိုးနှစ်ခါ သုံးခါပေးရတဲ့ ဘဝနှင့် ရင်ဆိုင်နေရပါတယ်။ ဘာလို့ လဲဆိုတော့ လယ်က ၆ လပိုင်း ၇လပိုင်းအထိစိုက်နေရပါတယ်။ စိုက်ဘဏ်က ၈ လပိုင်းအထိ ဘဏ်ထုတ်လို့ မပြီးပါဘူး။ အဲတော့ ကျွန်တော်တို့က လယ်သမား အများစုသည် ဘဏ်ကရရင်ပေးမည်ဆိုပြီးတော့ အပြင်ကနေ ၅ ကျပ်တိုး ၆ ကျပ်တိုးနှင့် ယူပြီးတော့ ကျွန်တော်တို့ လယ်စားရိတ်ကိုသွင်းရပါတယ်။ ပြီးတော့ ဘဏ်ကနေပြီး

တော့ ပိုက်ဆံလေးရတဲ့နေ့ ကျတော့ ကျွန်တော်တို့ က အပြင်ယူထားတဲ့အတိုးနှင့် ဘဏ်ကချေးထားတဲ့ဟာနှင့် ပေးလိုက်ရပါတယ်။ ခဏလေးပါ ကျွန်တော်တို့ ကို အတိုးနှစ်ကြိမ်ပေးလိုက်ရပါတယ်။ ပြီးတော့ စပါးက ပေါ်ရုံပဲရှိသေးတယ် ဘဏ်ကပြန်စိုက်တော့ ၈ လပိုင်းမှ နောက်ဆုံးရတဲ့သူကလည်း ၁၂ လပိုင်းမှာ နီးတစ်စာ ရောက်လာတယ်။ စပါးက မပေါ့်တစ်ပေါ် အဲတော့ သီးနှံကို ကပျာကရာ ရိတ်ပြီး တော့ ကောက်ဘူးလေးကို ရတဲ့ဈေးနှင့် ဘဏ်ဆပ်ဖို့ ရောင်းရတယ်။ အဲလိုမှ ရောင်းစရာကို မပေါ်သေးဘူးဆို နောက်တစ်ကြိမ်ငွေထပ် ချေးပြီးတော့ အတိုးနှင့် ပေးရပါတယ်။ အဲလို ထပ်ချေးရရင် သုံးကြိမ် အတိုးပေးရင်းနှင့် ကျွန်တော်တို့ တောင်သူတွေ ရှာလည်နေတာ နှစ်ပေါင်းအများကြီး ကြာခဲ့ပါပြီ။

အဲတော့ ဒီမှာ နိဂုံးချုပ်အနေနှင့် ပြောရရင် ကျွန်တော်တို့ ရဲ့ သီးနှံကိုလည်း quality ခွဲခြားပြီးတော့ ဝယ်ဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ဘယ်လောက်ပဲ JV စနစ်တွေနှင့် ဘယ်လောက်ပဲကောင်းအောင် စိုက်စိုက် စပါးဈေးသည် ၅ သိန်းဆိုရင် ၅ သိန်းပါပဲ။ ဒီစပါးက ပိုကောင်းလို့ ပိုပေးတယ်ဆိုတာလည်းမရှိပါဘူး။ အဲတော့ ကျွန်တော်တို့ တောင်သူတွေ ဖြစ်သလို စိုက်လာတဲ့ခေတ်ဖြစ်လာပါတယ်။ ဒါက ကျွန်တော်တို့ ရဲ့ ဝယ်ယူရေးစနစ်ရဲ့ အားနည်းချက် အဲတော့ ကျွန်တော်တို့ က အရည်အသွေးကောင်းရင် ကောင်းသလို မကောင်းရင်မကောင်းသလို ခွဲခြားဝယ်ယူလိုတဲ့စနစ်ကိုလည်း ကုန်သည်ကြီးများအသင်းအနေနှင့် ကျင့်သုံး ပေးမည်ဆိုလျှင် ကျွန်တော်တို့ တောင်သူတွေ မျိုးကောင်းမျိုးသန့် ကိုရှာပြီးတော့ စိုက်တဲ့ ခလေ့တွေ good agriculture လို့ ခေါ်တဲ့ JV စနစ်နှင့် နည်းပညာမြင့်မြင့်တွေနှင့် စိုက်တဲ့စနစ်တွေ ပေါ်လာမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နှင့် အိမ်နီးချင်း နိုင်ငံတွေဖြစ်တဲ့ ထိုင်းတို့ ဗီယက်နမ်တို့ တရုတ်တို့ စင်္ကာပူတို့ ဟောင်ကောင်တို့ အဲဒီနိုင်ငံတွေကို ကျွန်တော်တို့ လေးခါ ငါးခါလောက် ရောက်ဖူးပါတယ်။ အဲဒီနိုင်ငံရဲ့ စိုက်ပျိုးရေးကို အင်မတန်လည်း အားကျပါတယ်။ အဲဒီနိုင်ငံတွေရဲ့ တောင်သူတွေကို အားကျပြီးတော့ ကျွန်တော်တို့ဆီက တောင်သူတွေကို ကြည့်ပြီးတော့ စိတ်ဓာတ်က အောက်ဆုံးကို ရောက်နေတဲ့အဆင့်ဖြစ် နေတဲ့အတွက် အဲဒီတောင်သူတွေနှင့်အမီ ကျွန်တော်တို့ တောင်သူတွေလည်းလုပ်နိုင်ပါတယ်။ နည်းပညာ လိုအပ်ချက်တွေကိုလည်း စိုက်ပျိုးရေးဝန်ကြီးဌာနအနေနှင့် အချိန်နှင့် တစ်ပြေးညီ ပေးနိုင်အောင် တောင်သူ တွေကို ဆောင်ရွက်ပေးစေလိုပါတယ်။ အဲတော့ နိဂုံးချုပ်အနေနှင့်ပြောရရင်တော့ ကျွန်တော်တို့ရဲ့ ဒီလို ပြောခွင့်ရအောင်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများနှင့် ဒီနေ့နိုင်ငံကိုဦးဆောင်နေတဲ့ အစိုးရ အဖွဲ့အစည်းများအားလုံး၊ ကြီးမှူးကျင်းပပေးတဲ့ ကုန်သည်ကြီးများအသင်းနှင့် ကျွန်တော်တို့ ရဲ့ နည်းပညာ ဆိုင်ရာတွေ ပို့ချပေးတဲ့ဆရာတွေ အားလုံး အချိန်နှင့်တပြေးညီ မအားတဲ့ကြားထဲကနေ ခုလို လာရောက်

ဆွေးနွေးပေးတဲ့ တောင်သူတွေရော ဌာနဆိုင်ရာ ဝန်ထမ်းများကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားရင်းနှင့် နိဂုံးချုပ်ပါတယ်။

ဒေါက်တာဇော်ဦး

ကျေးဇူးအများကြီးတင်ပါတယ် ဆရာ။ ဆရာပြောသွားတာလည်း မတ်ပဲမစိုက်ဖို့ပဲပေါ့နော်။ သို့သော် လေးပုံတစ်ပုံကတော့ စိုက်ဖို့။ ဘာကြောင့်လည်းဆိုတော့ မျိုးကလည်းရှိနေတယ်။ တခြားသီးနှံအစားထိုးစိုက်ဖို့က ပဲခူးအနောက်မှာ အတော်ကို မလွယ်ဖြစ်နေတယ်။ ဆည်ရေသောက်လည်းလိုတယ်၊ မျိုးလည်း လိုတယ်ဆိုတဲ့ အခြေအနေလေးတွေပေါ့နော်။ ဒီဟာလည်း စိုက်ပျိုးရေးဦးစီးဌာနကလည်း တတ်နိုင် သလောက် ကူညီဖြေရှင်းပေးဖို့ ညွှန်ချုပ်ကြီးကိုယ်တိုင် ရှိနေပါတယ်ခင်ဗျ။ အဓိက ဆရာပြောသွားတဲ့အထဲမှာလည်း အင်မတန်မှ မှတ်သားစရာကောင်းတဲ့ ကိစ္စက ကျွန်တော်တို့ အာရုံစိုက်သင့်တဲ့ဟာက အရည်အသွေးကို မြှင့်တင်တဲ့ ကိစ္စ။ အဲဒီတော့ အရည်အသွေးကို မြှင့်တင်တယ်ဆိုရင် ကျွန်တော်တို့ ပြောနေကြတာက နိုင်ငံတကာ စံကိုပဲ အမြဲတမ်းမှီငြိမ်းပြီးပြောနေရတယ်။ သို့သော် နိုင်ငံတကာစံကိုလည်း လုပ်ရင်းနဲ့ ကိုယ့်ပြည်တွင်းထဲမှာလည်း ဟိုးကျေးလက်ကအစ အဝယ်တော်တွေ အဆင့်မှာကိုက ဒီကုန်စည်ဒိုင်တွေ ကိုယ်တိုင်က ကိုယ့်စံနဲ့ကိုယ် ပိုပြီးကောင်းတဲ့ စံကို ကိုယ်ကဦးစားပေးပြီး ဈေးတစ်မျိုးနဲ့ ကောင်းတဲ့ဈေးနဲ့ ဝယ်မယ်ဆိုတဲ့ ကိစ္စလေးဟာ အင်မတန်မှ ကျွန်တော်တို့ တစ်နိုင်တစ်ပိုင်လုပ်သင့်တဲ့ ကိစ္စပါ။ ဘာကြောင့်လဲဆိုတော့ အခြေခံဈေးနှုန်းနဲ့ အစိုးရက ဝယ်ပေးဖို့ ဆိုတဲ့ဟာက ဈေးကျတဲ့အချိန်ကျရင် အမြဲတမ်းပြောလေ့ရှိပါတယ်။ အဲဒီတော့ ကျွန်တော်အဲဒီတုန်းကလည်း တင်ပြခဲ့တာက အဲဒီလိုဟာမျိုး အစိုးရက ဝယ်ပေးတော့မယ်ဆိုရင် ဈေးတက်လို့ မကောင်းတဲ့ကုန်ကို ကျားကန်ပြီး ဝယ်ပေးရတာထက် ဈေးကွက်ဝင်နိုင်မယ့် ကောင်းမယ့်ကုန်ကို ထုတ်တဲ့ ကိစ္စကို အခြေခံဈေးနှုန်းသတ်မှတ်ပြီး ဝယ်ပေးရတဲ့ကိစ္စက ကျွန်တော်တို့ အတွက်က တောင်သူအတွက်လည်း ဈေးနှုန်းအားဖြင့် အာမခံလည်းရှိသလို ကျွန်တော်တို့ တကယ်ရေရှည် လုပ်ရမယ့် အရည်အသွေးမြင့်မားရေးဆိုတဲ့ဟာကိုပါ တစ်ပါတည်းဖြစ်သွားတဲ့အတွက်ကြောင့် နိုင်ငံတော် ဘက်ကလည်းဒါ ပြီးခဲ့တဲ့ ကာလတုန်းက ကျွန်တော်တို့ တင်ပြခဲ့တဲ့ အကြံပြုချက်မှာလည်း ပါပါတယ်။ ဒါ အခြေခံအမြင်နဲ့လည်း တင်ပြသွားတာဖြစ်တဲ့အတွက် အင်မတန် တန်ဖိုးရှိပါတယ်ခင်ဗျ။

အဲဒီ အုပ်စု (၄) က မတ်ပဲ ပဲ ဆွေးနွေးမှာဖြစ်ပါတယ်။ နေပြည်တော်ကပါ ခင်ဗျ။ အုပ်စု (၄) နောက်မှာ ရှိနေပါတယ်။

❑ ❑ ❑

# မတ်ပဲ အစုအဖွဲ့ (နေပြည်တော်) ပါဝင်ဆွေးနွေးသူများအမည်စာရင်း

မတ်ပဲ (နေပြည်တော်) စားပွဲဝိုင်း (၄)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးဂင်းဇော်အေး | ပျဉ်းမနား | နေပြည်တော် |
| ၂ | ဦးမြင့်လွင်ဦး | ပျဉ်းမနား | နေပြည်တော် |
| | | | |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးကြည်လွင် | တွဲဖက်စာရင်းစစ် | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးကျော်ခိုင်မြင့် | အတွင်းရေးမှူး | မွန်ပြည်နယ် |
| | | | |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဦးစိုးမြ | တွဲဖက်စာရင်းစစ် (၁) | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးမောင်လွင် | အလုပ်အမှုဆောင် | မိတ္ထီလာကုန်စည်ဒိုင် |
| | | | |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးကိုကိုဦး | ဒုတိယညွှန်ကြားရေးမှူး | နေပြည်တော် |
| | | | |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးဂင်းဦး | တိုင်းဒေသကြီးဦးစီးမှူး | နေပြည်တော် |
| | | | |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဦးဇင်ဂေအောင် | Research Associate | |
| ၂ | ဒေါ်အေးပပစိုး | Project Admin Officer | |
| | **စုစုပေါင်း** | ၁၀ | ဦး |



## မတ်ပဲအစုအဖွဲ့(နေပြည်တော်) စားပွဲဝိုင်း(၄)မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ နေပြည်တော်ရဲ့ ကိုယ်စားလှယ်အနေနဲ့ လက်ရှိကျွန်တော်တို့ အစားထိုးသီးနှံ မတ်ပဲနဲ့ပတ်သက်လို့ အစားထိုးသီးနှံ စိုက်သင့် မစိုက်သင့်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့အဖွဲ့ ရဲ့ ဆွေးနွေးချက်မှာ နောက်ဆုံးရယူတဲ့အချက်ကတော့ ကျွန်တော်တို့ နေပြည်တော် ဇရိယာအနေနဲ့ကတော့ မတ်ပဲကို အားလုံးမစိုက်တာမျိုး မဟုတ်ဘဲနဲ့ ရာခိုင်နှုန်း ၅၀ နီးပါးလောက်ကို၊ အထွက်နှုန်း ၂၅ တင်းအထက် ကို ရှိနေသေးတဲ့ ဒေသတွေမှာ မတ်ပဲစိုက်ဖို့ ဆုံးဖြတ်ပါတယ်။ ကျန်တဲ့ဒေသတွေမှာ ကျွန်တော်တို့ အစားထိုး သီးနှံဖြစ်တဲ့ ဆီထွက်ပဲပုပ်နဲ့ အစေ့ထုတ်ပြောင်း အစားထိုးသီးနှံအနေနဲ့စိုက်ဖို့ ကျွန်တော်တို့ လျာထားပါ တယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာက ဘယ်သီးနှံစိုက်စိုက် တောင်သူက ဈေးကောင်းပြီးဆိုရင် အားလုံး နောက်က လိုက်စိုက်တဲ့အခါမှာ အဓိက ပြဿနာက ဘာလဲဆိုတော့ စိုက်သမျှရောင်းလို့ရအောင် ဘယ်သူမှ အာမခံထားတာမျိုး ကျွန်တော်တို့နိုင်ငံမှာ မရှိပါဘူး။ အဲဒီတော့ ဘာဖြစ်သလဲဆိုတော့ တောင်သူဘက်မှာက လည်း သူများစိုက်လို့စိုက်တယ်။ Quality ဆိုတာ ဘာမှန်းမသိဘူး။ ပွဲရုံကို သွားရောင်းတဲ့အခါမှာ တစ်ရုံတစ် ရုံမှာ အလေးချိန်စီးပိုးဖို့ ဖုံ၊ သလဲ၊ ခဲ ထည့်ရောင်းတာကအစရှိတယ်။ အဲဒီအခါကျရင် ကုန်သည်ကလည်း ဘာလုပ်သလဲဆိုတော့ ကုန်သည်က စစ်လိုက်တဲ့အချိန်မှာ အစိတ်သားလျှော့မှာကို ငါးဆယ်သား ဖြတ်ချတာ မျိုးတွေ။ ဒါက တောင်သူနဲ့ ကုန်သည်ကြားမှာ ဖြစ်နေတဲ့ ပဋိပက္ခ။ အဲဒီတော့ ကျွန်တော်တို့က ဘာလိုအပ်

သလဲဆိုတော့ တောင်သူနဲ့ ဂယ်လက်ကြားမှာ Quality ကို Control လုပ်မှာ Third Party မျိုး ကျွန်တော်တို့ ရှိသင့်တယ်။ Quality ကို Test လုပ်ပေးမယ်။ နောက်တစ်ခု ကျွန်တော်တို့မှာ တောင်သူက ဘာစိုက်စိုက် စိုက်ချင်သလိုစိုက်တယ်။ စိုက်ချင်တဲ့အချိန်မှာ စိုက်တယ်။ စိုက်ချင်တဲ့ သီးနှံကိုစိုက်တယ်။ ပြီးတော့ ဘာ အာမခံချက်မှ ကျွန်တော်တို့ မရှိခဲ့ဘူး။ အဲဒီတော့ ဈေးကွက် အာမခံချက်ရှိဖို့ကို ကျွန်တော်တို့ ဘာတွေ လိုအပ်သလဲဆိုတော့ ကျွန်တော်တို့ မတ်ပဲစိုက်ခဲ့တယ်။ ဆယ်စုနှစ်တစ်ခုကျော်ပြီ။ ဖြစ်သလိုစိုက်တယ်။ စိုက်သလို ထွက်ခဲ့တယ်။ ရွှေခေတ်တစ်ခေတ်လည်း ရောက်ခဲ့တယ်။ ဒီနေ့ ဈေးနှုန်းကျသွားတယ်။ ကျွန်တော်တို့ ဘာမှလုပ်လို့ မရနိုင်ခဲ့ဘူး။ အဲဒီတော့ မတ်ပဲကို ကျွန်တော်တို့ နိုင်ငံမှာ လယ်ထဲကနေ မတ်ပဲ ထုတ်လိုက်တယ်။ ဒေသကုန်သည်တွေကို ရောင်းလိုက်တယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ဈေးကွက်တစ်ဆုံး ပါပဲ။ ကျွန်တော်တို့ တောင်သူတွေ။ မတ်ပဲကို အိန္ဒိယပို့တယ်။ ဘာလုပ်နေသလဲ ကျွန်တော်တို့ တောင်သူ တွေ အခုထိ သိခွင့်မရခဲ့ဘူး။ မတ်ပဲကို ကျည်ဆံထုတ်တဲ့ ယမ်းပဲထုတ်သလိုလို၊ အိုဗာတင်းပဲ ထုတ်သလိုလို ကျွန်တော်တို့ ဒီဟာပဲသိခဲ့တယ်။ အဲဒီတော့ ကျွန်တော်တို့ လိုချင်တာက လာမယ့်အနာဂတ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက စိုက်တဲ့ တောင်သူတွေအတွက် Value Change ကို သွားချင်တယ်။ ဥပမာ - ပဲပုပ်လိုဟာမျိုး၊ မတ်ပဲကို ကျွန်တော်တို့ မပြောဘူး။ ပဲပုပ်လိုဟာမျိုး Value Change မြန်မာပြည်မှာ အများကြီးလုပ်လို့ရနေ တယ်။ ဆီထုတ်ပဲပုပ်ကို ကျွန်တော်တို့ Value Change လုပ်လို့ရတယ်။ အဲဒီ Value Change နည်းပညာ တွေကို အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာ Investor လုပ်နိုင်တဲ့အဖွဲ့တွေက နိုင်ငံတကာ နည်းပညာယူပြီး ကျွန်တော်တို့နိုင်ငံအတွင်းမှာ Value Change လုပ်နိုင်ရင် ဒီသီးနှံကိုလည်း တစ်ဖက်မှာရှိတဲ့ စိုက်ပျိုးရေး ပညာရှင်တွေက ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကို ပဲပုပ်မှ မဟုတ်မပါဘူး။ တခြားဒီ Value Change လုပ်လို့ရတဲ့ သီးနှံမျိုးကို ပဲမျိုးစုံ သီးနှံကို ဒေသနဲ့ ကိုက်ညီတဲ့ မျိုးတွေ Research လုပ်ပြီးရင် ထုတ်ရင် ကျွန်တော်တို့သည် Export ကိုလည်းမျှော်စရာမလိုဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ လက်ရှိစားနေတဲ့ တရုတ်မုန့်၊ အိန္ဒိယက မုန့်၊ ထိုင်းကမုန့်ဟာ ပဲမျိုးစုံကနေ ထုတ်နေတာအများဆုံးလို့ ကျွန်တော်တို့ သိရတယ်။ ပဲနဲ့ ပြောင်း ကနေပဲ ထုတ်တယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ပဲနဲ့ပြောင်းအများဆုံးထုတ်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သူများနိုင်ငံက ကုန်ချောကိုဂယ်စားနေရတယ်။ အဲဒီအစားများ ကျွန်တော်တို့နိုင်ငံမှာ Production လည်း တောင်သူက လုပ်နေနိုင်တယ်၊ ဈေးကွက်ကလည်း သက်ဆိုင်ရာ အစိုးရနဲ့ ကုန်သည်က နေ အာမခံချက် တောင်သူတစ်ဦးအတွက် အာမခံချက်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ စိုက်ပျိုးရေး ကဏ္ဍက နေရာတစ်ခုရမယ်။ အဲဒီတော့ ကျွန်တော်တို့က အော်ဂဲနစ်ပြောတယ်။ အော်ဂဲနစ်က အလှမ်းဝေး နေသေးတယ်။ ကျွန်တော်တို့ GAB ကို စနစ်တကျ ကျွန်တော်တို့ တောင်သူကလည်း လိုက်ဖို့ လိုအပ်နေပါ သေးတယ်။

အဲဒီတော့ ကျွန်တော်ကိုယ်တိုင် နေပြည်တော် ဇရိယာမှာ ကျွန်တော် မတ်ပဲစိုက်တယ်။ အခု လေးနှစ်ရှိပြီ မတ်ပဲမစိုက်တော့ဘူး။ ပြီးခဲ့နှစ်ကစပြီး ပဲပုပ်စိုက်တယ်။ ဆီထွက်ပဲပုပ်ကို အစားထိုးစိုက်ခဲ့တယ်။ ဈေးကွက်ကျွန်တော်ရအောင်လိုက်ရှာတယ်။ ရှာတဲ့အချိန်မှာ ကျွန်တော်တို့ ဈေးကွက်တစ်ခုတွေ့ခဲ့တယ်။ ပဲပုပ်ကို ဘာလုပ်နေသလဲလို့ ကျွန်တော်တို့ အခုမှ သိခွင့်ရခဲ့တာပါ။ နေပြည်တော် ဇရိယာမှာ ပဲပြားထုတ်ရောင်းနေတယ်။ အဲဒီပဲပြားထုတ်တာ ပဲပုပ်ဆိုတာ ဘယ်သူမှ မသိဘူး။ ကျွန်တော့်ဒေသမှာရှိတဲ့ ဂက်မွေးနေတဲ့ လူတွေက မနက်နှစ်နာရီလောက် တန်းစီပြီးတော့ ပဲပြားက wave ကို ဂယ်ကျွေးပြီးတော့ ဂက်ကို Market ကို ဈေးကောင်းနဲ့သွားနေတယ်။ ကျွန်တော်တို့ ပဲပုပ်ကို တကယ်လေ့လာလိုက်တဲ့အခါကျမှ ဩော်...ပဲပုပ်က ဒီလိုအထိသွားပြီး စက်မှုကုန်ကြမ်းသီးနှံရနေပါလားဆိုတာ ကျွန်တော်တို့ သိခဲ့ရတယ်။

အဲဒီတော့ ကျွန်တော်တို့ တောင်သူမှာ ဘာမှ ဘယ်လိုအားနည်းနေသလဲဆိုတော့ အဲဒီ Product တစ်ခုကို Value Change လုပ်တဲ့ နည်းပညာမှာ ကျွန်တော်တို့ တောင်သူမရဘူး။ အဲဒါကို လာမယ့်အနာဂတ်မှာ ဘာသီးနှံက အကောင်းဆုံးဖြစ်မလဲ၊ ဈေးကွက်ဘယ်လောက်ခိုင်မာမလဲ၊ တောင်သူက ကျွန်တော်တို့ က ဈေးကွက်တစ်ခုကိုသွားမယ်ဆိုရင် ဘာသီးနှံစိုက်ပါဆိုရင် ဈေးနှုန်းက ဘယ်လောက်ရမှာလဲဆိုတာကို အရင်မေးတယ်။ ကျွန်တော်တောင်သူကလည်း လောဘတက်လို့မရတော့ဘူး။ မတ်ပဲမှာ ကျွန်တော်တို့ တောင်သူလောဘတက်ခဲ့လို့ ကျွန်တော်တို့ ဒီနေ့ကျဆုံးခန်းကိုရောက်ခဲ့တာ။ ဘယ်လိုလောဘတက်သလဲဆိုတော့ မတ်ပဲဈေးကောင်းတယ်၊ တစ်နိုင်ငံလုံး မတ်ပဲစိုက်တယ်။ ဘယ်သူမှလည်း အာမမခံနိုင်းဘူး။ ဈေးကျပြီဆိုတော့မှ ဘယ်သူမှ အာမ မခံဘူး။ ကျွန်တော်တို့ တောင်သူတွေ ဒုက္ခရောက်တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။ အဲဒါကို ပြန်သုံးသပ်လို့ရှိရင် တောင်သူကို အပြစ်ပြောတာမဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်တောင်သူ။ ကျွန်တော်တို့သည် ခိုင်မာတည်ငြိမ်တဲ့ ဈေးကွက်တစ်ခုကို ရဖို့လိုအပ်တယ်။ ခိုင်မာတည်ငြိမ်တဲ့ ဈေးကွက်တစ်ခုကို နိုင်ငံတော်အစိုးရကော၊ စီးပွားကူးသန်းဝန်ကြီးဌာနကော၊ Investor ကော၊ ကျွန်တော်တို့က နိုင်ငံခြားကို Export လုပ်မယ်ဆိုရင် ဘယ်လို Quality မျိုးကို ကျွန်တော်တို့ သတ်မှတ်မလဲ။ အဲဒီသတ်မှတ်တာကို သက်ဆိုင်ရာ ပညာရှင်တွေနဲ့ ဘယ်ဒေသမှာ အကောင်းဆုံးစိုက်လို့ရသလဲဆိုတဲ့ Location ရွေးဖို့ ကျွန်တော်တို့ လိုမယ်ထင်တယ်။ နေပြည်တော် ဇရိယာက ပဲပုပ်ကောင်းတယ်ဆိုလို့ရှိရင် ဇရာဂတီတိုင်းလည်းစိုက်တယ်၊ ပဲခူးလည်းစိုက်တယ်။ အကုန်လုံးလိုက်စိုက်ရင် ပြီးရင် ပဲပုပ်ဈေးကွက်က ပျက်သွားကော။ ဒါက ကုန်သည်ရဲ့ သဘောတရားပဲ။ များရင် ကျွန်တော်တို့က ဈေးချမှာပဲ။

အဲဒီတော့ ကျွန်တော်တို့က Value Change ကို သွားနိုင်အောင် ကြိုးစားသင့်တယ်။ ဒါက ကျွန်တော်တို့ တောင်သူတွေ တွေ့နေတဲ့အခက်အခဲ။ နောက်တစ်ခုက ကျွန်တော်တို့ Investment မယ် ကျွန်တော်တို့

တောင်သူက Labour cost က အရမ်းများနေတယ်။ ကျွန်တော်တို့ နိုင်ငံမှာ။ ခုနက ဆွေးနွေးသွားသလိုပဲ နိုင်ငံခြား အလုပ်သွားလုပ်တယ်။ နိုင်ငံခြား အလုပ်သွားလုပ်လုပ်၊ မလုပ်လုပ် မြန်မာနိုင်ငံရဲ့ အလုပ်သမား ဥပဒေအရ ၄,၈၀၀/- ဆိုပြီးတော့ အလုပ်သမား ၁၅ ယောက်ထက် မနည်းတဲ့ လုပ်ငန်းရှင်တစ်ယောက်ကို ၄,၈၀၀/- လို့သတ်မှတ်ထားတယ်။ ရွာမှာရှိတဲ့ နေ့စားကလည်း ကျွန်တော်တို့ကို ၄,၈၀၀/- ၊ ၅,၀၀၀/- ထတောင်းတော့တာပဲ။ ဒါကျွန်တော်တို့ဆီမှာ ရှိနေတဲ့ တောင်သူရဲ့ အခက်အခဲ။ ကျွန်တော်တို့က လုပ်ငန်းရှင်မဟုတ်ဘူး။ တောင်သူကနေပြီးတော့မှ အလုပ်သမားကို ငှားတာကို ကျွန်တော်တို့က နိုင်ငံတော်အဆင့် အလုပ်သမားစရိတ်ကို ကျွန်တော်တို့က ပေးနေရတယ်။ နောက်ထွက်လာသီးနှံက အာမခံ ဘာမှမရှိဘူး။ ဒီအတွက်ကြောင့် ကျွန်တော်တို့က သီးနှံကိုလည်း အာမခံရှိနိုင်တဲ့ သီးနှံကို သက်ဆိုင်ရာ အစိုးရအဖွဲ့နဲ့ ဒီကုန်သည်လုပ်ငန်းရှင်များအသင်း၊ နောက်စီးပွားကူးသန်းဝန်ကြီးဌာနတို့ကနေပြီးတော့ minimum Price ကို ပေးနိုင်မယ်ဆိုရင် ဒီဘက်က ကျွန်တော်တို့ တောင်သူဘက်ကလည်း အဲဒီလိုချင်တဲ့ Quality ကို ကျွန်တော်တို့ ထုတ်ပေးနိုင်အောင် ကြိုးစားဖို့လိုပါတယ်။

ဒါမှသာ ကျွန်တော်တို့က Long Team Market မှာ ကျွန်တော်တို့နိုင်ငံရဲ့ Production ထုတ်ကုန်ဟာ Quality ခိုင်ခိုင်မာမာနဲ့ ကျွန်တော်တို့ ဈေးကွက်ကိုသွားလို့ ရမယ်လို့ ကျွန်တော်တို့က ထင်တယ်။ အခု ကျွန်တော်ကိုယ်တိုင် တောင်သူလုပ်တယ်။ ပဲပုပ်ကို ကျွန်တော် စည်းရုံးတယ်။ ကျွန်တော်ကိုယ်တိုင် လက်ရှိ တောင်သူတွေ ပါတဲ့ အစုအဖွဲ့နဲ့ မြန်မာ့ပဲပုပ်စိုက်ပျိုးထုတ်လုပ်သူ အများပိုင်ကုမ္ပဏီ စထောင်ဖို့ လုပ်နေတယ်။ တောင်သူက အစုအဖွဲ့ဖွဲ့တယ်။ Quality ကို တစ်သမတ်တည်း သတ်မှတ်ပြီးတော့ ပြည်တွင်းရဲ့ Local Market ကို ကျွန်တော်တို့ ရှေ့ဆက်ပေးတယ်။ ဈေးနှုန်းအမြင့်ကြီးရမလားဆိုတော့... မရနိုင်ဘူး။ ဘာလို့လည်းဆိုတော့ မတ်ပဲထက်တော့ လောလောဆယ် တည်ငြိမ်နေသေးတယ်။ နောင်တစ်ချိန် မတ်ပဲဈေးကောင်းရင် ကျွန်တော်တို့က မတ်ပဲပြန်စိုက်ရင်စိုက်မယ်။ ဒါကြောင့် ကျွန်တော်တို့ နေပြည်တော် ဇရိယာ အနေနဲ့ မတ်ပဲလည်းစိုက်မယ်၊ အထွက်နှုန်းကောင်းနေတဲ့ နေရာမှာ။ ပဲပုပ်ကိုလည်း အစားထိုးစိုက်မယ်။ ပြောင်းကိုလည်း စိုက်မယ်။ ပြောင်းသည် ဈေးကွက်အရ Junk ဖြစ်တာ အရမ်းများတယ်။ တက်ရင်တက်တယ်။ ကျရင် တအားထိုးကျတယ်။ အဲဒီမှာ ကျွန်တော်တို့နိုင်ငံတောင်သူရဲ့ မလိုလားအပ်ဘဲ သွင်းနေရတဲ့ Investment က seed ပဲ။ မျိုးစေ့ကို အခုချိန်မှာ ကျွန်တော်တို့က ခရမ်းချဉ်သီး လက်ဖက်စားဖွန်းတစ်ဖွန်းလောက်ကို တစ်သောင်းလောက်ပေးပြီး နိုင်ငံခြားက သွင်းနေရတယ်။ အဲဒီ ဥစ္စာကို ကျွန်တော်တို့ နိုင်ငံမှာများ ထုတ်ပေးနိုင်ခဲ့ရင် ဒေသနဲ့ ကိုက်ညီတဲ့ ပြောင်းမျိုးစေ့၊ အဲဒီတော့ ရေဆင်းသုတေသနအနေနဲ့လည်း

ပြောင်းမျိုးစေ့ထုတ်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တောင်သူ၊ လူမျိုးကလည်း ဒေသအတွင်းကို သိပ်ပြီး ယုံကြည်အားကိုးမှု နည်းတယ်။

နိုင်ငံခြားမှ အထင်ကြီးတဲ့အခါမှာ ယနေ့ နိုင်ငံခြားကသွင်းလာတဲ့ မျိုးစေ့ဆိုတာက GMO လား Non GMO လားဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ အကယ်၍ ကျွန်တော်တို့ နားလည်သလောက်များ မီရင် GMO များ ဖြစ်ခဲ့ရင် ကျွန်တော်တို့နိုင်ငံက စားသုံးသူတွေအတွက် ဘယ်လောက်များ အန္တရာယ်များနေမလဲဆိုတာ တွေးကြည့်ရင် ကြောက်စရာ သိပ်ကောင်းနေတဲ့ အနေအထားမျိုးမှာရှိပါတယ်။ ဒါကြောင့်မို့လို နေပြည်တော် အနေနဲ့ ဆွေးနွေးချင်တာကတော့ အစိုးရရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနရယ်၊ နောက် သက်ဆိုင်ရာ Investor တွေအနေနဲ့ ညှိညှိနှိုင်းနှိုင်းနဲ့ တောင်သူတွေကို ကြားထဲက ဒေသခံ Trading တွေနဲ့ အတတ်နိုင်ဆုံး လျော့ကျပြီးတော့ ဈေးကွက်ကို တိုက်ရိုက်ချိတ်ဆက်တဲ့ စနစ်ကိုသွားချင်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ကို ကူညီပေးပါ။ ကျွန်တော်တို့ အစုအဖွဲ့နဲ့ တောင်သူဘက်ကို Quality မီအောင် နေရာတိုင်းနေရာတိုင်းမှာ လုပ်နိုင်လို့ရှိရင် အဲဒီ Quality ကို ရန်ကုန် ကုန်စည်ဒိုင်ကို ကျွန်တော်တို့က ကွန်တိန်နာ သို့မဟုတ် ကားတစ်စီး ပို့နိုင်မယ်ဆိုရင်၊ ကုန်စည်ဒိုင်က ဂယ်ပေးနိုင်မယ်ဆိုရင် တောင်သူတစ်ယောက်တည်းတောင် ကျွန်တော်တို့ ဒေသမှာ ကားတစ်စီးထွက်တဲ့ သီးနှံတွေရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို အဲဒီ Market ကို ကျွန်တော်တို့ကို ဘယ်သူမှ ချမပြခဲ့ဖူးဘူး။

ဒီနေ့ ဒီအချိန်မှာတော့ သက်ဆိုင်ရာ ကုန်သည်ကြီးများအသင်းကော၊ နောက် တခြားအစိုးရအဖွဲ့က ရော ကျွန်တော်တို့တောင်သူကို စနစ်တကျနဲ့ လုပ်ပြီးတော့မှ ကြိုးစားပေးစေချင်တယ်။ လက်ရှိ ကျွန်တော် ကိုယ်တိုင်တောင်မှ Farm Project နဲ့ NOG နဲ့ တောင်သူတွေကို အစုအဖွဲ့လေးတွေ လုပ်နေတာရှိတယ်။ အရမ်းအောင်မြင်တယ်။ ခက်ခဲတော့ ခက်ခဲတယ်။ ဒါပေမဲ့ တကယ်လုပ်ရင် ကျွန်တော်တို့ အောင်မြင်ခဲ့တာ တွေရှိနေတယ်။ အဲဒါလေးတွေကိုတော့ ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်စိုက်ပျိုးရေးတောင်သူတွေအတွက် Team Work ကို အစုအဖွဲ့လုပ်ငန်းကို သွားချင်ပါတယ်။ ဒါကိုလည်း သက်ဆိုင်ရာ ခုန ကျွန်တော်ဆွေးနွေး သလိုပဲ အစိုးရဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတွေနဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ တောင်သူတွေကို ကူညီပေးပါလို့ ပြောကြားရင်းနဲ့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်ဦး**

ကျေးဇူးအများကြီးတင်ပါတယ် ဆရာ။ ဆရာကလည်း မတ်ပဲအုပ်စုမှာပဲ မတ်ပဲစိုက်ဖို့ မသင့်ဘူးဆိုတဲ့ ဟာက ထွက်လာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မတ်ပဲ တောင်သူတွေ အားလုံးပါတဲ့ အစုလေးစုက ဒီမှာ ပြီးသွားပါပြီ။ ကျွန်တော့်အနေနဲ့ တောင်သူအချင်းချင်းပဲ ဝိုင်းဝန်းဆွေးနွေး အဖြေရှာလိုက်လို့ ထွက်လာတဲ့ အဖြေကတော့ မတ်ပဲကို ဆက်ပြီးတော့ မစိုက်သင့်ဘူးဆိုတဲ့ အဖြေက တော်တော်လေးကို ရှင်းရှင်းလင်း လင်းလေး ထွက်လာပါတယ်။

ဒါပေမဲ့ ဆရာခုနက တင်ပြတဲ့ ကိစ္စကတော့ ကျွန်တော်တို့ တော်တော်လေးကို အလေးထားပြီး စဉ်းစားရမယ့်ကိစ္စ။ နောက် မတ်ပဲ မစိုက်တော့လို့ အခုစိုက်မယ်ဆိုတဲ့ ပဲပုပ်၊ ဆီထွက်တဲ့ ပဲပုပ်၊ အစေ့ ထုတ်ပြောင်းစိုက်မယ်ဆိုရင် အားလုံးက မတ်ပဲ ရွှေခေတ်ဖြစ်ခဲ့တုန်းကလည်း မတ်ပဲတွေအားလုံး ဝိုင်းစိုက် လိုက်လို့ အခု ဒုက္ခရောက်တယ်။ အစေ့ထုတ်ပြောင်းကလည်း အခု မကြာခင် အစေ့ထုတ်ပြောင်းအဖွဲ့က လည်း ဆွေးနွေးမှာတွေရှိတယ်။ အဲဒီတော့ အစေ့ထုတ်ပြောင်းလို့ဆိုပြီး အားလုံးဝိုင်းစိုက်လိုက်ပြန်ရင်လည်း အစေ့ထုတ်ပြောင်းက ဈေးနှုန်းအတက်အကျတွေရှိတော့ ဒုက္ခရောက်မှာတွေရှိတယ်။ အဲဒီတော့ သတိထားရ မှာက ကျွန်တော်တို့ အခုချိန်မှာက နံပါတ်တစ်က Value Change ကို ခိုင်ခိုင်မာမာ တည်ဆောက်ဖို့ရယ်၊ ဆိုတော့ သီးနှံအသစ်တစ်ခုကို ကျွန်တော်တို့ စိုက်မယ်၊ အဲဒီ သီးနှံတစ်ခုလုံးကနေ ဈေးကွက်အထိချိတ်ထား တဲ့ Value Change တွေကလည်း ခိုင်ခိုင်မာမာ ရှိလား။ အဲဒါကို ဆရာက သေသေချာချာလေးပြောသွားပါ တယ်။ ပြီးရင်တော့ ဆရာ တင်ပြတဲ့ ကိစ္စကလည်း ကျန်တဲ့ ဒေသက တောင်သူတွေအနေနဲ့လည်း အတုယူ စရာ အင်မတန်ကောင်းတဲ့ ကိစ္စရှိပါတယ်။ Agri Business ကိစ္စတွေမှာ တောင်သူအစုအဖွဲ့ကို စုဖွဲ့ရတာ အင်မတန်မှ ကြိုးစားရတဲ့ ကိစ္စဖြစ်တယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေကော ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ကော အခုလို Value Change တွေ မြှင့်အောင်လုပ်တဲ့ အခါမှာ တောင်သူတွေ ကျယ်ပြန့်နေတဲ့ ဈေးနဲ့ လုပ်ရတဲ့ အလုပ်က အခက်ခဲဆုံး အလုပ်ဆိုပြီးတော့ ပြောလေ့ရှိတယ်။ အဲဒီတော့ ဆရာတို့က ကြိုးစားပြီး တော့ အောင်တောင်အောင်မြင်တယ်ဆိုတော့ ဒီပုံစံလေးတွေကိုလည်း နောက်ကျရင် ဆရာ့တို့ဆီ လာ လေ့လာပြီးတော့ ပြန်ပြီးတော့ ဖြန့်ပေးဖို့ဆိုတဲ့ ကိစ္စလေးတွေကိုလည်း စဉ်းစားသင့်ပါတယ်ခင်ဗျ။

အခု အုပ်စု (၅) အနေနဲ့ကတော့ ပဲစဉ်းငုံ ကိုတော့ ခေါ်ပါရစေ။ လောလောဆယ် မတ်ပဲနဲ့ ပဲစဉ်းငုံ အဓိကဆိုတော့ ပဲစဉ်းငုံကို ဖိတ်ခေါ်ပါရစေ။

❑ ❑ ❑

# ပဲစဉ်းငုံ အစုအဖွဲ့(ပခုက္ကူ၊ မုံရွာ၊ မန္တလေး) ပါဝင်ဆွေးနွေးသူများအမည်စာရင်း

ပဲစဉ်းငုံ (ပခုက္ကူ၊ မုံရွာ၊ မန္တလေး) စားပွဲဝိုင်း (၅)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးအေးကို | ပခုက္ကူ | မကွေး |
| ၂ | ဦးဇော်ထွန်း | ပခုက္ကူ | မကွေး |
| ၃ | ဦးဂင်းနိုင် | ပခုက္ကူ | မကွေး |
| ၄ | ဦးဖြိုးဝေ | နတ်မောက် | မကွေး |
| ၅ | ဦးအောင်အောင်ဖြိုး | နတ်မောက် | မကွေး |
| ၆ | ဦးကျောက်ခဲ | မုံရွာ | စစ်ကိုင်း |
| ၇ | ဦးကျော်ထွန်း | မုံရွာ | စစ်ကိုင်း |
| ၈ | ဦးခင်မောင်ဇော် | အရာတော် | စစ်ကိုင်း |
| ၉ | ဦးကျော်ရွှေ | မလှိုင် | မန္တလေး |
| ၁၀ | ဦးမြအောင် | နွားထိုးကြီး | မန္တလေး |
| ၁၁ | ဦးတင်မောင် | ကျောက်ပန်းတောင်း | မန္တလေး |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးဇော်မျိုးမင်း | တွဲဖက်ဘဏ္ဍာရေးမှူး | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးအောင်ကျော်ဦး | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃ | ဦးချွန် | ဥက္ကဋ္ဌ | မန္တလေးတိုင်းဒေသကြီး |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဦးတင်ထွန်း | ဗဟိုအလုပ်အမှုဆောင် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးပေါက်ကျော် | ဒုတိယဥက္ကဋ္ဌ | မုံရွာကုန်စည်ဒိုင် |
| ၃ | ဦးအောင်မြင့်လွင် | ဒုတိယဥက္ကဋ္ဌ | ပခုက္ကူကုန်စည်ဒိုင် |
| ၄ | ဦးအောင်မိုး | ဥက္ကဋ္ဌ | အောင်လံကုန်စည်ဒိုင် |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးမြင့်ဂင်း | ဒုတိယညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးသိုက်စိုး | ဒုတိယတိုင်းဦးစီးမှူး | စစ်ကိုင်းတိုင်းတိုင်းဒေသကြီး |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဦးအောင်ထွန်း | | |
| ၂ | ဒေါ်ငုပါဂင်း | Policy Coordinator | |
| | စုစုပေါင်း | ၂၂ | ဦး |




**ပဲစဉ်းငုံ အစုအဖွဲ့စားပွဲဝိုင်း (၅) မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း**

အားလုံး မင်္ဂလာပါ။ အချိန်တိုအတွင်းဖြစ်တဲ့အတွက် အတိုချုံ့ပဲ ကျွန်တော် နှုတ်ဆက်ပါရစေတော့။ အဲဒီတော့ ကျွန်တော်တို့က အခုဒီအစည်းအဝေးမှာ ပြောကြားပါစို့ဆိုရင် အစုအဖွဲ့မှာ လူ (၂၀)လောက် ဝိုင်းပြောတာကို တစ်ဦးသော သူကနေပြီးတော့ ကိုယ်စားပြုပြောတဲ့အခါမှာတော့ အာဘော်တွေက နည်းနည်းတော့ ကွာမှာပေ့ါ။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဘာလေးပါသလဲဆိုတော့ ကျွန်တော်တို့ ဒီ ထရမ့်က တရုတ်ကုန်ပစ္စည်းတွေကို အကောက်ခွန်တိုးလိုက်တဲ့အခါမှသာ ကုန်သွယ်ရေးစစ်ပွဲလုပ်နေတယ်ဆိုတာ သိတာ၊ ပြောကြတာ။ တွင်တွင်ကျယ်ကျယ်ပြောနေတာ။ ကျွန်တော်တို့ မြန်မာနိုင်ငံကို အိန္ဒိယက ကုန်သွယ်ရေးစစ်ပွဲလုပ်နေတာ ကြာပြီ။ ဘာလို့ အဲဒီလို ကျွန်တော်ပြောချင်တာလည်းဆိုတော့ ကျွန်တော် ဟိုတစ်လောကပဲ ကုန်သွယ်ရေးရုံးမှာ လုပ်တဲ့ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးမှာ မြန်မာ Exporter တွေ ပြောသွားတဲ့ စကားတွေကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ တော်တော့်ကိုပဲ ကုန်သွယ်ရေးစစ်ပွဲ တို့ကို တစ်ဖက်သတ်အနိုင်ယူနေပါလားဆိုတာ ကျွန်တော်က ကောင်းကောင်းမှတ်ချက်ချထားပြီးသားပါ။ ဒီမှာလည်း ဆရာတွေပြောသွားတဲ့အခါ ပါပါတယ်။ အားလုံး သဘောပေါက်မယ်ထင်ပါတယ်။ ကျွန်တော်တို့ တအားကို ခံရပါတယ်။ ဒါဖြင့် အိန္ဒိယတင်ပဲလားလို့ မထင်ပါနဲ့။ အရှေ့ဘက်က လည်း ဒီအတိုင်းပါ။ ကြည့်ပါ အားလုံးကြည့်ပါ။ ကုန်သွယ်ရေးစစ်ပွဲက နဂိုကတည်းက ကျွန်တော်တို့ တစ်ဖက်သတ်ခံရနေရသလို

ဖြစ်နေတာပါ။ အခုတော့ ကျွန်တော် ဒီနေရာမှာ မှတ်ချက်လေး ပေးခဲ့ချင်ပါတယ်။ နောက်တစ်ခုက ဒီမှာ အစုအဖွဲ့နဲ့ ပတ်သက်လို့ ပဲစဉ်းငုံစိုက်သင့်မစိုက်သင့် ကျွန်တော်တို့ တစ်ဖွဲ့လုံးကတော့ တစ်ညီတစ်ညွတ်တည်း ဖြစ်နေပါတယ်။ မစိုက်သင့်ဘူး။ မစိုက်သင့်တော့ပါဘူး။ အဲဒီလို မစိုက်သင့်တော့တဲ့ အကြောင်းလေးတွေကတော့ ဒီအထဲမှာပါပါတယ်နော်။ သူတို့ပြောတဲ့ ကိစ္စတွေထဲမှာတော့ ဘာတွေပါသလဲဆိုတော့ ဒီ ပဲစဉ်းငုံချည်းပဲ တစ်ခင်းပြင်လုံးကြီးပဲ စိုက်မယ်ဆိုရင်လည်းပဲ ဖြူရေစီယံပိုးကျတယ်ဆိုရင် အင်မတန်ကြောက်စရာကောင်းပြီးတော့ အားလုံးပျက်စီးသွားတာဖြစ်တဲ့အတွက် ဒါကိုနည်းနည်းစဉ်းစားသင့်ပါတယ်။ အဲဒီ ဖြူရေစီယံ ပိုးဆိုတဲ့ ကိစ္စကိုတော့ ကျွန်တော်ကောင်းကောင်းနားမလည်ပါဘူး။ အဲဒီလိုတော့လည်း မှတ်ချက်ပေးထားပါတယ်။ နောက်ပြီးတော့ ဈေးကွက်ပျက်နေတယ်။ နောက်တစ်ခုက ရာသီဥတု အပြောင်းအလဲပေါ်မှာ ကျွန်တော်တို့ ဒီ အလယ်ပိုင်းရဲ့ ရာသီဥတုအပြောင်းအလဲကလည်း အင်မတန် များနေတာဖြစ်တဲ့အတွက် ပဲစဉ်းငုံအစား ဒီပြင့်သီးနှံတွေစိုက်မယ်ဆိုရင်လည်းပဲ အဆင်ပြေနိုင်တာရှိပါတယ်။ နောက်တစ်ခါဘာရှိမလဲဆိုရင် ကျွန်တော်တို့ ဒီ ပဲတစ်တင်းရဲ့ တန်ဖိုးတွက်ချက်မှုလေးတွေ ကျွန်တော်တို့ နည်းနည်းလေး ရှင်းပြချင်ပါတယ်။ အဲဒါဘာလဲဆိုတော့ ဆရာဦးအောင်မောင်းကို ပတ်ပြီးတော့ လှေ့လာလိုက်တဲ့အခါမှာ ဆရာဦးအောင်မောင်းက မှတ်ချက်ယူသွားတာရှိပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ ဒီတောင်သူတစ်ဦးပြောလိုက်တာပေ့ါလေ။ ဟာ...ထင်းလည်းရတယ်။ သီးညှပ်လည်းစိုက်တာ။ နွားစာလည်းကျွေးရတယ်။ ခြံစည်းရိုးလည်း ကာလို့ရတယ်။ ရိတ်သိမ်းတာလည်း လွယ်တယ်။ တစ်တင်းငါးထောင်ရလည်း စိုက်မှာပဲဆိုတဲ့စကားက ဒီကိစ္စလေးကို ကျွန်တော်တို့ နည်းနည်းတော့ ရှင်းပြချင်ပါတယ်။

ကျွန်တော်တို့ အစုအဖွဲ့တစ်ခုလုံးရဲ့ ပဲစဉ်းငုံတစ်တင်း တန်ဖိုးဖြတ်တဲ့အခါမှာ တစ်သောင်းရှစ်ရာလောက် သွားဖြတ်ပါတယ်။ အဲဒီတော့ ခုနကပြောသလိုပါပဲ။ ဒီ ပဲစဉ်းငုံတစ်တင်း ငါးထောင်ရလည်း စိုက်မှာပဲဆိုတဲ့ တောင်သူတစ်ယောက်ရဲ့အမြင်လေးကိုတော့ အတည်မယူဖို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒါကသူ့ရဲ့ပြောစကားလေးပါပဲ။ ကျွန်တော်တို့တွက်တဲ့ တွက်နည်းကျတော့ အများကြီးကွာသွားပြီ။ အခု ပဲစဉ်းငုံစိုက်မယ်ဆို သူတို့စိုက်မယ့်အပိုင်းမှာ ပဲစဉ်းငုံသည် တစ်ညီတစ်ညွတ်တည်း ကျွန်တော်တို့ တောင်သူတွေထဲက ပုဂ္ဂိုလ်တွေထဲမှာ ပဲစဉ်းငုံသည် မြေပျက်တယ်လို့ ဆုံးဖြတ်ထားတယ်။ ဘာဖြစ်လို့လဲ။ ပဲစဉ်းစိုက်တဲ့မြောင်းတွေက နောက်နှစ် အဲဒီ သီးနှံကြည့်လိုက်။ အဲဒီမြောင်းက သီးနှံမကောင်းဘူး မြေပျက်ပါတယ်။ နောက်တစ်ခုက ဘာဖြစ်သလဲဆိုတော့ ပဲစဉ်းငုံ သူပြောတဲ့ တစ်တင်းငါးထောင်ဆိုတာထက် ကျွန်တော်တို့တွက်နည်းက ကွာသွားတာက ပဲစဉ်းငုံ သီးညှပ်စိုက်တယ်။ ငါးမြောင်းခြားစိုက်တယ်၊ ခြောက်မြောင်းခြားစိုက်တယ်၊ ရှစ်မြောင်းခြား ဆယ်မြောင်းခြားစိုက်တယ်။ အဲဒီလိုစိုက်တဲ့အခါကျတော့ တကယ်တမ်း ပဲစဉ်းငုံကပ်လျက်က

သီးနှံက အထွက်ကျသွားတာရယ်၊ ဒီလုပ်အားတွေနဲ့ အချိန်တွေကို သူမတွက်လို့။ သူပြောတာ။ ကျွန်တော်တို့က အားလုံးတွက်တဲ့အခါမှာ ပဲစဉ်းငုံတစ်တင်းကို သောင်းရှစ်ရာ ငါးရာမရှိဘဲနဲ့ မလောက်ဘူး။ အဲဒီတွက်နှုန်း ကျွန်တော်တို့မှာ ရှိပါတယ်။ နောက်တစ်ခု ဟိုတစ်နေ့က စကားလေးတစ်ခုကြားရပါတယ်။ အဲဒါဘာလဲဆိုတော့ ခုနဟာလေးပဲ။ ဈေးနှုန်းက ကျွန်တော်တွက်ပြနေတာနော်။ အလတ်စားဟာလေးတစ်ခု။ မြန်မာနိုင်ငံတောင်သူအလယ်ပိုင်း ပခုက္ကူဒေသက အလတ်စားတောင်သူ။ အလတ်စားတောင်သူဆိုတာက ဆယ်ဧကနဲ့ ၁၅ ဧကလောက်ရှိမယ့် တောင်သူမျိုးပေါ့။ သုံးဆယ်ဆိုရင်တော့ အကြီးစားတောင်သူဖြစ်သွားမှာပေါ့။ အလတ်စားတောင်သူတစ်ယောက်ကို သုံးနှစ်လေ့လာကြည့်လိုက်တဲ့အခါကျတော့ ဘယ်လိုဖြစ်သွားသလဲဆိုတော့ မိသားစုလေးယောက်ရယ်၊ နွားတစ်ရှဉ်းရယ် အလုပ်လုပ်တယ်။ လုပ်တဲ့အခါမှာ တစ်နှစ်သူ့ရဲ့ ဝင်ငွေဟာ သုံးနှစ်ဆက်တိုက်ကြည့်ကာမှ တစ်နှစ်လုံးရငွေက သိန်းအစိတ်နဲ့ သိန်းသုံးဆယ် ဒီကြားထဲမှာပဲလည်နေတယ်။ အဲဒီလောက်ထိအောင် ကျွန်တော်တို့ အလတ်ပိုင်းတောင်သူက ဆိုးနေတယ်။ တစ်ချက်ကဘာရှိသလဲ။ သူ့သမီးလေးတစ်ယောက်က ပခုက္ကူမြို့ပေါ်က အိမ်ဆိုင်တစ်ခုမှာ သွားအပ်ထားတယ်။ အဲဒီသမီးလေး ရတာက တစ်လကိုတစ်သိန်းနှစ်သောင်း။ စားစရိတ်ငြိမ်းရတယ်။ အဲဒီတော့ စဉ်းစားကြည့်။ မိသားစု လေးယောက်နဲ့ နွားတစ်ရှဉ်းနဲ့ လုပ်တာမှ တစ်နှစ်မှ သိန်းအစိတ်သုံးဆယ်နဲ့ သူ့သမီးလေးကိုသွားပြီးတော့ မြို့မှာသွားထားတာက တစ်နေ့လေးထောင်နဲ့ ဟုတ်လား။ တစ်လ သိန်းတစ်နှစ်သောင်း။ နှစ်ဆယ့် နှစ်ဆယ့်လီ ၁၄၄။ တစ်နှစ်ကို သူ့သမီးလေးက ဆယ့်လေးသိန်းနဲ့ လေးသောင်းရတယ်။ အိမ်မှာ မိသားစု လေးယောက်နဲ့ နွားတစ်ရှဉ်းက တစ်နှစ်လုံးမှ သိန်းအစိတ်လောက်ပဲရတယ်။ အဲဒီတန်ဖိုးတွေပါ သေသေချာချာတွက်မယ်ဆိုရင် ပဲစဉ်းငုံတစ်တင်း ငါးထောင်ဆိုတဲ့ သတင်းဟာ ဘယ်လိုမှ မရဘူးဆိုတာ နှိုင်းယှဉ်ပြတာပါ။ ကျွန်တော်တို့ ဒီလိုတွက်တဲ့အခါမှာ ပဲစဉ်းငုံတစ်တင်း ကျသင့်ငွေသည် တစ်သောင်း အထက်မှာ ရှိပါတယ်ဆိုတာ ကျွန်တော် ဒီနေရာလေးမှာ ရှင်းပြတဲ့သဘောပါ။

ကောင်းပြီး။ နောက်တစ်ခုက ဘာရှိသလဲဆိုတော့ ဒီမစိုက်သင့်ပါဘူးတဲ့။ မစိုက်သင့်တာလဲဆိုတော့ ဈေးကွက်လည်း အခုလက်ရှိ ပျက်နေတာဖြစ်တဲ့အတွက် မစိုက်သင့်ပါဘူး။ နောက်တစ်ခုက ရာသီဥတု အပြောင်းအလဲကလည်း များတဲ့နေတယ်။ နောက်တစ်ခါ ခုနကပြောတဲ့ တစ်ခင်းလုံးစိုက်မယ်ဆိုရင်လည်းပဲ ပိုးကျမြန်တယ်။ ခုနပြောတဲ့ ဖြူရေစီယံပိုးဆိုတာ ကျရင်လည်း မြန်တတ်တာမို့လို့ ပဲစဉ်းငုံဆိုရင် မစိုက်သင့်တော့ဘူးလို့ ကျွန်တော်တို့အဖွဲ့က တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဒီနေရာမှာ ဘာတွေစိုက်မလဲဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ကတော့ မကွေးတိုင်းအနေအထားနဲ့ဆိုရင် တောင်ဘက်အောင်လံကနေ မြောက်ကို မြိုင် အဲဒီကြားက ရာသီဥတုပုံစံခြင်းက အများကြီးကွာပါတယ်။ အခုလက်ရှိ ဒီဘက်မှာ မကွေး

အောင်လံမှာ မိုးရွာနေသော်လည်းပဲ ပခုက္ကူ တစ်နည်းအားဖြင့် မိုးလေဂသကကြေညာရင် စစ်ကိုင်းတိုင်း အောက်ပိုင်းအနေအထားပေ့ါ။ စိုက်လို့ရှိရင် မိုးဦးသီးနှံတုန်းက နှမ်းစိုက်တဲ့ သီးနှံကောင်းတယ်။ အဲဒီနောက် ကောင်းလိုက်တဲ့မိုးက နှမ်းမှာ အထွက်နှုန်းတွေဖျက်ပလိုက်တယ်။ အဲဒီနှမ်းလည်းထွက်နှုန်းမကောင်းဖြစ် လာပြီးတော့ ပခုက္ကူက ကနေ့မှ မိုးရွာတယ်။ နှစ်လခွဲမိုးခေါင်တယ်။ အဲဒီလို အခြေအနေတွေကြောင့် ဘာတွေ ပြောင်းလဲစိုက်မလဲဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ပြောင်းပြောင်းလဲလဲတွေရှိပါတယ်ဆိုတာ တင်ပြ တာပါ။ တင်ပြတဲ့ အခါကျတော့ မန္တလေးကတော့ စွန်တာပြာစိုက်မယ်၊ အစေ့ထုတ်ပြောင်းစိုက်မယ်၊ ထောပတ်ပဲစိုက်မယ်၊ မြေပဲစိုက်မယ်။ ဂါစိုက်မယ်။ ဒါက မန္တလေးအနေအထား။ နောက်တစ်ခါ ကျွန်တော် တို့ ဒီမကွေးကတော့ နှမ်းစိုက်မယ်၊ မြေပဲစိုက်မယ်။ နောက်တစ်ခုက စစ်ကိုင်းကလည်းပါတာကိုး။ အဲဒီ အခါကျတော့ သူက ထောပတ်ပဲစိုက်မယ်၊ စွန်တာပြစိုက်မယ်၊ ဂါစိုက်မယ်၊ နံစားပြောင်းစိုက်မယ်၊ နှမ်းစိုက် မယ်၊ မြေပဲစိုက်မယ်၊ ထားပါတော့ ဒါတွေအကုန်ပေါင်းလိုက်တဲ့အခါ အများဆုံးပြောကြတာကတော့ ထောပတ်ပဲစိုက်မယ်၊ စွန်တာပြာစိုက်မယ်၊ မြေပဲစိုက်မယ်၊ နှမ်းစိုက်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက ဈေးကွက်အမြဲတမ်းရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ နောက်တစ်ခုက မြေပဲတို့ နှမ်းတို့ဆိုတာကလည်း ဆီထွက် သီးနှံအနေနဲ့ပြောကြပါစို့ အခုချိန်ထိတောင် ကျွန်တော်တို့ မြန်မာပြည်မှာ ဆီထွက်သီးနှံဟာ လိုအပ် နေတဲ့ အတိုင်းအတာပါပဲ။ နောက်တစ်ခု ပဲစဉ်းငုံ ငါးမြောင်းခြားစိုက်မယ် ခြောက်မြောင်းခါးစိုက်မယ်။ ဘယ်လောက်ပဲ စိုက်စိုက် အဲဒီဟာကို မြေပဲခင်းအပြည့်စိုက်လိုက်မယ်။ နို့မဟုတ်ရင် နှမ်းခင်းအပြည့်စိုက် လိုက်မယ်။ ခုနကပြောတဲ့ ငါးမြောင်းခြား ခြောက်မြောင်းခြားမှာ တစ်မြောင်းချန်တဲ့ အထွက်နှုန်းထက် တစ်ခင်း လုံးစိုက်တဲ့ ပဲစဉ်းငုံရဲ့ တစ်နည်းအားဖြင့် ပတ်ဂန်းကျင်က မြေစုတ်ယူတာ၊ သူ့ရဲ့အရိပ်ကာတာ၊ လေကာကိုကျွန်တော်မပြောလိုဘူးနော်။ သူ့ရဲ့အရိပ်ကာတာကြောင့် အထွက်နှုန်းမှာ ကျန်တဲ့ နှမ်းတွေ မြေပဲတွေ အထွက်နှုန်းမှာ လျော့ကုန်ပါတယ်။ တစ်ခင်းလုံးစိုက်တဲ့ အထွက်နှုန်းထက် သူ့ရဲ့ တစ်မြောင်းခြား နှစ်မြောင်းခြား စိုက်တဲ့ အထွက်နှုန်းနဲ့ ထွက်နှုန်းခြင်းမတူဘူး။ အဲဒီတော့ နှုန်းသို့မဟုတ် မြေပဲ အပြည့်စိုက် လိုက်မယ်။

အဲဒီတော့ ပဲစဉ်းငုံ ငါးမြောင်းခြား၊ ခြောက်မြောင်းခြား နှုတ်လိုက်မယ်ဆိုရင် အထွက်နှုန်းက အခုက ပြောသလို အပြည့်စိုက်တာ အထွက်နှုန်းရတယ်ဆိုတာကို ကျွန်တော်တို့ ဒါလက်တွေ့ရှိပါတယ်။ နောက်တစ် ခေါက် ဂါစိုက်မယ်၊ ထားပါတော့။ ဂါကတော့ ကျွန်တော်တို့ တောင်သူတွေရဲ့ အတွေ့အကြုံအရ မြေသြဇာ ကောင်းတယ်။ ကျွန်တော်တို့ အတွေ့အကြုံပဲ ဂါစိုက်တဲ့မြောင်း၊ နောက်နှစ် ကြည့်လိုက် အဲဒီသီးနံကောင်း

တာပဲ။ အဲဒီလိုရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံပိုင်းပါ။ အဲဒီတော့ စိုက်တဲ့အခါမှာလည်း ဘာတွေများ ဘာကြောင့်စိုက်မလဲဆိုတာမှာကတော့ လက်ရှိ ဈေးကွက်ရှိနေတာက အဓိကပဲ ဖြစ်ပါတယ်။

နောက်တစ်ခါ ဒီ အခက်အခဲတွေဆိုတာကတော့ ဒီလိုရှိပါတယ်။ မျိုးနဲ့ပတ်သက်လို့ အခက်အခဲတွေက နောက်ထပ်ပြောင်းမယ်ဆိုရင်တော့ ရှိနိုင်ပါတယ်။ မျိုးနဲ့ပတ်သက်လို့ အနည်းငယ်မျှ အစီရင်ခံချင်ပါတယ်။ ရေဆင်းကထုတ်နေတဲ့ မျိုးတွေ၊ အင်မတန်ကောင်းပါတယ်။ ကျွန်တော်တို့ နည်းနည်း စမ်းစမ်းကြည့်တဲ့အခါမှာ အင်မတန်ကောင်းပါတယ်။ သို့သော်လည်းပဲ တောင်သူတွေကို စည်းရုံးဖို့ကတော့ ထိထိရောက်ရောက်ခက်နေတယ်။ အဲဒါလေးကို စိုက်ပျိုးရေးဌာနက တတ်နိုင်သမျှ ဖြန့်ကျက်ပြီးတော့ တောင်သူကို စည်းရုံးဖို့ရယ်၊ နောက်တစ်ခုက အဲဒီလို သုတေသနက ထုတ်လုပ်နေတဲ့ မျိုးသည် ပြည့်စုံမှုမရှိသေးဘူးဆိုရင်လည်းပဲ တစ်နိုင်တစ်ပိုင် မျိုးစေ့ကောင်းရအောင် လုပ်တဲ့နည်းလေး သင်ပေးလို့များ ရမလား။ စည်းရုံးလို့များရမလား။ ဆိုလိုတာက ကျွန်တော်တို့ဘက်မှာ တောင်သူတစ်ယောက်ရှိပါတယ်။ သူက ထိုက်သင့်သလောက် ဘယ်လိုပြောမလဲ သဘောပေါက်တဲ့အခါကျတော့ သူ့က ဘာလုပ်လဲ။ သူများတွေက မျိုးဆိုရင် နောက်ဆုံးမှာ ပျားခင်းယူတာလောက်ကလွဲရင် အဲဒီပုဂ္ဂိုလ်ကတော့ အပင်မှာကတည်းက သူ့မျိုးထားဖို့ရာ သူ့ဟာသူ ပြန်စိုက်ဖို့ရာ အပင်မှာကတည်းက ကောင်းတဲ့အပင်တွေကို ဆွဲထုတ်ပြီးတော့ ဒါမျိုးဖို့ဆိုပြီး သိမ်းထားတာရှိပါတယ်။ အဲဒီလိုလေးတွေ လုပ်ရင်ကော၊ အဲဒီနည်းပညာလေးတွေပေးရင်ကော တောင်သူတွေအတွက် မျိုးကောင်းမြန်မြန်မဖြန့်နိုင်ဘူးလား။ အဲဒီ ပုဂ္ဂိုလ်ကတော့ တောင်သူခွင်မှာ အင်မတန် အထွက်နှုန်းကောင်းနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့က သုတေသနက လုပ်တဲ့ မျိုးတွေ မပြန့်နိုင်ခင် တစ်ပိုင်တစ်နိုင် မျိုးထုတ်တဲ့နည်းလေးတွေကိုတော့ စည်းရုံးပေးရင်၊ သင်ကြားပေးရင် မဖြစ်နိုင်ဘူးလားလို့ ဒါလေးကို နည်းနည်းလေး အကြံပြုချင်ပါတယ်။ ဖြစ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သုတေသနတစ်ခုရောက်တဲ့အခါကျတော့ မျိုးစေ့ဖြစ်ဖို့က ခြောက်နှစ်ခုနှစ်နှစ်လောက် ထုတ်ယူတာလေ။ အဲဒီအဆင့်မရောက်ရင်တောင်မှ ခုနက တစ်ပိုင်တစ်နိုင် ထုတ်တဲ့နည်းလေးက နှစ်စဉ်နှစ်စဉ် သူတို့ထုတ်သွားမယ်ဆိုရင် မျိုးလေးတွေ ပိုသန့်လာနိုင်မလားပေါ့။ မျိုးစေ့အခက်အခဲရှိတယ် ဆိုတဲ့အကြောင်းပြောတာပါ။

နည်းပညာအခက်အခဲ ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ကတော့ ဒါတွေကတော့ တော်တော့်ကို အများကြီးကျန်နေပါသေးတယ်။ နောက်တစ်ခုကလည်းပဲ နည်းပညာနဲ့ပတ်သက်လို့ ပြောကြပါဆိုရင်လည်း စိုက်ပျိုးရေးဌာနမှာလည်း ဝန်ထမ်းတွေလျှော့လိုက်ပြီ။ လျှော့လိုက်တဲ့အခါကျတော့ ဝန်ထမ်းတွေ အများကြီးလည်း နည်းသွားသလို အခုချိန်မှာတော့ နည်းပညာ ဖြန့်ဝေနိုင်မှုကလည်း အင်မတန်နည်းပါတယ်။ နောက်တစ်ခုက အဲဒီဝန်ထမ်းတွေကော၊ နောက်ထပ်ဝန်ထမ်းတွေကော ဘယ်ရောက်သလဲ၊ ပြောရင် ကုမ္ပဏီတွေ

ကိုရောက်သွားတယ်။ အဲဒီကုမ္ပဏီတွေ ရောက်သွားတဲ့အခါကျတော့ တွေ့ပါတယ်။ သူတို့ရဲ့ပညာတွေကို ကြည့်တဲ့အခါမှာ တော်တော့်ကို တတ်တယ်။ နိုင်ငံခြားပြန်တွေလည်း ပါနေတာပဲ။ တတ်တယ်။ သို့သော် လည်းပဲ စော်ကားတာတော့ မဟုတ်ပါဘူး။ သူတို့တွေကလည်း အဲဒီရောက်သွားတဲ့ ကုမ္ပဏီရဲ့ ဂုဏ်ထမ်းဆို တော့ အဲဒီ ကုမ္ပဏီကိစ္စလောက်သာ ပြောပြီးတော့ ကျန်တာတွေ ချန်ထားတာဖြစ်ပါတယ်။ တော်တော်များ များက။ အဲဒီလိုဖြစ်နေတယ်။ အဲဒီတော့ ဓာတ်မြေသြဇာဆိုရင်လည်းပဲ အဲဒီကုမ္ပဏီရောက်သွာတဲ့ ပုဂ္ဂိုလ် သည် ကျွန်တော့်အထင်ပြောရရင်တော့ ကုမ္ပဏီမှာ စုပုံကျန်တဲ့ပစ္စည်းကို ကျွမ်းကျင်တဲ့ အလေ့အထ လေး တွေရှိပါတယ်။ တကယ်သီးနှံနဲ့ကိုက်တာကို ကျွန်တော်တို့ ညွှန်းဖို့ထက် ကုမ္ပဏီမှာ စုပုံပြီး အရောင်းလေးတဲ့ ဟာ ဘယ်ပုံစံထွက်မလဲဆိုတာထက် လုပ်ရတဲ့ စိုက်ရတဲ့ စိုက်ပျိုးရေးပညာရှင်တွေရဲ့ ဘဂကို စာနာမိပါတယ်။ သူတို့ ပညာတွေအများကြီးတတ်တယ်၊ သိတယ်။ နိုင်ငံခြားပြန်တွေ။ တကယ့်ကိုတော်ကြတာတွေ။ မြန်မာ ပြည်က စိုက်ပျိုးရေးပညာရှင်တွေ တော်တယ်နော်။ တော်တော် တော်တယ်။ သို့သော်လည်းပဲ ကုမ္ပဏီတွေ ကို ရောက်သွားတဲ့အခါမှာ သူတို့မှာလည်းပဲ အဲဒီအထက်က ကုမ္ပဏီလုပ်ငန်းအကျိုးကိုပဲ ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် နိုင်ငံတော်စိုက်ပျိုးရေးဝန်ကြီးဌာနက တစ်နည်းနည်းနဲ့ဖြစ်စေ အဲဒီပညာပိုင်းလေးကို ဖြန့်ဝေ ဖို့ရာ နည်းလေးလိုနေမယ်လို့တော့ ယူဆမိပါတယ်။ ဒါလေးကိုလည်း အကြံပြုပါတယ်။

နောက်တစ်ခုက ဈေးကွက်အာမခံပါဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ ခုနကလည်း တောင်သူကြီးတစ် ယောက် ပြောသွားပြီးပါပြီ။ အဲဒါကတော့ ဘာဖြစ်သလဲဆိုတော့ တောင်သူတွေကို စိုက်ပျိုးရေးစရိတ်ချေးပေး တာအပြင် အားလုံးသော ပြောပြောနေတဲ့ မြန်မာနိုင်ငံရဲ့ အခြေခံစီးပွားရေးဟာ စိုက်ပျိုးရေးကို အခြေခံ တယ်။ ၇၀% ဟာ တောင်သူလယ်သမားတွေဖြစ်တယ်လို့ ဆိုထားရင် ဒီ ၇၀% သော ပြည်သူတွေအတွက် ဘယ်လိုအာမခံချက် ပေးမလဲဆိုတဲ့ ကိစ္စက စဉ်းစားဖို့လိုပါတယ်။ ခုနက နာမည်တော့ မမှတ်မိပါဘူး။ ပုဂ္ဂိုလ် တစ်ယောက်ပြောသွားပါတယ်။ ဈေးကွက်အာမခံသည်အထိ လုပ်ပေးပါဆိုတဲ့ ကိစ္စပေါ့နော်။ ဈေးကွက် အာမခံသည်အထိ လုပ်ပေးပါဆိုရင်တော့ ဒါကတော့ စိုက်ပျိုးရေးနဲ့ ကုန်သွယ်ရေးဌာနတစ်ခုတည်းနဲ့ ပြီးမယ် တော့ မဟုတ်ပါဘူး။ နိုင်ငံတော်အဆင့်ကကိုပဲ ပြန်ပြီးစီမံရမယ့် ကိစ္စပါ။ ဘာဖြစ်လို့လဲ ကျွန်တော်တို့ ဆရာ တို့ အသိပါ။ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့သည် စည်းဝေးတဲ့ အခါမှာလည်းပဲ ဒီပဲနှမ်းကုန်သည် များအသင်းက တစ်ဂက်၊ ကုန်သွယ်ရေးဝန်ကြီးဌာနက တစ်ဂက်စီ စုပေါင်းပြီးတဲ့အခါမှာ ပဲစဉ်းငုံ ဈေးတွေ ကျလာတဲ့အခါမှာ ဝယ်မယ်လို့ ကုန်သည်များက အကြံပေးတယ်။ ကုန်သည်များက အာမခံတယ်။ သူတို့ စစုတယ်။ သို့သော် ကုန်သွယ်ရေးဝန်ကြီးဌာနက မပါနိုင်ခဲ့ဘူး။ ဆောရီးပါနော် ဆရာ။ အဲဒီတော့ ကုန်သည် တွေက ကိုယ့်အရင်းအနှီးနဲ့ကိုယ်ဝယ်စုတယ်။ ဒါပေမဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက ပါဖို့ရာကြတော့ အခက်

အခဲတွေ အများကြီးဖြစ်သွားတယ်။ အခက်အခဲတွေ အများကြီးဖြစ်သွားတဲ့အခါကျတော့ ကျွန်တော် ဂန်ကြီး ဌာနကို အပြစ်မမြင်ပါဘူး။ ဘာလို့ လက်ရှိအခြေအနေအရ ဌာနတစ်ခုက နည်းနည်းလေး မမှားလိုက်နဲ့ ပိုင်းဆဲတာ။ ဟုတ်တယ်မလား။ နည်းနည်းလေး မချော်လိုက်နဲ့ ပိုင်းဆဲတာ။ အဲဒီလိုတွေ ဖြစ်နေတဲ့အခါကျ တော့ ပြည်သူတွေကလည်း ဒါတွေနားလည်မှုတော့ နည်းနည်းလေးလိုပါတယ်။ လုပ်တဲ့ကိုင်တဲ့နေရာမှာ မှားတာမှန်တာလေးတော့ နည်းနည်းလေးရှိမှာပဲ။ သို့သော် ဘာပဲပြောပြော စိုက်ပျိုးစရိတ် ချေးတာအပြင် ခုနက ဈေးကွက်အာမခံချက်ကလေးကို နိုင်ငံတော်ရဲ့ စီမံချက်တစ်ခုမှာ ထည့်ပြီးတော့မှ တောင်သူနဲ့အတူ လုပ်လိုက်လို့ရှိရင် ဘာဖြစ်လာမလဲဆိုရင် အထွက်နှုန်းတွေလည်းတိုးလာမယ်၊ စိတ်ပါလက်ပါတွေလည်း ဖြစ်လာမယ်။ ခုနကပြောတဲ့ ဈေးသည်ဆီမှာ တစ်လကို တစ်သိန်းနှစ်သောင်းနဲ့ သွားလုပ်နေတဲ့သူတွေက တောင်သူခွင်ထဲဝင်လာပါလိမ့်မယ်။ အခု တောင်သူခွင်မှာ လူမရှိတာ ခုနအဲဒါပါပဲ။ လေးယောက်လုပ်တာမှာ နှစ်ဆယ့်ငါးသိန်းလောက်ရနေတဲ့အချိန် ခုနကပြောတဲ့ ကလေးမလေးက လေးထောင့်ရှစ်ရာတောင် ရသေးတာ မဟုတ်ဘူး။ သို့သော် အဲဒါနဲ့ပဲ နယ်တွေမှာ လူမရှိတော့ဘဲ လူသားအရင်းအမြစ်တွေက မြို့ကြီး မှာရောက်တယ်။ နိုင်ငံခြားကို အခုထွက်နေတယ်။ ခုနက ကြားတဲ့ကိစ္စဟာ အင်မတန်စိတ်ပျက်စရာ ကောင်း ပါတယ်။ မနေ့ကပဲ ကျွန်တော်မေးခဲ့သေးတယ်။ အောင်လံဘက်ကို မေးတဲ့အခါကျတော့ အောင်လံဘက်မှာ မြေတွေ ပလပ်ပစ်နေတယ်။ စိုက်ပျိုးမြေတွေ ပလပ်ပစ်နေတယ်။ ကျွန်တော်ပြောတာကတော့ စိုက်ပျိုးမြေ ပလပ်ပစ်နေတာတော့ ကျွန်တော်တို့ ပခုက္ကူမှာလည်းရှိပါတယ်။ ရှိတယ်ဆိုတာက တစ်သီးကောင်းကောင်း လိုချင်လို့ မိုးဦးကျသီးနှံမှာ ပလပ်လိုက်တယ်။ ဒုတိယအသီး ဆောင်းသီးနှံမှာ ကောင်းအောင်ဆိုပြီး မိုးသီးနှံ မှာ ပလပ်လိုက်တယ်။ ဟုတ်ဘူးဗျ။ အဲဒီလိုမျိုးမဟုတ်ဘဲ တစ်နှစ်ပတ်လုံး ပလပ်လိုက်တဲ့မြေတွေရှိနေတယ်။ ဘာလို့ ပလပ်တာလည်းဆိုတော့ ခုနတောင်သူလုပ်တဲ့ စရိတ်နဲ့ နိုင်ငံခြားသွားတာတို့၊ မြို့တက်ပြီးတော့ အိမ်ဖော်လုပ်တာတို့တောင် အဆင့်တောင်မှ အာမခံချက်မရှိတဲ့ ဈေးကွက်ဖြစ်နေတာကို ဒီအတိုင်းကြည့်နေ မယ်ဆိုရင် ကျွန်တော်တို့ သီးနှံနှုန်းတွေ ကျလာပါလိမ့်မယ်။ အဲဒါဖြစ်တဲ့ အတွက် ဈေးကွက်အာမခံလေးကို နိုင်ငံတော်က ဘယ်နည်းနဲ့ပဲမဆို လုပ်သင့်ပါတယ်။ ဒီနေရာမှာ ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေနဲ့ နိုင်ငံတော် အနေနဲ့ သတ်မှတ်တဲ့ သင့်တော်တဲ့ဈေးကိုဂယ်မယ်၊ ဂယ်လို့ ရောင်းရတဲ့အခါမှာ ရှုံးမယ်။ ထားပါ။ သို့မဟုတ် နိုင်ငံတော်အနေနဲ့ ဂယ်တာဖြစ်တဲ့အတွက် အချိန်အတော်ကြာကြာလှောင်ပြီးတော့ ဈေးကွက်ကို ဖန်တီးနိုင် မယ်။ ရှုံးရင်လည်းပဲ ဒါကို Investment တစ်ခုလို့ပဲ သဘောထားလိုက်ပါ။ တချို့ပြောတာပေ့ါလေ။ ပညာရေး ရင်းနှီးမြှုပ်နှံမှုက ဆုံးရှုံးတာပဲဆိုတဲ့ အမြင်မျိုးလို့ သွားပြောလို့ မရဘူး။ မဆုံးရှုံးပါဘူး။ ဒီမှာလည်းပဲ နိုင်ငံတော် ကနေပြီး ရင်းနှီးမြှုပ်နှံမှုလုပ်မယ်ဆိုရင် နိုင်ငံတော် မဆုံးရှုံးပါဘူး။ ရေရှည်မှာ အကျိုးရှိလာလိမ့်မယ်လို့

ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အဲဒါမျိုးလေးတွေ မြှုပ်နှံပေးစေချင်ပါတယ်ဆိုတဲ့ အကြောင်းလေးတွေကို လည်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ခုက ...

**ဒေါက်တာဇော်ဦး**

ဆရာနည်းနည်းလေး ဖြတ်လိုက်ပါဦး။ ကျွန်တော်တို့ နောက် အဖွဲ့တွေလည်း ရှိနေသေးတော့။

**ပဲစဉ်းငုံ အစုအဖွဲ့**

ဟုတ်ကဲ့ ရပ်လိုက်ပါ့မယ် ဆရာ။ ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်။ ပြောရမယ်ဆိုရင်လည်း ရှည်မှာ မို့လို့။ ကျွန်တော်တို့အနေနဲ့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ခွင့်ပြုပါလို့ လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

**ဒေါက်တာဇော်ဦး**

ဟုတ်ကဲ့ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ။ နောက်ထပ် အဖွဲ့က ခြောက်ဖွဲ့က ကျန်နေသေးတယ်ဆိုတော့လေ။ အဲဒီတော့ ကျွန်တော် အခု နည်းနည်း သွားစရာလေးရှိလို့ဆိုပြီး ကျွန်တော့်ကို လာတောင်းပန်ထားတဲ့ အစေ့ထုတ်ပြောင်းပေါ့နော်။ အုပ်စု (၁၁) က ကိုမင်းခိုင်ကို ကျွန်တော် ဖိတ်ခေါ်လိုပါတယ်။ အခု လောလောဆယ်အထိက ကျွန်တော်တို့ အဓိက ပြဿနာ ဖြစ်နေတဲ့ မတ်ပဲ ပဲစဉ်းငုံ ကိစ္စကတော့ တော်တော်တိကျတဲ့ အဖြေထွက်ပါတယ်။ အများစုကလည်း အစေ့ ထုတ်ပြောင်းစိုက်မယ်ဆိုတော့ အစေ့ထုတ်ပြောင်းစိုက်ကြတဲ့သူတွေရဲ့ စဉ်းစားချက်ကို နားထောင်ကြည့်ဖို့ ကောင်းပါတယ်ခင်ဗျ။

❑ ❑ ❑

# ပြောင်းအစုအဖွဲ့တွင် ပါဝင်ဆွေးနွေးသူများအမည်စာရင်း

ပြောင်း (ရှမ်း၊ နေပြည်တော်၊ ပဲခူး) စားပွဲဝိုင်း (၁၁)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးလှသော် | တောင်ကြီး | ရှမ်း |
| ၂ | ဦးစိုးအောင် | တောင်ကြီး | ရှမ်း |
| ၃ | ဦးမင်းအောင် | တောင်ကြီး | ရှမ်း |
| ၄ | ဦးသောင်းမြင့် | လယ်ဝေး | နေပြည်တော် |
| ၅ | ဦးကြည်စိုး | လယ်ဝေး | နေပြည်တော် |
| ၆ | ဦးကျော်ဦး | ရေတာရှည် | ပဲခူး |
| ၇ | ဦးဂင်းလှိုင် | မိုးညို | ပဲခူး |
| | | | |
| (ခ) | **မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ် ရောင်းသူများအသင်း** | | |
| ၁ | ဦးမင်းနိုင် | ဥက္ကဋ္ဌ | |
| | | | |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးအောင်ထွန်း | အလုပ်အမှုဆောင် | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးစိုင်းညွှန့်ဦး | ဥက္ကဋ္ဌ | ရှမ်းပြည်နယ် |
| | | | |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဒေါက်တာအောင်ကျော်ညွှန့် | အလုပ်အမှုဆောင် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးကျော်မြင့် | အလုပ်အမှုဆောင် | မိတ္ထီလာကုန်စည်ဒိုင် |
| | | | |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးတင့်ဆန်း | ဒုတိယညွှန်ကြားရေးမှူး | ကရင်ပြည်နယ် |
| | | | |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးကျော်မောင်မောင် | ဒုတိယပြည်နယ်ဦးစီးမှူး | ကရင်ပြည်နယ် |
| | | | |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဒေါ်နန်းဆိုင်းပင် | Sr. Program Coordinator | |
| | **စုစုပေါင်း** | ၁၅ | ဦး |



# အစေ့ထုတ်ပြောင်း အစုအဖွဲ့စားပွဲဝိုင်း (၁၁) မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

အားလုံးမင်္ဂလာပါ။ ဒီနေ့ကတော့ ကျွန်တော်တို့ ခေါင်းစဉ်တပ်ထားလို့သာ ပြောင်းလို့သာ လာရတာ။ တကယ်တမ်း တော်တော်များများဆွေးနွေးတာတော့ ပဲဈေးကွက်ပြဿနာတက်တဲ့ ကိစ္စတွေပေ့ါ။ အမှန်မှာလည်း ကျွန်တော်လည်း အရင်မိတ်ဆက်ပါရစေ။ ကျွန်တော်က ဦးမင်းခိုင်ပါ။ လက်ရှိယူထားတဲ့တာဝန်က မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌပါ။ ကျွန်တော်တို့ လုပ်ငန်းတာဝန်တွေ အနေနဲ့ နယ်ဘက်ကိုလျှောက်သွားတဲ့အခါမှာ တောင်သူတွေရဲ့ ပဲစိုက်တောင်သူတွေရဲ့ အသံကိုကြားရတာ တစ်နှစ် နှစ်နှစ်ကျော်ပါပြီ။ လက်တွေ့လည်းမြင်ခဲ့ရပါတယ်။ ကျွန်တော့်ဇာတိက ဧရာဝတီတိုင်းက။ အထူးသဖြင့်ဆိုရင် မတ်ပဲဒုတိယအများဆုံးထွက်တဲ့နေရာကပါ။ အဲဒီလိုနေရာကနေဖြစ်နေတဲ့အခါမှာ တချို့ တောင်သူတွေကလည်း စိတ်ပျက်တာတွေရှိတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီနေရာမှာ ဒီမှာရှိတဲ့ ဧည့်တွေ အကုန်သိပြီးသားဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညှာပါတယ်။ ကျွန်တော်တို့ အဖွဲ့ (၁၁) ရဲ့ ခေါင်းစဉ်က ပြောင်းနဲ့ ပတ်သက်ပါတယ်။ ပြောင်းနဲ့ပတ်သက်တဲ့အခါမှာ ကျွန်တော်တို့မှာ ပဲစိုက်မလား မစိုက်ဘူးလား ငြင်းစရာလည်း မရှိတဲ့အတွက်ကြောင့် ပြောင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့က ရှင်းပြပ့ါမယ်။ ပြောင်းက အခု တော်တော် များများကတော့ ပြောင်းပြန်စိုက်မယ်လို့ ပြောတဲ့အခါမှာ တစ်ခုတော့ သတိထားစေချင်ပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ငါးပွက်ရာ ငါးစာချကြတယ်။ ပဲ...ပဲဟော့ ပဲဝိုင်းစိုက်လိုက်ကြတယ်။ ပြဿနာ

တက်တယ်။ အခု အခြေအနေမကောင်းဘူး။ ဒါပေမဲ့ ကံကောင်းနေတာတစ်ခုရှိတယ်။ ပြောင်း။ အဲဒီပြောင်း က ဒီနှစ်ဆိုရင် တစ်တင်းကို သောင်းနှစ်ထောင်ဂန်းကျင်လောက် ရောင်းရတဲ့အခါမှာ တစ်ဧကကို (၈၀) လောက်ထွက်ရင် ဘာပဲပြောပြော ဆယ်သိန်းဂန်းကျင်လောက်ရတယ်။ အရင်းက လေးသိန်းလောက်ရ တယ်။ ကိုက်တယ် ပြောင်း…ပြောင်းဆိုရင် တစ်ချက်တော့ ကျွန်တော် သတိပေးပါရစေ။ အဲဒီပြောင်းဟာ ၂၀၀၆ ခုနှစ်က ကျွန်တော်တို့ ကိုယ်တိုင် စိတ်ပျက်ပြီးတော့ ထွက်ပြေးချင်လောက်အောင်ဖြစ်ခဲ့တဲ့ပြောင်းပါ။

ပြောင်းတွေအပုံလိုက် လယ်တွေမှာ ပုံခဲ့ရပါတယ်။ တရုတ်ကမဂယ်ပါဘူး။ အကြမ်းဖျဉ်းပြောရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဌာနဆိုင်ရာပုဂ္ဂိုလ်များလည်းရှိပါတယ်။ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ စွမ်းဆောင် နိုင်သလောက် စွမ်းဆောင်နေတဲ့ကြားထဲက ဘယ်သီးနှံမှ အာမခံချက် မရှိပါဘူး။ ကျွန်တော်တို့ နိုင်ငံမှာ အာမခံချက်ရှိတဲ့ သီးနှံဟာ အနည်းအကျဉ်းသော သီးနှံ၊ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ မြန်မာပြည်သူ ပြည်သားများစားနေတဲ့ Stable Crop က လွဲရင် ကျန်တာတွေက ဘယ်ဟာမှ၊ သူများနိုင်ငံတွေကို တင်ပို့ရတဲ့အခါမှာ ကျွန်တော်တို့ အကြောင်းကြောင်းကြောင့် ဘယ်နည်းမှ အဆင်မပြေနိုင်ဘူး။ လောလော ဆယ်ပြောင်းက အဆင်ပြေတယ်ဆိုတဲ့အတွက် ပြောင်းအကြောင်းလေး အရင်ပြောပါရစေ။ မြန်မာနိုင်ငံမှာ အစေ့ထုတ်ပြောင်းစိုက်မယ်ဆိုရင် ပြောင်းရဲ့အသက်က ရေ၊ နံပါတ်နှစ် အစာပါ။ ဒါကြောင့်အခြားသီးနှံထက် စာရင် ပြောင်းသည် အရင်းအနှီးကြီးပါတယ်။ သက်သက်သာသာ စိုက်နေတဲ့ အခုစိုက်လေ့စိုက်ထရှိနေတဲ့ တောင်ပေါ်ဒေသ မိုးပြောင်းဟာ နှစ်သိန်းခွဲနဲ့ သုံးသိန်းကြားအရင်းရှိပြီးတော့ မြေပြန့်ဒေသ မြန်မာနိုင်ငံ အောက်ပိုင်းမှာ ပဲခူးတိုင်း၊ မကွေး၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းမှာ စိုက်နေတဲ့ နေရာတွေဟာ သွင်းအားစု အားဖြင့် အရင်းလေးသိန်းလောက် ကျပါတယ်။ ဈေးနှုန်းကောင်းတဲ့ နှစ်မှာတော့ မထင်မှတ်ဘဲ ရှစ်သိန်းကိုး သိန်းမြတ်တဲ့ ဒီလိုနှစ်လို အခြေအနေရှိပေမယ့် တကယ်တော့ သာမန်လိုပါပဲ လေးသိန်းရင်းရင် လေးသိန်း လောက်မြတ်ပါတယ်။ ဒါပေမဲ့ တွက်ချေကိုက်တယ်လို့ ပြောလို့တော့ရတယ်။

ကျွန်တော်တို့ ဒီပြောင်းဟာလည်း အန္တရာယ်ရှိတဲ့အထဲမှာပါတယ်။ အဲဒါဟာ ဘာလဲဆိုတော့ ကျန်တဲ့ ပစ္စည်းထက်စာရင် ပြောင်းက အခုနောက်ပိုင်း နည်းနည်းသက်သာတာက ၂၀၁၆ နောက်ပိုင်းမှာ စီးပွား/ ကူးသန်းဂန်ကြီးဌာနကော ကျွန်တော်တို့ အသင်းက ရတဲ့ Data အရဆိုရင် စိုက်ထားတဲ့ မြန်မာနိုင်ငံမှာ ရှိသမျှ ပြောင်းဟာ တန်ချိန်နှစ်သန်းခွဲလောက် ထွက်ပါတယ်။ Dormiste consumption လို့ခေါ်တဲ့ ပြည်တွင်းက နှုန်းဟာ ၃၅% ပဲရှိတော့ ကျန်တဲ့ ၆၅% ကို တရုတ်ကိုပို့ရတယ်။ အခု ၂၀၁၇-၂၀၁၈ Data အရပြောရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြောင်းထွက်တဲ့ ပမာဏဟာ ၃.၆၁ သန်းရှိပြီးတော့ စီးပွားကူးသန်းရဲ့ Data အမှန်အရပြောရင် ၁.၆၇ မီလီယံတန်က ကျွန်တော်တို့ Boder Tade ကနေသွားပါတယ်။ တရားဝင်ကော

တရားမဝင်ကော ထွက်တယ်။ ကျန်တဲ့ဟာတွေက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်တွင်းအစာစပ်လုပ်ငန်းတွေရယ်၊ အယ်လ်ကိုဟော Production တွေရယ်၊ ကော်မှုန့်လုပ်တဲ့ လုပ်ငန်းတွေက ၅၀% လောက်သုံးပါတယ်။ ဒါကတော့ ကျန်တဲ့ နိုင်ငံခြားကို မှီခိုရတဲ့ သီးနှံထက်စာရင် ပြောင်းကတော့ နည်းနည်းသက်သာတယ်။ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်က သတိပေးချင်တာက ပြောင်းဟာ နေရာမရွေးစိုက်လို့ရတဲ့ သီးနှံမဟုတ်ပါဘူး။ ရေမရရင် စိုက်လို့မရပါဘူး။ နံပါတ်တစ် ရေရတဲ့နေရာ၊ ဥပမာ မြစ်ချောင်းအင်းအိုင်နဲ့ နီးတဲ့နေရာ ဒါမှမဟုတ် မြေအောက်ရေလည်တဲ့ နေရာတွေမှာစိုက်လို့ရပါတယ်။ အရင်းအနှီးကြီးပါတယ်။ ထွက်နှုန်းကောင်းအောင် နည်းစနစ်တွေ အများကြီးလိုအပ်ပါတယ်။ အခု ကျွန်တော်က မြန်မာနိုင်ငံပြောင်းအသင်းဥက္ကဋ္ဌဖြစ်တဲ့အခါမှာ ပြောင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတောင်သူတွေ ဘယ်ဒေသမှာရှိရှိ၊ အကယ်၍များ အခြားသီးနှံကို မရွေးဘဲနဲ့ ငါတို့နဲ့ကိုက်ညီတယ်ဆိုပြီးတော့ ပြောင်းသီးနှံကို ရွေးချယ်ဆိုရင် ပြောင်းနဲ့ပတ်သက်တဲ့ နည်းစနစ်၊ စိုက်နည်းစနစ်ပိုင်းဆိုင်ရာကို မြန်မာ့စိုက်ပျိုးရေးဌာနနဲ့ပူးပေါင်းပြီးတော့ နည်းစနစ်ပေးတဲ့ ဥစ္စာကို ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့ ကူညီဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အဓိကပြောချင်တာက သီးနှံတစ်ခုတည်းကို စုပြုံစိုက်တာမျိုးမဖြစ်စေချင်ပါဘူး။ သူများနိုင်ငံတွေမှာ ဘာပဲပြောပြော သူတို့ဒေသနဲ့ သူတို့ quota system လို့ခေါ်တဲ့ သူတို့နိုင်ငံရဲ့ Dormiste consumption ရယ်၊ Export Quality ကို အစိုးရရယ်၊ ဒီဘက်က State Holder တွေနဲ့ ပေါင်းပြီး စနစ်တကျ ပေါင်းပြီးတဲ့အခါမှာ ဘယ်ပစ္စည်းက ပြည်တွင်းစားသုံးမှုဘယ်လောက်ထုတ်တယ်။ ဘယ်ပစ္စည်းကို Export လုပ်မယ်ဆိုပြီးတော့ တွက်ချက်ပြီးတော့ စိုက်ပျိုးထားတာဖြစ်တဲ့အတွက် သီးနှံတစ်ခုတည်းကို စုပြုံစိုက်တာမျိုးမလုပ်မိဖို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်ဦး**

ကျေးဇူးအများကြီးတင်ပါတယ်။ မအားလပ်တဲ့ကြားကနေ အခုလိုလာဆွေးနွေးပေးတဲ့အတွက်ပါ။ သေချာတာကတော့ အစေ့ထုတ်ပြောင်းဟာ တော်တော်များများ တွက်ချက်မှုအရဆိုရင် တွက်ချေကိုက်နိုင်တဲ့ သီးနှံတစ်ခု ဖြစ်တယ်ဆိုတော့ အားလုံးကလည်း စိတ်ဝင်စားကြတာလည်း ဖြစ်ပါတယ်။ အဲဒီတော့ ဒါဟာ ပဲနဲ့တုန်းကလည်း ရွှေခေတ်ရောက်တယ်။ အင်မတန်မှ ကြီးမားတဲ့ ဈေးကွက် အိမ်နီးနားချင်းနိုင်ငံ ဈေးကွက်လည်းရှိတယ်။ ဒါပေမဲ့ အခုဆိုရင် ဈေးကွက်ပျက်တယ်။ ပြောင်းကလည်း အင်မတန်မှ ကြီးမားပြီးတော့ အင်မတန်မှ ဂယ်လိုအားကောင်းတဲ့ တရုတ်နိုင်ငံ၊ ဒါပေမဲ့ သူ့ရဲ့ အပြောအရဆိုရင် ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်လောလောလတ်လတ်မှာကော အတော်ကို ဈေးကွက်ပျက်ခဲ့တဲ့ ပြဿနာရှိခဲ့တယ်။ အဲဒီတော့ ဒါတွေအားလုံးဟာ ကျွန်တော်တို့ ဈေးကွက်ရဲ့ အခက်အခဲနဲ့ ပြဿနာတွေအားလုံးကို စေ့စေ့ငငသိရှိနားလည်ထားဖို့ က

အင်မတန် အရေးကြီးပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ သုတေသီတွေလည်း အတတ်နိုင်ဆုံးကြိုးစားပြီး အထူးသဖြင့် ပြောင်းရဲ့ Value Change ကိုလည်း ကျွန်တော်တို့ လေ့လာဖို့ စီစဉ်ထားပါတယ်ခင်ဗျ။

အခုပြန်ပြီးတော့ အုပ်စုအစီအစဉ်အတိုင်း ပြန်သွားမယ်ဆိုရင် ဖိတ်ခေါ်ချင်တာကတော့ ပဲတီစိမ်း ဖြစ်ပါတယ်။ ပဲတီစိမ်း အုပ်စု (၆) ပါခင်ဗျ။

❑ ❑ ❑

# ပဲတီစိမ်းအစုအဖွဲ့တွင် ပါဝင်ဆွေးနွေးသူများအမည်စာရင်း

ပဲတီစိမ်း (ရန်ကုန်၊ မန္တလေး၊ နေပြည်တော် (တပ်ကုန်း)) စားပွဲဝိုင်း (၆)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးသိန်းကျော် | သုံးခွ | ရန်ကုန် |
| ၂ | ဦးရဲမြင့် | သုံးခွ | ရန်ကုန် |
| ၃ | ဦးဌေးဝင်း | ခရမ်း | ရန်ကုန် |
| ၄ | ဦးသန်းစိုး | တိုက်ကြီး | ရန်ကုန် |
| ၅ | ဦးဝင်းမြင့် | ထန်းတပင် | ရန်ကုန် |
| ၆ | ဦးသိန်းဆွေ | မြင်းခြံ | မန္တလေး |
| ၇ | ဦးအောင်လင်း | ရမည်းသင်း | မန္တလေး |
| ၈ | ဦးမောင်မောင် | ပျော်ဘွယ် | မန္တလေး |
| ၉ | ဦးကျော်လေး | တပ်ကုန်း | နေပြည်တော် |
| ၁၀ | ဦးကြည်လင်စိုး | တပ်ကုန်း | နေပြည်တော် |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဒေါက်တာမင်းဇော် | ဗဟိုအလုပ်အမှုဆောင် | မြန်မာနိုင်ငံ ပဲ/နှမ်းအသင်း |
| ၂ | ဦးတင်အောင်မိုး | အလုပ်အမှုဆောင် | မန္တလေးတိုင်းဒေသကြီး |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဒေါက်တာကျော်ဝင်း | အတွင်းရေးမှူး (၁) | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးသန်းထိုက် | ဥက္ကဋ္ဌ | နတ်တလင်းကုန်စည်ဒိုင် |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးရွှေဖြူ | ခရိုင်ဦးစီးမှူး(ရန်ကုန်တောင် | ရန်ကုန်တိုင်းဒေသကြီး |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးဆန်းထွန်းဝင်း | တောင်ပိုင်းခရိုင်ဦးစီးမှူး | ရန်ကုန်တိုင်းဒေသကြီး |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဒေါ်ငုဝါဝင်း | Policy Coordinator | |
| | **စုစုပေါင်း** | ၂၀ | ဦး |




ပဲတီစိမ်း အစုအဖွဲ့ စားပွဲဝိုင်း (၆) မှ ဆွေးနွေးထုတ်ဖော်ချက်များအား
ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

အားလုံးကြွရောက်လာတဲ့ နိုင်ငံတော်အကြီးအကဲများကော၊ ဌာနဆိုင်ရာ အကြီးအကဲများကော၊ ကျွန်တော်တို့ ကုန်သည်ကြီးများအသင်းက ပုဂ္ဂိုလ်တွေကော၊ နိုင်ငံတစ်ဝန်းက လာတဲ့ တောင်သူတွေကော အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်က တောင်သူ ဦးရဲမြင့်ဖြစ်ပါတယ်။ မြန်မာ့ပဲမျိုးစုံ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော်တို့ ဆွေးနွေးကြတဲ့အခါမှာ ဒီဟာလေးကိုပဲ ကျွန်တော်နည်းနည်းလေး အရင်ပြောလိုက်ချင်ပါတယ်။ ဒီနေရာမှာ စိုက်ပျိုးထုတ်လုပ်ဆိုတာက တစ်ပိုင်းပါ၊ တစ်ပို့ရောင်းချဆိုတာက တစ်ပိုင်းပါ။ အဲဒီ နှစ်ပိုင်း ပေါင်းစပ်မှု အားနည်းနေရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လုံးဝဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါကတော့ သေချာပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ ကျွန်တော်တို့ ထုတ်လုပ်တဲ့ တောင်သူတွေ အနေနဲ့ ဝယ်ယူရောင်းချတဲ့ ကုန်သည်တွေ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှု၊ တွေ့ဆုံမှု၊ ပူးပေါင်း ဆောင်ရွက်မှု အားနည်းနေတာ၊ အဲဒီအားနည်းချက်ကလေးကို ဖြည့်လိုက်ရင် အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုး တက်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဒါက ကျွန်တော့်ရဲ့ အတွေးပါ။ ဒါက ဖြစ်ချင်လည်း ဖြစ်ပါ လိမ့်မယ်။

ကျွန်တော်တို့ အခုက ဆရာဦးဇော်ဦးပြောတဲ့ ခေါင်းစဉ်တွေအောက်မှာ ဆွေးနွေးကြတဲ့အခါမှာ မတ်ပဲနဲ့ ပဲစဉ်းငုံ စိုက်သင့်/မစိုက်သင့်ဆိုတာ၊ အဲဒီတော့ ကျွန်တော်ရှေ့ကနေမတ်ပဲစိုက် တောင်သူတွေ တော်တော်များများကတော့ မတ်ပဲမစိုက်သင့်တော့ပါဘူးလို့ပြောတယ်။ မတ်ပဲ မစိုက်သင့်တော့ဘူးဆိုရင် မတ်ပဲရောင်းချတဲ့ ဈေးကွက်ကြီးကို ကျွန်တော်တို့ လက်လွှတ်ဆုံးရှုံးခံလိုက်မလားဆိုတဲ့ အတွေးလည်း တွေး ကြပါလို့ ကျွန်တော်တို့လည်း ပြောချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အိန္ဒိယက မဝယ်လို့ ကျွန်တော် တို့က မတ်ပဲမစိုက်တော့ဘူးဆို့ရင် မတ်ပဲမထွက်တော့ဘူး။ မတ်ပဲမရှိတော့တဲ့အချိန်ကျမှ အိန္ဒိယက ဝယ်ချင် ပါတယ်ဆိုတော့မှ ကျွန်တော်တို့ဆီက ပြန်ပြီးမရောင်းနိုင်တော့ဘူးဆိုရင် ကျွန်တော်တို့ ရောင်းမယ့်ဈေးကွက် ထဲကို တခြားလူက ဝင်ရောင်းသွားလိမ့်မယ်။ နောက်ပြန်စိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ဈေးကွက် ပျောက်လိမ့်မယ်။ ဒီအချက်ကလေးကိုတော့ နည်းနည်းတော့ စဉ်းစားသင့်တယ်လို့ ကျွန်တော်ကတော့ တင်ပြချင်ပါတယ်။ စိုက်တာပျိုးတာ မတ်ပဲစိုက်သင့် မစိုက်သင့်ဆိုတာကတော့ ပဲစိုက်တောင်သူတွေရဲ့ အတွေးအခေါ်ပါပဲ။ သူတို့စိုက်ချင်ရင်လည်းစိုက်မယ်။ ဒါပေမဲ့ ဒီမှာ နေပြည်တော်က တင်ပြသွားသလို အတိုင်းအတာလေးတစ်ခု စိုက်ပေးမယ်ဆိုတဲ့ ဟာလေးကတော့ ကျွန်တော်တို့ လက်ခံနိုင်တဲ့ အနေအထား ပါပဲ။ ဒါလေးကတော့ အင်မတန်ကောင်းတယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။

နောက် မတ်ပဲနဲ့ ပဲစဉ်းငုံကနေပြီးတော့ ပဲတီစိမ်းပြောင်းစိုက်ဖို့ ပြောသွားတာလည်း ရှိပါတယ်။ မတ်ပဲ စိုက်တောင်သူတွေကိုလည်း ကျွန်တော်တို့ သနားဖို့ကောင်းပါတယ်။ သူတို့ မတ်ပဲမစိုက်ရရင် ဘာစိုက်လို့ စိုက်ရမှန်းမသိတော့ဘူး။ အနီးစပ်ဆုံး ပဲတီစိမ်းကိုပဲ သဏ္ဍာန်တူတဲ့ ညီအစ်ကိုလိုတော်နေတဲ့ ပဲနှစ်မျိုးဖြစ်နေ တာဆိုတော့ ပဲတီစိမ်းကို ပြောင်းစိုက်မယ်ဆိုရင်တော့ အဲဒီမှာ တစ်နိုင်ငံလုံးများ ပဲတီစိမ်းကို ပြောင်းစိုက် မယ်ဆိုရင် ဘာဖြစ်မယ်တုန်း။ ထုတ်လုပ်တာတွေ များလာမယ်။ ဟိုဘက်က ဝယ်လိုအားက ထုတ်လုပ်တာ တွေများလာရင် ဝယ်လိုအားက များလာရင်တော့ ဟုတ်ကဲ့၊ မများဘူးဆိုရင်တော့ ကျွန်တော်တို့ ပဲတီစိမ်း မှာလည်း ဈေးကွက်ကိုလာပြီးတော့ ထိခိုက်နိုင်တယ်လို့ ကျွန်တော်သုံးသပ်ပါတယ်။ ဈေးကွက် ပျက်သွားတဲ့ အဆင့်တော့ မဟုတ်ပါဘူး။ ဈေးကွက်ကို လာပြီးထိရောက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြောင်းစိုက်မယ်ဆို ရင်လည်း ဒါက ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်က ပဲတီစိမ်းစိုက်တဲ့ ဒေသိယာဖြစ်ပါတယ်။ သန်လျင် ကျောက်တန်း၊ ခရမ်း၊ သုံးခွ ကျွန်တော်တို့ လေးမြို့နယ် ပဲတီစိမ်း တွေက ကျွန်တော်တို့ နိုင်ငံမှာတင်မဟုတ် ပါဘူး ကမ္ဘာမှာ အဆင့်အတန်းမီတဲ့ ပဲတီစိမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ဆီက မျိုးကိုယူပြီးတော့ ဧရာဝတီ တိုင်းမှာစိုက်လည်း ကျွန်တော်တို့မျိုးလောက် ကျွန်တော်တို့ Quality လောက်မကောင်းဘူး၊ ရေနံချောင်း ဘက် ယူပြီးစိုက်လည်း ကျွန်တော်တို့ Quality လောက်မကောင်းဘူး။ နေပြည်တော်မှာ စိုက်တယ်၊

ကျွန်တော်တို့ လေးမြို့နယ်ရဲ့ ပဲ Quality ကို မမီဘူး။ အဲဒီတော့ ကျွန်တော်တို့ သုံးခွ၊ ခရမ်း ပဲဈေးကောင်းတယ်ဆိုပြီးတော့ ပဲတီစိမ်းကို ပြောင်းစိုက်ရင်လည်း ကျွန်တော်တို့လောက်တော့ ဈေးရမှာမဟုတ်ဘူးလို့တော့ အခုကတည်းက ကြိုပြောသွားပါတယ်။

နောက် အရည်အသွေး။ ပြီးခဲ့တဲ့ နှစ်ကတည်း အတော်များများ အဲဒီကိစ္စဆွေးနွေးပါတယ်။ သူက မြန်မာပြည်က ပဲတွေပို့လိုက်လို့ရှိရင် ဓာတ်ကြွင်းအာနိသင်တွေပါတယ် ဆိုတော့ ဒီနေ့ ဆွေးနွေးပွဲမှာ ကျွန်တော့်အမြင်ပြောရရင်တော့ အဖွဲ့အစည်းတစ်ခုလိုနေတယ်။ အဲဒီ အဖွဲ့အစည်းက ဘာလဲဆိုတော့ စိုက်ပျိုးထုတ်လုပ်သူတွေနဲ့ အမြဲတမ်းပေါင်းသင်းဆက်ဆံနေရတဲ့ စိုက်ပျိုးရေးဆေးကုမ္ပဏီတွေ အဲဒီ အဖွဲ့အစည်းမှာ ပါလာဖို့လိုအပ်တယ်။ နောက်အစည်းအဝေးတွေကျရင် အဲဒီအဖွဲ့အစည်းတွေကိုလည်း ဖိတ်ဖို့လိုပါတယ်။ ဓာတ်ကြွင်းအာနိသင်ကို သူတို့ဘယ်လိုဖြေရှင်းပေးမလဲဆိုတာ ကျွန်တော်တို့ပြောတာထက် သူတို့ပြောတာ ပိုပြီး သဘာဝကျပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်တဲ့ သူတွေနဲ့ ဒီက ကုန်သည်ရောင်းဝယ်တဲ့သူတွေ၊ အဲဒီလူတွေ နှစ်ခုကြားမှာ ဓာတ်ကြွင်းပြဿနာကို ဖြေရှင်းပေးရမယ့် ပုဂ္ဂိုလ်က ဒီအစည်းအဝေးမှာ မပါဘူး။ နောက်ကျရင်တော့ အဲဒီဟာလေးပါထည့်ပြီးတော့ လုပ်ပေးပါလို့ ကျွန်တော်တို့အနေနဲ့ မေတ္တာရပ်ခံအပ်ပါသည်။ ဒါမှလည်း သူတို့ဘာလုပ်ပေးမလဲဆိုတာ ကျွန်တော်တို့ အဖြေထွက်လို့ရပါတယ်။

နောက်တစ်ချက်က ဒီဓာတ်ကြွင်းကိစ္စတွေ ပါလာတဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီဓာတ်ကြွင်းကို စစ်တာဆေးတာ ဘာမှလုပ်လို့မရဘူးဖြစ်နေတယ်။ အဲဒီဟာကလည်း အားနည်းချက်က တော်တော်ကို ကြီးမားတယ်။ ကျွန်တော်တို့က မင်းတို့မှာ ဓာတ်ကြွင်းပါတယ်ဆိုတာနဲ့ပဲ ကျွန်တော်တို့က ဓာတ်ကြွင်းပါလိုက်ရကော။ တကယ်လို့ ကျွန်တော်တို့ နိုင်ငံမှာ သို့မဟုတ် မြို့နယ်မှာ စိုက်ကွင်းဇရိယာတွေထဲမှာ ဒီဟာကို ဓာတ်ကြွင်းကို စစ်ဆေးပေးနိုင်တဲ့ ဓာတ်ခွဲနိုင်တဲ့ ဟိုဒင်းတွေရှိမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပစ္စည်းကို မင်းတို့ကသာ ပြောနေတာ ငါတို့ဒီမှာ စစ်တာ ဓာတ်ကြွင်းမပါဘူးကွဆိုပြီး တိုက်ရိုက်ပြောလို့ရတယ်။ ဒါပေမဲ့ ဘာမှပြောလို့မရဘူး။ ယူသွားတယ်။ ဓာတ်ကြွင်းပါတယ်၊ မပါဘူး သူတို့ပြောချင်ရာပြော ကျွန်တော်တို့ လုပ်ပေးနေရတဲ့ အနေအထားရှိတယ်။ ဒါကြောင့်မို့လို့ ဖြစ်နိုင်ရင်တော့ စိုက်ပျိုးရေးဌာန အတော်များများမှာ တိုင်းအဆင့် ဒါမှမဟုတ် မြို့နယ်အဆင့်ပေါ့ဗျာ ကျွန်တော်တို့ မြို့နယ်တွေလို ဧက လေးငါးသိန်းတစ်စပ်ဆက်တည်း စိုက်တဲ့ ဇရိယာမျိုးတွေမှာ ဒီလိုအလုပ်ရုံတွေရှိဖို့တော့ လိုအပ်ပြီလို့ တင်ပြချင်ပါတယ်။

နောက်တစ်ချက်က စိုက်ကြပျိုးကြပြီဆိုရင်တော့ ပိုက်ဆံလိုလို့ စိုက်ကြတာပဲ။ ပွင့်ပွင့်လင်းလင်းပြောရင် ကျွန်တော် ဈေးကောင်းရချင်တယ်။ မစိုက်ခင်ကတည်းကများ ကျွန်တော်တို့ သတင်းပေါ့ ဈေးကွက်

သတင်းအတိုင်းအတာလေးတစ်ခုရမယ်ဆိုရင် စိုက်ရပျိုးရတာ တော်တော်လေး အဆင်ပြေပါလိမ့်မယ်။ သတင်းမရတဲ့အခါကျတော့ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ကလည်း ဘယ်လိုပြောမလဲ စိုက်သာစိုက်နေရတယ် သီးနှံပေါ်လာတဲ့အချိန်မှာ ပေးတဲ့စျေးရနေတယ်။ ကုန်သည်ကြီးများကို ကျွန်တော်ပြောချင်တာက ကျွန်တော်တို့အနေနဲ့ ကုန်သည်ကြီးများနဲ့ ပေါင်းလာတာ အနှစ်ပေါင်းကို ဆယ်စုနှစ် နှစ်စုသုံးစုလောက်ဖြစ်နေပြီ။ ကျွန်တော်တို့ဆီကို အဲဒီလို စျေးကွက်သတင်းပေးဖို့ တစ်ခါမှ မရှိခဲ့ဘူး။ ဒီဥစ္စာကတော့ ရှေ့လျှောက်ကျွန်တော်တို့ အဲဒီဥစ္စာ ပေါင်းပြီးတော့လုပ်မှ ရမယ့် အနေအထားဖြစ်ပါတယ်။ နောက်ပစ္စည်းကောင်းကောင်းရဖို့ဆိုရင်လည်း ကျွန်တော်တို့ဘက်ကို ဒီက စိုက်ပျိုးထုတ်လုပ်သူနဲ့ တင်ပို့ရောင်းချသူနှစ်ယောက် တကယ့်ကို လက်တွဲဆောင်ရွက်မှ ပစ္စည်းကောင်းကောင်းရမှာဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ကျွန်တော်တို့က ဘယ်တော့မှ ပစ္စည်းကောင်းကောင်းမရနိုင်တော့ပါဘူး။ တင်ပို့သူက ဒီမျိုးကိုစိုက်ပါ၊ ဒီလိုလုပ်ပါ။ နည်းပညာလည်းပေးမယ်။ မျိုးလည်းပေးမယ်။ ဒါမှမဟုတ် ရှိပြီးသားမျိုးတွေထဲကပဲ ဥပမာဆိုကြပါစို့ ပဲတီစိမ်းဆိုရေဆင်း ၁၄ ကို လိုချင်တယ်၊ ရေဆင်း ၉ ကို လိုချင်တယ်။ ဒီမျိုးကို စိုက်ပေးပါ။ ဒီစျေးတော့ အောက်ခံစျေးဘယ်လိုရှိမယ်။ ဆေးဝါးသုံးစွဲတာမှ ခုနက ကုမ္ပဏီတွေနဲ့ ဘယ်ကုမ္ပဏီက ဆေးတွေကိုသုံးမယ်၊ နောက်ထွက်လာတဲ့စျေးနှုန်းကို ကျွန်တော်တို့က ကြမ်းခင်းစျေးရှိတယ်၊ အမြင့်စျေးရှိတယ်။ အခု အတွေ့အကြုံတစ်ခုပြောပြမယ်။ ထီးချိုင့်ဘက်မှာ ကျွန်တော့်တူတစ်ယောက်ရှိတယ်။ ကြံလုပ်တယ်။ ကြံစိုက်တဲ့အခါကျတော့ ကုမ္ပဏီကနေပြီးတော့ Garet Wall ကနေပြီးတော့ တောင်သူတွေကို ငါးသိန်းကြိုချေးတာတို့ဘာတို့လုပ်တယ်။ အဲဒီမှာ စျေးကွက်သတ်မှတ်ချက်လေးတစ်ခုလုပ်ပေးတယ်။ စျေးကွက်က အနိမ့်ဆုံးစျေးကို နှစ်သောင်းခွဲထားပေးတယ်။ အမြင့်ဆုံးစျေးကွက်ကို လေးသောင်းခွဲထားပေးတယ်။ သူတို့ အဲဒီမှာ တောင်သူနဲ့ စာချုပ်တဲ့နေရာမှာ အနိမ့်ဆုံးစျေးကွက်ရဲ့ အောက်ကို ရောက်သွားရင်လည်း အနိမ့်ဆုံးစျေးနဲ့ ကုန်သည်ကဂယ်ပေးရတယ်။ အမြင့်ဆုံးစျေးနဲ့ အပေါ်ကို ရောက်သွားရင်လည်း သတ်မှတ်ထားတဲ့ အမြင့်စျေးနဲ့ပဲ တောင်သူကို ငွေချေရတယ်။ အဲဒီကြားထဲမှာမှ ဖြစ်နေရင်လည်း ကာလပေါက်စျေးနဲ့ ငွေချေသွားတဲ့စနစ်ကိုသုံးတယ်။ ဒါက တွေ့ရတဲ့ အနေအထားကိုပြောတာပါ။ ကျွန်တော်တို့ လုပ်နိုင်မလုပ်နိုင်ဆိုတာကတော့ တစ်မျိုးဖြစ်ပါလိမ့်မယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ပဲစိုက်ပျိုးမှုတိုးတက်အောင်လုပ်မယ်ဆိုရင် စိုက်ပျိုးမြေတွေ ပြင်ပေးဖို့ လိုပါလိမ့်မယ်။ ကျွန်တော်တို့လည်း သွားလာလေ့လာလို့ရသလောက်ကတော့ ကျွန်တော်တို့ နိုင်ငံမှာ မြေကြီး၊ လယ်ယာမြေတွေကို ပြင်ပေးဖို့ လိုအပ်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။ အနိမ့်ဆုံးတော့ လယ်ယာမြေတွေကို ညှိပေးဖို့ လိုအပ်တယ်။ ညှိပေးရင် ရေနေရေထိုင်ကောင်းမယ်၊ ရေနေရေထိုင်ကောင်း

လာရင် ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရင် ဒီဘက်က ပစ္စည်းရောင်းဝယ်တဲ့သူတွေလည်း အနေအထားကောင်းလာမယ်။ ကျွန်တော်တို့ မျိုးကောင်းမျိုးသန့်တွေစိုက်ပြီးတော့ စနစ်တကျ လုပ်ဆိုရင်လည်း တောင်သူတွေအတွက် အကျိုးရှိလာမှာဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာတော့ ကျွန်တော်တို့ GAP စနစ်နဲ့ စတင်ဆောင်ရွက်နေတဲ့ အနေအထားတော့ရှိပါတယ်။ ဒါပေမဲ့ GAP စနစ်နဲ့ ဆောင်ရွက်ပေမယ့် ရလာတဲ့ဈေးနှုန်းက ခုနက ကျွန်တော့်မိတ်ဆွေတွေပြောသလိုပဲ နွားထီးငါးကျပ် နွားမငါးကျပ်ဖြစ်နေတော့ GAP လုပ်ရတာလည်း ကျွန်တော်တို့ နည်းနည်းတော့ ကသိကအောက်ဖြစ်နေတယ်။ ဒါပေမဲ့ ဒါကတော့ လုပ်ကိုလုပ်သင့်တယ်။ ကျွန်တော်တို့ဘက်က လုပ်ရမယ့် အနေအထားပဲ။ ဘာဖြစ်လို့လဲဆိုတော့ တကယ်ကိုကောင်းတဲ့စနစ်ဖြစ်နေတာမို့လို့ ကျွန်တော်တို့နဲ့ နီးစပ်တဲ့တောင်သူတွေ ကျွန်တော်တို့ အစုအဖွဲ့မှာပါတဲ့တောင်သူတွေကိုတော့ ဒီနစ်နဲ့လုပ်ဖို့ အမြဲတမ်းတိုက်တွန်းပါတယ်။ လုပ်လည်းလုပ်ကြပါတယ်။ နောက်တစ်ချက်က ပဲစိုက်ပျိုးဖို့ ဂန်ကြီးဌာနက အစိုးရတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း ပဲစိုက်ပျိုးစရိတ်က ငါးသောင်းကျွန်တော်တို့ကို ချေးထားတာရှိပါတယ်။ ပဲစိုက်ပျိုးစရိတ် တစ်ဧက ငါးသောင်းဆိုတာက ပဲခူးခတောင်မရပါဘူး။ မရှိဘူး။ အဲဒီအတွက် ကျွန်တော်တို့ ဖြစ်နိုင်မယ်ဆိုရင်တော့ ပဲခူးခလောက်ပဲပေးနေရာကနေပြီးတော့ တကယ်စိုက်ပျိုးထုတ်လုပ်တဲ့ ကုန်ကျစရိတ်နဲ့ ညီမျှတဲ့ ငွေကြေးကို ထောက်ပံ့မယ်ဆိုရင်တော့ တောင်သူတွေအတွက် အကျိုးရှိပါတယ်။

နောက်တစ်ချက်ကတော့ လက်ရှိအခြေအနေအရ အရည်အသွေးကောင်းလိုချင်ရင်တော့ ကျွန်တော်တို့ဘက်ကလည်း GAP စနစ်နဲ့ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကုန်သည်များအနေနဲ့ကလည်း ကျွန်တော်တို့ ဆီက သီးနှံတွေကို တကယ့်အရည်အသွေးမီရင် မီသလို ဈေးကောင်းပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်ဦး**

ကျေးဇူးအများကြီးတင်ပါတယ် ဆရာ။ အဲဒီတော့ ကျွန်တော် အုပ်စု (၇) က ပဲလွန်းဖြူအုပ်စုက ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါရစေ။ ပဲလွန်းဖြူ အုပ်စုခင်ဗျာ။ ဆရာဦးရဲမြင့်ပြောသွားတဲ့အထဲမှာ အင်မတန်အရေးကြီးတဲ့ ကိစ္စကတော့ ဒီ တောင်သူနဲ့ ကုန်သည်နဲ့ဟာ ဘယ်တော့မှ တစ်သားတည်းဖြစ်မနေဘူးဆိုတဲ့ ကိစ္စ၊ ကျွန်တော်တို့ ပဲမှာလည်း ဒါကြီးမားတဲ့ သင်ခန်းစာပဲခင်ဗျ။ အဲဒီတော့ ပဲကုန်သည်မြတ်တဲ့အချိန်မှာ တောင်သူကရှုံးတယ်၊ တောင်သူမြတ်တဲ့အချိန်မှာ ကုန်သည်ရှုံးတယ်ဆိုတာတဲ့အခါမှာ တစ်ပြန်တစ်လှည့်ဖြစ်နေတယ်ဆိုတဲ့ကိစ္စဟာ ဒါကျွန်တော်တို့ အခုချိန်ကစပြီး ပြင်ရမယ့် ကိစ္စဖြစ်ပါတယ်။ ပြီးရင် ဆရာပြောသွားတဲ့ အိန္ဒိယဈေးကွက်နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ဟာ အင်မတန်မှ ဆရာဦးတိုးပြောတဲ့

မူယာမာယာများတဲ့ အိန္ဒိယရဲ့ ပဲဂယ်လက်ကို ကျွန်တော်တို့ဘက်က တစ်ညီတစ်ညာတည်း အချက်ပြပေး လိုက်တဲ့ သဘောပေါ့နော်။ သို့သော်လည်းပဲ အင်မတန် ကောင်းမွန်တဲ့ ဒီ နှစ်ပေါင်းများစွာလုပ်ခဲ့တဲ့ ဈေးကွက်တစ်ခု မပျက်သွားအောင်လည်း ကျွန်တော်တို့ ပညာရှင်အချင်းချင်းကြားမှာ ဆက်သွယ်ညှိနှိုင်းပြီး တော့ အဖြေရှာဖို့လည်း စီစဉ်ထားပါတယ် ခင်ဗျ။

❑ ❑ ❑

# ပဲလွန်းဖြူ အစုအဖွဲ့တွင် ပါဝင်ဆွေးနွေးသူများအမည်စာရင်း

<u>ပဲလွန်းဖြူ (မကွေး၊ ပဲခူး)</u> စားပွဲဝိုင်း (၇)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးစံလှိုင် | မြို့သစ် | မကွေး |
| ၂ | ဦးအောင်ဇော် | မကွေး | မကွေး |
| ၃ | ဦးထွန်းတင် | ဒိုက်ဦး | ပဲခူး(အရှေ့) |
| | | | |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးအောင်သိန်း | ဗဟိုအလုပ်အမှုဆောင် | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးမင်းမင်းအောင် | တွဲဖက်အတွင်းရေးမှူး | မကွေးတိုင်းဒေသကြီး |
| | | | |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဦးဇော်မိုးသန့် | ဗဟိုအလုပ်အမှုဆောင် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးကျော်ထွန်း | အတွင်းရေးမှူး | မကွေးကုန်စည်ဒိုင် |
| | | | |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးထွန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး | မကွေးတိုင်းဒေသကြီး |
| | | | |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးခင်မောင်ဝင်း | တိုင်းဒေသကြီးဦးစီးမှူး | မကွေးတိုင်းဒေသကြီး |
| | | | |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဒေါ်ယုယုလွင် | Sr. Research Assistant | |
| ၂ | Ms. Mercy | Research Assistant | |
| | **စုစုပေါင်း** | ၁၁ | ဦး |



## ပဲလွန်းဖြူ အစုအဖွဲ့စားပွဲဝိုင်း (၇) မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

ဟုတ်ကဲ့…ကြွရောက်လာတဲ့ မိတ်ဆွေများအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါ တယ်။ ကျွန်တော်ကတော့ မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ နွားလှကျေးရွာက တောင်သူ ဦးစံလှိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့သစ်မြို့နယ်ဟာဆိုလို့ရှိရင် ကျေးရွာပေါင်း (၅၂) အုပ်စုရှိပါတယ်။ (၅၂) အုပ်စုရှိတဲ့အထဲ မှာ ပဲလွန်းဖြူဟာ မိုးရာသီမှာ အုပ်စု (၁၃) စု စိုက်ပြီးတော့၊ ဆောင်းရာသီမှာ (၁၀) အုပ်စု စိုက်ပါတယ်။ မိုးရာသီ မှာ ထွက်တာကတော့ တစ်ဧကကို (၁၄) တင်းနှုန်းလောက်၊ ဆောင်းရာသီမှာစိုက်တဲ့ ပဲလွန်းဖြူကတော့ (၁၅) တင်းနှုန်းလောက် ထွက်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ အရင် ဒေသမျိုးတွေပေ့ါဗျာ။ ဟိုးအရင် တုန်းက စိုက်ခဲ့တဲ့ မျိုးတွေပေ့ါဗျာ။ မနှစ်ကကျတော့ အဲဒီလိုမဟုတ်တော့ဘဲနဲ့ စိုက်ပျိုးရေးဦးစီးဌာနကနေပြီး တော့ အမေရိကန်ပဲလွန်းဖြူဆိုပြီးတော့ တောင်သူတွေကို စမ်းသပ်စိုက်ကွက်အနေနဲ့ စိုက်ခိုင်းတာရှိပါတယ်။ ကျွန်တော်တစ်ဦးတည်းတင် မနှစ်က (၇)တင်းစိုက်လိုက်တာ ဈေးကွက်က သူ့ရဲ့ ဟိုဟာပေ့ါ။ ဦးစီးရဲ့ ပြော စကားပေ့ါ။ ကျွန်တော်တို့ကတော့ ဦးစီးရဲ့ ပြောစကားလို့ပဲ ပြောရတော့မှာပဲ။ မရောင်းလိုက်ရဘူး။ ဈေးကွက် က ငါးသောင်းနဲ့ လေးသောင်းခွဲကြားမှာရှိတယ်တဲ့။ ဒါကို ဖြစ်ထွန်းအောင်စိုက်ပါလို့၊ မဖြစ်လို့ရှိရင်လည်း မင်း ပေးစရာမလိုဘူးကွာတဲ့။ ကျွန်တော်က အိုကေတာပေ့ါ။ အဲဒီတော့ စိုက်ရဲတယ်။ စိုက်မယ်။ မြေစုံစိုက်တာ။ ဖြစ်ထွန်းပါတယ်။ မြေစုံဖြစ်ထွန်းတယ်။ မြေစုံဖြစ်ထွန်းပြီးတော့ တင်း (၄၀) လောက်ရတယ်။ တကယ်ရောင်း

လိုက်တဲ့အခါကျတော့ ရောင်းစရာ ဂယ်လက်မရှိဘူးဖြစ်နေတယ်။ ဂယ်လက်က အရင်ဒေသပဲလွန်းမျိုး အတိုင်းပဲဂယ်တာ။ ဒီပဲလွန်းရဲ့ အားသာချက်က ဘာရှိသလဲဆိုတော့ ချိုတယ်၊ စိမ့်တယ် စားတဲ့အခါမှာ နူးညံ့တယ်။ အဲဒီတော့ ကျွန်တော်တို့ မရောင်းနိုင်တော့ဘူး အဲဒီဈေးနဲ့။ မိသားစုတွေပဲ ဒီလိုပဲ ပိုင်းဖွဲ့ပြီး စား လိုက်တော့တယ်။

အခု ကုန်သည်တစ်ယောက်ကပြောသွားတယ်။ ကုန်သည်ကြီး ဘယ်သူလည်းတော့ ကျွန်တော် နာမည်မသိဘူး။ သူကပြောသွားတယ်။ အဲဒီ ဥစ္စာကို ဂယ်လက်တွေတောင်ရှိပါတယ်တဲ့။ သူက နိုင်ငံတွေ တောင်ပြောသွားတာဗျ။ ကိုရီးယားတို့၊ တရုတ်တို့၊ မလေးရှားတို့၊ အင်ဒိုတို့၊ သီရိလင်္ကာ၊ ဂျပန်တို့ နိုင်ငံတွေ က ဂယ်တယ်တဲ့။ အဲဒီတော့ ဒီပဲလွန်းဖြူဟာ အမေရိကန်ပဲလွန်းဖြူဟာ တခြားပဲလွန်းဖြူတွေနဲ့ လုံးဂကို မတူ တာ။ သူက စိုက်ရတာ အရမ်းလွယ်ပါတယ်။ စိုက်တဲ့နှစ်က ကျွန်တော်တို့က မကွေးတိုင်းဒေသဆိုတော့ မကွေးတိုင်းဒေသက သဲသောင်မြေများတယ်။ အရှေ့ဘက်ခြမ်းကို။ သဲသောင်မြေများတဲ့အတွက် စိုက်စနစ် က ဆယ့်နှစ်လက်မနဲ့ လေးလက်မ ကြားပေါ့နော်။ ဆယ့်နှစ်လက်မ မြောင်းအကျယ်၊ လေးလက်မ ပင်စိပ် စိုက်ရတယ်။ ရက်ရှစ်ဆယ်ကျော်သားလောက်မှာ ပထမအကြိမ်ခူးလို့ရပြီ။ ရက်ကိုးဆယ်သားလောက်မှာ ဒုတိယအကြိမ်ခူးလို့ရတယ်။ သူက နှစ်ရစ်ခူးရတယ်။ သူ့ရဲ့ ကုန်ကျစရိတ်က တစ်ဧကကို တစ်သိန်းခွဲ ဂန်းကျင်လောက်ကျတယ်။ သူနှစ်သောင်းခွဲဈေးလောက် ရောင်းရရင်တောင်မှ တစ်သိန်းလောက်ကျန် ပါတယ်။ မတ်ပဲမှာ စိုက်မယ်ဆိုလည်း မတ်ပဲစိုက်မရတော့လို့ ပဲလွန်းဖြူစိုက်မယ်ဆိုရင်လည်း အဲဒါလေးက ကောင်းပါတယ်။ ဒါပေမဲ့ အများကြီးတော့ စိုက်မိမစေနဲ့။ ပြုတ်စားလို့ မနိုင်မှာစိုးလို့။

ကျွန်တော်တို့ကတော့ တောင်သူဆိုတော့လေ ဟို… နိုင်ငံကြီးနဲ့ချီပြီးတော့ မပြောတတ်ဘူးဗျနော်။ ရောဂတီတိုင်းက ပဲလွန်းနဲ့ ပတ်သက်တဲ့၊ ပဲလွန်းနဲ့ မသက်ဆိုင်တဲ့ အရာလေးတစ်ခုပေါ့။ သစ်ပင်စိုက်တာ ပေါ့နော်။ ကျွန်းပင်၊ အဲဒီလေးကို သူ့လိုတော့ ဒီ ဘယ်လိုခေါ်မလဲ သဘာဂပူနွေးတာတွေဘာတွေ ကျွန်တော် မသိဘူး။ ကျွန်တော်အဲဒါတွေကို သိပ်တော့မရည်ရွယ်ဘူး။ ကျွန်တော် ကျေးရွာကျောင်းလေးကို ဒီကျောင်း လေးက နောက် ဆယ့်ငါးနှစ်ရှိလို့ရှိရင် ကျွန်တော်တို့လို စွမ်းဆောင်တဲ့သူတွေ မရှိလို့ ဒီကျောင်းလေးကို ပြန်ပြီးတော့ ပြုပြင်နိုင်အောင်ဆိုပြီးတော့ ကျွန်တော် မြို့သစ်မြို့နယ်၊ သစ်တောရုံးကနေပြီးတော့ အပင် (၄၅၀) ကျွန်တော်စိုက်လိုက်တာ။ ကျောင်းဂင်းထဲမှာ။ ဖွံ့ဖြိုးရေးကျောင်းဂင်းထဲမှာ စိုက်တယ်။ အဲဒီတော့ စိုက်တဲ့အခါကျတော့ ကျေးရွာလူထုက အဲဒါကိုမြင်လာတာ။ ပထမတစ်နှစ်နှစ်နှစ်ကျော်က တစ်ပင်နှစ်ပင် စိုက်တဲ့သူတွေလည်းရှိတယ်။ ဒီလိုပဲ ဂါးပင်လောက်မြင့်တာတွေ အဲဒီလောက်တွေဖြစ်ကုန်တယ်။ သူက ဒီ သစ်တောတွေစိုက်သလို ကြီးပြီးတော့ ၊ ကြီးပြီးတော့ စိုက်တယ်ဆိုတာ အပြစ်ပြောတာတော့ မဟုတ်ပါဘူး။

သူက လုပ်ကွက်အများကြီးနဲ့ဆိုတော့လေ စနစ်တကျ မလုပ်နိုင်ဘူး။ ကျွန်တော်တို့ကျတော့ မြေဆီမြေသြဇာနဲ့ စနစ်တကျလုပ်တဲ့ အခါကျတော့ သစ်ပင်တွေက ဖြစ်ထွန်းမှုတအားမြန်တယ်။ အဲဒါလေး လုပ်လာလိုက်တဲ့အခါကျတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ ကျေးရွာလူထုက ဟာသူတို့လည်းစိုက်ချင်တယ်၊ ခုနက နရန်းကာတာပေါ့နော်။ အဲဒီ နရန်းကာတာကို ကျွန်တော် အပင်တစ်သောင်းလောက်ယူလိုက်တာ။ အပင်တစ်သောင်းလောက်ကို ကျွန်တော့်ကျေးရွာဖြစ်တဲ့ နွားလှကျေးရွာရယ်၊ ကျွန်တော့်ရဲ့ အမျိုးသမီးကျေးရွာဖြစ်တဲ့ ရုံးတောကြီးကျေးရွာကို မျှပေးလိုက်တယ် အပင်။ အဲဒီလို မျှပေးလိုက်ပြီးနောက် အဲဒီအပင်လေးတွေကလည်း စိုက်သင့်တယ်ဆိုတာကို ကျွန်တော်အကြံပြုပါတာ။

ကျွန်တော့်အနေနဲ့ကတော့ အများကြီးလည်းပဲ ပြောမပြတတ်ဘူးဗျ။ ဒီပွဲလေးကို ဖြစ်မြောက်အောင် လုပ်ပေးတဲ့ အဖွဲ့အစည်းအားလုံးကို အထူးပင်ကျေးဇူးတင်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

**ဒေါက်တာဇော်ဦး**

ကျေးဇူးအများကြီးတင်ပါတယ်။ တကယ်ဆိုရင်တော့ ကျွန်တော်တို့ စိုက်ပျိုးရေးကလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးက အင်မတန်အရေးကြီးပါတယ်။ အခု ပတ်ဝန်းကျင် ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုတွေ ဖြစ်နေတဲ့ ကိစ္စ၊ ဒါဆရာတို့ ရွာတွေမှာ တစ်နိုင်တစ်ပိုင်နဲ့ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ကို ဆောင်ရွက်ပေးနေတာတွေ့ရတော့ အင်မတန်မှ ဂမ်းသာဂုဏ်ယူမိပါတယ်ဆရာ။

ကျွန်တော်တို့ စကားပိုင်း (၈) က ပဲပုပ်တောင်သူများကို ဖိတ်ခေါ်ပါတယ်။ ဆရာ ကြွပါ။

❑ ❑ ❑

# ပဲပုပ် အစုအဖွဲ့တွင် ပါဝင်ဆွေးနွေးသူများ အမည်စာရင်း

ပဲပုပ် (ရှမ်း) စားပွဲဝိုင်း (၈)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးပညာ | ဟိုပုံး | ရှမ်း |
| ၂ | ဦးအောင်မျိုးဂင်း | ဟိုပုံး | ရှမ်း |
| ၃ | ဦးဖြူ | ဟိုပုံး | ရှမ်း |
| | | | |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးမောင်မောင်တင် | ဒုတိယဉက္ကဋ္ဌ | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးခင်မောင်ကျော် | ဥက္ကဋ္ဌ(ပဲပုတ်အသင်း) | ကချင်ပြည်နယ် |
| ၃ | ဦးကြည်လှိုင် | ပဲပုပ်ကုန်သည် | ကချင်ပြည်နယ် |
| ၄ | ဦးသက်ထွန်းအောင် | ပဲပုပ်ကုန်သည် | ကချင်+ရှမ်း(တောင်) |
| | | | |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဒေါက်တာမြင့်ဦး | အထွေထွေအတွင်းရေးမှူး | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးမြင့်ဝေ | ဥက္ကဋ္ဌ | တောင်ကြီးကုန်စည်ဒိုင် |
| | | | |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးတင့်လွင်ဦး | ဒုတိယညွှန်ကြားရေးမှူး | ရှမ်းပြည်နယ် |
| | | | |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးတင်ဦးကြိုင် | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ် |
| | | | |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဦးမင်းဇာနည်လင်း | Deputy Director of Research | |
| | **စုစုပေါင်း** | ၁၂ | ဦး |




ပဲပုပ်အစုအဖွဲ့စားပွဲဝိုင်း(၈)မှဆွေးနွေးထုတ်ဖော်ချက်များအား
ကိုယ်စားလှယ်တစ်ဦးမှတင်ပြခြင်း

အားလုံးကိုမင်္ဂလာပါလို့ ကျွန်တော့်နာမည်ကတော့ သက်ထွန်းအောင်ဖြစ်ပါတယ်၊ ကျွန်တော်က တော့ကချင်ပြည် နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းမှာရှိတဲ့ ပဲပုတ်စိုက်တောင်သူတွေကိုယ်စား ဒီအဖွဲ့ရဲ့ကိုယ်စား ဆွေးနွေးတင် ပြတာဖြစ်ပါတယ်၊ ကျွန်တော့အနေနဲ့ကတော့ အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအေဂျင်စီရဲ့ကျေးလက်ဒေသ တန်ဖိုးမြင့်ဈေးကွက်စီမံကိန်းမှာ ကျွန်တော်စီမံကိန်းအရာရှိတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်နေပါတယ်၊ ပဲပုတ်သီးနှံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အလုပ်လုပ်ခဲ့ပါတယ်၊ အဲဒီတော့အဓိကအလုပ်လုပ်ခဲ့တာကတော့ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တောင်သူတွေနဲ့ ကျွန်တော်(၃)နှစ်လောက်လုပ်ခဲ့ပါတယ်၊ ဒီနောက်ဆုံးနှစ်မှာတော့ ကျွန်တော်တို့မြန်မာတစ်ပြည်လုံးကတောင်သူတွေနဲ့ အလုပ်လုပ်နေပါတယ်၊ ကျွန်တော်တို့ဒီရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ် တောင်သူတွေနဲ့ ဒီပညာရှင်တွေရဲ့ဆွေးနွေးချက်အရဆိုရင် ကျွန်တော်တို့မတ်ပဲကို စိုက်ပျိုး ဖို့မသင့်ပါဘူး၊ ရှမ်းပြည်မှာဆိုရင် လည်းမတ်ပဲတစ်ခါမှမစိုက်ပါဘူး၊ စိုက်ပျိုးဖို့သင့်လည်းမသင့်ဘူးပေါ့၊ ဈေးကွက်လည်းမရှိဘူးပေါ့၊ အဲဒီတော့ကျွန်တော် မတ်ပဲမစိုက်သင့်ဘူးဆိုတဲ့ဟာ ၂၀၁၇-ခုနှစ် ကျွန်တော်တို့ ဒီမိုးနောင်းမှာ ကျွန်တော့ကိုသာယာဝတီ၊ သုံးဆယ်၊ ဇီးပွဲရွာက တောင်သူကကျွန်တော့ကို ဘယ်နားက

ဖုန်းနံပါတ်ရလည်းမသိဘူး၊ ကျွန်တော့ကိုခေါ်တယ် ခေါ်တဲ့အခါမှာ သူ့ရွာမှာပဲပုတ် အကြောင်းကျွန်တော် သွားပြောပြရတယ်၊ ကျွန်တော်လည်းနီးနီးလေးထင်ပြီးသွားလိုက်တာ ကားရပ်ပြီးတော့မှ Taxi ကားရပ်ပြီး တော့မှ လမ်းလျှောက်လိုက်ရတဲ့အလျှောက်ဟာ ည(၈)နာရီမှရောက်တယ်၊ တောင်သူတွေကစောင့်နေတဲ့ အခါကျတော့ ကျွန်တော်တောင်သူတစ်ယောက်နဲ့တွေ့တယ်ပေါ့နော်၊ တောင်သူဆိုတော့ ဒီကတောင်သူ တွေကနည်းနည်း သန့်တယ်၊ သူကတော့အသားကလည်းမည်းနေတယ် နေလောင်ထားတယ်၊ ဆံပင်က လည်းတစ်ချောင်းမှမရှိတော့ဘူး၊ အသက်ကလည်းကြီးပြီ၊ သူကကျွန်တော့ကိုမြင်တာနဲ့ ဆရာလေးရယ်လာ တာကျေးဇူးတင်တယ်၊ ကျွန်တော့စုပုံးလေးတော့ ကွဲသွားပြီ ကျွန်တော်ကလည်းပင်ပန်းနေတော့ နားမထောင်ဘူး၊ တစ်ခါလာလည်းကျွန်တော်တစ်ခုခုပြောပြီးပြီ ပဲပုတ်အကြောင်းပြောပြီးပြီ ပဲငပိအကြောင်း ပြောပြီးပြီဆိုရင် ဒီစုပုံးလေးကွဲသွားပြီ၊ စုပုံးလေးကွဲသွားပြီနဲ့၊ အဘဘာစုပုံးကွဲတာလဲ ဆိုတော့ ကျွန်တော် မတ်ပဲစိုက်လို့မရတော့ဘူးတဲ့၊ ဈေးမရှိတော့ဘူးတဲ့၊ ကျွန်တော်တို့တောင်သူတွေ ဘာလုပ်လို့လုပ်ရမှန်း မသိ လို့ကျွန်တော့ကိုဆက်သွယ်တာ၊ မတ်ပဲဈေးကောင်းရင် ပဲပုတ်စိုက်ဖို့ကျွန်တော့ကိုဆက်သွယ်မှာမဟုတ်ဘူး၊ ဒါကြောင့်မို့လို့ ကချင်ပြည်နယ်နဲ့ရှမ်းပြည်နယ်ကတောင်သူတွေက မတ်ပဲစိုက်ဖို့မသင့်ဘူးလို့ ဆုံးဖြတ်တယ် ပေါ့နော်၊ အဲဒီတော့ ကချင်ပြည်နယ်နဲ့ရှမ်းပြည်နယ်ထဲမှာ ပဲစဉ်းငုံအစားပဲပုတ်စိုက်ပျိုးသင့်တယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ပြီးရင် ပဲပုတ်ကို သွင်းကုန်အစားထိုးသီးနှံအနေနဲ့ ကျွန်တော်တို့ Contract Farming တွေစနစ်တကျလုပ်သင့်တယ်လို့ ကျွန်တော် တို့ဆုံးဖြတ်ပါတယ်။

ပြီးတော့ပဲပုတ်သီးနှံစိုက်ပျိုးတဲ့အခါမှာလည်း ကျွန်တော်တို့အနည်းဆုံးတစ်ဇကကို အမြတ်ငွေ အနည်းဆုံး (၂၀၀၀၀၀) လောက်ရရှိနိုင်မယ်လို့ ကျွန်တော်တို့ဒီဆွေးနွေးပွဲမှာတွေ့ရှိပါတယ်၊ တောင်သူတွေရဲ့ အဓိကအခက်အခဲကတော့ ဒေသနဲ့ကိုက်ညီတဲ့မျိုးတွေမရှိဘူး တောင်သူတွေရဲ့လက်ထဲမှာ ပြီးတော့ ဈေးကွက်ကိုခိုင်ခိုင်မာမာနဲ့ အာမခံပေးနိုင်တဲ့ Contract Farming တွေမရှိဘူး၊ တကယ်တမ်းပြည်တွင်း ဈေးကွက်မှာ ပဲပုတ်ရဲ့ဈေးကွက်က ကျွန်တော်တို့ လတ်တလောအခြေအနေမှာဆိုလို့ရှိရင် ကျွန်တော်တို့ တောင်သူလက်ထဲကနေရောင်းရင် တစ်ပိဿာကို (၉၅၀) ကနေပြီး တော့ ဘုရင့်နောင်ကုန်စည်ဒိုင်အရောက် အင်မတန်ကောင်းတဲ့ပဲပုတ်ဆိုရင်တော့ (၁၂၅၀) ရတယ်၊ (၉၅၀) နဲ့ (၁၂၅၀) ကြားထဲမှာရှိနေတာ (၃) နှစ်ရှိပြီ၊ အလားအလာလည်းကောင်းတယ်၊ တောင်သူတွေပေါ်လာတယ်ဆိုရင် မိုးညှင်းမှာဆိုလို့ ရှိရင် ခြွေလှေ့ပြီးတာနဲ့တစ်ပြိုင်တည်း ပွဲစားတွေလုဂယ်တယ်၊ အဲဒီတော့အင်မတန်မှအလားအလာကောင်းတဲ့ ဈေးကွက်ကို ဒီပြည်တွင်းဈေးကွက်မှာတင်ဖော်ဆောင်နိုင်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ရဲ့အဖွဲ့(၈) အနေနဲ့ ကျွန်တော်တို့က ဒါကိုဆွေးနွေးထားပါတယ်၊ ဒါကိုလုပ်နိုင်ဖို့အတွက် မြန်မာပြည်တစ်နိုင်ငံလုံးအတိုင်းအတာနဲ့

ပဲပုတ်ကိုစိုက်နိုင်ဖို့အတွက် အဓိကဘာတွေ အခက်အခဲရှိနေလဲဆိုတော့ ရိတ်သိမ်းချိန်လွန်နည်းပညာ အထူးသဖြင့်ရှမ်းပြည်တောင်ပိုင်းမှာဆိုလို့ရှိရင် ဒီမှာရှိတဲ့ဆရာ ဒေါက်တာမြင့်ဦးကအမြဲတမ်းပြောတယ်၊ သွေးထွက်အောင်မှန်တယ်ပေါ့နော်၊ ရှမ်းပြည်တောင်ပိုင်းကလာလို့ရှိရင် ပဲပုတ်ဆိုတဲ့အတိုင်းပုတ်နေတယ်၊ ရှမ်းပြည်ကပို့လိုက်တုန်းကတော့အကောင်းပဲ၊ ဒါပေမဲ့ဒီကိုရောက်လာတဲ့အချိန်မှာ ဘာဖြစ်လဲဆိုတော့ ပုတ်ပြီးတော့ ဂျပ်ခဲကြီးတွေဖြစ်နေတယ်၊ ဘာဖြစ်လို့ဖြစ်လဲဆိုတော့ ကျွန်တော်တို့တောင်သူတွေက ရိတ်သိမ်းချိန်လွန်နည်းပညာမရှိဘူး၊ အစိုဓာတ်(၁၈/၂၀) တစ်ခါတစ်လေ (၂၃)လောက်အထိရှိတယ်၊ ပဲပုတ်ကကိုင်လိုက် လို့ရှိရင် ဂျယ်လီလိုမျိုးဖြစ်နေတယ်၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ကျွန်တော်တို့ဆီမှာ တောင်သူတွေလက်ဝယ်မှာမရှိဘူး၊ ဈေးကွက်အနေနဲ့ လည်းပဲပုတ်ကဈေးကွက်ရှိတယ်ဆိုတာ အခုအချိန်ထိ လည်းမြန်မာပြည်ကတောင်သူတွေမသိဘူး၊ ပဲပုတ်ကိုနိုင်ငံခြားကနေသွင်းနေရတယ်၊ ဒေါ်လာနဲ့ဝယ်ပြီးတော့ သွင်းနေရတယ်၊ အဲဒီပဲပုတ်ကိုစားသလားဆိုတော့ ကျွန်တော်တို့မစားဘူး၊ ဂက်တွေကျွေးတယ်၊ ငါးတွေ ကျွေးတယ်၊ ဒါကိုတောင်သူတွေမသိဘူး၊ ကျွန်တော်တို့ပဲပုတ်ကို စိုက်မယ်၊ ရှမ်းပြည်မှာတော့အထူးသဖြင့် GAP ဓာတ်ကြွင်းအာနိသင်၊ ကျွန်တော်တို့ပဲပုတ်ကိုဝယ်ချင်တယ် ဂျပန်က လာပြီးတော့မှ ရှမ်းပြည်မှာ လာချောင်းတယ်၊ ဒါပေမဲ့ကြည့်လိုက်တဲ့အခါ မှိုတွေနည်းတာမဟုတ်ဘူး မှိုပေါင်းစုံရှိတယ်၊ GAP နဲ့ကျွန်တော် တို့စိုက်ရမယ်၊ ပြီးရင်ကျွန်တော့်ကို တောင်သူတစ်ယောက်ကပဲပြောတာ အစုအဖွဲ့အလိုက်လုပ်ဆောင်မှုက လည်းကျွန်တော်တို့တောင်သူတွေမှာမရှိဘူး၊ ငါရရင်ငါရောင်းမယ် ငါရောင်းချင်သလိုရောင်းမယ် ငါစိုက်လို့ငါ ရောင်းတာ ကျွန်တော်တို့တောင်သူတွေမှာအစုအဖွဲ့နဲ့ဒီအရည်အသွေးနဲ့ ဒီမျိုးနဲ့စိုက်မယ်ဆိုတာ မင်းစိုက်ချင် တဲ့မျိုးနဲ့စိုက် ငါကလည်း ငါစိုက်ချင်တဲ့မျိုးနဲ့စိုက်မယ်၊ ပြီးရင်ငါရောင်းချင်တဲ့သူကိုရောင်းမယ်၊ ငါရောင်းချင်သ လိုရောင်းမယ်၊ ဒါတွေကြောင့်မို့လို့ ကျွန်တော်တို့တောင်သူတွေဟာ ဒီနေ့ဒီအချိန်အထိဈေးကွက်ပျက်တာကို နိုင်ငံတော်အစိုးရကို အပြစ်တင်တယ်၊ ကုန်သည်တွေကိုအပြစ်တင်တယ်၊ ကိုယ့်ကိုကိုလည်း ကျွန်တော်တို့ သူတို့ကိုလက်ညှိုးထိုးလိုက်လို့ရှိရင် ကျွန်တော်တို့က လက်လေးချောင်းကကျွန်တော်တို့ဘက်ကို ပြန်လာပြီး သားဒါကတောင်သူတွေဘက်ကပြောတာ ပြီးရင်ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ပဲပုတ်လုပ်နိုင်ဖို့က Value added လုပ်တယ်ဆိုတာ တောင်သူတွေမသိဘူး၊ ပဲပြားစားနေတယ်၊ ပဲပြားကပဲပုတ်က ကလာတယ်ဆိုတာ မသိဘူး၊ ကျွန်တော်ခေါ်ပြရတယ်၊ ပဲပုတ်ဈေးကွက်ရှိလို့လား ကျွန်တော်ကတောင်သူ ဆီသွားလိုက်လို့ရှိရင် ကျွန်တော်ကပညာရှင်ရုပ်လည်းမပေါက်ဘူး၊ မွေ့အလာမှာယ်ဆရာလိုလို၊ ဗေဒင် ဆရာလိုလိုဆိုတော့ ပဲပုတ်ဈေးကွက်ကောရှိလို့လား သူတို့ကိုခေါ်ပြီးတော့ပြတော့ နေပြည်တော်ဒီ Farm Project မှာနိုင်ငံတော်ကလုပ်ပေးတဲ့ Project မှာ Demonstration Plot စိုက်တယ်၊ အဲဒီဘေးနား ခဲနဲ့ပစ်လိုက်လို့ရှိရင် ပဲပြားစက်ရုံရှိတယ်၊ သူတို့ကကျွန်တော့်ကို ပြခိုင်းတော့သူတို့ကားတွေဘာတွေစီစဉ်

ကားတွေဘာတွေစီစဉ်ထားပေ့ါနော် ပြီးလည်းပြီးကော ကားပေါ်တက်ပြီးတော့ နောက်တစ်လှမ်းဆိုရင် အဲဒီမှာပဲပြားစက်ရုံ၊ တစ်နေ့ကိုအိတ် (၃၀)ကုန်တယ်၊ နေပြည်တော်ကောင်စီတစ်ခုလုံးစိုက် အဲဒီ စက်ရုံ လောက်အောင်လုပ်ပေးနိုင်သလား၊ မလုပ်ပေးနိုင်ဘူး၊ နေရာတိုင်းနေရာတိုင်းမှာ ကျွန်တော်သွားကြည့်တဲ့ အခါမှာ အသားတုစားတတ်လာတယ်၊ ကြာဇံဟင်းခါးမစားဘူးတဲ့သူမရှိဘူး၊ ကြာဇံဟင်းခါးသိပ်ကြိုက် ဗမာလူမျိုးတွေ၊ အခုပိုပြီးခေတ်စားလာတာ မာလာဟင်း၊ မာလာဟင်းတစ်ဂက်လောက်က အဲဒီပဲပုတ်တွေ အဲဒီတော့အဲဒီပဲပုတ်တွေ ပဲပုတ်ကနေတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်တွေထုတ်ထားတယ်၊ အဲဒီတန်ဖိုးမြင့် ထုတ်ကုန်တွေ ထုတ်ဖို့အတွက် ကျွန်တော် တို့ကနိုင်ငံခြားကနေသွင်းရတယ်ပဲပုတ်အမှုန့်ကို အဲဒီပဲပုတ် အမှုန့်က သူများနိုင်ငံမှာတိရိစ္ဆာန်အစာကျွေးတာ၊ ဒီရောက်တော့ ရောချင်ရာရောပြီးတော့မှအသားတု လုပ်တယ်၊ အဲဒီတော့ကျွန်တော်တို့နိုင်ငံမှာ လုပ်ငန်းရှင်လေးတွေ ရှိတယ်၊ ပြည်တွင်းလုပ်ငန်းရှင်လေး တွေရှိတယ်၊ ဒီအသားတုလုပ်ငန်းက အင်မတန်ကောင်းလို့ဆိုပြီးတော့ ကျွန်တော်တို့ ဆီမှာ လူမျိုးရေးလည်း ပြောတာပေ့ါနော် တရုတ်လူမျိုးတွေ တရုတ်လူမျိုးတွေဆိုတာ ကျွန်တော်အဲဒီလုပ်ငန်းရှင်လေးက တရုတ် ဒါပေမဲ့သူ့ကိုယ်သူဗမာထင်တာ၊ တရုတ်ပြည်ရောက်သွားတော့သူ့ကိုဘာပြောလဲဆိုတော့ သူတရုတ်ပြည် ကနေ နည်းပညာခိုးလာပြီးတော့ ဗမာပြည်မှာကြက်တောင်ပံအတု ပဲပြားအတုကိုသူကိုယ်တိုင် တောင်ကြီးမှာ လုပ်တယ်၊ လုပ်ပြီးတော့မှ ကျွန်တော်တို့တောင်သူတွေကိုကူညီချင်လို့တဲ့ ကျွန်တော်မြန်မာနိုင်ငံသား သူ့ကြည့်တော့တရုတ်ကြီး၊ ကျွန်တော်တို့တောင်သူတွေဆီက ရေဆင်းစက်လေးကိုဂယ်ပေးတယ်၊ သူ ကိုယ်တိုင်(၆)လလောက်သုတေသနလုပ်ပြီးတဲ့ အခါမှာမြန်မာပြည်က ရေဆင်းစိုက်ပျိုးရေးသုတေသနက ထုတ်တဲ့ပဲပုတ်က ဒီအသားတုလုပ်လို့ရတယ်ဆိုတာ သူသိတဲ့ အချိန်မှာသူလုပ်တယ်၊ တောင်သူဆီက လည်းထိုက်ထိုက်တန်တန်ပေးဂယ်တယ်၊ ဒါပေမဲ့သူ့ခမျာ ဘာဖြစ်သလဲဆိုတော့ မီးကပျက်လိုက် SME ချေးငွေရမယ်ဆိုပြီးတော့ လျှောက်လိုက်တာဟာ (၂) နှစ်လောက်ကြာသွားတယ်၊ သူပိုက်ဆံသာ ကုန်သွား တယ်၊ သိန်း(၂၀) လောက်ကုန်သွားတယ် သူ SME ချေးငွေမရလိုက်ဘူး၊ ဒါကျွန်တော်တို့လုပ်ငန်းရှင်တွေ အနေနဲ့ကလည်းဘယ်လိုလုပ်နေရသလဲဆိုတာ ကျွန်တော်လည်းလုပ်ငန်းရှင်တွေနဲ့ဆက်ဆံရတာ အစတုန်း ကတော့ တောင်သူတွေရဲ့ ကုန်သည်တွေကမတရားအမြတ်ထုတ်တယ်၊ လုပ်ငန်းရှင်တွေကအမြတ် ထုတ်တယ်၊ ဒါပေမဲ့ကုန်သည် တွေနဲ့စကားပြောကြည့်လိုက်တဲ့အခါကျတော့လည်း လည်ထွက်တာမှသူတို့ ကျွတ်ရင်အကုန်ကျွတ်မှာ လောလောဆယ်မှာ ဒီမြန်မာ့ပဲပုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုပြီးတော့ နှစ်တိုင်းမှာ (၆)လတစ်ကြိမ် စီမံကိန်းကာလအတွင်းမှာတော့ ပဲပုတ် အလုပ်ရုံဆွေးနွေးပွဲဆိုပြီတော့ နှစ်တိုင်းလုပ်ပေးနေပါ တယ်၊ အဲဒီတော့တောင်သူတွေချင်းတွေ့တဲ့အခါမှာ တောင်သူတွေ ဒါကိုမြင်လာတဲ့အချိန်မှာ မြန်မာနိုင်ငံ တစ်ပုမ်းလုံးကတောင်သူတွေဟာ စုပြီးတော့မှတောင်သူတွေကိုယ်တိုင် စီးပွားရေး လုပ်မယ်၊ စီးပွားရေး

သမားတွေနဲ့လက်တွဲလုပ်မယ် မြန်မာ့ပဲပုတ်စိုက်တောင်သူအများပိုင်ကုမ္ပဏီဆိုပြီးထောင်တယ် ကျွန်တော့် ငယ်ထိပ်မိုးကြိုးပစ်တယ်၊ ကျွန်တော်တောင်သူအဖွဲ့တစ်ဖွဲ့ကိုကူညီနေတဲ့အချိန် ရှမ်းပြည်မှာအရည်အသွေး မြှင့်တင်ဖို့၊ ဈေးငွေရရှိဖို့၊ တောင်သူအစုအဖွဲ့တွေအနေနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေလို ကိုယ့်ဖာသာကိုယ် ကိုယ့်ခြေထောက်ပေါ်မှာကိုယ်ရပ်တည်ပြီးတော့ ကိုယ့်ရဲ့ထုတ်ကုန်ကိုဂုဏ်ယူပြီး ရောင်းတတ်ဖို့တင်ပေးတာ၊ အဲဒီတစ်ဖက် ကိုတင်ပေးတာတစ်နှစ်လောက် ကျွန်တော်တို့တောင်သူတွေဟာ အစုအဖွဲ့နဲ့မလုပ်တတ်တာ ဘယ်နှစ်နှစ်လောက်တောင် ရှိမလဲမသိဘူး၊ ကိုလိုနီခေတ်လောက်ကတည်း ကကို ပြောတော့လည်းကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့အစဉ်အလာအရ အဖွဲ့လုပ်ရင်ကွဲလိုက်ရမှ ကျေနပ် တာဒါ ဘာအဖွဲ့ဖြစ်ဖြစ်ကွဲတာကိုး ဒါပေမဲ့တစ်ကယ်တမ်းကျွန်တော်တို့လုပ်လိုက်ရတဲ့ အချိန်မှာကုန်သည် လည်းမယုံဘူးတောင်သူတွေကို တောင်သူကလည်းကုန်သည်ကိုမယုံဘူး၊ တောင်သူတွေကုန်သည် တွေနဲ့တွဲပြီးအလုပ်လုပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ကချင်ပြည်နယ်ကတောင်သူ မိုးမြင့်ကြယ်ပဲပုတ် တောင်သူအဖွဲ့ ရှိတယ်၊ ရှမ်းပြည်နယ်မှာ ကြက်တက်တောင်သူအဖွဲ့ရှိတယ် ပဲပြားစက်ရုံတွေကို တိုက်ရိုက် ပို့တဲ့ အချိန်မှာ ပထမတစ်နှစ် ကတော့တောင်သူတွေအနစ်နာခံရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပေါက်ဈေးပဲ ပေးတာလေ တောင်သူတွေကိုယုံမှမယုံတာ၊ ဂျပ်ခဲကြီးတွေပါလာရင်ပဲပြားသမားတွေ မျက်ရည်တောက် တောက် တောက်တောက်ကျတယ် ဒါပေမဲ့တစ်နှစ်ကုန်သွားတဲ့ အချိန်မှာ ၂၀၁၈ ရောက်လာတဲ့အချိန်မှာ ပဲပြားလုပ်ငန်းရှင်တွေကဒီတောင်သူဘက်က လာတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပဲပုတ်ရန်ကုန်မှာပြောရင် ပိဿာချိန် (၆၀)ဈေးနဲ့ပြောတာ၊ တောင်သူဆီကတော့ငါတို့ (၇၂) နဲ့ဝယ်ရင်ဝယ်ပေးမယ်၊ တောင်သူတွေ လက်မထောင်ပြီးတော့ရောင်းနိုင်တယ်၊ ပဲပုတ်ကိုမှပြောတာမဟုတ်ဘူး၊ ကျွန်တော်တို့ဘယ်တုန်းကမှလည်း တောင်သူတွေနဲ့ ပွဲစားတွေနဲ့ကြားထဲမှာအယုံအကြည်မရှိခဲ့ဘူး၊ ကျွန်တော်ကစိုက်ပျိုးရေးပညာရှင် တစ် ယောက် စိုက်ပျိုးရေး ဦးစီးဌာနကော ကျွန်တော်တို့စိုက်ပျိုးရေးသမားတွေကောသူတို့ အယုံအကြည်မရှိဘူး၊ ပိုဆိုးသေးတယ်၊ ဒါတွေကိုထားပြီးတော့မှ သုံးဦးသုံးဖလှယ် ယုံကြည်မှုကိုတည်ဆောက်ပြီးတော့ လုပ်နိုင် မယ်ဆိုရင်တော့ ဘယ်သီးနှံပဲဖြစ်ဖြစ် ကျွန်တော်တို့ လုပ်နိုင်မှာဖြစ်ပါတယ်၊ အဲဒီတော့ပဲပုတ်ကို ကျွန်တော် ကတော့စားရင်လည်းပဲပုတ်ပဲ အခုအချိန်မှာ အိပ်ရင်လည်းပဲပုတ်ပဲ၊ အိပ်မက်မက်ရင်တောင်ပဲပုတ်ပဲ၊ ယောင်ရင်လည်းပဲပုတ်ပဲ ဘာဖြစ်လို့လဲဆိုတော့ ဇရောပတီတိုင်းတစ်တိုင်းလုံးတစ်ခုလုံးက ငါးမွေးမြူရေး လုပ်ငန်းတွေရှိတယ်၊ ငါးမွေးမြူရေးလုပ်ငန်းတွေက တစ်နှစ်ကိုမက်ထရစ်တန်ချိန် တန်(၁၂၀) ကနေပြီးတော့ မှတန် (၁၆၀) လောက်အထိပဲပုတ်ဖတ်တွေသွင်းနေတယ်၊ သူများတွေဆီထုတ်ထားပြီးတော့မှ ပဲပုတ်ဖတ်ကိုဒေါ်လာနဲ့ ဝယ်ရတယ်၊ ပြီးရင်ဘာကျွေးသလဲဆိုတော့ ငါးကျွေးတယ် အဲဒီငါးတွေကျွန်တော်တို့ ရောင်းတော့ အခု UAE ကလည်း မဝယ်ဘူး၊ ဒူဘိုင်းကလည်းမဝယ်ဘူး၊ ကျွန်တော်တို့လည်းမစားဘူး၊

စားလည်းဘယ်လိုစားရမှန်းလည်းမသိဘူး၊ ဘယ်လည်းရောင်းရမယ်မှန်းမသိတဲ့ ပဲပုတ်ကိုစိုက်၊ မတ်ပဲကို စိုက်နေကြတယ်၊ အဲဒီတော့ပဲပုတ်အနေနဲ့ ကျွန်တော့အနေနဲ့ တရုတ်ပြည်ကြီးရှိတယ်၊ တရုတ်ပြည်က ကမ္ဘာမှာအဂယ်ဆုံးပဲ နောက်ဆုံးတစ်ချက်အနေနဲ့က နိုင်ငံတော်အစိုးရကိုကော စိုက်ပျိုးရေးပညာရှင်တွေ ကော၊ ကုန်သည်တွေကောပေါ့နော်၊ တောင်သူတွေကို အရည်အသွေးနဲ့ပတ်သက်ပြီးတော့မှ နောက်ဆုံးဈေး ကွက်အရည်အသွေးက ဘာကိုတောင်းဆိုလဲ၊ ဈေးနှုန်းကဘယ်လောက်လဲ၊ တောင်သူတွေကိုချပြမယ် ဆိုရင်တောင်သူတွေတကယ်လုပ်ပါမယ်လို့ နောက်ပြီးရင်လည်းခုနကပြောတဲ့ ကျွန်တော်တို့နိုင်ငံမှာ တစ်နေ့နေ့တစ်ချိန်ချိန် မှာမတ်ပဲတို့ ပဲတီစိမ်းတို့ကို လက်မထောင်ပြီးရောင်းနိုင်တဲ့ အနေအထားရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တွေ့ခေတ်အဆက်ဆက်ကြောင့်ဘယ်လိုမှ မတိုးတက်တဲ့အခါမှာ အပင်ဇီဂနည်းပညာဆိုတဲ့ နည်းပညာကျွန်တော်တို့ဆီမှာ မရှိတဲ့အတွက် ကျွန်တော်တို့ဆီကသဘာဂမျိုးတွေ အိန္ဒိယကမျိုးတွေအားလုံးက GM Crop မျိုးတွေဖြစ်သွားပြီ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ဆီက ပစ္စည်းတွေဘာစိုက်စိုက် သဘာဂမျိုးအနေနဲ့စိုက်ထားတာဖြစ်တဲ့အတွက် ကမ္ဘာမှာ လက်မထောင်ပြီးရောင်း နိုင်တယ်၊ ပိုးသတ်ဆေးတွေကိုတော့ ဖျန်းချင်သလိုမဖျန်းနဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာကို တောင်သူတွေ အမှန်တကယ်လိုက်နာပြီး လုပ်မယ်ဆိုရင်ကျွန်တော်တို့ဆီမှာရှိတဲ့ဘာပစ္စည်းဖြစ်ဖြစ် တရုတ်ကတောင်း တောင်းပန်ပန်နဲ့ ဂယ်နိုင်မယ့်တစ်နေ့ရောက်လာပါ့မယ်လို့ ကျွန်တော့အနေနဲ့ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါ တယ်၊ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်ဦး**

ကျေးဇူးတင်ပါတယ်၊ ကိုသက်ထွန်းအောင်ပြောသွားတဲ့ အထဲမှာကျွန်တော်တို့အတွက် အင်မတန်အားရှိစရာ ကောင်းတဲ့စကားတွေအများကြီးပါပါတယ်၊ အဲဒီတော့ဒီမှာလည်း တောင်သူအစု အဖွဲ့တွေ အများကြီးပါတော့ ကိုသက်ထွန်းအောင် ပြောသွားတဲ့ကိစ္စကိုပဲ မေတ္တာရပ်ခံချင်တာက ဒီတောင်သူ တွေကို စုဖို့စည်းဖို့ဆိုတဲ့ကိစ္စကလည်း ဦးစားပေးပြီးတော့ဆောင်ရွက်ပေးပါ ကိုသက်ထွန်းအောင်ပြောသလိုပဲ တကယ်ကိုတောင်သူတွေနဲ့ အကျိုးတူလုပ်ချင်နေတဲ့ ကုန်သည်တွေနဲ့လုပ်ငန်းရှင်တွေကော ရှိနေပါ တယ်နော်၊ ဒီမှာအောင်မြင်တဲ့သာဓကတွေလည်း ရှိနေတယ်၊ အဲဒီတော့ဒါတွေအားလုံးကိုလည်း ကျွန်တော် တို့ကသေသေချာချာ လေ့လာသုံးသပ်ပြီးတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆိုတဲ့အကျိုးတူလုပ်ငန်းတွေ ဖော်ထုတ်ရေးကလည်း ဆက်ပြီးတော့ဆောင်ရွက်ရမယ့်ကိစ္စပါ၊ အဲဒီတော့အခု အုပ်စု(၉) အနေနဲ့ကလားပဲ အုပ်စုက ကိုယ်စားလှယ်ကိုဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ။

❑ ❑ ❑

# ကုလားပဲ အစုအဖွဲ့တွင် ပါဝင်ဆွေးနွေးသူများ အမည်စာရင်း

ကုလားပဲ (စစ်ကိုင်း၊ မကွေး) စားပွဲဝိုင်း (၉)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးလှဝေ | ဂက်လက် | စစ်ကိုင်း |
| ၂ | ဦးတင်ထွေး | ဘုတလင် | စစ်ကိုင်း |
| ၃ | ဦးလှဌေး | ဆားလင်းကြီး | စစ်ကိုင်း |
| ၄ | ဦးအောင်မင်းကြည် | ပွင့်ဖြူ | မကွေး |
| ၅ | ဦးမျိုးဝင်း | ပွင့်ဖြူ | မကွေး |
| | | | |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးစိုးပိုင် | တွဲဖက်အတွင်းရေးမှူး (၁) | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးစိန်မြင့်အောင် | အဖွဲ့ဝင် | မကွေးတိုင်းဒေသကြီး |
| | | | |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဦးမြင့်ဆန်း | အတွင်းရေးမှူး (၃) | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးစိန်လွင် | အတွင်းရေးမှူး | ပခုက္ကူကုန်စည်ဒိုင် |
| | | | |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးဆန်းမြင့် | ဒုတိယညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး |
| | | | |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးကျင်မောင် | တိုင်းဒေသကြီးဦးစီးမှူး | မန္တလေးတိုင်းဒေသကြီး |
| | | | |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဒေါ်ခင်သန္တာသွေး | Project Coordinator | |
| ၂ | ဒေါ်ခင်စုသက် | Research Assistant | |
| | **စုစုပေါင်း** | ၁၁ | ဦး |




## ကုလားပဲ အစုအဖွဲ့စားပွဲဝိုင်း (၉) မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

အားလုံးပဲ မင်္ဂလာပါ ခင်ဗျ။ ကျွန်တော်တို့ ကုလားပဲ အုပ်စုအဖွဲ့အစည်းက တောင်သူက ပြောမယ့် သူမရှိဘူး။ အဲဒါနဲ့ ကျွန်တော့်ကို တာဝန်ပေးလိုက်တာ။ ကျွန်တော်ကတော့ တောင်သူမဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်က Expoter တစ်ယောက်ပါပဲ။ အဲဒီတော့ သိပ်အများကြီးတော့ ပြောစရာမရှိပါဘူး။ ကျွန်တော် တို့ အစုအဖွဲ့ကတော့ အခု သုံးသပ်ချက်လေးတွေကတော့ ကုလားပဲကတော့ မြန်မာပြည်မှာ ဒီပဲကတော့ ပြည်တွင်း စားသုံးမှုလည်းရှိတဲ့ပဲလည်းဖြစ်တယ်၊ Export လည်းရှိတဲ့ပဲလည်းဖြစ်တဲ့အတွက် ဒီပဲဟာ ကုလားပဲဟာ စိုက်သင့်တယ်ဆိုပြီးတော့မှပဲ သုံးသပ်ပါတယ်ခင်ဗျ။

နောက်တော့ Value added အနေနဲ့ ပြောရမယ်ဆိုရင်လည်း ဒီကုလားပဲကနေပြီးတော့မှ ကုလားပဲ ခြမ်းလုပ်တယ်၊ ကုလားပဲခြမ်းစက်တွေရှိတာပေါ့။ ကုလားပဲမှုန့်ကြိတ်တယ်။ ဒါတွေက Local အသုံးတွေ လည်း ရှိပါတယ်ခင်ဗျ။ အဲဒီတော့ ဒီပဲဟာ စိုက်သင့်တယ်ဆိုပြီးတော့မှပဲ အကုန်လုံးသုံးသပ်ပါတယ်။ နောက် ဒီပဲဟာ ဆောင်းသီးနှံဖြစ်တဲ့အတွက်လည်း ဒါဟာ ဟို Export ရှိတဲ့ နှစ်တွေဆိုရင် ပိုပြီးတော့မှ တက်ပါတယ်။ မနှစ်ကဆိုရင် ဒီ Market အနေနဲ့ပြောရရင် ကမ္ဘာမှာ မနှစ်က ကုလားပဲ တော်တော်လေးရှော့ဖြစ်တဲ့အတွက်

မနှစ်က ကုလားပဲဈေးဟာ စံချိန်တင်ဈေးကိုရပါတယ်။ ဒီနှစ်ကတော့ မနှစ်က သူတို့ ဆောင်းရာသီ စိုက်တဲ့ အချိန်မှာကြတော့ ကုလားပဲမျိုးတွေက ဈေးကြီးတဲ့အချိန်နဲ့ သွားတိုးပါတယ်။ အဲဒီတော့ ဈေးကြီးကြီးနဲ့ တစ်တင်းကို ခြောက်သောင်းကျော်၊ ခုနစ်သောင်း နဲ့ စိုက်ရတဲ့အတွက် ဒီနှစ်ထွက်လာတဲ့အခါ နိုင်ငံတကာ ဈေးကွက်ကလည်း နည်းနည်းပြန်အေးသွားတဲ့အတွက် တစ်တင်းကို နယ်တွေမှာဆိုရင် နှစ်သောင်းပတ်ဝန်း ကျင်ဆိုတော့ သူတို့လည်း မကိုက်ကြပါဘူး။ အခု Export လေးပြန်ပြီးတော့မှ ရှိလာတဲ့အခါကျတော့ အခု တစ်တင်းကို နှစ်သောင်းရှစ်ထောင်ကျော်၊ နှစ်သောင်းကိုးထောင်ကျော်ဖြစ်တဲ့အတွက် အခုလက်ရှိဈေးနဲ့ ဆိုရင်တော့လည်း ဒါသူတို့ကိုက်ပါတယ်။ အဲဒီတော့ သဘောအားဖြင့် ပြောရမယ်ဆိုရင်တော့ ကုလားပဲဟာ FOB ရှိတယ်၊ နိုင်ငံခြားတင်ပို့လို့ရတဲ့ ဆွဲတဲ့ နှစ်တွေဆိုရင်တော့ ဈေးကောင်းပိုပြီးတော့မှ ရပါတယ်။ ပိုပြီး အဆင်ပြေပါတယ်။ ပြည်တွင်းမှာကလည်း ဒီပဲဟာ Local စားသုံးမှုလည်းရှိတဲ့အတွက် ဒီပဲဟာ ဒါဟို အမြဲတမ်း စိုက်သင့်တဲ့ပဲပါ။ ဒီပြင့် အစားထိုးစရာပဲမလိုပါဘူး။ ဆောင်းသီးနှံဖြစ်တဲ့အတွက် ဒီဟာတွေက လည်း ဒီလိုအညာဒေသတွေမှာ အဓိကစိုက်တဲ့ ပဲတစ်ခု အနေနဲ့ Item တစ်ခုအနေနဲ့ပဲ ပါဝင်ပါတယ်။

ကျွန်တော်တို့ ကုလားပဲအုပ်စုဆိုတာ မွန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းဆိုရင် တော့ ပြည်ဧရိယာတွေမှာတော့ နည်းနည်းပါးပါးစိုက်ပါတယ်။ အဲဒီတော့ FOB ရှိတဲ့နှစ်နဲ့ဆိုရင်တော့ တောင်သူတွေက အကျိုးအမြတ် ပိုများပါတယ်ခင်ဗျ။ ဒီလောက်ပါပဲခင်ဗျ။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်ဦး**

ကျေးဇူးတင်အများကြီးတင်ပါတင် ဆရာ။ အချိန်ကို ငဲ့ညှာသောအားဖြင့် တိုတိုတုတ်တုတ်လေး ဆွေးနွေးသွားတော့ ကျွန်တော်တို့ အုပ်စု (၁၀) က မြေပဲနဲ့ နှမ်း အုပ်စုက ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါရစေ။

❑ ❑ ❑

# မြေပဲ နှမ်း အစုအဖွဲ့တွင် ပါဝင်ဆွေးနွေးသူများအမည်စာရင်း

မြေပဲ၊ နှမ်း (မကွေး၊ မန္တလေး) စားပွဲဝိုင်း (၁၈)

| | | | |
|---|---|---|---|
| (က) | **တောင်သူများ** | | |
| ၁ | ဦးကျော်မျိုးနိုင် | မကွေး | မကွေး |
| ၂ | ဦးခင်မောင်ချို | အောင်လံ | မကွေး |
| ၃ | ဦးမောင်လှ | တောင်သာ | မန္တလေး |
| ၄ | ဦးညွန့်တင် | နွားထိုးကြီး | မန္တလေး |
| ၅ | ဦးကျော်ဆန်း | မကွေး | မကွေး |
| ၆ | ဦးဟန်ညွန့် | မင်းဘူး | မကွေး |
| ၇ | ဦးစိန်အောင် | ကျောက်ဆည် | မန္တလေး |
| ၈ | ဦးဝင်းလှိုင် | မလှိုင် | မန္တလေး |
| | | | |
| (ခ) | **ပဲ/နှမ်းအသင်း** | | |
| ၁ | ဦးကျော်ရဲသူ | ဗဟိုအလုပ်အမှုဆောင် | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးဖိုးနီ | ဥက္ကဋ္ဌ | မကွေးတိုင်းဒေသကြီး |
| | | | |
| (ဂ) | **ကုန်စည်ဒိုင်** | | |
| ၁ | ဦးဇော်မိုး | စာရင်းစစ် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးအောင်ကျော်မိုး | ဥက္ကဋ္ဌ | ကျောက်ပန်းတောင်းကုန်စည်ဒိုင် |
| ၃ | ဦးဝင်းစိုး | အဖွဲ့ဝင် | အောင်လံကုန်စည်ဒိုင် |
| | | | |
| (ဃ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| ၁ | ဦးစိုးတင့် | ခရိုင်ဦးစီးမှူး(ရန်ကုန်အရှေ့ပို | ရန်ကုန်တိုင်းဒေသကြီး |
| | | | |
| (င) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| ၁ | ဦးမိုးနိုင် | မြောက်ပိုင်းခရိုင်ဦးစီးမှူး | ရန်ကုန်တိုင်းဒေသကြီး |
| | | | |
| (စ) | **စီးပွားရေးပညာရှင်** | | |
| ၁ | ဦးစည်သူကျော် | Research Associate | |
| | **စုစုပေါင်း** | ၁၆ | ဦး |



## မြေပဲနှင့် နှမ်း အစုအဖွဲ့ စားပွဲဝိုင်း (၁၀) မှ ဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်က နှမ်းစိုက်တောင်သူပါ။ ကျွန်တော် ပဲနှမ်းကိုပဲ ဇောင်းပေးပြီးပြောသွားပါမယ်။ ကျွန်တော်တို့ ဒေသကတော့ ပဲနှမ်းအဓိက စိုက်တယ်ပေါ့။ ဆောင်းပိုင်းမှာတော့ ပဲလွန်းဖြူတို့ ပဲတီစိမ်းတို့ အနည်းငယ်ပဲစိုက်တယ်။ ပဲနှမ်းကတော့ အခုအချိန်အထိ ကျွန်တော်တို့က ဈေးကွက်ခိုင်ပါတယ်ခင်ဗျ။ ဒါပေမဲ့လို့ ဒေသမျိုးတွေကတော့ နည်းနည်းလေး အထွက်နှုန်းကျတယ်။ အရည်အသွေးညံ့တယ် စိုက်ပျိုးရေးဌာနကနေပြီးတော့ မြို့သစ်တွေ ဆင်းပဒေသာ ၁၁ တို့ နှမ်းလည်း ဆင်း ၃ တို့ ၁/၁၃ တို့ ကျွန်တော်တို့ ဟိုဟာတွေ အကျိုးဆောင် တောင်သူဆိုပြီးတော့ ပေးပြီးတော့ စိုက်တယ်။ ဒါပေမဲ့ အခက်အခဲတစ်ခုရှိတာက အကျိုးဆောင်တောင်သူတွေက ဒီမျိုးတွေကို အကြာကြီးထိန်းမထားနိုင်ဘူး။ အဲဒါလေးကို ကျွန်တော်တို့နည်းနည်း ကုန်သည်ပွဲစားတွေကနေပြီးတော့ မျိုးတွေကို ထိန်းပေစေချင်တယ်။ အဲဒါလေးတစ်ချက်ပါပဲ။ နောက်တစ်ခု ကျွန်တော်တို့က တောင်သူတွေ ပဲနှမ်းကို စိုက်မယ်ဆိုရင် အခြားတောင်သူတွေ စိုက်မယ်ဆိုရင် ကျွန်တော်တို့က ကြိုဆိုပါတယ်။ အဆင်ပြေပါတယ်။ ဒါပေမဲ့ ရေရှည်မှာ ဈေးကွက် မပျက်အောင်တော့ ကုန်သည်ပွဲစားကော နိုင်ငံတော်အဆင့်တွေကော ထိန်းပေးစေချင်ပါတယ်။ ကျွန်တော်တို့ ပဲစိုက်တောင်သူတွေ အဓိက လိုအပ်တာက စိုက်ချိန်မှာ အဆင်ပြေတယ် ရိတ်သိမ်းချိန်မှာ အနည်းငယ် အခက်အခဲဖြစ်တယ်။ မိုးတွေစွေနေတဲ့အခါမှာ ခုနကပြောတဲ့ ခြောက်

သွေ့ခံစက်ဆိုတာလည်းဖြစ်တယ်။ ကျွန်တော်တို့ ရိတ်သိမ်းခြွေလှေ့ စက်တွေလိုပါတယ်။ ခြောက်သွေ့ ခံစက်လိုတယ် အဲဒါတော့ ကျွန်တော်တို့ အထူးတလည်အရေးကြီးတယ်။ နောက်ပြီး စားအုံးဆီ တွေတို့ ရောဆီတွေတို့ တင်သွင်းတာကြောင့် ကျွန်တော်တို့ ပဲဆီ နှမ်းဆီ ဈေးကွက်တွေပျက်နေတယ် အဲဒါကြောင့် နိုင်ငံတော်ကနေပြီးတော့ ထိန်းပေးစေချင်ပါတယ်။ နောက်ပြီး တောင်သူမှာ အရင်းအနှီးကအရေးကြီးတဲ့ အတွက် ကျွန်တော်တို့ အခု ပုံစံဖောင်တွေကို အပေါင်ထားပြီးတော့ နှစ်တို နှစ်ရှည် နှစ်လတ်အနေနှင့် အတိုးသက်သက်သာသာနှင့် တောင်သူတွေကိုချပြီး ချေးပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ တောင်သူ လောကအဆင်ပြေမယ်ခင်ဗျ။ နောက်ပြီး ပဲနှမ်းတွေကို ခုနပြောတဲ့ တန်ဖိုးမြှင့် အနေနှင့် ကျွန်တော်တို့ ပျော်ဘွယ်မှာလည်း နှမ်းဆီမွှေးစက်ရုံရှိပါတယ်။ တစ်ပိသာကို သုံးလေးသောင်းလောက်လို့ ပြောတယ်။ ကျွန်တော်တို့လည်း သွားလေ့လာပါတယ်။ ကိုရီးယားနည်းပညာနှင့် အဲဒါမျိုး ကျွန်တော်တို့ မကွေးတိုင်းမှာ လည်း နှမ်းဆီမွှေးစက်ရုံတို့ ပဲနို့စက်ရုံတို့လို တန်ဖိုးမြှင့်စက်ရုံတွေကို ကျွန်တော်တို့တိုင်းဒေသကို ဖော်ဆောင် ပေးစေချင်ပါတယ်။ နောက်ပြီးတော့ ရိတ်သိမ်းတာနှင့် ပက်သက်လို့ခုနပြောတဲ့ ခြောက်သွေ့ခံစက်တွေ တခြားကျွန်တော်တို့ စိုက်ပျိုးနည်း နည်းစနစ်တွေကလည်း ကျွန်တော်တို့ ဒေသနှင့် လောလောဆယ်တော့ အဆင်ပြေနေပါတယ်ခင်ဗျ။ ခုနပြောတဲ့ ကျွန်တော်တို့ တောင်သူ အရင်းအနှီးအနေနှင့် နှစ်တို နှစ်ရှည်အနေ နှင့်က ခုန ပုံစံအခွန်ကို အဓိကထားပြီး တော့ ချေးပေးစေချင်ပါတယ်ခင်ဗျ။ ဟုတ်ကဲ့ ခင်ဗျ ဒီလောက်ပါပဲ။

**ဒေါက်တာဇော်ဦး**

ဟုတ်ကဲ့ ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တောင်သူတွေ တင်ပြတဲ့ ကိစ္စတော်တော်များများကတော့ အားလုံးပြီးသွားပြီဆိုတော့ ကျွန်တော်တို့ နောက်ဆုံးပိတ် အိတ်နှင့်လွယ်ပေ့ါ လေ တောင်သူတွေအားလုံးကိုလည်း လာရကျိုးနပ်အောင် ကျွန်တော်တို့ ဒီရှေ့ကို ဘယ်လိုဆက်လုပ်သွား မယ်ဆိုတဲ့ ကိစ္စကိုလည်း ဒါ ကုန်စည်ဒိုင်တွေ ကုန်သည်တွေ လုပ်ငန်းရှင်တွေ အစုအဖွဲ့ကလည်း တတ်နိုင်သ လောက် ကြိုးစားပြီးတော့ အဖြေရှာထားတဲ့ ကိစ္စလည်းဖြစ်ပါတယ်။ အဲဒီတော့ အုပ်စု (၁၂)က ကိုယ်စား လှယ်အဖြစ် ဆရာ ဦးအုန်းဆိုင်ကို ဖိတ်ခေါ်ပါတယ်ခင်ဗျ။

❑ ❑ ❑

# ကုန်သည်ပွဲစားများ၊ ပို့ကုန်လုပ်ငန်းရှင်များ အစုအဖွဲ့တွင် ပါဝင်ဆွေးနွေးသူများအမည်စာရင်း

ကုန်သည်ပွဲစားများ၊ ပို့ကုန်လုပ်ငန်းရှင်များ　　　　စားပွဲဝိုင်း (၁၂)

| | | | |
|---|---|---|---|
| (က) | တက်ရောက်လာသည့် ကုန်သည်ပွဲစားများ၊ ပို့ကုန်လုပ်ငန်းရှင်များ | | |
| ၁ | ဦးသောင်းဟန် | မန်နေးဂျင်းဒါရိုက်တာ | Yeo Brothers Agritrade Co., Lt |
| ၂ | ဦးစိုးကြင် | Chairman | Aung Kyun Thar Co., Ltd. |
| ၃ | ဦးတင်မောင်လတ် | မန်နေးဂျင်းဒါရိုက်တာ | Chain Family Assets Co., Ltd. |
| ၄ | ဦးအောင်ကျော်မိုး | မန်နေးဂျင်းဒါရိုက်တာ | Pyei Phyo Aung Co., Ltd. |
| ၅ | ဦးမြင့်ဇော် | မန်နေးဂျင်းဒါရိုက်တာ | Lim Family Co., Ltd. |
| ၆ | ဒေါ်ခင်မိမိစိုး | ဒါရိုက်တာ | Myanmar Combiz Trading Co., |
| ၇ | ဦးစောထွန်းနိုင် | မန်နေးဂျင်းဒါရိုက်တာ | Thitsar Tun Trading Co.,Ltd. |
| ၈ | ဦးကျော်တင်မြင့် | မန်နေးဂျင်းဒါရိုက်တာ | Hope Flower Pweyone |
| ၉ | ဦးကျော်အောင် | မန်နေးဂျင်းဒါရိုက်တာ | Kyaw Eleven Trading Co.,Ltd. |
| ၁၀ | ဦးထွန်းဦး | မန်နေးဂျင်းဒါရိုက်တာ | Lucky Group Co., Ltd. |
| (ခ) | ပြည်နယ်နှင့် တိုင်းများမှ ပဲ/နှမ်းအသင်းတာဝန်ရှိသူများ | | |
| ၁ | ဦးထွန်းလွင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံပဲ/နှမ်းအသင်း |
| ၂ | ဦးသက်နိုင်ဦး | အဖွဲ့ဝင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃ | ဒေါ်အေးအေးမူ | အဖွဲ့ဝင် | မွန်ပြည်နယ် |
| (ဂ) | ပြည်နယ်နှင့် တိုင်း ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ | | |
| ၁ | ဦးအုန်းဆိုင် | ဒုတိယဥက္ကဋ္ဌ | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၂ | ဦးကျော်သွင် | တွဲဘက်အတွင်းရေးမှူး | မန္တလေးကုန်စည်ဒိုင် |
| ၃ | ဦးကျော်သူလွင် | အတွင်းရေးမှူး | ကျောက်ပန်းတောင်းကုန်စည်ဒိုင် |
| (ဃ) | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | |
| ၁ | ဦးဇေယျာဆွေ | ဒုတိယညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး |
| (င) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | | |
| ၁ | ဦးကျော်ကျော် | တိုင်းဒေသကြီးဦးစီးမှူး | ရန်ကုန်တိုင်းဒေသကြီး |
| (စ) | စီးပွားရေးပညာရှင် | | |
| ၁ | ဒေါက်တာဇော်ဦး | စီးပွားရေးသုတေသီ | |
| | စုစုပေါင်း | ၁၉ | ဦး |




## ကုန်သည်ပွဲစား၊ ပို့ကုန်လုပ်ငန်းရှင်များအစုအဖွဲ့ စားပွဲဝိုင်း(၁၂) မှဆွေးနွေးထုတ်ဖော်ချက်များအား ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်း

အားလုံး မင်္ဂလာပါ ခင်ဗျာ။ ကျွန်တော့် အနေနှင့်ကတော့ စောတုန်းက မတ်ပဲကော ပဲစင်းငုံကော အုပ်စုအဖွဲ့ လိုက်တောင်သူတွေ ပြောကြားသွားတဲ့အာဘော်တွေရော ကျွန်တော်လည်း ကြားရပါတယ်။ ကျွန်တော်တို့ ကုန်သည်တွေရဲ့ ဈေးကွက်အခြေအနေနှင့် ကုန်သည်တွေရဲ့ အာဘော်ကိုလည်း ကျွန်တော်စုစည်းထားတဲ့ဟာကို ကျွန်တော်ကုန်သည်တွေအားလုံး တင်ပြချက်ကို တစ်ပေါင်းတစ်စည်းတည်း ကျွန်တော့် အနေနှင့် တင်ပြဆွေးနွေးလိုပါတယ်။ အဲဒီမှာတော့ စောတုန်းကပြောသလို တစ်ယောက်နှင့် တစ်ယောက် အယူအဆလေးတွေ စိုက်ပျိုးတဲ့လူကလည်း စိုက်ပျိုးတဲ့ဘက်ကနေ စိုက်ပျိုးတဲ့အာဘော်ကိုပြောသလို ပဲကုန်သည်တွေကလည်း သူတို့ ရဲ့ ရောင်းဝယ်မှုရဲ့ ကဏ္ဍလေးကို သူတို့ အမြင်နှင့်သူတို့ နောင်ဖြစ်ပေါ်လာမည့် အခြေအနေလေးတွေကို အားလုံးအကျိုးရှိအောင် သုံးသပ်ဆွေးနွေးပြတဲ့ဟာကို ကျွန်တော့်အနေနှင့် အနစ်ချုပ်ပေါ့လေ လိုတာလည်း ရှိကောင်းရှိမှာပါ။ ဘာလို့ လည်းဆိုတော့ အချိန်က ခဏလေးအတွင်းမှာ ကျွန်တော်တို့ ဒီလောက် အောင်အောင်မြင်မြင် စည်းစည်းလုံးလုံး သိုက်သိုက်ဝန်းဝန်းနှင့် ဆွေးနွေးပေးနိုင်တဲ့ အတွက်လည်း ဘာပဲပြောပြော ဒါအကျိုးအများကြီးဖြစ်ထွန်းမယ်လို့ ကျွန်တော့်အနေနှင့်ဦးစွာ ပထမ ပြောကြားလိုပါတယ်။ အဲတော့ မတ်ပဲပေါ့လေ ကျွန်တော်တို့ ကုန်သည်တွေရဲ့ ပြောကြားချက်အရ မတ်ပဲက မနှစ်က အကျန် တစ်သိန်းခွဲလောက်ရှိတယ်လို့ ပြောပါတယ်။ ဒီနှစ်ကလည်း ဘယ်လိုပဲပြောပြော လေးသိန်း

လောက်ထွက်မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ငါးသိန်းခွဲလောက် ဒီနှစ်မှာရောင်းရေးဖို့ယ်တာမှာ ကျန်နေတယ် ပေါ့လေ။ အဲဒီတော့ ကျွန်တော်တို့ရဲ့ အမြဲတမ်းကြည့်နေတဲ့စာရင်းအရ အိန္ဒိယ မဖွင့်ခင်မှာ ကျွန်တော်တို့ တစ်လကို အနည်းဆုံးတန် တစ်သောင်းခွဲပေါ့ ။ အဲတော့ နောက်ဆုံးကျွန်တော်တို့ ၁.၆.၂၀၁၈ အိန္ဒိယနိုင်ငံ ကနေပြီးတော့ တန်တစ်သိန်းခွဲ ဖို့ယ်မယ်ဆိုတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ လက်ထဲမှာ လက်ကျန် ကုန်သည် တွေရဲ့ တွက်ချက်မှုအရ တန်လေးသိန်းခွဲ ကျန်မယ်လို့ အဆိုရှိပါတယ်။ အဲတော့ လက်ရှိ ကျွန်တော်တို့ ဒီ နောက်ဆုံးပေါ့ ၁.၆.၂၀၁၈ ကနေ ၃၁.၈ ပေါ့ ဒီ လ အထိအောင် နောက်ဆုံးပိတ် တန် တစ်သိန်းခွဲဖို့ယ်မယ် လို့ ပြောကြားတဲ့အတွက်ပေါ့လေ။ ကျွန်တော်တို့ ဒါပြီးသွားရင် တန်သုံးသိန်းလောက် ကျန်မယ်လို့ ကုန်သည် တွေက ယူဆထားပါတယ်။ အဲဒီရဲ့ နောက်ပိုင်းမှာ ကုန်သည်တွေရဲ့အမြင်တွေက အမျိုးစုံရှိပါတယ်။ စောတုန်းက တောင်သူတွေ အားလုံးဆွေးနွေးထားတဲ့အထဲမှာတော့ အားလုံးကတော့ တော်တော် စိတ်ဓာတ် ကျပြီးတော့ ဆုံးရှုံးတဲ့အတွက် မစိုက်ချင်ဘူးလို့ ပြောကြပါတယ်။ ကုန်သည်ဘက်ကလည်း စိုက်တဲ့ဘက်ကို အားမပေးပါဘူး။ အဲတော့ ဒီကုန်သည်တွေက ကျွန်တော်တို့ အခု အနှစ်ချုပ်ကို တင်ပြခိုင်းတဲ့အထဲမှာ ဘာကို တွေ့ရလည်းဆိုတော့ လက်ရှိ တန်သုံးသိန်းကျန်ပါတယ်။ အိန္ဒိယက နောက်ထပ်ဘယ်လောက် ထပ်ဖို့ယ်မှာ လည်း။ ဘယ်လိုဖို့ယ်မှာလည်း။ အိန္ဒိယရဲ့ ခုထွက်လာမည့် ပစ္စည်းက ဘယ်လိုဖြစ်မှာလည်း။ အဲပေါ်မှာ တော်တော်လေး အိန္ဒိယအစိုးရ policy ပေါ်မှာ ရော ဒါကျွန်တော်တို့က မမြင်နိုင်ရတဲ့ဟာကို သုံးသပ်ပြီးတော့ ကြည့်နေပြီးတော့မှ ဘယ်လိုရောင်းမယ် ဖို့ယ်မယ်ဆိုတဲ့ဟာတွေကို ပြောကြားတဲ့အတွက် လွဲမှားမှုရှိလျှင် လည်းရှိမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့လည်းပြောမှာပဲ။ ပြောသာပြောပါလို့ မှားရင်လည်း ဘယ်လိုလုပ်သွားပြီး တော့ ဟိုမှားကောင်းလည်းမှားနိုင်တာပေါ့လေ။ ဒါက တစ်ယောက်အမြင်နှင့်တစ်ယောက် လေးငါးခြောက် ယောက်ခုနစ်ယောက်က ဆွေးနွေးထားတဲ့ဟာကို ကျွန်တော်က တင်ပြတဲ့အတွက်ပေါ့လေ။ အဲတော့ အားလုံးကတော့ ပြောတယ်။ စိုက်မယ်ဆိုရင်တောင်မှ လျော့စိုက်ပါလို့ အားလုံးက တညီတညွတ်တည်း ကုန်သည်တွေက တင်ပြပါတယ်။ ဘာလို့လဲဆိုတော့ လက်ကျန်သုံးသိန်းရှိတယ် နောက်တစ်သိန်းပဲဖို့ယ်ရင် ထပ်ကျန်ဦးမယ်။ သင်္ချာနည်းအရ ထိုင်နေတဲ့လူတွေ အကုန်တွက်လို့ ရတယ်။ အဲတော့ မစိုက်တဲ့ဘက်ကနေ တွင်တွင်လေး ကုန်သည်ဘက်ကလည်းပြောပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့က ဒါ ဌာနဆိုင်ရာ လူကြီးမင်းများအားလုံးရော ကုန်သည်တွေရော တောင်သူ တွေရောပေါ့လေ တစ်ဆုံးပေါ့။ စကားကို အလွန်အကျွံပြောမိရင်လည်း မစိုက်ပါနှင့် မစိုက်ပါတော့နှင့် အလွန်အကျွံပြောမိလို့ တစ်ချိန်ဈေးပြန်ကောင်းရင်လည်း စောတုန်းက တောင်သူတွေလည်းပြောပါတယ်။

ရှေ့ လည်းတိုးသာ နောက်လည်းဆုတ်သာ ဟုတ်လား ရှေ့ လည်းတိုးသာ နောက်လည်းဆုတ်သာ ပေါ့ဗျာ။

အဲတော့ ဈေးကွက် မပျက်အောင်နှင့် ဂယ်တာတော့ဂယ်မှာပဲ အဲဒီ သူဂယ်မည့်အတိုင်းအတာကိုပဲ ကျွန်တော်တို့ စောတုန်းက စိုက်ပျိုးရေးက DG ကြီးလည်းပြောသွားပါတယ်။ ပညာရှင် Dr ဦးဇော်ဦးလည်း ပြောသွားပါတယ်။ ကျွန်တော်တို့က စနစ်တကျ plan ချပြီးတော့မှ ဘယ်လောက်အထိစိုက်နိုင်မလည်း ကောင်းမည်ဆိုတဲ့ဟာလေးလောက်ပဲ ကျွန်တော့်အနေနှင့် အဲလိုလေးပဲဆွေးနွေးချင်ပါတယ်။

ဒါပေမဲ့ ကုန်သည်တော်တော်များများကတော့ မစိုက်ဖို့ချည်းဘဲ တိုက်တွန်းပါတယ်။ နောက်ဆုံးပိတ် ကလေးကတော့ ကျွန်တော့်ဟာ ကျွန်တော် လူကြီးတွေပြောစကားနှင့် တောင်သူတွေရဲ့ ပြောစကားတွေကို နည်းနည်းလေးချုပ်ပြီးတော့မှ လုံးဂသုညကြီး လုပ်ပစ်လိုက်တာထက်စာရင်တော့ ဈေးကွက်ကလည်းနည်း နည်းပါးပါးဂယ်မည့်ဟာလေးရှိတဲ့ဟာ ဘာလို့လဲဆိုတော့ အိန္ဒိယတစ်ခုတည်း ဂယ်တာမဟုတ်ပါဘူး။

အနှစ်ချုပ်ပြောရမည်ဆိုရင် ဒီပဲ မနှစ်က လုံးဂ ဩဂုတ်လကနေပြီးတော့ ပိတ်လိုက်ပါတယ်။ အပတ်စဉ် တန်သုံးထောင်၊ လေးထောင်၊ ငါးထောင် အပတ်တိုင်းတင်ရပါတယ်။ အခြားဈေးကွက်လည်း ရှိပါတယ်။ ပြီးရင် ကျွန်တော်တို့ စောတုန်းက တောင်သူတွေရော ဆွေးနွေးသွားတာရှိတယ်။ ကျွန်တော် တို့ဒီပဲက ပျဉ်းမနားက ဆရာကြီးဆွေးနွေးသွားတာဆိုလိုရှိရင် ယမ်းလုပ်တာလား ဘာလုပ်တာလည်းပေါ့ ။ အမှန်ကတော့ စားတာပါပဲဗျာ။ ဘယ်လိုစားလည်းဆိုတော့ တော်တော်များများသိပါတယ်။ သိပ်ရှည်မှာစိုးလို့ အပင်ဖောက်စားတာနှင့် မုန့်လုပ်စားတာပေါ့ဗျာ။ တိုတိုတုတ်တုတ်နှင့် ပြီးသွားအောင် အဲတော့ သူ့ ဈေးကွက်နှင့် သူကလည်းရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ မတ်ပဲကို ခွဲခြမ်းပြီးတော့မှ တစ်ကမ္ဘာလုံးမှာရှိတဲ့ အိန္ဒိယလူမျိုးတွေနေတဲ့ market တွေကိုလည်း ရောင်းချနေတဲ့ ကုမ္ပဏီတွေရှိပါတယ်။ အဲတော့ လုံးဂ ဇီးရိုး မစိုက်ပါနှင့်လို့ဆိုတဲ့ဟာတော့ ကျွန်တော့်အနေနှင့်တော့ ပြတ်ပြတ်သားသားကြီးတော့ မပြောလိုပါဘူး။ လျော့စိုက်ဖို့ ဘယ်လောက် percentage စိုက်သင့်တယ်ဆိုတာကတော့ အားလုံးစုစည်းသုံးသပ်ပြီးတော့မှ စိုက်ပါလို့ ကျွန်တော်အနေနှင့် မတ်ပဲကိုပြောလိုပါတယ်။ ဒုတိယကတော့ ပဲစင်းငုံ ၊ ပဲစင်းငုံကတော့ အားလုံးသိပြီးသားအတိုင်းပဲ အခုကုန်သည်တွေကတင်ပြလာတာ လက်ကျန် တန် ခြောက်သောင်းလောက်ပဲ ကျန်မယ်လို့ ပြောပါတယ်။ အဲဒီတော့ တန်ခြောက်သောင်းကျန်တယ်ဆိုတော့ ကျွန်တော်တို့ ဒီနှစ်ကလည်း စိုက်ထားတာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁ဂ ရက်ကျော်က အညာကို တစ်ပတ်ပတ်ပြီးတော့ ကုန်သည်တွေ နှင့်လိုက် သတင်းလေးလိုက်မေးကြည့်တာပေါ့ဗျာ။ အမျိုးစုံပြောကြပါတယ်။ စောတုန်းက တောင်သူတွေ တင်ပြတဲ့အပေါ်မှာလည်း သူစိုက်တဲ့နေရာနှင့် သူ့သဘာဂ သူ့ဓလေ့နှင့် သူမြေနှင့် သူ့စိတ်ကူးနှင့် စိုက်ကြတာ

ရှိပါတယ်။ တချို့ကလည်း အများဆုံး ၁၀% လို့ပြောတယ်။ တချို့နေရာလည်း ၃၀%လို့ပြောတယ်။ အဲတော့ ဘယ်လိုပဲပြောပြော ၃၀% နှင့် အများဆုံးတွက်လိုက်ရင်တောင် ကျွန်တော်တို့ရဲ့ ထွက်ရှိမည့် ပဲစင်းငုံက ကုန်သည်တွေ သုံးသပ်တာ တန် ခုနစ်သောင်းလောက်ပဲရှိမယ်ဆိုတဲ့အတွက် အိန္ဒိယကလည်း ဘယ်လိုပဲပြောပြော တန် နှစ်သိန်းလောက် တင်သွင်းမည်လို့ကုန်သည်တွေက ယူဆတယ်။ အဲပေါ်မှာ ကျွန်တော်တို့က အာဖရိက က သွင်းမည့်ဟာနှင့် ကျွန်တော်တို့တိုင်းပြည်ကထွက်မည့်ဟာနှင့် နောက်ခု ဒီ တန် ခုနစ်သောင်းနှင့်ဆိုရင်တော့ တောင်သူတွေ စောတုန်းက ပြောတဲ့ စိတ်ညစ်စရာပေါ့ဗျာ။ ဈေးအခြေအ နေက ဘာပဲပြောပြော ဒီထက်ဆိုးဝါးစရာမရှိဘူးလို့ သုံးသပ်ပါတယ်။ အဲလိုတော့ ကျွန်တော်ကို တင်ပြဆွေး နွေးသွားပါတယ်။ အဲအတိုင်းပဲ ကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ပဲတီစိမ်း ပဲတီစိမ်းကတော့ ခုန မတ်ပဲအစားထိုးမှာ စောတုန်းက ဆရာတွေလည်း တင်ပြသွားတယ်။ မတ်ပဲနှင့် ပဲတီစိမ်းက ညီအကိုလို့ လည်းတင်ပြသွားတယ်။ HS code အနေနှင့်လည်း အတူတူပါပဲ ။ အဲတော့ ဒီနေ့ ကျွန်တော် ကြားရတဲ့ သတင်းပေါ့လေ ပဲတီစိမ်းကို တစ်ကမ္ဘာလုံးစိုက်ပါတယ်။ အိန္ဒိယလည်း စိုက်ပါတယ်။ တရုတ်နိုင်ငံလည်း စိုက်ပါတယ်။ export လည်း အကြီးအကျယ်လုပ်ပါတယ်။ ကျွန်တော်တို့ဆီကလည်း အများကြီးဂယ်ပါတယ်။ အာဖရိကမှာလည်းစိုက်နေတယ်။ အာဂျင်တီးနားမှာလည်း စိုက်နေတယ်။ နိုင်ငံ တော်တော်များများမှာ ပဲတီစိမ်းကို စိုက်ကြပါတယ်။ ဒါပေမဲ့ စောတုန်းက ကျွန်တော်တို့အတွင်းဝန်ကြီးက သူ့ရဲ့ data အထောက်အထားတွေနှင့် ပြသွားတာဆိုရင် ပဲတီစိမ်းရဲ့ graph ကိုကြည့်ရင် ဈေးနှုန်းက အတက်တကျ အရမ်းမကြမ်းဘူးပေါ့လေ ဈေးနှုန်းတည်ငြိမ်တယ်ပေါ့။ အဲတော့ ကျွန်တော်လည်း ပဲတီစိမ်း လုပ်ပါတယ်။ အဓိကကတော့ အားလုံးအားလုံးပြောသွားတဲ့ တောင်သူတွေကော ဌာနဆိုင်ရာ အကြီးအကဲ တွေကော ကုန်သည်တွေကော အဓိကဘာလဲ အဓိကက ကျွန်တော်တို့က quality ပါပဲ။ ဒီ quality ကို စိုက်တဲ့တောင်သူတွေလည်း ကြိုးစားပြီးတော့ quality မြင့်အောင် ကြိုးစားပေးကြပါ။ quality မြင့်ရင်တော့ ကျွန်တော်တို့ ကုန်သည်တွေကလည်း ကောင်းတဲ့ဈေးကွက်ကိုရရင် ကောင်းတဲ့ဈေးဖြစ်မှာပါ။ အဲတော့ စောတုန်းက အများကြီးပြောသွားတဲ့ တောင်သူတွေ သူ့ခံစားချက်တွေပြောသွားတယ် နွားထီး ၅ ကျပ် နွားမ ၅ ကျပ်ပေါ့ဗျာ။ ကောင်းလည်း ဒီဈေးဂယ်တယ် မကောင်းလည်းဒီဈေးဂယ်တယ်ဆိုတော့ အားလုံးပျက်တာ ပေါ့ နောက်ဆုံးပြောရရင်။ အဲဒီခေတ်အခါက ဘာလဲဆိုတော့ နောက်ဆုံးပြောရရင် ကျွန်တော်တို့ တောင်သူ တွေကလည်း ဆန်သမားပြောတဲ့ ပုံစံလေးနှင့်ပြောရရင်ပြောဗျာ ၂၅ မှတ်ဂယ်တယ် ဆန်စက်ကလည်း ၂၅ မှတ်ကြိတ်ပြီးလာရောင်းတယ်။ exporter က ဘာလုပ်လည်း ဆိုတော့ တွမ်လိုက်တယ် ကြည့်လိုက်တယ် နောက်ထပ် ၁၀ မှတ်ထပ်ပြီး ဆန်ကွဲပေါက်တယ်။ ဆန်စက်ကနောက်ဆိုရင်သူက အဲ ၂၅ မှတ်ကို ၃၅ လာပြီးတော့ရောင်းတယ်။ သဘောက အဲလိုမျိုးနှင့် ပျက်စီးတာပေါ့ဗျာ။ နယ်မှာက တောင်သူက လာရောင်း

တယ် စောတုန်းက ပဲတီစိမ်းဆိုရင် ကောင်းတဲ့ဟာကော မကောင်းတဲ့ဟာကော သူ့ဈေးနှင့် သူတော့ နယ်က ကုန်သည်ကဂယ်တာပဲ။ အားလုံး ပေါက်ပြီးသွားမှ ရန်ကုန်ကိုရောင်းတာပဲ။ အဲဒီအချိန်မှာတော့ တော်တော် များများက နောက်ဆုံးပြောရရင်တော့ဗျာ ဈေးကွက်မမီတဲ့ ပစ္စည်းတွေဖြစ်တယ်။ ဈေးကွက်မီအောင် ပြုပြင် ပြန်တော့လည်း စရိတ်တွေက တတ်တယ်။ နောက်ဆုံးပြောရရင် ဒီဟာက ဒီကနေ ကျွန်တော်ပြောမယ် တောင်သူတွေအားလုံး တတ်ရောက်လာတဲ့သူအားလုံး ပစ္စည်းကိုသန့်သန့်လေးလုပ်ပါ။ အဲဒီ မသန့်အောင် လုပ်လိုက်တဲ့တောင်သူကော နယ်က ကုန်သည်ကော အဲဒုက္ခက အားလုံးကို ဂယက်ရိုက်ပါတယ်။ နောက် ဆုံး ဂယက်ရိုက်ခံရတာတော့ တောင်သူပါ။ ဈေးကောင်းမရဘူးဆိုရင် ဘယ်သူထိမလည်း။ ထုတ်လုပ်တဲ့သူ တွေထိမည်။ ကျွန်တော်တို့ ဈေးပိုရောင်းဖို့ ဆိုတာ ကောင်းမှရတာ။ ဒါလေးတော့ ကျွန်တော် စကားနည်း နည်းရှည်တယ်လို့ တော့ မထင်ပါနှင့်။ ကျွန်တော်လည်း ခံစားချက်လေးနည်းနည်းထည့်ပြောတာပါ။ အဲတော့ ပဲတီစိမ်းက ကျွန်တော်တို့ရဲ့လာမည့် အလားအလာပေါ့ဗျာ။ တရုတ်နိုင်ငံက ဒီနှစ် အားလုံး စောစောကပြော သွားတယ် အမေရိကန်နှင့် တရုတ်နှင့်က ဒီ အခွန်ကောက်တဲ့ စနစ်ဖြစ်တော့ ဒီပဲပုတ်နှင့် ပြောင်းကို ပိုပြီးတော့ စိုက်ခိုင်းပါတယ်။ သူတို့ အစိုးရက။ တရုတ်အစိုးရက ပိုစိုက်ခိုင်းပါတယ်။ အဲတော့ ပဲတီစိမ်းဧရိယာတွေမှာ ပဲပုတ် နှင့် ပြောင်းကို ပိုစိုက်ခိုင်းပါတယ်။ အဲတော့ တရုတ်က လာမည့်နှစ်မှာ ပဲတီစိမ်းလျော့ထွက်မယ်ဆိုတဲ့ ဟာလေး အသိပေးလိုပါတယ် အားလုံးဂမ်းသာအောင်။ ဒါပေမည့် အားလုံးက ပဲတီစိမ်းကိုပဲ ပိုင်းစိုက်မယ် ပိုင်းစိုက်မယ် ဆိုရင်တော့လည်း demand နှင့် supply တော့လည်းရှိပါတယ်။ အဲတော့ ပညာရှင်ကြီးတွေ ကပဲ စီးပွားကူးသန်းကော စိုက်ပျိုးရေးကော သူတို့မှာ စာရင်းဇယားတွေရှိပါတယ်။ ဘယ်လောက်ထိ စိုက်သင့်တယ် မစိုက်သင့်ဘူးဆိုတဲ့ ဟာတော့ နည်းနည်းလေး သုံးသပ်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ ကတော့ ကုန်သည်ဆိုတော့ ကုန်သည်စကားနှင့်ပဲ ဒီလိုတင်ပြလိုက်တာပေါ့ ပိုစိုက်လို့ရပါတယ် ဘယ် လောက်ပိုစိုက်ရင် ဘယ်လောက်ဘာဖြစ်မလည်းဆိုတဲ့ ဒီ effect ကတော့ ကျွန်တော်တို့ လည်းပြောလို့ မရပါဘူး။ ဒါပေမဲ့ quality ကောင်းကောင်းစိုက်ရင်တော့ ဈေးကွက်ပိုကျယ်တယ် ပိုရောင်းရမယ်နော်။ အဲဒီတော့ ပဲတီစိမ်းက လာမည့်နှစ်မှာလည်း ဆိုးဆိုးဂါးဂါးဖြစ်ဖို့ ကျွန်တော့်အနေနှင့် လုံးဂ မမြင်ပါဘူးလို့ တောင်သူတွေကို ဂမ်းသာတဲ့ စကားလေးတစ်ခွန်း ကျွန်တော့်အနေနှင့် သုံးသပ်ပေးပါတယ်။ အဲတော့ ပဲလွန်းဖြူ စောတုန်းက ညီလေးတစ်ယောက်ပြောသွားတယ်မြို့သစ်က။ ကျွန်တော်လည်း မြို့သစ်မှ ကြက်သွန်သွားစိုက်တော့ ဘာပဲပြောပြော မြို့သစ်လို့ကြားတာနှင့် သံယောဇဉ်တော့ရှိပါတယ်။ ပဲလွန်းဖြူ စိုက်ပစ်လိုက်တာ ရောင်းစရာ နေရာမရှိဖူးလို့ ပြောပါတယ်။ တကယ်ကတော့ ကျွန်တော်လည်းဒီမှာ ပဲလွန်းဖြူအဖွဲ့မှာဂင်ပြောပါတယ်။ ပဲလွန်းဖြူ က ကျွန်တော်တို့ နှစ်မျိုးရှိပါတယ် မျက်နီနှင့် မျက်မဲပေါ့ဗျာ brown eye နှင့် black eye ဆိုပြီးတော့ ရှိပါတယ်။ brown eye ကတော့ ကျွန်တော်တို့ နှစ်ပေါင်း ၂ဂ

ကျော်လောက်တည်းက ကျွန်တော်တို့နိုင်ငံမှာ စိုက်နေတာ။ black eye ကတော့ ရွှေသဇင်ကနေပြီးတော့မှ ကျွန်တော်တို့ပွားလိုက်တာပေါ့ဗျာ။ အခုက အရှေ့တောင်အာရှမှာ တစ်နိုင်ငံနှစ်နိုင်ငံပဲ black eye ကို မကြိုက်ဘူးနေမယ် ကျန်တဲ့နိုင်ငံ အကုန်လုံးဝယ်တယ်။ တရုတ်လည်းဝယ်တယ် ထိုင်ဝမ်လည်းဝယ်တယ်။ ကိုရီးယားလည်းဝယ်တယ် တော်တော်များများ EU ကတောင်ပြန်ဝယ်တယ် ကျွန်တော်တို့ဆီက အဲတော့ ကျွန်တော်နှင့် အရောင်းအဝယ်လုပ်နေတဲ့ နယ်ကလူတွေက အဲဒီမျိုးလည်းလိုချင်တယ်လို့ ပြောတော့ ကျွန်တော်စသွင်းလာတာရှိပါတယ်။ အများကြီးတော့မဟုတ်ဘူး နယ်တစ်နယ်စာလောက် သွင်းလာတာရှိပါတယ်။ အဲဟာကိုလည်း quality ကောင်းကောင်းထုတ်ရင် ဈေးကွက်ရှိပါတယ်လို့ ကျွန်တော့်အနေနှင့်ပြောလိုပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်းတစ်အိတ်ကို အောက်ခံပေါ့ဗျာ ခုနစ်သောင်းခွဲဖြစ်ပါတယ်။ ဒီနှစ်လည်းအဲအောက်ရောက်ဖို့မရှိပါဘူး။ ဘာလို့ ခုနစ်သောင်းခွဲပဲရလည်းဆိုရင် မျိုးမသန့်လို့ အဲဈေးဖြစ်ပါတယ်။ မျိုးသန့်ရင် ရှစ်သောင်းကျော်အထိရောင်းရပါတယ်။ စောတုန်းက မြို့သစ်က တင်ပြသွားတဲ့ ရောင်းမရဘူးဆိုတဲ့ဟာကတော့ တစ်ယောက် တစ်ယောက် မချိတ်ဆက်မိလို့လည်းဖြစ်ပါမယ် ။ နောက်မကွေးတိုင်းက ပဲလွန်းဖြူ စိုက်ဧက အင်မတန်နည်းပါတယ်။ အဓိကက ရောဂတီနှင့် ပဲရူးတိုင်းအရှေ့ကစိုက်တာများပါတယ်။ အဲတော့ ဈေးကွက်မရှိတဲ့အတွက် ဘယ်ရောင်းရမှန်းမသိဘူး ဖြစ်ပါတယ်။ အဲတော့ စောတုန်းက ကျွန်တော်လည်းပြောလိုက်ပါတယ် မြို့သစ်မှာ ကျွန်တော်တို့ တိုးတတ်လင်းနှင့် new wave ဆိုတဲ့ ဆိုင်းဘုတ် ကြီးရှိပါတယ် အဲဒီမှာ သွားပြောပြီးရောင်းလိုက်ပါ ကျွန်တော်တို့ဝယ်ပေးပါမယ်လို့ ဒီကနေ ပြောကြားလိုပါတယ်။

နောက်တစ်ခုက ပဲပုတ်ပါခင်ဗျာ။ ပဲပုတ်ကတော့ အားလုံးလဲ စောတုန်းက အားရပါးရပြောသွားပြီ။ ကျွန်တော်တို့ ဒီမှာ ကုန်သည်တစ်ယောက်ကပြောပါတယ်။ ကျွန်တော်တို့ မြန်မာပြည်တစ်ပြည်လုံးက နေပြီးတော့ တိရစ္ဆာန်အစာပေါ့လေ နှစ်စဉ် တန်ချိန် သုံးသိန်းနှင့် ရှစ်သောင်း ကျွန်တော်တို့ import လုပ်ရပါတယ်။ အဲဒီအတွက် ဒေါ်လာ သန်း ၁၂၀ ကျွန်တော်တို့နိုင်ငံက ကုန်သွားတယ် ပေါ့။ အဲတော့ ပဲပုတ် demand ရှိတယ်လို့ ဆိုလိုခြင်းသဘောပါပဲ။ သူ့အနေနှင့် တင်ပြတာကတော့ ကျွန်တော်တို့ GMO မဖြစ်ဖို့ပေါ့ဗျာ Non GMO ဖြစ်တဲ့ပဲပုတ်ကို အများကြီး စိုက်သင့်တယ်လို့ ကုန်သည်တွေက အကြံပေးပါတယ်။ လက်ရှိအနေအထားကလည်း တစ်တန်ကို ခြောက်သိန်းအောက်မရောက်ဘူးလို့ သူက အာမခံနိုင်တဲ့ ပုံစံလေးပြောပါတယ်။ ပြီးသွားရင် လက်ရှိလည်း တစ်အိတ်ကို ခုနစ်သောင်းကျော်နော် အချိန် ခြောက်ဆယ် တစ်အိတ်ကို ခုနစ်သောင်းကျော်ဈေးတယ်။ ပစ္စည်းလည်းမရှိပါဘူး ပြတ်နေတယ်လို့ သူကပြောပါတယ်။

အဲတော့ ကုလားပဲ ကုလားပဲကတော့ ကျွန်တော်ထွေထွေထူးထူးမပြောလိုပါဘူး။ စောတုန်းက ဦးမြင့်စန်း ကျွန်တော်တို့ ကုန်သည်ပါပဲ သူ သုံးသပ်သွားတာပြီးသွားတဲ့အတွက် ကျွန်တော် ကျော်သွားပြီး တော့မှ မြေပဲအကြောင်းေ အနည်းငယ်တင်ပြလိုပါတယ်။

မြေပဲကတော့ ကျွန်တော်တို့ ဒီနှစ်လည်း နယ်တွေသွားတဲ့အခါမှာ မြေပဲကို အစားထိုးပြီး တော်တော် စိုက်လာကြတာတွေ့ ရပါတယ်။ လက်ရှိအနေနှင့်လည်း ဈေးအနေနှင့်က ကျွန်တော်တို့ တစ်ပိသာကို ၂၈၀၀ ရှိပါတယ် လက်ရှိမန္တလေးမှာ နယ်တွေမှာ ဒါပေမဲ့ ကျွန်တော်တို့ ပစ္စည်းမရှိပါဘူး။ နယ်ကလူတွေက ပိုပြီး သိမှာပါ။

အဲတော့ ကျွန်တော် သိသလောက်ပြောမယ်ဆိုရင် ကျွန်တော်မြေပဲနှင့် ရင်းနှီးတာ နှစ်ပေါင်း ၄၀ လောက်ရှိပါပြီ ။ ကျွန်တော်တို့ နေတဲ့မြို့ မှာ မြေပဲပဲစိုက်ပါတယ် ။

လက်ရှိကျွန်တော်တို့ မြေပဲစိုက်သလောက် ထိုင်းနှင့် တရုတ် border trade ကိုသွားတာ ကျန်ခဲ့တယ် ဆိုတာမရှိပါဘူး။ စောတုန်းက ဒေါက်တာကြီး လည်းပြောသွားပါတယ်။ ကျွန်တော်တို့ ဆီစက်တွေတောင် ရပ်ထားရပြီဆိုပြီးတော့ အဲဒီတော့ ဘာကြောင့် ရပ်ထားရလည်း ကုန်ကြမ်းမပေါလို့ လို့နှင့် ကုန်ကြမ်းမပေါတာ နှင့် ဒီရောင်းရေးဝယ်တာမှာ ကွာခြားမှုရှိလို့ပဲ ကျွန်တော်ထင်ပါတယ်။ တကယ့်တကယ်ကတော့ မြေပဲက တော့ တစ်ချို့ကလည်းမေးတယ် oversea မသွားဘူးလားလို့မေးတယ်။ oversea ကသွားကြပါတယ် အရင်တုန်းက MAPT က သူတို့ MAPT ကနေပြီးတော့မှ တစ်ဆင့် ကျွန်တော်တို့ တင်ပို့ ခဲ့ဘူးတာတွေ ရှိပါတယ်။ ဘာလို့ မြေပဲက oversea ကို မသွားဘူးဆိုတဲ့ဟာလေတစ်ချက် ကျွန်တော့်အနေနှင့် ဒီကနေ စိုက်ပျိုးတဲ့တောင်သူတွေကော ကုန်သည်တွေကောသိအောင် ကျွန်တော်ပြောကြားလိုပါတယ်။ ဘာလို့ လဲ ဆိုတော့ မြေပဲက အားလုံးသိတဲ့အတိုင်းပဲ ၉ လပိုင်းဆို ပေါ်ပါတော့မယ်။ ၉ လပိုင်း လလည်ဆို လှိုင်လှိုင်ပေါ် ပါတော့မယ်။ ဒီ ၉ လပိုင်းဆိုတာ စက်တင်ဘာလဆိုတာ မိုးမကုန်သေးပါဘူး အဲအတွက် moisture ကျန်ပါတယ်။ ကျန်တဲ့အတွက် အနီးဆုံးပေ့ါဗျာ ၂ ရက် ၂ ရက် နှင့်ရောက်နိုင်မည့် ထိုင်းတို့ တရုတ်တို့ သွားရင် ပြဿနာမရှိပေမည့် oversea ကို သွားမယ်ဆိုရင် container နှင့် သယ်တဲ့အတွက် moisture ကျန်တဲ့အတွက် color change မယ် မှိုတတ်မယ် အဲပြဿနာရှိပါတယ် ။ နောက်တစ်ခုက ဘာလဲဆိုတော့ ကျွန်တော်တို့ မြေပဲက အိန္ဒိယနိုင်ငံကို ယှဉ်ပြိုင်ပြီး ကျွန်တော်တို့ မရောင်းနိုင်ပါဘူး။ ကျွန်တော်တို့ ဖောက်သည်တွေက အမြဲတမ်းဈေးမေးပါတယ် ဒါပေမည့် အိန္ဒိယ ဈေးက ကျွန်တော်တို့ ထက်နိမ့်တဲ့အတွက် ကျွန်တော်တို့ အိန္ဒိယ နှင့် ယှဉ်ပြိုင်မရောင်းနိုင်တဲ့အတွက် ကျွန်တော်တို့ oversea က မရောင်းဝယ်နိုင်တာ နှစ်ပေါင်း အင်မတန်

ကြာပါပြီ။ အင်မတန်ရှားတဲ့နှစ်ကြရင်တော့လာပါတယ်။ ဒီနှစ်တော့ ကျွန်တော်တို့ နိုင်ငံက ဂယ်ကောင်းဂယ် မယ်လို့ စိတ်ကူးရှိပါတယ်။ ကျွန်တော်မြေပဲအကြောင်းကို ဒီလောက်ပဲတင်ပြဆွေးနွေးလိုပါတယ်။

နှမ်းပေ့ါ နှမ်းကတော့ အကြမ်းဖျင်း အရောင်က လေးမျိုးရှိပါတယ် အဖြူရယ် အနီရယ် အညိုရယ် အမဲရယ် အဲမှာမှ ထပ်ခွဲရင်တော့ ရှိသေးတာပေ့ါ ဒါကတော့ အများကြီးလည်းမပြောတော့ပါဘူး။ အဲတော့ ဘာလို့မပြောလည်းဆိုတော့တောင်သူတွေက ကျွန်တော်တို့ ထက်လည်းပဲ ပိုသိပါတယ်။ လက်တွေ့လည်း စိုက်တဲ့အတွက် တောင်သူတွေ စိုက်ချင်တာဘာလည်း။ တောင်သူတိုင်းပြောသွားတယ် ဒါစိုက်ရင် ဘယ် လောက်ရမှာလည်း။ ဘယ်လောက်ကိုက်မှာလည်း။ ဘယ်ဈေးရမှာလည်း။ ဒါက သူတို့ အသိချင်ဆုံးအရာပါ ဖြစ်သင့်ပါတယ်။ အဲတော့ ကျွန်တော့် အနေနှင့် ပြောလိုတာကတော့ ဒီနှစ်နှမ်းတွေကို ကျွန်တော်တို့ က တရုတ်ပြည်ကိုလည်း ပို့ ပါတယ်။ အခြားဂျပန်တို့ ထိုင်ဝမ်တို့ ဒီ ASEAN countries ပေ့ါဗျာ နည်းနည်းပါးပါး ပို့တာရှိပါတယ်။ အဲမှာမှ ကျွန်တော်တို့ နှမ်းအဖြူပေ့ါ နှမ်းအဖြူဆိုရင် ဈေးကွက်ပျောက်သွားပါပြီ ကျွန်တော် တို့ တရုတ်ပြည်ကိုပဲသွားပါတယ်။ တရုတ်ပြည်မှာ အခွံချွတ်တဲ့ဟာ အဓိက သုံးပါတယ်။ ကျွန်တော်တို့ လည်း အခွံချွတ်တဲ့စက်မြန်မာနိုင်ငံမှာရှိတော့ ရှိပါတယ်။ ဒါပေမဲ့ နည်းပါတယ်။ အဓိက က ဘာလည်းဆိုတော့ နှမ်း အဖြူက ကျွန်တော်တို့ quality က ကျနေပါပြီ။ စိုက်ပျိုးတဲ့တောင်သူတွေ သိပါတယ်။ နှမ်းအကြောင်းပြော ရင် နည်းနည်းလေး သည်းခံပြီးနားထောင်ပေးပါ။ ပြီးခဲ့တဲ့ရှေ့ သုံးလေးနှစ်လောက်မှာ နှမ်းအမဲက တစ်အိတ် ကို နှစ်သိန်းပတ်ဝန်းကျင်ကနေ အတနည်းဆုံးပေ့ါနော်။ တစ်သိန်းခုနစ်သောင်း တစ်သိန်းရှစ်သောင်း တစ်သိန်းခွဲ အဲလိုရှိတဲ့အခါကျတော့ ကျွန်တော်တို့က အရင် နှမ်းအဖြူတို့ နှမ်းအနီတို့ နှမ်းအဂါတို့ဟာ သုံးတင်းတစ်အိတ်ကို တစ်သိန်းနှင့် တစ်သိန်းအောက်မှာရှိတဲ့အတွက် အားလုံးက စမုံနှမ်းကို ပြောင်းစိုက်ကြ ပါတယ်။ ပြောင်းစိုက်လိုက်တဲ့အခါမှာ စမုံနှမ်းတွေအများကြီးပိုထွက်ပါတယ်။ ဒါကနယ်ကလူတွေပိုသိပါ တယ် မကွေးကော မန္တလေးကော စကိုင်းတိုင်းကော အကုန်လုံးပေ့ါ အဲဒီမှာ မနှစ်က စမုံနှမ်းတစ်အိတ်က တစ်သိန်းနှစ်သောင်းငါးထောင်အထိ ကျသွားပါတယ်။ ၄၅ ပိဿာ တစ်အိတ်ကို အဲဒီတော့ နှမ်းအဖြူတော့ နှမ်းအနီတို့ ကျန်တဲ့ဈေးတွေကတတ်လာတယ် ဒီနှစ်ဆိုရင် နှမ်းအဖြူဆိုရင် ဂျပန်မျိုးဆိုရင် တစ်သိန်း ခြောက်သောင်း တစ်သိန်းခြောက်သောင်းခွဲအထိ တတ်တယ် ။ ရိုးရိုးနှမ်း ကျွန်တော်တို့ မကွေးမှာတော့ ချို ကျော်တို့ ဂမ်းချိုတို့ ပေ့ါဗျာခေါ်နေတာ တစ်သိန်းလေးသောင်းခွဲလောက်ရှိတယ်။ နှမ်းအညိုဆိုရင် တစ်သိန်း နှစ်သောင်းကနေ တစ်သိန်းနှစ်သောင်းခွဲလောက်ရှိတယ်။ အဲတော့ မနှစ်က စမုံနှမ်းဈေးထက်ပြောမယ်ဆိုရင် ပိုရတာပေ့ါ။ ဒီနှစ်ဆိုရင် စမုံနှမ်းက စိုက်တာလည်းနည်းသွားပါတယ် အခြားနှမ်းတွေဆိုရင် ပိုစိုက်ပါတယ်။

အားလုံးသိအောင် လက်ရှိ အိန္ဒိယနှင့် အာဖရိကမှာ နှမ်းဈေးတွေက တတ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ရာသီဥတုပျက်လို့ နှမ်းတွေ စုတ်ကုန်ပါတယ်။ အထွက်နည်းပါတယ်။ အဲတော့ နှမ်းဈေးက ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၀ ရက်ကျော်က မကွေးသွားပါတယ် ဈေးပဲအတင်းမေးတော့ ဈေးက မနစ်ကထက်ပိုရပါမယ်။ ဘာလို့ ပိုရမလဲဆိုတော့ နံပါတ် ၁ က နိုင်ငံခြားဈေးက မနစ်ကထက်ပိုကောင်းပါတယ်။ ဒုတိယ အချက်က တစ်ဒေါ်လာရဲ့ ငွေလဲနှုန်းကလည်းမြင့်တဲ့အတွက် တောင်သူတွေကို မနစ်ကထက်ပို ရမယ်ဆိုတဲ့ သတင်းပေးလိုပါတယ်။ ဘယ်လောက်တိကျလည်းဆိုတာကတော့ ကျွန်တော့အနေနှင့် မပြောတတ်ပါဘူး။

နောက်ဆုံးတစ်ခုအနေနှင့် ပြောင်းပေါ့ဗျာ။ ပြောင်းကတော့ ကျွန်တော်တို့ စားပွဲခုံမှာကို အငြင်းအခုံတွေဖြစ်ကြပါတယ်။ ကျွန်တော်တို့ ဥက္ကဌ ဦးထွန်းလွင်ကမေးပါတယ် ၂၀၁၉ ရောက်ရင် ဘယ်ဈေးဖြစ်မလည်းလို့မေးတယ်။ ဖြေတဲ့သူကလည်း တစ်ပိသာကို ၅၈၀ နှင့် ၆၀၀ အောက်မရောက်ဘူးဗျာဆိုပြီး ဖြေကြတယ်။ ဒါကတော့ ကျွန်တော်တို့လည်း မကျွမ်းကျင်ပါဘူး။ မကျွမ်းကျင်တဲ့အတွက် ကျွန်တော့်အနေနှင့် သူတို့ပြောတဲ့စကားအတိုင်း နှမ်းကို မတ်ပဲနှင့်ပဲစင်းငုံနေရာ အစားမှာပြောင်းစိုက်ကြ ပါလို့ သူတို့က ဆိုလိုပါတယ်။ ၂၀၁၉ မှာလည်း အလားအလာကောင်းတယ်လို့ ပြောပါတယ်။ ဈေးကွက်က ၈၅%အထိနိုင်မာတယ်လို ့ပြောပါတယ်။ ၂၀၁၉ April လနောက်ပိုင်းမှာ ၅၈၀-၆၀၀ ဖြစ်မယ်လို့ ပြောပါတယ်။ လက်ရှိပေါက်ဈေးလည်းကောင်းတယ်ပေါ့။ တရုတ်ဈေးကွက်ကလည်း နံ့စားပြောင်းကိုပိုစိုက်ဖို့ သူတို့က တိုက်တွန်းပါတယ်။ လိုအပ်ချက်ကများပါတယ်တဲ့။ အဲတော့ နည်းပညာနှင့် လိုအပ်ချက် သွင်းအားစုတွေနှင့် အသုံးပြုပြီး စိုက်ပါလို့ တင်ပြသွားပါတယ်။ ကျွန်တော်ရဲ့ တင်ပြချက်တွေက တစ်ချို့ဟာတွေက ကျွန်တော့်အာဘော်တွေပါသလို တစ်ချို့ဟာတွေက ကုန်သည်တွေရဲ ့တင်ပြချက်တွေဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ဒီလောက်နှင့်ပဲ ကျွန်တော်နိဂုံးချုပ်ပါရစေ အားလုံးကို ကျေးဇူးတင်ပါတယ်။

❑ ❑ ❑

| စဉ် | အစုအဖွဲ့ | ဒေသတွင်ရှိမည့် တစ်တန်တန်ဖိုး (Ks) (18-8-18) | ဒေသတွင် ရှိမည့် တစ်တင်းတန်ဖိုး (Ks) (18-8-18) | ယခင်စိုက်ပျိုးသည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း တို့၏ တစ်ဧကအတွက် အောက်ပါကုန်ကျစရိတ်ခေါင်းစဉ်များ (မိမိတို့ ဖြည့်စွက်သည့် ပဲမျိုးနှင့် မသက်ဆိုင်သည့် စရိတ်များကို မဖြည့်စွက်ရန်)ကို အနီးစပ်ဆုံး ဖြည့်စွက်ပေးရန်။ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | တောင်သူအရင်း တစ်တင်းဈေး (ကျပ်) | တောင်သူအတွက် ရရှိမည့် အကျိုးအမြတ် | အရှုံးအမြတ် % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | မျိုးကုန်ကျမည့် အရေအတွက် (ပြည်) နှင့် တန်ဖိုး | ထယ်ထိုးခ | ထွန်ယက်ခ | ကြောင်းဆွဲခ (၂ထပ်) | မျိုးချ | မြေခံမြေသြဇာ | ယူရီးယား | ကြားပေါင်းလိုက် | ကြားထွန်ဘောင်တင် | ရေသွင်းခြင်း | ပြောင်းမျိုးပြောင်းခုတ် | ပြောင်းဖူးလှည်းတိုက် | ပြောင်းဖက်လှီး | ပြောင်းဆံခွေ | ပြောင်းနေလှန်းနှင့် အထွေထွေ အလုပ်သမားစရိတ် | ထွန်/မွှေခ (နှစ်ကြိမ်) | မြောင်းဆွဲခ (နှစ်ကြိမ်) + ကြားတိုက်ခ (သုံးကြိမ်) | ပေါင်းထိုးခ | ပိုးသတ်ဆေး | သဘာဝနွားချေး | ကွန်ပေါင်းမြေသြဇာ | ပေါင်းနုတ်စရိတ် + ဘောင်ဖော်စရိတ် | အလုပ်သမားခ | ရိတ်သိမ်းစရိတ် | အပင်အားတိုးဆေး | ပဲရူးသည့်အလုပ်သမားခ | ပဲစက်ခြွေခ | သယ်ယူစရိတ် (စိုက်ခင်းမှ အဂယ်ဒိုင်သို့) | တောင်သူမိသားစုနေထိုင်မှုစရိတ် (တစ်လပျမ်းမျှ) | ကိုယ်ပိုင်ငွေ (သို့) ဘဏ်ချေးငွေ၊ အရပ်ချေးငွေ ဖြင့် ယူခြင်းအ | ကုန်ကျစရိတ်စုစုပေါင်း | တစ်ဧကပျမ်းမျှ အသားတင်အထွက်နှုန်းအရေအ | | | |
| ၁ | မတ်ပဲ ရေဂတီတိုင်း | 394,152 | 12,876 | 20,000 | 15,000 | 15,000 | - | 2,000 | - | - | - | - | - | - | - | - | - | - | - | - | - | 30,000 | - | - | - | - | - | 20,000 | 40,000 | 10,000 | 5,000 | 48,000 | 6,663 | **211,663** | 15 | 14,111 | (1,235) | -8.75% |
| ၂ | မတ်ပဲ ပဲခူးတိုင်း (အရှေ့) | 399,051 | 13,036 | 30,000 | 15,000 | 36,000 | - | 2,000 | 35,000 | - | - | - | - | - | - | - | - | - | - | - | - | 30,000 | - | - | - | - | - | 30,000 | 50,000 | 20,000 | 4,000 | 48,000 | 9,750 | **309,750** | 20 | 15,488 | (2,451) | -15.83% |
| ၃ | မတ်ပဲ ပဲခူးတိုင်း (အနောက်) | 395,989 | 12,936 | 20,000 | 20,000 | 20,000 | - | 18,000 | - | - | - | - | - | - | - | - | - | - | - | - | - | 70,000 | - | - | - | - | - | 20,000 | 50,000 | 20,000 | 10,000 | 48,000 | 9,620 | **305,620** | 20 | 15,281 | (2,345) | -15.35% |
| ၄ | မတ်ပဲ (နေပြည်တော်) | 394,400 | 12,884 | 36,000 | 6,000 | 10,000 | 12,000 | 5,000 | - | 23,000 | - | - | - | - | - | - | - | - | - | - | - | 55,000 | - | 18,000 | - | 6,000 | - | 8,500 | - | 10,000 | 13,000 | 48,000 | 8,141 | **258,641** | 17 | 15,214 | (2,330) | -15.31% |
| ၅ | ပဲစဉ်းငုံ (မန္တလေး) | 384,400 | 12,558 | 4,500 | 40,000 | 32,000 | 8,000 | 5,000 | - | - | 16,000 | - | - | - | - | - | - | - | - | - | 15,000 | 10,000 | 30,000 | 40,000 | - | - | - | - | 55,000 | 12,000 | 8,000 | 48,000 | 10,514 | **334,014** | 18 | 18,556 | (5,999) | -32.33% |
| | ပဲစဉ်းငုံ (ပခုက္ကူ၊ မုံရွာ) | 390,028 | 12,741 | 4,500 | 40,000 | 32,000 | 8,000 | 5,000 | - | - | 16,000 | - | - | - | - | - | - | - | - | - | 15,000 | 10,000 | 30,000 | 40,000 | - | - | - | - | 55,000 | 12,000 | 8,000 | 48,000 | 10,514 | **334,014** | 18 | 18,556 | (5,815) | -31.34% |
| ၆ | ပဲတီစိမ်း (ရန်ကုန်) | 787,214 | 25,717 | 4,000 | 20,000 | 20,000 | 8,000 | 8,000 | - | - | 24,000 | 16,000 | - | - | - | - | - | - | - | - | - | 14,000 | - | - | - | - | - | 7,150 | 104,000 | 6,000 | 5,000 | 48,000 | 9,235 | **293,385** | 12 | 24,449 | 1,268 | 5.19% |
| | ပဲတီစိမ်း ( မန္တလေး) | 772,400 | 25,233 | 4,000 | 20,000 | 20,000 | 8,000 | 8,000 | - | - | 24,000 | 16,000 | - | - | - | - | - | - | - | - | - | 14,000 | - | - | - | - | - | 7,150 | 104,000 | 6,000 | 5,000 | 48,000 | 9,235 | **293,385** | 12 | 24,449 | 784 | 3.21% |
| | ပဲတီစိမ်း (နေပြည်တော် (တပ်ကုန်း)) | 784,400 | 25,625 | 4,000 | 20,000 | 20,000 | 8,000 | 8,000 | | | 24,000 | 16,000 | | | | | | | | | | 14,000 | | | | | | 7,150 | 104,000 | 6,000 | 5,000 | 48,000 | 9,235 | **293,385** | 12 | 24,449 | 1,176 | 4.81% |
| | ပဲတီစိမ်း (ရေဂတီတိုင်း) | 784,152 | 25,617 | 30,000 | 15,000 | 15,000 | - | 2,000 | - | - | - | - | - | - | - | - | - | - | - | - | - | 30,000 | - | - | - | - | - | 20,000 | 40,000 | 10,000 | 5,000 | 48,000 | 6,988 | **221,988** | 15 | 14,799 | 10,817 | 73.09% |
| ၇ | ပဲလွန်းဖြူ (မကွေး) | 764,253 | 24,966 | 37,500 | - | - | - | 8,000 | - | - | 40,000 | - | - | - | - | - | - | - | - | - | - | 25,000 | - | - | - | - | - | 25,000 | 84,000 | 5,000 | 5,000 | 48,000 | 9,019 | **286,519** | 18 | 15,918 | 9,049 | 56.85% |
| | ပဲလွန်းဖြူ (ပဲခူး) | 770,989 | 25,187 | 37,500 | - | - | - | 8,000 | - | - | 40,000 | - | - | - | - | - | - | - | - | - | - | 25,000 | - | - | - | - | - | 25,000 | 84,000 | 5,000 | 5,000 | 48,000 | 9,019 | **286,519** | 18 | 15,918 | 9,269 | 58.23% |
| ၈ | ပဲပုပ် (ရှမ်း) | 760,400 | 24,841 | 30,000 | 27,500 | - | - | 4,500 | 12,500 | - | 40,000 | 25,000 | - | - | - | - | 7,500 | 12,500 | - | 8,000 | - | 5,000 | 50,000 | 20,000 | - | - | - | 5,000 | - | - | 5,000 | 48,000 | 9,766 | **310,266** | 20 | 15,513 | 9,327 | 60.12% |
| ၉ | ကုလားပဲ (စစ်ကိုင်း၊ မကွေး) | 841,253 | 26,337 | 67,500 | 24,000 | - | - | 2,000 | - | - | - | - | - | - | - | - | - | - | - | - | - | 12,000 | - | 15,000 | - | 12,000 | - | - | 36,000 | 17,000 | 10,000 | 48,000 | 7,914 | **251,414** | 18 | 13,967 | 12,369 | 88.56% |
| ၁၀ | မြေပဲ (မကွေး၊ မန္တလေး) | 1,714,400 | 19,441 | 104,000 | 26,000 | - | 15,000 | - | 40,000 | - | 30,000 | - | - | - | - | - | - | - | - | - | - | 5,000 | 30,000 | 10,000 | - | - | - | 10,000 | 30,000 | 67,500 | 13,500 | 48,000 | 13,943 | **442,943** | 45 | 9,843 | 9,598 | 97.51% |
| | နှမ်းညို (မကွေး၊ မန္တလေး) | 1,604,400 | 39,314 | 10,500 | 26,000 | - | - | 2,000 | 30,000 | 12,000 | 30,000 | 30,000 | - | - | - | - | - | - | - | - | - | 10,000 | 30,000 | - | - | - | 50,000 | 15,000 | - | - | 5,000 | 48,000 | 9,701 | **308,201** | 8 | 38,525 | 789 | 2.05% |
| | နှမ်းနက် (မကွေး၊ မန္တလေး) | 2,154,400 | 52,791 | 10,500 | 26,000 | - | - | 2,000 | 30,000 | 12,000 | 30,000 | 30,000 | - | - | - | - | - | - | - | - | - | 10,000 | 30,000 | - | - | - | 50,000 | 15,000 | - | - | 5,000 | 48,000 | 9,701 | **308,201** | 8 | 38,525 | 14,266 | 37.03% |
| ၁၁ | ပြောင်း (ရှမ်း) | 355,400 | 8,869 | 17,500 | 24,000 | | 6,500 | 8,000 | | 44,750 | 16,000 | 6,500 | | 12,000 | 13,000 | 12,000 | 12,000 | 8,000 | 36,000 | | 12,000 | | 15,000 | 37,500 | | 8,000 | | | | | 5,000 | 48,000 | 11,107 | **352,857** | 66 | 5,379 | 3,490 | 64.88% |
| | ပြောင်း (ကရင်) | 361,400 | 9,019 | 26,000 | 20,000 | 30,000 | 5,000 | 15,000 | - | 20,000 | - | - | - | 25,000 | 15,000 | 15,000 | 53,400 | 10,000 | - | - | - | - | 10,000 | 70,000 | - | 12,000 | - | - | - | - | 5,000 | 48,000 | 12,331 | **391,731** | 85 | 4,609 | 4,410 | 95.69% |
| | ပြောင်း (ပဲခူး) | 362,989 | 9,058 | 35,000 | 20,000 | 20,000 | 5,000 | 15,000 | 53,000 | 40,500 | 30,000 | 30,000 | - | 30,000 | 40,000 | 10,000 | 10,000 | 40,000 | 10,000 | - | - | - | 30,000 | 20,000 | - | - | - | - | - | - | 5,000 | 48,000 | 15,974 | **507,474** | 80 | 6,343 | 2,715 | 42.80% |
| | ပြောင်း (ရေဂတီတိုင်း) | 361,152 | 9,012 | 25,000 | 15,000 | 15,000 | 12,000 | 30,000 | 35,000 | 52,000 | 10,000 | 10,000 | 135,000 | 20,000 | - | - | 20,000 | 10,000 | - | - | - | - | - | - | - | - | - | - | - | - | 5,000 | 48,000 | 14,365 | **456,365** | 91 | 5,015.00 | 3,997 | 79.71% |


မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုး
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေး


မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFCCI Office

# ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ဘုရင့်နောင် ကုန်စည်ဒိုင်) ဥက္ကဋ္ဌ ဦးခင်ဟန် ပြောကြားသည့် နိဂုံးချုပ် အမှာစကား

(ကြွရောက်ချီးမြှင့်ကြပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ များနှင့် အတွင်းရေးမှူးအဖွဲ့၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ကုန်သည်/စက်မှု အသင်းချုပ် စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ကုန်စည်ဒိုင်များ၊ ပဲ/နှမ်းအသင်းများ၊ တောင်သူလယ်သမားများ၊ မြန်မာနိုင်ငံ ပဲမျိုးစုံ နှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) များမှ အလုပ်အမှု ဆောင်များနှင့် အသင်းသားများ၊ အခြားဖိတ်ကြားထားသူများ၊ ဧည့်သည်တော်များခင်ဗျား) -

ဒီကနေ့ ကျွန်တော်တို့တတွေ မနက်(၉)နာရီကနေ ယခုအချိန်အထိ ကျင်းပပြုလုပ်တဲ့ "မြန်မာ့ပဲမျိုးစုံ ပြောင်း နှမ်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ" ကြီးကို အခုလို နိုင်ငံတော် ဒုတိယသမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ တိုင်းဒေသကြီးများမှ ကုန်စည်ဒိုင်များ၊ အစိုးရလုပ်ငန်းဌာနများ၊ တောင်သူလယ်သမားများ စုံညီစွာ တက်ရောက်ကြသည့်အပြင် စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးကြတဲ့အတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာဂုဏ်ပြု ပြောကြားလိုပါတယ်။

ယခုဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိချက်များ၊ ဆွေးနွေးတင်ပြချက်များ၊ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို ကျွန်တော်တို့ များစွာတန်ဘိုးထားပြီး ရှေ့ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များမှာ ထည့်သွင်း အသုံးချသွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

နောင်လာမယ့် အနာဂတ်ကာလများမှာလည်း စိုက်ပျိုးသူ တောင်သူလယ်သမားများ၊ ကုန်သည်/ပွဲစားများ၊ ဌာနဆိုင်ရာများနဲ့ တန်ဘိုးကွင်းဆက်တလျှောက်မှာ ပါဝင်ပတ်သက်နေကြတဲ့ သက်ဆိုင်သူများအားလုံးပါဝင်တဲ့ ဆွေးနွေးပွဲများကို လိုအပ်သလို ကျင်းပပြုလုပ်သွားသင့်တယ်လို့လည်း အကြံပြု တင်ပြလိုပါတယ်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနဲ့ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တို့က ကြီးမှူးကျင်းပတဲ့ အခုဆွေးနွေးပွဲမှာ လိုအပ်ချက်များ၊ လစ်ဟာမှုများ၊ အဆင်မပြေမှုများရှိပါကလည်း အချိန်တိုကာလအတွင်းမှာ ဆွေးနွေးပွဲဖြစ်မြောက်အောင် ဆောင်ရွက်ရတာကြောင့် နားလည်ခွင့်လွှတ်ပေးပါရန် ပန်ကြားအပ်ပါတယ်။ နောင်မှာ ဒီထက်ပိုမို ကောင်းမွန်တဲ့ ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေးအတွက်လည်း အကြံကောင်း များပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသူများအားလုံးကိုလည်း ကျေးဇူးတင်စကား ပြောကြားလိုပါတယ်။ အထူးသဖြင့် လိုအပ်သည်များကို ကူညီဖြေရှင်း ဆောင်ရွက်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မင်္ဂလာခန်းမကို အသုံးပြုခွင့်ပေးပါသော မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဧည့်သည်များအား

တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးအတွက် တာဝန်ယူပေးပါသေ Paing Family International Co. Ltd. နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ယခုဆွေးနွေးပွဲတွင် ပါဝင်တက်ရောက် ဆွေးနွေးခဲ့သော်လည်း ထပ်မံဖြည့်စွက် ဆွေးနွေးလိုတာများ ရှိလျှင်ဖြစ်စေ၊ ဆွေးနွေးပွဲကို တက်ရောက်ခွင့် မရရှိခဲ့လျှင်ဖြစ်စေ၊ မည်သူမဆို မြန်မာနိုင်ငံ၏ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းနှင့် ဆီထွက်သီးနှံ ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်ကောင်း များကို ကျွန်တော်တို့ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင် ကုန်စည်ဒိုင်) သို့ အချိန်မရွေး ပေးပို့နိုင်ပါ ကြောင်း၊ အမြဲတမ်း ကြိုဆို ဖိတ်ခေါ် လျှက် ရှိပါကြောင်း အသိပေးတင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ပဲမျိုးစုံနဲ့ နှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချမှုတွေမှာ ထိပ်တန်းနိုင်ငံအဖြစ်ရောက်ရှိအောင် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ခဲ့ကြတဲ့ တောင်သူ လယ်သမားကြီးများ၊ ရောင်းဝယ်ဖောက်ကားမှု ပြည်ပတင်ပို့မှုများ ပြုလုပ်ပေးခဲ့ကြတဲ့ ကုန်သည် ပွဲစား လုပ်ငန်းရှင်များနဲ့ စိုက်ပျိုးမှု ရောင်းဝယ်မှုတွေမှာ ဦးဆောင်ဦးရွက်ပြုခဲ့ကြတဲ့ ဌာန ဆိုင်ရာများ အားလုံးကို ဒီနေရာကနေ ကျေးဇူးတင် ဂုဏ်ပြုစကား ဆိုပါရစေ။

ပြည်တွင်း/ ပြည်ပ ဈေးကွက်တွေရဲ့ ဈေးနှုန်း ဆွဲဆောင်မှုတွေကြောင့် ပဲမျိုးစုံကဏ္ဍဟာ တချိန်တခါက အရှိန်အဟုန်နဲ့ တိုးတက်ခဲ့ဘူးတာ အားလုံးအသိပါ။ ဒီကနေ့ခေတ်မှာလည်း အခက်အခဲ တွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပေမယ့် ဈေးကွက်ရဲ့ ရောင်းလိုအား-ဝယ်လိုအား အခြေအနေတွေကို ကျွန်တော်တို့ အားလုံးက မှန်ကန်စွာ ဆန်းစစ်တွက်ဆနိုင်မယ်၊ အဆိုးထဲက အကောင်းကို ဖော်ဆောင်နိုင် လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဆွေးနွေးမှုအဖြေရလဒ်များသည် များစွာတန်ဖိုးရှိပြီးအရေးကြီးလှပါသည်။ ဒီတန်ဖိုးကြီးတဲ့ ရလဒ် များ ကိုအကောင်အထည်ဖေါ်ရေး (Implementation)မှာ များစွာအရေးကြီးပါတယ်။ ပွဲပြီးတာနဲ့ အားလုံး ဘာမှမဟုတ်သလို အပြောနဲ့သာ ကုန်ဆုံးသွားတာမျိုး မဖြစ်အောင် အကောင်အထည် ဖေါ်ရေးအဖွဲ့ များ ဖွဲ့ခြင်း စသည့်လုပ်ငန်းစဉ်များ ကိုအချိန်မီ ထိထိရောက်ရောက် အကောင်အထည်ဖေါ်ခြင်းများ ညီညီ ညွတ်ညွတ် ဝိုင်းဝန်းလုပ်ကြပါရန် တိုက်တွန်းလိုပါတယ်။ ကျွန်တော့်အနေဖြင့် တောင်သူလယ်သမား ဦးကြီးများအားလည်း အားပေးလိုပါတယ်။ မိမိစိုက်ပျိုးလိုက်သည့်သီးနှံ ဈေးမရ၍ ရိတ်သိမ်းခါနီးမှ အလုပ် သမားစရိတ်တောင် မရပါဘူးကွာဆိုပြီး အခင်းတိုင်းပစ်ထားခဲ့မျိုးဟာ လုပ်အား၊ အချိန်၊ ဝင်ငွေများအတွက်

များစွာထိခိုက်ရပါတယ်။ ဒါကြောင့် ပြောင်းလဲစိုက်ပျိုးကြပါ အပြောင်းလဲတိုင်းမှာ အခက်အခဲရှိတာ သဘာဝပါ ဒီအခက်အခဲအတွက် ဝန်လေးမနေဘဲ ကျွမ်းကျင်ပညာရှင်များနှင့် နီးစပ်ရာ မြို့နယ်စိုက်ပျိုးရေးဌာနရဲ့ အကူအညီများကို ရယူပြီး ကြိုးစားပြောင်းလဲကြပါလို့ တိုက်တွန်း အားပေးလိုပါတယ်။ ကုန်ပစ္စည်းတို့၏ ဈေးနှုန်းရရှိမှု သဘာဝသည်အရည်အသွေးပေါ် များစွာမှီတင်းနေ၍ ပြောင်းလဲထွက်ရှိလာမည့် သီးနှံအသစ်များအား တောင်သူများမှ ရိတ်သိမ်းလွန်ပညာများအား ကြိုးစားဖြည့်တင်းသကဲ့သို့ သက်ဆိုင်ရာ ကုန်သည်ကြီးများ၊ ပို့ကုန်လုပ်ငန်းရှင်ကြီးများမှလည်း အထူးဂရုပြု ထိန်းသိမ်းကြပါလို့ တိုက်တွန်းလိုပါတယ်။ လာမည့်ရာသီ ထွက်ရှိလာမည့်သီးနှံများအား တောင်သူများ အာမခံချက်ရရှိရန် ပို့ကုန်လုပ်ငန်းရှင်ကြီးများမှ ဈေးကွက်ဟောင်းများ နိုင်မာသည့် အပြင် ဈေးကွက်သစ်များလည်း တိုးချဲ့ရှာဖွေကြပါ၊ တန်ဖိုးမြင့်ကုန်များ (value added) လည်း ထုတ်လုပ်တင်ပို့ကြပါ၊ ပြည်တွင်းစားသုံးမှုအတွက်လည်း ဖြည့်တင်းပေးကြပါလို့လည်း တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ ပဲနှမ်းအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့ရဲ့ စုပေါင်းအားဖြင့် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုရယူကာ လက်ကျန်ပဲများ ဆက်လက်ရောင်းချရေးကိုလည်း ဆက်လက်ကြိုးစားသွားပါမယ်။ လာမည့်ရာသီအတွက်လည်း ဈေးကွက်သစ်များရှာဖွေခြင်းတို့အား အင်တိုက်အားတိုက် လုပ်ဆောင်သွားမည်ဆိုသည့် အကြောင်းကိုလည်း အသိပေးလိုပါတယ်။ ယခုလို ပဲလုပ်ငန်းကြီး ဖွံ့ဖြိုးတိုးတက်ရေးပွဲကြီးအတွက် ဝိုင်းဝန်းကြိုးစားပေးကြပါသော စေတနာ့သည်တော်များ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အစိုးရလုပ်ငန်းဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများဖြစ်ကြသော တောင်သူလယ်သမား၊ ကုန်သည်/ပွဲစား နှင့် တောင်သူလယ်သမားများ လက်တွဲပူးပေါင်း ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာ အသုံးချခြင်း၊ ဈေးကွက် အလားအလာရှိပြီး စီးပွားရေး တွက်ခြေကိုက်ကာ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်ခြင်းများနှင့်အတူ ယနေ့ဆွေးနွေးပွဲမှ ဆွေးနွေးရရှိချက်များကို သုံးသပ်လေ့လာလျက် မြန်မာနိုင်ငံ၏ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အစေ့ထုတ်ပြောင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

❑ ❑ ❑

# ဓာတ်ပုံမှတ်တမ်း


မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
Office Tower














MPBSA
မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
UMFC


ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ


ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
င်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
MFCCI Office Tower








မြန်မာ့ပဲမျိုးစုံ၊ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ




မြန်မာ့ပဲမျိုးစုံ ပြောင်း၊နှမ်းစိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ
CCI Office Tower


Table (11)


Table (5)




၈ (စနေနေ့)

# မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ၏ အနှစ်ချုပ်ရလာဒ်များနှင့် အကြံပြုချက်များ

# မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ၏ အနှစ်ချုပ်ရလာဒ်များနှင့် အကြံပြုချက်များ

နေရာ - UMFCCI မင်္ဂလာခန်းမ ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်

၁။ နိုင်ငံတော် ဒုတိယသမ္မတကြီးနှင့်ပြည်ထောင်စု ဝန်ကြီးများ၏ တန်ဖိုးမြင့် သီးနှံများပြောင်းလဲ စိုက်ပျိုး ထုတ်လုပ်ရန် လမ်းညွှန်မှာကြားချက်များနှင့် ဆွေးနွေးပွဲကြီးတွင် အလွှာပေါင်းစုံမှ ပညာရှင်များ တောင်သူများ လုပ်ငန်းရှင်များ၏ ဆွေးနွေးမှုရလာဒ်များအရ

(က) မတ်ပဲ ပဲစဉ်းငုံ သီးနှံများသည် အိန္ဒိယနိုင်ငံ၏လက်ရှိဂယ်လိုအားအကန့်အသတ်နှင့် ပေါက်ဈေးမှာ မြန်မာနိုင်ငံအတွင်း လက်ကျန်များပြားမှုနှင့် ရောင်းလိုအား များမှုကြောင့် လက်ငင်း အိန္ဒိယပေါက်ဈေး၏ ထက်ဝက်ခန့်သာရှိ၍ ဈေးကွက် အာမခံချက် မရှိခြင်း ၊

(ခ) ပြည်တွင်း၌ ပိုလျှံနေသည့် မတ်ပဲလက်ကျန် တန်ချိန်များစွာ ရောင်းချရန် ကျန်ရှိနေခြင်း၊

(ဂ) လက်ရှိပြည်တွင်းဈေးကွက်ပေါက်ဈေးသည် စိုက်ပျိုးထုတ်လုပ်မှု စရိတ်အောက်သို့ ရောက် နေခြင်းကြောင့် လာမည့်စိုက်ပျိုးရာသီတွင်များစွာ လျှော့နည်း စိုက်ပျိုးသင့်ကြောင်း သို့မဟုတ် မစိုက်သင့်တော့ကြောင်း လေ့လာတွေ့ရှိရပါသည်။

နိုင်ငံတော်မှ မျိုးစေ့နှင့် စိုက်ပျိုးရေးနည်းပညာ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ လိုအပ်သလို ကူညီ ထောက်ပံ့မှုဖြင့် တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေမည့် ပြည်တွင်း/ပြည်ပ ဈေးကွက် ရှိသည့် နွေစပါး၊ ပဲတီစိမ်း၊ ပြောင်း၊ ပဲပုပ်၊ ကုလားပဲ၊ ထောပတ်ပဲ၊ မြေတောက်ပဲ၊ ပဲလွန်းဖြူ၊ ပဲလွန်းနီ၊ စားတော်ပဲ၊ ပဲကြီး၊ ပဲနီပြား၊ စွန်တာနီ၊ စွန်တာပြာ၊ မြေပဲ၊ နှမ်း၊ ကြံ၊ ဂုံ၊ စသည်သီးနှံများမှ မိမိတို့ ဒေသရေမြေ

ရာသီဥတုနှင့် ကိုက်ညီမည့် သီးနှံအမျိုးအစားများကို အစားထိုးပြောင်းလဲစိုက်ပျိုး သင့် ကြောင်း တွေ့ရှိရပါသည်။

၂။ ဒေသ အသီးသီးမှ တောင်သူများ၊ ဒေသဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၏ ဆွေးနွေးချက်များအရ မတ်ပဲ၊ ပဲစဉ်းငုံစိုက်တောင်သူအများစုသည် ပြီးခဲ့သော စျေးနှုန်းကျဆင်းခဲ့သည့် နှစ်များ၌ ကြုံတွေ့ခဲ့ရသည့် အခြေအနေများကြောင့် အကြွေးတင်ခြင်း၊ မျိုး၊ စိုက်စရိတ်များအတွက် ရင်းနှီးငွေ မရှိခြင်း စသည့်အချက်များ အပါအဝင် တောင်သူများ လွန်စွာဆင်းရဲသွားခြင်းကို စာနာသနားဖွယ် လေ့လာတွေ့ရှိရပါသည်။ အစားထိုးသီးနှံ ပြောင်းလဲ စိုက်ပျိုးလိုသည့် တောင်သူများနှင့် ဒေသစုံ တောင်သူများ၏ အဓိက လိုအပ်ချက်များဖြစ်သော အောက်ပါအချက်များကို ပံ့ပိုးသင့်ကြောင်း တွေ့ရှိရပါသည်။

(က) မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေး နည်းပညာများရရှိရေး

(ခ) လက်ရှိ တည်ဆောက်ပြီးစီးသည့် ဆည်ရေ၊ လျှပ်စစ်ဖြင့် မြေအောက်တွင်းရေ၊ မြစ်ရေတင် စီမံကိန်းများမှ စိုက်ပျိုးရေများ လိုအပ်သလို ထိရောက်စွာ ရရှိရေး

(ဂ) စိုက်ပျိုးစရိတ် ချေးငွေများကို နှစ်လတ် နှစ်ရှည် အစီအစဉ်များဖြင့် ပံ့ပိုးပေး နိုင်ရေး

(ဃ) ထွက်ရှိလာသော သီးနှံများကိုတောင်သူများ ရိတ်သိမ်းချိန်လွန်နည်းပညာ အသုံးချနိုင်ရေး၊ ခေတ်မီသိုလှောင်ရေးစနစ်ဖြင့် ဓာတုဓာတ်ကြွင်းကင်းစင်စွာ ထိန်းသိမ်း သိုလှောင်နိုင်ရေး၊ ဈေးကွက်ခိုင်မာစွာရရှိရေး၊ နိုင်ငံတကာ ဈေးကွက်များသို့ တိုးမြှင့်တင်ပို့ရေး တို့ကို ဆောင်ရွက်ပေးနိုင်ရေး

(င) တောင်သူများ အကျိုးအမြတ်သေချာ၍ ကုန်ကျစရိတ် စိုက်ထုတ်မှု လျော့ချနိုင်ရေးအတွက် ပို့ကုန်လုပ်ငန်းရှင်များနှင့် တောင်သူများ တိုက်ရိုက်ချိတ်ဆက်ပြီး မျိုး၊ သွင်းအားစု၊ ကျွမ်းကျင်မှုတို့ကို လုပ်ငန်းရှင်မှ ပံ့ပိုး၍ လယ်မြေနှင့် လုပ်အားကို တောင်သူမှ စိုက်ထုတ်ပြီး အကျိုးတူ စိုက်ပျိုးရေးစနစ်တစ်ရပ် (Contract Farming System) ခိုင်မာစွာ အမြန်ဆုံး ပေါ်ပေါက်လာစေရေးအတွက် မူဝါဒများ ပြဌာန်းအကောင်အထည်ဖော်ပေးရေး

(စ) ပဲမျိုးစုံ ပြည်တွင်းဈေးကွက်၊ နိုင်ငံတကာဈေးကွက် ၊ ဝယ်လိုအားများကို ပဲစိုက်တောင်သူများ အား Media များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် ပညာပေး၍ ဈေးကွက်ဝင် သီးနှံများကို ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် တောင်သူများကလည်း လေ့လာမှုပြု လုပ်ပေးရေး

၃။ တောင်သူများ အနေဖြင့်လည်း အရည်အသွေးနှင့် ထုတ်လုပ်မှု ပမာဏများ တိုးတက်ရေးအတွက် စိုက်ပျိုးရေး အလေ့အကျင့် ကောင်းများ( Myanmar Good Agriculture Practice GAP Guideline )ကို ကြိုးပမ်း လေ့လာ လုပ်ကိုင်ကြရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

၄။ စိုက်ပျိုးရေး ထုတ်ကုန်များ ပြောင်းလဲတိုးတက် ထုတ်လုပ်နိုင်မှ တောင်သူလယ်သမားများဘဝ မြင့်မားရေး၊ နိုင်ငံတော် ဝင်ငွေများ တိုးတက်ရေးနှင့် Supply Chain တစ်ခုလုံးတွင် ပါဝင်သူ အားလုံး ဖွံ့ဖြိုး တိုးတက်ရန် ကာလတို (Short Term)၊ ကာလလတ် (Medium Term)၊ ကာလရှည် (Long Term) နိုင်ငံတော်အဆင့် စီမံခန့်ခွဲမှုများ အရေးတကြီး လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) ကာလတို (Short Term) အဖြစ် လက်ကျန်ပိုလျှံပဲများ ရောင်းချရေးကိစ္စများ၊ ဈေးကွက် ဝင် သီးနှံများ ပြောင်းလဲစိုက်ပျိုး ထုတ်လုပ်နိုင်ရန် တောင်သူများအား အသိပေးခြင်း ကိစ္စများ ၊ တောင်သူများအား GAP စနစ်များကို ပညာပေးရေး ကိစ္စရပ်များ၊

(ခ) ကာလလတ် (Midium Term ) အဖြစ် မျိုးစေ့ စိုက်ပျိုးရေး နည်းပညာ မရိတ်သိမ်းမီ နှင့် ရိတ်သိမ်းပြီး နည်းပညာများ ကူညီထောက်ပံ့ခြင်း ကိစ္စများ၊ စိုက်ပျိုးရေးနည်းပညာ သီးနှံ ဈေးကွက် အခြေအနေ ရာသီဉတု အခြေအနေ စသည်များကို တောင်သူများ အချိန်နှင့် တပြေးညီ သိရှိရန် ခေတ်မီ digital နည်းပညာများအား အသုံးပြု၍ သတင်း အချက် အလက်များကို ဖြန့်ဖြူးပေးရန် ကိစ္စရပ်များ၊

(ဂ) ကာလရှည် (Long Term ) အဖြစ် တောင်သူများ အကျိုးအမြတ်သေချာ၍ ကုန်ကျစရိတ် စိုက်ထုတ်မှု လျှော့ချနိုင်ရန် ပို့ကုန်လုပ်ငန်းရှင်များနှင့် တောင်သူများ တိုက်ရိုက် ချိတ်ဆက် ပြီး မျိုး/သွင်းအားစု ကျွမ်းကျင်မှုတို့ကို လုပ်ငန်းရှင်များမှ ပံ့ပိုး၍ လယ်မြေနှင့် လုပ်အားကို တောင်သူမှ စိုက်ထုတ်ပြီး အကျိုးတူ စိုက်ပျိုးရေး စနစ်တစ်ရပ် (Contract Farming System ) ခိုင်မာစွာ အမြန်ဆုံး ပေါ်ပေါက်လာစေရေး အတွက် မူဝါဒများ ပြဋ္ဌာန်းခြင်း ကိစ္စ များ၊ ထွက်ရှိလာသော သီးနှံများကို အခြေခံဈေးနှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးနိုင်ရေး ကိစ္စများ၊ ရေရှည်ဖွံ့ဖြိုး တိုးတက်ရန်အတွက် **National Agriculture Master Plan** ကိုပြုစုရေးသား၍ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းသီးနှံများ၏ တန်ဖိုးကွင်းဆက်ကြောင်း မြှင့်တင်ရေး ဆိုင်ရာ မဟာဗျူဟာများကို ဖော်ထုတ်အကောင်အထည်ဖော်သွားရန်တို့ကို လေ့လာတွေ့ရှိ ရပါသည်။

၅။ တောင်သူနှင့်ကုန်သည်များအား အကျိုးပြုမည့် နိုင်ငံတကာအဆင့် Commodity Exchange စည်းမျဉ်းစည်းကမ်းများနှင့်အညီ အာမခံစနစ်ဖြင့် ဆောင်ရွက်နိုင်မည့် ခေတ်မီစိုက်ပျိုးရေးနိုင်ငံများတွင် ဆောင်ရွက်နေသည့် Warehouse receipt ဆိုင်ရာလုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ တိုင်းပြည်၏ ၇၀%သော တောင်သူလယ်သမား လူတန်းစားအများစု၏ ဘဝ အခြေအနေ တိုးတက်မြင့်မား လာပစေရေး၊ ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါက နောက်ကျနေသော စိုက်ပျိုးရေး ကဏ္ဍအား အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်မှနည်းလမ်းပေါင်းစုံဖြင့်ပံ့ပိုးပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဆွေးနွေးပွဲ၏ အချက်များအား အကောင်အထည်ဖော်ရေး (Implementation) ကို နိုင်ငံတော် အဆင့်အဖွဲ့ဖွဲ့၍ ဂရုတစိုက်စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဖိတ်ကြားထားသည့် အကြီးအကဲများ**

| စဉ် | အမည် | ရာထူး/လုပ်ငန်း/ဌာန |
|---|---|---|
| ၁။ | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| ၂။ | ဦးဖြိုးမင်းသိန်း | ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် |

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကိုယ်စားလှယ်များ**

| | | |
|---|---|---|
| ၁။ | ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး |
| ၂။ | ဦးအောင်ထူး | ဒုတိယဝန်ကြီး |
| ၃။ | ဦးတိုးအောင်မြင့် | အမြဲတမ်းအတွင်းဝန် |
| ၄။ | ဦးမြင့်လွင် | ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန |
| ၅။ | ဦးရန်နိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန |
| ၆။ | ဦးအောင်စိုး | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး |
| ၇။ | ဦးအောင်မောင်း | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန |
| ၈။ | ဒေါ်နော်မူတာကပေါ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး |
| ၉။ | ဦးခင်မောင်လွင် | လက်ထောက်အတွင်းဝန်၊ ဝန်ကြီးရုံး |
| ၁၀။ | ဦးစိုးလွင် | ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန |
| ၁၁။ | ဦးအောင်မင်းသိုက် | ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန |
| ၁၂။ | ဦးမျိုးမြင့်ဦး | ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန |
| ၁၃။ | ဦးမျိုးသူ | ညွှန်ကြားရေးမှူး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး |
| ၁၄။ | ဦးမြင့်ချို | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၅။ | ဦးကျော်ကျော်လွင် | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၆။ | ဦးငွေအောင် | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၇။ | ဦးဆန်းမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၈။ | ဦးကိုကိုဦး | ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်။ |
| ၁၉။ | ဦးမြင့်ဝင်း | ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်။ |
| ၂၀။ | ဦးထွန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး။ |
| ၂၁။ | ဦးဖေသန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ဦးစီးမှူး၊ ကချင်ပြည်နယ်။ |
| ၂၂။ | ဦးခင်အောင်သွင် | လက်ထောက်ညွှန်ကြားရေးမှူး၊ ခေတ္တပြည်နယ်ဦးစီးမှူး၊ မွန်ပြည်နယ်။ |
| ၂၃။ | ဦးတင့်လွင်ဦး | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်။ |
| ၂၄။ | ဦးတင့်ဆန်း | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ဦးစီးမှူး၊ ကရင်ပြည်နယ်။ |
| ၂၅။ | ဒေါ်နီလာစိုး | ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံး။ |
| ၂၆။ | ဒေါ်မြမြစိန် | ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး။ |
| ၂၇။ | ဒေါ်သီတာဝင်းငွေ | ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး။ |
| ၂၈။ | ဦးအုန်းငွေ | ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန။ |
| ၂၉။ | ဒေါ်ချိုသက်မူ | ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန။ |
| ၃၀။ | ဒေါ်တိုးတိုးဝင်း | ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန။ |
| ၃၁။ | ဒေါ်သင်းသင်းခိုင် | ဒုတိယညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန။ |

| | | |
|---|---|---|
| ၃၂။ | ဦးဇေယျာဆွေ | ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၃။ | ဒေါ်ချိုချိုမာ | လက်ထောက်ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန။ |
| ၃၄။ | ဦးတင်မိုးအောင် | လက်ထောက်ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန။ |
| ၃၅။ | ဦးစိုးတင့် | ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၆။ | ဦးကျင်ငွေး | ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၇။ | ဦးရွှေဖြူ | ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၈။ | ဦးအောင်တင်စိုး | ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၉။ | ဦးတိုးလွင် | ဦးစီးအရာရှိ၊ ဝန်ကြီးရုံး။ |
| ၄၀။ | ဦးစိုးလွင် | ဦးစီးအရာရှိ၊ ဝန်ကြီးရုံး။ |
| ၄၁။ | ဦးမျိုးဇော်ဦး | ဦးစီးအရာရှိ၊ ဝန်ကြီးရုံး။ |
| ၄၂။ | ဦးအောင်လွင် | ဦးစီးအရာရှိ၊ မွန်ပြည်နယ်။ |
| ၄၃။ | ဦးမင်းဆွေ | ဦးစီးအရာရှိ၊ ပဲခူးတိုင်းဒေသကြီး။ |
| ၄၄။ | ဒေါ်နန်းမေသက်ခိုင် | ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၅။ | ဒေါ်နွယ်ဇင်ဝင်း | ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၆။ | ဒေါ်ယဉ်ယဉ်အုန်း | ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၇။ | ဒေါ်စုယဉ်မွန် | ဒုတိယဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး။ |

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

| | | |
|---|---|---|
| ၁။ | ဒေါ်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး |
| ၂။ | ဒေါက်တာရဲတင့်ထွန်း | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန။ |
| ၃။ | ဦးနိုင်ကြည်ဝင်း | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန။ |
| ၃။ | ဦးအေးကိုကို | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန။ |
| ၄။ | ဦးအောင်ကျော်ဦး | ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန။ |
| ၅။ | ဒေါက်တာထွန်းရွှေ | ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန။ |
| ၆။ | ဦးဝင်းဦး | တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်။ |
| ၇။ | ဦးကျော်ကျော် | တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၈။ | ဦးဇော်လင်း | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၉။ | ဦးဆန်းထွန်းဝင်း | တောင်ပိုင်းခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၀။ | ဦးမိုးခိုင် | မြောက်ပိုင်းခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၁။ | ဒေါ်ခင်ငြိမ်းန | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂။ | ဒေါ်မီမီချို | ဒုတိယညွှန်ကြားရေးမှူး၊ (မျိုးစေ့ဌာနခွဲ)၊ စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၃။ | ဒေါ်မြမြဝင်း | တိုင်းမျိုးစေ့တာဝန်ခံ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၄။ | ဒေါက်တာစန်းစန်းဝင်း | တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |

| | | |
|---|---|---|
| ၁၅။ | ဒေါ်လှလှမြတ် | ခရိုင်မျိုးစေ့တာဝန်ခံ (မြောက်ပိုင်းခရိုင်)၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၆။ | ဒေါ်တင်တင်ဝင်း | ခရိုင်မျိုးစေ့တာဝန်ခံ (တောင်ပိုင်းခရိုင်)၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၇။ | ဦးမျိုးဇော် | တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၈။ | ဦးကျင်မောင် | တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၉။ | ဦးခင်မောင်ဝင်း | တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး။ |
| ၂၀။ | ဦးတင်ဦးကြိုင် | ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်။ |
| ၂၁။ | ဒေါ်မြင့်မြင့်ခိုင် | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး။ |
| ၂၂။ | ဦးသိုက်စိုး | ဒုတိယတိုင်းဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၂၃။ | ဦးအောင်ကျော်ဦး | ဒုတိယပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်။ |
| ၂၄။ | ဦးကျော်မောင်မောင် | ဒုတိယပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်။ |
| ၂၅။ | ဦးမြင့်လွင် | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန |
| ၂၆။ | ဦးယဉ်ထွန်း | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး။ |
| ၂၇။ | ဒေါ်ခင်စန်းတင့် | ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၈။ | ဒေါ်ခင်ခင်ပြုံး | ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၉။ | ဦးကျော်ဇင်ဝင်း | ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန |
| ၃၀။ | ဦးမျိုးမင်းသန်း | ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ တောင်ကြီး။ |
| ၃၁။ | ဦးဝင်းထွန်းဝင်း | ဦးစီးအရာရှိ |
| ၃၂။ | ဦးသန်းဇော်ထိုက် | ဒုတိယဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၃။ | ဒေါ်ဇင်မေဦး | ဒုတိယလက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၄။ | ဦးလှမင်း | ဒုတိယလက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်**

| | | |
|---|---|---|
| ၁။ | ဦးအောင်မင်း | ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ အမျိုးသားလွှတ်တော်။ |
| ၂။ | ဒေါက်တာဝင်းမြင့် | အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ အမျိုးသားလွှတ်တော်။ |
| ၃။ | ဦးလှဆန်း | အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ အမျိုးသားလွှတ်တော်။ |
| ၄။ | ဒေါက်တာသန်းအောင်စိုး | အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ အမျိုးသားလွှတ်တော်။ |
| ၅။ | ဦးမြင့်ဆွေ | အဖွဲ့ဝင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မတီ |
| ၆။ | ဦးဇော်ဝင်းနိုင် | ဥပဒေကြမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ |

**စီးပွားရေးပညာရှင်**

| | | |
|---|---|---|
| ၁။ | ဒေါက်တာဇော်ဦး | စီးပွာရေးသုတေသီ၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၂။ | ဦးစိုးသူလင်း | Research Assistant၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၃။ | Ms.ဟယ်လင် | Research Assistant၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၄။ | ဒေါ်နှင်းအိဂင်း | Research Associate၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၅။ | ဒေါ်စုမွန်ထွေး | Admin Assistant၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၆။ | ဒေါ်ခိုင်ဂါစိုး | Research Associate၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၇။ | ဒေါ်ခိုင်မြတ်သွယ် | Office Assistant ၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၈။ | ဦးဇင်ဝေအောင် | Research Associate၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၉။ | ဒေါ်အေးပပစိုး | Project Admin Officer၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၀။ | ဦးအောင်ထွန်း | စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၁။ | ဒေါ်ငုဂါဂင်း | Policy Coordinator၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၂။ | ဒေါ်ယုယုလွင် | Sr.Research Assistant၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၃။ | Ms.Mercy | Research Assistant၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၄။ | ဦးမင်းဇာနည်လင်း | Deputy Director of Research၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၅။ | ဒေါ်ခင်သန္တာသွေး | Project Coordinator၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၆။ | ဒေါ်ခင်စုသက် | Research Assistant၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၇။ | ဦးစည်သူကျော် | Research Associate၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၈။ | ဒေါ်နန်းဆိုင်းပင် | Sr.Program Coordinator၊ စီးပွားရေးပညာရှင်အဖွဲ့။ |
| ၁၉။ | ဒေါ်စုမွန်ထွေး | A.A,CESD |
| ၂၀။ | ဒေါ်ခိုင်ဂါစိုး | Research Associate,CESD |
| ၂၁။ | ဒေါ်နှင်းအိခင် | Research Associate,CESD |
| ၂၂။ | ဦးဝေယံလင်းထွန်း | Intern, CESD |
| ၂၃။ | ဦးသက်ထွန်းအောင် | Program Officer, Winrock International |
| ၂၄။ | ဒေါ်ခင်နှင်းဆွေ | Sr. Fin Officer,CESD |
| ၂၅။ | ဒေါ်မေစန္ဒာနွယ် | Admin & Logistics Officer,CESD |
| ၂၆။ | ဒေါ်ခင်စုသက် | Research Assistant,CESD |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများ**

| | | |
|---|---|---|
| ၁။ | ဦးဇော်မင်းဂင်း | ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်။ |
| ၂။ | ဦးရဲမင်းအောင် | ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ |
| ၃။ | ဦးအောင်ကြည်စိုး | အထွေထွေအတွင်းရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ |
| ၄။ | ဦးသတိုးဟိန်း | တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ |

| | | |
|---|---|---|
| | | ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ |
| ၅။ | ဦးမျိုးသန့် | တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ |
| ၆။ | ဒေါ်ခိုင်ခိုင်နွယ် | တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ |
| ၇။ | ဦးမြဟန် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၈။ | ဦးကျော်လွင် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၉။ | ဦးရဲမြင့်အောင် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၀။ | ဦးရဲထွဋ်ခိုင် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၁။ | ဦးနေလင်းအောင် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၂။ | ဦးမျိုးမင်း | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၃။ | ဦးဂင်းထိန် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၄။ | ဦးထွန်းထွန်းဂင်း | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၅။ | ဦးသိန်းမြင့် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၆။ | ဦးဂင်းမြင့်လှိုင် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၇။ | ဦးအောင်ဇော်ဦး | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၈။ | ဒေါက်တာမြင့်စိန် | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၁၉။ | ဦးဖြိုးလှဝေ | အဖွဲ့ဝင်၊ UMFCCI ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ။ |
| ၂၀။ | ဒေါ်စန္ဒာမျိုး | အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သစ်သီးဂလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း။ |
| ၂၁။ | ဒေါက်တာအောင်မြတ်ကို | အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှဲ့ စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း။ |
| ၂၂။ | ဦးပိုင်းဖြိုးသန့် | အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း |

**မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း**

| | | |
|---|---|---|
| ၁။ | ဦးထွန်းလွင် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၂။ | ဦးသန်းမြင့် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၃။ | ဦးကျော်လင်း | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၄။ | ဦးစိုင်းဘညဏ် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၅။ | ဦးတင်မြင့် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၆။ | ဦးမောင်မောင်တင်-၁ | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၇။ | ဦးမင်းကိုဦး | အတွင်းရေးမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၈။ | ဦးစိုးပိုင် | တွဲဖက်အတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၉။ | ဦးအောင်နိုင် | တွဲဖက်အတွင်းရေးမှူး-၂၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၁၀။ | ဦးသောင်းဟန် | တွဲဖက်အတွင်းရေးမှူး-၃၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၁၁။ | ဒေါက်တာမြတ်စိုး | ပြန်ကြားရေး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၁၂။ | ဦးသိန်းဂင်း | ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၁၃။ | ဦးဇော်မျိုးမင်း | တွဲဖက်ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၁၄။ | ဦးမြင့်ကြူ | စာရင်းစစ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၁၅။ | ဦးကြည်လွင် | တွဲဖက်စာရင်းစစ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |
| ၁၆။ | ဦးခင်ဟန် | ဗဟိုအလုပ်အမှုဆောင် |
| ၁၇။ | ဦးအုန်းဆိုင် | ဗဟိုအလုပ်အမှုဆောင် |
| ၁၈။ | ဦးအောင်သိန်း | ဗဟိုအလုပ်အမှုဆောင် |
| ၁၉။ | ဒေါက်တာမြင့်ဦး | ဗဟိုအလုပ်အမှုဆောင် |
| ၂၀။ | ဦးစိုးကြင် | ဗဟိုအလုပ်အမှုဆောင် |
| ၂၁။ | ဒေါက်တာမင်းဇော် | ဗဟိုအလုပ်အမှုဆောင် |
| ၂၂။ | ဦးတင်ထွန်း | ဗဟိုအလုပ်အမှုဆောင် |
| ၂၃။ | ဒေါက်တာမျိုးလွင် | ဗဟိုအလုပ်အမှုဆောင် |
| ၂၄။ | ဒေါက်တာကျော်ဂင်း | ဗဟိုအလုပ်အမှုဆောင် |
| ၂၅။ | ဦးမြင့်ဇော် | ဗဟိုအလုပ်အမှုဆောင် |
| ၂၆။ | ဦးတင်မောင်လတ် | ဗဟိုအလုပ်အမှုဆောင် |
| ၂၇။ | ဦးအောင်ကျော်မိုး | ဗဟိုအလုပ်အမှုဆောင် |
| ၂၈။ | ဦးရဲမြင့် | ဗဟိုအလုပ်အမှုဆောင် |
| ၂၉။ | ဦးကိုကိုမြင့် | ဗဟိုအလုပ်အမှုဆောင် |
| ၃၀။ | ဦးအိုက်မောင် | ဗဟိုအလုပ်အမှုဆောင် |
| ၃၁။ | ဦးသိန်းထွန်း | ဗဟိုအလုပ်အမှုဆောင် |
| ၃၂။ | ဦးသိန်းဆု | ဗဟိုအလုပ်အမှုဆောင် |
| ၃၃။ | ဦးစိုးမြ | ဗဟိုအလုပ်အမှုဆောင် |
| ၃၄။ | ဦးကျော်ရဲသူ | ဗဟိုအလုပ်အမှုဆောင် |
| ၃၅။ | ဦးအောင်သက်မန်း | အလုပ်အမှုဆောင် |

| | | |
|---|---|---|
| ၃၆။ | ဦးကျော်ဂင်း | အလုပ်အမှုဆောင် |
| ၃၇။ | ဦးအာယု | အလုပ်အမှုဆောင် |
| ၃၈။ | ဦးမျိုးသန့် | အလုပ်အမှုဆောင် |
| ၃၉။ | ဦးအောင်မျိုးခန့် | အလုပ်အမှုဆောင် |
| ၄၀။ | ဦးမောင်စိန် | အလုပ်အမှုဆောင် |
| ၄၁။ | ဦးအောင်စိုးသာ | အလုပ်အမှုဆောင် |
| ၄၂။ | ဦးအောင်ထွန်း | အလုပ်အမှုဆောင် |
| ၄၃။ | ဦးစိန်မင်း | အလုပ်အမှုဆောင် |
| ၄၄။ | ဒေါက်တာအောင်ကျော်ညွန့် | အလုပ်အမှုဆောင် |
| ၄၅။ | ဦးစိုင်းအောင်မင်းလတ် | အလုပ်အမှုဆောင် |
| ၄၆။ | ဦးဇော်မိုး | အလုပ်အမှုဆောင် |
| ၄၇။ | ဦးသန်းငြိမ်း | အလုပ်အမှုဆောင် |
| ၄၈။ | ဦးသန်းဌေး | အလုပ်အမှုဆောင် |
| ၄၉။ | ဦးအောင်နိုင် | အလုပ်အမှုဆောင် |
| ၅၀။ | ဦးမျိုးညွန့် | အလုပ်အမှုဆောင် |
| ၅၁။ | ဦးအေးထွန်း | အလုပ်အမှုဆောင် |
| ၅၂။ | ဦးစိုင်းဂင်းလှိုင် | အလုပ်အမှုဆောင် |
| ၅၃။ | ဦးစိုင်းကိုကိုအောင် | အလုပ်အမှုဆောင် |
| ၅၄။ | ဦးမြင့်သန်း | အလုပ်အမှုဆောင် |
| ၅၅။ | ဦးညွန့်ဂေ(ခ) ဦးချွန် | အလုပ်အမှုဆောင် |
| ၅၆။ | ဦးအောင်ကျော်ဦး | အလုပ်အမှုဆောင် |
| ၅၇။ | ဦးသက်နိုင် | အလုပ်အမှုဆောင် |
| ၅၈။ | ဦးဘိုဂင်း | အလုပ်အမှုဆောင် |
| ၅၉။ | ဦးညွန့်ဦး | အလုပ်အမှုဆောင် |
| ၆၀။ | ဦးအောင်မျိုးဦး | အလုပ်အမှုဆောင် |
| ၆၁။ | ဦးမြင့်သိန်းဦး | အလုပ်အမှုဆောင် |
| ၆၂။ | ဒေါ်ခင်မိမိစိုး | အလုပ်အမှုဆောင် |
| ၆၃။ | ဦးအောင်ခန့်ကျော် | အလုပ်အမှုဆောင် |
| ၆၄။ | ဦးဇော်မင်းထိုက် | အလုပ်အမှုဆောင် |
| ၆၅။ | ဦးမျိုးကိုကို | အလုပ်အမှုဆောင် |
| ၆၆။ | ဦးစောထွန်းနိုင် | အလုပ်အမှုဆောင် |
| ၆၇။ | ဦးကျော်တင်မြင့် | အလုပ်အမှုဆောင် |
| ၆၈။ | ဦးမောင်မောင်တင်-၂ | အလုပ်အမှုဆောင် |
| ၆၉။ | ဦးကျော်အောင် | အလုပ်အမှုဆောင် |
| ၇၀။ | ဦးမြင့်ကျော်ဌေး | အလုပ်အမှုဆောင် |
| ၇၁။ | ဦးထွန်းဦး | အလုပ်အမှုဆောင် |
| ၇၂။ | ဦးကျော်စိုးဟန် | အလုပ်အမှုဆောင် |
| ၇၃။ | ဦးသိန်းဂင်း | အလုပ်အမှုဆောင် |

| | | |
|---|---|---|
| ၇၄။ | ဦးစိုးဝင်းမောင် | အကြံပေးအရာရှိ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း |

**ပြည်နယ်နှင့်တိုင်းဒေသကြီး ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း**

| | | |
|---|---|---|
| ၁။ | ဦးအောင်စိုးဝင်း | အဖွဲ့ဝင်၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၂။ | ဦးမင်းမင်းအောင် | တွဲဖက်အတွင်းရေးမှူး၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မကွေးတိုင်းဒေသကြီး။ |
| ၃။ | ဦးစိန်မြင့်အောင် | အဖွဲ့ဝင်၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မကွေးတိုင်းဒေသကြီး။ |
| ၄။ | ဦးတင်အောင်မိုး | အလုပ်အမှုဆောင်၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅။ | ဦးမျိုးအောင် | အတွင်းရေးမှူး၊ ကထိန်တော်အသင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၆။ | ဦးကျော်ခိုင်မြင့် | အတွင်းရေးမှူး၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မွန်ပြည်နယ်။ |
| ၇။ | ဒေါ်အေးအေးမူ | အဖွဲ့ဝင်၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မွန်ပြည်နယ်။ |
| ၈။ | ဦးခင်မောင်ကျော် | ဥက္ကဋ္ဌ၊ ပဲပုတ်စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကချင်ပြည်နယ်။ |
| ၉။ | ဦးကြည်လှိုင် | အဖွဲ့ဝင်၊ ပဲပုတ်စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကချင်ပြည်နယ်။ |
| ၁၀။ | ဦးမျိုးအောင် | အတွင်းရေးမှူး၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၁။ | ဦးကျော်စွာညို | အတွင်းရေးမှူး၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ |
| ၁၂။ | ဦးမင်းခိုင် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်း |
| ၁၃။ | ဦးအောင်ကျော်ကျော် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်း |
| ၁၄။ | ဦးမြင့်မောင် | အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်း |

**ကုန်စည်ဒိုင်များ**

| | | |
|---|---|---|
| ၁။ | ဦးတင့်လွင် | နာယက၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂။ | ဦးဟုတ်ကြည် | နာယက၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃။ | ဦးအောင်မြင့် | နာယက၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄။ | ဦးခင်ဟန် | ဥက္ကဋ္ဌ၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၅။ | ဦးအုန်းဆိုင် | ဒုတိယဥက္ကဋ္ဌ-၁၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၆။ | ဦးအောင်သိန်း | ဒုတိယဥက္ကဋ္ဌ-၂၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၇။ | ဒေါက်တာမင်းဇော် | ဒုတိယဥက္ကဋ္ဌ-၃၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၈။ | ဒေါက်တာမျိုးလွင် | ဒုတိယဥက္ကဋ္ဌ-၄၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၉။ | ဒေါက်တာမြင့်ဦး | အထွေထွေအတွင်းရေးမှူး၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၀။ | ဒေါက်တာကျော်ဝင်း | အတွင်းရေးမှူး-၁၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၁။ | ဒေါက်တာမြတ်စိုး | အတွင်းရေးမှူး-၂၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၂။ | ဦးမြင့်ဆန်း | အတွင်းရေးမှူး-၃၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၃။ | ဦးတင်မောင်စိုး | ဘဏ္ဍာရေးမှူး၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၄။ | ဦးမင်းသန့် | တွဲဖက်ဘဏ္ဍာရေးမှူး၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၅။ | ဦးဇော်မိုး | စာရင်းစစ်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |

| | | |
|---|---|---|
| ၁၆။ | ဦးစိုးမြ | တွဲဖက်စာရင်းစစ်-၁၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၇။ | ဦးဇော်မိုးသန့် | တွဲဖက်စာရင်းစစ်-၂၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၈။ | ဦးစံသိန်း | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၁၉။ | ဦးစိန်ထွန်း | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၀။ | ဦးတင့်ဆွေ | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၁။ | ဦးတင်ထွန်း | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၂။ | ဦးမိုးကျော်စိုး | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၃။ | ဦးမြင့်ကြူ | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၄။ | ဦးသန်းဆု | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၅။ | ဦးသိန်းဦး | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၆။ | ဦးကျော်ဝင်း(ငွေစန္ဒာ) | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၇။ | ဦးနေလင်း | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၈။ | ဦးကျော်အောင် | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၂၉။ | ဦးအောင်မင်းလတ် | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၀။ | ဦးအောင်ကျော်မင်း | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၁။ | ဒေါက်တာမြန်လင်း | ဗဟိုအလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၂။ | ဦးကာဖျိုး | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၃။ | ဦးစိုးဝင်း | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၄။ | ဦးစိုးအောင် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၅။ | ဦးဇင်အောင် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၆။ | ဦးတင်စိုး | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၇။ | ဦးတင်ဦး | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၈။ | ဦးမြင့်နိုင် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၃၉။ | ဦးရဲဝင်း | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၀။ | ဦးလှိုင်မျိုး | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၁။ | ဦးလှိုင်ကြည် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၂။ | ဦးသန်းထွဋ်(ခ)ဦးတိုးတိုး | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၃။ | ဦးသန်းလွင် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၄။ | ဦးသိန်းဟံ | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၅။ | ဦးကျော်တင်မြင့် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၆။ | ဦးစောထွန်းနိုင် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၇။ | ဦးတေဇာဝင်း | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၈။ | ဦးရွှေမောင်း | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၄၉။ | ဦးအောင်မြင့် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၅၀။ | ဦးအောင်သင်းဦး | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၅၁။ | ဦးအောင်ကျော်ဝင်း | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၅၂။ | ဦးအောင်ရွှေ | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၅၃။ | ဦးကြည်လွင် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |

| | | |
|---|---|---|
| ၅၄။ | ဒေါက်တာအောင်ကျော်ညွန့် | အလုပ်အမှုဆောင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၅၅။ | ဦးဇင်မျိုးနိုင် | ဘုရင့်နောင်ကုန်စည်ဒိုင်။ |
| ၅၆။ | ဦးမိုးဆန်းအောင် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၅၇။ | ဦးမင်းထွန်း | YRCCI |
| ၅၈။ | ဦးကောင်းခန့်ဇင် | YRCCI |
| ၅၉။ | ဦးတင်စိုး | YRCCI |
| ၆၀။ | ဦးမျိုးဦး | YRCCI |
| ၆၁။ | ဦးနိုင်လင်းအောင် | YRCCI |
| ၆၂။ | ဒေါ်အေးအေးခိုင် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၆၃။ | ဦးသန်းဟန် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၆၄။ | ဦးသန်းလှိုင် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၆၅။ | ဦးဇော်ဟိန်း | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၆၆။ | ဦးကျော်ညွန့် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၆၇။ | ဦးဇော်သိန်းထွန်း | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၆၈။ | ဦးသက်လှိုင်ဦး | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၆၉။ | ဦးပဂမ်းကူမာရ် | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၇၀။ | ဦးရမ်မုန်း | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၇၁။ | ဦးအောင်ဆွေ | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၇၂။ | ဦးဘီနိုးကူးမား | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၇၃။ | ဦးလှမိုး | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၇၄။ | ဒေါ်သန်းသန်းဌေး | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၇၅။ | ဦးဇေယျာဦး | ဘုရင့်နောင်ကုန်စည်ဒိုင် |
| ၇၆။ | ဦးကျော်ထက် | ဧရာသုခစံကုမ္ပဏီလီမိတက် |
| ၇၇။ | ဦးမြင့်ဦး | IBSG |
| ၇၈။ | ဦးသန်းဌေး | SPV,AXG MFG Co.,Ltd. |
| ၇၉။ | ဦးကျော်စိုးမိုး | DIRECTOR,KYAY O KYEE GROUP |
| ၈၀။ | ဒေါ်သန်းသန်းဆု | IBS Co.,Ltd. |
| ၈၁။ | ဒေါ်မြမြအေး | ပွဲရုံ |
| ၈၂။ | ဦးမြင့်နိုင် | ပဲကုန်သည်၊ ပွဲရုံ |
| ၈၃။ | ဒေါ်ခင်မျိုးမေ | ပဲကုန်သည်၊ ပွဲရုံ |
| ၈၄။ | ဦးသိန်းထွန်းအောင် | ပွဲစား |
| ၈၅။ | ဦးချိုလွင် | ပွဲစား |
| ၈၆။ | ဦးအောင်သူဖြိုး | ပွဲစား |

**တိုင်းဒေသကြီးအလိုက်ကုန်စည်ဒိုင်များ**

| | | |
|---|---|---|
| ၁။ | ဦးပေါက်ကျော် | ဒုတိယဥက္ကဌ၊ မုံရွာကုန်စည်ဒိုင်။ |
| ၂။ | ဦးကြည်လှိုင် | ဒုတိယဥက္ကဌ၊ မုံရွာကုန်စည်ဒိုင်။ |

| | | |
|---|---|---|
| ၃။ | ဦးကျော်ဝင်းထက် | မုံရွာကုန်စည်ဒိုင်။ |
| ၄။ | ဦးအောင်စိုးဝင်း | မုံရွာကုန်စည်ဒိုင်။ |
| ၅။ | ဦးသန်းရွှေ | အလုပ်အမှုဆောင်၊ ရွှေဘိုကုန်စည်ဒိုင်။ |
| ၆။ | ဦးအောင်ဌေး | အလုပ်အမှုဆောင်၊ ရွှေဘိုကုန်စည်ဒိုင်။ |
| ၇။ | ဦးလှသိန်း | အလုပ်အမှုဆောင်၊ ရွှေဘိုကုန်စည်ဒိုင်။ |
| ၈။ | ဦးသိန်းလွင် | အလုပ်အမှုဆောင်၊ ရွှေဘိုကုန်စည်ဒိုင်။ |
| ၉။ | ဦးအောင်ခန့် | အလုပ်အမှုဆောင်၊ ရွှေဘိုကုန်စည်ဒိုင်။ |
| ၁၀။ | ဦးဖြိုးဝေလင်း | ဥက္ကဋ္ဌ၊ မအူပင်ကုန်စည်ဒိုင်။ |
| ၁၁။ | ဦးကြည်ဝင်း | အဖွဲ့ဝင်၊ မအူပင်ကုန်စည်ဒိုင်။ |
| ၁၂။ | ဦးသိန်းဝင်း | ဒုတိယဥက္ကဋ္ဌ၊ ညောင်တုန်းကုန်စည်ဒိုင်။ |
| ၁၃။ | ဦးလှမျိုး | ဘဏ္ဍာရေးမှူး၊ ညောင်တုန်းကုန်စည်ဒိုင်။ |
| ၁၄။ | ဦးမင်းအောင် | အဖွဲ့ဝင်၊ ညောင်တုန်းကုန်စည်ဒိုင်။ |
| ၁၅။ | ဦးဇာနည် | အဖွဲ့ဝင်၊ ညောင်တုန်းကုန်စည်ဒိုင်။ |
| ၁၆။ | ဦးသန်းဝင်းထွဋ် | ဥက္ကဋ္ဌ၊ ဓနုဖြူကုန်စည်ဒိုင်။ |
| ၁၇။ | ဦးမျိုးဆက် | ဒုတိယဥက္ကဋ္ဌ၊ ဓနုဖြူကုန်စည်ဒိုင်။ |
| ၁၈။ | ဦးနိုင်ဝင်း | ဘဏ္ဍာရေးမှူး၊ ဓနုဖြူကုန်စည်ဒိုင်။ |
| ၁၉။ | ဦးအောင်မင်းထွန်း | ဥက္ကဋ္ဌ၊ ကျုံပျော်ကုန်စည်ဒိုင်။ |
| ၂၀။ | ဦးကျော်လွင်ဦး | အတွင်းရေးမှူး၊ ကျုံပျော်ကုန်စည်ဒိုင်။ |
| ၂၁။ | ဦးမြင့်စိန် | အလုပ်အမှုဆောင်၊ ကျုံပျော်ကုန်စည်ဒိုင်။ |
| ၂၂။ | ဦးစိုးလွင် | အဖွဲ့ဝင်၊ ဇလွန်ကုန်စည်ဒိုင်။ |
| ၂၃။ | ဦးလှထွေး | အဖွဲ့ဝင်၊ ဇလွန်ကုန်စည်ဒိုင်။ |
| ၂၄။ | ဦးသော်ဇင် | အဖွဲ့ဝင်၊ ဇလွန်ကုန်စည်ဒိုင်။ |
| ၂၅။ | ဦးရဲသူခိုင် | အဖွဲ့ဝင်၊ ဇလွန်ကုန်စည်ဒိုင်။ |
| ၂၆။ | ဦးနိုင်ထွန်း | အဖွဲ့ဝင်၊ ဇလွန်ကုန်စည်ဒိုင်။ |
| ၂၇။ | ဦးခင်ဦး | နာယက၊ ဟင်္သာတကုန်စည်ဒိုင်။ |
| ၂၈။ | ဦးမြင့်ဆွေ | နာယက၊ ဟင်္သာတကုန်စည်ဒိုင်။ |
| ၂၉။ | ဦးအုန်းသန်း | နာယက၊ ဟင်္သာတကုန်စည်ဒိုင်။ |
| ၃၀။ | ဦးကျော်မိုး | ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတကုန်စည်ဒိုင်။ |
| ၃၁။ | ဦးအောင်ဆန်း | အတွင်းရေးမှူး၊ ဟင်္သာတကုန်စည်ဒိုင်။ |
| ၃၂။ | ဦးညွန့်လွင် | ဘဏ္ဍာရေးမှူး၊ ဟင်္သာတကုန်စည်ဒိုင်။ |
| ၃၃။ | ဦးအောင်သူမင်း | အဖွဲ့ဝင်၊ ဟင်္သာတကုန်စည်ဒိုင်။ |
| ၃၄။ | ဦးစစ်သိန်း | အတွင်းရေးမှူး၊ ပန်းတနော်ကုန်စည်ဒိုင်။ |
| ၃၅။ | ဦးဇော်ဝင်း | ဥက္ကဋ္ဌ၊ အိမ်မဲဆန်စပါးနှင့်ပဲမျိုးစုံကုန်စည်ဒိုင်။ |
| ၃၆။ | ဦးရဲလင်းထက် | တွဲဘက်အတွင်းရေးမှူး၊ ပြည်ကုန်စည်ဒိုင်။ |
| ၃၇။ | ဦးမျိုးနိုင် | တွဲဘက်အတွင်းရေးမှူး၊ ပြည်ကုန်စည်ဒိုင်။ |
| ၃၈။ | ဦးရဲလင်းဦး | အဖွဲ့ဝင်၊ ပြည်ကုန်စည်ဒိုင်။ |
| ၃၉။ | ဦးမြတ်ထွန်း | ဥက္ကဋ္ဌ၊ ပေါင်းတည်ကုန်စည်ဒိုင်။ |
| ၄၀။ | ဦးမင်းလွင်ဦး | အတွင်းရေးမှူး၊ ပေါင်းတည်ကုန်စည်ဒိုင်။ |

| | | |
|---|---|---|
| ၄၁။ | ဦးသန်းထိုက် | ဥက္ကဋ္ဌ၊ နတ်တလင်းကုန်စည်ဒိုင်။ |
| ၄၂။ | ဦးအေးလွင် | အတွင်းရေးမှူး၊ နတ်တလင်းကုန်စည်ဒိုင်။ |
| ၄၃။ | ဦးအောင်ကိုဂင်း | အလုပ်အမှုဆောင်၊ နတ်တလင်းကုန်စည်ဒိုင်။ |
| ၄၄။ | ဦးခင်မောင်စိုး | ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်ကုန်စည်ဒိုင်။ |
| ၄၅။ | ဦးမင်းအောင် | အတွင်းရေးမှူး၊ ကြို့ပင်ကောက်ကုန်စည်ဒိုင်။ |
| ၄၆။ | ဦးကျော်လေး | အလုပ်အမှုဆောင်၊ ကြို့ပင်ကောက်ကုန်စည်ဒိုင်။ |
| ၄၇။ | ဦးလှဦး | အလုပ်အမှုဆောင်၊ ကြို့ပင်ကောက်ကုန်စည်ဒိုင်။ |
| ၄၈။ | ဦးဖိုးနီ | ဒုတိယဥက္ကဋ္ဌ၊ မကွေးကုန်စည်ဒိုင်။ |
| ၄၉။ | ဦးကျော်ထွန်း | အတွင်းရေးမှူး၊ မကွေးကုန်စည်ဒိုင်။ |
| ၅၀။ | ဦးမင်းမင်းအောင် | တွဲဘက်အတွင်းရေးမှူး၊ မကွေးကုန်စည်ဒိုင်။ |
| ၅၁။ | ဦးအောင်မြင့်လွင် | ဒုတိယဥက္ကဋ္ဌ၊ ပခုက္ကူကုန်စည်ဒိုင်။ |
| ၅၂။ | ဦးစိန်လွင် | အတွင်းရေးမှူး၊ ပခုက္ကူကုန်စည်ဒိုင်။ |
| ၅၃။ | ဦးအောင်မိုး | ဥက္ကဋ္ဌ၊ အောင်လံကုန်စည်ဒိုင်။ |
| ၅၄။ | ဦးဂင်းစိုး | အဖွဲ့ဝင်၊ အောင်လံကုန်စည်ဒိုင်။ |
| ၅၅။ | ဦးမင်းထိုက်အောင် | အဖွဲ့ဝင်၊ အောင်လံကုန်စည်ဒိုင်။ |
| ၅၆။ | ဦးချို | ဥက္ကဋ္ဌ၊ တောင်တွင်းကြီးကုန်စည်ဒိုင်။ |
| ၅၇။ | ဦးဇော်ဦး | ဒုတိယဥက္ကဋ္ဌ၊ တောင်တွင်းကြီးကုန်စည်ဒိုင်။ |
| ၅၈။ | ဦးစိုးမြင့်နိုင် | အတွင်းရေးမှူး၊ တောင်တွင်းကြီးကုန်စည်ဒိုင်။ |
| ၅၉။ | ဦးဆန်းထွန်းလွင် | အလုပ်အမှုဆောင်၊ မန္တလေးကုန်စည်ဒိုင်။ |
| ၆၀။ | ဦးကျော်သွင် | တွဲဘက်အတွင်းရေးမှူး၊ မန္တလေးကုန်စည်ဒိုင်။ |
| ၆၁။ | ဦးခင်မောင်မြင့် | ဥက္ကဋ္ဌ၊ မြင်းခြံကုန်စည်ဒိုင်။ |
| ၆၂။ | ဦးမောင်လွင် | အလုပ်အမှုဆောင်၊ မိတ္ထီလာကုန်စည်ဒိုင်။ |
| ၆၃။ | ဦးကျော်မြင့် | အလုပ်အမှုဆောင်၊ မိတ္ထီလာကုန်စည်ဒိုင်။ |
| ၆၄။ | ဦးအောင်ကျော်မိုး | ဥက္ကဋ္ဌ၊ ကျောက်ပန်းတောင်းကုန်စည်ဒိုင်။ |
| ၆၅။ | ဦးကျော်သူလွင် | အတွင်းရေးမှူး၊ ကျောက်ပန်းတောင်းကုန်စည်ဒိုင်။ |
| ၆၆။ | ဦးမြင့်ဝေ | ဥက္ကဋ္ဌ၊ တောင်ကြီးကုန်စည်ဒိုင်။ |
| ၆၇။ | ဦးခင်မောင်ဂင်း | ဥက္ကဋ္ဌ၊ အောင်ပန်းကုန်စည်ဒိုင်။ |
| ၆၈။ | ဦးသောင်းဟန် | အတွင်းရေးမှူး၊ လာရှိုးကုန်စည်ဒိုင်။ |

**တောင်သူများစာရင်း**

| | | |
|---|---|---|
| ၁။ | ဦးသိန်းကျော် | ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွ။ |
| ၂။ | ဦးရဲမြင့် | ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွ။ |
| ၃။ | ဦးဌေးဂင်း | ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်း။ |
| ၄။ | ဦးသန်းစိုး | ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီး။ |
| ၅။ | ဦးဂင်းမြင့် | ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်။ |
| ၆။ | ဦးအောင်နိုင်ဦး | မတ်ပဲစိုက်တောင်သူ၊ ပြည်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၇။ | ဦးကျော်လွင် | မတ်ပဲစိုက်တောင်သူ၊ ပေါက်ခေါင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၈။ | ဦးစိုးဂင်း | မတ်ပဲစိုက်တောင်သူ၊ ပေါင်းတည်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၉။ | ဦးအောင်သူဖြိုး | မတ်ပဲစိုက်တောင်သူ၊ ပေါင်းတည်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |

| | | |
|---|---|---|
| ၁၀။ | ဦးအေးကြိုင် | မတ်ပဲစိုက်တောင်သူ၊ သာယာဂတီ၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၁၁။ | ဦးသက်လွင် | မတ်ပဲစိုက်တောင်သူ၊ မင်းလှ၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၁၂။ | ဦးဂင်းဘို | မတ်ပဲစိုက်တောင်သူ၊ အုတ်ဖို၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၁၃။ | ဦးအေးလွင် | မတ်ပဲစိုက်တောင်သူ၊ နတ္တလင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၁၄။ | ဦးမျိုးလွင် | မတ်ပဲစိုက်တောင်သူ၊ ကြို့ပင်ကောက်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။ |
| ၁၅။ | ဦးညို | မတ်ပဲစိုက်တောင်သူ၊ တောင်ငူ၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၁၆။ | ဦးကိုကြီး | မတ်ပဲစိုက်တောင်သူ၊ ဖြူး၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၁၇။ | ဦးအေးနိုင် | မတ်ပဲစိုက်တောင်သူ၊ ဖြူး၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၁၈။ | ဦးခိုင်စိုးဦး | မတ်ပဲစိုက်တောင်သူ၊ ဖြူး၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၁၉။ | ဦးမောင်မောင်သီ | မတ်ပဲစိုက်တောင်သူ၊ ထန်းတပင်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၂၀။ | ဦးတင်ထိုက်အောင် | မတ်ပဲစိုက်တောင်သူ၊ ညောင်လေးပင်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၂၁။ | ဦးနိုင်လင်းထက် | မတ်ပဲစိုက်တောင်သူ၊ ညောင်လေးပင်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၂၂။ | ဦးတိုးဆန်း | မတ်ပဲစိုက်တောင်သူ၊ ကျောက်တံခါး၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၂၃။ | ဦးခင်မောင်ဦး | မတ်ပဲစိုက်တောင်သူ၊ ကျောက်တံခါး၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။ |
| ၂၄။ | ဦးဂင်းဇော်အေး | မတ်ပဲစိုက်တောင်သူ၊ ပျဉ်းမနား၊ နေပြည်တော်။ |
| ၂၅။ | ဦးမြင့်လွင်ဦး | မတ်ပဲစိုက်တောင်သူ၊ ပျဉ်းမနား၊ နေပြည်တော်။ |
| ၂၆။ | ဦးအုန်းကျော် | မတ်ပဲစိုက်တောင်သူ၊ ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၂၇။ | ဦးအောင်မျိုးသန့် | မတ်ပဲစိုက်တောင်သူ၊ ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၂၈။ | ဦးစန်းလွင် | မတ်ပဲစိုက်တောင်သူ၊ ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၂၉။ | ဦးမြင့်စိန် | မတ်ပဲစိုက်တောင်သူ၊ ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃၀။ | ဦးမြင့်နိုင် | မတ်ပဲစိုက်တောင်သူ၊ ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃၁။ | ဦးအောင်ဇော်မြင့် | မတ်ပဲစိုက်တောင်သူ၊ ရေကြည်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃၂။ | ဦးယုမောင် | မတ်ပဲစိုက်တောင်သူ၊ ရေကြည်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃၃။ | ဦးနေဇော်ထွန်း | မတ်ပဲစိုက်တောင်သူ၊ ရေကြည်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃၄။ | ဦးအောင်မင်း | မတ်ပဲစိုက်တောင်သူ၊ ညောင်တုန်း၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃၅။ | ဦးသိန်းအောင် | မတ်ပဲစိုက်တောင်သူ၊ ဓနုဖြူ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃၆။ | ဦးအေးကို | ပဲစဉ်းငုံစိုက်တောင်သူ၊ ပခုက္ကူ၊ မကွေးတိုင်းဒေသကြီး။ |
| ၃၇။ | ဦးဇော်ထွန်း | ပဲစဉ်းငုံစိုက်တောင်သူ၊ ပခုက္ကူ၊ မကွေးတိုင်းဒေသကြီး။ |
| ၃၈။ | ဦးဂင်းနိုင် | ပဲစဉ်းငုံစိုက်တောင်သူ၊ ပခုက္ကူ၊ မကွေးတိုင်းဒေသကြီး။ |
| ၃၉။ | ဦးဖြိုးဝေ | ပဲစဉ်းငုံစိုက်တောင်သူ၊ နတ်မောက်၊ မကွေးတိုင်းဒေသကြီး။ |
| ၄၀။ | ဦးအောင်အောင်ဖြိုး | ပဲစဉ်းငုံစိုက်တောင်သူ၊ နတ်မောက်၊ မကွေးတိုင်းဒေသကြီး။ |
| ၄၁။ | ဦးကျောက်ခဲ | ပဲစဉ်းငုံစိုက်တောင်သူ၊ မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၄၂။ | ဦးကျော်ထွန်း | ပဲစဉ်းငုံစိုက်တောင်သူ၊ မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၄၃။ | ဦးခင်မောင်ဇော် | ပဲစဉ်းငုံစိုက်တောင်သူ၊ အရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၄၄။ | ဦးကျော်ရွှေ | ပဲစဉ်းငုံစိုက်တောင်သူ၊ မလှိုင်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၅။ | ဦးမြအောင် | ပဲစဉ်းငုံစိုက်တောင်သူ၊ နွားထိုးကြီး၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၆။ | ဦးတင်မောင် | ပဲစဉ်းငုံစိုက်တောင်သူ၊ ကျောက်ပန်းတောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၇။ | ဦးသိန်းကျော် | ပဲတီစိမ်းစိုက်တောင်သူ၊ သုံးခွ၊ ရန်ကုန်တိုင်းဒေသကြီး။ |

| | | |
|---|---|---|
| ၄၈။ | ဦးရဲမြင့် | ပဲတီစိမ်းစိုက်တောင်သူ၊ သုံးခွ၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၉။ | ဦးငွေးဂင်း | ပဲတီစိမ်းစိုက်တောင်သူ၊ ခရမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၀။ | ဦးသန်းစိုး | ပဲတီစိမ်းစိုက်တောင်သူ၊ တိုက်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၂။ | ဦးဂင်းမြင့် | ပဲတီစိမ်းစိုက်တောင်သူ၊ ထန်းတပင်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၃။ | ဦးသိန်းဆွေ | ပဲတီစိမ်းစိုက်တောင်သူ၊ မြင်းခြံ၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅၄။ | ဦးအောင်လင်း | ပဲတီစိမ်းစိုက်တောင်သူ၊ ရမည်းသင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅၅။ | ဦးမောင်မောင် | ပဲတီစိမ်းစိုက်တောင်သူ၊ ပျော်ဘွယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅၆။ | ဦးကျော်လေး | ပဲတီစိမ်းစိုက်တောင်သူ၊ တပ်ကုန်း၊ နေပြည်တော်။ |
| ၅၇။ | ဦးကြည်လင်စိုး | ပဲတီစိမ်းစိုက်တောင်သူ၊ တပ်ကုန်း၊ နေပြည်တော်။ |
| ၅၈။ | ဦးလှသော် | ပြောင်းစိုက်တောင်သူ၊ တောင်ကြီး၊ ရှမ်းပြည်နယ်။ |
| ၅၉။ | ဦးစိုးအောင် | ပြောင်းစိုက်တောင်သူ၊ တောင်ကြီး၊ ရှမ်းပြည်နယ်။ |
| ၆၀။ | ဦးမင်းအောင် | ပြောင်းစိုက်တောင်သူ၊ တောင်ကြီး၊ ရှမ်းပြည်နယ်။ |
| ၆၁။ | ဦးသောင်းမြင့် | ပြောင်းစိုက်တောင်သူ၊ လယ်ဂေး၊ နေပြည်တော်။ |
| ၆၂။ | ဦးကြည်စိုး | ပြောင်းစိုက်တောင်သူ၊ လယ်ဂေး၊ နေပြည်တော်။ |
| ၆၃။ | ဦးကျော်ဦး | ပြောင်းစိုက်တောင်သူ၊ ရေတာရှည်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၆၄။ | ဦးဂင်းလှိုင် | ပြောင်းစိုက်တောင်သူ၊ မိုးညို၊ ပဲခူးတိုင်းဒေသကြီး။ |
| ၆၅။ | ဦးပညာ | ပဲပုပ်စိုက်တောင်သူ၊ ဟိုပုံး၊ ရှမ်းပြည်နယ်။ |
| ၆၆။ | ဦးအောင်မျိုးဂင်း | ပဲပုပ်စိုက်တောင်သူ၊ ဟိုပုံး၊ ရှမ်းပြည်နယ်။ |
| ၆၇။ | ဦးဖြူ | ပဲပုပ်စိုက်တောင်သူ၊ ဟိုပုံး၊ ရှမ်းပြည်နယ်။ |
| ၆၈။ | ဦးလှဂေ | ကုလားပဲစိုက်တောင်သူ၊ ဂက်လက်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၉။ | ဦးတင်ထွေး | ကုလားပဲစိုက်တောင်သူ၊ ဘုတလင်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၇၀။ | ဦးလှငွေး | ကုလားပဲစိုက်တောင်သူ၊ ဆားလင်းကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၇၁။ | ဦးအောင်မင်းကြည် | ကုလားပဲစိုက်တောင်သူ၊ ပွင့်ဖြူ၊ မကွေးတိုင်းဒေသကြီး။ |
| ၇၂။ | ဦးမျိုးဂင်း | ကုလားပဲစိုက်တောင်သူ၊ ပွင့်ဖြူ၊ မကွေးတိုင်းဒေသကြီး။ |
| ၇၃။ | ဦးစံလှိုင် | ပဲလွန်းဖြူစိုက်တောင်သူ၊ မြို့သစ်၊ မကွေးတိုင်းဒေသကြီး။ |
| ၇၄။ | ဦးအောင်ဇော် | ပဲလွန်းဖြူစိုက်တောင်သူ၊ မကွေး၊ မကွေးတိုင်းဒေသကြီး။ |
| ၇၅။ | ဦးထွန်းတင် | ပဲလွန်းဖြူစိုက်တောင်သူ၊ ဒိုက်ဦး၊ ပဲခူးတိုင်းဒေသကြီး။ |
| ၇၆။ | ဦးကျော်မျိုးနိုင် | မြေပဲစိုက်တောင်သူ၊ မကွေး၊ မကွေးတိုင်းဒေသကြီး။ |
| ၇၇။ | ဦးခင်မောင်ချို | မြေပဲစိုက်တောင်သူ၊ အောင်လံ၊ မကွေးတိုင်းဒေသကြီး။ |
| ၇၈။ | ဦးမောင်လှ | မြေပဲစိုက်တောင်သူ၊ တောင်သာ၊ မန္တလေးတိုင်းဒေသကြီး။ |
| ၇၉။ | ဦးညွန့်တင် | မြေပဲစိုက်တောင်သူ၊ နွားထိုးကြီး၊ မကွေးတိုင်းဒေသကြီး။ |
| ၈၀။ | ဦးကျော်ဆန်း | နှမ်းစိုက်တောင်သူ၊ မကွေး၊ မကွေးတိုင်းဒေသကြီး။ |
| ၈၁။ | ဦးဟန်ညွန့် | နှမ်းစိုက်တောင်သူ၊ မင်းဘူး၊ မကွေးတိုင်းဒေသကြီး။ |
| ၈၂။ | ဦးစိန်အောင် | နှမ်းစိုက်တောင်သူ၊ ကျောက်ဆည်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၈၃။ | ဦးဂင်းလှိုင် | နှမ်းစိုက်တောင်သူ၊ မလှိုင်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၈၄။ | ဦးစိုးလွင် | ပခုက္ကူ၊ မကွေးတိုင်းဒေသကြီး။ |
| ၈၅။ | ဦးကောင်းဆက်ဟိန်း | ပခုက္ကူ၊ မကွေးတိုင်းဒေသကြီး။ |
| ၈၆။ | ဦးသိန်းထွန်း | ရေစကြို၊ မကွေးတိုင်းဒေသကြီး။ |

| | | |
|---|---|---|
| ၈၇။ | ဦးအောင်မြင့် | ရေစကြို၊ မကွေးတိုင်းဒေသကြီး။ |
| ၈၈။ | ဦးကုလားကြီး | ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၈၉။ | ဦးမြင့်ဇော် | ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၀။ | ဦးမြင့်သိန်း | ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၁။ | ဦးဇော်ဝင်း | ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၂။ | ဦးလှဝင်း | ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၃။ | ဦးဒီပ | ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၄။ | ဦးရှုမောင် | အင်္ဂပူ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၅။ | ဦးမြင့်စိန် | ကျုံပျော်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၆။ | ဦးမြင့်နိုင် | ကျုံပျော်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၇။ | ဦးတင်အောင်ဝင်း | ဓနုဖြူ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၈။ | ဦးသန်းဝင်း | ဓနုဖြူ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၉၉။ | ဦးညွန့်ဝင်း | ဓနုဖြူ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၀၀။ | ဦးစိုးသိန်း | ဓနုဖြူ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၀၁။ | ဦးမြင့်သိန်း | ဓနုဖြူ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၀၂။ | ဦးသန်းစိုး | ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၀၃။ | ဦးစန်းဝေ | ဇလွန်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၀၄။ | ဦးမင်းကိုကို | ကျောက်ပန်းတောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၀၅။ | ဦးသန်းထွန်း | ကျောက်ပန်းတောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၀၆။ | ဦးအောင်မိုးမြင့် | မော်လမြိုင်၊ မွန်ပြည်နယ်။ |
| ၁၀၇။ | ဒေါ်စုလဲ့ဖြူ | ပဲပုပ်ကလ္လာ၊ ကချင်ပြည်နယ်။ |

**သတင်း၊ စာနယ်ဇင်းနှင့်မီဒီယာအဖွဲ့**

| | | |
|---|---|---|
| ၁။ | ဦးချမ်းမြေ့ဝင်းလှိုင် | စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။ |
| ၂။ | ဦးလှငွေ | MWD TV |
| ၃။ | ဦးဝင်းဇော်ထွန်း | MWD TV |
| ၄။ | ဦးသာလင်း | ဦးစီးအရာရှိ၊ စီးပွားကူးသန်းဝန်ကြီးဌာန။ |
| ၅။ | ဦးရဲသူအောင် | ဓာတ်ပုံ-၂၊ ပြန်ကြားရေး |
| ၆။ | ဦးရှုပါအောင်ဝင်း | Video Journelist, DVB |
| ၇။ | Nilar | Senior Editor, Eleven |
| ၈။ | Ye Htet Kyaw | Reporter,5 Plus |
| ၉။ | နေနှင်း | အကြီးတန်းသတင်းထောက်၊ မြဝတီသတင်းစာ။ |
| ၁၀။ | Moe Zaw Htet | Executive Writer,The Farmer Journal |
| ၁၁။ | မိုးမြင့်ဇော် | VJ, Mizzima TV |
| ၁၂။ | ဦးဇော်ဇော် | သတင်းထောက်၊ MNA |
| ၁၃။ | ခင်ဖုန်းဆက်ဆက် | Reporter,MRTV |
| ၁၄။ | May Su Kyi | သတင်းထောက်၊ ကုမုဒြာ |
| ၁၅။ | Nyein Nyein | သတင်းထောက်၊ The Golbal New Light of Myanmar. |
| ၁၆။ | Myint Soe | မြန်မာ့အလင်း |

| | | |
|---|---|---|
| ၁၇။ | Wai Wai Phyo | သတင်းထောက်၊ The Fifth Wave |
| ၁၈။ | Nilar Myint | S.Reporter, The Voice Daily |
| ၁၉။ | Kaung Htet Naing | S.Reporter,Business & Economic |
| ၂၀။ | Zaw Naing Lin | Camera, Business & Economic |
| ၂၁။ | U Aung Shwe | |
| ၂၂။ | Ma Mi Mi Aung | Reporter, The Farmer Journal |
| ၂၃။ | U Soe Kyaw Oo | Reporter, The Farmer Journal |
| ၂၄။ | U Phyo Maung | Reporter, The Farmer Journal |
| ၂၅။ | Thet Thet Moe Thu | Democracy Today |
| ၂၆။ | Shee Ru Aung | VJ, Eleven |
| ၂၇။ | Aye Yamone Oo | Reporter,Myintma Kha News Agency |
| ၂၈။ | မောင်ထူးခိုင် | အကြီးတန်းသတင်းထောက်၊ Kamayut Media |
| ၂၉။ | Win Naing | အကြီးတန်းသတင်းထောက်၊ Kamayut Media |
| ၃၀။ | သင်းသူဇာ | VJ, Channek K |
| ၃၁။ | အိမ့်သက်မှူးအောင် | Producer,YTV |
| ၃၂။ | Nanda Aung | Camera Operator,YTV |
| ၃၃။ | Sithu Kyaw Win | Sr.Executive Producer,YTV |
| ၃၄။ | ဦးကျော်အေးနိုင် | တာဝန်ခံ၊ ရန်ကုန်တိုင်းသတင်းနှင့်ပြန်ကြားရေး၊ ရန်ကုန်တိုင်းအစိုးရအဖွဲ့ |
| ၃၅။ | ဦးသိန်းညွှန့် | Legal Advisor |